www.burmeseclassic.com

# KINWUN MINGYI'S PARIS DIARY

# ကင်းဝန်မင်းကြီး

## ပြင်သစ်နိုင်ငံသွား

## နေ့စဉ်မှတ်စာတမ်း

စတုတ္ထကြိမ်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ယခုအကြိမ် ပုံနှိပ်ခြင်းတွင် -

- မြန်မာရက်စွဲများကို ခရစ်ရက်စွဲများနှင့် အောက်ခြေတွင် ပြောင်းလဲ ဖော်ပြပေးထားခြင်း။
- နိုင်ငံခြားအမည်၊ မြို့ရွာဒေသ အမည်များကို

FIRST BURMESE MISSION TO THE COURT OF ST. JAMES'S
KINWUN MINGYI'S DIARIES 1872-74 by Maung Htin Aung ;
THE KINWUN MINGYI'S MISSION TO THE COURT OF VERSAILLES, 1874 by Maung Htin Aung နှင့်
KINWUN MIN-GYI'S LONDON DIARY
The First Mission of a Burmese Minister to Britain, 1872 by L.E. Bagshaw

တို့ဖြင့် ညှိနှိုင်း၍ မူရင်း ဘာသာစကားနှင့် ဖလှယ်ပေးထားခြင်း။

- နှစ်နိုင်ငံ စာချုပ်များ၊ သတင်းစာ ကောက်နုတ်ချက်များကို နောက်ဆက်တွဲ ထည့်သွင်းထားခြင်း။
- မြန်မာသံတော်အဖွဲ့နှင့် သက်ဆိုင်သည့် ဓာတ်ပုံများ ဖြည့်စွက်ထားခြင်း။
- အက္ခရာဝလိ ပြုလုပ်ပေးထားခြင်း . . . တို့ အပြင်

ကင်းဝန်မင်းကြီး၏ ' ကာလကတ္တားသွား နေ့စဉ်မှတ် စာတမ်း' ကိုလည်း ပူးတွဲ ဖော်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

Dans le but de maintenir et de consolider les bons rapports entre la France et la Birmanie les Ministres des Affaires Etrangères des deux pays conclurent et signèrent une convention d'amitié à Paris le 24 Janvier 1873, 11ème jour après la pleine lune de Piazzo 1234; Ce Traité ratifié par le Président de la République Française le 18 Juillet suivant, l'a été également par Sa Majesté le Roi de Birmanie le Mars 1874 jour de la lune croissante de Tabaung 1235. Dans le but d'expliquer et d'éclaircir certains articles de ce Traité S.E. Monsieur le Comte de Rochechouart chargé d'affaires et S.E. le Kenwoon Menghie, Ministre des Affaires

www.burmeseclassic.com

www.burmeseclassic.com

Le Président de la République Française et Sa Majesté le Roi des Birmans, désirant établir entre la France et la Birmanie des rapports d'amitié et de commerce, qu'ils se réservent de consolider et d'étendre, au besoin, par la conclusion d'arrangements ultérieurs, ont nommé dans ce but, pour leurs Plénipotentiaires: savoir:

www.burmeseclassic.com

www.burmeseclassic.com

၂ပြည်တပြည်၊ ရာဇမဟာမိတ်အရှည်မြဲမြဲ
ခိုင်စေ့တည်ငြိစေရန်၊ ၁၈၇၃ခု၊ ဂျူနဝါရီလ၂၄ရက်
နေ့။ မြန်မာသက္ကရာဇ်၁၂၃၄ခု၊ ပြာသိုလပြည့်
ကျော်၁ရက်နေ့၊ ပါရစ်မြို့တွင်၊ နိုင်ငံခြားဝန်ကြီး
ချင်းချုပ်ဆိုကြ၍၊ လက်မှတ်ရေးထိုးကြပြီးတွင်၊
၎င်းနှစ်ဇူလိုက်လ၁၈ရက်နေ့ ပြင်သစ်သမ္မတမင်း
လက်မှတ်ထိုးတော်မူ၍။ နေထွက်ဘုရင်
ဧကရာဇ်မင်းမြတ်ကား၊ ၁၂၃၅ခု၊ တပေါင်းလ
ပြည့်ကျော်၁ရက်နေ့၊ လက်မှတ်ထိုးတော်မူ
သည့်ပဋ္ဌမစာချုပ်နှိုက်၊ တခုခုသောသဘော
အဓိပ္ပာယ်ကို၊ သိသာထင်ရှားအောင်ပြင်သစ်
သမ္မတမင်းကအရေးလွှဲအပ်သူ၊ ပြင်သစ်
သံကြီးကောင်ဒီရော်ရှနင့်၊ နေထွက်ဘုရင်
မင်းမြတ်ကအရေးလွှဲအပ်သူ အဂ္ဂမဟာ
သေနာပတိနိုင်ငံခြားဝန်ကြီးကင်းဝန်မင်းကြီး
မင်းကြီးမဟာစည်သူတို့၊ ဒုတိယမဟာမိတ်

www.burmeseclassic.com

www.burmeseclassic.com

ပြင်သစ်သမတမင်းနှင့်၊ ဘုန်းတော်အလွန်ကြီးမြတ်တော်
မူလှသော နေထွက်ဘုရင်မြန်မာမင်းမြတ်၂ပါးတို့ပြည်ကြီး
နိုင်ငံနှင့်မြန်မာနိုင်ငံ၊ မဟာမိတ်ပြုလုပ်ဆက်ဆံကူညီ
ရောင်းဝယ်ခြင်းကို အလိုရှိတော်မူကြသည်နှင့်၊ ယခု
ချုပ်ဆိုလတံ့မဟာမိတ်စာချုပ် မြဲမြံခိုင်ခံ့သည်ထက်
အထူးသဖြင့်၊ တိုးပွါးမြဲမြံခိုင်ခံ့စေရန်အကြောင်း
များကို၊ နောင်ထည့်သွင်းပြင်ဆင်လိုလျှင်၊ ထည့်သွင်း
ပြင်ဆင်နိုင်စေရန်၊ အခွင့်ဂတိထားတော်မူကြပြီးလျှင်
၎င်းမဟာမိတ်စာချုပ်ကို၊ ချုပ်ဆိုစေရန်ပြင်သစ်သမတ
မင်းက၊ အရေးလွှဲအပ်သူ နိုင်ငံခြားဝန်ကြီးကောင်ခြား
ဒီဖရေဖြူ၊ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော
နေထွက်ဘုရင်မြန်မာမင်းမြတ်က၊ အရေးလွှဲအပ်သူ
သံကြီးကိုယ်စားလှယ်တော်အရေးပိုင်...

www.burmeseclassic.com



ကင်းဝန်မင်းကြီး

www.burmeseclassic.com



၁၈၇၄ ခုနှစ် ပြင်သစ်နိုင်ငံရောက် မြန်မာသံအဖွဲ့
ရှေ့တန်း၊ ဝဲ မှ ယာ - နေမျိုးမင်းထင်သူရိန် (ဦးအောင်သူ)၊ ကင်းဝန်မင်းကြီး နှင့်
မင်းလှဝေယျသူ (ဦးခြိမ့်)။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com


ကင်းဝန်မင်းကြီး မင်းကြီးမဟာစည်သူ
(မြန်မာသံအဖွဲ့ ခေါင်းဆောင်)
www.burmeseclassic.com

www.burmeseclassic.com





နေမျိုးမင်းထင်သူရိန် (ဦးအောင်သူ)
[ မြန်မာသံအဖွဲ့ဝင် ]


www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ်ဘုရင်က မြန်မာသံအဖွဲ့ထံမှ ပေးအပ်သော မြန်မာဘုရင်၏ ချစ်ကြည်ရေး စာချွန်တော်ကို လက်ခံနေပုံ။
( ၁၆ အောက်တိုဘာ ၁၈၅၆ )

www.burmeseclassic.com




မြန်မာသံအဖွဲ့အား ပြင်သစ်သမ္မတကြီးက နန်းတော်၌ ညှော်ခံရန် ဆီးကြိုနေပုံ။

[ ခုနှစ်(၇) ]

www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ်ပြည်ရောက် မြန်မာသံအဖွဲ့။ [ ၁၈၇၂-၇၃ ] ( ထိုင်နေသူများ။ ဝဲမှ ယာ - ကင်းဝန်မင်းကြီး၊ ဦးရွှေဘင် )

www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ်ပြည်သွား သံတော်များ( ၁၈၇၄ )

( ထိုင်နေသူများ၊ ဝဲမှ ယာ - စာရေးတော်ကြီး ဦးမြိမ့်၊ ကင်းဝန်မင်းကြီး၊ ပညာတော်သင် ဦးအောင်သူ)

www.burmeseclassic.com

www.burmeseclassic.com

# ၁၇၇၃ ခုနှစ် ပြင်သစ်မြန်မာ ကိုယ်စားလှယ်တို့၏ သဘောတူညီချက်

မြန်မာနိုင်ငံတွင်နေထိုင်သည့်ပြင်သစ်လူမျိုးပေါ်မျိုးဝိုင်းရာဇဝတ်ဘ-ပြစ်ဒဏ်ထိုက်သင့်သည့်
အမှုကျူး၍မြန်မာနိုင်ငံဝန်းတွင်းပြုကျင့်လျှင်။ ပြင်သစ်ကောင်စလကိုယ်စားလှယ်ထံအပ်နှံသည်ကို
ပို့အပ်စေ၍ပြင်သစ်ကောင်စလကိုယ်စားလှယ်က။ အပြစ်ဒဏ်ပေးရန်စီရင်ရန်ရှိသည်များကို
ပြင်သစ်တရားဥပဒေရှိသည့်အတိုင်း။ စစ်ဆေးမေးမြန်း၍။ အပြစ်ဒဏ်စီရင်စေမည့်အကြောင်းကို
ယခုမျှပါဆိုသည့်မဟာမိတ်စာချုပ်တွင်ထည့်သွင်းပါမည့်အကြောင်းနှင့်။ အောက်တွင်လက်မှတ်
ထိုးလျက်ရှိကြ။ ပြင်သစ်သဝေတမင်းနိုင်ငံခြားဝန်ကြီးကပြောဆိုသည်ကို။ ဘုန်းတော်အရှိန်
ကြီးမြတ်တော်မူလှသော။ ရွှေထီးဆောင်ဘုရင်မြန်မာမင်းမြတ်ဖြင့်ရေးပိုင်သံတော်ကြီးက။
၎င်းထည့်သွင်းရန်အချက်။ အကျိုးအပြစ်များကို။ ဟုတ်မှန်သော ရှာ ရှာ လည်း ရှိသော
မြန်မာအစိုးရမင်းများနှင့်ညှိနှိုင်းတိုင်ပင်မပြုမလျှော်ဆို၍။ ၎င်းအချက်ကိုမှတ်သိမ်း၍ အစိုးရမင်း
များတို့နှင့်ညှိနှိုင်းတိုင်ပင်၍။ သဘောတူညီပြုနိုင်ရန်ရှိကြောင်းနှင့်။ ဘုန်းတော်အရှိန်ကြီးမြတ်တော်
မူလှသော။ ရွှေထီးဆောင်ဘုရင်မြန်မာမင်းမြတ်က။ ပါရီးလို့ အပ်ချုပ်သော ကိုယ်စားလှယ်တော်
အရေးပိုင်အဂ္ဂမဟာသေနာပတိဝန်ရှင်တော်ကင်းဝန်မင်းကြီး။ မင်းကြီးမဟာစည်သူ
ပြင်သစ်သဝေတမင်းက ရေးလွှဲအပ်ချုပ်အရေးပိုင်နိုင်ငံခြားဝန်ကြီးကောင်းခြားဘီရမြစ်တို့
သဘောတူဝန်ခံစာ၍လက်မှတ်ထိုးကြသည်
မြန်မာသက္ကရာဇ် ... လ ... ရက်နေ့ ... ပြင်သစ် ...
သိုးဆဲ့လေးခု ... ခုနှစ် ...
၁၈၇၃ ခု။ ... ရက်နေ့။ ပြင်သစ်မင်းနေပါရစ်မြို့တွင်လက်မှတ်ထိုးသည်



မင်းကြီးမဟာစည်သူ
ကင်းဝန်မင်းကြီး




[ မူရင်းသတ်ပုံ အတိုင်း ]

www.burmeseclassic.com




*Le Ministre des affaires Étrangères*
*de la République française*



အွန်နရီ ဒီဆာဆီး၏ ချိပ်တံဆိပ်

*L'ambassadeur de Sa Majesté*
*le Roi de Birmanie*

မင်းကြီးမဟာစည်သူ
ကင်းဝန်မင်းကြီး



ကင်းဝန်မင်းကြီး မင်းကြီးမဟာစည်သူ ဦးကောင်း၏ ချိပ်တံဆိပ်

www.burmeseclassic.com

www.burmeseclassic.com




သတိုးသုဓမ္မ မဟာသက်တော်ရှည် ဘွဲ့ခံ ဝန်ရှင်တော် ကင်းဝုန်မင်းကြီး

[ နာနာနယသခေ်ပကျမ်း● ●မှ ]

www.burmeseclassic.com

www.burmeseclassic.com


ဗုဒ္ဓဂယာ အခြေပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com


" .... ဤမှတ်တမ်းနှစ်စောင် (လန်ဒန်မြို့သွား နေ့စဉ်မှတ်စာတမ်းနှင့် ပြင်သစ်နိုင်ငံသွား နေ့စဉ်မှတ်စာတမ်း) သည် ရှေးမြန်မာတို့၏ ခရီးသွား မှတ်တမ်းတို့တွင် ခေါင်းချုပ် ဖြစ်ပါသည်။ .... မြန်မာနှင့် အနောက်နိုင်ငံများ ဆက်ဆံရေးသမိုင်း၌ တန်ဖိုး အလွန်ရှိပါသည်။ ...."

[ မောင်ထင်။ 'မြန်မာတို့၏ ရှေးခေတ် ခရီးသွားစာပေ'၊ ခရီးသွားစာပေ စာတမ်းများ၊ ပထမတွဲ။ ၁၉၈၁။ စာ ၂၉-၃၀။]

" .... (ကင်းဝန်)မင်းကြီးသည် နိုင်ငံခြား ဝေါဟာရ၊ နိုင်ငံခြား အမည်များကို မြန်မာဝေါဟာရ နယ်ပယ် အတွင်းသို့ စမ်း၍ သွတ်သွင်းရာတွင် ရဲရဲဝံ့ဝံ့ ပြုလုပ်ခဲ့သည် ဟုပင် ဆိုရပေမည်။"

[မောင်သော်။ 'ကင်းဝန်မင်းကြီး၏ ပြင်သစ်သွား မှတ်တမ်း'၊ စာပေအမြင် စာပေအတွေး။ ၁၉၇၀။ စာ ၁၅၆။]

" ....ဘာသန္တရ၊ ဒေသန္တရ ဗဟုသုတ ပွားများစေနိုင်သည့်အပြင် ရာဇဝင်ပညာ....ကိုလည်း ညွှန်ကြားပေသဖြင့် လူတိုင်း ဖတ်ရှုသင့်...."

[ဦးစိုးလှိုင် (တည်းဖြတ်သူ)၏ 'နိဒါန်း'၊ ကင်းဝန်မင်းကြီး၏ ပြင်သစ်ပြည်သွား နေ့စဉ်မှတ်တမ်း၊ သုံးတွဲ။ ၁၉၃၉။ စာ ၁။]

"ကင်းဝန်မင်းကြီး၏ [မဟာဗောဓိသွား မှတ်တမ်း (ကာလကတ္တားသွား နေ့စဉ်မှတ်စာတမ်း)] ရေးသားချက်များမှာ ဓာတ်ပုံရိုက်ထားသည်နှင့် တူသည်။ ဓာတ်ပုံရိုက်ပြသကဲ့သို့ ကွက်ကွက် ကွင်းကွင်း ပေါ်လွင်လှပေသည်။"

[မြင့်ဆွေ။ 'ကင်းဝန်မင်းကြီး၏ မဟာဗောဓိပင်သွား မှတ်တမ်း'၊ ရှုမဝ (အောက်တိုဘာ ၁၉၇၀)။ စာ ၁၂-၁၇။]

www.burmeseclassic.com

www.burmeseclassic.com

# ကင်းဝန်မင်းကြီး [ ၁၁၈၃–၁၂၇၀ ]

မုံရွာစီရင်စု ဗန့်ကျီတိုက်အဝင် ဆင်ရှင်မြို့နယ် မုံတိုင်ပင် (မင်းတိုင်ပင်)ရွာ၌ အဖ ဦးမှို၊ အမိ ဒေါ်စီတို့က ၁၁၈၃ ခု တပို့တွဲလဆန်း ၁၂ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သည်။ မွေးချင်း ၅ ဦး၊ ငယ်မည် မောင်ချင်း ဖြစ်သော်လည်း မင်းတုန်းမင်းသား၏ မင်္ဂလာအိမ်တော်မှာ ခစားရာ မောင်ကောင်း ဟု တွင်ခဲ့သည်။

၇ နှစ်တွင် ငှက်ပျောတောရွာ ကျောင်းထိုင် ဦးဆန်းထံ၌ စတင်သင်ယူသည်။ ၁၀ နှစ်တွင် ထိုကျောင်း၌ပင် 'ရှင်အာသဘ' ဘွဲ့နှင့် သာမဏေပြုသည်။ ၁၅ နှစ်တွင် စစ်ကုန်းရွာကျောင်း၊ ပဒူးရွာကျောင်း၊ ငါးရံ့အိုမြစ်စုတ်ရွာ ကျောင်းများတွင် သင်ရိုး ပိဋကတ်ကျမ်းများကို သင်ယူခဲ့သည်။ အသက် ၂၀ တွင် ငယ်ဆရာ ဦးဆန်းထံ၌ ရဟန်းခံသည်။ ထို့နောက် ငါးရံ့အိုမြစ်စုတ်ရွာ ကျောင်းတွင် ညဝါကျမ်းများ လေ့လာသည်။ ၂၉ နှစ်တွင် အမရပူရမြို့ ဘားကရာတိုက်မှာ သီတင်းသုံးသည်။

၁၂၁၁ ခုတွင် လူဝတ်လဲ၍ မင်းတုန်းမင်းသား၏ မင်္ဂလာအိမ်တော်မှာ မြဲစွဲခစားသည်။ ၁၂၁၂ တွင် နေမျိုးနရာစည်သူဘွဲ့နှင့် မင်္ဂလာအိမ်တော် ဘဏ္ဍာစာရေး၊ ၁၂၁၄ တွင် မင်းလှသင်္ခယာဘွဲ့၊ စစ်ကိုင်းမြို့နယ် ရွာသစ်ကြီး ရွာစားနှင့် ရွှေတိုက်စိုး၊ ၁၂၁၈ တွင် ပခန်းကြီးမြို့စီရင်စု သပြေငါးရွာ စားနှင့် လွှတ်တော်အမှုတော်ရေး၊ ၁၂၁၉ တွင် လွှတ်တော်စာရေးကြီး၊ ၁၂၂၀ ပြည့်တွင် မဟာမင်းကျော်စည်သူဘွဲ့၊ ၁၂၂၃ တွင် အလုံမြို့ဝန်၊ ၁၂၂၆ တွင် တောင်ငူ– ရမည်းသင်း သစ်တော လွှတ်တော်စာရေးကြီး၊ ၁၂၂၇ တွင် လွှတ်တော်စာရေးကြီး အရာရင်းမှာ တောင်ငူ ရမည်းသင်း ၂ မြို့ အခွန်ဝန်အရာ ထပ်ခန့်သည်။ ၁၂၂၈ တွင် မင်းကြီးမဟာစည်သူဘွဲ့နှင့် ဝန်ထောက်တော်အရာ၊ ထို့နောက် ကင်းဝန်အရာ၊ ၁၂၃၂ တွင် အောက်မြစ်စဉ်ဆိုင်ရာ ဝန်ထောက်တော် ကင်းဝန်အရာ၊ ၁၂၃၃ တွင် အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော်မင်းကြီး ရာထူးဖြင့် အနောက်နိုင်ငံများသို့ သံတော်ကြီးအရာ၊ ၁၂၃၅ တွင် သတိုးမင်းကြီးမဟာစည်သူဘွဲ့၊ ထိုနှစ်တွင်ပင် ပြင်သစ်နိုင်ငံသို့ သံတော်ကြီးအရာ၊ ၁၂၃၆ တွင် သေနတ်ဝန်၊ ၁၂၃၇ တွင် လယ်ကိုင်းမြို့စား၊ ကာလကတ္တားသို့ သွား၊ ၁၂၄၀ ပြည့်တွင် သီပေါမင်းက သတိုးသုဓမ္မ မဟာ သက်တော်ရှည်ဘွဲ့၊ ၁၂၄၂ တွင် ၁၂ ဌာန အကြီးအချုပ်၊ ၁၂၄၉ အတွင်း၌ ဝိတိုရိယ ဘုရင်မကြီး၏ စီအက်(စ်) အိုင်ဘွဲ့၊ ၁၂၅၀ ပြည့်တွင် အင်္ဂလိပ်အစိုးရ၏ ပင်ရှင်စား၊ ၁၂၅၉ တွင် ဘုရင်ခံ၏ ဥပဒေပြု မင်းတိုင်ပင်အမတ် စသည် အမှုထမ်းခဲ့သည်။

ပြုစုခဲ့သော စာပေများမှာ သုံးဆောင်တွဲ ဓမ္မသတ်ကြီး၊ သမီးတော်ချောင်းနှင့် ပုခက်တင်ချောင်း၊ စိတ္တျပက္ကိလေသစာတမ်း၊ တိဏ္ဍုကပို့၊ ရတနာနဒီမော်ကွန်း၊ လန်ဒန်မြို့သွား နေ့စဉ်မှတ်စာတမ်း၊ ပြင်သစ်နိုင်ငံသွား နေ့စဉ်မှတ်စာတမ်း၊ နာနာနယသင်္ခေပ ကဗျာဗန္ဓကျမ်း၊ အမွေမှုဓမ္မသတ်ကြီး၊ အဋ္ဌသင်္ခေပ ဝဏ္ဏနာဓမ္မသတ်၊ မေတ္တာစာများ၊ ဓမ္မောဇမော်ကွန်း၊ ပကိဏ္ဏက ဓမ္မသတ်လင်္ကာ၊ မနုမိရကန်၊ ကဗျာနှင့် ဂီတသီချင်းများ ဖြစ်ကြသည်။

၁၂၇၀ ပြည့် ဝါဆိုလဆန်း ၃ ရက် (၃၀ ဇွန် ၁၉၀၈) တွင် ကွယ်လွန်သည်။

www.burmeseclassic.com

www.burmeseclassic.com

ရာပြည့်စာအုပ် ၂၆၉

# ကင်းဝန်မင်းကြီး
# ပြင် သစ် နိုင် ငံ သွား
# နေ့ စဉ် မှတ် စာ တမ်း

**KINWUN MINGYI'S PARIS DIARY**

**ရာပြည့်စာအုပ်တိုက်**
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၂၉၆၆၇၁(အိမ်)၊ ၇၁၀၁၀၃(ဆိုင်)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


- နိဒါန်း ၁၁

**ပထမတွဲ** **မန္တလေး–စင်ကာပူ–သီဟိုဠ်–အီဂျစ်**

၁။ ဝန်ရှင်တော် ကင်းဝန်မင်းကြီးနှင့် သံတော်အရာရှိတို့ ပြင်သစ်နိုင်ငံ သွားရန် ဆောင်ရွက်မှုများ ၁၃
၂။ ညောင်ဦးမြို့ စည်းခုံစေတီကို ပူဇော်ကြခြင်း၊ စေတီ၌ အံ့ဖွယ် ၉ ပါး ၁၈
၃။ ရန်ကုန်မြို့သို့ ဆိုက်ရောက်၊ ရွှေတိဂုံဘုရားကို ဆွမ်းတော်ကြီး ကပ်လှူကြခြင်း ၂၅
၄။ မော်လမြိုင်မြို့သို့ ဆိုက်ရောက်ခြင်း ၂၈
၅။ ပလောပီနံမြို့သို့ ဆိုက်ရောက်ခြင်း ၃၂
၆။ စင်ကာပူမြို့သို့ ဆိုက်ရောက်ခြင်း ၃၆
၇။ သီဟိုဠ်ကျွန်း ဂါလုမြို့သို့ ဆိုက်ရောက်ခြင်း ၄၈
၈။ ဒေင်မြို့သို့ ဆိုက်ရောက်ခြင်း ၅၂
၉။ ပင်လယ်နီသို့ ဝင်ခြင်း ၅၃

**ဒုတိယတွဲ** **အီတလီ–ပြင်သစ်–အီတလီ**

၁၀။ နပေါလိဆိပ်ကမ်းသို့ ဝင်ဆိုက်ခြင်း ၆၁
၁၁။ ဗူလွန်ညာမြို့သို့ ရောက်ခြင်း ၆၄
၁၂။ ပါရစ်မြို့သို့ ရောက်ခြင်း ၆၈
၁၃။ မီးအိမ်ပျံ ၇၂
၁၄။ နိုင်ငံခြားဝန်ကြီးက လက်ခံတွေ့ဆုံကြောင်း ၇၈
၁၅။ သမ္မတမင်းထံ ဝင်ရောက်ကြကြောင်း ၉၂
၁၆။ သမ္မတမင်းနှင့် ကင်းဝန်မင်းကြီးတို့ ပြောဆိုကြသည့်စကား ၉၆


www.burmeseclassic.com

www.burmeseclassic.com




၁၇။ မိဖုရားနှင့် ကင်းဝန်မင်းကြီးတို့ ပြောဆိုကြသည့်စကား ၉၈
၁၈။ ဗာစိုက်မြို့၌ သမ္မတမင်းက ညစာစားပွဲ ပြုလုပ်ခြင်း ၁၀၀
၁၉။ သမ္မတမင်းက ဖိတ်ကြားသဖြင့် မြင်းပြိုင်ပွဲ ကြည့်ကြခြင်း ၁၀၅
၂၀။ မြေအောက်သွားလမ်း အဆောက်အဦများ ၁၀၈
၂၁။ စစ်ရေးပြ ကြည့်ရှုကြခြင်း ၁၂၅
၂၂။ ဗာစိုက်မြို့၌ သမ္မတမင်းထံ နှုတ်ဆက်ဝင်ကြခြင်း ၁၃၂
၂၃။ လာရန်းမြို့၌ စားပွဲခင်းသည်အကြောင်း ၁၄၄
၂၄။ မာဆေးမြို့သို့ ရောက်ကြောင်း ၁၄၆
၂၅။ တုလွန်မြို့သို့ ရောက်ကြောင်း ၁၅၉
၂၆။ မောင်တိတ်ကာရလိုသို့ ရောက်ကြောင်း ၁၆၅
၂၇။ ဂျင်နဝါမြို့သို့ ရောက်ကြောင်း ၁၆၇
၂၈။ မစ်လန်းမြို့သို့ ရောက်ကြောင်း ၁၈၂
၂၉။ ဘင်နစ်မြို့သို့ ရောက်ကြောင်း ၁၉၂
၃၀။ ပီးစမြို့သို့ ရောက်ကြောင်း ၂၀၀
၃၁။ တျူရင်းမြို့သို့ ရောက်၍ အီတာလျံမင်းနှင့် တွေ့မြင်ကြခြင်း ၂၁၀


## တတိယတွဲ အီတလီ–အီဂျစ်–အိန္ဒိယ–မန္တလေး


၃၂။ ဗြန်ဒီစီမြို့က ထွက်၍ အာလစ္စန္ဒရိယမြို့သို့ ရောက်ကြောင်း ၂၁၆
၃၃။ ကေရိုမြို့သို့ ရောက်ကြောင်း ၂၁၉
၃၄။ ဘုံဘိုင်မြို့သို့ ရောက်ကြောင်း ၂၃၃
၃၅။ ကာလကတ္တားမြို့သို့ ရောက်၍ ဘုရင်ခံမင်းနှင့်
တွေ့မြင်ကြကြောင်း ၂၃၉
၃၆။ ရန်ကုန်မြို့သို့ ရောက်ကြောင်း ၂၄၇
– ဆောင်းပါး လက်ာများ ၂၆၅
– ဝေါဟာရများ ၂၉၁
– နောက်ဆက်တွဲများ
[က] နှစ်နိုင်ငံ စာချုပ်များ ၃၀၂
[ခ] သတင်းစာ ကောက်နုတ်ချက်များ ၃၀၉
[ဂ] ကာလကတ္တားသွား နေ့စဉ်မှတ် စာတမ်း ၃၁၃
– အက္ခရာဝလိ ၃၃၇

www.burmeseclassic.com

## အတွင်းပုံများ အညွှန်း


၁။ ကင်းဝန်မင်းကြီး
၂။ ၁၈၇၄ ခုနှစ် ပြင်သစ်နိုင်ငံရောက် မြန်မာသံအဖွဲ့
၃။ ကင်းဝန်မင်းကြီး မင်းကြီးမဟာစည်သူ (မြန်မာသံအဖွဲ့ခေါင်းဆောင်)
၄။ နေမျိုးမင်းထင်သူရိန် [ဦးအောင်သူ] (မြန်မာသံအဖွဲ့ဝင်)
၅။ ပြင်သစ်ဘုရင်က မြန်မာသံအဖွဲ့ထံမှ ပေးအပ်သော မြန်မာဘုရင်၏ ချစ်ကြည်ရေး စာချွန်တော်ကို လက်ခံနေပုံ [၁၆ အောက်တိုဘာ ၁၈၅၆]
၆။ မြန်မာသံအဖွဲ့အား ပြင်သစ်သမ္မတကြီးက နန်းတော်၌ ဧည့်ခံရန် ဆီးကြိုနေပုံ
၇။ ပြင်သစ်ပြည်ရောက် မြန်မာသံအဖွဲ့ [၁၈၇၂–၇၃]
၈။ ပြင်သစ်ပြည်သွား သံတော်များ [၁၈၇၄]
၉။ ၁၈၇၃ ခုနှစ် ပြင်သစ် မြန်မာ ကိုယ်စားလှယ်တို့၏ သဘောတူညီချက်
၁၀။ အွန်နရီဒီဆာဆီး၏ လက်မှတ်နှင့် ချိပ်တံဆိပ်
– ကင်းဝန်မင်းကြီး မင်းကြီးမဟာစည်သူ ဦးကောင်း၏ လက်မှတ်နှင့် ချိပ်တံဆိပ်
၁၁။ သတိုးသုဓမ္မ မဟာသက်တော်ရှည်ဘွဲ့ခံ ဝန်ရှင်တော် ကင်းဝန်မင်းကြီး ဓာတ်ပုံ
၁၂။ ဗုဒ္ဓဂယာ အခြေပြ မြေပုံ


www.burmeseclassic.com

www.burmeseclassic.com

## ကျမ်းကိုး အတိုမှတ်စာရင်း

| | |
|---|---|
| ကဗျာစု | **ကင်းဝန်မင်းကြီးကဗျာစု**။ ရန်ကုန်၊ ဟံသာဝတီ ပုံနှိပ်တိုက်၊ ဧပြီ ၁၉၆၈။ |
| ခင်မြကြူ | ခင်မြကြူ၊ ဒေါက်တာ။ **ကုန်းဘောင်ခေတ် ပြင်သစ် မြန်မာ ဆက်ဆံရေး**၊ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်၊ ဒီဇင်ဘာ ၁၉၇၆။ |
| နာ | ကင်းဝန်မင်းကြီး။ **နာနာနယ သင်္ခေပကဗျာဗန္ဓကျမ်း**၊ မန္တလေးမြို့၊ စလေဒင်လမ်း၊ ချာနီယာ စာပုံနှိပ်တိုက်၊ ၁၉၁၂။ |
| မြန်မာအဘိဓာန် | မြန်မာစာအဖွဲ့။ **မြန်မာအဘိဓာန်**၊ ရန်ကုန်၊ မြန်မာစာအဖွဲ့ ဦးစီးဌာန၊ စက်တင်ဘာ ၁၉၉၁။ |
| ဦးစိုးလှိုင် | ဦးစိုးလှိုင်။ **ကင်းဝန်မင်းကြီး၏ ပြင်သစ်ပြည်သွား နေ့စဉ်မှတ်တမ်း၊ သုံးတွဲ**။ ရန်ကုန်၊ ဝိဇယ စာပုံနှိပ်တိုက်၊ ဩဂုတ်လ ၁၉၃၉။ |
| ဦးထွန်းမြင့် | ဦးထွန်းမြင့်။ **ပါဠိသက်ဝေါဟာရအဘိဓာန်**၊ ရန်ကုန်၊ စာပေလောက ပုံနှိပ်တိုက်၊ ဇူလိုင် ၂၀၀၄။ |
| ဦးသိန်းလှိုင် | ဦးသိန်းလှိုင်။ **ခေတ်ဟောင်း မြန်မာ့သမိုင်း သုတေသနအဘိဓာန်**၊ ရန်ကုန်၊ တက္ကသိုလ်များ ပုံနှိပ်တိုက်၊ ဖေဖော်ဝါရီ ၂၀၀၀။ |
| ဦးဟုတ်စိန် | ဦးဟုတ်စိန်။ **ပါဠိ–မြန်မာ အဘိဓာန်**၊ ရန်ကုန်၊ ချမ်းသာရောင်စုံပုံနှိပ်တိုက်၊ ၁၉၉၉။ |
| **LEB** | L. E. Bagshawe, **The Kinwun Min-Gyi's London Diary:** ***The First Mission of a Burmese Minister to Britain, 1872,*** Bangkok, Orchid Press, 2006. |
| **MHA** | Maung Htin Aung, ***First Burmese Mission to the Court of St. James's Kinwun Mingyi's Diaries 1872-74,*** **J.B.R.S**, i, LVII, December 1974. |
| **Versailles** | Maung Htin Aung, ***Kinwun Mingyi's Mission to the Court of Versailles, 1874,*** **J.B.R.S**, i LVI, December 1973. |

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

မန္တလေး ရတနာပုံ မြို့တည် နန်းတည် ပဌမသင်္ဂါယနာတင် ဘုရင် မင်းတုန်းမင်းတရားကြီး လက်ထက် အဂ္ဂမဟာ သေနာပတိ ဝန်ရှင်တော် ကင်းဝန်မင်းကြီး သတိုးမင်းကြီး မဟာမင်းလှစည်သူကို သံကြီး၊ စာရေးတော်ကြီး မင်းလှစည်သူကို သံလတ်၊ လက်ဖက်ရည်ဇော်ေ နေမျိုးမင်းထင်သူရိန်ကို သံငယ် ခန့်ထား၍ ပြင်သစ်နိုင်ငံသို့ စေလွှတ်တော်မူရာ၊ ဝန်ရှင်တော် ကင်းဝန်မင်းကြီးသည် မြန်မာသက္ကရာဇ် ၁၂၃၅ ခု တပေါင်းလပြည့်ကျော် ၅ ရက်နေ့မှ စ၍ မိမိ ရှက်ဆောင် ကြုံကြိုက်တွေ့ရှိရသမျှ အကြောင်းအရာတို့ကို နောင်လာနောင်သား ပညာလိုလား အမျိုးသားတို့ အကျိုးငှာ နေ့စဉ် မှန်ကန်စွာ ရေးမှတ်ပြီးလျှင် မိမိ ရေးမှတ်ထားသမျှ အကြောင်းအရာ အလုံးစုံတို့ကို စုပေါင်းစီစဉ်၍ **ပြင်သစ်မြို့သွား နေ့စဉ်မှတ်စာတမ်း** ဟူသော အမည်ဖြင့် ပေမူတင်ထားခဲ့လေသတည်း။

ငင်းစာတမ်းမှာ ထွက်ခွာမည့်နေ့မှ စ၍ နေပြည်တော်တွင်ပင် ဆောင်ရွက် ရသည့် အကြောင်းအရာ၊ လမ်းစခန်း ခရီးစဉ် တစ်လျှောက်၌လည်း ဆောင်ရွက် တွေ့ကြုံရသမျှ အကြောင်းအရာ အမျိုးမျိုး၊ ပြင်သစ်မြို့တော်သို့ ဆိုက်ရောက်သော အခါ၌လည်း တွေ့ကြုံ ဆောင်ရွက်ရသမျှ အကြောင်းအရာ၊ ပြင်သစ်မြို့တော်၏ အုံဩစဖွယ် တင့်တယ် ခမ်းနားလှသည့် အခြေအနေတို့ပါ စုံလင်စွာ ရေးသား ဖော်ပြထားသဖြင့် ဤစာတမ်းကို ဖတ်ရှုသောသူတို့မှာ များစွာ ဗဟုသုတ ရရှိနိုင်မည် ဖြစ်၏။

ဤစာတမ်းထဲမှာ မှတ်သားဖွယ်ကောင်းသည့် အကြောင်းအရာတွေမျှကိုသာ ရိုးရိုး ရေးသားထားသည် မဟုတ်။ စာစီစာကုံး အနှုန်းအဖွဲ့ ဆိုင်ရာ ကဗျာ ပညာအတွက်လည်း အချက်အခွင့် သင့်တိုင်း သင့်တိုင်း မေတ္တာစာ



www.burmeseclassic.com

www.burmeseclassic.com



ကဗျာအဖွဲ့အဖွဲ့တို့ကို ရေးသားထားလေသည်။ ဤသို့ ရေးသားထားသည့် မေတ္တာစာ ကဗျာတို့မှာလည်း လိုက်နာ နည်းယူဖွယ် ကောင်းလှသဖြင့် ၎င်းစာတမ်းထဲမှ မေတ္တာစာတို့ကို သီးသန့် ရွေးနုတ်ပြီးလျှင် **ကင်းဝန်မင်းကြီး မေတ္တာစာ** ဟူသော အမည်ဖြင့် ဟံသာဝတီ စာပုံနှိပ်တိုက်က စာအုပ် သီးခြား ရိုက်နှိပ်ထား၏။

**ပြင်သစ်မြို့သွား နေ့စဉ်မှတ်စာတမ်း** တစ်စောင်လုံးကိုကား မည်သည့် အခါကမှ ပုံမနှိပ်ဖူးသေးချေ။ လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ်က ဦးဘဂွမ်းသည် **လန်ဒန်မြို့သွား နေ့စဉ်မှတ်စာတမ်း**ကို ပထမတွဲ၊ ဒုတိယတွဲ နှစ်တွဲ စီစဉ်ပုံနှိပ်ရာ ဒုတိယတွဲမှာ စာမျက်နှာနံပါတ် နည်းနေသည် ဖြစ်၍ မူလ မှန်းထားရင်း နံပါတ် ပြည့်စေရုံသာ ပြင်သစ်မြို့သွား နေ့စဉ်မှတ်စာတမ်းကို ပထမ ၁၇ မျက်နှာသာ ဆက်လက် ထည့်သွင်း ပုံနှိပ်ထားဖူး၏။ ဤကဲ့သို့ ဦးဘဂွမ်း ပုံနှိပ်ဖူးသည်မှာ အရင်းအစ အနည်းငယ်မျှ မပြောပလောက်သည် တစ်ကြောင်း၊ ၎င်း ဦးဘဂွမ်း ပုံနှိပ်ဖူးသည့် စာအုပ်ကိုပင် ယခုအခါ ရှာဖွေ၍ မရနိုင်သည် တစ်ကြောင်း ဖြစ်၍ ပညာလိုလား အမျိုးသားတို့ တိုးပွား ဗဟုသုတ ရရှိကြစေခြင်းငှာ ဤ **ပြင်သစ်မြို့သွား နေ့စဉ်မှတ်စာတမ်း**ကို ကင်းဝန်မင်းကြီး ပေမူမှ ကောင်းစွာ ပုံနှိပ်ခြင်း ပြုလုပ်ပါသည်။

ဤသို့ ပုံနှိပ်သည့်အရာမှာ မေတ္တာစာများတွင် ဟံသာဝတီ ပုံနှိပ်တိုက်မှ ပုံရိုက်ထားသည့် မေတ္တာစာ စာအုပ်နှင့် တိုက်ဆိုင် ညှိနှိုင်းပြီးလျှင် ပေမူနှင့် မတူ၊ ကွဲပြားနေသည့် ဟံသာဝတီတိုက်ထုတ် မေတ္တာစာ စာအုပ်ပါ စကားတို့ကို (ဟ) ဟူသော အမှတ် သင်္ကေတဖြင့် အောက်ခြေ မှတ်ချက်များ၌ သီးခြား ဖော်ပြထားပါသည်။ ကြည့်ရှု ဆင်ခြင်လျက် ကြိုက်နှစ်သက်ရာ မှတ်ယူ ကြစေကုန်သတည်း။ ။

ဦးဘေမောင်တင်

www.burmeseclassic.com

www.burmeseclassic.com

## ပထမတွဲ

**[သက္ကရာဇ် ၁၂၃၅ ခုနှစ်[၁] လယ်ကိုင်းမြို့စား သေနတ်ဝန်မင်းကြီး ပြင်သစ်နိုင်ငံသို့ သံကြီး ပြုလုပ်သွားရာ မှတ်သားသည့် နေ့စဉ်မှတ်][၂]**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အဂ္ဂမဟာ သေနာပတိ ဝန်ရှင်တော် ကင်းဝန်မင်းကြီး သတိုးမင်းကြီး မဟာမင်းလှစည်သူကို သံကြီး၊ စာရေးတော်ကြီး မင်းလှစည်သူကို သံလတ်၊ လက်ဖက်ရည်တော် နေမျိုးမင်းထင်သူရိန်ကို သံငယ် ခန့်ထားပြီးလျှင် ပြင်သစ်နိုင်ငံသို့ စေလွှတ်တော်မူရာ သက္ကရာဇ် **၁၂၃၅ ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက်**[၃] ထွက်သည့်နေ့က စ၍ အကြောင်းအရာ ရှိသည်များကို နောင်ပညာရှိ အမျိုးသားတို့ မှတ်သားရန် ကြားသိ တွေ့မြင်သည့်အတိုင်း အမှန်အကန် ရေးသားသည့် နေ့စဉ်မှတ်စာတမ်း။

နိုင်ငံတော်နှင့် ပြင်သစ်နိုင်ငံ မဟာမိတ်စာချုပ် ချုပ်ဆိုခဲ့ရင်း ပထမစာချုပ် ၆ ချက်တွင် ထပ်ဖြည့်၍ ရွှေမြို့တော်တွင် ပြင်သစ် သံကြီး **ကောင်ဒီရော်ရှ**[၄] နှင့် အဂ္ဂမဟာ သေနာပတိ ဝန်ရှင်တော် ကင်းဝန်မင်းကြီး သတိုးမင်းကြီး မဟာမင်းလှစည်သူတို့ ချုပ်ဆိုကြသည် ဒုတိယစာချုပ်၊ ပြင်သစ်မင်းသို့ပေးရန် ရာဇသံများကို လက်မှတ်တော်တင်၍ ပြီးပြေရှိသည့်အတိုင်း လက်မှတ်တော်တင်ပြီး စာချုပ် ၂ ရပ်ကို ပြင်သစ် သံကြီး ကောင်ဒီရော်ရှသို့ ပေးအပ် လဲလှယ်ပြီးနောက်၊ ရာဇသံ လက်ဆောင်တော်များကို လွှတ်တော်သို့ ထုတ်ယူ၊ အပြည့်အစုံ စီစဉ်ခင်းကျင်းထားပြီးလျှင် သက္ကရာဇ် **၁၂၃၅ ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက်**[၃] စနေနေ့ နေ သုံးချက်တီးကျော်

---

၁။ ခရစ်နှစ် ၁၈၇၄ ခု

၂။ ပြင်သစ်မြို့သွား နေ့စဉ်မှတ်စာတမ်း–ဟူ၍သာ ၊ဂ၊ ၌ပါသည်။

၃။ ၇ မတ် ၁၈၇၄

၄။ Count de Rochechouart

www.burmeseclassic.com



၅ မောင်းအချိန် ကောင်းမြတ်သည်အခါ ဖြစ်ကြောင်းနှင့် ပညာရှိတို့ ထွက်ဆိုချက်အတိုင်း၊ ဝန်ရှင်တော် ကင်းဝန်မင်းကြီး မြို့တွင်းအိမ်က ထွက်၍ သန်လျက်မော် စံနန်းတော် ခန်းပတ်မြို့စားမင်းကြီး အိမ်မှာ စခန်းချရပ်သည်။

**ရင်းတပေါင်းလပြည့်ကျော် ၆ ရက်** [၁] တနင်္ဂနွေနေ့ အထက် **လပြည့်ကျော် ၃ ရက်** [၂] ကြာသပတေးနေ့က ဝန်ရှင်တော် ကင်းဝန်မင်းကြီး သနားတော်မြတ် ထပ်မံခံရသည် သတိုးတပ်ဘွဲ့ကို စခန်းချရပ်ရင်း အိမ်က နံနက်ညီလာခံမိ ရှေ့တော်သို့ဝင်၍ ဘွဲ့ထပ်ခံရသည်။ ၎င်းနေ့ ဝန်ရှင်တော် ကင်းဝန်မင်းကြီးက တူ ငဘိုးသာကို ဆက်ရာ ဖိနပ်တော်မှာ ထမ်းရွက်ရသည်။ သံတော် စာရေးတော်ကြီး မင်းလှဇေယျသူကိုလည်း ဘွဲ့ စလွယ် တိုး၍ သူကောင်းပြုတော်မူမည် အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်။ ၎င်းနေ့ လွှတ်တော်ရှိ ရာဇသံ လက်ဆောင်တော်များကို အစီအစဉ် အခမ်းအနားနှင့် သန်လျက်မော် စံနန်းတော် လွှတ်တော်သို့ ပို့သည်။ ၎င်းလွှတ်တော်တွင် အသုံးစာရေး မောင်သစ်, အမိန့်တော်ရ နော်ရထာစည်သူ, သစ္စာရေး ငရွှေအောင်တို့နှင့် သေနတ်အမှုထမ်း လူ ၅၀ တို့ နေ့ည စောင့်နေရသည်။ ၎င်းနေ့ နေ ၃ ချက်တီးအချိန် ပြင်သစ်သံလတ် **မာရကတ်ကြီး** [၃] ဝန်ရှင်တော် ကင်းဝန်မင်းကြီးထံ လာရောက်၍ ပြင်သစ်မြို့သို့ ရောက်သည်ကာလ ဝန်ရှင်တော်မင်းကြီး အလိုရှိသမျှ ကိစ္စများကို ကိုယ်မှုကဲ့သို့ ပြီးပြေအောင် ဆောင်ရွက်ပါမည် အကြောင်းနှင့် ပြောဆို ပြန်သွားသည်။ ၎င်းနေ့ ပြင်သစ်မြို့သို့ မထွက်မီအတွင်း နံနက်ညီလာခံ နေ့စဉ် လာရောက်ရမည် အကြောင်းနှင့် လွှတ်တော်က မှာစာကို မြင်းသည်စေလွှတ် ပေးပို့ရယူသည်။ မုဒ္ဒါဘိသိက် အခမ်းအနားဝင် ရေမျိုးစုံ စာရင်းကိုလည်း လွှတ်တော်က ပေးပို့လာသည်။

**ရင်းလပြည့်ကျော် ၇ ရက်** [၄] တနင်္လာနေ့ နံနက်ညီလာခံမိ ဝန်ရှင်တော် ကင်းဝန်မင်းကြီး နန်းတော်သို့ သွားသည်။ ၎င်းနေ့နံနက် ညီလာခံ ထွက်တော်မမူသောကြောင့် ရွှေဆောင်တော်သို့ ဝင်၍ ခစားရာ၊ ဝန်ရှင်တော် ခန်းပတ်မြို့စားမင်းကြီး, ယောမြို့စား အတွင်းဝန်မင်း, ရွှေတိုက် အတွင်းဝန်မင်း, ဗန်းမော် အတွင်းဝန်မင်းတို့စုံညီ ယမန်နေ့က ပြင်သစ်သံလတ် မာရကတ်ကြီး လာရောက်တွေ့ကြုံ သွားလာရန်ကိစ္စ၊ ပြင်သစ်မြို့သို့ ရောက်လျှင် ဆောင်ရွက်ရန် ကိစ္စများကို ပြောဆို ပြီးပြေကြောင်းနှင့် ဝန်ရှင်တော် ကင်းဝန်မင်းကြီးက အမိန့်တော်မြတ် ခံသည်။ အီတာလျံနိုင်ငံသို့ ရောက်သည်ကာလလည်း

---

၁။ ၈ မတ် ၁၈၇၄ ၂။ ၅ မတ် ၁၈၇၄ ၃။ Count Marecalchi ၄။ ၉ မတ် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com





ကင်းဝန်မင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



၁၈၇၄ ခုနှစ် ပြင်သစ်နိုင်ငံရောက် မြန်မာသံအဖွဲ့

ရှေ့တန်း ဝဲ မှ ယာ - နေမျိုးမင်းထင်သူရိန် (ဦးအောင်သူ)၊ ကင်းဝန်မင်းကြီး နှင့် မင်းလှဝေယျသူ (ဦးမြိမ့်)။



www.burmeseclassic.com

www.burmeseclassic.com



အီတာလျံ အမျိုးသားကို ရွေးချယ်၍ **ကောင်စစ်**[၁] ကိုယ်စားလှယ်တော် ထားရလျှင် အလုံးစုံ သင့်မြတ်ကြောင်းနှင့် အမိန့်တော်မြတ်ခံရာ၊ အကျိုးများစွာ ရှိသည်အရာ ဖြစ်သည်၊ ဝန်ကြီးကင်းဝန်က နေရာကျအောင် ထားခဲ့စေ၊ ပြင်သစ်နိုင်ငံမှာလည်း ကုန်သည်ကြီးတို့နှင့် နေရာကျ ဆက်လက် ကမ်းလှမ်းခဲ့စေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်။ ၎င်းနေ့ ပြင်သစ်သံကြီးက အခွင့်ရလျှင် **၈ ရက်**[၂] နေ့ ဝန်ရှင်တော် ကင်းဝန်မင်းကြီးနှင့် တွေ့လိုကြောင်း မြင်းသည် စေလွှတ်တိုင် ပြောဆိုလာသောကြောင့် **၈ ရက်**[၂] နေ့ နေ ၃ ချက်တီးခန့်အချိန် လာရောက်လျှင် သင့်ကြောင်းနှင့် မြင်းသည်တွင် စာပေး မှာထားလိုက်သည်။

**၎င်းလပြည့်ကျော် ၈ ရက်**[၂] အင်္ဂါနေ့ နေ ၃ ချက်တီးခန့်အချိန် ပြင်သစ်သံကြီး ကောင်ဒီရော်ရှ, သံလတ် မာရကတ်ကြီးတို့ ဝန်ရှင်တော် ကင်းဝန်မင်းကြီး စခန်းချရပ်သည် အိမ်သို့ လာရောက်ပြီးလျှင်၊ **၉ ရက်**[၃] နေ့ ရှေ့တော်သို့ဝင်၍ **၁၀ ရက်**[၄] နေ့ ဝန်ရှင်တော် စစ်သူကြီးမင်းများကို နှုတ်ဆက်ပြီးလျှင်၊ **၁၁ ရက်**[၅] နေ့ သင်္ဘောသို့ ဆင်းရန် ပြင်ဆင်၊ **၁၂ ရက်**[၆] နေ့ သင်္ဘောသို့ ဆင်းနိုင်ကြောင်း၊ ပြင်သစ်နိုင်ငံသို့ ရောက်ကာလ အလိုတော်မြတ် ရှိသမျှ အမှုရပ်များကို ကုန်တွင်ပြီးပြေအောင် ထမ်းဆောင်နိုင်ပါလိမ့်မည် အကြောင်းများနှင့် ပြောဆို ပြန်သွားကြသည်။

**၎င်းလပြည့်ကျော် ၉ ရက်**[၃] ဗုဒ္ဓဟူးနေ့ အထက် လန်ဒန်မြို့က ဆောင်ယူဆက်သည် ထွေးခံတော် အရောင်ပန်းများနှင့် နည်းတူ လုပ်ဆောင်ခဲ့ရမည်။ အလယ်နန်းတော် စုဘုရား အမိန့်တော်မြတ်အရ လွှတ်တော်မှာ စာနှင့် ရွှေသား ထွေးခံတော်ကြီး ၁၊ အချိန် ၆ဂို ကို ကသောင်းမြောင်တိုက်စိုး ငမောင်၊ စာရေးတော် ငရွှေအုံတို့ ပို့အပ်လာသည်။

**၎င်းလပြည့်ကျော် ၁၀ ရက်**[၄] ကြာသပတေးနေ့ နန်းတော်သို့ ဝန်ရှင်တော် ကင်းဝန်မင်းကြီး ထပ်၍ ဝင်ရာ၊ အချောဆုံးပိတ် ရက်လုပ်နိုင်သည် စက်ကိရိယာနှင့် စက်ဆရာများကို ငှားရမ်း ဝယ်ယူရလျှင် အဘိုးမည်မျှ ကျကုန်မည် မေးမြန်း စေ့စပ်ခဲ့ရမည်၊ ခေါင်းရေ ၂၀၀ ရှိ ချည်ထုပ်ကိုလည်း ဝယ်ယူခဲ့ရမည်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်။ ၎င်းနေ့ ပြင်သစ်သံအရာရှိတို့လည်း ရှေ့တော်သို့ ထပ်၍ ဝင်သည်။ ၎င်းနေ့ နေ ၂ ချက်တီးအချိန် နန်းတော်က နေရင်းတည်းအိမ်သို့ ပြန်လာသည်နောက်

---

၁။ Consul ၂။ ၁၀ မတ် ၁၈၇၄ ၃။ ၁၁ မတ် ၁၈၇၄ ၄။ ၁၂ မတ် ၁၈၇၄
၅။ ၁၃ မတ် ၁၈၇၄ ၆။ ၁၄ မတ် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ည ၄ ချက်တီးအချိန်၊ ပြင်သစ်မင်းက ဆက်သည် **ခရုဗ္ဗေသပစ္စယ** [1] ဘယက်ကို ဝန်ရှင်တော် ကင်းဝန်မင်းကြီးက သနားတော်မြတ်ခံစေရန်၊ ၎င်းအောက်ပစ္စေခေါ် ဘယက်ကို စာရေးတော်ကြီးက သနားတော်မြတ်ခံစေရန်၊ အမိန့်တော်မှာစာနှင့် မြင်းသည် စေလွှတ် ပေးပို့လာ၍ သနားတော်မြတ်ခံရသည်။

၎င်းလပြည့်ကျော် ၁၁ ရက် [2] သောကြာနေ့ အခြားတစ်ပါး အသွားအလာ မရှိ။ သန်လျက်မော်ရွာရှိ ရဟန်းတော် ၂၉၊ မိုးမိတ်မြို့ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက် ဆရာတော်တို့နှင့် ရဟန်းတော် ၅ များကို တည်းအိမ်သို့ပင့်၍ နေ့ဆွမ်း လှူဒါန်း ကျွေးမွေးသည်။ ၎င်းနေ့ နေ ၃ ချက်တီးအချိန် သစ်တောဝန် မာဘီ လာ၍၊ အမိန့်တော်မြတ်နှင့် ပြင်သစ်မြို့က ဝယ်ယူခဲ့ရန် ဆေးစာ စာရင်းကို ပေးအပ်ခဲ့သည်။ အရှင်နန်းမတော်ဘုရား၊ အလယ်နန်းတော်စုဘုရား၊ အနောက်နန်းတော် ထိပ်ခေါင်တင်ဘုရားတို့ကို ဆက်သရန် ကတ္တီပါ ရွှေပွင့်ကပ် ကတ္တီပါစိမ်းကပ်များကို ဝယ်ယူခဲ့ပါမည် အကြောင်းနှင့် သစ်တောဝန် မာဘီက အစီရင်ခံခဲ့သည်။ ၎င်းနေ့ ပြင်သစ်မြို့ ဝန်ကြီးချုပ်မှ စ၍ အရာရှိလူကြီး ၆ တို့ကို ပေးရန် ၁၂ သွယ် စလွယ် ကုံးရေ ၂၊ ၉ သွယ် စလွယ် ကုံးရေ ၄ များကို မြင်းသည် စေလွှတ် ပေးပို့လာသည်။ အထက် ပေးအပ်လာရင်း ထွေးခံတော်ကြီးတွင် ပန်းပြောက်တင်ရန် ရွှေခဲချိန် ၁၀ ကို ပေးပို့လာသည်။

၎င်းလပြည့်ကျော် ၁၂ ရက် [3] စနေနေ့ နေ ၃ ချက်တီး အချိန် ပြင်သစ်သံကြီးနှင့် အရာရှိ ၄ တို့ သင်္ဘောတော်သို့ ဆင်းလာကြ၍ အရောက်စုံလျှင် ၎င်းနေ့ နေ ၃ ချက်တီးကျော် ၄ မောင်း အချိန် သန်လျက်မော် ဆိပ်ကမ်းက စုန်ဆင်း ထွက်လာခဲ့ကြသည်။ ၃ ချက်တီးကျော် ၅ မောင်း အချိန်သို့ ရောက်လျှင် စစ်ကိုင်းမြို့ သံတဲ ဆိပ်ကမ်းသို့ ရောက်၍၊ ၎င်းဆိပ်ကမ်းတွင် တစ်ည ရပ်ဆိုင်း အိပ်နေကြသည်။ သန်လျက်မော် ဆိပ်ကမ်းက ထွက်လျှင် ထွက်ချင်း လွှတ်တော်သို့ပေးရန် မှာစာကို မြင်းသည်တွင် ပေးအပ်လိုက်သည်။ စစ်ကိုင်းမြို့သို့ ဆိုက်လျှင်ဆိုက်ချင်း စစ်ကိုင်းမြို့သို့ ရောက်ကြောင်း လွှတ်တော်သို့ပေးရန် မှာစာ၊ ၎င်းနေ့ ထွက်ကြောင်း ရန်ကုန် သူဌေး မဟာသီရိဘောဂသာရသို့ မှာရန်စာ ၁၊ မင်းလှရုံး အရာရှိတို့သို့ မှာရန် စာ ၁ များကို အဝမြို့ ကြေးနန်းဓာတ်ရုံသို့ ဆင့်ဆို၍ ကြေးနန်းရိုက်ကြားစေသည်။

၎င်းလပြည့်ကျော် ၁၃ ရက် [4] တနင်္ဂနွေနေ့ နံနက် ၄ ချက်တီးအချိန်

---

၁။ Legion of Honour ၂။ ၁၃ မတ် ၁၈၇၄ ၃။ ၁၄ မတ် ၁၈၇၄

၄။ ၁၅ မတ် ၁၈၇၄

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



စစ်ကိုင်းမြို့က ထွက်လာရာ လမ်းခရီး အတင်အငြိ မရှိ။ ၎င်းနေ့ နေ ၂ ချက်တီးကျော် ၅ မောင်းအချိန် မြင်းခြံရွာ ဆိပ်ကမ်းသို့ ဆိုက်ရောက်သည်။ မြန်မာသံတော်တို့ ဒုတိယစာချုပ်ကို လက်မှတ်တော်ချင်း လဲလှယ်ရန်၊ ပြင်သစ်မင်းသို့ ရာဇသံ လက်ဆောင်တော်များကို ပို့ရန်၊ စက်ဆရာ ပညာသည်များကို ခေါ်ယူရန်များကို အကြောင်းပြု၍ ပြင်သစ်နိုင်ငံ ပြင်သစ် မင်းထံ လာရောက်ကြောင်း။ ကျွန်ုပ်တို့ကို မြန်မာမင်း မှူးမတ်တို့က တည်းနေအိမ် အစားအစာ အသုံးအဆောင်မှ စ၍ မငြိုမငြင်စေရ။ အထူး သဖြင့် ပြည့်စုံအောင် မဟာမိတ်လက္ခဏာနှင့်အညီ ကောင်းမွန်စွာ ပြုစုရှိပါ သည်။ မြန်မာသံတော်တို့ ပြင်သစ်နိုင်ငံ **မာဆေး**[၁] မြို့သို့ ရောက်သည်က စ၍ ပြန်သည်တိုင် အထူးသဖြင့် ကောင်းမွန်စွာ ကြည့်ရှုပြုစုပါမည် အကြောင်း။ ဒုတိယစာချုပ်ကိုလည်း ပြင်သစ်မင်းက လက်မှတ်ထိုး၍ နေ့ရက်မကြာ မြန်မာသံကြီးသို့ အပ်အောင် နိုင်ငံခြားဝန်ကြီးက အထူး အားထုတ်ပါမည် အကြောင်း။ မြန်မာမင်း အလိုတော်ကို ကျွန်ုပ်တို့ကိုယ်တိုင် သိရသည်မှာ ပြင်သစ်နိုင်ငံနှင့် မဟာမိတ်အဖြစ်ကို အထူးသဖြင့် အလိုရှိသည် ကို အမှန်သိရကြောင်းများနှင့် ပြင်သစ် နိုင်ငံခြားဝန်ကြီးထံ ပေးရန်စာကို ပြင်သစ်သံကြီး ရေးပြီးလျှင် လက်ခံကို **ခင်ကြီး ဒေါင်လတ်ကောင်း**[၂] သို့ အပ်၍ ကင်းဝန်မင်းကြီး၊ စာရေးတော်ကြီးမင်းတို့ကို ပြန်ပြောစေသည်။ မြင်းခြံရွာ ဆိပ်ကမ်း ရောက်လျှင်ရောက်ချင်း ရွှေမြို့တော်တွင် ကျန်ရှိရစ်သည် ပြင်သစ်သံ အနာသက်သာကြောင်းကို လွှတ်တော်ပေး ကြေးနန်းစာ ရသော ကြောင့် ပြင်သစ်သံကြီး အလွန် ဝမ်းမြောက်ဝမ်းသာ ရှိသည်။ မြင်းခြံရွာသို့ ဆိုက်သည့် အကြောင်းအရာ၊ လွှတ်တော်ပေး ကြေးနန်းစာ ရသောကြောင့် ဝမ်းမြောက်ဝမ်းသာ အကြောင်းအရာများကို ၎င်းနေ့ နေ ၂ ချက်တီးကျော် ၅ မောင်း အချိန် လွှတ်တော်သို့ ကြေးနန်းစာ ရိုက်ကြားသည်။ အနောက် တိုင်းပြည် နိုင်ငံများသို့ ဆောင်ယူရန် ဒေါင်းအလံတော်ကြီး ၁ ကို ကောင်းမွန် စွာ လုပ်ဆောင် အသင့်ရှိစေရမည် အကြောင်းနှင့် ရန်ကုန်မြို့ သူဌေးသို့လည်း ကြေးနန်းစာနှင့် ဆင့်သည်။ ၎င်းနေ့ ခရီး မြန်မာတိုင် ၂၈ တိုင် ရောက်သည်။

**၎င်းလပြည့်ကျော် ၁၄ ရက်**[၃] တနင်္လာနေ့ နံနက် ၄ ချက်တီးအချိန် မြင်းခြံရွာ ဆိပ်ကမ်းက ထွက်လာခဲ့ရာ လမ်းခရီး အတင်အငြိ မရှိ။ ၎င်းနေ့ ၂ ချက်တီးအချိန် ညောင်ဦးရွာ ဆိပ်ကမ်းသို့ ဆိုက်ရောက်သည်။ ၎င်း

၁။ Marseilles ၂။ Bishop, Father Lecompt ၃။ ၁၆ မတ် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ဆိပ်ကမ်းတွင် အသင့် စောင့်နေနှင့်သည် ပုဂံမြို့ရုံး အရာရှိ၊ ညောင်ဦးရွာသူကြီး၊ ညောင်ဦးစစ်သားတို့ အစုံအညီ၊ ယွန်းထိုးအုပ်၊ အစ်ခွက်များကို ပြင်သစ်နိုင်ငံသို့ ရောက်လျှင် လက်ဆောင်ပေးရန် ဝယ်ယူကြသည်။ ပြင်သစ်သံကြီးကို တို့[၁]တောင်း ၁၊ စလယ်ဝင်ကြုတ် ၁၊ သံလတ်ကို တို့တောင်း ၁၊ သံငယ် ၂ ကို စလယ်ဝင်ကြုတ် ၁ စီ၊ ပြင်သစ်ခင်ကြီး ဒေါင်လတ်ကောင်းကို ပြည်ဝင်ကြုတ် ၁၊ စလယ်ဝင်ကြုတ် ၁၊ လက်ဖက်စားကြုတ်ငယ် ၁၊ အသီးအသီး ကင်းဝန်မင်းကြီးက လက်ဆောင်ပေးသည်။ ပြင်သစ် သံအရာရှိတို့ အလိုရှိရာ လှည့်ပတ်သည်ကာလ စီးနင်းရန် လှည်း လှေ မြင်းများကိုလည်း ပုဂံမြို့ အရာရှိတို့က အသင့်ဆင့်ဆိုထားသည်။ ၎င်းနေ့ နေ ၃ ချက်တီးကျော် ၃ မောင်းအချိန် သံအရာရှိတို့ သမ္မန်နှင့် လက်ဝဲဘက်သို့ ကူး၍ သားငှက်ပစ်ကြသည်။ ကင်းဝန်မင်းကြီး၊ စာရေးတော်ကြီးမင်း၊ မြန်မာသံအရာရှိ၊ စာရေးလူငယ်တို့မှာ ရွှေစည်းခုံဘုရားသို့ သွား၍ ပါသည် ပရိသတ်အကုန် ရွှေဆိုင်းရေ ၇၊ ဖယောင်းတိုင် ၃၀၀၀၊ ရေချမ်းအိုး ပန်းစုံစိုက် ၂၀၀ များကို ဝယ်ခြမ်းပြီးလျှင်၊ ရွှေစည်းခုံဘုရားသို့ ဝင်၍ ဖယောင်းတိုင် ပန်းစုံစိုက် ရေချမ်းအိုးများကို တင်လှူကြသည်။ ရွှေဆိုင်း ၇ အနက် ရွှေဆိုင်း ၁ မှာ စေတီတော် တောင်မျက်နှာ နတ်မုခ်နလျားခံတွင် အတွင်းရှိ ဒက္ခိဏာသာခါ ဘုရားကို ချလှူသည်။ ရွှေ ၅ ဆိုင်းမှာ စည်းခုံတော်ကြီးတွင် ကောင်းမွန်စွာ ချစေရန် စစ်သားသို့ အပ်ခဲ့သည်။ ရွှေဆိုင်း ၁ မှာ ၁၂ ဌာနများမှာ အသီးချလှူကြသည်။ ၁၂ ဌာန အမည်မှာ – စည်းခုံတော်ကြီး ပထမရွှေ ၂ ပြား၊ ပထမသပိတ် ဒုတိယရွှေ ၁ ပြား၊ ရွှေသက်စိုးနတ် တတိယရွှေ ၁ ပြား၊ အရှေ့တောင်ထောင့် ရွှေခြသေ့် စတုတ္ထရွှေ ၁ ပြား၊ ဗြသမင်္ဂိုနတ်သမီး ပဉ္စမရွှေ ၁ ပြား၊ ရွှေမြို့စည်နတ် ဆဋ္ဌမရွှေ ၁ ပြား၊ ရွှေစကားနတ် သတ္တမရွှေ ၁ ပြား၊ ပွဲစားကြီးနတ် အဋ္ဌမရွှေ ၁ ပြား၊ ရွှေငါးကြင်း နဝမရွှေ ၁ ပြား၊ သိကြားမင်း ဒသမရွှေ ၁ ပြား၊ ဆုတောင်းပြည့်ဘုရား ဧကာဒသမရွှေ ၁ ပြား၊ ပေါင်း ဌာန ၁၁, ရွှေပြားရေ ၁၂၊ ၎င်းကို ၁၂ ဌာန ခေါ်သည်။ ၎င်း ၁၂ ဌာနကို သည်ကဲ့သို့ ရွှေချလှူ၍ ဆုတောင်းပတ္တနာပြုပြီးလျှင် ၎င်းရွှေလှောင်စက္ကူကို ဆောင်ယူ ကိုးကွယ်ရလျှင် ဘေးအန္တရာယ်ကင်းကြောင်း၊ အလိုအတိုင်း ပြီးစီးကြောင်း၊ အစဉ်အဆက် ပူဇော်မြဲ ဖြစ်ကြောင်းများကို စစ်သား အရံစောင့်အကြီး ကျေးရွာလူကြီးတို့ ပြောဆိုကြသည်။ ဒိဋ္ဌိဇုကမ္မ[၂]

---

၁။ တို့ *(အခြင်အတွယ်)* – လေးတင်းနှင့် ညီမျှသော အခြင်အတွယ် (ဦးသိန်းလှိုင်၊ စာ–၅၈)။
၂။ ဒိဋ္ဌိဇုကမ္မ – အယူကို ဖြောင့်အောင်ပြုခြင်း (ဦးဟုတ်စိန်၊ စာ–၄၇၀)။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်။ သို့သော်လည်း ဗဟုသုတ အကျိုးငှာ ရေးမှတ်ထားလိုက်သည်။ စည်းခုံတော်ကြီးတွင်လည်း အံ့ဖွယ် ၉ ပါး ရှိသည်။ ၉ ပါးမှာ– ထီးတော်ကို သံမဆိုင်းရသည်လည်း အံ့ဖွယ်တစ်ပါး၊ အရိပ်တော် ဓာတ်တိုင်းအတွင်းက မထွက်သည်လည်း အံ့ဖွယ်တစ်ပါး၊ စည်းခုံတော်ပေါ်က ရွှေလှောင်စက္ကူ တံတိုင်းပြင်သို့ မကျနိုင်သည်လည်း အံ့ဖွယ်တစ်ပါး၊ တစ်မျက်နှာက တီးသည် စည်သံကို တစ်မျက်နှာက မကြားသည်လည်း အံ့ဖွယ်တစ်ပါး၊ တန်ဆောင်မုန်းလပြည့်နေ့ ပွဲတော်အခါတွင် ပထမသပိတ်မှာ တစ်စုံ တစ်ယောက် ဆွမ်းဦးအောင် မတင် မလှူနိုင်သည်လည်း အံ့ဖွယ်တစ်ပါး၊ အဝေးကကြည့်လျှင် ကုန်း၊ အရံတွင်းသို့ ရောက်လျှင် ကျင်းကဲ့သို့ ထင်မှတ်ရသည်လည်း အံ့ဖွယ်တစ်ပါး၊ တံတိုင်းအတွင်းသို့ ပရိသတ် ဝင်၍ မပြည့်နိုင်သည်လည်း အံ့ဖွယ်တစ်ပါး၊ တံတိုင်းအတွင်း မိုးရေ မတင်နိုင်သည်လည်း အံ့ဖွယ်တစ်ပါး၊ တံတိုင်းအတွင်းရှိ ချရားပင် ၁၂ ရာသီ အမြဲပွင့်သည်လည်း အံ့ဖွယ်တစ်ပါး၊ ပေါင်း အံ့ဖွယ် ၉ ပါး ဟူ၍ အစဉ် ပြောဆို မှတ်သားကြသည်။ စည်းခုံတော်အတွင်း လှူဒါန်းပူဇော် ဖူးမြော် ဝင်ထွက် ကြည့်ရှု မှတ်သားကြပြီးလျှင် ၎င်းနေ့ည ၄ ချက်တီးအချိန်မှ တံတိုင်းတွင်းက ထွက်ခဲ့ကြ၍ အရှေ့စောင်းတန်း မုခ်ပေါက်သို့ ရောက်လျှင် ဒက္ခိတ လူကြီးလူငယ် မိန်းမ ယောကျ်ား လူ ၈၀ ကျော်တို့ကို အစေ့အင ပေးဝေခဲ့သည်။ ၎င်းအရှေ့စောင်းတန်းအဆင်း တောင်ဘက် ဇရပ်တွင် ဝန်ရှင်တော်မင်းကြီးနှင့် သံအရာရှိတို့ ၎င်းနေ့ည အိပ်နေကြသည်။ ပြင်သစ် သံအရာရှိတို့မှာ ညောင်ဦး ရွာ ဆိပ်ကမ်း သင်္ဘောပေါ်တွင် အိပ်နေကြသည်။ ၎င်းနေ့ ရန်ကုန်ခေါ်ကြားသင်္ဘောလည်း ညောင်ဦးဆိပ်ကမ်းမှာ ချရပ် အိပ်နေသည်။ ၎င်းနေ့ ညောင်ဦးတွင် အိပ်နေကြောင်းကို လွှတ်တော်သို့ ကြေးနန်းစာနှင့် မှာထားသည်။ **၎င်းလပြည့်ကျော် ၁၅ ရက်နေ့**[၁] ရေနံချောင်းမြို့သို့ ဆိုက်ရောက်မည် အကြောင်းကိုလည်း ရေနံချောင်းမြို့အုပ်သို့ ကြေးနန်းနှင့် ဆင့်သည်။ ရွှေမြို့တော်တွင် ကျန်ရှိရစ်သည် ပြင်သစ်သံလည်း ကျန်းခံ့သာယာ ပကတိ ရှိကြောင်းကို လွှတ်တော်က ကြေးနန်းမှာစာ ရ၍ သံအရာရှိတို့ကို ပြောဆိုရာ အလွန် ဝမ်းမြောက်ကြသည်။ ၎င်းနေ့ ခရီး မြန်မာတိုင် ၁၂ တိုင် ရောက်သည်။

**၎င်းလပြည့်ကျော် ၁၅ ရက်**[၁] အင်္ဂါနေ့ စည်းခုံတော်ကြီး အရှေ့စောင်းတန်းအနီး ဇရပ်တွင် ချရပ် တည်းနေပြီးလျှင်၊ အရဏ်ဆွမ်း ကပ်လှူ

၁။ ၁၇ မတ် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ရန် ချက်ပြုတ်ပြင်ဆင်၍ အရက်တက်လျှင်တက်ချင်း စည်းခုံတော်ကြီး ရင်ပြင်တော်သို့ သွားရောက် ဆွမ်းတော်ကြီး ကပ်လှူကြသည်။ ပြီးလျှင် တောင်မုခ် စောင်းတန်းက ဆင်း၍ ပုဂံမြို့သို့ ထွက်လာခဲ့ကြသည်။ ပုဂံမြို့ စစ်ကဲ ညောင်ဦးရွာ စစ်သားတို့ လှည်းနှင့် ပုဂံမြို့ဆိပ်ကမ်းရောက် လိုက်ပို့ကြသည်။ ပုဂံမြို့ ဆိပ်ကမ်းသို့ ရောက်လျှင် သင်္ဘောတော်ကို တစ်နာရီခန့် ဆိုင်းငံ့နေစေ၍ သင်္ဘောတော် ရောက်လျှင် စုန်ဆင်းခဲ့ကြသည်။ **၎င်းနေ့ နေ တစ်ချက်**[၁] တီးကျော် ၃ မောင်း အချိန် စဥ့်ကူအုံ အထက်တွင် သင်္ဘောတော် တင်ငြိ၍ တစ်နေ့လုံး ချရသည်။ နေ ၃ ချက်တီးကျော် ငါးမောင်းမှ သင်္ဘောတော် ကျွ၍၊ ခရီးလမ်းစခန်း မလှသည်နှင့် ၎င်းမြစ်လယ် တွင်ပင် ၎င်းနေ့ည ကျောက်စွဲရပ် အိပ်နေရသည်။ ၎င်းနေ့ ခရီး မြန်မာတိုင် ၈ တိုင် ရောက်သည်။

**သက္ကရာဇ် ၁၂၃၅ ခုနှစ် တန်ခူးလဆန်း ၁ ရက်**[၂] ဗုဒ္ဓဟူးနေ့ နံနက် ၄ ချက်တီးအချိန် ထွက်လာရာ၊ နေတစ်ချက်တီးအချိန် ပခန်းငယ်မြို့အထက် မြစ်လယ်တွင် သင်္ဘောတော် တင်ငြိပြန်၍ ချဆောင်ရသည်နှင့် နေ ၂ ချက် တီးအချိန် ထွက်လာပြန်ရာ၊ ၎င်းအောက်ခရီး ၂ တိုင်ခန့် ပြောကုန်းရွာအနီး တွင် သင်္ဘောတော် ထပ်မံ တင်ငြိပြန်၍ ချဆောင်မရ ရှိသည်။ ၎င်းတွင်ပင် ၎င်းည အိပ်ရသည်။ ၎င်းနေ့ နေတစ်ချက်တီးကျော် ၅ မောင်းအချိန် ဓာတ်လှေစီး အဆောင်တော်မြဲ မောင်ကျော် ရန်ကုန်မြို့က ဆန်တက်လာ၍ သင်္ဘောတော်သို့ ဝင်လာသည်။ စာအထူး မပါ။ မင်းလှရွာတွင် ထားခဲ့ ရကြောင်းနှင့် ပြောဆိုသည်။ ပြင်သစ်သံတို့ အကြောင်းအရာ၊ လွှတ်တော်သို့ ပေးရန် မှာစာ ၁ ကို ၎င်းဓာတ်လှေစီး မောင်ကျော်တွင် ပေးအပ်လိုက်သည်။ ၎င်းနေ့ တစ်နေ့ပတ်လုံး လေလည်း ပြင်းစွာ လာသည်။ ၎င်းနေ့ သင်္ဘော တော် အထက်ခရီး ၂ တိုင်ခန့်ကွာ မြစ်လယ်တွင် အလမ္ဗရာ ကြားသင်္ဘော အစုန်ကို တင်ငြိ၍ နေသည်။ ၎င်းနေ့ ခရီး မြန်မာတိုင် ၅ တိုင်ခန့်သာ ရောက်သည်။

**၎င်းလဆန်း ၂ ရက်**[၃] ကြာသပတေးနေ့ နံနက် ၄ ချက်တီးအချိန် ပြောကုန်းရွာအနီး မြစ်လယ်က စုန်ဆင်းထွက်လာရာ၊ ၎င်းနေ့ တစ်ချက်တီး ကျော် ၅ မောင်းအချိန် ရေနံချောင်း ဆိပ်ကမ်းသို့ ဆိုက်ရောက်။ သုံးမောင်းခန့် ကျောက်စွဲ ရပ်ဆိုင်းနေပြီးလျှင် ဝန်ရှင်တော် ရေနံချောင်း မြို့စားကြီးနှင့် နှုတ်ခွန်းဆက်လက် စကားပြောဆိုကြပြီးလျှင် ၎င်းနေ့ နေ ၂ ချက်တီးအချိန်

၁။ ၎င်းနေ့တစ်ချက် – ဂ။ ၂။ ၁၈ မတ် ၁၈၇၄ ၃။ ၁၉ မတ် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ရေနံချောင်းမြို့က ထွက်လာရာ ရေကြောင်းပြ **အာလကတ္တိ**[1] နှင့် ဖြစ်၍ လမ်းခရီး အတင်အငြိ မရှိ။ မကွေးမြို့အောက်တွင် ဂျမနာ ကြားသင်္ဘောနှင့် တွေ့သည်။ ၎င်းနေ့ နေ ၃ ချက်တီးကျော် ၃ မောင်းခန့်အချိန် မင်းလှရွာ ဆိပ်ကမ်းသို့ ဆိုက်ရောက်သည်။ လေလည်း ပြင်းပြင်းလာသည်။ ၎င်းနေ့ ၃ ချက်တီး အချိန် မိုးလည်း သည်းစွာ ရွာသည်။ မင်းလှရွာဆိပ်ကမ်းသို့ ရောက်လျှင် စားဖွယ်သောက်ဖွယ်၊ တီးမှုတ်မှုတ်မျိုး ဟန်ကရပ်စုံ အခင်း အကျင်း၊ အခမ်းအနားများနှင့် ကောင်းမွန်စွာ ပြုစုလက်ခံကြသောကြောင့် ပြင်သစ်သံအရာရှိတို့ ဝမ်းမြောက်ဝမ်းသာ ပျော်ပျော်ပါးပါး ရှိကြသည်။ ပြင်သစ်သံကြီးမှာ ကိုယ်လက် ကိုက်ခဲ နေထိုင်မကောင်းရှိ၍ ပွဲလမ်းသဘင် အကြည့်အရှု ဝန်အိမ်သို့ မတက်နိုင်။ ကျန် အရာရှိတို့သာ တက်၍ ကြည့်ရှု ကြသည်။ ပုဂံ ဝန်ထောက်နှင့် စာရေးကြီး ဦးကံဝ သည်း တောင်တွင်းကြီး မြို့က သူကြီး၊ သွေးသောက်ကြီးအစုံနှင့် မင်းလှရွာသို့ လာရောက်စောင့်နေ ဆီးကြို နှုတ်ခွန်းဆက်ကြသည်။ မင်းလှရွာသို့ ဆိုက်ရောက်ကြောင်း၊ သံအရာရှိတို့ ကောင်းမွန် ပျော်ပါးရှိကြောင်းနှင့် လွှတ်တော်သို့ တစ်စောင်၊ မင်းလှသို့ ဆိုက်ရောက်ကြောင်း၊ **လဆန်း ၇ ရက်နေ့**[2] ရန်ကုန်မြို့သို့ ဆိုက်ရောက်မည် အကြောင်းနှင့် ရန်ကုန်မြို့ သူဌေးသို့ တစ်စောင် ကြေးနန်း နှင့် မှာကြားထားသည်။ ၎င်းနေ့ ခရီး မြန်မာတိုင် ၂၃ တိုင်သာ ရောက်သည်။

**၎င်းလဆန်း ၃ ရက်**[3] သောကြာနေ့ မင်းလှရွာ ဆိပ်ကမ်းက နံနက် ၄ ချက်တီးအချိန် ထွက်လာခဲ့ရာ လေးလည်း ပြင်းသည်။ မိုးသေးမိုးဖွဲလည်း ကျသည်။ လမ်းခရီး အတင်အငြိ မရှိ။ ၎င်းနေ့ နေ ၂ ချက်တီးကျော် ၃ မောင်းအချိန် သရက်မြို့ ဆိပ်ကမ်းသို့ ဆိုက်ရောက်သည်။ မလွန် ၃ မြို့ဝန် အောက်မြစ်စဉ်စစ်ကဲလည်း သရက်မြို့ရောက် လိုက်ပို့သည်။ သရက်မြို့သို့ ရောက်လျှင် သရက်မြို့ အရေးပိုင် **ဖြောင်း**[4] က မြန်မာ သံတော်အရာရှိ၊ ပြင်သစ် သံအရာရှိတို့ကို အရေးပိုင်ပြောင်း ကိုယ်တိုင် ရထားနှင့် လာရောက် ကြိုယူလာ၍ အိမ်သို့ရောက်လျှင် ဝမ်းမြောက်ဝမ်းသာ ပျော်ပျော်ပါးပါး နှုတ်ဆက် ပြောဆိုကြပြီးလျှင် ၎င်းအရေးပိုင်နှင့်အတူ သံအရာရှိတို့ ဂေါ်ရာ စစ်သည် ထားသည့် တပ်တွင်းသို့ သွားရောက် လှည့်ပတ် ကြည့်ရှုကြသည်။ ဂေါ်ရာတပ်, လက်နက်တိုက်, မြင်းတပ်, အမျိုးဘာသာ ဘုရားကျောင်း, စာသင်ကျောင်း, စားပွဲအိမ်, ကာဖီဆိုင်မှ စ၍ အရပ်ရပ် အဆောက်အဦများကို

၁။ ရေကြောင်းလမ်းပြသူ (ကုလားစကား) [ဦးမိုးလှိုင်၊ စာ-၂၅]    ၂။ ၂၄ မတ် ၁၈၇၄
၃။ ၂၀ မတ် ၁၈၇၄    ၄။ David Brown



www.burmeseclassic.com

www.burmeseclassic.com



လည်း လုပ်ဆောင် ပြင်ဆင်ဆဲ၊ ခံမြို့ကိုလည်း ထပ်မံ ပြင်ဆင်ဆဲ၊ အဆောက် အဦ အလုပ်အဆောင် တိုးပွားဆဲ ရှိသည်။ ယခုလည်း အင်တန်အင်မျှ တည်ထောင်ဖြစ်ထွန်းရှိသည်။ ၎င်းတို့ စစ်သည်တို့ ဘန်း[၁] တီးမှုတ်သည် နေရာ၊ ကူလီ[၂] ပစ်သည်နေရာ၊ ပရိသတ် အစည်းအဝေးများကို ဝင်ရောက် ကြည့်ရှုကြပြီးလျှင် သံအရာရှိ၊ အရေးပိုင်ပြောင်း၊ ၎င်းမယားတို့ အစုံအညီ ည ၄ ချက်တီးကျော် အချိန်မှ ပြန်လာကြ၍ ၎င်းအရေးပိုင်အိမ်တွင် သံ အရာရှိ၊ သရက်မြို့စစ်ဗိုလ်ဂျက်၊ ၎င်းမယားတို့နှင့်အတူ စားပွဲထိုင်ပြီးမှ ၎င်းနေ့ည ၂ ချက်တီးအချိန် သင်္ဘောသို့ ပြန်လာကြသည်။ သံတော်အရာရှိတို့ စီးနင်းသည် သင်္ဘောတော်မှာလည်း အကြည့်အရှု အမှတ်အသား လက်မှတ် ပေး လက်မှတ်ယူ မရှိ၊ လွတ်ငြိမ်းသည်။ ပြင်သစ်ခင်ကြီး ဒေါင်လက်ကောင်း၊ မလွန် ၃ မြို့ဝန်တို့လည်း စီးလာရင်း သင်္ဘောတော်က ဆင်း၍ ၎င်းနေ့ ရန်ကုန်မြို့က ဆန်တက် ဆိုက်ရောက်သည် အီဒင်ခေါ် ကြားသင်္ဘောသို့ ကူးပြောင်း အိပ်နေကြသည်။ ၎င်းနေ့နံနက် တစ်ချက်တီးကျော် ၅ မောင်း အချိန် ရန်ကုန်မြို့ သူဌေးက ရိုက်သည် ကြေးနန်းစာကို သရက်မြို့ ကြေးနန်း ရုံက ပို့လာသည်။ စာတွင် ပါသည်မှာ စင်ကာပူသွား မီးသင်္ဘော လဆန်း ၉ ရက်နေ့ ရန်ကုန်မြို့သို့ ဆိုက်၍ ၁၀ ရက်နေ့ ထွက်ပါလိမ့်မည်။ သို့ဖြစ်၍ အလျင်အမြန် စုန်ဆင်းလာပါမည့်အကြောင်းနှင့် ပါသည်။ ၎င်းနေ့ ခရီး မြန်မာတိုင် ၁၈ တိုင် ရောက်သည်။

**၎င်းလဆန်း ၄ ရက်**[၃] စနေနေ့ နံနက် ၄ ချက်တီးအချိန် သရက်မြို့ ဆိပ်ကမ်းက ထွက်လာရာ၊ ပြည်မြို့ ဆိပ်ကမ်းတွင် လာဟို ကြားသင်္ဘော အဆန်ကို တွေ့သည်။ ၎င်းဆိပ်ကမ်းတွင် တစ်မောင်းခန့်သာ ရပ်နေ၍ ထွက်လာခဲ့ရာ နေ ၃ ချက်တီးကျော် ၅ မောင်းအချိန် မြန်အောင်မြို့ အထက်ခရီး ၂ တိုင်ခန့်ကွာ မြစ်လယ်တွင် သင်္ဘောတော် ၂ မောင်းခန့် တင်ငြိ ချဆောင်ပြီးမှ မြန်အောင်မြို့ ဆိပ်ကမ်းတွင် တစ်ည ချရပ် အိပ်နေ ကြသည်။ ၎င်းနေ့ တစ်နေ့လုံး လေလာသည်။ ၎င်းနေ့ ခရီး မြန်မာတိုင် ၃၂ တိုင် ရောက်သည်။

**၎င်းလဆန်း ၅ ရက်**[၄] တနင်္ဂနွေနေ့ နံနက် ၄ ချက်တီးအချိန် မြန်အောင်မြို့ ဆိပ်ကမ်းက စုန်ဆင်း ထွက်လာခဲ့ရာ လမ်းခရီး အတင်အငြိ မရှိ။ ရေကင်းမင်းကြီးသို့ ရောက်လျှင် တစ်နာရီခန့် ကျောက်ချရပ်၊ စားဖွယ်

---

၁။ Band　　၂။ ဘောလုံးကစားခြင်းတစ်မျိုး။　　၃။ ၂၁ မတ်၊ ၁၈၇၄
၄။ ၂၂ မတ် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



သောက်ဖွယ် ဝယ်ယူကြသည်။ ၎င်းက ထွက်လာရာ ခနေဖြူ ဆိပ်ကမ်းသို့ ၎င်းနေ့ ၄ ချက်တီးကျော် ၂ မောင်းခန့်အချိန် ဆိုက်ရောက်သည်။ ၎င်း ဆိပ်ကမ်းတွင် **ကပ္ပိတန်**[၁] မောင်နီး ရှိခိုက်ဖြစ်၍ မေးမြန်းရာ၊ စေခိုင်းတော်မူသည် အလျှုတော်တွက် ဝယ်ခြမ်းရန်များကို ဝယ်ယူ အသင့်ရှိကြောင်းနှင့် ပြောဆိုသည်။ ၎င်းနေ့ ခရီး မြန်မာတိုင် ၃၉ တိုင် ရောက်သည်။

**၎င်းလဆန်း ၆ ရက်**[၂] တနင်္လာနေ့ နံနက် ၄ ချက်တီးအချိန် ခနေဖြူ ဆိပ်ကမ်းက ထွက်မည် ကျောက်နတ်ရာ ဆီးနှင်း အလွန် အကျများသော ကြောင့် ရေလမ်းမမြင် ဖြစ်၍ မြစ်လယ်တွင် ၂ နာရီခန့် ကျောက်စွဲရပ် နေထိုင်ရသည်။ ၎င်းက ၈ နာရီအချိန်မှ စုန်ဆင်း ထွက်လာခဲ့ရာ ၁၀ နာရီအချိန်တွင် ညောင်တုံး ဆိပ်ကမ်းသို့ ရောက်၍ ၂ နာရီခန့် ကျောက်စွဲရပ်၊ ဈေးဝယ်ခြမ်းကြသည်။ ၎င်းဆိပ်ကမ်းတွင် အာဂရာ ကြားသင်္ဘော ကုန်တင်၍ နေသည်ကို တွေ့မြင်ခဲ့သည်။ ၎င်းနေ့ နေ ၂ ချက်တီးအချိန် ညောင်တုံး ဆိပ်ကမ်းက ထွက်လာရာ၊ ၎င်းနေ့ည တစ်ချက်တီးကျော် ၃ မောင်းအချိန် တိုးဝသို့ ရောက်မှ ကျောက်စွဲရပ် အိပ်နေသည်။ ၎င်းနေ့ ခရီး မြန်မာတိုင် ၃၆ တိုင် ရောက်သည်။

**၎င်းလဆန်း ၇ ရက်**[၃] အင်္ဂါနေ့ နံနက် ၄ ချက်တီးအချိန် တိုးဝ မြစ်လယ်က ထွက်လာခဲ့ရာ တိုးဝ အထက်တွင် နေတစ်ချက်တီးအချိန် ရန်ကုန်မြို့ရှိ သူဌေး မဟာသိရိဘောဂသာရနှင့် တန်ဆောင်းကြီး ဒါယကာ ဦးရွှေပြည့်တို့ အကြိုလာသည်ကို တွေ့သည်။ ၎င်းတို့ကို သင်္ဘောတော်သို့ တင်၍ ထွက်လာခဲ့ရာ၊ ၎င်းနေ့ နေ ၃ ချက်တီးအချိန် ရန်ကုန်မြို့သို့ ဆိုက်ရောက်၊ အစွန်အဖျား နေရာချထားသောကြောင့် သူဌေး မဟာသိရိဘောဂသာရကို စေလွှတ်၍ မြန်မာသံတော်အရာရှိ၊ ပြင်သစ်သံတော်အရာရှိတို့ ပါသည်ဖြစ်၍ သင့်တင့်လျောက်ပတ်သော နေရာမှာ နေလိုကြောင်းနှင့် ရေဝန်ထံ ပြောဆိုရာ မြန်မာသံတော်အရာရှိ၊ ပြင်သစ်သံတော်အရာရှိတို့ ပါကြောင်းကို မသိသောကြောင့် သည်ကဲ့သို့ ဖြစ်ရပါသည်။ **ပလုပ်ကုမ္ပဏီ**[၄] တံတားအနီးတွင် နေရာကောင်းမွန်ကြောင်းနှင့် နေရာချထား နေထိုင်ကြသည်။ ပြင်သစ် သံအရာရှိတို့လည်း မြန်မာကုမ္ပဏီ ဟာရနန်တက်သို့ ခေတ္တ တက်သွားကြသည်အတွင်း **စာရေးကြီး ဒန်ကင်း**[၅] က ဝန်ရှင်တော်ကင်းဝန်မင်းကြီး သံတဲသို့ တက်စေလိုကြောင်း၊ **အရေးပိုင် အီဒင်**[၆] ဆင့်ချက်

---

၁။ Captain ၂။ ၂၃ မတ် ၁၈၇၄ ၃။ ၂၄ မတ် ၁၈၇၄ ၄။ Bullock Brothers

၅။ Duncan, chief commissioner's secretary

၆။ Eden, chief commissioner (မဟာဝန်ရှင်တော်မင်းကြီး)

www.burmeseclassic.com



နှင့် သူဌေးထံ ပေးပို့လာသည်။ သည်ကဲ့သို့ ဖိတ်ကြားကြောင်းကို သူဌေးက ကင်းဝန်မင်းကြီးထံ အစီရင်ခံရာ **ငင်းလဆန်း ၈ ရက်နေ့** [၁] ၁၂ နာရီအချိန် တက်မည် အကြောင်းနှင့် စာပြန်ပေးရမည် သူဌေးကို ဆင့်ဆို၍၊ သူဌေးက အတွင်းစာရေးကြီး ဒန်ကင်းသို့ စာပြန်ပေးသည်။ ငင်းနေ့ ခရီးမြန်မာတိုင် --- ရောက်သည်။ စုစု ရွှေဖဝါးတော်အောက်က ရန်ကုန်မြို့ရောက် စခန်းပေါင်း --- ၊ ခရီး မြန်မာတိုင်ပေါင်း --- ရှိသည်။

**ငင်းလဆန်း ၈ ရက်** [၁] ဗုဒ္ဓဟူးနေ့ နေ ၂ ချက်တီးအချိန် အရေးပိုင် အီဒင်က မြန်မာသံတော်အရာရှိတို့ စီးနင်းရန် မြင်း ၂ စီး၊ ကရထား ၂ သဘော်ဆိပ်သို့ စေလွှတ် လာရောက်သောကြောင့်၊ ငင်းရထားကို ကင်းဝန်မင်းကြီး, စာရေးတော်ကြီး, မောင်အောင်သူ, မောင်မြဲတို့ စီးနင်းပြီးလျှင်၊ သူဌေး မဟာသီရိဘောဂဒ္ဓာရမှာလည်း ကိုယ်ပိုင်ရထားစီး၍ အရေးပိုင် အီဒင်အိမ်သို့ သွားကြသည်။ ရောက်လျှင် ဒန်ကင်း လှေကားဦးရောက် ဆင်းကြိုလာသည်။ အိမ်ထက်သို့ရောက်လျှင် အရေးပိုင် အီဒင် ကောင်းမွန်စွာ ဆီးကြို၍၊ ဘုန်းတော်ကြီးလှသောဘုရား မာတော်မူပါ၏လား မေးသည်။ မာတော်မူကြောင်းကို ပြန်ပြောသည်။ ကင်းဝန်မင်းကြီး ပြင်သစ်မြို့မှာ မည်မျှ ကြာမည် မေးသည်။ ၅ လ၊ ၆ လခန့် ကြာရန်ရှိကြောင်း ပြောဆိုသည်။ ရန်ကုန်မြို့မှာ ကင်းဝန်မင်းကြီး နေသမျှ ကာလပတ်လုံး ကောင်းမွန်စွာ ပြုစုလိုသည် ဖြစ်၍ သံတဲမှာ ပြင်ဆင်အသင့် ရှိပါသည်။ ငင်းသံတဲမှာ တည်းနေပါမည် အကြောင်းနှင့် ဖိတ်ကြား ပြောဆိုသည်။ သည်ကဲ့သို့ ဖိတ်ကြားသည်ကို အလွန်ဝမ်းမြောက်ပါသည်။ သို့သော်လည်း သဘော်တော် ပေါ်တွင် ပြင်သစ်သံတော်အရာရှိတို့ ပါလာသည် ဖြစ်၍ တည်းခွင့် မရနိုင် ရှိသည်။ ပြန်သည်ကာလမှ ပျော်ပျော်ပါးပါး ကောင်းမွန်စွာ တည်းနေမည် အကြောင်းနှင့် ပြန်ပြောသည်။ **ဘင်္ဂလား** [၂] မြို့မှာ ဆန်စပါး ရှားပါးသည်ကို ရန်ကုန်မြို့က စပါး မည်မျှပို့ရသည် ကင်းဝန်မင်းကြီးက မေးသည်။ ယခု ၃ လ ၄ လအတွင်း သန်း ၄ သိန်းကျော် ပို့၍ပြီးကြောင်း၊ ဘင်္ဂလားမြို့မှာ ငတ်မွတ်၍ ကျွေးမွေးရန် လူပေါင်း ၂ သန်းကျော် ရှိကြောင်း၊ ယခု ပို့သည် ဆန်စပါးများလည်း ဘင်္ဂလားမြို့တွင် စုပုံရှိသည်။ ရှားပါးငတ်မွတ်သည် မြို့ရွာရောက် မီးရထားလမ်း တစ်လမ်းသာ ရှိသောကြောင့် တွင်အောင် သယ်၍ မပို့နိုင်ကြောင်း အရေးပိုင် အီဒင်က ပြောဆိုသည်။ ပြီးလျှင် ဝမ်းမြောက်ဝမ်းသာ တစ်နာရီခန့် စကားပြောဆို၍ ပြန်လာကြသည်။

၁။ ၂၅ မတ် ၁၈၇၄ ၂။ Bengal



www.burmeseclassic.com

www.burmeseclassic.com



၎င်းအရေးပိုင် အိဒင်အိမ်တွင် ကုလားဝန် မောင်ဇာနီကိုလည်း တွေ့သည်။ မြန်မာသံတော်တို့နှင့်အတူ ပြင်သစ်သံ မာရကတ်ကြီးလည်း ပါသည်။ ၎င်းအရေးပိုင် အိဒင်အိမ်က ပြန်မှ မာရကတ်ကြီး လမ်းခွဲ၍ မြန်မာကုမ္ပဏီ **ဟာရနန်တက်အိမ်** [၁] သို့ သွားသည်။ ၎င်းနေ့ ပြင်သစ်သံအရာရှိတို့ ညစာ စားပွဲ ဟာရနန်တက်အိမ်တွင် စားသောက်၍ ည ၁၀ နာရီမှ သင်္ဘောသို့ ပြန်ကြသည်။

**၎င်းလဆန်း ၉ ရက်** [၂] ကြာသပတေးနေ့ မြန်မာသံတော်အရာရှိ၊ စာရေးလူငယ် သင်္ဘောတော်စီး သံတော်ဆင့် ကပ္ပိတန် မာလိန် စက်ဆရာမှ စ၍ သင်္ဘောတော်က လူကြီးလူငယ်တို့ ကြေးငွေတတ်အားသမျှ ဆုံစည်းကြပြီးလျှင် ကျောင်းဒကာ ဦးဘိုးညှင်းသို့ အပ်၍ ရွှေတိဂုံဆံတော်ရှင် ဘုရားကို ဆွမ်းတော်ကြီး ကပ်လှူကြသည်။ အဖိုးဒင်္ဂါး ၁၅၀ တန် ခင်းကျင်း လှူဒါန်းကြသည်။ ၎င်းနေ့ ဘုရားသို့သွားရာ စီးနင်းရန် ရထားကို အရေးပိုင် အိဒင်က ပေးပို့လာသည်။ ဘုရားတော် မျက်နှာ တန်ဆောင်းအတွင်း ဆွမ်းစမဲဟင်းလျာ၊ မုန့်ယိုအချိုအဆိမ့်၊ မြန်မာလုပ် အမျိုးမျိုး၊ သင်္ဘောပါ အမျိုးမျိုး၊ သောက်တော်ကပ်ရန်၊ သပ္ပာယ်ရန်ရေ၊ အမွှေးမျိုးစုံ၊ ပန်းမျိုးစုံ အရပ်ရပ် စားပွဲခုံပေါင်း ၂၀၊ ပန်းကန်ပြားပေါင်း ၂၀၀ ကျော်ခန့် လှပ ကောင်းမွန်အောင် ခင်းကျင်းပြင်ဆင် လှူဒါန်းကြသည်။ ပြီးလျှင် စေတီတော် မဟာရံအတွင်း ၄ မျက်နှာများကို လှည့်ပတ် ကြည့်ရှုကြသည်။ နောင်တော်ကြီးဘုရားကို ဖင်းမယ်စော်ဘွားသမက် မောင်မွန်ထော် ဆိုသူက ထီးနှင့်တကွ ပြင်ဆင်၍ လုံးတော်ပြည့် ရွှေချရန် ငြမ်းလုပ်ဆဲ၊ အနောက်တောင်ထောင့် စဥ္စကူးမင်း ခေါင်းလောင်းကို မော်လမြိုင်သား တစ်ဦးက ပြင်ဆင်မည် တိုင်ထူဆဲ ရှိသည်ကို တွေ့မြင်ရသည်။ ရန်ကုန်မြို့ရှိ ကျောင်းဒကာ ဦးဘိုးညှင်းမှာ ဆွမ်းတော်ကြီးကို ကြပ်မတ်ပြင်ဆင်ရသူ ဖြစ်၍၊ သားမယားနှင့် တကွ စေတီတော်ရောက် လိုက်လာ ကြပ်မတ်လှူဒါန်းကြသည်။ ၎င်းပြင် တန်ဆောင်းကြီး ဒကာ ဦးရွှေပြည့်၊ ဦးမောင်ကလေး၊ ဇရပ်ဒကာ မောင်ရွှေလုပ်၊ မောင်မိုးစွေ တို့လည်း အတူ လိုက်ပါ လှူဒါန်းကြသည်။ ပြီးလျှင် ကျောင်းတော်ရာသို့ သွားကြသည်။ ကျောင်းတော်ရာ ဇရပ်တွင် သူဌေးက ကောင်းမွန်စွာ ချက်ပြုတ်၊ သူဌေးကတော် ကိုယ်တိုင် ကြပ်မတ်ပြင်ဆင် အသင့်ရှိသည် ထမင်းဟင်းလျာများကို ပါသည် သံအရာရှိ၊ မြို့ရွာလူကြီး ပရိသတ်ကုန် စားသောက်ကြပြီးလျှင် ၃ နာရီခန့် ၎င်းကျောင်းတော်ရာတွင်

---

၁။ ဟာရန်နန်တက်တိုက်အိမ် – ဂ။ ၂။ ၂၆ မတ် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ရပ်ဆိုင်း နားနေကြသည်။ နောက် ၁၂ နာရီအချိန် **ယိုးဒယား ကောင်စစ်**[၁] ဗိုလ်ကလေးအိမ်သို့ သွားကြသည်။ ဗိုလ်ကလေး ဆိုသူလည်း ကောင်းမွန်စွာ လက်ခံ ဆီးကြို၍ ဝမ်းမြောက်ဝမ်းသာ တစ်ဦးကိုတစ်ဦး ချစ်ခင်စုံမက် မိတ်လက္ခဏာစကားများ ပြောဆို၍ ၎င်းအိမ်တွင် ၃ နာရီခန့် နေထိုင်ပြီးမှ ပုဇွန်တောင်ရွာလမ်းကို လျှောက်၍ ပြန်လာကြသည်။ ၎င်းကောင်စစ် ဗိုလ်ကလေး ဆိုသူကလည်း ဝန်ရှင်တော် ကင်းဝန်မင်းကြီး၊ သံတော်အရာရှိ တို့ ရှိရာ သင်္ဘောတော်သို့ **၁၀ ရက်**[၂] နေ့ ၃ နာရီခန့် အချိန်ကို လာလိုကြောင်း နှင့် ပြောဆိုလိုက်သည်။ ၎င်းနေ့ နေ ၃ ချက်တီးအချိန် မော်လမြိုင်မြို့ စီရင်စု ကတိုးရွာနေ မောင်မွန်ထော်၊ ကျောင်းဒကာ ဦးဘိုးညွှင်းနှင့်အတူ သင်္ဘောတော်သို့ လာရောက် ကောင်းမွန်စွာ နှုတ်ခွန်းဆက်လက်ပြီးလျှင် နိုင်ငံတော်အတွင်းရှိ သစ်တောများမှာ ရွှေဘုန်းတော်ရိပ်ကို ခိုလှုံ၍ အကျိုး တော်ဖြစ် ဆင် လှူအများ သွင်းပြီးလျှင် ခုတ်လုပ်လိုကြောင်း၊ ရွှေတိဂုံ နောင်တော်ကြီးဘုရားချရန် ရွှေဆိုင်းကိုလည်း အမိန့်တော်မြတ်ခံ၍ ဝယ်ယူ လိုကြောင်း၊ ဝန်ရှင်တော်မင်းကြီး၊ သံအရာရှိတို့ မော်လမြိုင်မြို့သို့ ရောက်လျှင် ကောင်းမွန်စွာ ဆီးကြို ပြုစုလိုကြောင်းများနှင့် ပြောဆိုရှိနေသည်။ ၎င်းနေ့ နေ ၂ ချက် တီးကျော် ၅ မောင်းအချိန် ကုလားဝန် မောင်ဇာနီ သင်္ဘောတော် သို့ လာရောက်ပြီးလျှင် **ဇင်းမယ်**[၃] စော်ဘွားသားက မြန်မာသံတော်အရာရှိ တို့နှင့် အခွင့်ရလျှင် တွေ့လိုကြောင်း ပြောဆိုလာသောကြောင့် သင်္ဘောတော် သို့ ခေါ်ခဲ့ရမည် မှာထား၊ ကုလားဝန် ပြန်သွားပြီးနောက် ၎င်းနေ့ ၃ ချက်တီး ကျော် ၂ မောင်းခန့် အချိန် ဇင်းမယ်သား၊ ငယ်မည် ကျောက်လကျပွတ်စောနွဲ့ ခတ္တိယဝံသဘွဲ့ခံ ၁၊ မဟာကနန်ညီဆိုသူ ကျောက်ဖဟုံးသား–ကျောက်ကာ ဝီလ ၁၊ ဇင်းမယ်မင်းသားနှင့် ညီအစ်ကိုတော်သူ **ကျောက်နွဲ့လွတ်**[၄] ၁ တို့ ကုလားဝန်နှင့်အတူ သင်္ဘောတော်သို့ လာရောက်၊ ဝမ်းမြောက်ဝမ်းသာ စကားပြောဆိုကြပြီးလျှင် ရန်ကုန်မြို့သို့ မည်သည့်အကြောင်းကြောင့် လာသည်ကို မေးရာ ယိုးဒယားမင်းက မော်လမြိုင်မြို့သို့ ဆင်းနှင့်ရမည်၊ ဘန်ကောက်မြို့ကလည်း မှူးမတ်အရာရှိ လွှတ်မည်၊ အရောက်စုံလျှင် အင်္ဂလိပ်အစိုးရတို့နှင့် မဟာမိတ် စာချုပ်ဆိုရမည် ဆင့်ဆိုသောကြောင့် ဇင်းမယ်မြို့က မော်လမြိုင်မြို့သို့ လာရောက် စောင့်နေရသည် ၄ လကျော် ရှိကြောင်း၊ ဘန်ကောက်မြို့က မှူးမတ် တစ်စုံတစ်ရာ မစေမလွှတ် မလာ

---

၁။ Siamese consul ၂။ ၂၇ မတ် ၁၈၇၄ ၃။ Chiengmai

၄။ ကျောက်နွဲ့လတ် – ဂ။

www.burmeseclassic.com



မရောက်၊ အကြောင်းမည်သို့ရှိသည်ကို မသိရဖြစ်၍ ဇင်းမယ်သို့ ပြန်သွားလိုကြောင်းနှင့် ဘုရားဖူးလာကြောင်း၊၊ **ငင်းလဆန်း ၁၀ ရက်**[၁] နေ့ မောင်မွန်ထော်နှင့် မော်လမြိုင်မြို့သို့ **အာဝါ**[၂]ကြီး မီးသင်္ဘောကို စီးနင်း ပြန်သွားပါမည် အကြောင်း၊၊ မြန်မာသံတော်အရာရှိတို့ မော်လမြိုင်သို့ ရောက်လျှင် ခရီးဦးကြိုဆို လာလိုကြောင်းများနှင့် ပြောဆိုသည်။ ကျောက်ကာဝီလ ဆိုသူမှာ မဟာကနန်ညီ ကျောက်ဗဟုံးသား ဖြစ်၍ ရွှေမြို့တော်ရှိ ကျိုင်းတုံကျမိုင်း မိုးမိတ်စော်ဘွားနှင့် ဆွေမျိုးအရင်းအချာ တော်ကြောင်း၊ မောင်မွန်ထော် ဆိုသူလည်း ဇင်းမယ်မင်းသမက် ဖြစ်ကြောင်းကို ပြောဆိုပြန်သွားကြသည်။ ငင်းနေ့ နေ ၃ ချက်တီးကျော် ၂ မောင်းအချိန် ဂေါ်ရင်ဘတ်နှင့် ဗွန်းတို့ လာရောက် နှုတ်ဆက်ကြသည်။ ဂေါ်ရင်ဘတ်လည်း နောက်စနေနေ့ ရွှေဖဝါးတော်အောက်သို့ သွားမည် ပြောဆိုသည်။ ဒါဝတ်လည်း မယားနှင့်တကွ လန်ဒန်မြို့သို့ လေးငါးရက်အတွင်း သွားလိမ့်မည်။ ၁၂ လ အခွင့်ရသည် ပြောဆို ပြန်သွားကြသည်။ ငင်းနေ့ ပြင်သစ် သံအရာရှိတို့ကို အရေးပိုင် အီဒင်က ညစာစားပွဲ ဖိတ်ကြားလာသောကြောင့် ည ၄ ချက်တီး အချိန် သွား၍ ၁၁ နာရီခန့်မှ ပြန်လာကြသည်။

**ငင်းလဆန်း ၁၀ ရက်**[၁] သောကြာနေ့ ၁၀ နာရီအချိန် မြန်မာသံတော်အရာရှိ၊ ပြင်သစ်သံတော်အရာရှိ အစုံအညီ ဓာတ်ပုံကူးတိုက်သို့ တပေါင်းတည်း ဓာတ်ပုံကူးယူကြသည်။ သံကြီးနှင့် သံငယ် ၂ တို့မှာ ဓာတ်ပုံကူးတိုက်က ခွဲ၍ အလိုရှိရာ သွားကြသည်။ ငင်းနေ့ညလည်း သင်္ဘောတော်သို့ မလာ။ မာရကတ်ကြီးမှာ စင်ကာပူမြို့ရောက် သင်္ဘောသို့သွား၍ မြန်မာသံတော်အရာရှိတို့နှင့်တကွ လူကြီးလူငယ် နေထိုင်ရန် အခန်းများကို ပြောဆိုမှတ်သား အခပေးချေခဲ့၍ ငင်းနေ့ည သင်္ဘောတော်မှာ အိပ်သည်။ စင်ကာပူသင်္ဘောလည်း **လဆန်း ၁၂ ရက်**[၃] တနင်္ဂနွေနေ့ နေ ၂ ချက်တီးကျော် ၃ မောင်းခန့်အချိန် အမှန်ထွက်မည် အကြောင်းကို ပြောဆိုသည်။ ငင်းနေ့ မြန်မာသံတော်အရာရှိတို့ကို သူဌေးမဟာသီရိဘောဂသာရကာ စားပွဲဖိတ်သောကြောင့် ညစာ သူဌေးအိမ်တွင် စားကြသည်။ ငင်းအိမ်တွင် ယိုးဒယားကောင်စစ် **ဖောက်**[၄] နှင့်လည်း တွေ့သည်။ ငင်းက ကင်းဝန်မင်းကြီးသို့ ရုပ်ပုံ ၂ ပေးသည်။ မင်းကြီးကလည်း ဖောက်သို့ ရုပ်ပုံ ၁ ပေးသည်။ ပြီးလျှင် သင်္ဘောတော်သို့ ပြန်လာကြသည်။

---

၁။ ၂၇ မတ် ၁၈၇၄ ၂။ Eva ၃။ ၂၉ မတ် ၁၈၇၄ ၄။ Hpauk



www.burmeseclassic.com

www.burmeseclassic.com



**ငင်းလဆန်း ၁၁ ရက်** [၁] စနေနေ့၊ ရန်ကုန်မြို့က လဆန်း ၁၂ ရက် [၂] နေ့ **ကိုကိုးနာဒ** [၃] ခေါ် မီးသင်္ဘောနှင့် စင်ကာပူမြို့သို့ ထွက်သွားမည့် အကြောင်းအရာ၊ ဇင်းမယ်စော်ဘွားသား လာရောက်သည် အကြောင်းအရာ၊ မော်လမြိုင်မြို့ ကတိုးရှာနေ မောင်မွန်ထော် လာရောက်သည် အကြောင်းအရာများကို တင်စာ လျှောက်စာ ရေးသားစီကုံး၍ ဓာတ်လှေသို့ပေးရန် သူဌေး မဟာသီရိဘောဂသာရသို့ အပ်သည်။ ဝန်သေတ္တာများကိုလည်း သင်္ဘောတော်က ကိုကိုးနာဒ သင်္ဘောတော်သို့ ပြောင်းရွှေ့သည်။

**ငင်းလဆန်း ၁၂ ရက်** [၂] တနင်္ဂနွေနေ့ ၁ ချက်တီးကျော် ၅ မောင်း အချိန်၊ ရေနန်းစကြာ သင်္ဘောတော်က မြန်မာသံတော်အရာရှိ၊ ပြင်သစ်သံ မာရကတ်ကြီးတို့ အစုံအညီ မော်လမြိုင်သွား ကိုကိုးနာဒ မီးသင်္ဘောသို့ ကူးကြသည်။ ငင်းနေ့နံနက် တစ်ချက်တီး အချိန်ကလည်း ပြင်သစ်သံကြီး **ရွှတ်ရှုဝါး** [၄], သံငယ် **မူကျေ** [၅], **အီမီကိုး** [၆] တို့ ရေနန်းစကြာ သင်္ဘောတော်သို့ နှုတ်ဆက်လာ၍ ပြန်သွားကြသည်။ ဓာတ်ပုံရုံက ဓာတ်ပုံ ၁၂ ပုံကိုလည်း အဖိုး ၁၅ ချေပေး၍ မာရကတ်ကြီး ယူခဲ့သည်။ **ကလေမံဝီလျှမ်း** [၇] နှင့် ဂေါ်ရင်ဘတ်တို့လည်း နှုတ်ဆက်လာကြသည်။ သံဖိုကြီး စက်ကိရိယာ အကြွင်းအကျန် မရှိပါကြောင်းကို ပြောဆိုသည်။ ငင်းနေ့ ဓာတ်လှေစီး အဆောင်တော်မြဲ ငအုပ်လည်း သင်္ဘောတော်သို့ ဆိုက်ရောက်လာသည်။ အတွင်းတော် လွှတ်တော်များက ကြောင်းရာထူးထွေ စာမပါ။ ကင်းဝန်မင်းကြီးအိမ်က ဝန်စာရေးတို့ အစီရင်ခံစာ, စာရေးတော်ကြီးမင်းအိမ်ကစာ, သတင်းစာဆရာ မောင်ရှင်ကလေး အစီရင်ခံစာများကို ရသည်။ စာတွင်ပါသည်မှာ သီန္နီတပ်ထမ်း သစ္စာခံ အမှုထမ်းတို့ ထွက်ပြေးကြောင်း၊ မြင်းမိုရ်ကုန်းမှာ ကျားဝင်၍ ကိုက်သောကြောင့် လူ ၄ ယောက် သေကြောင်းပါသည်။ ငင်းနေ့ ၂ ချက်တီးကျော် ၃ မောင်းအချိန် ရန်ကုန်မြို့ ဆိပ်ကမ်းက ကိုကိုးနာဒ မီးသင်္ဘောနှင့် ထွက်လာခဲ့ကြသည်။

**ငင်းလဆန်း ၁၃ ရက်** [၈] တနင်္လာနေ့ နေ ၃ ချက်တီးကျော်အချိန် မော်လမြိုင် ဆိပ်ကမ်းသို့ ဆိုက်ရောက်သည်။ မော်လမြိုင်မြစ် အဝင်တွင် ၅ နာရီခန့်ရပ်၍ ရေစောင့်ရသည်။ မော်လမြိုင် ဆိပ်ကမ်းသို့ ရောက်လျှင် ရောက်ချင်း အရေးပိုင်ပြောင်း အိမ်သို့ စာရေးတော်ကြီး မင်းလှဓမ္မယသူ တက်သွား၊ ကင်းဝန်မင်းကြီးနှင့် သံတော်အရာရှိတို့ပါကြောင်းကို ပြောဆိုရာ

---

၁။ ၂၈ မတ် ၁၈၇၄ ၂။ ၂၉ မတ် ၁၈၇၄ ၃။ S.S. Cocoanada ၄။ Rochechouart
၅။ Moustier ၆။ D' Imecourt ၇။ Dr. Clement Williams ၈။ ၃၀ မတ် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်အရေးပိုင်ကလည်း စာမပေး၊ တင်၍ မသိရသောကြောင့် သဘော်ဆိပ်က အသင့် မစောင့်မနေရ ရှိပါသည် ပြောဆို၍၊ သံတော်အရာရှိတို့ စီးနင်းရန် ရထားများနှင့်တကွ အရေးပိုင်ပြောင်း ကိုယ်တိုင် ကင်းဝန်မင်းကြီး ရှိရာ ကိုကိုးနာဒ သဘော်သို့ ရောက်လာ၍ ကြိုဆိုနှုတ်ခွန်းဆက်ပြီးလျှင် မြန်မာသံတော်အရာရှိ၊ ပြင်သစ်သံ မာရကတ်ကြီးတို့ကို ခေါ်ယူ၊ ရထားနှင့် တင်ဆောင်၊ တိုက်အိမ်သို့ ရောက်လျှင် အိပ်ရာနေရာ အစားအစာမှ စ၍ ကောင်းမွန်စွာ ကျွေးမွေးပြုစုသည်။ မော်လမြိုင်မြို့ရှိ ဘုရားဒကာ၊ ကျောင်းဒကာ၊ သစ်ခေါင်း၊ လူကြီးလူကောင်းတို့ကို ဆက်လက်ပြုစု၊ သည်ကဲ့သို့ အရေးပိုင်ပြောင်းက ဘုန်းတော်ဂုဏ်တော် ကျေးဇူးတော်ကို ထောက်၍ ကောင်းမွန်စွာ ပြုစုသောကြောင့် မော်လမြိုင်မြို့ သစ်ခေါင်းလုပ်သား ဘုရားဒကာ၊ ကျောင်းဒကာတို့ကလည်း ဝမ်းမြောက်ဝမ်းသာ အရိုအသေ အလေးအမြတ် ကောင်းမွန်စွာ ပြုစုကြသည်။ ၎င်းနေ့ နေ ၃ ချက်တီးကျော် ၅ မောင်းအချိန် အရေးပိုင်ပြောင်းနှင့် သံတော်အရာရှိတို့ ရထားစီးနင်းပြီးလျှင် ကျိုက်သံလဲဘုရား၊ ဒိုင်းဝန်ကွင်း၊ ထောင်ကြီး၊ စစ်သည်တို့နေသည် နေရာများကို လှည့်ပတ်ကြည့်ရှုကြသည်။ ၎င်းက ပြန်မှ အရေးပိုင်ပြောင်းအိမ်တွင် ညစာစားပွဲစား၍ ၎င်းအိမ်တွင် ၎င်းနေ့ည အိပ်ကြသည်။

**၎င်းလဆန်း ၁၄ ရက်**[၁] အင်္ဂါနေ့ နံနက် ၄ ချက်တီးကျော် ၂ မောင်းအချိန် သံတော်အရာရှိတို့နှင့် အရေးပိုင်ပြောင်းတို့ ရထားစီးနင်းပြီးလျှင် သစ်ပျဉ် လုပ်ဆောင်သည့် လွှစက်ရုံ၊ ဆန်ကြိတ်စက်ရုံများကို သွားရောက်ကြည့်ရှုကြသည်။ ၎င်းကပြန်လျှင် ၎င်းနေ့ နံနက် တစ်ချက်တီးကျော်အချိန် ကတိုးရွာ သစ်ခေါင်း မောင်မွန်ထော်က ကတိုးရွာသို့ ဖိတ်ကြား ခေါ်ယူလာသောကြောင့် သံတော်အရာရှိတို့ စာရေးလူငယ်ပါ မော်လမြိုင်မြို့ ကျိုက်ဘနဲလမ်း ကျောင်းဒကာ ဦးနုတ်အိမ်တွင် မောင်မွန်ထော်က ခင်းကျင်းပြင်ဆင်သည် စားပွဲမှာ နံနက်စာ စားကြသည်။ ၎င်းနေ့ ၁၂ နာရီအချိန် သံတော်အရာရှိ, မော်လမြိုင်မြို့ ကျောင်းဒကာ ဦးတူ, ဦးရွှေကြည်, မောင်စံဦး, မောင်ကံကြီး, ကျောင်းအမ မဆုံတို့နှင့်အတူ လှေစီးနင်း၍ ကတိုးရွာသို့ သွားကြသည်။ နာရီပြန် ၂ ချက်အချိန် ကတိုးရွာသို့ ရောက်၍ မောင်မွန်ထော်အမိအိမ်, မောင်မွန်ထော်အဖ ဆောက်လုပ်သည်ကျောင်း, ၎င်းကျောင်းတိုက်ရှိ နိဗ္ဗာန်ကျောင်းများကို လှည့်ပတ်ကြည့်ရှုကြပြီးလျှင် ဆောက်လုပ်ဆဲ မောင်မွန်ထော်အိမ်တွင် စခန်းချရပ်၍ နားနေကြသည်။

---
၁။ ၃၁ မတ် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



၎င်းဆောက်လုပ်ဆဲ အိမ်မှာ ဖင်းမယ်စော်ဘွားအိမ်နှင့် စနစ်ပုံစံအတူ လုပ်ဆောင်ကြောင်းကို ပြောဆိုသည်။ အိမ်မှာ မော်လမြိုင်မြို့တွင် အကြီးဆုံး ဆိုလောက်သည်။ စရိတ်ငွေလည်း သိန်းနှစ်သောင်း ကုန်ဝင်ရန် ရှိကြောင်းနှင့် ပြောဆိုသည်။ နောင်ကို တစ်နှစ်ခန့် လုပ်ဆောင်မှ ပြီးပြေရန် ရှိသည်။ ၎င်းအိမ်တွင် ညနေ ၃ ချက်တီးကျော် ၅ မောင်းအချိန် ညစာ စားပွဲ ကောင်းမွန်စွာ ပြင်ဆင်ကျွေးမွေးသည်ကို စားသောက်ကြပြီးလျှင် ၆ မောင်းအချိန် ကတိုးရွာက ပြန်လာကြသည်။ ၎င်း မောင်မွန်ထော်အိမ်တွင် တည်းခိုရှိနှင့်သည် ဖင်းမယ်စော်ဘွားသားကိုလည်း တွေ့ခဲ့သည်။ ၎င်း ဖင်းမယ်စော်ဘွားသားက အရိုအသေ ကောင်းမွန်စွာ မိတ်သဟာယဖြစ် ပြုလုပ်သည်။ ၎င်းနေ့ည ၄ ချက်တီးကျော် ၃ မောင်းအချိန်မှ မော်လမြိုင်မြို့သို့ ရောက်၍ ၎င်းညလည်း အရေးပိုင်ပြောင်းအိမ်တွင် အိပ်ကြသည်။ *

၎င်းလဆန်း ၁၅ ရက်[၁] ဗုဒ္ဓဟူးနေ့ နံနက် ၄ ချက်တီးကျော် ၃ မောင်း အချိန် ကျောင်းဒကာ ဦးတူက ရထားနှင့် လာရောက်ကြိုယူ၊ စာရေးလူငယ်တို့ပါ အိမ်သို့ရောက်လျှင် ၎င်းဆွေသားမျိုးသား ဦးကြည်၊ မောင်စံဦး၊ မောင်ကံကြီး၊ ဦးပြော့၊ ဆရာရစ်တို့နှင့် ကျောင်းဒကာ ကျောင်း အမ စုံညီ ကောင်းမွန်စွာလက်ခံ ဝမ်းမြောက်ဝမ်းသာ အရိုအသေ နံနက်စာ ကျွေးမွေး ပြုစုကြ၍ ပျော်ပျော်ပါးပါး စကားနှုတ်ခွန်း ဆက်လက်ကြပြီးလျှင် ၎င်းနေ့ နေ ၁ ချက်တီးကျော် ၇ မောင်းအချိန် ကျောင်းဒကာ ဦးတူအိမ်က သင်္ဘောဆိပ်သို့ ရထားနှင့် လိုက်ပို့သည်။ ယိုမျိုးစုံ၊ ဆေးလိပ်၊ လမ်းခရီး သုံးဆောင်ရန်များကိုလည်း ဆွေရင်းမျိုးချာ မခြား ကောင်းမွန်စွာ ပြင်ဆင်၍ သင်္ဘောရောက် လိုက်ပို့ကြသည်။ မော်လမြိုင်မြို့မှာ ရပ်နေသည်အတွင်း မာရကတ်ကြီးမှာ အရေးပိုင်ပြောင်းအိမ်တွင် အမြဲ စခန်းချ၍ ပြင်သစ် ခင်ကြီးကျောင်း အဆွေခင်ပွန်း ရှိရာများသို့ လှည့်ပတ်သွားလာ နေထိုင်ပြီးမှ၊ ၎င်းနေ့ ၂ ချက်တီးအချိန် အရေးပိုင်ပြောင်းနှင့်အတူ ကိုကိုးနာဒ သင်္ဘောသို့ ဆင်းလာသည်။ အရေးပိုင်ပြောင်းလည်း ၁ နာရီခန့် သင်္ဘောပေါ်တွင် နှုတ်ခွန်းဆက်လက် စကားပြောဆို၍ သင်္ဘောထွက်ခါနီးမှ ပြန်သွားသည်။

* ဂ – မှာ ဤတွင်ရွေ့သော ပုံနှိပ်၍ အောက်ပါအတိုင်း အဆုံးသတ်လိုက်သည်။ ပြင်သစ်မြို့သွား နေ့စဉ်မှတ်စာတမ်း အကြောင်းအရာများသည် အပြီးအဆုံးသို့တိုင် မရောက်သေးသော်လည်း လန်ဒန် မြို့သွား နေ့စဉ်မှတ်တမ်းသည် အပြီးသို့တိုင်ရောက်၍ ဂျင့်တွက် မှန်းထားသည့်အတိုင်း နိဒါန်းနှင့် မာတိကာများကို ပေါင်းစပ်၍ စာအုပ်မျက်နှာ နံပါတ် ၆၀၀ ပြည့်သောကြောင့် ဤတွင် အဆုံးသတ် လိုက်သည်။

၁။ ၁ ပြေ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



၎င်းနေ့ နာရီပြန် ၁ ချက် အချိန်တွင် သင်္ဘော ကျောက်နုတ်၍ မော်လမြိုင်မြို့က ထွက်ခဲ့ကြသည်။ ၎င်းနေ့ နေ ၃ ချက်တီးကျော် ၃ မောင်းအချိန် လက်ယာဘက် ကျွန်းငယ်တစ်ခုတွင် မီးပြတိုင်ကို တွေ့မြင်ခဲ့ရသည်။ ၎င်းနေ့ည လင်းသည်တိုင်အောင် လေ မိုး မရှိ။ ပင်လယ် အလွန် ကောင်းသည် ဖြစ်၍ သင်္ဘော ငြိမ်ငြိမ်သက်သက် သွားရသည်။

**၎င်းလပြည့်ကျော် ၁ ရက်**[၁] ကြာသပတေးနေ့ လက်ဝဲလက်ယာ ကမ်းခြေ မမြင်။ လေမိုးလည်း ကင်းလွတ် ငြိမ်ဆိမ်သည်။ ယမန်နေ့ မွန်းတည့်က ၎င်းနေ့ မွန်းတည့်တိုင် ခရီး မြန်မာတိုင်ပေါင်း ၁၀၀ ရောက်သည်။ ၎င်းနေ့ည လင်းသည်တိုင်အောင် လေမိုး အလုပ်အရှား မရှိ။ ပင်လယ် အလွန် ငြိမ်သက်သည်။

**၎င်းလပြည့်ကျော် ၂ ရက်**[၂] သောကြာနေ့ နံနက် တစ်ချက်တီးအချိန် လက်ယာဘက် ခရီး ၄ တိုင်ကွာတွင် ဘင်္ဂလားသို့ ရှေးရှုသွားသည် ရွက်သင်္ဘော ၁ ကို မြင်ရသည်။ ၎င်း လက်ဝဲဘက် ခရီး မြန်မာတိုင် ၂ သောင်းခန့်ကွာ တိုရက်ဆစ်ကျွန်း, ကလေရာကျွန်း, လောင်ဘရိုကျွန်း, **စင်အန်တရူး**[၃] ကျွန်းက တောင်ငယ် ၂ ကို မြင်ရသည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီး မြန်မာတိုင်ပေါင်း ၉၅ တိုင် ရောက်သည်။ ၎င်းနေ့ နေ ၃ ချက်တီးအချိန် လက်ယာဘက် ခရီး မြန်မာတိုင် ၄ တိုင်ခန့် ကွာတွင် ဘင်္ဂလားသို့ ရှေးရှုသွားသည် ရွက်သင်္ဘောကို မြင်ပြန်သည်။ ၎င်းနေ့ ၅ နာရီအချိန် လက်ယာဘက် ခရီး ၈ တိုင်ခန့်ကွာတွင် ဘင်္ဂလားသို့ ရှေးရှုသွားသည် ရွက်သင်္ဘော ၁ ကို မြင်ပြန်သည်။ ၎င်းနေ့ည လင်းသည်တိုင်အောင် လှိုင်းလေ အလှုပ်အရှား မရှိ။ ပင်လယ် အလွန် ငြိမ်သည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီး မြန်မာတိုင်ပေါင်း ၁၀၀ ရောက်သည်။ မော်လမြိုင်မြို့က ထွက်သည်က စ၍ ယခုတိုင် တောင်စူးစူး အရပ်သို့ချည်း လာရသည်။ ၎င်းက စ၍ အရှေ့တောင်သို့ သွားရသည်။

**၎င်းလပြည့်ကျော် ၃ ရက်**[၄] စနေနေ့ နံနက် ၄ ချက်တီးအချိန် လက်ဝဲဘက် ခရီး မြန်မာတိုင် တစ်သောင်းခန့် ကွာတွင် ချမ်းဆစ်ကျွန်း တောင်များကို မြင်ရသည်။ ၎င်းနေ့ ၁ ချက်တီးအချိန် လက်ဝဲဘက် ခရီး မြန်မာတိုင် တစ်သောင်းခန့်ကွာတွင် ဂျမ်းစေးလံကျွန်း တောင်စဉ် တောင်တန်းများကို မြင်ရသည်။ ၎င်းနေ့ နာရီပြန် ၁ ချက်တီးအချိန် လက်ဝဲဘက်က ပူလာဂျားကျွန်းကို မြင်ရသည်။ ရွက်သင်္ဘော ၁ လည်း မော်လမြိုင်မြို့သို့ ရှေးရှု

၁။ ၂ ဧပြီ ၁၈၇၄ ၂။ ၃ ဧပြီ ၁၈၇၄ ၃။ St. Andrew ၄။ ၄ ဧပြီ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



သွားသည်ကို မြင်ရသည်။ ၎င်းနေ့ ၂ နာရီအချိန် လက်ဝဲဘက်က ခရီး တစ်သောင်းခန့် အရပ်တွင် **ဗျာသယ်** [၁] ခေါ်သည့် ကျွန်းညီနောင်ကို မြင်ရသည်။ ၎င်းနေ့ည ၂ ချက်တီးအချိန် ပုလာလဒ္ဒကျွန်းကို တွေ့သည်။ ၎င်းနေ့ည ၄ ချက်တီးအချိန်က စ၍ လေပြင်းပြင်းလာသည်။ လှိုင်းလည်း အင်တန်အင်မျှ ရှိသည်။ သို့သော်လည်း လေလိုက် လှိုင်းလိုက် သွားရသောကြောင့် သင်္ဘော အလှုပ်အရှား မရှိ။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီး မြန်မာတိုင် ၁၀၀ ရောက်သည်။

**၎င်းလပြည့်ကျော် ၄ ရက်** [၂] တနင်္ဂနွေနေ့ နံနက် ၄ ချက်တီးအချိန်က စ၍ **ပလောပီနံ** [၃] ကျွန်းရှိ တောင်များကို မြင်ရသည်။ နံနက် ၉ နာရီအချိန် လက်ယာဘက်က ပလောပီနံထွက် သင်္ဘော ၁ ကို မြင်ရသည်။ နံနက် ၁၀ နာရီအချိန် ပလောပီနံကျွန်းကို လက်ယာ ထား၍ ၎င်းကျွန်းအနီးသို့ ရောက်သည်။ အရှေ့တောင်လမ်း အရှေ့သို့ အားကြီးကြီး သွားရသည်။ သင်္ဘောပေါ်က ၎င်းကျွန်းကို မြင်ရသည်။ သန်လျက်မော် ဆိပ်ကမ်းက စစ်ကိုင်းဘက်ကို ကြည့်ရသည်နှင့် သွင်သွင်တူသည်။ တောင်စဉ်တောင်တန်း တစ်စပ်တည်း ရှိသည်။ လက်ဝဲဘက် ပင်လယ်ကမ်းခြေ တစ်လျှောက်ကိုလည်း တောင်စဉ်တောင်တန်း စိမ်းစိမ်းစိုစို အဆက်မပြတ် မြင်ရသည်။ ၎င်းကမ်းခြေတစ်လျှောက် ပလောပီနံနှင့် ဆီတည့် ရောက်အောင် လက်ဝဲဘက်က ယိုးဒယားနယ်မြေ ဖြစ်သည်။ ၎င်းအရပ်ကို ဂီတာ ခေါ်သည်။ ၎င်းနယ်မြေအစွန်း ပလောပီနံနှင့် ဆီတည့် အရပ်အကွက် တစ်စိတ်မှာ အင်္ဂလိပ်ပိုင်နယ်မြေ ဖြစ်သည်။ ၎င်းကစ၍ ရှေ့ကို **မလာကာ** [၄] နယ် ဖြစ်သည်။ ၎င်းနေ့ ၁၂ နာရီအချိန် ပလောပီနံ ဆိပ်ကမ်းသို့ ဆိုက်ရောက်သည်။ မြန်မာသံတော်အရာရှိ, မာရကတ်ကြီး, စာရေးလူငယ်တို့မှာ ကုန်းသို့ တက်ကြသည်။ ကူးတို့လှေခ လူတစ်ကိုယ်လျှင် ၂ မူး ၁ ပဲကျ ပေးရသည်။ ရထားမှာ ရထား ၁ လျှင် လူ ၄ ယောက်စီး ရထား ၁၊ တစ်နေကုန် ၂ ကျပ် ၅ မူး ပေးမြဲရှိသည်ကို ၎င်းနေ့ တရုတ်တို့ နှစ်စဉ် ပွဲလုပ်သည့် အခါနေ့ရက်နှင့် ကြုံသည် ဖြစ်၍ ရထား ရှာဖွေငှားရမ်း မရသောကြောင့် ရထား ၁ လျှင် ဒင်္ဂါး ၄ ပြားကျ ပေး၍ ရထား ၃ စီး ငှားရမ်းပြီးလျှင်၊ စီးနင်း၍ ပလောပီနံမြို့တွင်း တရုတ်တန်း ဈေးတန်း လမ်းသေး လမ်းမများကို လှည့်ပတ်ကြည့်ရှုကြသည်။ လမ်းသေး လမ်းမများမှာ ကျောက်မှုန့်ခင်း ပြင်ဆင်လုပ်ဆောင်၍ အလွန် သာယာသည်။ တိုက်အိမ်တန်း အိမ်အစီအစဉ်လည်း

---

၁။ Brother ၂။ ၅ ဧပြီ ၁၈၇၄ ၃။ Penang ၄။ Malacca



www.burmeseclassic.com

www.burmeseclassic.com



သန့်သန့်ရှင်းရှင်း ရှိသည်။ အုန်း ကြံ ငှက်ပျော ကွမ်းသီး ကွမ်း ဒူးရင်း မင်းကွတ်မှ စ၍ သစ်ပင်မျိုးစုံလည်း တန်ခူးလ ဖြစ်လျက် ဥတုကောင်းသော ကြောင့် စိမ်းစိမ်းစိုစို နုပျိုသာယာ ရှိသည်။ အထူးသဖြင့် အုန်းပင် ပေါများ သည်။ နဂဘာရီအုန်းနှင့် တူသည်။ နဂဘာရီအုန်း အကြောင်းကို မေးမြန်း ထောက်လှမ်းလျှင် **အန္တမန်**[၁] ကျွန်းအနီး **နီကိုပါ**[၂] ခေါ်သည်ကျွန်း ရှိကြောင်း၊ ထိုကျွန်းမှာလည်း ပလောပီနံကျွန်းကဲ့သို့ အုန်းအများ ရှိကြောင်း၊ ၎င်း နီကိုပါကျွန်း, အန္တမန်ကျွန်း, ပလောပီနံမြို့, မာလာကကျွန်း,မာလာကမြို့, ပင်လယ် လက်ဝဲဘက် ယိုးဒယားနယ်, ပင်လယ် ကမ်းတစ်လျှောက်များမှာ အုန်း အလွန် ပေါများသည်။ ၎င်းအရပ်များက ထွက်သည်အုန်းကို နီကိုပါ ကျွန်း အမည်ကို အစွဲပြု၍ နီကိုပါအုန်း ဆိုသည်ကို နဂဘာရီအုန်း ခေါ်သည် လက္ခဏာ ရှိသည်။ နဂဘာရီအုန်း ခေါ်ကြောင်းကို နေရာကျ မေးမြန်း၍ မရ။ ပလောပီနံမြို့ အနောက်ခရီး မြန်မာ တစ်တိုင်ခွဲ ၂ တိုင်ခန့် အကွာတွင် ကာလဒေး ဆိုသည် တောင်ထိပ်က ရေတံခွန် ကျလျက် ရှိသည်ကို သံပြွန်နှင့် မြို့တွင်းသို့ သွင်း၍ အလိုရှိရာ သွယ်ယူပြီးလျှင် သောက်ရေ သုံးရေ လုပ်ဆောင်ကြသည်။ ၎င်းရေတံခွန်ကို သွားရောက် ကြည့်ရှုရာ တောင်ထိပ် က ကျည်သွန် အပြင်းသက်ဆင်း၍ ရေလုံး ၄ တောင်ခန့် ကျောက်အိုင်သို့ ကျသည်။ ၎င်းကျောက်အိုင်ကမှ အလိုရှိရာ သံပြွန်ရေမြောင်း အသွယ်သွယ် ဖောက်ယူကြသည်။ ၎င်းတောင်က တစ်စပ်တည်း မြောက်ကို လျှောက်၍ တောင်စဉ်တောင်ထပ် အများ ငါတို့ စစ်ကိုင်းဘက် တောင်စဉ်ကဲ့သို့ ရှိသည် ကို မြင်ရ၍ ၎င်းတောင်များလည်း စိမ်းစိမ်းလဲ့လဲ့ နုဖပ် စိုပြည်သည်။ ပလော ပီနံမြို့ အရှေ့တောင်ထောင့် သန်လျက်စွန်းတွင် ခံမြို့ ရှိသည်။ ၎င်းခံမြို့ ကို အင်္ဂလိပ်တို့က စိုးအုပ်သည်။ ၎င်းမြို့တွင် ရှိရင်း ပသျှူးလူမျိုး, တရုတ် လူမျိုး, သိုးဆောင်းလူမျိုး, မြန်မာလူမျိုး, ယိုးဒယားလူမျိုးတို့ ပြွမ်းလျက် ရှိသည်။ မြန်မာရဟန်း, ယိုးဒယား ရဟန်းများလည်း အနည်းငယ် ရှိသည်။ မြန်မာအမျိုးသား ကိုးကွယ်သည့် ကျောင်းနှင့် စေတီ၊ ယိုးဒယားအမျိုးသား ကိုးကွယ်သည့် ကျောင်းနှင့် စေတီလည်း အနည်းငယ် ရှိသည်။ ကာလယ် ကျောင်း ဟတ်ခေါ်သည် ပြင်သစ် ခင်ကြီးကျောင်းသို့ မာရကတ်ကြီးနှင့်အတူ ဝင်ကြသည်။ ၎င်းနောက် ကော်လက်ခေါ် ပြင်သစ်ကျောင်းတိုက်ကြီးသို့ ဝင်ကြသည်။ ၎င်းကျောင်း ဆရာလက်ဂ ဆိုသူလည်း ကောင်းမွန်စွာ ဆီးကြို နှုတ်ဆက် လက်ခံသည်။ ၎င်းကျောင်းတိုက်သည် ပြင်သစ်နိုင်ငံက အရှေ့

၁။ Andaman ၂။ Nicobar

www.burmeseclassic.com



မျက်နှာ နိုင်ငံများသို့ သာသနာပြု စေလွှတ်ရန် ပထမ အရင်းပြု၍ ထားသည့် ကျောင်းတိုက် ဖြစ်ကြောင်း၊ ၎င်းကျောင်းတိုက်သည် အခြား ကျောင်းကဲ့သို့ မဟုတ်၊ ရဟန်းအဖြစ်ကို ၎င်းကျောင်းမှာမှ ပြုလုပ်နိုင်သည် ဖြစ်၍ **ကော်လက်** [၁] အမည်ရသည်တိုက် ဖြစ်ကြောင်း၊ ၎င်းကျောင်းတိုက်က အရင်းထား၍ တရုတ်ပြည်, ဂျပန်ပြည်, စင်ကာပူမြို့, မော်လမြိုင်မြို့, ရန်ကုန် မြို့မှ စ၍ အရှေ့တိုင်းပြည် မြို့ရွာများသို့ အမျိုးဘာသာ သာသနာပြု စေလွှတ် ကြောင်း၊ ၎င်းကျောင်းတိုက်တွင် စာသင် တပည့် ၈၀ ကျော် ၉၀ ခန့် ယခု ရှိကြောင်းများကို ပြောဆို ကြားသိရသည်။ ပလောပီနံမြို့ ဆိပ်ကမ်းတွင် မီးသင်္ဘော ၁၀ ကျော်၊ ကတ္တူလှေများ မပြတ် ကူးသန်း ဆိုက်ရပ် ထွက်ဝင် သွားလာကြသည်။ ၎င်းပလောပီနံမြို့ ပင်လယ်လက်ကြား အရှေ့ဘက်၊ အနောက်ဘက် ခရီး ၂ တိုင်ခန့် ကျယ်သည်။ ၎င်းပလောပီနံမြို့က အမှတ် အသားပြု၍ သုံးဆောင်ရန် အသုံးအဆောင်များကိုလည်း ဝယ်ယူခဲ့ကြသည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီး မြန်မာတိုင် ၁၀၀ ရောက်သည်။ ၎င်းကျွန်းကို ပင်လယ်လက်ကြား ထက်ဝန်းကျင် ပတ်လျက် တောင်ထိပ်က တက်၍ ကြည့်လျှင် ပင်လယ်ဝန်း၍ နေသည်ကို အလုံးစုံ မြင်ရသည်။ ၎င်းနေ့ည ၂ ချက်တီးကျော် အချိန်ကို မိုးသည်းထန်စွာ ရွာသည်။ လျှပ်စစ်ရောင် မိုးကြိုးသံတို့လည်း ပြင်းထန်စွာ ရှိသည်။

**၎င်းလပြည့်ကျော် ၅ ရက်** [၂] တနင်္လာနေ့ ၃ ချက်တီးအချိန် ပလောပီနံ ဆိပ်ကမ်းက ထွက်သည်။ ခရီးမှာ တောင်စူးစူးသို့ ဦးတည် ထွက်ခဲ့ရသည်။ လက်ဝဲဘက် ကမ်းခြေတစ်လျှောက်များမှာ မီးပြတိုင် ဆက်ကာဆက်ကာ ရှိသည်။ အုန်းပင်လည်း အလွန် ပေါသည်။ တောတောင်လည်း အလွန် နုပျိုသည်။ သီဟိုဠ်ကျွန်းသို့ အထက်ရောက်စဉ် အုန်းပင် အလွန်ပေါသည် ထင်မှတ်မိသည်။ ယခု ၎င်းအရပ်များကို မြင်ရပြန်လျှင် သီဟိုဠ်ကျွန်းထက်ပင် များပြားရန် ရှိသည် ထင်မှတ်မိသည်။ ၎င်းက အစဉ်အတိုင်း အနောက် တောင်ထောင့်သို့ချည်း ထွက်လာရသည်။ လက်ဝဲဘက် ကမ်းခြေကို မြင်တုံ၊ မမြင်တုံ ရှိသည်။ လေမှန်ဖြောင့်ဖြောင့် လာသည် ဖြစ်၍ ရွက်ကုန် တိုက်ရ သည်။ ၎င်းနေ့ည တစ်ချက်တီးအချိန် လက်ဝဲဘက် ခရီး တစ်တိုင်ခန့် အကွာတွင် မီးဖြူမီးနီ ထွန်း၍ မှန်အိမ် ၃ ခု၊ ၄ ခု မြင်ရသည်။ သင်္ဘော တစ်ခု ရပ်နေဟန် ရှိသည်။ ည ၂ ချက်တီးအချိန် လျှပ်စစ်နှင့်တကွ

၁။ Collège

၂။ ၆ ဧပြီ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ထစ်ကြိုးမြည်တမ်းလျက် မိုး အင်တန် ရွာသည်။ ယမန်နေ့က ထွက်လာသည်က စ၍ ယခုနေ့ ယခု မီးပြတိုင်ရောက် ခရီး မြန်မာတိုင် ၉၀ ရှိသည်။

ငင်းလပြည့်ကျော် ၆ ရက်[၁] အင်္ဂါနေ့ နံနက် အစဉ်အတိုင်း ထွက်လာရာ ဝဲယာ ကမ်းခြေ မမြင်ရ။ ရေလည်း မနက်လွန်း၊ ၁၅ လံ, ၁၆ လံ မျှသာ ရှိသည်။ ၂ ချက်တီးကျော် ၃ မောင်းအချိန် လက်ယာဘက် ခရီးတာ ၁၀၀ ခန့်ကွာတွင် ကတ္တူကုန်လှေ ရွက်နှင့် မြင်သည်။ ၂ ချက်တီးကျော် ၃ မောင်း အချိန် လက်ယာဘက် တာ ၂၀၀ ခန့်ကွာတွင် ရွက်သင်္ဘော ၁ ပလောပီနံသို့ ရှေးရှုသွားသည်ကို မြင်သည်။ ငင်းအရပ်တွင် အသွားအလာ ခက်လှသောကြောင့် ရေလယ်တွင် မီးပြတိုင် လုပ်ဆဲကို တွေ့သည်။ ငင်းမီးပြတိုင်က မလာကမြို့ကို ခရီး မြန်မာတိုင် သုံးဆယ် ကွာကြောင်းကို ပြောဆိုသည်။ ခရီး အရှေ့တောင်ယွန်း အရှေ့သို့ အားကြီးကြီး သွားရသည်။ ငင်းနေ့ ၃ ချက်တီးအချိန်ကစ၍ လက်ဝဲဘက် ကမ်းခြေတစ်လျှောက်ကို မြင်ရသည်။ အုန်းပင်လည်း အများ ရှိသည်။ ကမ်းခြေတစ်လျှောက် မြင်သည်ကျွန်းကို မလာကကျွန်း ခေါ်သည်။ ပသျှူးလူမျိုး၊ မလေးလူမျိုးတို့ နေရပ်အရင်း ဖြစ်သည်။ ယခုမှာ သင်္ဘောဆိပ်သင့်ရာ အကွက်အရပ် ဆိပ်ကမ်းများကို အင်္ဂလိပ် လူမျိုးတို့က ထုံ့ပိုင်းထုံ့ပိုင်း ယူ၍ ထားသည်။ ငင်းပင်လယ်ကိုလည်း အင်္ဂလိပ် လူမျိုးတို့ အပိုင်ပြု၍ ထားသည်။ ငင်းကျွန်းပေါ်တွင် ကျန်သည် စော်ဘွား၊ မြို့စားတို့မှာ ကိုယ့်မြို့နှင့်ကိုယ် အသီးအသီး အစိုးရလျက် ရှိသည်။ မလာကမင်းမှာ ငင်းကျွန်းအနီး ကျွန်းငယ်တစ်ခုမှာ မင်းနေမြို့နှင့် နေထိုင်သည်။ ငင်းကျွန်းအလုံးကို အင်္ဂလိပ် လူမျိုးတို့က အပိုင် မယူသော်လည်း၊ အခြားနိုင်ငံရှင် အမျိုးသားတို့ မယူနိုင် မဝင်နိုင်အောင်၊ အခြားနိုင်ငံရှင် အမျိုးသားတို့ကို အလိုရှိတိုင်း မပေးမအပ်နိုင်အောင် စောင့်ရှောက်လျက် ရှိသည်။ ငင်းမြို့ရွာဆိပ်ကမ်း တစ်လျှောက်များမှာ အခြားလူမျိုးတို့ စီးပွား မရှိ။ အင်္ဂလိပ်လူမျိုး၊ တရုတ်လူမျိုးတို့ စီးပွားသာ ရှိသည်။ ငင်းနေ့ည လင်းသည်တိုင် လှိုင်းလေမရှိ၊ ငြိမ်သက်စွာ သွားရသည်။ သင်္ဘောစက်လည်း နေးနေးခုတ်သည်။

ငင်းလပြည့်ကျော် ၇ ရက်[၂] ဗုဒ္ဓဟူးနေ့ နံနက် ၇ နာရီအချိန် မလာကကျွန်း ဆိပ်ကမ်းသို့ ရောက်၍ ကျောက်ချရပ်သည်။ ရောက်လျှင်ရောက်ချင်း လျှပ်စစ် မိုးကြိုးနှင့်တကွ မိုးအရည်ထန်စွာ တစ်နာရီခန့် ရွာသည်။ မလာကကျွန်းကို လက်ဝဲ ထား၍ ခရီး ၂ တိုင်ခန့်ကွာ ရေလယ်တွင် ကျောက်ချရပ်

၁။ ၇ မေ ၁၈၇၄ ၂။ ၈ မေ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်နေသည်။ မလာကကျွန်းသား ပသျှူးလူမျိုးတို့သည် စင်ကာပူမြို့သို့ လိုက်ရန် အများပင် သင်္ဘောသို့ တက်စီးလာကြသည်။ ၎င်းလူတို့ အသွင်အပြင်မှာ တရုတ်၊ မွန်၊ ယိုးဒယားများနှင့် အသွင်တူတူ ရှိသည်။ ဝတ်ပုံမှာ ခေါင်းတုံးဦးပြည်း စူလတီ ဦးထုပ်သဏ္ဌာန် ဆောင်းသည်။ သိုးဆောင်းလူမျိုးတို့ အင်္ကျီကို ဝတ်သည်။ တရုတ်ဘောင်းဘီပေါ်တွင် လုံချည် ထပ်၍ ဝတ်သည်။ ၎င်းဆိပ်ကမ်းက နေ ၃ ချက်တီးအချိန် ထွက်ခဲ့ရာ မလာကကျွန်းကို လက်ဝဲ ထား၍ ကမ်းခြေမပျောက် အရှေ့တောင်ယွန်း အရှေ့သို့ အားကြီးကြီး လာရသည်။ လက်ယာဘက်က **စမတ်တရား**[၁] ကျွန်းကို ရံခါ မြင်တုံ၊ ရံခါ မမြင်တုံ ရှိသည်။ ၎င်းနေ့ည လင်းသည်တိုင် လှိုင်းလေ မရှိ၊ ငြိမ်သက်စွာ လာရသည်။ ၎င်းလက်ဝဲဘက်ရှိ မလာကကျွန်းမှာ အထက်ကို ယိုးဒယားနယ်နှင့် ဆက်လျက် ရှိသည်။ ၎င်းယိုးဒယားနယ် အထက်ကို တနင်္သာရီနှင့် ဆက်လျက် ရှိသည်။ ၎င်းနယ်များသည် ပင်လယ်ခြားကို ကြာလျှာထိုးသကဲ့သို့ အနောက်မြောက် အရှေ့တောင် ယွန်းလျက် ရှိသည်။ မြေစွန်းကိုပင် ရေဝဲယာ ညှပ်လျက် တည်သည်။ တနင်္သာရီမြေနှင့် ယိုးဒယားမြေ အစပ်တွင် လက်ဝဲ လက်ယာ ပင်လယ်ခရီး ၅ တိုင်ခန့်သာ ကွာသည်။ မလာကကျွန်းမြေနှင့် ယိုးဒယားမြေ အစပ်တွင် ဝဲယာ ပင်လယ်အချင်း ခရီး မြန်မာတိုင် ၂၀ ခန့် ကွာသည်။ သည်ကဲ့သို့ ၃ မျက်နှာ ပင်လယ်ဝိုင်းလျက်၊ တစ်မျက်နှာတွင် ပင်လယ်ရေ စပ်လုနီး ရှိသည်ကို **ပင်နင်စူလာ**[၂] မြေ ခေါ်သည်။ လက်ယာဘက်ရှိ စမတ်တရားကျွန်းကို **ဟော်လန်**[၃] လူမျိုးတို့ အုပ်စိုးသည်ကျွန်း ဖြစ်ကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းကျွန်းလည်း ကျယ်ဝန်း ကြီးကျယ်သော ကျွန်းတစ်ခုပင်တည်း။

**၎င်းလပြည့်ကျော် ၈ ရက်**[၄] ကြာသပတေးနေ့ နံနက် လင်းလျှင်လင်းချင်း လက်ဝဲဘက် မလာက၊ လက်ယာဘက် စမတ်တရားကျွန်း ၂ ဖက် ကမ်းခြေကို မြင်ရသည်။ ၎င်းနေ့ နံနက် ၁၁ နာရီအချိန် စင်ကာပူမြို့ ဆိပ်ကမ်းသို့ ဆိုက်သည်။ သင်္ဘော ဆိုက်လျှင်ဆိုက်ချင်း မာရကတ်ကြီး ကုန်းသို့ တက်၍ ပြင်သစ်ကိုယ်စားလှယ်ရှိရာ သွားသည်။ သံတော်အရာရှိတို့ ဂည်းနေရန် တိုက်လည်း ရှာသည်။ ၎င်းအတွင်း **အီတာလျံကောင်စစ်**[၅] ဆိုသူ သင်္ဘောသို့ လာ၍ မြန်မာ သံတော်အရာရှိတို့ကို နှုတ်ခွန်းဆက်သည်။ မြန်မာသံတော်တို့ စင်ကာပူမြို့သို့ ရောက်သည် အကြောင်းအရာ၊ ပြင်သစ်

---

၁။ Sumatra ၂။ Paninsula ၃။ Holland (Netherlands/Dutch)
၄။ ၉ မေ ၁၈၇၄ ၅။ Italian consul



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံသို့ သွားမည် အကြောင်းအရာ၊ ပြင်သစ်နိုင်ငံက အပြန် အီတာလျံနိုင်ငံသို့ ဝင်မည် အကြောင်းအရာများကို **အာရဗိုက်ရိုက်ကျား**[၁]၊ အတွင်းဝန် **အာဂမော**[၂] တို့နှင့် ပြင်သစ် နိုင်ငံခြားဝန်ကြီးတို့ထံ စာပေးပါမည်။ သံတော်အရာရှိတို့ စင်ကာပူမြို့တွင် မည်သည်အမှု မဆို အလိုရှိရာ ကောင်းမွန်စွာဆောင်ရွက်ပါမည်။ သံတော်အရာရှိတို့ ကုန်းသို့ တက်သည်ကာလ တည်းနေရာအရပ်သို့ လာရောက်ပါဦးမည် ပြောဆို၍ ပြန်သွားသည်။ ၂ နာရီခန့်ကြာလျှင် မာရကတ်ကြီး ပြန်လာ၍ ယခုနေ့ သင်္ဘောထွက်မည် ဖြစ်သောကြောင့် အလုပ်များလှသည်နှင့် သံတော်တို့ရှိရာ ပြင်သစ် ကိုယ်စားလှယ် မလာမရောက်ထည့်နိုင်ရှိကြောင်း၊ နောက်ကို လာရောက်ပါမည့် အကြောင်း၊ တည်းနေရန် တိုက်အိမ်လည်း ကောင်းမွန်စွာ ရခဲ့ကြောင်း၊ **ကလာရင်တန်ဟိုတက်**[၃] ခေါ်ကြောင်း၊ လူကြီးမှာ တစ်နေ့ ငါးပြားကျ၊ လူငယ်မှာ ၃ ပြားကျ ပေးရမည် အကြောင်းများနှင့် ပြောဆိုပြီးလျှင် စာရေးလူငယ် အကုန်ဝန်အသုံးအဆောင်များကိုယူ၍ ကိုကိုးနာဒ သင်္ဘောက စင်ကာပူမြို့ ကလာရင်တန် ဟိုတက်ဘက်သို့ ပြောင်းလာကြသည်။ ကိုကိုးနာဒ သင်္ဘောတွင် စားပွဲထိန်းကို သံတော်တို့က ဒင်္ဂါး ၁၀၊ မာရကတ်ကြီးကလည်း ၁၀၊ အစောင့်တို့ကိုလည်း ၅ ပြားစီ၊ ခရာသီ ဝန်သယ်ဝန်ချ လူတို့ကို ၃ ပြားပေးခဲ့သည်။ ကလာရင်တန် ဟိုတက်မှာလည်း တည်းသူအများ မရှိ။ ပထမဆင့်တွင် သံတော်အရာရှိ၊ စာရေးလူငယ်တို့ပါ တည်းနေရသည်။ ၎င်းဟိုတက် ပင်လယ်သို့ မျက်နှာမူလျက် ကမ်းခြေအနီးတွင် တည်းခိုနေထိုင်ရန်အလွန်ကောင်းသည်။ ၎င်းစင်ကာပူမြို့သည် မလာကကျွန်း အဆုံး ရေအနည်းငယ် ခြားလျက် မလာကနိုင်ငံအဝင် ကျွန်းတစ်ခု ဖြစ်သည်။ ၎င်းစင်ကာပူမြို့သည် **ရှေတိုက်**[၄] တောင်မျက်နှာ မြေအဆုံးပင် ဖြစ်သည်။

**၎င်းလပြည့်ကျော် ၉ ရက်**[၅] သောကြာနေ့ နေ ၂ ချက်တီးအချိန်၊ စင်ကာပူမြို့ရှိ အီတာလျံ ကိုယ်စားလှယ် ကောင်စစ် **ကာလိုစတီဖင်နီးဖက်စတား**[၆] ဆိုသူ သံတော်အရာရှိတို့ တည်းနေရာ ကလာရင်တန် ဟိုတက်တိုက်အိမ်သို့ လာရောက်ပြီးလျှင် အီတာလျံမင်းသို့ ပေးရန် လက်ဆောင်တော်များကို ပင်ပင်ပန်းပန်း ဆောင်ယူရမည် ဖြစ်လျှင် အလွယ်တကူအပ်ထားခဲ့ရန် ဆောင်ရွက်နိုင်ကြောင်းကို ပြောဆိုရာ သံတော်အရာရှိတို့က အပင်တပန်း ဆောင်ယူရမည် မဟုတ်၊ အလွယ်တကူ ဆောင်ယူနိုင်ကြောင်း၊

---
၁။ Alberto Racchia　၂။ Argmoor　၃။ Clarington Hotel
၄။ Asia　၅။ ၁၀ ဧပြီ ၁၈၇၄　၆။ Carlo Stefano Festa



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံဖြစ် ရစ် ခေါ်သည့် ငှက်နှင့် သစ်ကျားငယ် ၁ များသာ အဆောင် အယူ ခက်ကြောင်း ပြောဆိုရာ၊ ၎င်းငှက်နှင့် သစ်ကျားကို **နပေါလီ**[၁] က ဆီးကြို ဆောင်ယူ လက်ခံအောင် စာပေးပါမည် ပြောဆိုပြီးလျှင်၊ ဝမ်းမြောက် ဝမ်းသာ စကားပြောဆို နှုတ်ခွန်းဆက်လက်၍ ပြန်သွားသည်။ ၎င်းနေ့ သင်္ဘောကုမ္ပဏီတိုက်သို့ မာရကတ်ကြီး သွား၍ ပထမအခန်း၊ ဒုတိယအခန်း ယူရန် စကား, အဖိုးနှုန်း စကားများကို မေးမြန်းရာ ပထမအခန်းစီးသူ လူ ၁ လျှင် ဒင်္ဂါးကြီး ၃၄၈၊ မြန်မာဒင်္ဂါးသင့် ၇၈၃၊ ဒုတိယအခန်းစီးသူ လူ ၁ လျှင် ဒင်္ဂါးကြီး ၂၆၁၊ မြန်မာဒင်္ဂါးသင့် ၅၈ကို-၂၂း ဲ ပေးရလိမ့်မည် ပြန်ရောက် ပြောဆိုသည်။ ၎င်းနေ့ အလိုရှိသည့် အသုံးအဆောင်များကို လည်း မောင်မြ၊ မောင်အောင်သူ၊ ရွှေတိုက်ကြပ် စာရေးတော်တို့ လှည့်ပတ် သွားလာ ဝယ်ယူကြသည်။

၎င်းနေ့ ၄ နာရီအချိန် သံတော်အရာရှိတို့ ရထားစီးနင်းပြီးလျှင် စင်ကာပူမြို့ လမ်းသေးလမ်းမ, ထောင်ထားရာ အရပ်, စစ်သည်ထားရာ အရပ်, ခံမြို့ ခံကတုတ်ရှိရာ အရပ်, သစ်ပင်မျိုးစုံ စိုက်ပျိုးသည် **ဗိုလ်တန် နီဂတ်ဂါရတင်း**[၂] ဉယျာဉ်များသို့ လှည့်ပတ် ကြည့်ရှုကြသည်။ ၎င်းမြို့တွင် တရုတ်လူမျိုး တစ်သန်း၊ ပသျှူးလူမျိုး တစ်သန်း၊ သိုးဆောင်းလူမျိုး တစ်သန်း ခြားလျက် ခြားလျက် တိုက်နေအိမ် ဈေးကနား ဉယျာဉ် သစ်ပင်များနှင့် အကြီးအကျယ် လှပကောင်းမွန် ရှိသည်။ လမ်းများလည်း အလွန် ကောင်း သည်။ ၎င်းဗိုလ်တန်နီဂတ်ဂါရတင်း ဉယျာဉ်လည်း သီးမျိုးစုံ ပွင့်မျိုးစုံ ရေပန်း ကြည်းပန်း ငှက်အမျိုးမျိုးတို့နှင့်တကွ အလျှိုလျှို အသွယ်သွယ် ကောင်းမွန်သောလမ်းတို့ဖြင့် နိမ့်လျှင် နိမ့်လိုက်၊ မြင့်လျှင် မြင့်လိုက် ပြင်ဆင် လုပ်ဆောင်၍ ဥရောပတိုက် ဂါရတင်းများ ကဲ့သို့ပင် ရှိသည်။ ၎င်းမြို့တွင် လမ်းသေး လမ်းမများမှာ ဓာတ်မီး ထွန်းသည်။ သိုးဆောင်း ဟိုတယ်၊ တရုတ် ဟိုတယ် အမျိုးမျိုး ရှိသည်။ ၎င်းမြို့တွင် ဥရောပဟိုတယ် ခေါ်သည် ဟိုတယ် တိုက် အကြီးဆုံးဖြစ်သည်။ သုံးဖွယ် ဆောင်ဖွယ် အစားအစာမှ စ၍ တရုတ် အသုံးအဆောင်, အင်္ဂလိပ် အသုံးအဆောင်, ပြင်သစ် အသုံးအဆောင် အလိုရှိရာ ရသည်။ ဒူးရင်း၊ မင်းကွတ်၊ အုန်း၊ ငှက်ပျော အလွန် ပေါသည်။ ၎င်းနေ့ ၎င်းမြို့ဝန် ဆိုသူ အင်္ဂလိပ် အရာရှိက **၎င်းလပြည့်ကျော် ၁၂ ရက်**[၃] တနင်္လာနေ့ မြန်မာသံတော်အရာရှိတို့ကို တွေ့လိုကြောင်းနှင့် စာပို့ရောက် သည်။ ၎င်းနေ့ **အချည်န**[၄] မင်းက စေလွှတ်သည် သံများလည်း ၎င်းမြို့သို့

၁။ Naples ၂။ Botanical Gardens ၃။ ၁၃ ဧပြီ ၁၈၇၄ ၄။ Achin



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ရောက်၍၊ ၎င်းလပြည့်ကျော် ၁၀ ရက် [၁] နေ့ ၎င်းမြို့ဝန်ထံ ဝင်လိမ့်မည် အကြောင်း သတင်းနှင့် စာရသည်။ အကြောင်းကို မေးရာ အချည်န နိုင်ငံသည် ဟော်လန်လူမျိုးတို့ အုပ်စိုးသော စမတ်တရားကျွန်းနှင့် တစ်စပ်တည်း ပလောပီနံနှင့် လက်ဝဲလက်ယာ အရပ်တွင် ရှိကြောင်း၊ ၎င်းမင်းနှင့် ဟော်လန်လူမျိုးတို့ ယခု စစ်ဖြစ်ဆဲ၊ ဟော်လန်လူမျိုးက အချည်နမြို့မကို ရကြောင်း၊ ၎င်းအချည်နမင်းလည်း **မြို့မ** [၂] က ထွက်ခွာ၍ သင့်ရာအရပ်က နေပြီးလျှင် ဟော်လန်လူမျိုးတို့ အအုပ်အချုပ်ကို မခံလို၊ အင်္ဂလိပ်က ဖြစ်စေ၊ ပြင်သစ်က ဖြစ်စေ အုပ်ချုပ်သည်ကို ခံမည် အကြံရှိကြောင်း၊ ယခု စင်ကာပူမြို့သို့ စေလွှတ်သည် အရာလည်း စစ်ကူတောင်း စေလွှတ်ကြောင်းနှင့် ပြောဆိုကြားသိရသည်။ သို့သော်လည်း ဟော်လန်လူမျိုးတို့ လက်က လွတ်နိုင်ရန် မရှိကြောင်းနှင့် ထင်မြင် ပြောဆိုကြသည်။ ၎င်းအချည်နမြို့ကို အစည်မြို့ဟူ၍ ခေါ်ဝေါ်ကြောင်းနှင့် ပြောဆိုကြသည်။ ၎င်းအစည်မြို့တွင် ယခုအခါ စစ်လည်း ဖြစ်သည်။ ကာလရောဂါလည်း အားကြီး ဖြစ်သည်။ ၎င်းအစည်ကျွန်းသည် ပသျှူးလူမျိုးတို့ နေရပ်တည်း။ ၎င်းပသျှူးလူမျိုးတို့လည်း အလွန်ဆိုးသွမ်း ညစ်ညမ်း တိုက်ခိုက်တတ်သော ပင်လယ်ဓားပြသာ များသည်ဟု ပြောဆို ကြားသိရသည်။ ၎င်းနေ့ ပြင်သစ်ကောင်စစ် **အာရတွန်** [၃] က နက်ဖြန်သံတော်တို့ ရှိရာ လာရောက်ပါမည် မှာထားလိုက်ကြောင်းနှင့် မာရကတ်ကြီးက ပြောဆိုသည်။

**၎င်းလပြည့်ကျော် ၁၀ ရက်** [၁] စနေနေ့ ၁၀ နာရီအချိန် ပြင်သစ်ကောင်စစ် အာရတွန် သံတော်အရာရှိတို့ တည်းနေသည် တိုက်အိမ်သို့ လာရောက်သည်။ သံတော်တို့နှင့်အတူ နံနက်စာ စားပွဲထိုင်ကြသည်။ ၎င်းကောင်စစ် အာရတွန်နှင့် စကားပြောဆို မေးမြန်း၍ သိရသည်မှာ မလာကကျွန်းကို တစ်ဦးတစ်ယောက်တည်း အစိုးမရ၊ စော်ဘွားအသီးအသီးတို့ ကိုယ်နယ်နှင့်ကိုယ် စိုးအုပ်ကြကြောင်း၊ ၎င်းကျွန်းရှိ **မလာက** [၄] လူမျိုးတို့ကား စီးပွား ချမ်းသာရေး လုပ်ပုံကိုင်ပုံ အလွန်ညံ့ကြောင်း၊ ရာကြံဆည်းပူး၍ အတော်အသင့် ရလျှင် တိုးပွားအောင် မလုပ်၊ စားကာသောက်ကာ နေ၍ လက်ရှိငွေကုန်ပြန်မှ တစ်ဖန် ရှာကြံကြောင်း၊ ၎င်းလူမျိုးတို့ကို ဥယျာဉ်လုပ်၊ ရထားထိန်း စေခိုင်းရန်သာ ကောင်းကြောင်း၊ ပသီလူမျိုးနှင့် ဇာတ်တူဘုရားတူ ဖြစ်ကြောင်း၊ ၎င်းကျွန်းက ချိပ်ကုန်၊ ကာဖီကုန်၊ ငရုတ်ကောင်းကုန်၊ သာကူ၊ စပါး အများ ထွက်ကြောင်း၊ ၎င်းကျွန်းက တစ်နှစ်လျှင်

၁။ ၁၁ ဧပြီ ၁၈၇၄ ၂။ Medan ၃။ Aratoon ၄။ Malay



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လာခေါ် ဒင်္ဂါးကြီး တစ်ကုဋ္ဌေကျော်ခန့် ထွက်ကြောင်း၊ ၎င်းစီးပွားများကို မလာက ကျွန်းသား ပသျှူးလူမျိုးတို့ လုပ်ဆောင်သည် မဟုတ်၊ တရုတ်လူမျိုးတို့ လုပ်ဆောင်ကြကြောင်း၊ ၎င်းတရုတ်လူမျိုးတို့လည်း တရုတ်ပြည်က ဆိုးသွမ်း တိုက်ခိုက်လို၍ ၎င်းအရပ်သို့ လာရောက်ကြပြီးလျှင် အထက်ကာလက ပင်လယ်ဓားပြ လုပ်၍ တိုက်ခိုက်ကြသည်။ ၎င်း ပင်လယ်ဓားပြတို့ကို မလာကကျွန်း အစိုးရတို့က နိုင်နင်းအောင် မတားမြစ်နိုင်။ ၎င်း ပင်လယ်ဓားပြကို အကြောင်းပြု၍ အင်္ဂလိပ် လူမျိုးတို့က ၎င်းကျွန်း သဘော်ဆိပ် အရပ်များကို ယူပြီးလျှင် မြို့ရွာတည်ထောင် ပြုစု၊ ပင်လယ်ဓားပြတို့ကို အတိုက်အခိုက် မရှိရအောင် သိမ်းပိုက်၍ ငြိမ်သက်ကြောင်း၊ ၎င်း တရုတ်လူမျိုး ပင်လယ်ဓားပြတို့ကိုလည်း အတိုက်အခိုက် အဆိုးအသွမ်း မရှိ၊ စီးပွားရေး ချမ်းသာရေးများကိုသာ အားထုတ် လုပ်ကိုင်ကြစေကြောင်းများကို ပြောဆို ကြားသိရသည်။ စင်ကာပူမြို့ဝန်နှင့် သံတော်အရာရှိတို့ တွေ့ရအောင် အားထုတ်ပါဦးမည်၊ မြို့ဝန်ထံလည်း သွားပါဦးမည်၊ စကားကွဲပြား သိသာလျှင် ပြန်ကြားပါမည် ပြောဆို၍ ပြန်သွားသည်။ မြန်မာနိုင်ငံဖြစ် ညောင်ဦးတို့ တောင်း ပြည်ဝင်ခွက်ဝင် စလယ်ဝင် ၃ လုံး၊ **မြန်မာဆေးလိပ်ဖြူ**[၁]၊ သနပ်ဖက်ဆေးလိပ်များကို ပေးလိုက်သည်။ မြန်မာနိုင်ငံဖြစ် လွန်းများ၊ ပုဆိုး၊ သနားတော်မြတ်ခံရသည့် စလွယ်များကိုလည်း ကြည့်ရှုလိုသည် ပြောဆိုသောကြောင့် ပြလိုက်သည်။ အလွန် ချီးမွမ်း အံ့ဩသည်။ ၎င်း အာရတွန် ဆိုသူ ရွှင်ရွှင်လန်းလန်း ပျော်ပျော်ပါးပါး စကားပြောဆိုတတ်သည်။ ၎င်းနေ့ အလုံမြို့နယ် မုံရွာဇာတိ မော်လမြိုင်မြို့နေ မောင်ရန်ရှင်း, မောင်ရန်လင်း ညီအစ်ကိုတို့ မြန်မာ မျူးတော်မတ်တော်များဖြစ်၍ အရှိအသေ တွေ့မြင်လိုသောကြောင့် လာရောက် နှုတ်ဆက်ကြသည်။ ၎င်းနေ့ ၅ နာရီ အချိန် သံတော်အရာရှိ, မာရကတ်ကြီးတို့ ရထားစီးနင်းပြီးလျှင် **ဘစ်ရှိမန်ကာ**[၂] ခေါ်သည် ငါးရောင်းသည့်နေရာ၊ သူနာတန်းများနှင့်တကွ လမ်းသေးလမ်းမများကို လှည့်ပတ် ကြည့်ရှုကြသည်။ ၎င်းကျွန်း ရှိရင်း မလေးလူမျိုးတို့မှာ နောက်ပိုင်း ကွယ်ထောင့်သည့်နေရာ အရပ်အကွက်များတွင် တစ်စုတစ်ဝန်းတည်း နေထိုင်ရသည်။ ရှေ့မျက်နှာက ပင်လယ်ကမ်းထိပ်များမှာ တရုတ်လူမျိုး၊ သိုးဆောင်းလူမျိုးတို့ တိုက်အိမ် အကောင်းအမွန်နှင့် နေထိုင်ကြသည်။ ၎င်းနေ့ ၄ ချက်တီးအချိန် စင်ကာပူမြို့ဝန်က ပေးသည့်စာကို ရသည်။ စာတွင် တနင်္လာနေ့ ၁ နာရီ အချိန် သံတော်အရာရှိ, မာရကတ်ကြီး

---

၁။ ပြောင်းဖူးဖက်ဆေးလိပ်

၂။ Fish Market

www.burmeseclassic.com



တို့ တိုက်အိမ်သို့ လာရောက်ပါမည် အကြောင်း၊ အင်္ဂါနေ့ညလည်း သံတော်အရာရှိတို့ စားပွဲထိုင် တိုက်အိမ်သို့ လာရောက်ပါမည် အကြောင်းနှင့် ပါသည်။

**ဧင်းလပြည့်ကျော် ၁၁ ရက်** [၁] တနင်္ဂနွေနေ့ ၁၂ နာရီအချိန် သံတော်အရာရှိ, မာရကတ်ကြီးတို့ ရထားစီးနင်းပြီးလျှင် အီတာလျံ ကောင်စစ်ကာလိုစတီဖင်နီး–ဖက်စတားက ဖိတ်ကြားသည့် စားပွဲ အခင်းအကျင်းရှိရာ တိုက်အိမ်သို့ သွား၍ နေ့စာစားပွဲ စားကြသည်။ ဧင်းဖက်စတားလည်း မဟာမိတ်လက္ခဏာနှင့်အညီ အရိုအသေ ကောင်းမွန်စွာ လက်ခံ ပြုစုသည်။ ဧင်းအိမ်သို့ရောက်လျှင် များမကြာမီ မိုးသည်းထန်စွာ ရွာသည်။ ဧင်းအိမ်တွင် ၂ နာရီခန့် စကားပြောဆို နေထိုင်၍ ပြန်လာကြသည်။ ဧင်းစားပွဲတွင် ပြင်သစ်ကောင်စစ် လက်ထောက် ဆိုသူလည်း ပါသည်။ ဧင်းနေ့ ၅ နာရီအချိန် ဝန်ရှင်တော်မင်းကြီး မပါ၊ သံတော်အရာရှိ, စာရေးလူငယ်အကုန် ရထားစီး၍ ဗိုတန်နိဂက်ဂါရတင်း ဥယျာဉ်ကို အကြည့်အရှု သွားကြသည်။ ဧင်းဥယျာဉ်တွင် အမျိုးမျိုးသော သစ်ပင်၊ အမျိုးမျိုးသော တိရစ္ဆာန်၊ ရေကန် အခင်းအကျင်းမှ စ၍ အရပ်ရပ် ကြည့်ရှုရန် ရှိသည်များကို လှည့်ပတ် ကြည့်ရှုပြီးလျှင် လမ်းသေးလမ်းမများ လှည့်ပတ်ကြည့်ရှု ပြန်လာကြသည်။ ဧင်းနေ့ သင်္ကြန်ကျသည်။

**ဧင်းလပြည့်ကျော် ၁၂ ရက်** [၂] တနင်္လာနေ့ နေ ၃ ချက်တီးအချိန် သံတော်အရာရှိ၊ မာရကတ်ကြီးတို့ အစုံအညီ ရထားစီးနင်း၍ ပြင်သစ်ကောင်စစ် အာရတွန်အိမ်သို့ သွားကြပြီးလျှင် ဧင်းအာရတွန်အိမ်တွင် ၁ နာရီခန့် ရပ်နား စကားပြောဆိုကြပြီးမှ အာရတွန်နှင့်အတူ စင်ကာပူမြို့ အင်္ဂလိပ်ဝန်ကြီး **စာ–အင်းဒရု–ခလာ** [၃] အိမ်သို့ သွားကြသည်။ သံတော်အရာရှိတို့မှာ အင်္ကျီလက်ကျယ်၊ ရွှေစလွယ်၊ ပြင်သစ်မင်းပေး ဘယက်၊ အီတာလျံ မင်းပေး ဘယက်များကို ဆင်ယင်ကြသည်။ အင်္ဂလိပ်ဝန်ကြီး စာ–အင်းဒရု–ခလာကလည်း တိုက်တံခါး ဝဲယာတွင် စစ်သည် အမှုထမ်း စစ်ဝတ်ဆင်လျက် သေနတ် စွဲကိုင်စေပြီးလျှင် စစ်ဆောင်တီးမှုတ်မျိုးတို့ကို စီစဉ်ခင်းကျင်းလျက်၊ ဧင်းမြို့ဝန်, ဝန်ထောက်, တရားသူကြီး, အသင်းဝင်မှူးမတ်, အခွန်ဝန်, အရာရှိ ကတော်မယားစုံ စည်းဝေးလျက် ဧင်းအစည်းအဝေးတွင် **ဂျာဟိုမင်း** [၄] လည်း ပါသည်။ သံတော်အရာရှိတို့ ရောက်လျှင် စစ်သည် အမှုထမ်းတို့ကလည်း ရိုသေမြဲ ထုံးစံရှိသည်အတိုင်း ဗိုလ်အရာရှိတို့က

၁။ ၁၂ ဧပြီ ၁၈၇၄ ၂။ ၁၃ ဧပြီ ၁၈၇၄ ၃။ Sir Andrew Clark ၄။ Raja of Johore



www.burmeseclassic.com

www.burmeseclassic.com



မင်းပေး ဆောင်ဓားကို ချွတ်လျက်၊ စစ်သည်အမှုထမ်းတို့က သေနတ်ကို မြှောက်ချီလျက် စစ်ဆောင် တီးမှုတ်မျိုးတို့ကို ခြိမ့်ခြိမ့်မွှမ်းမျှ တီးမှုတ်ကြသည်။ အမြောက်လည်း ၁၅ ချက် ပစ်သည်။ သံတော်အရာရှိတို့ကလည်း တိုက်အိမ်ထက်သို့ တက်သွားရာ အစည်းအဝေးနှင့်တကွ ညှော်ခံသည့် အခန်းသို့ ရောက်လျှင် အင်္ဂလန်ဝန်ကြီးကတော် ပထမ လက်ဆွဲနှုတ်ဆက်သည်။ နောက် အင်္ဂလိပ်ဝန်ကြီး လက်ဆွဲနှုတ်ဆက်သည်။ နောက် အရာရှိစုံတို့ အရှိအသေ လက်ဆွဲနှုတ်ဆက်ကြပြီးလျှင် သွားလမ်း လာလမ်း စခန်း အခြင်းအရာ၊ ရာသီဥတုအကြောင်း၊ မြန်မာနိုင်ငံ, ဥရောပတိုက်, စင်ကာပူမြို့ အကြောင်းအရာများကို မေးမြန်းပြန်လှန် ပြောဆိုကြပြီးနောက် ၁ နာရီခန့်ကြာလျှင် အချိုမျိုးစုံ ပြင်ဆင်ထားသည့် အခန်းသို့သွားရန် အမျိုးဘာသာ ထုံးစံ အရိုအသေပြုမြဲအတိုင်း ဝန်ရှင်တော် ကင်းဝန်မင်းကြီးနှင့် အင်္ဂလိပ်ဝန်ကြီးကတော် လက်တွဲလျက်၊ စာရေးတော်ကြီးနှင့် မြို့ဝန်ကတော် လက်တွဲလျက်၊ မောင်မြဲ, မောင်အောင်သူ, မာရကတ်ကြီးတို့မှာလည်း အသီးအသီး ကတော်မယားတို့နှင့် လက်တွဲလျက် အချိုခန်းသို့ သွားကြပြီးလျှင် အလိုရှိရာ အချိုများကို စားသောက်ကြသည်။ ၎င်းအခန်းတွင် နာရီဝက်ခန့် ကြာလျှင် ဝန်ကြီးကတော်, ဝန်ကြီး အစည်းအဝေးပါ အရာရှိများကို နှုတ်ခွန်းဆက်၍ ပြန်လာကြသည်။ ပြင်သစ်ကောင်စစ် အာရတွန်လည်း သံတော်တို့ တိုက်အိမ်ရောက် လိုက်လာ၍ ယခု စင်ကာပူမြို့ဝန်ကြီးက သံတော်အရာရှိတို့ကို လက်ခံသည်အရာသည် အမြင့်ဆုံးဖြစ်၍ သည်ထက်သာလွန်အောင် စင်ကာပူမြို့တွင် ပြုနိုင်ရန် မရှိကြောင်းနှင့် ဝမ်းမြောက်ဝမ်းသာ ပြောဆိုသည်။ ၎င်းအာရတွန်ကို မြန်မာနိုင်ငံဖြစ် အမှတ်အသားထားရန် ငွေမူးစေ့နှင့် ရွှေဒင်္ဂါးများကို ပေးလိုက်သည်။ ၎င်းနေ့ ပါရင်းငွေကို သဘော်ခ ချေပေးရန် ဒေါ်လာ ခေါ်သည့် ဒင်္ဂါးကြီးနှင့် ဘဏ်တိုက်မှာ လဲကြသည်။ ၎င်းအခမ်းအနားများကို သည်ကဲ့သို့ နေရာကျအောင်ကိုလည်း ပြင်သစ်ကောင်စစ် အာရတွန် အလွန် သယ်ပိုးအားထုတ်သည်။ ၎င်းနေ့ အင်္ဂလိပ်ဝန်ကြီးအိမ်သို့ သွားသည်အတွင်း ထွက်လျှင်ထွက်ချင်း မိုးသည်းထန်စွာ ရွာသည်။ ၎င်းမိုး ၂ နာရီခန့်ကြာမှ စဲသည်။ ၎င်းနေ့ သကြန်အကြတ်နေ့ ဖြစ်သည်။

၎င်းလပြည့်ကျော် ၁၃ ရက်[၁] အင်္ဂါနေ့ ရုရှားရှား[၂]မင်းကောင်စစ် တာရတ်လူမျိုး ဘန်ပူ[၃] ဆိုသူက ယမန်နေ့ စင်ကာပူမြို့ ဝန်ကြီးအိမ်တွင်

၁။ ၁၄ ဧပြီ ၁၈၇၄ ၂။ Russia ၃။ Banbu



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြုံကြစဉ် ဖိတ်ကြားလိုက်သောကြောင့် သံတော်အရာရှိ၊ မာရကတ်ကြီး၊ စာရေးလူငယ်တို့ပါ ရထားစီးနင်းပြီးလျှင် ကောင်စစ်ဘန်ပူ အိမ်သို့ သွားကြသည်။ ပြင်သစ်စာရေးကြီးလည်း ပါသည်။ ရောက်လျှင် ဘန်ပူ ဆီးကြို၍ ၎င်းအရံအတွင်းရှိ ဥယျာဉ်များကို ကိုယ်တိုင် လိုက်ပြသည်။ ၎င်းဥယျာဉ် အတွင်း အချင်း ၃ တောင်ခန့် ဝန်းလျက် မန်ကျည်းသဏ္ဍာန် အရွက်ရှိသည့် ကြာမျိုးကို တွေ့မြင်ရသည်။ ၎င်းကြာမျိုးကို အမေရိကန်နိုင်ငံက ရကြောင်း၊ ဝိတိုရိယာ အမည် ခေါ်ဝေါ်ကြောင်း၊ ၎င်းကြာရွက်ပေါ်တွင် မြန်မာချိန် ၁၀ ခန့် ဝန်ကို တင်၍ ရေပေါ်မှာချလျှင် မမြုပ်မနစ် လှေကဲ့သို့ ရှိကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းကြာရွက်ကို ကြည့်ရာ မိုးရေခံ အထက် မျက်နှာက တစ်ပြင်တည်းဝန်းလျက်၊ အနား ၃ လက်မခန့် ထောင်လျက် စိမ်းစိမ်းမြမြ ရှိသည်။ အောက်ဘက် ရေနင်းရေခံ မျက်နှာက ကွန်ချာကဲ့သို့ ယှက်၍ အကြောသန်းသန်း ထလျက် ၎င်းအကြောမှာ ဆူးအတိ ရှိသည်။ အပွင့်လည်း တစ်ကြိမ်ပွင့်လျှင် တစ်ရက်နှင့် မညှိုးမနွမ်း၊ မကြွေမကျ။ ညကို ပွင့်သည်။ နေ့ကို ငုံသည်။ အဆင်းလည်း နေ့နှင့်ညဉ့်မတူ၊ ထူးခြားကွဲပြားရှိသည်ဟု ပြောဆို ကြားသိရသည်။ ၎င်းပြင် နိုင်ငံတကာက ဆောင်ယူခဲ့သည့် အထူးထူးသော သစ်ပင်၊ အထူးထူးသော သစ်သီးမျိုး၊ အထူးထူးသော ပန်းမျိုး၊ အလှူလှူသောလမ်း၊ အခက်ချင်း ဆိုင်ရာ အရပ်တွင် တစ်သားတည်း ဖြစ်လျက် ကွန်ချာကဲ့သို့ ရှိသော သစ်ပင်ပု၊ ပြာသာဒ် သဏ္ဍာန်၊ သဘော်သဏ္ဍာန်၊ ရထား သဏ္ဍာန်၊ ကတ္တူလှေ သဏ္ဍာန်၊ မြင်းရုပ်၊ ဆင်ရုပ်၊ ခြင်္သေ့ရုပ်၊ ကျားရုပ်၊ ကုလားအုတ်ရုပ်၊ ခွေးရုပ်၊ ဥဒေါင်း ရုပ်၊ ယောက်ျားရုပ်၊ မိန်းမရုပ်၊ ကြေးအိုးသဏ္ဍာန် စသော အထူးထူး အပြားပြားသော ပုံသဏ္ဍာန်ရှိသည့် သစ်ပင် အမျိုးမျိုး၊ ခြေခြောက်ချောင်းရှိ လိပ် အမျိုးမျိုး၊ ငှက်အထူးအဆန်း၊ ငါးအထူးအဆန်းများကို လှည့်ပတ် ကြည့်ရှု တွေ့မြင်ရသည်။ ပြီးလျှင် တိုက်အိမ်သို့ ခေါ်ယူတက်သွား ကြည့်ရှုရာလည်း တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ သိုးဆောင်းနိုင်ငံဖြစ် အသုံးအဆောင် အထူး အဆန်း၊ ရွှတ်ရှားမင်းရုပ်ပုံ၊ ရွှတ်ရှားမင်း တံဆိပ်များနှင့်တကွ အဆန်း တကြယ် အထူးအဆန်း အသုံးအဆောင်များကို ခင်းကျင်းထားသည်ကို တွေ့မြင်ရသည်။ ခေါင်းတစ်ခု ကိုယ်နှစ်ခု ရှိသည့် ဝက်ငယ်သေတစ်ခုကို လည်း အကောင်မပျက်စေရ၊ ဖန်အိုးအတွင်း ဆေးရည်စိမ်ထားသည်ကို တွေ့မြင်ရသည်။ ၎င်းအိမ်တွင် ယိုးဒယားမင်း၊ အင်္ဂလိပ်ဘုရင်မသား၊ ပြင်သစ်ဘာသား[၁] တို့ လာရောက် တည်းနေဖူးကြောင်းကို ပြောဆို ကြားသိ

၁။ Father (ပြင်သစ်ခင်ကြီး၊ ဘုရင်ဂျီခင်ကြီး) [ ဦးစိုးလှိုင်၊ စာ-၄၈ ]

www.burmeseclassic.com



ရသည်။ မြန်မာသံတော်တို့ လာရောက် ကြည့်ရှုသည်ကိုလည်း နောင် ပြောပစရာတစ်ခု ဖြစ်၍ အလွန် ကျေးဇူးများကြောင်းနှင့် ပြောဆိုသည်။ ၎င်းတိုက်အိမ်တွင် တစ်နာရီခန့် ကြည့်ရှုနေထိုင် လက်ဖက်ရည်သောက်ပြီးမှ တည်းနေရင်း တိုက်အိမ်သို့ ပြန်လာကြသည်။ တိုက်အိမ်သို့ရောက်မှ ပြင်သစ် စာရေးကြီးနှင့်အတူ နံနက်စာ စားပွဲစားကြသည်။

၎င်းနေ့ည ၇ နာရီအချိန် သံတော်အရာရှိ၊ မာရကတ်ကြီးတို့ စင်ကာပူ မြို့ ဝန်ကြီးက စားပွဲဖိတ်ကြားရာ သွားရန် ရထားစီးနင်းပြီးလျှင် ပြင်သစ် ကောင်စစ် အာရတွန်အိမ်သို့ သွားကြသည်။ အာရတွန်လည်း သံတော်တို့နှင့် အတူ ရထားစီး၍ ဝန်ကြီးအိမ်သို့ သွားကြသည်။ ရောက်လျှင် ဝန်ကြီး ကတော်၊ ဝန်ကြီး ဆိုသူတို့ ကောင်းမွန်စွာ ဆီးကြိုသည်။ အစည်းအဝေးမှာ အထက် တနင်္လာနေ့က စည်းဝေးသည့် ပရိသတ် အစည်းအဝေးအတိုင်း အရာရှိ ကတော်မယားအစုံ စည်းဝေးရှိနှင့်သည်။ အထက် ဧည့်ခံ၊အစည်း အဝေးတွင် ဝန်ကြီး ဆိုသူ၊ ဝန်ကြီးကတော် ဆိုသူတို့ သံတော်အရာရှိတို့ကို မြတ်နိုးတနာ စကားပြောဆို ဝမ်းမြောက်ဝမ်းသာ တစ်နာရီခန့် နေထိုင်ပြီး လျှင်၊ အထက် တနင်္လာနေ့က ကဲ့သို့ သံတော် အရာရှိတို့ကို ကတော်ကြီးတို့ အသီးအသီး လက်တွဲကာ တွဲကာ စားပွဲခင်းကျင်းရာသို့ သွား၍ စားပွဲထိုင်ကြ သည်။ ၎င်းစားပွဲ အခင်းအကျင်းမှာလည်း ပျော်ပျော်ပါးပါး စကားပြောဆို၍ **စမဲ** [၁] အမျိုးမျိုး၊ အချိုအဆိမ့် အမျိုးမျိုး၊ သစ်သီး အမျိုးမျိုးများကို စားသောက်၊ တစ်နာရီခန့်ကြာလျှင် ၎င်းစားပွဲခန်းက အထက်ဧည့်ခန်းသို့ တစ်ဖန် ပြန်တက်၊ စကားပြောဆို၊ **ပြားနိုး** [၂] တီးမှုတ်၊ ဝန်ကြီးကတော်၊ တရားသူကြီးကတော်တို့ သီချင်းဆိုလျက် အလွန် ပျော်ပါး ရွှင်လန်းဖွယ်များကို ပြုလုပ်ကြသည်။ ၎င်းအိမ်က ၁၁ နာရီအချိန်မှ ပြန်လာကြသည်။ ၎င်းနေ့လည်း စားပွဲထိုင် သွားမည် ထွက်သည်က စ၍ ဝန်ကြီးတိုက်အိမ်သို့ ရောက်သည်တိုင် မိုး သည်းထန်စွာ ရွာသည်။ ၎င်းနေ့ သင်္ကြန်အတက်နေ့ ဖြစ်သည်။ ၎င်းအစည်း အဝေးတွင် **မလာကမြို့ဝန်** [၃] ကို တွေ့၍ မေးရာ မလေးလူမျိုးတို့ နေရာဖြစ်၍ မလာက ခေါ်ကြောင်း၊ မြန်မာတို့က ၎င်းကို မလ္လကာ ခေါ်ကြောင်း၊ ၎င်း ကျွန်းတွင် အုန်း၊ ကွမ်းသီး ပေါများကြောင်း၊ တရုတ်လူမျိုးလည်း ငါးသောင်း ခန့် ရှိကြောင်း၊ မလေးလူမျိုး၊ တရုတ်လူမျိုး၊ မွန်လူမျိုး၊ ယိုးဒယားလူမျိုးတို့ ပေါင်းဆုံရာ နယ်ဆုံနယ်ဆိုင် ဖြစ်၍ လူဆိုးလူသွမ်း များကြောင်း၊ ရာဇဝတ် ရေး ကင်းလွတ်အောင် အထူးသဖြင့် သဘောထားရကြောင်း၊ ၎င်းကျွန်းက

၁။ စမဲ–အမဲဟင်းလျာ (ဦးသိန်းလှိုင်၊ စာ–၃၃) ၂။ Piano ၃။ Commissioner of Malacca



www.burmeseclassic.com

www.burmeseclassic.com



ထွက်သည့် ကွမ်းသီးကို မလေးကွမ်းသီး, မလာက ကွမ်းသီး ခေါ်သည်ကို မြန်မာတို့က မလာယု ကွမ်းသီး ခေါ်ကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းအစည်းအဝေးတွင် ဂျာဟိုရာဇာခေါ် ပသျှူးမင်းနှင့် တွေ့၍ မေးရာ ဂျာဟိုနိုင်ငံ အလျား အနံ မြန်မာတိုင် ၂၅ တိုင်ခန့် ရှိကြောင်း၊ ချိပ် ငရုတ်ကောင်း အများ ထွက်ကြောင်း၊ မီးရထားလမ်းလည်း လုပ်ဆဲ ဖြစ်ကြောင်း၊ တရုတ်လူမျိုးလည်း သုံးသောင်းခန့် ရှိကြောင်း၊ အီနောင်ဇာတ်လည်း ၎င်းတိုင်းပြည်က အရင်းဖြစ်ကြောင်း၊ ၎င်းစာ ပသျှူးဘာသာနှင့် ယခုတိုင် ရှိကြောင်း၊ ဘဇာငန်တောင် ဆိုသည်မှာလည်း ဘာသာကွဲ၍ ဘဇာငန်ခေါ်ဟန်ရှိသည်။ ဘဇာငန် မဟုတ်၊ စဂျာရာတောင် ခေါ်သည်။ ၎င်းတောင်လည်း ဂျာဟိုနိုင်ငံမှာ ရှိသည်ဟု ပြောဆို ကြားသိရသည်။ ၎င်းပြင် အိန္ဒာပု, ပွတ်စပါး, ဘယာဘီတောင်, စရကားမင်းတို့ကို မေးရာ ဘာသာကွဲ၍ အခေါ်အဝေါ်မညီ ဖြစ်သောကြောင့် နေရာကျ မပြောနိုင်ပါ။ စာနှင့် တိုက်ဆိုင် ကြည့်ရှုရမှ နေရာကျပါမည် ပြောဆိုသည်။

**၎င်းလပြည့်ကျော် ၁၄ ရက်**[၁] ဗုဒ္ဓဟူးနေ့ နှစ်ဆန်း ၁ ရက်နေ့ မော်လမြိုင်မြို့က ပီလောပီနံမြို့သို့ ရောက်သည့် အကြောင်းအရာ၊ ၎င်းက မလာကမြို့သို့ ရောက်သည့် အကြောင်းအရာ၊ ၎င်းက စင်ကာပူမြို့သို့ ရောက်၍ စင်ကာပူမြို့ဝန်ကြီးက ကောင်းမွန်စွာ လက်ခံပြုစုသည့် အကြောင်းအရာ၊ အီတာလျံ ကောင်စစ်, ပြင်သစ် ကောင်စစ်တို့ ကောင်းမွန်စွာ ပြုစုသည့် အကြောင်းအရာ၊ စင်ကာပူမြို့တွင် သင်္ဘောကို စောင့်နေရပ်ဆိုင်းသည့် အရာ၊ တင်စာ လျှောက်စာများကို ရေးသားစီကုံး၍ ကင်းဝန်မင်းကြီးအိမ် ပေးစာ၊ သူဌေးကို ဆင့်စာများနှင့်တကွ စာအိတ်ထည့်သွင်း၍ စာတိုက်သို့ အပ်ရန် ပြင်ဆင် အသင့်ထားကြသည်။ ၎င်းနေ့ သံတော်အရာရှိ, စာရေး လူငယ်တို့ ရထားစီးနင်း၍ မြို့တွင်းမြို့ပြင် လမ်းသေးလမ်းမများကို လှည့်ပတ် ကြည့်ရှုကြသည်။

**သက္ကရာဇ် ၁၂၃၆ ခု၊ ကဆုန်လဆန်း ၁ ရက်**[၂] ကြာသပတေးနေ့ ပြင်သစ်သွား **စင်း**[၃] ခေါ်သည့် မီးသင်္ဘော ဆိုက်လာသည်။ ၎င်းသင်္ဘောတွင် စီးနင်းလိုက်သွားရန် ပထမအခန်း၊ ဒုတိယအခန်းများကို မာရကတ်ကြီး သင်္ဘောရောက် သွား၍ မှတ်သား ကြည့်ရှုသည်။ သင်္ဘောခငွေများကိုလည်း သင်္ဘောကုမ္ပဏီတိုက်သို့ မောင်အောင်သူ, မောင်မြ, ရွှေတိုက်ကြပ်တို့ သွားရောက် ချေပေးကြသည်။ ၎င်းသင်္ဘော **လဆန်း ၂ ရက်**[၄] နေ့ ၃ ချက်တီးအချိန်

၁။ ၁၅ ဧပြီ ၁၈၇၄ ၂။ ၁၆ ဧပြီ ၁၈၇၄ ၃။ S.S.Sind ၄။ ၁၇ ဧပြီ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ထွက်မည် ဖြစ်၍ ဧင်းလဆန်း ၂ ရက် [၁] နေ့ ၂ ချက်တီးအချိန် သင်္ဘောသို့ ဆင်းရန် တိုက်ခ၊ ရထားခများကို ရှင်းလင်း ပေးဆပ်ရသည်။ ဧင်းနေ့ သံတော်အရာရှိ၊ စာရေးလူငယ်ပါ ရထားစီးနင်း၍ မြို့တွင်းမြို့ပြင် လမ်းသေး လမ်းမများသို့ လှည့်ပတ် သွားလာကြသည်။

ဧင်းလဆန်း ၂ ရက် [၁] သောကြာနေ့ ၂ ချက်တီးအချိန် အသုံးအဆောင် သေတ္တာ၊ ရာဇသံ သေတ္တာများကို အကြွင်းအကျန် မရှိစေရ၊ သိမ်းဆည်း ယူငင်၍ လှည်းနှင့် တင်ဆောင်ပြီးလျှင် ပြင်သစ်မြို့သွား စင်း ခေါ်သည် မီးသင်္ဘောသို့ သယ်ယူတင်ဆောင်ကြသည်။ ညောင်ဦး တို့တောင်းငယ် ပြည်ဝင် ၁၊ ခွက်ဝင် ၁၊ စလယ်ဝင် ၁ များကို မင်းကြီးက အီတာလျံ ကောင်စစ်ထံ ပေးပို့ခဲ့သည်။ ပင်လယ်ဖြစ် ခရ ယောက်သွားမျိုးစုံ သေတ္တာ ၂ ကို ရန်ကုန်မြို့ သူဌေးထံ ပို့ရန် ပြင်သစ်ကောင်စစ်အိမ်သို့ ပေးပို့ခဲ့သည်။ သံတော်အရာရှိ၊ မာရကတ်ကြီးတို့မှာ နောက်မှ ရထားစီးနင်း သွားကြသည်။ တိုက်အိမ်ခ, ရထားခ, ကုန်တင်ကုန်ချ အခမှ စ၍ ဒိ သုံး ဒင်္ဂါးပြားရေ ၇၃၀ ပေးချေ သုံးကုန်ရသည်။ ဧင်းမြို့တွင် ဒေါ်လာခေါ် ဒင်္ဂါးကြီးကို သုံးကြသည်။ မြန်မာ ဒိ သုံး ဒင်္ဂါး ၅ ၂ူး ၁ ပဲ ရှိသည်။ စင်း ခေါ်သည့် သင်္ဘောသို့ ရောက်သည်။ အခန်းနေရာများကို မှတ်သား နေထိုင်ကြသည်။ အီတာလျံကောင်စစ်, ပြင်သစ်ကောင်စစ်တို့လည်း သင်္ဘောသို့ လာရောက် နှုတ်ဆက်ကြသည်။ အီတာလျံ အတွင်းဝန် အာဂမော, ရေကြောင်း ကပ္ပိတန် အာရဘိုက်ရိုက်ကျား, နိုင်ငံခြား ဝန်ကြီးတို့ထံ စာပေးကြောင်းနှင့် အီတာလျံ ကောင်စစ် ပြောဆိုသည်။ ဧင်းနေ့ ၃ ချက်တီးအချိန် စင်ကာပူမြို့ ဆိပ်ကမ်းက ထွက်ခဲ့ကြသည်။ ဧင်းနေ့ည ၃ ချက်တီးကျော် ၃ မောင်းခန့်တွင် မလာကမြို့ အနီးသို့ ရောက်သည်။ ခရီးမှာ အထက် လာခဲ့ရင်း လမ်းအတိုင်းပင် ပြန်လာ ရသေးသည်။ ယမန်နေ့ နေထွက်သည်က စ၍ မြန်မာတိုင် ခရီး ၂၂၃ တိုင်ခွဲ ရောက်သည်။

ဧင်းလဆန်း ၃ ရက် [၂] စနေနေ့ နံနက် ၄ ချက်တီးကျော်လျှင် အထက် လာစဉ် တွေ့မြင်ခဲ့သည် ဆောက်လုပ်ဆဲ မီးပြတိုင်သို့ ရောက်သည်။ အထက် ကဲ့သို့ ကမ်းခြေနှင့် မနီးလွန်း။ သင်္ဘောကြီး ဖြစ်၍ ရေလယ်သို့ ဖွင့်သွားရ သည်။ ဧင်းနေ့ ၂ ချက်တီး အချိန် ပလောပီနံသို့ ရေးရှုသွားသည့် မီးသင်္ဘော ၁၊ ကတ္တူ ၁ များကို မြင်ရသည်။ ဧင်းနေ့ည ၄ ချက်တီးအချိန် စင်ကာပူသို့ ရေးရှုလာသည့် ကတ္တူလှေ ၁ ကို လက်ယာဘက်က မြင်ရသည်။ ဧင်းနေ့ည

[၁] ၁။ ၁၇ ဧပြီ ၁၈၇၄ [၂] ၂။ ၁၈ ဧပြီ ၁၈၇၄

www.burmeseclassic.com



လင်းသည်တိုင် လှိုင်းလေ မရှိ။ အလွန် ငြိမ်သက်သည်။ ၎င်းလမ်း လက်ယာဘက်က စမတ်တရားကျွန်း၊ **ဂျာပါကျွန်း**[၁]**၊ ဘော်နီးကျွန်း**[၂]၊ အချည်နမြို့များ စဉ်လျက်ရှိသည်။ ရံခါရံခါ မှိုင်းမှိုင်းညို့ညို့ မြင်ရသည်။ ၎င်းကျွန်းများတွင် ကာဖီ လက်ဖက်ခြောက် ကွာနိုင် လုပ်ဆောင် တိုးပွားဆဲ။ ယခုလည်း ပေါများကြောင်းကို ပြောဆို ကြားသိရသည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီး မြန်မာတိုင် ၁၃၀ ရောက်သည်။

**၎င်းလဆန်း ၄ ရက်**[၃] တနင်္ဂနွေနေ့ နံနက် ၉ နာရီအချိန် ပလောပီနံမြို့နှင့် ဆီတည့်အရပ်သို့ ရောက်သည်။ ၎င်းက အံနောက်ခပ်ယွန်းယွန်းလာခဲ့ရာ လက်ယာဘက်ကမ်းခြေ တစ်စတစ်စ ပျောက်၍၊ လက်ဝဲဘက်ကမ်းခြေကို တစ်စတစ်စ မြင်ရသည်။ ၎င်းလက်ဝဲဘက်ကမ်းခြေရှိ အရပ်များကို မေးရာ စမတ်တရားကျွန်း၊ ၎င်းအနီး အတွင်းဘက်က ပလောဝိုက်ကျွန်း၊ ၎င်းပြင်ဘက်က ပလောနာစီကျွန်း၊ ၎င်းကျွန်း ၂ ခု စဖတ်တရားကျွန်းနှင့် ဆက်လျက် အချည်န ခေါ်သည် **နိုင်ငံကျပ်**[၄] များကို မြင်ရသည်။ ၎င်းကျွန်းများနှင့် ခရီး မြန်မာတိုင် ၁၀၀ ကျော် ၂၀၀ ခန့် ကွာသည့်အရပ် ရေလယ်တွင် ပလောရောင်ထို ခေါ်သည့် ကျွန်းဝိုင်းငယ် တစ်ခုကိုလည်း မြင် ရသည်။ ၎င်းကျွန်းအနီးသို့ ၎င်းနေ့ နေ ၃ ချက်တီးကျော် ၅ မောင်းခန့် အချိန်တွင် ရောက်သည်။ ၎င်းကျွန်းငယ်နှင့် ခရီးတာ ၅၀၀ ခန့်ကွာ ၎င်းကျွန်းကို လက်ဝဲဘက် ထား၍ အနောက်သို့ သွားရသည်။ ၃ ပင်တိုင် မီးသင်္ဘော ၁ လည်း စင်ကာပူမြို့သို့ ရှေးရှုသွားသည်။ လက်ယာဘက်က မြင်သည်။ စမတ်တရားကျွန်းနှင့်အညီ ဂျာပါးကျွန်း၊ **ဗာလီကျွန်း**[၅] များလည်း ရှိသည်။ ၎င်းဗာလီကျွန်းတွင် ကိုလောင်းခေါင်းမြို့၊ လောင်ဗောက်မြို့၊ ပူလာလိမ်မြို့များနှင့် ငါးမြို့ ငါးစော်ဘွား ရှိသည်။ ၎င်းစော်ဘွားများကို ကိုလောင်းခေါင်းမြို့ စော်ဘွားက အကြီးပြုလုပ် အုပ်ချုပ်လျက် ကိုယ်မြို့နှင့်ကိုယ် အသီးအသီး စိုးအုပ်ကြသည်။ ၎င်းမြို့ရှိ ပသျှူးလူမျိုးတို့လည်း အလွန်ရဲရင့် ကြမ်းတမ်းသည်။ အခြား သိုးဆောင်းလူမျိုးတို့ မနိုပ်စက်၊ မသိမ်းယူနိုင်အောင် ဟော်လန်လူမျိုးများက အလံစိုက်၍ စောင့်ရှောက်သည်။ ၎င်းဗာလီကျွန်းမှာ ဗုဒ္ဓသာသနာ တည်လျက် သီဟိုဠ်ကျွန်းရှိ ရဟန်းများကဲ့သို့ ရဟန်းသံဃာ အများ ရှိသည်ဟု ပြောဆို ကြားသိရသည်။ ၎င်းနေ့ ၄ ချက်တီးကျော်အချိန် ပလောရောင်ထို ကျွန်းငယ်ကို လွန်သည်က စ၍

၁။ Java ၂။ Borneo ၃။ ၁၉ ဧပြီ ၁၈၇၄

၄။ နိုင်ငံကျပ် – နိုင်ငံငယ် (ဦးစိုးလှိုင်၊ စာ–၅၂) ၅။ Bali



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ကျယ်ဝန်းရာ ဝဲယာနှစ်ဖက် ကမ်းခြေ မမြင်သည်အရပ်သို့ ရောက်၍ သင်္ဘော အနည်းငယ် လူးလဲလှုပ်ရှား ရှိသည်။ ၎င်းအတိုင်း အနောက်သို့ စူးစူးလှည့်လျက် ၎င်းနေ့ည လင်းသည်တိုင် သွားရသည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီး မြန်မာ ၁၃၈ တိုင်ခွဲ ရောက်သည်။ မိုးလေလည်း အလွန် ကင်းသည်။

**၎င်းလဆန်း ၅ ရက်** [၁] တနင်္လာနေ့ နေ ၃ ချက်တီးကျော် ၃ မောင်း အချိန် လက်ဝဲဘက်က တောင်စူးစူးသို့ သွားသည် ၃ ပင်တိုင် ရွက်သင်္ဘော ၁ ကို မြင်ရသည်။ ၎င်းနေ့ည ၄ ချက်တီးကျော် ၃ မောင်းအချိန် လက်ဝဲ ဘက်က စင်ကာပူမြို့သို့ တူရူသွားသည် မီးသင်္ဘောကို တွေ့သည်။ သင်္ဘော တစ်စင်းနှင့်တစ်စင်း မီးဖြူ မီးဝါ လွှတ်၍ ပြသည်။ ၎င်းနေ့ လင်းသည်တိုင် လှိုင်းလေ မရှိ၊ ကင်းလွတ်သည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့် တိုင် ခရီး မြန်မာတိုင် ၂၀၀ ရောက်သည်။ အနောက်သို့ စူးစူးရောက်သည်။

**၎င်းလဆန်း ၆ ရက်** [၂] အင်္ဂါနေ့ ၁၂ နာရီအချိန် လက်ယာဘက် မနီးမဝေးတွင် စင်ကာပူမြို့သို့ ရှေးရှုသွားသည် ရွက်သင်္ဘော ၁ မြင်သည်။ ၎င်းနေ့ လေညင်းညင်း လာသည်။ ရေနက်လှသောကြောင့် လှိုင်းအိထသည် နှင့် သင်္ဘောလူးလဲ လှုပ်ရှားသည်။ ယမန်နေ့ မွန်းတည့်က ယနေ့ မွန်းတည့် တိုင် ခရီး မြန်မာတိုင်ပေါင်း ၁၉၀ ရောက်သည်။

**၎င်းလဆန်း ၇ ရက်** [၃] ဗုဒ္ဓဟူးနေ့ နံနက် တစ်ချက်တီး အချိန်က စ၍ သီဟိုဠ်ကျွန်း တောင်စဉ် တောင်တန်းများကို မြင်ရသည်။ လှိုင်းလေ လည်း အထူးမရှိ။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီး မြန်မာတိုင်ပေါင်း ၁၉၉ တိုင် ရောက်သည်။ သီဟိုဠ်ကျွန်းသို့ ခရီးမြန်မာတိုင် ၅၈ တိုင် ကွာသေးသည်နှင့် တစ်နာရီလျှင် ၇ တိုင်ခွဲ သွားမြဲရှိသည်ကို ၉ တိုင်ကျ တိုး၍ လာခဲ့သော်လည်း ၆ နာရီရှိမှ ဂါလု [၄] မြို့ဆိပ် အနီးသို့ ရောက်၍ ဆိပ်ကမ်းသို့ မဝင်နိုင် ရှိသည်နှင့် ဆိပ်အနီး ပင်လယ်ပြင်တွင် ကျောက်မချ မချနိုင် ဖြစ်၍ ပကတိ ၎င်းနေ့ည ရပ်နေရသည်။

**၎င်းလဆန်း ၈ ရက်** [၅] ကြာသပတေးနေ့ နံနက် ၄ ချက်တီးအချိန် ဂါလုမြို့ဆိပ်သို့ ဝင်၍ စင်ကာပူမြို့က ထွက်ခဲ့သည် အကြောင်းအရာ၊ သီဟိုဠ် ကျွန်းသို့ ဆိုက်ရောက်သည် အကြောင်းအရာ၊ ရာဇဘိသေက မုဒ္ဒါဘိသိက် အခမ်းဝင် ရေမျိုးစုံများကို ပေးပို့လိုက်သည် အကြောင်းအရာ စာများနှင့် ရန်ကုန်မြို့ သူဋ္ဌေးကို ဆင့်စာများပါ အိတ်သွင်း တံဆိပ်ခတ်မှတ်ပြီးလျှင်

၁။ ၂၀ မေ ၁၈၇၄ ၂။ ၂၁ မေ ၁၈၇၄ ၃။ ၂၂ မေ ၁၈၇၄ ၄။ Galle ၅။ ၂၃ မေ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



သီဟိုဠ်ကျွန်း စာပို့တိုက်သို့ ထည့်သည်။ သီဟိုဠ်ကျွန်းရှိ ပြင်သစ်ကောင်စစ်ကလည်း ကိုယ်တိုင် လာရောက် နှုတ်ဆက်ပြီးလျှင်၊ သံတော်အရာရှိတို့ စီးနင်းရန် သမ္ဗန်ကို ပေးအပ် အသင့် စောင့်နေစေသည်။ သံတော်အရာရှိ၊ စာရေးလူငယ်တို့လည်း သင်္ဘောပေါ်တွင် နံနက်စာ စားပြီးလျှင်၊ ၎င်းသမ္ဗန်နှင့် ကုန်းသို့ တက်၍ ရထားငှားရမ်း စီးနင်းပြီးလျှင် ဂါလုမြို့ရှိ နန္ဒဝိဟာရကျောင်းတိုက်နေ ဓမ္မာလင်္ကာရ သီရိသုမန တိဿမထေရ်ထံ ဝင်ထွက်ဖူးမြော်၍ သရဏဂုံ ပဉ္စသီများကို ခံယူ ဆောက်တည်ကြသည်။ ပြီးလျှင် **စင်နင်မန်းဂါရတင်း**[၁] ဥယျာဉ် ခေါ်သည် သစ်ကြံပိုး ဥယျာဉ်ကို အကြည့်အရှု သွားကြသည်။ လမ်းတွင် ဝါကွဲလ မြစ်ဆိပ် ဟိုတက်တွင် အတန်ငယ် ရပ်နား၍ လာကြပြန်ရာ၊ စင်နင်မန်း ဂါရတင်း ဥယျာဉ်သို့ ရောက်၍ လှည့်ပတ် ကြည့်ရှုကြသည်။ ၎င်းကပြန်လျှင် အထက် သိကျွမ်းဖူးသည့် ပထမမုဒီယ အရာရှိအိမ်သို့ ဝင်ကြသည်။ ၎င်း **မုဒီယ**[၂] လည်း ဗုဒ္ဓဘာသာ အယူရှိသည် ဖြစ်၍ ရိုသေလေးမြတ် ကောင်းမွန်စွာ လက်ခံပြုစုသည်။ ပရမာနန္ဒဝိဟာရကျောင်း ဆရာတော်လည်း ၎င်းအိမ်သို့ သံတော်တို့နှင့်အတူ ပါသည်။ သီဟိုဠ်ကျွန်းမှာ ဖြစ်ပျက် ကြောင်းရာများကို မေးရာ၊ အထက်ကာလ သီဟိုဠ်ကျွန်းကို ၄ ပုံ ပိုင်းခြား၍ အကြီးအအုပ် ၄ ယောက်နှင့် **စီရင်ရသည်ဟု**[၃]၊ အနုရာဓမြို့သည် ရှေးဘုန်းကြီးသောမင်းတို့ နေရပ်လည်း ဖြစ်သည်။ မဟာစေတီ လောဟပါသာဒ စသော အဆောက်အဦ အတည်အထား အကြီးအကျယ်လည်း များသည်။ သို့ဖြစ်၍ တစ်ဌာန ဖြစ်ထွန်းအောင် ပြုသင့်သည် အင်္ဂလိပ် အစိုးရမင်းတို့ သဘောရသည် ဖြစ်၍ အနုရာဓမြို့ကို တစ်ဌာန ပိုင်းခြားပြန်ကြောင်း၊ ရှေးဘုရားဟောင်း ကျောင်းဟောင်းများကိုလည်း အမွန်ရှည်စွာ တည်အောင် ပြင်ဆင် လုပ်ဆောင်ဆဲ ဖြစ်ကြောင်းများနှင့် ပြောဆို ကြားသိရသည်။ သီဟိုဠ်ကျွန်းရှိ သာသနာတော်ကို မေးရာလည်း အမရပူရဂိုဏ်း၊ ရှမ်းဂိုဏ်း ၂ ဌာန ကွဲပြားသည်အနက် ရှမ်းဂိုဏ်းက ဂိုဏ်းအများ ကွဲပြားပြန်သောကြောင့် ဝါဆို ဝါကပ် လရက် အပိုင်းအခြား မညီညွတ် ကွဲပြားရှိကြကြောင်း၊ နိုင်ငံတော်က သီလဝန္တ ဂန္ထဓုရ ပိဋကရေ ပုဂ္ဂိုလ်မြတ်တို့ လာရောက်ခြင်းကို မျှော်လင့်တောင့်တ ရှိကြောင်းများနှင့် ပြောဆို ကြားသိရသည်။ ၎င်းအိမ်တွင် ၂ နာရီခန့် နေထိုင်ပြန်လာရာ၊ မုဒီယ ကိုယ်ပိုင်ရထားနှင့် ကိုယ်တိုင်လိုက်ပို့၊ လော်ရက်ခေါ် ဟိုတက်တိုက်အိမ်တွင် မုဒီယနှင့်အတူ စားပွဲ ညစာစားပြီးမှ ည ၄ ချက်တီး

၁။ Cinnamon Garden ၂။ Mudaliyar ၃။ စီရင်သည်။ (ဦးစိုးလှိုင်၊ စာ-၅၄)



www.burmeseclassic.com

www.burmeseclassic.com



ကျော် ၂ မောင်းအချိန် သင်္ဘောသို့ ပြန်လာကြသည်။ ၎င်းနေ့ည သင်္ဘောမှာ ဝန်အများ တင်သည်။ စီးနင်းသူလည်း အများ တိုးသည်။

**၎င်းလဆန်း ၉ ရက်**[၁] သောကြာနေ့ တစ်ချက်တီးအချိန် သီဟိုဠ်ကျွန်း ဂါလုမြို့ ဆိပ်ကမ်းက ထွက်သည်။ ၎င်းနေ့ တစ်ချက်တီးကျော် ၂ မောင်း အချိန် လက်ယာဘက် ခရီး ၄ တိုင်ခန့်ကွာတွင် ရွက်သင်္ဘော ၁ ကို မြင်ရသည်။ ၎င်းနေ့ လှိုင်းလေ မရှိ။ လင်းသည်တိုင် ငြိမ်ငြိမ်သက်သက် ရှိသည်။ သီဟိုဠ် ကျွန်းက နောက်စီးသည့် လူတို့အနက် အီတာလျံလူမျိုး အတီးသမားတို့ ပါသည် ဖြစ်၍ ၎င်းနေ့ည သင်္ဘောပေါ်တွင် တီးမှုတ်ကြသည်။ ၎င်းနေ့ည သင်္ဘောစီး အင်္ဂလိပ်လူမျိုး နာမကျန်းရှိရင်းတွင် ဂါလုမြို့မှာ ဆိုက်သည့် အခိုက် အပူမိပြန်၍ သေဆုံးသည်ကို **၁၀ ရက်**[၂] စနေနေ့ လင်းမှ ပင်လယ်သို့ ခေါင်းသေတ္တာ သွင်းပြီးလျှင် ချခဲ့ရသည်။ ၎င်းရောဂါကို နေရောင်မှန်သည့် ရောဂါ ဟူ၍ သိုးဆောင်းလူမျိုးတို့ ခေါ်ဝေါ်ကြသည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီး မြန်မာတိုင် ၁၄၅ တိုင်ခွဲ ရောက်သည်။

**၎င်းလဆန်း ၁၀ ရက်**[၂] စနေနေ့ လှိုင်းလေ မရှိ။ ပင်လယ် အလွန် ငြိမ်သည်။ ၎င်းနေ့ည ၁၀ နာရီအချိန် လက်္ကာဒီပ, မာလာဒီပကျွန်းများနှင့် နီးသည်။ လက်္ကာဒီပကျွန်းကို **လက်္ကာဒိုင်**[၃]၊ မာလာဒီပကျွန်းကို **မာလာဒိုင်**[၄]ဟု ခေါ်ဝေါ်ကြသည်။ ၎င်းကျွန်းများမှာ ပသီလူမျိုး, သီဟိုဠ်လူမျိုး အများ ရှိသည်။ အုန်းပင် အလွန် ပေါသည်။ အုန်းဆံကြိုးအလုပ်, တံငါအလုပ် များနှင့် အသက်မွေးကြသည်။ လှေလည်း အုန်းသားကို လုပ်ဆောင်ကြ သည်။ စကားစမြည်မှာ သီဟိုဠ် ဘာသာ အပြောများသည်။ သည်ကဲ့သို့ တွေ့မြင်ရသည်ကို ထောက်လျှင် သီဟဠဒီပ တခြား၊ လက်္ကာဒီပ တခြား ယူရန်ရှိသည်။ သီဟိုဠ်ကျွန်းရှိ ရဟန်းတော်တို့ကို မေးလျှင် သီဟဠဒီပ၊ လက်္ကာဒီပ အခြားစီ မဟုတ်။ သီဟဠဒီပကိုပင် လက်္ကာဒီပ ဖြစ်ကြောင်း၊ ၎င်းတို့ စီကုံးရေးသားသည့် စာတွင်လည်း ရံခါ သီဟိုဠ်ကျွန်းကို သီဟဠဒီပ၊ ရံခါ လက်္ကာဒီပ စီကုံး ရေးသားကြသည်။ ယခု တွေ့မြင်သည် လက်္ကာဒီပ ကျွန်းကို သီဟိုဠ်မှ ရဟန်းတော်တို့ မကြားမသိဖူးကြောင်းနှင့် ပြောဆို ကြသည်။ ယခု တွေ့မြင်သည် လက်္ကာဒီပကျွန်းမှာ သီဟိုဠ်ကျွန်းနှင့် ခရီး မြန်မာတိုင် ၂၅၀ ကွာသည်။ သီဟိုဠ်ကျွန်း မြောက်ကို မြန်မာတိုင် ၆၀ ခန့် ယွန်းသည်။ ၎င်းနေ့ည သင်္ဘောပေါ်တွင် အီတာလျံ အတီးဆရာတို့ ဘန်းတီးကြသည်။ ၎င်းတို့ကို ပေးရန် အခကို သင်္ဘောစီးလူတို့က သဒ္ဒါသမျှ

---

၁။ ၂၄ ဧပြီ ၁၈၇၄ ၂။ ၂၅ ဧပြီ ၁၈၇၄ ၃။ Lakdive ၄။ Maldive



www.burmeseclassic.com

www.burmeseclassic.com



စုဆောင်းကြသည်။ ပြင်သစ်ဒင်္ဂါး ၁၀၀၀ ခန့် ရသည်။ မြန်မာသံတော်တို့က ပြင်သစ်ဒင်္ဂါး ၁၀၀ ထည့်သည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီး မြန်မာတိုင် ၁၈၇ တိုင်ခွဲ ရောက်သည်။

**ငင်းလဆန်း ၁၁ ရက်**[1] တနင်္ဂနွေနေ့ ၇ နာရီ အချိန်က စ၍ တစ်နာရီ ခန့် မိုးကြီး သည်းထန်စွာ ရွာသည်။ သို့သော်လည်း သင်္ဘော အလှုပ်အရှား မရှိ။ ငင်းနေ့ အနီးအပါး အသွားအလာ သင်္ဘောများလည်း မတွေ့။ လေမိုးလည်း ငြိမ်သည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီး မြန်မာတိုင် ၁၄၆ တိုင် ရောက်သည်။ ငင်းနေ့ည လင်းသည်တိုင် ကြောင်းရာ ထူးထွေ မရှိ။ ပင်လယ် အလွန် ငြိမ်သက်သည်။

**ငင်းလဆန်း ၁၂ ရက်**[2] တနင်္လာနေ့ နေ ၂ ချက်တီးအချိန် လက်ယာဘက် ခရီး မြန်မာ ၄ တိုင်ခန့်ကွာတွင် **ဘုံဘိုင်**[3] မြို့သို့ ရှေးရှုသွားသည့် ရွက်သင်္ဘော ၁ ကို မြင်ရသည်။ ငင်းနေ့ည လင်းသည့်တိုင် လှိုင်းလေ မရှိ။ ပင်လယ် ငြိမ်သက်သည်။ ငင်းနေ့ည အီတာလျံ ပညာသည် ဆရာတို့ တီးမှုတ်ကြသောကြောင့် သင်္ဘောစီး ပရိသတ်တို့ အလွန် ရွှင်လန်း ပျော်ပါးကြသည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီး မြန်မာတိုင် ၁၄၂ တိုင် ရောက်သည်။ ခရီးမှာ အနောက်မြောက်ယွန်းသို့ သွားရသည်။

**ငင်းလဆန်း ၁၃ ရက်**[4] အင်္ဂါနေ့ လှိုင်းလေ အထူး မရှိ။ ပင်လယ် အလွန် ငြိမ်သက်သည်။ ခရီးမှာ အနောက်သို့ ရှေးရှု၊ မြောက်သို့ စဉ်းငယ် ယွန်းလျက် လာရသည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီး မြန်မာတိုင် ၁၄၈ တိုင်ခွဲ ရောက်သည်။ သင်္ဘောအနီး လက်ယာ လက်ဝဲ များတွင် ပင်လယ်စင်ရော်ငှက် အများ ပျံကျလာသည်။ ငင်းငှက်တို့ မည်သို့ အိပ်သည်၊ မည်သို့ ပျံသည်များကို မေးမြန်းမရနိုင်။ အံ့ဩဖွယ်ရှိသည်။

**ငင်းလဆန်း ၁၄ ရက်**[5] ဗုဒ္ဓဟူးနေ့ လှိုင်းလေ မရှိ။ ခရီးမှာ အနောက်က မြောက်သို့ ယွန်းယောင် သွားရသည်။ အနီးအပါး အသွားအလာ သင်္ဘောများကိုလည်း မမြင်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီး မြန်မာတိုင် ၁၈၅ တိုင် ရောက်သည်။ ငင်းနေ့ လင်းသည့်တိုင် ပင်လယ် ငြိမ်သက်သည်။ **လဆန်း ၁၅ ရက်**[6] နေ့မှ လေရိပ် မြင်ကြောင်းနှင့် ကပ္ပိတန်က ပြောဆိုသည်။

**ငင်းလဆန်း ၁၅ ရက်**[6] ကြာသပတေးနေ့ နံနက် အနောက်မြောက်

---

၁။ ၂၆ ဧပြီ ၁၈၇၄   ၂။ ၂၇ ဧပြီ ၁၈၇၄   ၃။ Bombay
၄။ ၂၈ ဧပြီ ၁၈၇၄   ၅။ ၂၉ ဧပြီ ၁၈၇၄   ၆။ ၃၀ ဧပြီ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



လေ လာမြဲတွင် အနောက်တောင်လေ မည့်မပြင်း လာသည်။ ၎င်းနေ့ ၂ ချက်တီး အချိန်က စ၍ လက်ဝဲဘက်ခရီး မြန်မာ ၁၀ တိုင်ခန့်ကွာတွင် **အာဖရိက**[၁] ကျွန်းစွန်းကို မြင်ရသည်။ ၎င်းက တစ်စတစ်စ နီး၍ **ဂါဒေဖွီး**[၂] ခေါ်သည် ကျွန်းစွန်း ကျောက်ဆောင်အနီးသို့ ရောက်သည်။ ၎င်းကျွန်းစွန်းကို လက်ဝဲဘက်ထား၍ လှည့်ဝင်ပြီးလျှင် ကမ်းနှင့် တာ ၁၀၀ ခန့်ကွာ ကမ်းနားသို့ သီ၍၊ ၎င်းနေ့ နေ ၃ ချက်တီးကျော် ၅ မောင်း အချိန်တိုင် သွားသည်။ ၎င်းက ကမ်းနှင့် တစ်စတစ်စ ဝေး၍ အနောက်မြောက်သို့ ယွန်းယောင် လက်ဝဲဘက် အာဖရိကကျွန်း၊ လက်ယာဘက် **အာရေဘီယ**[၃] နိုင်ငံ ထားပြီး လျှင် **ဒေင်**[၄] မြို့သို့ ရှေးရှုဝင်ခဲ့ရသည်။ အာဖရိကကျွန်း ဂါဒေဖွီးအစွန်းမှ စ၍ လမ်းစဉ်တစ်လျှောက် အနေအထိုင် ထင်မြင်ပုံ အခြင်းအရာများကို အထက် လန်ဒန်မြို့သွား အမှတ်အသား မြို့ကပြန်ခန်းတွင် ပါပြီးဖြစ်၍ အထူး မရေးသည်။ နည်းတူ သိလေ။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီး မြန်မာတိုင် ၁၅၅ တိုင် ရောက်သည်။ ၎င်းဂါဒေဖွီးစွန်းနှင့် တနင်္သာရီမြို့ အရှေ့အနောက် တစ်ကြိုးတည်း တည့်သည်။ ၎င်းက စ၍ ၂ နိုင်ငံအကြား ဝင်သွားသည် ပင်လယ်ကို **ဂက်ဖလ**[၅] ခေါ်သည်။

**၎င်းလပြည့်ကျော် ၁ ရက်**[၆] သောကြာနေ့ နံနက် လင်းလျှင်လင်းချင်း ပြင်သစ်လူမျိုးတစ်ယောက် ပကတိ ကျန်းမာရှိလျက် အိပ်ရာတွင် ရှောင် တခင် လဲ၍ သေဆုံးလေသည်။ ၎င်းနေ့ လေငြိမ်သည်။ အလွန် ပူသည်။ ရေကို ကြည့်သော်လည်း တစ်ပြင် တစ်ပြန့်တည်း နေရှိန်ရောင် ပြောင်ပြောင် တောက်သည် ဖြစ်၍ မအေးမြနိုင်။ ခရီးမှာ အနောက်မြောက်သို့ ယွန်းယောင် လာရသည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီး မြန်မာတိုင် ၁၅၀ နှင့် ၅ ရာ တွင်း ရောက်သည်။ ၎င်းမွန်းတည့် ရောက်သည်အရပ်က ဒေင်မြို့ရောက် ခရီး မြန်မာတိုင် ၄၀၀ ကျန်သည်ဖြစ်၍ အားထုတ်ကြိုးပမ်း လာခဲ့ရာ၊ ၎င်းနေ့ည တစ်ချက်တီးအချိန် ဒေင်မြို့ ဆိပ်ကမ်းသို့ ဆိုက်ရောက် သည်။ ၎င်းနေ့ည ၄ ချက်တီး အချိန်က စ၍ လကြတ်သည်။ **သဗ္ဗ**[၇] ကြတ် နီးနီး အနည်းငယ်သာ ကျန်သည်။ တစ်ချက်တီးကျော်မှ လွတ်စင်သည်။ ၎င်းဆိပ်သို့ အဝင်တွင် တံငါလှေတစ်စင်း ရွက်နှင့်လာရာ သင်္ဘောကို တိုက်မိ ၍ နစ်သည်။ ၎င်းလှေတွင် ပါသည် လူတို့ကို သမ္ဗန်နှင့် ကူး၍ ဆယ်ရသည်။

---

၁။ Africa ၂။ Guardafui ၃။ Arabia
၄။ Aden ၅။ Gulf ၆။ ၁ မေ ၁၈၇၄
၇။ သဗ္ဗ – အလုံးစုံ။ အကုန် (ဦးထွန်းမြင့်၊ စာ–၃၆၅)။



www.burmeseclassic.com

www.burmeseclassic.com



အသေအပျောက် မရှိ။ နက်ဖြန် ၇ နာရီအချိန် သင်္ဘောထွက်မည် ကပ္ပိတန် ပြောဆိုသောကြောင့် သင်္ဘောစီးလူတို့ ကုန်းသို့ အတက်အသွား မရှိကြ။ သင်္ဘောမှာလည်း ကျောက်မီးသွေး အများ ထပ်၍ တင်သည်။ ဒေင်မြို့ ဆိပ်ကမ်း အနေအထိုင်၊ မြေတိုင်သဘော၊ မြို့ရွာပြုစုသည် အကြောင်းအရာ၊ ဒေင်မြို့ရှိရင်း အာရေဘိယ လူမျိုးတို့ ပုံပန်းမှ စ၍ အရပ်ရပ် စကားများကို အထက် လန်ဒန်မြို့သွားစဉ် မှတ်သားသည် နေ့စဉ်မှတ် ဒေင်မြို့ အခန်းတွင် ပါပြီးဖြစ်၍ အကျယ် မရေးသားလိုက်သည်။ နည်းတူ သိလေ။ ၎င်းနေ့ သီဟိုဠ်ကျွန်းက ထွက်ခဲ့သည် အကြောင်းအရာ၊ ဒေင်မြို့ ဆိပ်ကမ်းသို့ ရောက်သည် အကြောင်းအရာ စာများကို ရေးသားပြီးလျှင် အိတ်သွင်း တံဆိပ်ခတ်မှတ် လိပ်ထိုးမြဲ ထိုး၍ ဒေင်မြို့ စာပို့တိုက်သို့ ထည့်ခဲ့သည်။ ဒေင်မြို့နှင့် ထားဝယ်မြို့ အရှေ့အနောက် တစ်ကြိုးတည်း တည့်သည်။ ထားဝယ်မြို့က ရတနာပုံမြို့တော်သို့ ခရီး တောင်မြောက် အတည့် မြန်မာတိုင် ၃၄၅ တိုင် ကွာသည်။

**၎င်းလပြည့်ကျော် ၂ ရက်**[၁] စနေနေ့ ၁၀ နာရီအချိန် ဒေင်မြို့ ဆိပ်ကမ်းက ထွက်လာကြသည်။ လှိုင်းလေ မရှိ၊ ဥတု အလွန်ပူသည်။ သိုးဆောင်း လူမျိုးတစ်ဦး နေရောင်မှန်၍ လဲသည်။ သင်္ဘောစီး လူတို့လည်း ၎င်းနေရှိန် နေရောင်ကို ကြောက်သောကြောင့် ကုန်းပတ်ပေါ်သို့ အတက်နည်းသည်။ ဦးထုပ်ကြီး ဆောင်းသည်။ ခရီးမှာ အနောက်မြောက်သို့ ယွန်း၍ လာရသည်။ ၎င်းနေ့ည ၄ ချက်တီးအချိန် လက်ဝဲ အာဖရိကကျွန်းစွန်းတွင် မီးပြတိုင် အနီးသို့ ရောက်သည်။ ၎င်းအရပ်တွင် လက်ဝဲဘက်က အာဖရိကကျွန်းစွန်း နှင့် နီး၍ အလွန် ကျဉ်းသည်နေရာ ဖြစ်သည်။ ၎င်းနေရာကို သိုးဆောင်း ဘာသာ **စတြေးထ**[၂]၊ မြန်မာဘာသာ ကျဉ်းသောနေရာ ခေါ်သည်။ ၎င်းက စ၍ သိုးဆောင်းဘာသာ **ရက်ထစီး**[၃]၊ မြန်မာဘာသာ ပင်လယ်နီ ခေါ်သည့် ပင်လယ်ကို စ၍ ဝင်ခဲ့ရသည်။ လက်ဝဲ လက်ယာ ကမ်းခြေ နှစ်ဖက်လုံးပင် သစ်ပင်ချုံနွယ် မရှိ။ သဲမြေ ကျောက်တောင်အတိ ဖြစ်၍ အလွန်ပူသည်။ ၎င်းနေ့ည လင်းသည်တိုင် လှိုင်းလေ မရှိ၊ ငြိမ်သက်သည်။ ၎င်းနေ့ည တစ်ချက်တီးအချိန် လက်ဝဲဘက် တာ ၁၀၀ ခန့်ကွာ အရပ်တွင် မီးသင်္ဘော ၂ ရှေ့နောက် တာ ၅၀ ခန့်ကွာ ဒေင်မြို့သို့ တူရူသွားသည်ကို မြင်လိုက်ရသည်။ ယမန်နေ့ မွန်းတည့်က ယခု မွန်းတည့်တိုင် ခရီး မြန်မာတိုင် ၁၅၃ တိုင်ခွဲ ရောက်သည်။

---

၁။ ၂ မေ ၁၈၇၄ ၂။ Strait ၃။ Red Sea



www.burmeseclassic.com

www.burmeseclassic.com



**ငင်းလပြည့်ကျော် ၃ ရက်**[၁] တနင်္ဂနွေနေ့ နံနက် ၇ နာရီအချိန် လက်ဝဲ လက်ယာ ရှေ့နောက် လှမ်း၍ မမြင်နိုင်အောင် မီးခိုးနှင်းကြီးများကဲ့သို့ မှုန်လှသည် ဖြစ်၍ ခရီးစဉ်းငယ် တိမ်းသည်နှင့် တစ်နာရီခန့် ရပ်ပြီးလျှင် နောက်သို့လှည့်၍၊ မြန်မာ ခရီး ၅ တိုင်ခန့် ရောက်မှ လမ်းမှန် လာမြဲတိုင်း လာရသည်။ ခရီးမှာ မြောက်စူးစူး၊ အနောက်သို့ ယွန်းယောင် လာရသည်။ ဥတု အလွန် ပူပြင်းသည်။

ငင်းနေ့ည လင်းသည်တိုင် လှိုင်းလေ မရှိ၊ ပင်လယ် ငြိမ်သက်သည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီး မြန်မာတိုင် ၁၄၅ တိုင် ၅ ရာ တွင်း ရောက်သည်။

**ငင်းလပြည့်ကျော် ၄ ရက်**[၂] တနင်္လာနေ့ နံနက် ၇ နာရီအချိန် လက်ယာဘက် တာ ၁၀၀ ခန့်ကွာတွင် မီးသင်္ဘော ၁ ဒေင်မြို့သို့ တူရူ သွားသည်ကို မြင်ရသည်။ ငင်းနေ့ ၉ နာရီအချိန် လက်ယာဘက် မြန်မာ ခရီး ၁ တိုင်ခန့်ကွာတွင် ဒေင်မြို့သွား မီးသင်္ဘော ၁ စင်း မြင်ပြန်သည်။ ငင်းနေ့ နေ ၃ ချက်တီးက စ၍ ငင်းနေ့ည လင်းသည်တိုင် မြောက်လေ လေမှန်လေပြင်း လာသည်။ သို့သော်လည်း လေနှင့်တူရူ လှိုင်းကို ဖြတ်၍ သွားရသောကြောင့် သင်္ဘော အလူးအရှား သက်သာသည်။ ညဥတုလည်း အေးစပြုသည်။ ခရီးမှာ မြောက်သို့တူရူ၊ စဉ်းငယ် အနောက်ယွန်းယောင် သွားရသည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီး မြန်မာ တိုင် ၁၃၅ တိုင်ခွဲ ရောက်သည်။ သင်္ဘောဦးက လေဟန့်ထားသောကြောင့် ခရီးရောက် သိသိနည်းသည်။ ငင်းနေ့ည ၁၀ နာရီအချိန် **မက္ကာ**[၃]မြို့သို့ တက်သည့် ဆိပ်ကမ်းအနီး ရောက်သည်။ မက္ကာမြို့နှင့် ရတနာပုံ ရွှေမြို့တော် အရှေ့အနောက် တစ်ကြိုးတည်း တည့်သည်။

**ငင်းလပြည့်ကျော် ၅ ရက်**[၄] အင်္ဂါနေ့ ယမန်နေ့က လာသည်လေ မစဲ မငြိမ်း။ သိသိပြင်းပြင်း လာသည်။ သင်္ဘောလည်း သိသိ လှုပ်သည်။ ငင်းနေ့နံနက် တစ်ချက်တီးအချိန် လက်ဝဲဘက်တွင် မီးပြသင်္ဘော စွဲရပ်၍ နေသည်ကို တွေ့သည်။ ငင်းနေ့ နေ ၃ ချက်တီးအချိန် လက်ယာဘက် ခရီး ၁ တိုင်ခန့်ကွာတွင် ဒေင်မြို့သို့ ရှေးရှုသွား မီးသင်္ဘော ၁ ကို မြင်ရသည်။ ငင်းနေ့ ၅ နာရီအချိန် လက်ယာဘက် ခရီး ၁ တိုင်ခန့်ကွာတွင် ဒေင်မြို့သွား မီးသင်္ဘော ၁ ကို မြင်ပြန်သည်။ ငင်းသင်္ဘောသည် ယခု စီးခဲ့သည် စင်း ခေါ်သည် သင်္ဘောနှင့် ကုမ္ပဏီတူ ဖြစ်ကြောင်း၊ ငင်းသင်္ဘောက စင်း

၁။ ၃ မေ ၁၈၇၄ ၂။ ၄ မေ ၁၈၇၄ ၃။ Mecca ၄။ ၅ မေ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



မီးသင်္ဘောထက် ၁၈ တောင် ကြီးကြောင်း၊ ၎င်းသင်္ဘောကို ရောဝတီ ခေါ် ကြောင်း ပြောဆို ကြားသိရသည်။ ၎င်းနေ့ည လင်းသည်တိုင် မြောက်လေမှန် ပြင်းပြင်း လာမြဲ လာသည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီး မြန်မာတိုင် ၁၃၅ တိုင်ခွဲ ရောက်သည်။ ၎င်းနေ့ည ၄ ချက်တီးကျော် ၃ မောင်းခန့်အချိန် လက်ဝဲဘက်က မီးပြတိုင် ၁ ကို မြင်သည်။ ၎င်းမီးပြတိုင် လည်း လန်ဒန်မြို့ကအပြန် မြင်ခဲ့ရသည့် **ဒီလက်ဆစ်**[၁] ခေါ်သည့် မီးပြတိုင် နှင့် တူသည်။ ကျောက်ဆောင် ကျောက်ငုတ် ရှိသည် နေရာတည်း။

**၎င်းလပြည့်ကျော် ၆ ရက်**[၂] ဗုဒ္ဓဟူးနေ့ နေ ၂ ချက်တီးအချိန် လက်ယာ ဘက်က ဒေင်မြို့သို့ တူရူသွားသည် မီးသင်္ဘော ၁ ကို မြင်ရသည်။ ဂျူဘာတ် ခေါ်သည် ကျွန်းငယ်အနီးသို့ ရောက်သည်။ ၎င်းကျွန်းငယ်သည် ဝဲယာ ကမ်း ၂ ခုအလယ် ပင်လယ်နီ ဗဟိုတွင် ရှိသည်။ ၎င်းကျွန်းကို လက်ဝဲထား၍ အစဉ်အတိုင်း ဝင်ခဲ့ရသည်။ ကမ်း ၂ ဖက်ကို မြင်ရသည့် ဖြစ်၍ လှိုင်းလည်း ငြိမ်သည်။ လေမှာ တိုက်မြဲ တိုက်သည်။ ဥတုလည်း အင်တန် အေးစပြုသည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် မြန်မာတိုင် ၁၃၉ တိုင်ခွဲ ရောက်သည်။ မကာမြို့နှင့် ယခုတွေ့သည် ဂျူဘာတ်ကျွန်း ခရီး မြန်မာတိုင် ၂၇၆ တိုင် မြောက်သို့ ရောက်သည်ဖြစ်၍၊ ၎င်းကျွန်းနှင့် အရှေ့အနောက် မှန်းသော် နိုင်ငံတော် မြောက်သို့ လွန်၍ ရောက်နေသည်။ ၎င်းနေ့ နေ ၃ ချက်တီးအချိန် လက်ယာဘက်က မီးသင်္ဘော ၁ ဒေင်မြို့သို့ တူရူသွားသည် ကို မြင်သည်။ ၎င်းနေ့ ၃ ချက်တီးအချိန် လက်ဝဲဘက်က မီးပြတိုင် ၁ ကို မြင်သည်။ လက်ယာဘက် ရှေ့က **စွစ်**[၃] မြို့သို့ သွားသည် မီးသင်္ဘော ၁ ကို မြင်သည်။ ၎င်းသင်္ဘောကို များမကြာမီ ရှေ့လွန်၍သွားသည်။ ၎င်းနေ့ည ၄ ချက်တီးအချိန် လက်ဝဲဘက်က မီးပြတိုင် ၁ ကို မြင်ပြန်သည်။ ဂျူဘာတ် ကျွန်းက စ၍ လက်ဝဲ လက်ယာ ကမ်းခြေမပျောက်၊ တစ်ဆက်တည်း မြင်ရ သည်။ ၎င်းနေ့ည ၃ ချက်တီးအချိန် စွစ်မြို့ ဆိပ်ကမ်းသို့ရောက်၍ ဆိုက်ရပ် သည်။ ယမန်နေ့ မွန်းတည့်က စွစ်မြို့သို့ ရောက်သည်တိုင် ခရီး မြန်မာတိုင် ၈၆ တိုင် ရောက်သည်။

**၎င်းလပြည့်ကျော် ၇ ရက်**[၄] ကြာသပတေးနေ့ စွစ်မြို့ ဆိပ်ကမ်းတွင် နံနက် ၁၁ နာရီ အချိန်တိုင် ရပ်နေပြီးမှ ထွက်လာခဲ့ကြသည်။ ပင်လယ်နီ ဝဲယာ မြို့ရွာဆိပ်ကမ်း၊ စွစ်မြို့ အနေအထား တိုးပုံတက်ပုံ၊ ဥတုရာသီ၊ မြေ တောင် အခြင်းအရာ၊ စွစ်မြို့ တူးမြောင်းအကြောင်း, တူးလုပ်သည့် အခြင်း

---

၁။ De Lasseps ၂။ ၆ မေ ၁၈၇၄ ၃။ Suez ၄။ ၇ မေ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



အရာ၊ တူးရာ မြေသဘော၊ တူးမြောင်း အနက်အကျယ်၊ ခရီးအကွာအလှမ်းမှ စ၍ အရပ်ရပ် အကြောင်းအရာများမှာ အထက် စွစ်မြို့သွား နေ့စဉ်မှတ်များတွင် ရေးသားပြီး ဖြစ်၍ အကျယ် မရေးလိုက်ပြီ။ နည်းတူ သိလေ။ ၎င်းနေ့ ၁၁ နာရီအချိန် စွစ်မြို့ ဆိပ်ကမ်းက ထွက်၍ တူးမြောင်းသို့ ဝင်ခဲ့ရသည်။ ၁၂ နာရီအချိန် မီးသင်္ဘော စွစ်မြို့သို့ လာသည်နှင့် ရင်ဆိုင်တွေ့မည် ဖြစ်၍ သင်္ဘောရှောင်ရန် ထားသည် စခန်းက တစ်နာရီခန့် ရပ်နေ၊ ကမ်းတစ်ဖက်သို့ သင်္ဘောကို ကြိုးနှင့် ဆိုင်းကပ်ထားရသည်။ တစ်နာရီခန့်ကြာလျှင် မီးသင်္ဘော လာ၍ သင်္ဘောချင်း ပွတ်ကာ ရှောင်သွားသည်။ ၎င်းသင်္ဘောကလည်း အဆိုင်းကြိုးများကို သိမ်း၍ ထွက်လာခဲ့ရသည်။ သည်ကဲ့သို့ ခရီး အင်္ဂလိပ် ၅ တိုင်လျှင် တစ်စခန်း တစ်စခန်း သင်္ဘောရှောင် ဆိပ်ကမ်း အစောင့်အနေ လူအမှတ်အသား ဥပဒေများနှင့် တူးမြောင်းတစ်လျှောက် အစဉ်အတိုင်း ထားသည်။ ၎င်းတူးမြောင်းကို လျှောက်၍ အစဉ်အတိုင်း ကြေးနန်းလည်း ထားသည်။ မည်သည် သင်္ဘော မည်သည်အချိန် ဝင်သည်။ မည်သည်အချိန် ထွက်သည်။ မည်သည်စခန်းသို့ ရောက်လျှင် ဆိုင်မိရန် ရှိသည်။ ဆိုင်မိမည့် စခန်းသို့ အလျင်ရောက်သည် သင်္ဘောက ရပ်ဆိုင်း ရှောင်နေရမည်။ ကြေးနန်းနှင့် မှာထားမြဲအတိုင်း အမြဲစောင့်နေ မှာထားရသည်။ ၎င်းတူးမြောင်းသို့ လေကြီး လေငယ်အလျောက် အသွားအလာ မရှိရ။ သင်္ဘောလည်း ၎င်းမြောင်းအတွင်း နေ့ကိုသာ သွားရသည်။ ညကို မသွားရ။ နေ့ကို သွားသော်လည်း ပင်လယ်ပြင်မှာကဲ့သို့ စက်ကုန်လွှတ်၍ အလိုရှိတိုင်း မသွားရ။ ဖြည်းညင်းသက်သာ တစ်နာရီလျှင် အင်္ဂလိပ် ၅ တိုင်ကျသာ သွားရသည်။ ၎င်းတူးမြောင်း ဝဲယာများတွင် အိမ်ခြေလူနေဆက်ကာ ဆက်ကာ တည်ထောင်ပြုစုဆဲ ရှိသည်။ ၎င်းဝဲယာ မြေအရပ်များမှာ ဒေင်မြို့ ပင်လယ်နီ ဝဲယာ စွစ်မြို့တစ်လျှောက် မြေများနှင့် ထပ်တူ၊ သဲမြေ ပကတိ၊ နိမ့်ရာ နိမ့်၊ မြင့်ရာ မြင့်၊ ရံခါ ကုန်း၊ ရံခါ အင်းကြီး အိုင်ကြီး လျှိုရိုး ဆက်ကာ ဆက်ကာ တွေ့မြင်ရသည်။ ကုန်းမြင့်သို့ ရောက်လျှင် သင်္ဘောတစ်စင်း သွားလာနိုင်ရုံမျှ တူးဖောက်သည်။ အင်းအိုင်သို့ ဆက်မိလျှင် ပြင်သင့်ရာရာ ပြင်၍ ၎င်း အင်းဟောင်း အိုင်ဟောင်းသို့ ဖြတ်သွားရသည်။ သဲမြေအတိ ဖြစ်၍ အလွန် ပူပြင်းသည်။ သစ်ပင်သစ်ရိပ် ကင်းသည်။ ရံခါရံခါ အနည်းငယ်မျှ သစ်ပင်ငယ် ချုံငယ်များကို မြင်ရသည်။ ၎င်းနေ့ည **အစ်စမာလီယာ**[၁] မြို့တွင် ချရပ် အိပ်နေရသည်။ စွစ်မြို့နှင့် အစ်စမာ

၁။ Ismalia



www.burmeseclassic.com

www.burmeseclassic.com



လိယာမြို့ ခရီး မြန်မာတိုင် ၂၈ တိုင်ခွဲ ကွာသည်။ ၎င်းအစ်စမာလိယာမြို့သည် တူးမြောင်း လုပ်ဆောင်စဉ် ရပ်နေသည့်စခန်း ဖြစ်၍၊ ၎င်းအရပ်တွင် မြို့ရွာ ဆိပ်ကမ်းပြုစု၊ အီဂျစ်ဘုရင်ခံ အစမာလိယ အမည်ကိုယူ၍ အစ်စမာလိယာ မြို့ ခေါ်ဝေါ် သမုတ်သည်။ ၎င်းမြောင်းကို ပထမ စ၍ ဖွင့်သည် အခမ်းအနား လည်း ၎င်းမြို့က စ၍ လုပ်ဆောင်ကြောင်းများကို ပြောဆို ကြားသိရသည်။

**၎င်းလပြည့်ကျော် ၈ ရက်**[၁] သောကြာနေ့ နံနက် ၄ ချက်တီးအချိန် အစ်စမာလိယာမြို့က ထွက်ခဲ့ရာ လက်ဝဲလက်ယာ ကမ်းခြေတစ်လျှောက် မြေအနေအထား လျှိုရိုးချပ်ကြားများမှာ အထက်နည်းတူ ကမ်းခြေဝဲယာ ၅ တိုင်ကွာ အရပ်များတွင် ကျေးရွာပြုစု၊ ကြေးနန်း ဆက်ကာ ဆက်ကာ သင်္ဘောရှောင်ရန် စခန်းများနှင့်တကွ တိုးဆဲပွားဆဲ လုပ်ဆောင်ဆဲများကို မြင်ရသည်။ ၎င်းနေ့ ၂ ချက်တီးအချိန် တူးမြောင်းအထွက် မြောက်ပင်လယ်ဝ **ပိုးစတေး**[၂] မြို့သို့ ဆိုက်ရောက် ကျောက်စွဲရပ်ပြီးလျှင်၊ ၎င်းမြို့များတွင် ၎င်း သင်္ဘောကုမ္ပဏီ ဆိုင်ရာ လူကြီးတို့က သင်္ဘောသို့ တင်ဆောင်ရန် စက်လုပ် ကျောက်မီးသွေးခဲ၊ အစားအစာများကို ပြင်ဆင်အသင့် ရှိနှင့်သည်နှင့် ၎င်း တင်ဆောင်ရန်များကို သင်္ဘောတော်သို့ တင်သည်အတွင်း ပိုးစတေးမြို့သို့ တက်သွား လှည့်ပတ်ကြည့်ရှုကြရာ စွစ်မြို့ကဲ့သို့ သဲပြင်အတိ၊ ပင်လယ်ရေစပ် သစ်ပင်ချုံနွယ် ကမ္ဘာမြေသား မရှိ။ ၎င်းမြောင်းကို တူးဖောက်မှ ဤအရပ်တွင် အဝင်အထွက် အချက်အဆစ် ဖြစ်၍ မြို့ရွာ မဖြစ်မနေရ၊ အားထုတ်ကြိုးပမ်း လျက် လုပ်ဆောင်ကြ၍ ယခု ၄ နှစ်၊ ၅ နှစ်အတွင်း အိမ်ခြေလူနေ ဖြစ်ထွန်း တိုးပွားရှိကြောင်း။ မြောင်းမပေါက်မီ ရှေးကာလ ၎င်းအရပ်တွင် မြို့ရွာလူနေ မရှိကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းပိုးစတေးမြို့သည် မြောင်းထွက် ပင်လယ်ဖြစ်၍ တိုက်အိမ် ဈေးဆိုင်ကနား သစ်ပင် ဥယျာဉ်ရေပန်း ကျောက်မီးသွေးရုံ ဝန်တင်သမ္ဗန် ကူးတို့သမ္ဗန် အမြောက်အမြား ရှိသည်။ သင်္ဘောလည်း အများ ဆိုက်ရောက်ဝင်ထွက်ကြသည်။ ဆိပ်ကမ်း လမ်းပန်း အိမ်ရာတိုက်ရာ ဝဲယာ ကမ်းခြေများကိုလည်း ပြင်ဆင်လုပ်ဆောင်ဆဲ။ ၎င်းမြောင်းအတွင်း ပင်လယ်ဝတွင် ဝဲယာ ၂ ဖက် ခရီးတာ ၅၀ ခန့် ကျောက်တံတိုင်း ရေကာ လုပ်ဆောင်ရန် ကျောက်ချဆဲ။ ၎င်းရေကာ ဝဲယာအတွင်း ရေတိမ် သောင်တိမ် မရှိစေရအောင် မြေတူးစက်အများနှင့် ပင်လယ်ရေအောက် သဲမြေကို တူးလုပ် သယ်ယူဆဲများကို တွေ့မြင်ရသည်။ ၎င်းပိုးစတေးမြို့ ပင်လယ်ထောင့်စွန်းတွင် တောင်ပေါင်း ၆၀ ခန့် မြင့်သည်

---

၁။ ၈ မေ ၁၈၇၄ ၂။ Port Said

ချာပြည့်မြာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မီးပြတိုင်ကြီးလည်း လုပ်ဆောင်ပြီးပြေစ ရှိသည်။ ၎င်းမီးတိုင် ညတိုင်လျှင် **အက္ခရာဏီကစာတ်**[၁] ဖြင့် မီးထွန်းကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်း ပိုးစတေးမြို့အရပ်သည် ပင်လယ်ရေစပ် ကမ္ဘာမြေ မရှိ။ သဲပြင်အတိ ဖြစ်လျက် ဆိပ်ကမ်းပြုစု၊ မြို့ရွာ တည်ထောင်၊ သစ်ပင် ဥယျာဉ် အဆောက်အဦ အကြီးအကျယ်ဖြစ်အောင် လုပ်ဆောင်သည် အရာများသည် လောကီအကျိုး တိုးပွားဖြစ်ထွန်းရန် ကြံစည်ခြင်းကို အလိုရှိသူတို့ နည်းယူစလောက် ပေသည်ဟု ထင်မှတ်မိသည်။ အစ်စမာလီယမြို့က ၎င်းပိုးစတေးမြို့ရောက် ခရီး မြန်မာတိုင် နှစ်ဆယ့်ရှစ်တိုင်ခန့် ရှိသည်။ ၎င်းမြို့က ကျောက်မီးသွေးမှ စ၍ အရပ်ရပ် တင်ဆောင်ရန် ရှိသည်များကို ပြည့်စုံပြီးပြေအောင် တင်ဆောင် ပြီးလျှင် ၎င်းနေ့ည ခုနစ်နာရီအချိန် ၎င်းဆိပ်ကမ်းက ထွက်ခဲ့ကြသည်။ ၎င်းမြို့တွင် လွန်ခဲ့သည့် နှစ်ပေါင်း လေးနှစ်ခန့်က ရွှေမြို့တော်သို့ ရောက်၍ ကမ္ဘရထားတို့နှင့်အတူ ကင်းဝန်မင်းကြီးအိမ်သို့ လာရောက် သိကျွမ်းဖူးသူ အင်္ဂလိပ်လူမျိုး စတာဘိတ် ဆိုသူကို တွေ့၍၊ အရှိအသေ မြတ်နိုးတနာ တိုက်အိမ်သို့ခေါ်သွား လက်ခံပြီးလျှင် ကိုယ်ပိုင်သမ္ဗန်နှင့် သင်္ဘောရောက် လိုက်ပို့လိုက်သည်။

**၎င်းလပြည့်ကျော် ၉ ရက်**[၂] စနေနေ့ နံနက် လေးချက်တီးက စ၍ တစ်နေ့ပတ်လုံး အနောက်မြောက်က လေမှန်လေပြင်း လာသည်။ လှိုင်း လည်း ကြီးသည်။ ဥတုလည်း အေးသည်။ ငါတို့ ရွှေမြို့တော်မှာ နတ်တော်၊ ပြာသိုလ ဥတုနှင့် တူသည်။ ခရီးမှာ အနောက်သို့ အားကြီးကြီး သွားရသည်။ ယမန်နေ့ ထွက်သည်က ယခုနေ့ မွန်းတည့်တိုင် ခရီး မြန်မာတိုင် ၉၈ တိုင်ခွဲ ရောက်သည်။

**၎င်းလပြည့်ကျော် ၁၀ ရက်**[၃] တနင်္ဂနွေနေ့ နံနက်က စ၍ ည ၄ ချက်တီးတိုင် အရှေ့မြောက် လေပြင်းပြင်း လာသည်။ ၎င်းနေ့ ၂ ချက်တီးက စ၍ **ဂရိတ်**[၄] ပိုင် ကိုစိုကျွန်းကလေး တစ်ခုနှင့် ၎င်းပိုင် **ကန္ဒြီယ**[၅] ကျွန်းကို မြင်ရသည်။ ၎င်း ကန္ဒြီယကျွန်း အလွန် ကျယ်ဝန်းသည် ဖြစ်၍ ၎င်းနေ့ည ၄ ချက်တီး အချိန်မှ ၎င်းကျွန်းစွန်းကို သင်္ဘော လွန်နိုင်သည်။ ၎င်းကျွန်းရှိ တောင်ထိပ်များတွင် နှင်းခဲ တင်လျက် ဖွေးဖွေးဖြူ ရှိသည်ကို မြင်ရသည်။ လက်ယာဘက်က မီးသင်္ဘော ၁ ပိုးဆေးမြို့သို့ ရှေးရှုသွားသည်ကိုလည်း ၎င်းနေ့ ၂ ချက်တီးခန့်အချိန် မြင်ရသည်။ ၎င်းနေ့ည ၄ ချက်တီးက စ၍

---

၁။ **အက္ခရာဏီကစာတ်** – လျှပ်စစ်ဓာတ် (ဦးသိန်းလှိုင်၊ စာ–၂၁၉)
၂။ ၉ မေ ၁၈၇၄
၃။ ၁၀ မေ ၁၈၇၄
၄။ Greek
၅။ Candia (or) Crete



www.burmeseclassic.com

www.burmeseclassic.com



လင်းသည်တိုင် အရှေ့တောင်အရပ်က လာသည်လေ ပြင်းလှသောကြောင့် သင်္ဘောရွက်အမိုးများကို သိမ်းရသည်။ သင်္ဘောလည်း အလွန် လှုပ်သည်။ ကုန်းပတ်ပေါ်သို့ သင်္ဘောစီးလူတို့ တစ်စုံတစ်ယောက် မတက် မနေနိုင်ကြ။ သို့သော်လည်း သင်္ဘော ကြီးလှသောကြောင့် အမူးအမော် သက်သာကြသည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီး မြန်မာတိုင် တစ်ရာနှစ်ဆယ့်ရှစ်တိုင်ခွဲသာ ရောက်သည်။

**ငင်းလပြည့်ကျော် ၁၁ ရက်**[၁] တနင်္လာနေ့ ၂ ချက်တီးအချိန် လက်ယာဘက်က **အာလစန္ဒရိယ**[၂]မြို့သို့ တူရှုသွား မီးသင်္ဘော ၁ ကို မြင်ရသည်။ ၎င်းနေ့နံနက် ၄ ချက်တီးက ည ၄ ချက်တီးတိုင် ရံခါ အရှေ့မြောက်ထောင့်လေ၊ ရံခါ အရှေ့တောင်ထောင့်လေ၊ ရံခါ အနောက်တောင်ထောင့်လေ အားကြီးကြီးလာသည်။ ၃ ချက်တီးအချိန် မိုးလည်း အားကြီးကြီး ရွာသည်။ သင်္ဘောလည်း ပြင်းပြင်းလှုပ်သည်။ သင်္ဘောစီး လူတို့လည်း မူးမော်သူသာ များသည်။ ၎င်းနေ့ည အနောက်မြောက်လေ အလွန်ပြင်းပြင်း လာသည်။ သင်္ဘောဝဲယာ ရှေ့နောက် အထက်အောက် ချာချာလည်၍ လှုပ်သည်။ ၎င်းနေ့ည လင်းမှ အတော် သက်သာသည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် မြန်မာတိုင် တစ်ရာလေးဆယ်ခုနစ်တိုင်ခွဲ ရောက်သည်။

**ငင်းလပြည့်ကျော် ၁၂ ရက်**[၃] အင်္ဂါနေ့ နံနက် ၈ နာရီ အချိန် အီတာလျံနိုင်ငံစွန်း **ရက်ဂျိုး**[၄]မြို့ကို လက်ယာ၊ လက်ဝဲဘက်က **စစ္စလီ**[၅]ကျွန်း **မက်ဒီနမြို့**[၆] လက်ကြားသို့ ရောက်သည်။ ၉ နာရီအချိန် ၎င်းလက်ကြားသို့ ဝင်၍ နှုတ်ဆက် အမြောက်တစ်ချက် သင်္ဘောက ပစ်ဖောက်ခဲ့သည်။ ၎င်းလက်ကြားတွင် လှိုင်းလေမရှိ ငြိမ်သက်သည်။ ၎င်းလက်ကြားကို မြောက်စူးစူး ဦးထား၍ ဝင်ခဲ့ရသည်။ ၎င်းမက်ဒီနမြို့လည်း ရှေးရောမလူမျိုးတို့ ကောင်းစားစဉ် ဖြစ်ထွန်းသည် မြို့ဟောင်းတည်း။ ကမ်းခြေ အလွန်သာသည်။ အိမ်ခြေ များသည်။ မီးပြတိုင် ခံမြို့ ရှိသည်။ လမ်းပန်း လှသည်။ တောင်အောက် တောင်ထက် မြေပြင်အနှံ့ လုပ်ခင်းလုပ်တာ များသည်။ ၎င်းလက်ကြားက ထွက်မိလျှင် ပင်လယ်ပြင်သို့ ရောက်၍ အနောက်သို့ လှည့်သွားရသည်။ လှိုင်းလေလည်း အတော် ကြီးပြန်သည်။ စစ္စလီကျွန်းတွင် **အက်တန**[၇] ခေါ်သည့် မီးတောင်တစ်ခု မီးအနည်းငယ် ထွက်လျက် မြင်ရသည်။ ၎င်းက အစဉ်အတိုင်း အနောက်ကို လာရသည်။ နေ ၃ ချက်တီး

---

၁။ ၁၁ မေ ၁၈၇၄ ၂။ Alexandria ၃။ ၁၂ မေ ၁၈၇၄ ၄။ Reggio
၅။ Sicily ၆။ Messina [မက်စီနမြို့ (ဦးဖိုးလှိုင်၊ စာ-၆၅)] ၇။ Etna



www.burmeseclassic.com

www.burmeseclassic.com



အချိန် လက်ဝဲဘက်က **စတယောင်ဖိုလီ**[၁] ခေါ်သည့် မီးတောင်ကို တွေ့သည်။ ၎င်းတောင်လည်း ကျွန်းဆွယ် ကျွန်းစွန်း မဟုတ်။ ရေပြင်တွင် သက်သက် ပေါ်ရှိသည်။ ၎င်းတောင်တွင်လည်း မီးငွေ့ငွေ့ထွက်လျက် မြင်ရသည်။ မိုးရိပ် ကင်း၍ နေရောင် ရသည်။ နံနက်ကထက် လှိုင်းကြီး၍ သင်္ဘော လှုပ်ပြန်သည်။ ၎င်းက တစ်စတစ်စ တိုး၍ ၎င်းနေ့ည လင်းသည်တိုင် လှိုင်းလေ အလွန်ကြီးသည်။ အမူးအမော် များသည်။ ပန်းကန်, ဖန်, မှန် အသုံးအဆောင်များလည်း ထားမြဲတိုင်းက ရွေ့လျော လိမ့်ကျသည်။ အလွန် ပြင်းသော လှိုင်းလေ ဟူ၍ အများ ပြောဆိုကြသည်။ သည်ကဲ့သို့ လှုပ်သည် အခါ **ဣရိယာပုတ်**[၂] လေးပါးတွင် မည်သည့် ဣရိယာပုတ်နှင့် ချမ်းသာအောင် မနေနိုင်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီး မြန်မာတိုင် တစ်ရာသုံးဆယ်ငါးတိုင်ခွဲသာ ရောက်သည်။

---

၁။ Stromboli ၂။ ဣရိယာပုတ် – နေထိုင်သွားလာလဲလျောင်းခြင်း (ဦးသိန်းလှိုင်၊ စာ–၂၁၅)

www.burmeseclassic.com

www.burmeseclassic.com

# ဒုတိယတွဲ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

**သက္ကရာဇ် ၁၂၃၆ ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ ရက်**[၁] ဗုဒ္ဓဟူးနေ့ နံနက်မှာ ယမန်နေ့ညက တစ်ညပတ်လုံး လှိုင်းလေ အလွန်ပြင်းပြသည်နှင့် ပင်လယ်ရိုမှုန်လှ၍ အီတာလျံနိုင်ငံ နပေါလီ ဆိပ်ကမ်းသို့ ခရီး မြန်မာတိုင် ၂၀ ခန့် လွန်သွားသောကြောင့် လင်းမှ **နပေါလီ**[၂] ဆိပ်ကမ်းသို့ လှည့်လည် ဝင်ဆိုက်ရသည်။ နပေါလီ ဆိပ်ကမ်းသို့ ရောက်လျှင် ဆိပ်ကမ်းစောင့် အရာရှိတို့က ၎င်းသင်္ဘောတွင် လမ်းက လူ ၂ ယောက် သေဆုံးခဲ့သည် ဆိုသည်။ မည်သည့်ရောဂါ ဖြစ်မည် ပြန်လှန်မေးမြန်း ပြောဆို ရှင်းလင်းကြရသည်နှင့် ကမ်းသို့ ရတ်တရက် ရှောင်တခင် မတက်ထည့်ရ။ ငံ့ဆိုင်း၍ ၃ နာရီခန့် နေကြရသည်။ ပြီးမှ ကူးတတ်သည့် အနာရောဂါ မဟုတ်ကြောင်း သိ၍ ကုန်းသို့ တက်ကြရသည်။ မြန်မာသံတော်အရာရှိ အပေါင်းပါလူတို့နှင့် ပြင်သစ်သံ မာရကတ်ကြီးတို့လည်း ပင်လယ် လမ်းခရီး ကြမ်းသည့် ဥတုအခါ ဖြစ်၍ အီတာလျံ နိုင်ငံက မီးရထားနှင့် ပြင်သစ်နိုင်ငံသို့ ဖြတ်သွားတော့မည် တိုင်ပင်ကြပြီးလျှင်၊ ရာဇသံ လက်ဆောင်တော် အသုံးအဆောင် သေတ္တာများကို ကုန်းသို့ တင်၍ အထက် **၁၂၃၄ ခုနှစ်**[၃] နပေါလီမြို့သို့ လာရောက်စဉ် တည်းနေဖူးသည့် **ဃရံဗြိတန်**[၄] ဟိုတယ် တိုက်အိမ်မှာ တည်းနေကြသည်။ မာရကတ်ကြီးမှာ ရောမမြို့တွင် အစ်မဖြစ်သူထံ ဝင်လို၍ ၎င်းနေ့ပင် ရောမမြို့သို့ သွားနှင့်သည်။ **၎င်းလပြည့်ကျော် ၁၄ ရက်**[၅] နေ့ အီတာလျံနိုင်ငံ **ဘူလွန်းညာ**[၆] မြို့မှာ တွေ့ဆုံရအောင် ကတိထားကြသည်။

---

၁။ ၁၃ မေ ၁၈၇၄
၂။ Naples
၃။ ခရစ်နှစ် ၁၈၇၂
၄။ Great Britain
၅။ ၁၄ မေ ၁၈၇၄
၆။ Bologna



www.burmeseclassic.com

www.burmeseclassic.com



သံတော်အရာရှိ၊ စာရေးလူငယ်တို့လည်း ရထားစီးနင်း၍ နပေါလီမြို့တွင်း လမ်းသေးလမ်းမ တောင်စောင်း ပင်လယ်ကမ်းခြေများကို လှည့်ပတ် ကြည့်ရှု ကြသည်။ နပေါလီမြို့ အကြောင်းအရာ၊ အနေအထိုင်၊ ပင်လယ်ဆိပ်ကမ်းမှ စ၍ အရပ်ရပ် အခြင်းအရာများမှာ အထက် လန်ဒန်မြို့သွား နပေါလီစခန်း အမှတ်အသားတွင် ပါပြီးဖြစ်၍ အထူး မရေးလိုက်သည်။ နည်းတူ သိလေ။

ငင်းနေ့ည ၇ နာရီအချိန် ရေကြောင်းကပ္ပိတန် အာရဘိုက်ရိုက်ကျား သံတော်အရာရှိတို့ထံ လာရောက်၍ ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်လက် ပြီးလျှင် သံတော်အရာရှိတို့ **ငင်းလပြည့်ကျော် ၁၄ ရက်** [၁] နေ့ မီးရထားနှင့် သွားရန် ရှိသည်ကို ပကတိ သွားမြဲ မီးရထားနှင့် လိုက်လျှင် ခရီးအသွား အလာ လေး၍ ပင်ပန်းမည် ရှိသောကြောင့် အမြန်သွား မီးရထားနှင့် လိုက်ရ အောင် စေ့စပ်ပါမည့်အကြောင်း၊ သံတော်အရာရှိတို့ ရောမမြို့သို့ ရောက်၍ ရောမမြို့က ဘူလွန်းညာမြို့သို့ သွားမည် အကြောင်းအရာ၊ ငင်းက ခရီးစဉ် အတိုင်း ပြင်သစ်နိုင်ငံ ပါရစ်မြို့သို့ သွားမည် အကြောင်းအရာ၊ အီတာလျံနိုင်ငံ အတွင်း သံတော်အရာရှိတို့ ချမ်းချမ်းသာသာ သွားလာနိုင်ရန် အကြောင်း အရာများကို နေရာကျအောင် နိုင်ငံခြားဝန်ကြီးထံ ယခုနေ့ ကြေးနန်းရိုက်ကြား ပြောဆိုပါမည့် အကြောင်းနှင့် ပြောဆိုသည်။ ပညာတော်သင် မောင် တရုတ်ဖြူကို မြန်မာ နေထွက်ဘုရင်မင်းမြတ်က ပညာသင်စေရန် ကျွန်ုပ်နှင့် အတူ ထည့်အပ်လိုက်သောကြောင့် ရေကြောင်းအရာရှိ၊ ကြည်းကြောင်း အရာရှိမင်းနှင့် စပ်ဆိုင်သည့် စက်ရုံ၊ အလုပ်ရုံများကို အလိုရှိတိုင်း ဝင်ထွက် သင်ကြားနိုင်အောင် အထူးသဖြင့် အားထုတ်ပါသည်။ သို့သော်လည်း ဘာသာ စကား မတတ်မကျွမ်း၊ အင်္ဂလိပ်ဘာသာကိုမှလည်း ထမင်းစား ရေသောက် မျှသာ ပြောဆိုနိုင်သည် တစ်ကြောင်း၊ နေရာကျ မြသသွန်သင် ပြောဆိုသည် ကို အားထုတ်၍ မသင်မကြားသည် တစ်ကြောင်းများကြောင့် အကျိုးထူး ဖြစ်ရန် မရှိကြောင်း ပြောဆိုသည်။ ပညာတော်သင် မောင်သာထားနှင့် လူငယ်များလည်း **ကြင်နဝါမြို့** [၂] မှာ ရှိကြကြောင်း၊ ငင်းလူငယ်တို့လည်း နိုင်ငံတော်သို့ ပြန်မှ သင့်လျော်မည် အကြောင်းနှင့် ပြောဆိုသည်။ **ငင်း လပြည့်ကျော် ၁၄ ရက်** [၁] နေ့ အာရဘိုက်ရိုက်ကျားနှင့် ငင်းမယားတို့ကို စားပွဲထိုင် သံတော် အရာရှိတို့က ဖိတ်ကြားလိုက်သည်။ အာရဘိုက်ရိုက်ကျားလည်း ဝမ်းမြောက်ဝမ်းသာ စကားပြောဆို၍ ည ၉ နာရီမှ ကြေးနန်းရိုက်ရန် သံတော်တို့ တည်းနေသည် တိုက်အိမ်က ပြန်သွားသည်။ သံတော်အရာရှိ

၁။ ၁၄ မေ ၁၈၇၄ ၂။ Genoa



www.burmeseclassic.com

www.burmeseclassic.com





ကင်းဝန်မင်းကြီး မင်းကြီးမဟာစည်သူ
(မြန်မာသံအဖွဲ့ ခေါင်းဆောင်)

www.burmeseclassic.com

www.burmeseclassic.com





နေမျိုးမင်းထင်သူရိန် (ဦးအောင်သူ)
| မြန်မာသံအဖွဲ့ဝင် |

www.burmeseclassic.com

www.burmeseclassic.com



တို့တွင် ပါသည် ရာဇသံ လက်ဆောင်တော် သေတ္တာ ၄ ကျောက်စိမ်းအိတ်များကို နိုင်ငံခြားဝန်ကြီးထံ ကြေးနန်းနှင့် တိုင်ပြောရဦးမည် ဖြစ်၍ အကောက်တိုက်တွင် ထားခဲ့ရသည်။ ၎င်းအမှုကိုလည်း နေရာကျ ရွက်ဆောင်ပါမည် အကြောင်းနှင့် အာရာဘိုက်ရိုက်က ခံဝန် ပြောဆိုသည်။

**၎င်းလပြည့်ကျော် ၁၄ ရက်**[၁] ကြာသပတေးနေ့ ရေကြောင်းချုပ်ဗိုလ်ကြီး **ချာရှုတီ**[၂]၊ အာရာဘိုက်ရိုက်ကျားတို့ သံတော်အရာရှိတို့ ရှိရာလာရောက် နှုတ်ခွန်းဆက်လက်၊ သံတော်အရာရှိတို့နှင့်အတူ နေ့စာစားပွဲစားကြသည်။ ရေကြောင်းချုပ် ဗိုလ်ကြီး ချာရှုတီကို ညောင်ဦးတို့ တောင်းငယ် ၂၊ ၎င်းနှင့် အတူပါသည် ဗိုလ်ငယ် ၁ ကို တို့တောင်း ၁၊ အာရာဘိုက်ရိုက်ကျားကို ဖဲစပ်ထဘီစုံ ၁၊ ညောင်ဦးသေတ္တာပြား ၁ များကို မိတ်ဆွေဖြစ်လက်ဆောင်ပေးခဲ့သည်။ ဓာတ်ပုံရိုက်ဆရာ ဖာရတီကိုလည်း ဝန်ရှင်တော်ကင်းဝန်မင်းကြီး လက်မှတ်စာ ၁၊ ရွှေဖလား ၁ ပေးခဲ့သည်။ ပြီးလျှင် ရေကြောင်းချုပ်ဗိုလ်ကြီး ချာရှုတီ၊ ဗိုလ်ငယ်၊ ဓာတ်ပုံကူးဆရာတို့ ပြန်သွားကြသည်။

၎င်းနေ့ ၄ နာရီအချိန် နပေါလိမြို့က ဗူလွန်းညာမြို့သွား မီးရထားနှင့် လိုက်မီအောင် တည်းနေရင်း တိုက်အိမ်က ထွက်ခဲ့ကြသည်။ အကောက်တိုက်ရုံတွင် ရှိရစ်သည် လက်ဆောင်တော် သေတ္တာများလည်း နိုင်ငံခြားဝန်ကြီးထံက ကြေးနန်းစကား မကြွဲသေးသောကြောင့် ထားခဲ့ရသည်။ ၎င်းသေတ္တာများကို မကြာမတင် ရောက်အောင် အားထုတ်၍ ပေးပို့ပါမည့်အကြောင်းနှင့် အာရာဘိုက်ရိုက်ကျားက ပြောဆိုလိုက်သည်။ အာရာဘိုက်ရိုက်ကျား မီးရထားရုံရောက် လိုက်ပို့ ကူညီဆောင်ရွက်၍ မီးရထား ထွက်မှပြန်သွားသည်။ ၎င်းမီးရထားရုံက အစဉ်အတိုင်း ထွက်ခဲ့ရာ၊ လက်ဝဲလက်ယာများမှာ မြို့ရွာအိမ်ခြေ မပြတ် ဆက်ကာ ဆက်ကာ တွေ့သည်။ လုပ်ငန်းလုပ်တာလည်း တိုက်အိမ် လမ်း ရေမြောင်း ချောင်းမြစ် ကျောက်အတိ ရှိသည်နေရာမှတစ်ပါး မြေပြန့် ဖြစ်စေ၊ ကုန်းမြေ ဖြစ်စေ၊ တောင်ဖြစ်စေ တစ်ကွက်တစ်ရပ် လစ်လပ်သည် မရှိ။ မြေပြင်ပြည့်မျှ လုပ်ငန်းလုပ်တာ စိုက်ပျိုး လုပ်ဆောင်ထားသည်များကို မြင်ရသည်။ စပါး လုပ်ဆောင်သည့် လုပ်ငန်းများလည်း ရှိသည်။ ဖုံးဆဲ လုံးဆဲ ထွက်ဆဲ ရှိသည့် ဂျုံများမှာလည်း ထွက်ဆဲ ဖုံးဆဲပင် ဖြစ်သည်။ လမ်းစဉ်တစ်လျှောက် မြို့ရွာအနေအထား၊ တောတောင် ချောင်းမြောင်းပုံ၊ လုပ်ငန်း၊ သစ်ပင်စိုက်ပျိုးဟန်

၁။ ၁၄ မေ ၁၈၇၄

၂။ Charles Routti



www.burmeseclassic.com

www.burmeseclassic.com



များမှာ အထက် လန်ဒန်မြို့သွား စခန်းစဉ်အမှတ် အလုပ်တာသားနှင့် မကွဲမပြား။ တစ်ခါကြုံ တစ်ခါတွေ့ ဖြစ်သူတို့ ဤကား သွားဖူးသည့်လမ်း၊ ဤကား မရောက်ဖူးသေးသည့် လမ်းဟု မပိုင်းခြားတည့်နိုင်။ လုပ်ပုံကိုင်ပုံ၊ အနေအထိုင်၊ တစီလမ်းနှင့် တစ်လမ်း၊ တစ်မြို့ကူးနှင့် တစ်မြို့ကူး အလွန်တူသည်။

ငင်းလပြည့်ကျော် ၁၅ ရက်[1] သောကြာနေ့လည်း ခရီးအစဉ်အတိုင်း စီးမြဲ မီးရထားနှင့် စီး၍ မရပ်မဆိုင်း လာခဲ့ရာ၊ ငင်းနေ့ နေ ၂ ချက်တီး အချိန်မှ ဗူလွန်းညာမြို့သို့ ဆိုက်ရောက်သည်။ ငင်းမြို့ မီးရထားရုံသို့ ရောက်လျှင် မာရကတ်ကြီး အစ်မ ဆီးကြို စောင့်နေနှင့်၍၊ သံတော်အရာရှိတို့ကို ဝန်စည်နှင့်တကွ တည်းနေသည့် အီတာလိယဟိုတက် တိုက်အိမ်ရောက် ရထားနှင့် ပို့သည်။ မာရကတ်ကြီး အစ်မမှာ မာရကတ်ကြီး ယခုရောက်မည် ကြေးနန်းစာ ရသောကြောင့် မီးရထားရုံတွင် စောင့်နေရစ်သည်။ နပေါလီ မြို့က ဗူလွန်းညာမြို့ရောက် လမ်းစဉ် မြို့ရွာ အမှတ်အသားကို အောက်၌ ရေးထားပေအံ့။ နပေါလီမြို့က ဗူလွန်းညာမြို့ရောက် မီးရထားနှင့် ၁ နာရီ ၂၀ ကျ သွားတည်း။

## နပေါလီမြို့က ဗူလွန်းညာမြို့ရောက် စခန်းစဉ်

| | | | |
|---|---|---|---|
| နပေါလီမြို့ | ၁။ | မောင်ကတ်ကလပိုမြို့ | ၁။ |
| ကာစိုရိယာမြို့ | ၁။ | အာရီယားနိုးမြို့ | ၁။ |
| ဖရာထားဂရမိုးမြို့ | ၁။ | ဖိုဖီနိုးမြို့ | ၁။ |
| အာဗာရစားမြို့ | ၁။ | ဖောဂျီယားမြို့ | ၁။ |
| ကဇာရတမြို့[2] | ၁။ | ဖာစကာ့ရားမြို့ | ၁။ |
| ဒူဂျတားမြို့ | ၁။ | အံကိုးနာမြို့ | ၁။ |
| တဲလက်စမြို့ | ၁။ | ဗူလွန်းညာမြို့ | ၁။ |
| ဗနီဗန်တိုးမြို့ | ၁။ | ပေါင်း | ၁၅။ |

ငင်းနေ့ နေ ၂ ချက်တီးအချိန် ဗူလွန်းညာမြို့သို့ ဆိုက်ရောက်၊ မာရကတ်ကြီး အစ်မ ပြင်ဆင်ထားနှင့်သည် အီတာလိယခေါ် ဟိုတက် တိုက်အိမ်သို့ သွားရောက် တည်းနေကြသည်။ ငင်းနေ့ ၃ နာရီအချိန် မာရကတ်ကြီးလည်း ဗူလွန်းညာမြို့သို့ ဆိုက်ရောက်လာသည်။ ငင်းနေ့ ညစာ

၁။ ၁၅ မေ ၁၈၇၄ ၂။ Caserta



www.burmeseclassic.com

www.burmeseclassic.com



စားရန် မာရကတ်ကြီး ဘွားမက သံတော်အရာရှိတို့ကို စားပွဲဖိတ်ကြား လာသည်။ သံတော်အရာရှိတို့လည်း ရထားစီးနင်းပြီးလျှင် ရှေးအမျိုးဘာသာ ဆောက်လုပ် ကိုးကွယ်သည့် ကျောင်းဟောင်းကြီး, စစ်ရေးပြသည်နေရာ, မြင်းပွဲလုပ်သည် နေရာမှ စ၍ အရပ်ရပ် ကြည့်ရှုရန် ရှိသည်များကို လှည့်ပတ် ကြည့်ရှုကြသည်။ ၎င်းမြို့တွင် ရှေးအဟောင်းအမြင်း အဆောက်အဦကြီးများ ရှိသည်။ လမ်းလည်း **ပွန်ပီမြို့** [၁] လမ်းများကဲ့သို့ ရှောက်သီး, သီးသီး, ခုံညင်းခန့် ကျောက်လုံးများကို စီခင်းသည်။ ရှေးမြို့ဟောင်း လက္ခဏာ ရှိသည်။ ၎င်းနေ့ ည ၆ နာရီအချိန် သံတော်အရာရှိတို့ ရထားစီးနင်းပြီးလျှင် မာရကတ်ကြီး ဘွားမအိမ်သို့ စားပွဲထိုင် သွားကြသည်။ ရောက်လျှင် မာရကတ်ကြီး ဘွားမ, မာရကတ်ကြီး အစ်မ, မာရကတ်ကြီး တူတို့ ကောင်းမွန်စွာ ဆီးကြိုလက်ခံ ပြီးလျှင်၊ ညစာစားပွဲ စားသောက်ကြ၍ ဝမ်းမြောက်ဝမ်းသာ ပျော်ပျော်ပါးပါး စကားပြောဆိုကြပြီးလျှင် တစ်နာရီခန့် နေထိုင် ပြန်လာကြသည်။ မာရကတ် ကြီး ဘွားမက ပုလဲစစ် လည်ကပ်, ကျောက်နီစိန်ခြယ် လည်ကပ်, စိန် လည်ဆွဲမှ စ၍ အဖိုးအများတန် အထူးအဆန်းများကို ပြ၍ ကြည့်ရှုခဲ့ကြ သည်။ ၎င်းမာရကတ်ကြီးဘွားမ, အစ်မများလည်း မျိုးကြီးဆွေကြီး ဥစ္စာ ပစ္စည်း ကုံထံကြွယ်ဝသည် ဖြစ်၍ အီတာလျံနိုင်ငံ၊ ပြင်သစ်နိုင်ငံများတွင် ထင်ရှား ကျော်စောသူများ ဖြစ်သည်။

**သက္ကရာဇ် ၁၂၃၆ ခု နယုန်လဆန်း ၁ ရက်** [၂] နေ့ မာရကတ်ကြီးက စားပွဲ ဖိတ်ကြားသောကြောင့် သံတော်အရာရှိ, စာရေးလူငယ်တို့ပါ မာရ ကတ်ကြီးအိမ်သို့ နံနက်စာ စားပွဲထိုင်သွားကြသည်။ ရောက်လျှင် မာရကတ် ကြီး, ၎င်းအစ်မတို့နှင့် ဗူလွန်းညာမြို့ရှိ အီတာလျံ မြင်းတပ်ဗိုလ် **ကော်လော် နက် ဘက်လဆောင်စိုချက်စတီလီရို** [၃] ဆိုသူတို့ ဆီး၍ကြိုပြီးလျှင် ၎င်းအိမ်တွင် နံနက်စာ စားကြ၍၊ သံတော်အရာရှိတို့ ဘွဲ့အမည်များကိုလည်း ရေးသား၍ မာရကတ်ကြီး အစ်မ, တူများသို့ အသီးသီး မှတ်သားရန် ပေးခဲ့ရသည်။ ပြီးလျှင် မာရကတ်ကြီး အစ်မ နေရင်း **ဖလော်ရင်မြို့** [၄] သို့ ပြန်သွားသည်။ သံတော်အရာရှိတို့လည်း ပြန်လာကြသည်။ ၎င်းနေ့ ၄ နာရီအချိန် ရာဇသံ လက်ဆောင်တော် သေတ္တာများကို နပေါလီမြို့က ပြင်သစ်နိုင်ငံ **မာဆေးမြို့** [၅] **အီတာလျံကောင်စစ် ဂျင်နရက်** [၆] ထံသို့ ပေးလိုက်ကြောင်း၊ ၎င်းကောင်စစ် ဂျင်နရက်က သံတော်အရာရှိတို့ထံရောက် ပေးပို့ပါလိမ့်မည့် အကြောင်းနှင့်

---

၁။ Pompeii ၂။ ၁၆ မေ ၁၈၇၄ ၃။ Colonel Bellapont Sojett Steeliro
၄။ Florence ၅။ Marseilles ၆။ Italian consul-general



www.burmeseclassic.com

www.burmeseclassic.com



အာရခါဘိုက်ရိုက်ကျုံးက ပေးပို့သည့် ကြေးနန်းစာကို ၎င်းဗူလွန်းညာမြို့ ပရေဖေးအရာရှိ ကောင်ဒီဂျက်ကံလီရေမိုကာပိဘောလီ ဆိုသူ လာရောက် ပေးပို့လာသည်။ သံတော်အရာရှိတို့လည်း ခံမြို့ဟောင်း ရေယူ တံတားမှ စ၍ အရပ်ရပ် ကြည့်ရှုရန် ရှိသည်များကို လှည့်ပတ်သွားလာ ကြည့်ရှုကြ သည်။ ၎င်းနေ့ည နပေါလီမြို့ ဃရံဗြိတန် ဟိုတက်က ဆောင်ယူခဲ့သည့် ဓား ခက်ရင်း ပန်းကန်များကို ပြန်ပို့လိုက်ရန် မာရကတ်ကြီးသို့ မှာထား ပေးအပ်လိုက်သည်။

**၎င်းလဆန်း ၂ ရက်** [၁] တနင်္ဂနွေနေ့ မာရကတ်ကြီးက ဖလော်ရင် မြို့နေ အစ်မ ပေါက်ဖော်တို့က စားပွဲထိုင် ဖိတ်ကြားသောကြောင့် သွားရန် ရှိပါသည်။ ယခုနေ့ည ၁၁ နာရီ ဗူလွန်းညာမြို့ထွက် မီးရထား မီအောင် လာရောက်ပါမည်။ ၎င်းဖလော်ရင်မြို့သို့ သွားသည်အတွင်း ကိစ္စထူးထွေ ဆောင်ရွက်ရန်ရှိလျှင် မြင်းတပ်ဗိုလ် ကော်လော်နက်–ဘက်လဘောင်စိုချက် စတီလီရို ပြေကုန်အောင် ဆောင်ရွက်ပါလိမ့်မည်။ ၎င်းကော်လော်နက်နှင့် အတူ ပြောဆိုရာ ကော်လော်နက်ကလည်း မီးရထားကိစ္စမှ စ၍ အရပ်ရပ် ဆောင်ရွက်ရန် ကိစ္စများကို ဆောင်ရွက်ပါမည် ပြောဆို၍၊ မာရကတ်ကြီး လည်း နံနက် ၉ နာရီအချိန် ဖလော်ရင်မြို့သို့ မီးရထားနှင့် သွားသည်။ ကော်လော်နက်လည်း ပြန်သွားသည်။

၎င်းနေ့ နေ ၃ နာရီအချိန် ၎င်း ကော်လော်နက် လာရောက်ပြီးလျှင် သံတော်အရာရှိတို့ မြင်းပြိုင်ပွဲ ကြည့်စေလိုပါသည်၊ ဗိုလ်ချုပ်မင်းက ကောင်းမွန်စွာ နေရာပြင်ဆင် ရှိပါသည် ဖိတ်ကြားလာသောကြောင့် သံတော် အရာရှိတို့ ရထားစီးနင်းပြီးလျှင် သွားကြသည်။ ရောက်လျှင် ဗိုလ်ချုပ် ဆိုသူနှင့် ၎င်းဗူလွန်းညာမြို့ မြို့ဝန်အရာရှိတို့ ကောင်းမွန်စွာ နှုတ်ဆက်လက်ခံ နေရာချထား နေထိုင် ကြည့်ရှုရသည်။ မြင်းပြိုင်သည့်ပွဲမှာ အချင်းတာ ၁၀၀ ခန့် စက်ဝန်းသဏ္ဍာန် လမ်းလုပ်၍ ၎င်းလမ်းတွင် ရထားစီးမြင်းချင်း ပြိုင်ကြသည်။ အပြေးအသွားမှာ ဒုန်းကဆုန် မဟုတ်။ အသွားကျ အသွားမှန် ပြိုင်ကြရသည်။ ပြိုင်သည့် အစီအစဉ်မှာ ပထမမြင်း၊ ဒုတိယမြင်း ၂ မျိုး ထားသည်။ ပထမမြင်းမှာလည်း လက်ဦးအကြိမ် ၃ စီး၊ အလယ်အကြိမ် ၂ စီး၊ နောက်အကြိမ် ၂ စီး၊ ဒုတိယမြင်းမှာလည်း လက်ဦးအကြိမ် ၂ စီး၊ အလယ်အကြိမ် ၃ စီး၊ နောက်အကြိမ် ၃ စီး၊ သည်ကဲ့သို့ တွဲ၍တွဲ၍ တညီတည်း ထားပြီးမှ ခရာသံကို နားထောင်၍ ပြိုင်လွှတ်ကြရသည်။

၁။ ၁၇ မေ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



၎င်းလမ်းစက်ဝန်းကို ၄ ပတ် လည်မိလျှင် ရပ်ရသည်။ ၄ ပတ်လုံး ဒုန်းကဆုန် မဖောက်၊ ခရီးမှန် အသွားသာသော မြင်းကို အလဲ ပေးသည်။ သည်ကဲ့သို့ ပထမမြင်း ၃ တွဲက ၃ ကြိမ်၊ ဒုတိယမြင်း ၃ တွဲက ၃ ကြိမ် ပြိုင်စေရာ အလဲရမြင်း ၆ စီး ရသည်။ ၎င်း ၆ စီးတွင် ပထမမြင်း အလဲရ ၃ စီးကို တွဲပြန်၍ တစ်ကြိမ် ပြိုင်ရသည်။ ၎င်းအကြိမ်တွင် အသာဆုံး မြင်းကို ပထမ အလဲ၊ အလတ်မြင်းကို ဒုတိယအလဲ၊ နောက်ဆုံးကျသည့် မြင်းကို တတိယ အလဲ ထပ်၍ ပေးပြန်သည်။ ဒုတိယမြင်း အလဲရ ၃ စီးကိုလည်း ၎င်းနည်း ထပ်၍ ပြိုင်စေပြီးလျှင် ထပ်၍ အလဲပေးပြန်သည်။ ပြီးလျှင် မြင်းပွဲသိမ်းသည်။ မြင်းတစ်ကြိမ် ပြိုင်၍ အသိမ်းတွင် စစ်ဆောင် **ဘန်း**[၁] အတီးကို ခြိမ့်ခြိမ့်မွမ်းမျှ တီးသည်။ လူပရိသတ်လည်း မိန်းမ ယောကျ်ား ၁၅၀၀၊ ၂၀၀၀ ခန့် ရှိသည်။ **ပထမကလပ်**[၂] နေရာများမှာ အရာရှိ မှူးမတ် ကတော်မယားများမှ နေထိုင် ရသည်။ ပြိုင်မြင်းကသည့် ရထားမှာ ရထားခွက် မပါ။ လူစီးရုံမျှ ဘီး ၂ခု ကြားတွင် ရထားခွက်ငယ်နှင့် အလွန်ပေါ့သည် ဖြစ်၍ ခိုင်ခံ့သေချာအောင် လုပ်ရသည်။ ၎င်းမြင်းပွဲက ကြည့်ရှုပြီးလျှင် မြင်းတပ်ဗိုလ် ကော်လော်နက်နှင့် အတူ တည်းနေရင်း တိုက်အိမ်သို့ ပြန်လာကြသည်။ ၎င်းပွဲတွင် ဗူလွန်းညာ မြို့ဝန်၊ ၎င်းမြို့ ဗိုလ်ချုပ် ကတော်မယားများနှင့်တကွ ကောင်းမွန်စွာ တွေ့ကြုံ နှုတ်ဆက် သိကျွမ်းခဲ့ရသည်။ တိုက်အိမ်သို့ရောက်လျှင် ၎င်းနေ့ည ၁၁ နာရီ အချိန် မီးရထားရုံရောက် ထွက်သွားကြရမည် ဖြစ်၍ ဝန်အသုံးအဆောင် အထုပ်သေတ္တာများကို အသင့် ပြင်ဆင်ထားရသည်။ ၎င်းနေ့ည ၁၁ နာရီ အချိန် မြင်းတပ်ဗိုလ် ကော်လော်နက်နှင့်အတူ မီးရထားရုံသို့ သွားကြသည်။ မီးရထားရုံသို့ ရောက်မှ မာရကတ်ကြီးလည်း ဖလော်ရင်မြို့က မီးရထားနှင့် လာရောက်၊ ၎င်းမီးရထားရုံသို့ ဆိုက်သည်။ ၎င်းက ည ၁၂ နာရီအချိန် ထွက်ခဲ့ကြရာ ၎င်းနေ့ည လင်း၍ နံနက် **တူရင်းမြို့**[၃] တွင် မျက်နှာသစ်၍ လက်ဖက်ရည် သောက်ခဲ့ကြသည်။

**၎င်းလဆန်း ၃ ရက်**[၄] တနင်္လာနေ့ တူရင်းမြို့က ထွက်လာခဲ့ပြန်ရာ **မောင်စနည်းတောင်ကြီး**[၅] အထွက် မောင်စနည်းမြို့မီးရထားရုံတွင် နံနက်စာ စားကြသည်။ ဗူလွန်းညာမြို့က ထွက်သည်မှ စ၍ လမ်းခရီး ဝဲယာ တောနေ တောင်နေ လုပ်ခြေလုပ်ငန်း လမ်းပန်း အချက်အဆစ် မှတ်သားရန်များမှာ အထက် လန်ဒန်မြို့သွား အမှတ်အသားနှင့် တူပြီဖြစ်၍ မရေးပြီ။ နည်းတူ

၁။ Band ၂။ First Class ၃။ Turin ၄။ ၁၈ မေ ၁၈၇၄
၅။ Mt. Cenis



www.burmeseclassic.com

www.burmeseclassic.com



သိလေ။ ၎င်းက အစဉ်အတိုင်း ထွက်လာခဲ့ရာ **ရှံပရေးမြို့**[၁]၊ **ဂျင်နီပါးမြို့**[၂]၊ **မာကွန်မြို့**[၃] များသို့ ဖြတ်၍၊ မာကွန်မြို့တွင် ညစာ စားကြပြီးလျှင် တစ်ညလုံး မရပ်မဆိုင်း ထွက်လာရာ၊ ၎င်းနေ့ည လင်း၍ ၇ နာရီအချိန်တွင် ပါရစ်မြို့ အရှေ့မျက်နှာ မီးရထားရုံသို့ ရောက်သည်။ ဗူလွန်းညာမြို့က ကြေးနန်းနှင့် ပြောဆိုမှာထားပြီး ဖြစ်၍ ပါရစ်မြို့ **ဒလူးဟိုတယ်**[၄] တိုက် လူကြီးတို့ လူစီး ရထား၊ ဝန်တင်ရထား အပြည့်အစုံနှင့် မီးရထားရုံက စောင့်၍ ကြိုယူသည်။ တိုက်အိမ်သို့ရောက်လျှင် အထက် တည်းနေမြဲ အခန်းများတွင် ပြင်ဆင် ခင်းကျင်း တည်းနေရသည်။ ဗူလွန်းညာမြို့က ပါရစ်မြို့ရောက် လမ်းစဉ် အမှတ်အသားကို အောက်၌ ရေးသားထားပေအံ့။ ဗူလွန်းညာမြို့က ပါရစ်မြို့ ရောက် မီးရထားနှင့် နာရီ ၃၀ ကျသွားတည်း။

**၎င်းလဆန်း ၄ ရက်**[၅] အင်္ဂါနေ့ ၂ ချက်တီးအချိန် မာရကာတ်ကြီး လာရောက်ပြီးလျှင်၊ ယခုနေ့ ခရီးပင်ပန်းလှသည်နှင့် အအေးမိ၍နေမကောင်း ထိုင်မသာ ရှိသောကြောင့် နိုင်ငံခြားရုံးသို့ မသွားမရောက်နိုင်သေး ရှိပါ သည်။ **၅ ရက်**[၆] နေ့ နိုင်ငံခြားရုံးသို့ သွားပါမည် အကြောင်းနှင့် ပြောဆို ပြန်သွားသည်။ မာစေးမြို့ရှိ အီတာလျံကောင်စစ် ဂျင်နရက်ထံသို့ ရာဇသံ လက်ဆောင်တော်သေတ္တာ အကြောင်းအရာများနှင့် ကြေးနန်းရိုက်သည်။ ၎င်းနေ့ သံတော်အရာရှိတို့ ခရီးရောက်စ ဖြစ်၍ အခြားတစ်ပါး အသွားအလာ မရှိ၊ တည်းနေရင်း တိုက်အိမ်တွင် နေထိုင်ကြသည်။

**၎င်းလဆန်း ၅ ရက်**[၆] ဗုဒ္ဓဟူးနေ့ ပါရစ်မြို့တွင် မှူးမတ် ၄ သင်းတို့က အကြိုက်မညီကြသောကြောင့် ဝန်ကြီးချုပ်၊ နိုင်ငံခြားဝန်ကြီးမှ စ၍ လက်ရှိ အရာရှိတို့ အရာကျသည်နှင့် နိုင်ငံခြားဝန်ကြီး မရှိသေးသောကြောင့် သံတော် အရာရှိတို့မှာလည်း အကြောင်းအရာ ရှိသည်ကို မပြောမဆိုရသေး၊ ရပ်ဆိုင်း ရှိရသည်။ မှူးမတ် ၄ သင်း ဆိုသည်မှာ သမ္မတမင်းပြုသည်ကို ကြိုက်သူ **ရီပါပလစ်**[၇] မှူးမတ်မျိုး ၁၊ အိုရလီရံနစ်စ မင်းမျိုးကို ကြိုက်သူ **အိုရလီရံ နစ်စ**[၈] မှူးမတ်မျိုး ၁၊ လီဂျီတီမစ်စမင်းမျိုးကို ကြိုက်သူ **လီဂျီတီမစ်စ**[၉] မှူးမတ်မျိုး ၁၊ ဗိုလ်နပတ် အဆက်အနွယ် နိုပိုလီရံမင်းမျိုးကို ကြိုက်သူ **အင်ပီရီယာလစ်စ**[၁၀] ဟူ၍ လည်းကောင်း၊ **ဗိုလ်နီပါတစ်စ**[၁၁] ဟူ၍ လည်း ကောင်း၊ **နိုပိုလီယာနစ်စ**[၁၂] ဟူ၍ လည်းကောင်း ခေါ်သော မှူးမတ်မျိုး ၁၊

---

၁။ Chambere　၂။ Geneva　၃။ Macon　၄။ Hotel du Louvre
၅။ ၁၉ မေ ၁၈၇၄　၆။ ၂၀ မေ ၁၈၇၄　၇။ Republic　၈။ Orleanist
၉။ Legitimist　၁၀။ Imperialist　၁၁။ Bonapartist　၁၂။ Napoleonist



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ မှုးမတ် ၄ မျိုး ရှိသည်အနက် ယခု ပစ္စုပ္ပန်အခါ ဝန်ကြီးချုပ်လုပ်သူသည် အိုရလီရံနစ်စ မှုးမတ်မျိုးအဝင် ဖြစ်၍ ၎င်းဝန်ကြီးချုပ်က တိုင်းမှုပြည်မှုကိုသာ ဖြောင့်ဖြောင့်ရိုးရိုး မဆောင်၊ အိုရလီရံနစ်စ မင်းမျိုးကို မင်းအဖြစ်သို့ရောက်အောင် တစ်စတစ်စ အားပေးအားမြှောက် သယ်ပိုးရွက်ဆောင်သည် လက္ခဏာ ထင်မြင်ကြသောကြောင့် ကျန် ၃ မျိုး မှုးမတ်သင်းဝင်တို့က သဘောမကျရှိသည်နှင့် ကိုယ့်အရာကို ကိုယ်ဘာသာ ရုပ်သိမ်းရသည်ဟု ပြောဆို ကြားသိရသည်။ ယခု ၎င်းမှုးမတ် ၄ သင်းအနက် မည်သူကို ဝန်ကြီးချုပ် ခန့်လျှင် သင့်မည် ညှိနှိုင်း ရွေးချယ်ကြဆဲ ဖြစ်မည်ဟု ပြောဆို ကြားသိရသည်။ ၎င်းနေ့ သံတော်အရာရှိတို့ အခြားတစ်ပါး အသွားအလာ မရှိ။ ဒတ်ဘောဃက ပါရစ်မြို့ရှိ ဝန်ကြီးချုပ်ဟောင်း ဒရုအင်ဒေလူအိမ်ထံ ပေးပို့ရန် လက်ဆောင် အထုပ်ငယ် ၁၊ စာအိတ် ၁ များကို ဒလူဟိုတက်တိုက် လူကြီးသို့ အပ်၍ ပေးပို့စေသည်။ ဝန်ကြီးချုပ်ဟောင်း ဒရုအင်ဒေလူအိမ်က ၎င်းအထုပ်ငယ် စာအိတ်များကို ရကြောင်း လက်မှတ် ပြန်ပေးသည်ကိုလည်း ရသည်။ ၎င်းနေ့ သတင်းစာဆရာတို့လည်း မြန်မာသံတော်တို့ ရောက်ကြောင်းကို ကြားသိ၍ လာရောက်ရင်း အကြောင်းအရာ၊ သံတော်အရာရှိတို့ ဘွဲ့အမည်၊ သံတော်အရာရှိ အပေါင်းပါလူတို့ စာရင်းများကို သတင်းစာတွင် ထည့်ရန် မေးမြန်း တောင်းဆိုလာသောကြောင့် စာရင်းဘွဲ့အမည်၊ အကြောင်းအရာများကို အသီးအသီး ရေးသား ပေးအပ်လိုက်ရသည်။ ၎င်းနေ့ အထက်သိကျွမ်းရင်းသူ နိုင်ငံခြားရုံး အရာရှိ အဝင်အပါ ရုံးစာရေးကြီး **မိုးလာ**[၁] ဆိုသူလည်း သံတော်အရာရှိတို့ထံ လာရောက် နှုတ်ခွန်းဆက်လက်ပြီးလျှင် နိုင်ငံခြား သံကြီးတမန်ကြီးတို့ လာရောက်လျှင် ဆီးကြိုလက်ခံ နေရာချထား၊ မင်းရှေ့သို့ရောက်အောင် သွင်းရသည့် အရာရှိ **ဖောရေး**[၂] အိမ်မစွမ်းရှိ၍ အရာကနုတ်သိမ်းသောကြောင့် ၎င်းအရာကို ကျွန်ုပ် ရပါသည်။ သံတော်အရာရှိတို့ ပြင်သစ်နိုင်ငံသို့ ဆိုက်ရောက်သည် အကြောင်းအရာကိုလည်း သမ္မတမင်း သိအောင် တိုင်ပြောပါမည်။ သံတော်အရာရှိတို့နှင့် စပ်၍ ဆောင်ရွက်ရန် ကိစ္စများကို ပြီးပြေကုန်တွင်အောင် ဆောင်ရွက်ပါမည် အကြောင်းနှင့် ပြောဆို ပြန်သွားသည်။

**၎င်းလဆန်း ၆ ရက်**[၃] ကြာသပတေးနေ့ သံတော်အရာရှိ၊ စာရေး လူငယ်တို့ပါ ရထားစီးနင်းပြီးလျှင် ဘုတ်လဖားလမ်းကို လျှောက်၍ **ဘားစတီးမော်ညွှမြင်းတိုင်ကြီး**[၄] ရောက်၊ ၎င်းက **ရီဘော်ရီလမ်း**[၅]၊ ၎င်းက

၁။ Molar ၂။ Forray (or) Faure' ၃။ ၂၁ မေ ၁၈၇၄ ၄။ Bastille Monument ၅။ Revoli



www.burmeseclassic.com

www.burmeseclassic.com



**ပါးကမောင်စိုဥယျာဉ်**[၁]၊ ၎င်းက **အာဂတီထရီရောင်အောင်မုခ်**[၂]၊ ၎င်းက တွီလာရီ နန်းတော်များကို လှည့်ပတ် ကြည့်ရှုရသည်။ ၎င်းနေ့ မာရကတ်ကြီး လာရောက်၊ မှူးမတ်အရာရှိ နေရာမကျသေးကြောင်း ပြောဆို ပြန်သွားသည်။ ၎င်းနေ့ ကင်းဝန်မင်းကြီးရသည့် ပြင်သစ်မင်းက ပေးသည့် ခရန္တော ပစ္စယေဘယက်၊ အောက်ပစ္စယေဘယက်၊ အီတာလျံမင်းက ပေးသည့် ခရန္တော့ပစ္စယေ၊ ကုရန္တိတာလီ ဘယက်များကို အသစ်မှာထား ဝယ်ယူပြင်ဆင်သည်။ လန်ဒန်မြို့ သူဌေး **ပီကော်က်**[၃] ကလည်း သံတော်အရာရှိတို့ စာကို ရကြောင်း၊ သံတော်အရာရှိတို့ မည်သည့်အမှုမဆို စေခိုင်းလျှင် ထမ်းရွက်မည် အသင့်ပြင်ဆင် စောင့်နေကြောင်းများနှင့် ကြေးနန်းစာ ရသည်။

**၎င်းလဆန်း ၇ ရက်**[၄] သောကြာနေ့ မာဆေးမြို့ရှိ အီတာလျံကောင်စစ်ဂျင်နရက်က ပေးပို့သည့် ကြေးနန်းစာကို ရသည်။ စာတွင် ပါသည်မှာ – မြန်မာသံတော်တို့ သေတ္တာလုံးရေ ၄၊ ထုပ်ရေ ၁ များကို စာပို့မီးရထားတွင် တင်၍ ပါရစ်မြို့သို့ ပေးပို့လိုက်ကြောင်း ပါသည်။ ၎င်းနေ့ လူကြီးစီး မြင်း ၂ စီးက ရထားကိုလည်း နေရာကျ စေ့စပ်ငှားရမ်း၍ ထားရသည်။ ပြင်သစ်မြို့တွင် ဝန်ကြီးချုပ် အရာရှိစုံ ရွေးချယ်သည်မှာလည်း စေတီကိုကုန်း ရဲမက်ဝန်ကြီး၊ သမ္ဗတမင်းလက်ထောက် ဖျူဒိုကားစကို နိုင်ငံခြားဝန်ကြီး၊ ဒေါ်ဖော်လတူးကို အတွင်းဝန်ကြီး၊ မန်းကို ငွေစွန်ဝန်ကြီး၊ ကယ်လိုကို အလုပ်ဝန်ကြီး၊ ဂရီးပါးကို ရောင်းဝယ်မှုဝန်ကြီး၊ ဒိုစမောင်းကို ပညာသင်ဝန်ကြီး၊ တိုက်ရမ်းကို တရားမဝန်ကြီး၊ ဒိုမောင်တိုင်ညတ်ကို ပင်လယ်ဝန်ကြီး၊ ပေါင်း ၉ ဦးလူတို့ကို အသီးအသီး ဝန်ကြီးခန့်ထား နေရာကျ ဖြစ်ကြောင်းနှင့် သတင်းစာ ရသည်။ သံတော်အရာရှိတို့လည်း အခြားတစ်ပါး အသွားအလာ မရှိ။ အီတာလျံ ခရန္တောပစ္စယေဘယက် ဆောင်ရန် အီတာလျံမင်း အမိန့်တော်၊ ပြင်သစ် ခရန္တောပစ္စယေဘယက် ဆောင်ရန် ပြင်သစ်မင်း အမိန့်တော်များကို ဝန်ရှင်တော်မင်းကြီး၊ စာရေးတော်ကြီးမင်းတို့ အစဉ်မှတ်သားရန် မှန်ပုံတော် သွင်းကြသည်။

**၎င်းလဆန်း ၈ ရက်**[၅] စနေနေ့ မာဆေးမြို့ရှိ အီတာလျံကောင်စစ်ဂျင်နရက်က ပေးပို့သည်စာကို ရသည်။ စာတွင် ပါသည်မှာ သေတ္တာလုံးရေ ၄၊ ထုပ်ရေ ၁ များကို မြန်မာသံတော်တို့ရှိရာ ပါရစ်မြို့သို့ ပို့ရမည်အကြောင်းနှင့် အာရဘိုက်ရိုက်ကျားက စာပေးမှာထား ရှိသည့်အတိုင်း ၎င်းသေတ္တာ

---

၁။ Parc Monceau ၂။ Arc de Triomphe ၃။ Peacock
၄။ ၂၂ မေ ၁၈၇၄ ၅။ ၂၃ မေ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



၄၊ အထုပ် ၁ များကို မီးရထားတွင် တင်၍ ပေးပို့လိုက်ကြောင်း၊ မီးရထားခ လည်း ပြင်သစ်ဒင်္ဂါး ၈ဝ ပေးရမည်အကြောင်းနှင့် ပါသည်။ ၎င်းစာအရ မီးရထားရုံသို့ စေလွှတ်မေးမြန်းရာ ၎င်းနေ့ညမှ ရောက်ပါလိမ့်မည်၊ နက်ဖြန် လည်း တနင်္ဂနွေနေ့ ဖြစ်၍ တနင်္လာနေ့မှ ယူပါတော့။ မီးရထားရုံ လူကြီး တို့က မှာထား ပြောဆိုလိုက်သည်။ သံတော်အရာရှိတို့လည်း ရထားစီးနှင်း၍ စာရေးလုလင် အကုန် ပါရစ်မြို့ အနောက်မျက်နှာ **ဘူလွှန်းဥယျာဉ်**[၁] **, စံခလု**[၂] ရွာရောက် လှည့်ပတ်သွားလာ ကြည့်ရှုကြသည်။ ၎င်းဥယျာဉ်မှာ အထက် စစ်ဖြစ်စဉ် ခုတ်လှဲ ပယ်ရှင်းရသည် တောချုံ သစ်ပင်များကို အစား ဖြစ်ထွန်း အောင် လုပ်ဆောင် စိုက်ပျိုး၊ အထက် လာရောက်စဉ်က လုပ ကောင်းမွန်စွာ မဖြစ်သေး။ ယခု သစ်ပင်အများ လှပကောင်းမွန် ဖြစ်ထွန်း၍ အလွန် တင့်တယ်သည်။ ၎င်းဥယျာဉ်အတွင်း မောင်ဘက်လလီရင်း ခံမြို့အနီးကို လျှောက်၍ စံခရွာရှေ့ရောက်၊ ၎င်းကလှည့်၍ ကာစကကျောက် လိုဏ်ဂူ ရေပန်းများကို ဝင်ထွက်ကြည့်ရှု ပြန်လာကြသည်။ ၎င်းဥယျာဉ် လမ်းသေး လမ်းမ ရေကန် အနီးများမှာ အထပ်ထပ် အတင်တင် ရေငှက်၍ မကုန်နိုင်မျှ ရထားစီးနှင်း လှည့်ပတ် ကြည့်ရှုကြသည် များသည်။ လမ်းသေ· လမ်းမ ရေကန် ရေမြောင်း သစ်ပင် သစ်ခက်များကိုလည်း ပြင်ဆင် လုပ်ဆောင် စောင့်နေ ကြည့်ရှုသူ အဆက်မပြတ် အလစ်အလပ် မရှိ။ ပြုစုစိုက်ပျိုးစ ဥယျာဉ်များကို လုပ်ဆောင် ပြင်ဆင်သည်နှင့်အတူ စောင့်နေကြည့်ရှု လုပ် ဆောင် ပြင်ဆင်လျက် ရှိသည်။ ၎င်းနေ့ မာရကတ်ကြီး လာရောက်၊ ကြောင်းရာထူးထွေ မရှိသေးကြောင်းနှင့် ပြောဆို ပြန်သွားသည်။

**၎င်းလဆန်း ၉ ရက်**[၃] တနင်္ဂနွေနေ့ သံတော်အရာရှိ၊ စာရေးလုလင် တို့ ရထားစီးနှင်းပြီးလျှင် မြို့အရှေ့တောင် **ဘန်စိမ်း ဥယျာဉ်**[၄]သို့ သွားရောက် လှည့်ပတ် ကြည့်ရှုကြသည်။ ရေကန် ကျောက်ဂူ ဘန်းတီးရာ အရပ်မှ စ၍ အရပ်ရပ် လမ်းသေးလမ်းမများကို ကြည့်ရှုကြသည်။ ၎င်းနေ့ မြို့ အနောက် ဘူလွှန်းဥယျာဉ်အတွင်း မြင်းပွဲကြီး ရှိသည်နှင့် မြင်းပွဲကြည့် အသွားအလာ များသောကြောင့်၊ ဘန်စိမ်းဥယျာဉ်မှာ ရထားနည်း၍ လူခြေ သာ များသည်။ ၎င်းဘန်စိမ်းဥယျာဉ်သို့ သွားသည့်အတွင်း မာရကတ်ကြီး တိုက်အိမ်သို့ ရောက်လာ၊ သံတော်အရာရှိတို့နှင့် မတွေ့သောကြောင့် နက်ဖြန် သမ္မတမင်းရှိရာ **ဗာစိုက်မြို့**[၅]သို့ သွားမည့်အကြောင်း၊ သန်ဘက်ခါမှ ပြန်ရောက်

---

၁။ Boulogne Garden   ၂။ St. Cloud   ၃။ ၂၄ မေ ၁၈၇၄
၄။ Vincennes Garden   ၅။ Versailles

www.burmeseclassic.com



နိုင်မည့် အကြောင်းနှင့် စာရေး၍ ထားခဲ့သည်။ မာဆေးမြို့က ပို့လိုက်သည့် ရာဇသံ လက်ဆောင်တော် သေတ္တာများလည်း မီးရထားရုံသို့ ဆိုက်ရောက်လာ၍၊ နက်ဖြန် တနင်္လာနေ့မှ ရမည်အကြောင်းနှင့် ပြောဆိုသည်။

**ရင်းလဆန်း ၁၀ ရက်**[၁] တနင်္လာနေ့မှာ မာဆေးမြို့က ပို့လိုက်သည့် ရာဇသံ လက်ဆောင်တော် သေတ္တာများကို မီးရထားရုံမှာ ယူရသည်။ ဘိဘို လမ်း ၂၁ ဂဏန်းမှတ် လာဘိလတ်အရပ် **ဘလွန်း**[၂] လုပ်ဆောင်သည့် **အာရိုနိုးတိတ်–ကလတ်**[၃] အသင်းလူကြီးတို့က **၁၂ ရက်**[၄]နေ့ ၉ နာရီအချိန် ဘလွန်းလွှတ်မည် ရှိပါသည်။ မြန်မာသံတော်အရာရှိတို့ လာရောက် ကြည့်ရှုပါမည် အကြောင်းနှင့် စာပေးဖိတ်ကြားသည်။ ၎င်းနေ့ အခြားတစ်ပါး အသွားအလာ မရှိ။ ဒလူဟိုတက် ပထမ, ဒုတိယ, တတိယ, စတုတ္ထအဆင့်များသို့ တက်သွား လှည့်ပတ် ကြည့်ရှုကြသည်။ အီတာလျံနိုင်ငံ တျူရင်းမြို့ရှိ ပညာတော်သင် ဒေါ်သာထားက ပို့ရောက်သည့် အစီရင်ခံစာကို ရသည်။ စာတွင် ပါသည်မှာ ဆင့်ဆိုချက်အရ ကြေးငွေရောက်လျှင် အလျင်အမြန် နိုင်ငံတော်သို့ ပြန်သွားပါမည် အကြောင်းနှင့် ပါသည်။

**ရင်းလဆန်း ၁၁ ရက်**[၅] အင်္ဂါနေ့ မာရကတ်ကြီး လာရောက်။ နိုင်ငံခြားဝန်ကြီး၊ ပြင်သစ် သမ္မတမင်းတို့နှင့် တွေ့ကြုံဝင်ထွက်ရန် အကြောင်းအရာများကို မေးမြန်းရာ ခြားခြားနားနား ကွဲပြားသေချာ မရှိ။ နေရာကျ ဆောင်ရွက်နိုင်မည့် လက္ခဏာ မရှိကြောင်းကို သိရသည်။ ၎င်းနေ့ ထွေးခံတော်ကြီး လုပ်ဆောင်ရန် ပုံစံစနစ်များကို ပန်းထိမ်ဆရာသို့ အပ်လိုက်သည်။ အခန်းကာ စက္ကူမျိုးစုံလုပ်သည့် ကုမ္ပဏီကလည်း စက္ကူမျိုးစုံ နမူနာများကို ပြလာ၍ ကြည့်ရှုရသည်။ ၎င်းနေ့ ရန်ကုန်မြို့ **ချာတာ–ဘဏ်**[၆] တိုက်က ယူခဲ့သည့် လင့် လက်မှတ်များကို ၎င်းဘဏ်တိုက် အသင်းပါ အကြီးအအုပ်တို့ထံ ပေးပို့သည်။ **အောင်တမန်**[၇] လက်မှတ် ထွက်ငွေများမှာ ဒလူဟိုတက် လူကြီးတို့က ငွေထုတ်ပေး လဲလှယ်သောကြောင့် ဘဏ်တိုက်သို့ မတင်မပြ။ ဒလူဟိုတက်တွင် ငွေနှင့် ထပ်လဲသည်။ ၎င်းနေ့ အလှည့်အပတ် အသွားအလာ မရှိ။ စာပေကြည့်ရှု ရေးမှတ် နေထိုင်ကြသည်။

**ရင်းလဆန်း ၁၂ ရက်**[၄] ဗုဒ္ဓဟူးနေ့ ဘိဘိုလမ်း ၂၁ ဂဏန်းမှတ် လာဘိလက် အရပ်တွင် ဗလွန်း မီးအိမ်ပျံ လုပ်ဆောင်သည့် ရှာပွတ်တရေး၊ ဆရာဘိဘာစ်၊ လိုက်စား၊ နေရိဘားတို့က ဖိတ်ကြားသည့် ဗလွန်းမီးအိမ်ပျံ လွှတ်ရာ

၁။ ၂၅ မေ ၁၈၇၄ ၂။ Ballon ၃။ Aeronautic Club ၄။ ၂၇ မေ ၁၈၇၄
၅။ ၂၆ မေ ၁၈၇၄ ၆။ Chartered Bank ၇။ On demand



www.burmeseclassic.com

www.burmeseclassic.com



အရပ်သို့ သံတော်အရာရှိ၊ ရွှေတိုက်ကြပ်၊ စာရေးလူငယ်ပါ ရထားစီး၍ ၎င်းနေ့ ၁၀ နာရီအချိန် သွားကြသည်။ ရောက်လျှင် စာပါ လူကြီးတို့ ကောင်းမွန်စွာ ဆီးကြို နှုတ်ဆက်ပြီးလျှင်၊ ဆရာဘိုဘစ် ဆိုသူ ကိုယ်တိုင် လိုက်ပြ ကြည့်ရှုရသည်မှာ မြို့တွင်းမြို့ပြင် အလိုရှိရာ ဓာတ်မီးထွန်းရန် ဓာတ်ခိုးများကို လှောင်ထားသည့် တိုက်အမျိုးမျိုး၊ ဗလွန်းနှင့် ကောင်းကင်သို့ တက်သည်ကာလ မြေရှိ အကွနိကဓာတ် ကောင်းကင်သို့ မည်မျှရောက်သည်ကို တိုင်းသည့် ကိရိယာ အမျိုးမျိုး၊ ၎င်းဗလွန်း မီးအိမ်ပုံ အထက်သို့ မည်မျှ တက်သည်, ဘီလာခရီး မည်မျှရောက်သည်ကို တိုင်းသည့် **ဗာရော်မတ်** [၁] ခေါ်သည့် ကိရိယာ အဟောင်းအသစ် အမျိုးမျိုး၊ နေပူတွင် အပူအား မည်မျှရှိသည်, အရိပ်တွင် အပူအား မည်မျှ ရှိသည်များကို သိအောင် တိုင်းသည့် **သာမော်မက်** [၂] ခေါ် ကိရိယာ အဟောင်းအသစ် အမျိုးမျိုး၊ အရှေ့ အနောက် တောင် မြောက်များကို မှတ်သားသည့် အိမ်မြှောင်မြေပုံ ကွန်ပါ၊ မှန်ပြောင်း၊ ကျောက်ကြီး၊ ၂ ခွ ကျောက်ဆူး၊ ကျောက်စစ် မပါသည် သံမှုန့်အိတ်၊ အစားအစာ အသုံးအဆောင်များကို ဗလွန်း မီးအိမ်ပုံနှင့် ကောင်းကင်သို့ တက်သွားသည့်ကာလ ယူဆောင်ရန် ပြင်ဆင်ထားသည် များကို လိုက်ပြ ကြည့်ရှုရသည်။ ၎င်းမီးအိမ်ပုံ ယခုနေ့ ကောင်းကင်သို့ လွှတ်ရာ လေပြင်း မိုးပြင်း လေကြမ်း မိုးကြမ်း ရှိမည် မရှိမည်၊ လေမှန်မည် မမှန်မည်၊ မည်သည့်အရပ်က လာမည်များကို သိရအောင် ယမန်နေ့က ပြင်သစ် **ဂရိန်းနစ်ချစ်** [၃] ခေါ်သည့်စက်ရုံဆရာကြီးများထံ သွားရောက်မေးမြန်းရာ၊ ၎င်းဆရာကြီးများက နက်ဖြန် လေဆိုးလေကြမ်း မရှိ။ အရှေ့မြောက်က လေမှန်လေကောင်း လာရန်ရှိကြောင်းနှင့် ပြောဆိုလိုက်သည်ကို မှတ်သား ခဲ့သည့် အမှတ်အသားအတိုင်း၊ ယခုနေ့ လေကို တိုင်းရာ ညီညွတ်ရှိကြောင်း နှင့် ပြင်သစ် ဂရိန်းနစ်ချစ် ဆရာကြီးတို့က ကြေးနန်းစာ ပို့ရောက်သည်များကို သိမြင်ခဲ့ရသည်။ ဗလွန်းခေါ် မီးအိမ်ပုံမှာ အချင်း ၁၅ **မက်** [၄]၊ ဓောက် ၁၇ မက် ရှိသည်။ တစ်မက်လျှင် မြန်မာတောင်သင့် ၂ တောင်သာသာ ရှိသည်။ ၎င်း ဗလွန်း မီးအိမ်ပုံအတွင်း အခိုးဝင်ရန် ပေဂဏန်းကွက်ပေါင်း သောင်းခုနစ်ထောင် ရှိသည်။ ၎င်းမီးအိမ်ပုံမှာ ဖယောင်းဆိုး ပိုးထည်ကို ငါတို့ အုန်းဝန်းကဲ့သို့ ချုပ်စပ်သည်။ ပြင်က ခြင်ထောင်ကြီး၊ ကန့်လန့်ကာ ကြီးခန့် ရှိသည်။ ပိုက်ဆံကြိုးရှည်များကို ဒီ ခန့် အကွက်ထား၍ ကွန်ချာကဲ့သို့ လုပ်ဆောင်ပြီးလျှင် အုပ်သည်။ ၎င်းဗလွန်းအတွင်း လေစက်အခိုးပြွန်နှင့်

၁။ Barometre ၂။ Thermometre ၃။ Greenwich ၄။ Metre

www.burmeseclassic.com



အထက်ဆိုရာပါ အခိုးတိုက်ကြီးများက အခိုးကို သွင်းသည်။ ၂ နာရီခန့် ကြာလျှင် ပြည့်၍ ဝမ်းဘဲဥကို ထောင်၍ထားသကဲ့သို့ ဝန်းဝန်းလုံးလုံး ဖြစ်သည်။ အထက်အုပ်ထားသည့် ကြိုးကွန်ချာလည်း ၎င်းအလုံးကို ပြင်က အုပ်လျက် ကွန်ချာခက်သကဲ့သို့ ရှိသည်။ ၎င်းအလုံးအတွင်း အခိုးပြည့်သည်ကာလ အခိုးပေါက်ကို ပိတ်သည်။ အခိုးသွင်းကစ၍ အထက်သို့ မတက်မသွား၊ ရှေ့နောက်ဝဲယာ မလှုပ်မရှားရအောင် သဲထုပ်အများ ပတ်ပတ်လည်လျက် ချိတ်ငယ်နှင့် ကွန်ချာမှာ ဆွဲထားရသည်။ တရွေ့ တရွေ့ သဲအိတ်ကို အောက်သို့ချ၍ချ၍ အခိုးပြည့်သည်တိုင် ဆွဲထားရသည်။ ၄ မျက်နှာ၊ ကြိုး ၄ သွယ်လည်း ဆိုင်းရသည်။ အခိုးပြည့်သည်ကာလ အချင်း ၄ တောင်၊ ဇောက် ၂ တောင်ခန့် ရှိသည့် နွယ်ခွေတောင်းကြီးတွင် အထက်ဆိုခဲ့သည် **ကရော်မက်** [၁], သာမော်မက်, အိမ်မြှောင်, မှန်ပြောင်း, မြေပုံ, ကွန်ပါ, ကျောက်ကြီး, ကျောက်ဆူး, အစားအစာ, အသုံးအဆောင် ကိရိယာများကို အပြည့်အစုံ ထည့်၍ ဆရာဖိုးဘစ်, ပန်းချီဆရာတို့နှင့် လူ ၅ ယောက် ၎င်းနွယ်ခွေတောင်းကြီးအတွင်း စီးနင်း၍၊ ၎င်းနွယ်ခွေတောင်းကြီးကို မီးအိမ်ပျံကြီး၊ ကွန်ချာကြီးများနှင့် သေချာ မြဲမြံအောင် ချည်တုပ်ပြီးလျှင် စာပါလူတို့ တက်စီး၊ စုံညီသည်ကာလ အထက် ဆွဲထားသည် သဲထုပ်, သဲအိတ်တို့ကို ဖြုတ်ချ၍ လွှတ်လိုက်သည်။ လွှတ်လျှင်လွှတ်ချင်း ငှက်ပျံ၏သို့ ရုတ်ခြည်း ကောင်းကင်သို့ တက်သွားသည်။ များမကြာမီ တိမ်တိုက်သို့ ဝင်၍ ကွယ်သည်။ လွှတ်သည်က စ၍ အောက်က ခရာသံ ပေးသည်။ အထက်ကလည်း ခရာသံပေးသည်။ ၎င်းခရာသံ မက်ပေါင်း မည်မျှတိုင် ကြားသည်၊ မက်ပေါင်း မည်မျှသို့ရောက်လျှင် မကြားနိုင် ရှိသည်များကို မှတ်သည်။ ၎င်းအကြောင်းအရာကို မေးရာ မက် ၆၀၀ ရှိလျှင် မြန်မာတောင် ထောင့်နှစ်ရာ၊ တာသင့် တစ်ရာခုနစ်ဆယ်ကျော် ကွာပြီဖြစ်၍ သေနတ် ကျည်ဆန် လွှတ်နိုင်သည်။ သို့ဖြစ်၍ အကြောင်းရှိက အခြားရန်သူ ရှိသော် လည်း မက် ၆၀၀ ကွာ ကောင်းကင်က အလိုရှိသည် မြို့ရွာများကို အလိုရှိရာ စကားအရ ခရာနှင့် ဆင့်ဆိုပြောဆိုနိုင်သည် ဖြစ်၍ အသေအချာ မှတ်သား ရကြောင်းနှင့် ၎င်းဆရာကြီးတို့ ပြောဆိုသည်။ ၎င်းဗလွန်း မီးအိမ်ပျံကို ကြည့်ရှုပြီးလျှင် ပြန်လာကြ၍ တိုက်သို့ ရောက်သည့်ကာလ ရုံးစာရေး မိုလာ လာရောက်ပြီးလျှင် သံတော်အရာရှိတို့ကို ရှေ့တနင်္ဂနွေနေ့ နိုင်ငံခြား ဝန်ကြီးက ကောင်းမွန်စွာ လက်ခံပါလိမ့်မည်။ ၎င်းနေ့သို့ရောက်လျှင် ကျွန်ုပ်

၁။ ဗာရော်မက် - ဖြစ်သင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ကြိုယူလာပါမည်။ သံတော်အရာရှိတို့ ပြင်သစ်နိုင်ငံတွင် နေသည် အတွင်း အရပ်ရပ် လှည့်ပတ် ဝင်ထွက် ကြည့်ရှုရန်မှ စ၍ အလိုရှိရာ အမှုများကို ဆောင်ရွက်ရန် မက်ချက်ကူးရေကိုလည်း အမြဲ စေလွှတ် လာပါစေမည် ပြောဆို ပြန်သွားသည်။

ငင်းနေ့ လွိုလိုဂရမ်းလမ်း ဂဏန်း ၇ မှတ်တိုက်နေ ကောင်းဒီရော်၍ ဥစ္စာထိန်း နိုတဲရားခေါ် ရှုဂျက် ဆိုသူ လာရောက်ပြီးလျှင်၊ ကောင်းဒီရော်၍က မြန်မာသံတော်အရာရှိတို့ ပြင်သစ်နိုင်ငံသို့ ရောက်လျှင် ကြေးငွေမှ စ၍ အလိုရှိရာ အရပ်ရပ် အမှုများကို သယ်ပိုး ရွက်ဆောင်ရမည် စာပေးမှာထား ကြောင်း၊ သံတော်အရာရှိတို့ မည်သည့်အမှုမဆို အလိုရှိသမျှ စေခိုင်းရာ ဆောင်ရွက်ပါမည် အကြောင်းကို ပြောဆိုသည်။ သံတော်အရာရှိတို့ကလည်း ကောင်းဒီရော်၍နှင့် နိုင်ငံတော်မှာ တွေ့စဉ်က မှာထား ပြောဆိုလိုက်ကြောင်း၊ ယခု လာရောက် တွေ့မြင်ရသည်ကို ဝမ်းမြောက်ကြောင်း၊ နောင် အလိုရှိလျှင် မှာထားပြောဆိုမည့် အကြောင်းနှင့် ပြန်ပြောသည်။ ပြီးလျှင် နေရပ်ဂဏန်း မှတ်၊ အမည်သညာ လက်မှတ်များကို ပေး၍ ပြန်သွားသည်။

**ငင်းလဆန်း ၁၃ ရက်**[၁] ကြာသပတေးနေ့ မာရကတ်ကြီး လာရောက်၊ သံတော်အရာရှိတို့ကို ရှေ့တနင်္ဂနွေနေ့ နိုင်ငံခြားဝန်ကြီးနှင့် တွေ့ရအောင် အကြောင်းအရာ စာကို မိုလာက ကျွန်ုပ်ထံ ပေး၍ ရကြောင်းနှင့် ပြောဆို သည်အတွင်း၊ မိုလာ ထပ်မံ လာရောက်၍ ရှေ့တနင်္ဂနွေနေ့ နိုင်ငံခြားဝန်ကြီး အိမ်သို့ သွားရပါလိမ့်မည်။ နိုင်ငံခြားဝန်ကြီးအိမ်တွင် ဝန်ကြီးချုပ်ဟောင်း, တိုင်းရေးပြည်မှုနှင့် စပ်သည့် နိုင်ငံခြား ကောင်စစ်လူကြီး, ကုန်မှုနှင့်စပ်သည့် နိုင်ငံခြား ကောင်စစ်လူကြီး, နိုင်ငံခြားရုံး စာရေးတို့ကိုလည်း တွေ့ရပါလိမ့် မည်။ ငင်းတွေ့သည်ကာလ စလွယ်များ ပေးရန်ရှိလျှင် သည်အခါ ပေး၍ သင့်မြတ်ကြောင်းနှင့် ပြောဆိုရာ၊ ငင်း မင်းပေး လက်ဆောင်များကို မဆက်သမီ မှူးမတ်ပေး လက်ဆောင်များကို ပေး၍ သင့် မသင့်ကို မေးရာ ကိစ္စထူးထွေ မရှိကြောင်း၊ ယခုက ငင်းမှူးမတ်တို့ကို စလွယ်ပေးနှင့်လျှင် နောင် သံတော်အရာရှိတို့ မင်းရှေ့သို့ ဝင်သည်ကာလ ငင်းမှူးမတ်တို့က ငင်းစလွယ်ကို ဆင်၍ မင်းရှေ့က နေနှင့်ရလျှင် အလွန် သင့်မြတ်ကြောင်းနှင့် ပြောဆိုသည်။ စလွယ်ပေးရန် မှူးမတ်မှာ ဒျူဒိုကား ၁ မှာ နိုင်ငံခြားဝန်ကြီး ၁၂ သွယ် ပေးရန်၊ **ဒျူဒိုဖရိုလီ**[၂] ၁ မှာ ဝန်ကြီးချုပ်ဟောင်း ၁၂ သွယ် ပေးရန်၊ **ဒေဖရေး**[၃] ၁ မှာ တိုင်းရေးပြည်မှုနှင့် စပ်သည် နိုင်ငံခြား ကောင်စစ်

၁။ ၂၈ မေ ၁၈၇၄ ၂။ Duke Dupleix ၃။ De Fray

www.burmeseclassic.com



လူကြီး ၉ သွယ် ပေးရန်၊ **မော်ရန်**[၁] ၁ မှာ ကုန်မှုနှင့် စပ်သည် နိုင်ငံခြားကောင်စစ်လူကြီး ၉ သွယ် ပေးရန်၊ ဒျူထရေး ၁ မှာ နိုင်ငံခြားရုံးစာရေးကြီး ၉ သွယ် ပေးရန်၊ ပေါင်း ၅။ ၎င်းအမှတ်အသား စာရင်းများကို ပေးအပ်ခဲ့ပြီးလျှင် မိုလာနှင့် မာရကတ်ကြီးတို့ ပြန်သွားကြသည်။

၎င်းနေ့ စာရေးတော်ကြီးနှင့် မောင်အောင်သူတို့ ဘူလွန်းဥယျာဉ်သို့ ရထားစီး၍ အလှည့်အပတ် သွားကြသည်။ ၎င်းဥယျာဉ်အတွင်း လောင်းတမ်းခိုပစ်ပွဲ လုပ်ဆောင်သည်ကို တွေ့မြင်ခဲ့ရသည်။ ၎င်းပွဲမှာ သေတ္တာအတွင်းက ခို တစ်ကောင် တစ်ကောင် ထွက်စေ၍ ထွက်လျှင် ထွက်ချင်း မှန်အောင် ပစ်ရသည်။ အလောင်းအစား အားကြီးလှသော ဟူ၏။ ၎င်းနေ့ အခန်းကာ ရွှေရေးအစိမ်းခံ စက္ကူလိပ်ရေ ၁၀၊ ရွှေကမွတ်အစုံ ပန်းပွင့် ငှက်ရုပ်ရေး နံ့သာရောင် စက္ကူလိပ်ရေ ၂၉၊ ကမွတ်အစုံများကို ရွှေပွင့်စက္ကူမှာ အရှည် ၁၆ တောင်၊ အနံ ၁ တောင်၊ လိပ်ရေ ၁ လျှင် ပြင်သစ်ဒင်္ဂါး ၂၀၊ မြန်မာသုံးဒင်္ဂါး ၈ ပြားနှုန်းနှင့်။ ပန်းပွင့် ငှက်ရုပ်ရေး နံ့သာရောင်စက္ကူမှာ ၎င်းလိပ်ရေ ၁ လျှင် ပြင်သစ်ဒင်္ဂါး ၄-၅ျူး၊ မြန်မာသုံးဒင်္ဂါး ၁-၈ျူးနှုန်းနှင့် ဝယ်ယူလိုက်သည်။ ၎င်းနေ့ ဘယ်ရီလမ်းနေ ဂါဘိုး ဆိုသူက ဗူလွန်းတွင် သမ္ဘန်ဆွဲ၍ လေစုန် လေဆန် မဆို အလိုရှိရာ သွားလာနိုင်အောင် ကြံစည် လုပ်ဆောင်သည် အလုပ်ကို မြန်မာ သံတော်အရာရှိတို့ လာရောက် ကြည့်ရှုစေလိုကြောင်း ပုံစံနှင့်တကွ စာပေးပို့လာသည်ကို ရသည်။

**၎င်းလဆန်း ၁၄ ရက်**[၂] သောကြာနေ့ အင်္ဂလန်နိုင်ငံ ဆွန်စီအန္တ ရိုးဟာဝတ်စ် ဆိုသူ လာရောက်ပြီးလျှင် သံနှပ်ရန် သံဖိုအသစ် ကြံစည်၍ ဖြစ်ထွန်းပြီးမြေ ရှိပါသည်။ ၎င်းသံနှပ်ဖိုအသစ် လုပ်နည်းလည်း ရှေးလုပ်မြဲ နှပ်မြဲ သံနှပ်ဖိုများထက် ကျောက်မီးသွေးကုန် နည်း၍ သံ ကောင်းကောင်း နှပ်ကြောင်း၊ ရှေးလုပ်မြဲ သံနှပ်ဖို ကျောက်မီးသွေး ၁၀၀ ကုန်လျှင် ယခု သံနှပ်ဖို ကျောက်မီးသွေး ၇၅ သာ ကုန်ကြောင်း၊ ရှေးသံနှပ်ဖိုများမှာ သံကို မီးတစ်ကြိမ်သာ ပူသည်။ ယခု သံနှပ်ဖိုမှာ မီး ၃ ကြိမ် ပူကြောင်း၊ သည်ကဲ့သို့ ကောင်းမွန်သည် သံနှပ်ဖို ဖြစ်၍ အများကြိုက်ညီကြသည်နှင့် **ပေတင်**[၃] တံဆိပ် ရကြောင်း၊ အင်္ဂလန်နိုင်ငံ, ပြင်သစ်နိုင်ငံ, **ရုတ်ရှား**[၄] နိုင်ငံ, **ပြတ်ရှား**[၅] နိုင်ငံ, **ဘယ်လဂျီယံ**[၆] နိုင်ငံများက မင်းတံဆိပ် ခံပြီးဖြစ်၍ အခြားသူတို့ မလုပ်မဆောင် မရောင်းဝယ်နိုင်ကြောင်း၊ မြန်မာနိုင်ငံတော်မှာလည်း သံဖိုကြီး

---

၁။ Moran ၂။ ၂၉ မေ ၁၈၇၄ ၃။ Patent ၄။ Russia
၅။ Prussia ၆။ Belgium



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဆောင် ဖြစ်ထွန်းကြောင်းကို ကြားသိရသောကြောင့် ၎င်းသံဖိုကြီးတွင် ယခု သံနှပ်ဖို ထည့်သွင်း လုပ်ဆောင်ရလျှင် အလွန် သင့်မြတ်ကြောင်း၊ အဖိုးမှာ ရှေးသံနှပ်ဖိုများနှင့် အဖိုး အတူပင် ဖြစ်၍ ဝယ်ယူစေလိုကြောင်း များနှင့် သံဖိုပုံစံ, ပေတံဆိပ်, ဝယ်ယူသူတို့ စာရင်းများကို ပြသ ပြောဆိုလာသည်။ သံတော်အရာရှိတို့ကလည်း နိုင်ငံတော်မှာ သံဖိုကြီး အလုပ်အဆောင် အကြီးအကျယ် ဖြစ်ထွန်းရှိသည်၊ အလိုရှိလျှင် မှာထားမည် အကြောင်းနှင့် ပြောဆိုသည်ကာလ ၎င်းအင်္ဂလိပ်ရှိုးဟာဝတ်စံ ဆိုသူ ဆရာကြီး ပါရစ်မြို့တွင် နေထိုင်ပါသည်။ ၎င်းပါရစ်မြို့နေရာမှာ မြောက်မျက်နှာ မီးရထားရုံ ဟိုတက် ဗူလပါလမ်း ဂဏန်း ၁၂ မှတ်တွင် နေထိုင်ကြောင်း၊ အလိုရှိလျှင် မှာထားရန် အမည်နေရပ်, တံဆိပ်လက်မှတ်, သံဖိုစာအုပ်များကို ပေးအပ်ပြန်သွားသည်။ ၎င်းနေ့ မက်ချက်ကူရေ လာရောက်ပြီးလျှင် သံတော်တို့ အလိုရှိရာ မှုခွင့် ကိစ္စများကို ဆောင်ရွက်ရမည် နိုင်ငံခြားဝန်ကြီးက ဆင့်ဆိုသောကြောင့် လာရောက်ရကြောင်း၊ ကြည့်ရှုသွားလာ ကြည့်ရှုလိုသည့် အမှုဖြစ်စေ၊ သယ်ပိုး ရွက်ဆောင်ရန် အမှုဖြစ်စေ မည်သည့် အမှုမဆို အလိုရှိရာ သယ်ပိုး ရွက်ဆောင်ပါမည်။ နေ့ညမဆို အလိုရှိလျှင် စာပေး မှာထားပါမည်။ နေရပ် တံဆိပ် လက်မှတ်များကို ပေး၍ ဝမ်းမြောက်ဝမ်းသာ ပြောဆို ပြန်သွားသည်။

**၎င်းလဆန်း ၁၅ ရက်** [၁] စနေနေ့ အထက် သွားရောက် ကြည့်ရှုသည် ဗလွန်း မီးအိမ်ပျံဆရာ သံတော်တို့ထံ လာရောက်၍ ဗလွန်း မီးအိမ်ပျံနှင့် စီးနင်းလိုက်သွားသည် အကြောင်းအရာကို ပြောဆိုသည်မှာ ဗလွန်း မီးအိမ်ပျံ အထက်သို့ တက်သွားသည်ကာလ ဗီဇနာ ၁၂၀ အတွင်း မက် ၃၀၀၀၊ တောင်သင့် ၆၀၀၀၊ တိုင်သင့် **၈၅၇၂ ၁** [၂] ရောက်ကြောင်း။ ၎င်း မက် ၃၀၀၀ ခန့် အရပ်သို့ ရောက်လျှင် အလျားပေ ၇၀၀၀, တောင်သင့် **၄၆၆၉** [၃]၊ အနံပေ ၃၀၀၀, တောင်သင့် ၂၀၀၀၊ ဒု ၁၅၀၀, တောင်သင့် ၁၀၀၀ ရှိသည့် မိုးတိမ် တိုက်ကြီး အတွင်းသို့ ရောက်ကြောင်း။ ၎င်းမိုးတိမ်တိုက်ကြီး အတွင်းသို့ ရောက်သည်ကာလ ၎င်းတိမ်တိုက်သည် ကျောက်ဂူ ကျောက်လိုဏ် ကျောက် အုပ်ဆောင်းသဏ္ဌာန်၊ အထက်အမိုး နံရံများက ကျောက်စက် ကျောက်နို့ ကဲ့သို့ အသွယ်သွယ် အမျှင်အမျှင် ပန်းဆိုင်းဆွဲဘိသည့်အလား ရှိသည်ကို မြင်ရကြောင်း။ ၎င်းတိမ်တိုက်အတွင်း ဝင်မိသည်က စ၍ အလွန် အေး ကြောင်း။ နောက်တစ်စတစ်စ ၎င်းတိမ်တိုက်က ရေဖြစ်၍ ဗလွန်းမီးအိမ်ပျံပါ လူအသုံးအဆောင်များကို စိုစွတ်ကြောင်း။ သည်ကဲ့သို့ စိုစွတ်သည်နှင့်

၁။ ၃၀ မေ ၁၈၇၄ ၂။ ၈၇၅ တာ၊ ၁ တောင် ၃။ ၄၆၆၆ (ဦးစိုးလှိုင်၊ စာ-၈၄)



www.burmeseclassic.com

www.burmeseclassic.com



ဗလွန်း မီးအိမ်ပျံ လေး၍ အောက်သို့ တစ်စတစ်စ ကျရောက်ဆင်းသက်ခဲ့ရကြောင်း။ ဗလွန်းမီးအိမ်ပျံ တက်သည်နေရာက ကျသည်နေရာရောက် ခရီးအဖြောင့် မြန်မာတိုင် ၆ တိုင် ရှိကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းဆရာကြီးက မြန်မာ သံတော်အရာရှိတို့ နောက်ကို တစ်ကြိမ် လာရောက်ကြည့်ရှုစေလိုကြောင်း၊ နောက်ကို လာရောက်လျှင် အရပ်ရပ် လုပ်ပုံကိုင်ပုံ အခြင်းအရာများကို ပြသလိုကြောင်း၊ သံတော်အရာရှိတို့ အထက် လာရောက်ကြည့်ရှုသည့် မီးအိမ်ပျံပုံကို ရေးသားထားရာ မြန်မာအလံ, မြန်မာတံဆိပ်များကို ထည့်သွင်း ရေးသားလိုသောကြောင့် မြန်မာအလံပုံများကို သိလိုကြောင်း၊ သံတော်အရာရှိတို့ ဘွဲ့အမည်များကိုလည်း မှတ်သားလိုကြောင်းများနှင့် ပြောဆိုသောကြောင့် ဥဒေါင်းရုပ် အလံပုံ, မြန်မာသံတော်တို့ ဘွဲ့များကို ပြသ ပေးအပ်လိုက်သည်။

၎င်းနေ့ ရွှေသားထွေးခံတော်ကြီး ဂရုံချိန် ၁၁၀၃, မြန်မာချိန် ၆ဂို၊ ရွှေခဲအလွတ် ဂရုံ[၁]ချိန် ၁၆၂, မြန်မာအချိန် ၁ဝိ၊ ၂ စု ဂရုံ ၁၂၆၇, မြန်မာချိန် ၇ဂို ကို ထွေးခံလုပ်ဆရာ ခရစ်စထောက်ဖသို့ လုပ်လက်ခံ ပြင်သစ်ဒင်္ဂါး ၁၈၀၀ နှင့် အပ်နေ့က ရက်ပေါင်း ၆၀ ရှိလျှင် လုပကောင်းမွန် ပြီးပြေအောင် လုပ်ဆောင် ပေးအပ်ရမည် စာချုပ်ကတိ ထား၍ ပေးအပ်လိုက်သည်။ ၎င်းနေ့ မာရကတ်ကြီးလည်း ခေတ္တလာ၍ ရှေ့အင်္ဂါနေ့ ပါရစ်မြို့နေ စိန်ကုန်သည်ကြီးက မြန်မာသံတော်တို့ထံ လာရောက်၊ စိန်အထည်များကို ပြသလိုသည် ဖြစ်၍ ကြည့်ရှုစေလိုကြောင်းနှင့် ပြောဆို ပြန်သွားသည်။ ၎င်းနေ့ စာရေးတော်ကြီး မောင်အောင်သူ, ရွှေတိုက်ကြပ် စာရေးတော်တို့ ရထားစီးနင်းပြီးလျှင် လျူဇမ္ဗူ ဥယျာဉ်၊ ၎င်းက ဗိုလ်နပတ် သင်္ချိုင်း အံပလိ၊ ၎င်းက ဒိရန္ဓတံတား၊ ၎င်းက အောင်မုခ်ကြီး၊ ၎င်းက တွီလာရီ တိုက်နန်း နောက်မျက်နှာများသို့ လှည့်ပတ်ကြည့်ရှုကြသည်။

**၎င်းလပြည့်ကျော် ၁ ရက်**[၂] တနင်္ဂနွေနေ့ နိုင်ငံခြားဝန်ကြီး ချူဒိုကားစက မြန်မာသံတော်များနှင့် တွေ့ဆုံ၊ ကောင်းမွန်စွာ လက်ခံလိုကြောင်း ဖိတ်ကြားရှိသည်အတိုင်း ဝန်ရှင်တော် ကင်းဝန်မင်းကြီး, စာရေးတော်ကြီးတို့မှာ အင်္ကျီလက်ကျယ်, ရွှေစလွယ်, အီတာလျံဘယက်, ပြင်သစ်ဘယက်များကို ဆင်ယင်လျက်၊ လက်ဖက်ရည်တော် မောင်အောင်သူမှာ အဖြူအင်္ကျီ, ရွှေစလွယ် ဆင်ယင်လျက်၊ မောင်မြမှာ သိုးဆောင်းဝတ်, ရွှေစလွယ် ဆင်ယင်လျက်၊ မြန်မာ ဘာသာရေး ရာဇသံ ပြင်သစ် ဘာသာပြန်ချက်၊ မြန်မာ

---

၁။ Gram ၂။ ၁၁ မေ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေး နိုင်ငံခြားဝန်ကြီး ပေးစာ, ပြင်သစ် ဘာသာပြန်ချက်များကို စက္ကူအိတ်နှင့်၊ မြန်မာ ဘာသာရေး နိုင်ငံခြားဝန်ကြီး ပေးစာကို ရွှေကျင်ခပ် အိတ်, ပိုးနီကြိုးရစ်, ဥဒေါင်းတံဆိပ် ခတ်မှတ်လျက်၊ ၎င်းပြင် နိုင်ငံခြားဝန်ကြီး ကို သနားတော်မူသည့် ၁၂ သွယ် စလွယ်ကို အမိန့်တော်အရ မင်းကြီးစာ ဥဒေါင်းတံဆိပ်ခတ် စာအိတ်နှင့်တကွ၊ ဝန်ကြီးချုပ်ဟောင်း ချူဒိုပလီကို သနားတော်မူသည့် ၁၂ သွယ် ရွှေစလွယ်၊ တိုင်းရေးပြည်မှုနှင့် စပ်သည့် နိုင်ငံခြား ကောင်စစ်လူကြီး ဒေဖရေးကို သနားတော်မူသည့် ၉ သွယ် ရွှေစလွယ်၊ ကုန်မှုနှင့် စပ်သည့် နိုင်ငံခြား ကောင်စစ်လူကြီး မော်ရမ်းကို သနားတော်မူသည့် ၉ သွယ် ရွှေစလွယ်၊ နိုင်ငံခြားရုံး စာရေးကြီး ဒူဒရေး[၁] ကို သနားတော်မူသည့် ၉ သွယ် ရွှေစလွယ်များကိုလည်း အမိန့်တော်အရ မင်းကြီးစာနှင့်တကွ အသီးအသီး တံဆိပ်ခတ်မှတ် အိတ်သွင်းလျက် ကောင်းမွန်စွာ ဆောင်ယူပြီးလျှင် သံတော်အရာရှိတို့ကို ရှေ့ညွှန်ဆောင်ယူ မင်းရှေ့သို့ သွင်းရသည် နိုင်ငံခြားရုံးအရာရှိ မိုလာ ဆိုသူ ကြိုယူလာသည်နှင့် ၎င်းနှင့် အတူ ရထားစီးနင်းကြပြီးလျှင် နိုင်ငံခြားရုံးသို့ သွားကြသည်။ ရောက်လျှင် ၎င်းရုံး လှေကားအတက်က စ၍ ညှော်ခံခန်းသို့ မရောက်မီ ရပ်ဆိုင်း စောင့် နေမြဲ အခန်းရောက် ကောင်းမွန်စွာ ခင်းကျင်း ပြင်ဆင်ထားသည့် လမ်းကို တက်သွား၊ အစောင့်ခန်းသို့ရောက်လျှင် မြန်မာသံတော်တို့ ရောက်ကြောင်းကို နိုင်ငံခြားဝန်ကြီးထံ မိုလာ သွားရောက် ပြောဆို၊ ညှော်ခံခန်းသို့ ဝင်ပါမည် အကြောင်းနှင့် ခေါ်လာသောကြောင့် သံတော်အရာရှိတို့ အစုံအညီ ဝင်သွား ရာ ၎င်းညှော်ခံခန်းတွင် နိုင်ငံခြားဝန်ကြီးနှင့် ဒေဖရေး ဆိုသူ, မော်ရမ်း ဆိုသူ, ဒူဒရေး ဆိုသူ, မာရကတ်ကြီးတို့ပါ အရာရှိစုံ စည်းဝေး စောင့်နေသည် အနက် နိုင်ငံခြားဝန်ကြီး ဆီးကြိုလက်ဆွဲ နှုတ်ခွန်းဆက်လက်၊ အသီးအသီး သံတော်အရာရှိတို့ကို နေရာချပြီးလျှင် မြန်မာသံတော်တို့ ပြင်သစ်နိုင်ငံသို့ လာရောက် တွေ့မြင်ရသည်ကို ဝမ်းမြောက်ကြောင်း။ ပြင်သစ်နိုင်ငံက စေလွှတ်သည့် သံကြီး ကောင်းဒီရော်ရှနှင့် အပေါင်းပါ သံအရာရှိတို့ကို နိုင်ငံတော်သို့ ရောက်သည်က စ၍ ပြန်သည်တိုင် အတိုင်းထက်အလွန် ကောင်းမွန်စွာ ပြုစုတော်မူသည့် ကျေးဇူးတော်ကို ပြင်သစ် သမ္မတမင်း, ပြင်သစ် မှူးမတ်, ပြင်သစ်နိုင်ငံနေ လူတို့ ချီးမွမ်းအံ့သြ ပြောပမဆုံး ကျေးဇူး တော် အလွန်များကြောင်းကို နိုင်ငံခြားဝန်ကြီးက ပြောဆိုရာ၊ ပြင်သစ် နိုင်ငံက သံကြီး, သံလတ်, သံငယ် ခန့်ထား၍ နိုင်ငံတော်သို့ စေလွှတ်

---

၁။ Duke Drey



www.burmeseclassic.com

www.burmeseclassic.com



လာရောက်သည်ကို နေထွက်ဘုရင် မြန်မာမင်းမြတ်နှင့်တကွ မှူးမတ်ပြည်သူတို့ အလွန် နှစ်သက် ဝမ်းမြောက်ကြောင်း။ နိုင်ငံတော်နှင့် ပြင်သစ်နိုင်ငံလည်း ယခုက စ၍ မဟာမိတ်အဖြစ် မြဲမြံခိုင်ခံ့ တစ်စတစ်စ တိုးတက်ဖြစ်ထွန်း၊ ၂ တိုင်း ၂ ပြည် အကျိုးစီးပွားများရန် ဖြစ်ကြောင်းများကို သံတော်အရာရှိတို့က ပြောဆိုသည်။ သံတော်အရာရှိတို့ ပြင်သစ်သမ္မတမင်း ရှေ့သို့ ဝင်ထွက်ရန်ကိုလည်း နေ့ရက်မကြာ ပြီးပြေကုန်တွင်အောင် အားထုတ်ဆောင်ရွက်ပါမည် နိုင်ငံခြားဝန်ကြီးက ပြောဆိုသည်။ ပြင်သစ်သမ္မတမင်း ရှေ့သို့ ဝင်ထွက်၊ မဟာမိတ်စာချုပ် နေရာကျ ပြီးပြေကုန်တွင်လွယ်အောင် အားထုတ် သယ်ပိုးမည် အကြောင်းနှင့် ပြောဆိုသည့် စကားကို အလွန် ဝမ်းမြောက်ကြောင်းနှင့် သံတော်အရာရှိတို့က ပြောဆိုသည်။ ပြင်သစ်နိုင်ငံသို့ ဝန်ရှင်တော် ကင်းဝန်မင်းကြီး အထက် ပထမ တစ်ကြိမ်၊ ယခု ဒုတိယ တစ်ကြိမ် လာရောက် လှည့်ပတ်ကြည့်ရှု ပြင်သစ်နိုင်ငံ ပါရစ်မြို့ အနေအထိုင်များကို သိမြင်ရန် ရှိကြောင်းနှင့် နိုင်ငံခြားဝန်ကြီးက ပြောဆိုသည်။ ပြင်သစ်နိုင်ငံသို့ အထက် တစ်ကြိမ် ရောက်၍ ကြည့်ရှုတွေ့မြင်ရသည်ထက် ယခု တစ်ကြိမ် ရောက်၍ ကြည့်ရှု တွေ့မြင်ရသည့် အရာသည် အလွန် တိုးတက်ကောင်းမွန် ဖြစ်ထွန်းရှိကြောင်း၊ အရပ်ရပ် ကြည့်ရှုရန် ရှိသည်များကို စေ့နှံ့အောင် လှည့်ပတ်ကြည့်ရှုမည် ကြံစည်ရှိကြောင်းများနှင့် သံတော်အရာရှိတို့က ပြောဆိုသည်။ ပြီးလျှင် နိုင်ငံခြားဝန်ကြီးပေး စာအိတ်, ပြင်သစ်ဘာသာပြန်ချက် စာအိတ်များကို နိုင်ငံခြားဝန်ကြီးသို့ ပေးအပ်သည်။ ၎င်းစာကို ကြည့်ရှုပြီးလျှင် စာတွင် ပါသည့်အတိုင်း ရာဇသံ လက်ဆောင်တော်များကို ပြင်သစ်သမ္မတမင်းရှေ့သို့ သွင်းရန်အမှု၊ စာချုပ်လက်မှတ်တော် လဲလှယ်ရန် အမှုများကို အထူးသဖြင့် အားထုတ် ဆောင်ရွက်ပါမည် နိုင်ငံခြားဝန်ကြီးက ပြောဆိုပြီးနောက်၊ နိုင်ငံခြားဝန်ကြီးသို့ သနားတော်မူသည့် ၁၂ သွယ် ရွှေစလွယ်ကို နေထွက်ဘုရင် မြန်မာမင်းမြတ်က ၂ တိုင်း ၂ ပြည် မဟာမိတ် ဖြစ်သည့်အတိုင်း နိုင်ငံခြားဝန်ကြီးသို့ သနားတော်မူကြောင်းကို ပြောဆို၍ နိုင်ငံခြားဝန်ကြီးသို့ ပေးသည်။ ၎င်းနည်း ကျန်စလွယ်များကို ကျန်မှူးမတ်တို့သို့ အသီးအသီး ပေးသည်။ နိုင်ငံခြားဝန်ကြီးနှင့်တကွ စလွယ် သနားတော်မြတ်ခံရသည့် အရာရှိတို့လည်း အရှိအသေ ဝမ်းမြောက်ဝမ်းသာ ယူပြီးလျှင် ၂ တိုင်း ၂ ပြည် မဟာမိတ်အဖြစ် မြဲမြံခိုင်ခံ့ တိုးတက် ဖြစ်ထွန်း၍ ဘုန်းတော်ကြီးကြောင်း၊ သက်တော်ရှည်ကြောင်းများကို ဆုတောင်းပဌနာပြုကြသည်။ ပြီးလျှင် နိုင်ငံခြားဝန်ကြီး, အရာရှိစုံ, သံတော်တို့နှင့်တကွ



www.burmeseclassic.com

www.burmeseclassic.com



အတွင်းဧည့်ခန်းသို့ ဝင်သွားကြရာ၊ နိုင်ငံခြားဝန်ကြီးကတော်, နိုင်ငံခြားဝန်ကြီးနှမ, နိုင်ငံခြားဝန်ကြီး သားသမီးတို့နှင့် တွေ့ကြုံဆက်လက်ကြပြီးလျှင် ခင်းကျင်းပြင်ဆင်ရှိသည့် မုန့်ယို အချိုအဆိမ့်များကို ကျွေးမွေးစားသောက်၊ ဝမ်းမြောက်ဝမ်းသာ ပြောဆို၍ ၁ နာရီခန့် ကြာလျှင် ပြန်လာကြသည်။

ငင်းနေ့ ဗူလွှန်းဥယျာဉ်[၁]သို့ သံတော်အရာရှိ, ရွှေတိုက်ကြပ်, စာရေးလူငယ်တို့ပါ အလှည့်အပတ် အကြည့်အရှု သွားကြသည်။ ငင်းဥယျာဉ်အတွင်းသို့ ရောက်လျှင် ကြည့်ရှု တွေ့မြင်ရသည်မှာ တိုက်အိမ်တစ်ခုတွင် အမြင့် ၁၀ ခန့် စက်အိမ်အတွင်း ဝမ်းဘဲငှက်ထားရန် ၅ ဆင့် လုပ်ပြီးလျှင်၊ တစ်ဆင့် တစ်ဆင့်တွင် ၁၂ မျက်နှာ အကွက် **မော်ယွန်း**[၂] ထား၍ ငင်းမော်ယွန်းတစ်ကွက် တစ်ကွက်တွင် ၃ ခန်း ကန့်ပြီးမှ တစ်ခန်းလျှင် တစ်ကောင်စီ၊ သည်ကဲ့သို့ ၅ ဆင့်တွင် တစ်ခန်း တစ်ကောင်စီကျ ဝမ်းဘဲငှက်ကို သွင်းထားသည်။ ငင်းမော်ယွန်း ငှက်အိမ်လည်း အချင်း ၁၅ ခန့်၊ ဓောက် ၁၀ ခန့်ရှိသည်။ ငင်းငှက်အိမ်ကို အလိုရှိလျှင် လက်တစ်ဖက်နှင့်ပင် လှည့်ပတ်နိုင်သည်။ ငင်းဝမ်းဘဲငှက်များကို အစာကျွေးသည်မှာလည်း ဂျုံမှုန့်, သကြား, နွားနို့များကို နှောဖျော်၍ **နာရီပြွန်**[၃]နှင့် ထားပြီးလျှင် တစ်ကောင်ထက် တစ်ကောင် အယုတ်အလျော့ မရှိစေရ၊ ငင်းပြွန်တွင် အိမ်မြှောင်အမှတ်နှင့်ထား၍ တစ်ကောင်စီ ငင်းဖျော်ပြီး အစာကို ပြွန်နှင့်သွင်းသည်။ ပထမဆင့်ငှက်ကို ကျွေး၍ပြီးလျှင် ငှက်ကျွေးစက်ခုံကို စက်နှင့်လှည့်၍ ဒုတိယဆင့်သို့ တက်သည်။ ဒုတိယဆင့်သို့ ရောက်လျှင် ငင်းနည်း ကျွေးပြန်သည်။ ငင်းနည်း တတိယ, စတုတ္ထ, ပဥ္စမဆင့်တိုင် ငှက်ကျွေး စက်ခုံကို စက်နှင့်လှည့်၍ တက်ကာ တက်ကာ ကျွေးသည်။ ငင်းငှက်အိမ်နှင့်နည်းတူ ငင်းတိုက်အတွင်း ငှက်အိမ်ကြီး ၆ ခု ရှိသည်။ အိမ်တစ်ခုလျှင် ငှက်ပေါင်း ၁၈၀၊ ငှက်အိမ် ၆ ခုလျှင် ငှက်ပေါင်း ၁၀၈၀ ခန့် ရှိသည်။ ငှက်များကို သည်ကဲ့သို့ တစ်နေ့ ၃ ကြိမ် ကျွေးမွေးကြောင်း၊ ငင်းကျွေးမွေး၍ ဝလင်ဆူဖြိုးသည့် ဝမ်းဘဲငှက်များကို ဟင်းလျာ ပြုလုပ်, အဖိုးအများနှင့် ရောင်းကြောင်း၊ ငင်းငှက်သားများလည်း အထူးသဖြင့် ကောင်းမွန်ကြောင်းကို ပြောဆို ကြားသိရသည်။ ငင်းဥယျာဉ်အတွင်းရှိ ငှက်အမျိုးမျိုး ထားရာအရပ်၊ ချေ သမင် **ကံကရူ**[၄] စသော သားအမျိုးမျိုး ထားရာအရပ်၊ **စီး**[၅] ခေါ်သည့် ပင်လယ်ဖြစ် သတ္တဝါ ထားရာအရပ်၊ အကြီးဆုံး တစ်ပေခွဲ ၂ ပေခန့် အရပ်ရှိသည့် ခွေးအမျိုးမျိုး

---

၁။ Boulogne Gardens ၂။ မော်ယွန်း – ထောင့်ချိုး (ဦးသိန်းလှိုင်၊ စာ–၁၂၃)
၃။ Feeding Machine ၄။ Kangaroo ၅။ Seal



www.burmeseclassic.com

www.burmeseclassic.com



ထားရာ အရပ်များကို လှည့်ပတ်ကြည့်ရှု တွေ့မြင်ရသည်။ ၎င်းဥယျာဉ်အတွင်း အရပ် ၃ တောင်ခန့်ရှိ ကုလားအုတ်ခေါ် ငှက်ကို ရထားကၡ ပြည်သူတို့ စီးနင်းသွားလာကြသည်ကို တွေ့မြင်ရသည်။ ၎င်းပြင် ဆင်, ကုလားအုတ်, မည်းကောင်များကို အသီးအသီး စီးနင်းလှည့်ပတ်၍ ပြည်သူတို့ ပျော်ပါးကြသည်။ ၎င်းဥယျာဉ်အတွင်း တိုက်ကြီးတစ်ခုနှင့် လှောင်၍ မွေးထားသည့် ငါးအမျိုးမျိုးများကို တွေ့မြင်ရသည်မှာ အရှည် တစ်ညှိုခန့်, တစ်ထွာခန့် နဂါးရုပ်ငယ်ကဲ့သို့ ကျောကုန်းလယ်တွင် ဆူးတောင်ကို လှုပ်လျက် ဦးခေါင်းကို အထက်, အမြီးကို အောက်ထား၍ ရေထဲတွင် မတ်ရပ်သွားသည့် ရေမြင်းခေါ်သည့် ငါး၊ ကျောက်ငုတ် ကျောက်စွယ်ကဲ့သို့ အစိုင်အခဲ ဖြစ်လျက် ၎င်း ကျောက်ငုတ် ကျောက်စွယ် အဖျားတွင် ကျောက်ပန်း ကျောက်ပွင့် သဏ္ဌာန် မလှုပ်မရှား ပန်းပွင့်ကဲ့သို့ ရှိနေသည်ကို တစ်စုံတစ်ခု တုတ် လုံတံဖြင့် ထိုးပင့် လှုပ်ရှားမှ ၎င်းပန်းပွင့်ကဲ့သို့ တည်နေရာက ကျောက်ငုတ်သို့ ဝင်သွားသည့် ငါးတိရစ္ဆာန်မျိုး၊ ပကတိအခါ ကြည့်ရှုရလျှင် ရေညှိ ရေမြုပ်ကဲ့သို့ စုလျက် ထွေးလျက် ပျော့ဖပ်နူးည့်စွာ အဆင်းသဏ္ဌာန်၊ ထိုးပင့်လှုပ်ရှားမှ သစ်ကိုင်း သစ်ခက်ကဲ့သို့ အသွယ်သွယ် ဖြာလျက် ရွေ့ပြောင်း လှုပ်ရှားသော ငါးတစ္ဆေမျိုး၊ ပကတိအခါ သဲပြင်အတွင်း ကိုယ်လုံးမြုပ်နစ်၊ တို့ပင့် လှုပ်ရှားမှ ရွေ့ပြောင်းထွက်သွားသော အလွန်ပါးသော ရုပ်သဏ္ဌာန် ရှိသော ငါးမျိုး၊ လိပ်ကျောက်သဏ္ဌာန် အမြီး တစ်ထွာခန့်, ကိုယ်အချင်း ၃ ထွာခန့်, အောက်ရင်ဘတ်ဘက်က လက်ဝဲ လက်ယာ တစ်ဖက်လျှင် ခြေငါးချောင်းစီ ရှိသည့် ပင်လယ်ဖြစ် တိရစ္ဆာန်မျိုးများကို တွေ့မြင်ရသည်။ ဆိုခဲ့သည့် ရေတိရစ္ဆာန်မျိုးများတွင် ရေမြင်းခေါ်သည့် တိရစ္ဆာန်ကို ငါတို့ မြန်မာနိုင်ငံ ရွှေတိုက်တွင် နဂါးသေခြောက် အမှတ်အသားနှင့် တွေ့မြင်ဖူးသည်။ ၎င်း ဥယျာဉ်အတွင်း အရပ်ရပ် ကြည့်ရှုရန် ရှိသည်များကို လှည့်ပတ်ကြည့်ရှု ပြန်လာကြသည်။

၎င်းနေ့ ရွှေမြို့တော်က အိမ်ပေးစာများကို ရသည်။ စာတွင် ပါသည်မှာ သိန္နီမြို့ရှိ တပ်တော်များကို ဆံပဟဲ့ လာရောက် တိုက်ခိုက်၊ လူ လက်နက် အများနှင့် ရေတံခွန်တောင်တွင် စွဲရပ် ရှိနေကြောင်း၊ ရွှေဖဝါးတော်အောက်က အစု နောက်ထောက်လူ ၁၀၀၀ တင်ပို့ရကြောင်း၊ သူရဲဈေး မြင်းစုကြီး အကွက်များမှာ မီးလောင်ကြောင်း၊ ယွန်းကြီး[၁] သွား ပြင်သစ်သံတို့ကို ကောင်းမွန်စွာ ပြုစုလိုက်ပို့ကြောင်း၊ စာရေးကြီး မောင်ဘိုးရေး, အဝေးရောက်

၁။ ယွန်းကြီး – တုံကင် သို့မဟုတ် ကိုချင်ချိုင်းနားဒေသ (ဦးသိန်းလှိုင်၊ စာ–၁၄၀)

www.burmeseclassic.com



မောင်သိုက်တို့နှင့် **အီရန်**[၁] သွား သံတို့လည်း ရန်ကုန်မြို့သို့ ဆိုက်ရောက်ကြောင်း၊ သံတော် အရာရှိ အပေါင်းပါလူတို့ မိဘ သားမယား မှူးတော်မတ်တော်တို့ ကျန်းမာကြကြောင်း၊ ပန်းတဉ်းဝန်ထောက်, ဖန်ချက်ဝန်ထောက်တို့ကို ဝန်ထောက် အရာက နုတ်၍ အထက်ခန့်ရင်း ဝန်စုရ အရာနှင့်ထားကြောင်း၊ ၎င်းပြင် ကြောင်းရာထူးထွေ မရှိကြောင်းများနှင့် ပါသည်။ ၎င်းနေ့ ယွန်းကြီးနိုင်ငံသားတစ်ဦး လာရောက်၍ တွေ့ရသည်။ အကြောင်းကိုမေးလျှင် ပြင်သစ်နိုင်ငံတွင် **အရှေ့မျက်နှာ တိုင်းပြည်နိုင်ငံလူတို့ ဘာသာစကားအများကို သင်ကြားသည့် ကျောင်းတိုက်**[၂] တွင် ယွန်းကြီးဘာသာစာသင်ဆရာ ဖြစ်ကြောင်း၊ ပြင်သစ်မြို့သို့ ရောက်သည် တစ်နှစ်ရှိကြောင်း၊ မင်းပေး လစာ တစ်လလျှင် တစ်ရာ ရကြောင်း၊ ယွန်းကြီးမြို့တွင် **အနန်း**[၃] မြို့ရှိကြောင်း၊ ယွန်းလူမျိုးကို ယွန်းဘာသာ ယန်း ခေါ်ကြောင်းများကို ပြောဆိုကြားသိရသည်။

**၎င်းလပြည့်ကျော် ၂ ရက်**[၄] တနင်္လာနေ့ မင်းကြီး စလွယ်လုပ်ရန် ရွှေချိန် ၄ဂိ အကျ ရွှေချိန် ၆° လျှင် ဂရံ ၁၀၀ ထား၍ ဂရံချိန် ၈၀၀ ပေးရန် ရှိသည်ကို ဂရံ ၁၀၀ လျှင် ပြင်သစ် ရွှေဒင်္ဂါး ၁၅–၅၊ နှုန်းနှင့် ဂရံ ၈၀၀ သင့် ပြင်သစ် ရွှေဒင်္ဂါး ၁၂၄၊ ၎င်းရွှေဒင်္ဂါး ၁ လျှင် ပြင်သစ် ငွေဒင်္ဂါး ၂၀ ကျ ပြင်သစ် ငွေဒင်္ဂါး ၂၄၈၀ ကို စလွယ်လုပ်ဆရာ လမ်းစသို့ပေးအပ်လိုက်သည်။ ၎င်းနေ့ **မက်ချစ်ဘောဲရေး**[၅] နှင့် ပန်းချီဆရာတစ်ဦး လာရောက်ပြီးလျှင် သံတော်အရာရှိတို့ အခွင့်ပေးနိုင်ပါလျှင် ရုပ်ပုံများကို ကူးယူ ရေးသားလိုကြောင်းနှင့် ပြောဆိုလာသောကြောင့် နက်ဖြန် ၁၀ နာရီအချိန် လာရောက် ရေးကူးနှင့်ရန် အခွင့်ကို ပေးလိုက်သည်။ ၎င်းနေ့ ဆေးဆရာ **အာဘက်**[၆] က ညစာစားပွဲ ဖိတ်ကြားသောကြောင့် ၎င်းအိမ်သို့ ညစာစားပွဲထိုင် မောင်အောင်သူ, မောင်မြဲတို့ သွားသည်။

**၎င်းလပြည့်ကျော် ၃ ရက်**[၇] အင်္ဂါနေ့ ရွှေဖဝါးတော်အောက်က ပေးပို့သည်စာကို ရသည်။ စာဦးရေမှာ သံတော်ဆင့်တို့က ပေးသည်စာ၊ စာရေးတော် ငထွန်းက ပေးသည်စာ၊ သတင်းစာဆရာ မောင်ရှင်ကလေးက ပေးပို့သည်စာ၊ ဖိနပ်တော် မောင်ဘိုးသာက ပေးသည်စာ၊ ရန်ကုန်မြို့ သူဌေးကပေးသည်စာ၊ စာပေါင်း ၅ ရပ်။ ၎င်းစာများတွင် ပါသည်မှာ စက်ဆရာ ၆ ဦးကို တစ်လ တစ်ကိုယ်လျှင် စရိတ်မည်မျှ ပေးရမည်၊ နိုင်ငံတော်တွင်

---

၁။ Iran ၂။ School of Oriental Studies ၃။ Annam
၄။ ၁ နှစ် ၁၈၇၄ ၅။ Mitchell Courie ၆။ Erbert ၇။ ၂ နှစ် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်းမည်မျှ နေမည်များကို အသေအချာ မေးမြန်း၍ ကြေးနန်း ရိုက်ကြားရမည် အမိန့်တော်မြွက်အရ လွှတ်က ပြန်ဆိုမှာထားရှိကြောင်း။ ပန်းတဉ်းဝန်ထောက်, ဖန်ချက်ဝန်ထောက်တို့ အကြောင်း၊ **အီဒင်**[၁] က ပြင်သစ် သံတို့ အကြောင်းနှင့် ပြောဆိုချက် စကားကို ရေးသား၍ ကုလားဝန် ရွှေတိုက်စိုးက ပို့သည်စာကို အကောက်ဝန်က ရွှေလက်တော်ရောက် ဆက်ကြောင်း။ မော်လမြိုင်မြို့ စီရင်စု ကတိုးရွာနေ မောင်မွန်ထော် ရွှေဆိုင်း ဝယ်ယူရန်နှင့် စပ်သည် အကြောင်း။ **အံ့ဒြေရီနော**[၂] ငွေနှင့်စပ်သည်အကြောင်း။ ဦးထိပ်တံခါးတွင် အိမ်ခြေ ၂၀ ကျော် မီးလောင်ကြောင်း။ မြင်သာရွာသူကြီးမှုတွင် ဒိုင်းဝန်, ခနက်ပလာ ဝန်ယောင်းတို့က တစ်ဖက်၊ ကောင်ဟန်ဝန်ယောင်းက တစ်ဖက် ငွေစားယူ၍ စစ်မေး ချုပ်ထားကြောင်း။ သိန္နီမြို့မှာ ငဆံပဲ့ ဝင်ရောက် တိုက်ခိုက်ပြန်၍ အမှုထမ်းနောက်ထောက် လူ ၅၀၀ ချီတက်ရကြောင်း။ ခွန်တီး ခွန်ရှားတို့က အနောက်ဘက် ကရင် နယ်မြေများကို အအုပ်အထိန်း သင့်ရာလူ ခန့်ထားပါမည် အကြောင်းနှင့် စာလာရောက်ကြောင်း။ ကလေးမြို့မှ ချင်းအရိုင်းတို့ တိုက်ခိုက်၍ ကလေးမြို့ဝန် အလျင်အမြန် ချီတက်ရကြောင်း။ ဘိသိက်ခံ အခမ်းဝင်ရေ ၄ မျိုးများကို ရွှေဖဝါးတော်အောက် ပေးပို့လိုက်ကြောင်းများနှင့် ပါသည်။ ၎င်းနေ့ ပန်းချီဆရာ **ကော်ဗင်ညဲ**[၃] လာရောက်၊ ဝန်ရှင်တော်မင်းကြီး ရုပ်ပုံကို ကူးယူသည်။ ၎င်းနေ့ ဆေးဆရာ အာဗက် လင်မယားတို့ လာရောက် နှုတ်ဆက်ကြသည်။ ညောင်ဦးတို့ တောင်းငယ် ၃ ကို မင်းကြီးက လက်ဆောင်ပေးလိုက်သည်။ ၎င်းနေ့ မာရကတ်ကြီးနှင့်အတူ ဘဏ်တိုက်သူကြီး ဘန်ဘရုတ် လာရောက်၍ ကြေးငွေ အလိုရှိရာကို ဆောင်ရွက်လိုကြောင်း၊ မြန်မာနိုင်ငံတော်က ထားသည် ကောင်စစ် ကိုယ်စားလှယ် လုပ်လိုကြောင်းများနှင့် ပြောဆိုပြန်သွားသည်။ စိန်ကုန်သည်ကြီးများလည်း လာရောက်၍ စိန်လည်ကပ်၊ စိန်လည်ဆွဲ၊ စိန်နားပန်၊ စိန်လွှတ် လုံးရေ အများ ပြသ ကြည့်ရှုရသည်။ စိန်မှာ လက်သစ် စိန်ဝါချည်း ဖြစ်သည်။ ၎င်းနေ့ **ပါနိုးရာမ္မာတိုက်**[၄], ဗုလွန်းဥယျာဉ်များသို့ သွားရောက် လှည့်ပတ် ကြည့်ရှုကြသည်။ ပါနိုးရာမ္မာတိုက် အကြောင်း၊ ဗုလွန်းဥယျာဉ် အကြောင်းများမှာ အထက် လန်ဒန်မြို့သွား နေ့စဉ်မှတ်တွင် ပါပြီးဖြစ်၍ မရေးလိုက်သည်။ နည်းတူ သိလေ။

**၎င်းလပြည့်ကျော် ၄ ရက်**[၅] ဗုဒ္ဓဟူးနေ့ ဆေးပညာတံဆိပ်ရ ပညာရှိသင်းဝင်ဆရာကြီး အာဘက်ဆိုက ကောင်းကင်ပျံတက်သည် ဗလွန်း

---

၁။ Eden ၂။ Andreino ၃။ Courvin ၄။ Panorama ၅။ ၃ ဇွန် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



မီးအိမ်ပျံကဲ့သို့ ကောင်းကင်သို့ ပျံတက်ရန် ငှက်ရုပ် လုပ်ဆောင် ကြံစည်ဆဲ ရှိသည်ကို ကြည့်ရှုပါမည် အကြောင်းနှင့် ဖိတ်ကြားသောကြောင့် ၎င်းနေ့ တစ်နာရီအချိန် သံတော်အရာရှိ၊ ရွှေတိုက်ကြပ် စာရေးလုလင်ယ်တို့ပါ ရထား စီးနင်း၍ ဆရာအာဘက်တိုက်သို့ သွားကြသည်။ ရောက်လျှင် ၎င်းဆရာ လင်မယား၊ ၎င်းဆရာ ယောက္ခမသူတို့ ဆီးကြို နှုတ်ဆက် ကောင်းမွန် ရှိသေစွာ လက်ခံပြီးလျှင် ကောင်းကင်သွား ပထမ ကြံစည်၍ရသည် စက်ပုံ၊ ဒုတိယ ကြံစည်၍ရသည် ငှက်ရုပ်ပုံ၊ တတိယ ကြံစည်၍ရသည် ငှက်ရုပ်ပုံ များကို ကြည့်ရှုကြရာ ပထမ ကြံစည်၍ရသည် စက်ပုံမှာ ပကတိ လေထက် ပေါ့သည့် **အာလေမိန်** [၁] ဓာတ်တစ်မျိုးကို ခရုစွက် လုပ်၍ လေအတွင်း လှည့်သည်ကာလ အထက်သို့ ပျံတက်သည် အခြင်းအရာကို သိနိုင်သော စက် ဖြစ်သည်။ ဒုတိယ ကြံစည်၍ ရသည် ငှက်ပုံမှာ လင်းဆွဲ၊ လင်းနို့ငှက် အတောင်နှင့် အတူ လုပ်၍ ၎င်းလင်းဆွဲ၊ လင်းနို့ငှက် အတောင်ခတ်ရန် အားပေးသည့် အကြောများကို ဓာတ်သဘောနှင့် ငှက်ကောင်ကို ဖြတ်ခွဲ ကြည့်ရှုရာ၊ ခါးရိုး ကျောကုန်းကျော ဝဲယာကို လျှောက်၍ အားကို ဖြစ်စေ နိုင်သည့် ခြင်ဆီကြောများကို တွေ့သည်။ ၎င်းအကြောများကို လုပ်လျှင် ငှက်တောင် လှုပ်သည်။ သည်အရာကို စွဲ၍ အတောင်ခတ်အောင် အားပေး ရန် အကြောများကို ကျောရိုးက လျှောက်၍ ရင်အုပ်ရောက် အစေးကြိုး ဓာတ်ကြိုးအများ ဖွဲ့တန်းပြီးလျှင်၊ ရင်အုပ်တွင် စက်အဆင့်ဆင့် ထား၍ အမြီးက သော့ပေးသည်ကာလ ကျောရိုး အစေးကြိုး ဓာတ်ကြိုးတို့ လိမ်ရစ် အားကို ဖြစ်စေလျက် ရင်အုပ်ရှိ စက်များကို လှုပ်ရှားစေသဖြင့် အတောင် ပြင်းစွာခတ်၍ ၎င်းစက်ရုပ် အထက်သို့ ပျံတက်သည်။ ၎င်းစက်ရုပ်တွင် သမ္ဘန်ငယ် အောက်က ဆွဲသည်။ ၎င်းသမ္ဘန်မှာ လူစီးနင်း လိုက်ပါရန်ဟု ပြောဆိုသည်။ ၎င်းငှက်ရုပ်လည်း အမြီးက ရင်အုပ်ရောက် အရှည် ၂ တောင် ခန့်၊ အတောင်တစ်ဖက်လျှင် အရှည် ၂ တောင်ခန့်၊ အလျား ၂ ထွာခန့် ရှိသည်။ တတိယ ကြံစည်၍ ရသည့် ငှက်ပုံမှာ ရင်အုပ်တွင် လူထိုင်ရန်၊ စက်နင်းရန်၊ အတောင် ၂ ဖက်ကို လက်နှိပ်ရန် နေရာ အဆောက်အဦနှင့် တကွ ကိုယ်အရှည် ၅ တောင်ခန့်၊ အတောင်တစ်ဖက်လျှင် ၅ တောင်ခန့် ရှိသည်။ ၎င်းငှက်ကို မြင်းအား ၂၀ စီ အားရှိ မီးစက်နှင့် အတောင်ကို ခတ်စေ၍ အရုပ်နှင့်တကွ ပျံတက် သွားလာနိုင်အောင် ကြံစည်ဆဲရှိကြောင်း ကို ပြောဆို ကြားသိရသည်။ ၎င်းကြံစည်သည် အကြောင်းအရာ အမှတ်

[၁] Alluminium

www.burmeseclassic.com



အသား စာအုပ်များကိုလည်း ပေးအပ် ရယူခဲ့သည်။ ၎င်းအိမ်တွင် တစ်နာရီခန့် လှည့်ပတ်ကြည့်ရှု၍ ပြန်လာကြသည်။

၎င်းနေ့ နိုင်ငံခြားရုံးက ထားသည် မက်ချက်ကူးရေက ပါရစ်မြို့ရှိ ဇေတေး ခေါ်သည့် ဇာတ်ရုံကြည့်ရှုရန် နေရာ ယူခဲ့ကြောင်းနှင့် ပြောဆိုသောကြောင့် ၎င်းနေ့ည ၇ နာရီအချိန် သံတော်အရာရှိ, မက်ချက်ကူးရေ, ရွှေတိုက်ကြပ်, စာရေးလူငယ်အကုန် ရထားစီးနှင်းပြီးလျှင် ဇာတ်ရုံသို့ သွားကြသည်။ ရောက်လျှင် လူကြီးလူကောင်းတို့ ကြည့်ရှုသည် ပထမကလပ်နေရာမှာ နေထိုင် ကြည့်ရှုရသည်မှာ **အော်ရဘေး**[၁] ဆိုသူ မယားကို ပရော်တွန်ဆိုသူ ငရဲမင်းကြီး ခိုးယူသောကြောင့်၊ အော်ရဘေးကို မြို့စောင့်နတ်သမီး, ပြည်သူတို့က တိုက်တွန်းသောကြောင့် ငရဲပြည်သို့ လိုက်သွားသည့် အခန်းကို ပြ၍ မြင်ရသည်။ ဇာတ်ရုံမှာ အချင်း တာ ၂၀ ခန့် ကျယ်သည်။ အောက်ကြမ်းပြင်ပါ လူနေဘုံ ၄ ဆင့် ရှိသည်။ လူ ၂၀၀၀ ကျော်ခန့် ဝင်နိုင်ရန်ရှိသည်။ အခင်းအကျင်း တောပုံ, တောင်ပုံ, နတ်ပြည်ပုံ, ငရဲပြည်ပုံ, တိုက်အိမ်ပုံ, နတ်ပြည်က ဆင်းပုံ, ငရဲပြည်သို့ သက်ပုံ, တိမ်ကြားသို့ ရထားနှင့် သွားပုံ, ပင်လယ်ရေကြောင်းသို့ သမ္ဗန်နှင့် သွားပုံ, ကုန်းလမ်း ရထားနှင့် သွားပုံ, အထူးအဆန်း ပြသပုံ ကောင်းမွန်လှ၏။ ၎င်းဇာတ်ရုံတွင် ၂ နာရီခန့် ကြည့်ရှု ပြန်လာကြသည်။

၎င်းနေ့ လွှတ်က ပေးသည်စာ ပြင်သစ်ဂိုဏ်းအုပ် ခင်ကြီးကျောင်းသို့ ရောက်၍ မာရကတ်ကြီး ဆောင်ယူ ပေးပို့လာသည်။ စာတွင် ပါသည်မှာ စက်ဆရာ ၆ ဦး လခ မည်မျှ ပေးရမည်၊ နိုင်ငံတော်တွင် နေထိုင်ခွင့် နှစ်ပေါင်း မည်မျှ နေရမည်များကို မေး၍ ကြေးနန်းနှင့် ပြန်ဆိုပါမည့်အကြောင်း ပါသည်။ ၎င်းစာနှင့်အတူ အမှာရေး နေမျိုးသီဟသူက ပေးသည် စာကိုလည်း ရသည်။ စာတွင် ပါသည်မှာ အီရန်နိုင်ငံသို့ လွှတ်သည် သံများနှင့်အတူ ဘက်ထည့်ရန်၊ အီရန်ကောင်စစ် မြီစာဝါစတိုရခန်ဇာ ဆက်သည် အီရန်လူမျိုး မြီးဇာမိုဒင်ကို လခငွေ ၅၀၀ နှုန်းနှင့် စာချုပ်ထား၍ ငှားရမ်းထည့်လိုက်ကြောင်း၊ ၎င်းသံတို့ ပြန်သွားကြောင်း၊ တရုတ်သံတို့ကို ဘွဲ့ဆုတော်သနားတော်မူကြောင်း၊ ၎င်းသံတို့ ပြန်ကြောင်း၊ **ယွန်းကြီး**[၂] ပြည်သွား ပြင်သစ်ဗိုလ်တို့ကို ကောင်းမွန်စွာ ပို့ကြောင်းများနှင့် ပါသည်။

၎င်းလပြည့်ကျော် ၅ ရက်[၃] ကြာသပတေးနေ့ ကြောင်းရာထူးထွေ

---

၁။ Orpheus ၂။ Tongkin (MHA ; p.163): Laos and Annam (LEB ; p.264)
၃။ ၄ ဇွန် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



မရှိ။ အခြားတစ်ပါး မသွားမလာ။ တည်းနေရင်း တိုက်အိမ်တွင်သာ စာပေကြည့်ရှု မှတ်သား နေထိုင်ကြသည်။

**ငင်းလပြည့်ကျော် ၆ ရက်**[၁] သောကြာနေ့ မက်ချက်ကူးရေလာရောက်၊ ရှေ့ဗုဒ္ဓဟူးနေ့ မြန်မာသံတော်တို့ကို ပြင်သစ်သမ္မတမင်းက ကောင်းမွန်စွာ လက်ခံပါလိမ့်မည် အကြောင်း၊ ၎င်းနေ့တိုင် ရောက်လျှင် မိုလာနှင့် ကျွန်ုပ်တို့ လာရောက်ကြိုယူ သွင်းပေးပါရမည် အကြောင်းနှင့် ပြောဆိုသည်။ ၎င်းနေ့ ပါရစ်မြို့နှင့် ခရီး မြန်မာ တစ်တိုင်ခွဲ ၂ တိုင်ခန့်ကွာ အနောက်တောင်မျက်နှာ **စံကလု**[၂] အရပ်ရှိ စံကလုနန်းဥယျာဉ်များသို့ သွားရောက်ကြသည်။ ၎င်းနန်းတော်သို့ ရောက်လျှင် နန်းတော်ဥယျာဉ်များကို ကြည့်ရှုအုပ်ထိန်း ဆင့်ရသူ ပြင်သစ် ခြေသည်ဗိုလ် ရာနိဒ ဆီးကြို နှုတ်ဆက်ပြီးလျှင် နန်းတော်အထက် ဥယျာဉ်တံခါးရောက် ရထားကို မောင်းနှင်စီးနင်း၍ တက်သွားဝင်ရောက်၊ ၎င်းလူကြီး ခြေသည်ဗိုလ် ရာနိဒ လိုက်လံပြသ ကြည့်ရှုရသည်မှာ အထူးထူးသော နိုင်ငံမှ ယူဆောင်ခဲ့သည် သစ်ပင်အမျိုးမျိုးကို စိုက်ပျိုးရာအရပ်၊ ပြင်သစ်နိုင်ငံ **တတိယ နပိုလျမ်းမင်း**[၃] အစဉ်မပြတ် ၎င်တောင်ပေါ် ဥယျာဉ်က ပါရစ်မြို့ကို မြော်တင်းကြည့်ရှုရာ အရပ်၊ တတိယ နပိုလျမ်းသားငယ် အတတ်ပညာသင်သည် တိုက်နေရာ၊ ဥယျာဉ်တွင်းရှိ လူငယ်များနှင့် ၎င်းမင်းသား ရေကစားရာ ရေကန်၊ ၎င်းဥယျာဉ်အတွင်း မီးရထားငယ်စီး၍ ကစားရာ မီးရထားလမ်း၊ ခုနစ်ရက် တစ်ကြိမ်ပြည်သူတို့ လာရောက် ဝင်ထွက် လှည့်ပတ်ကြည့်ရှု ပျော်ပါးကြသည်ကာလ သွားလာ လှည့်ပတ် ကြည့်ရှုရန် အလျှိုလျှို အသွယ်သွယ်သော လမ်းမလမ်းသေး၊ အဆင့်ဆင့် အထပ်ထပ်သော ရေပန်း, ရေကန်, ရေမြောင်း၊ အထူးထူး အဆန်းဆန်းသော ပန်းခုံများနှင့် **ပြကံရှုး စစ်သည်တို့**[၄] ဝင်ရောက်သည့်ကာလ ချရပ်သည်နေရာ၊ ကတုတ်လုပ်သည်နေရာ၊ ပါရစ်မြို့တွင်းသို့ မြော်တင်းကြည့်ရှု အမြောက်နှင့်ပစ်သည့် နေရာမှ စ၍ အရပ်ရပ် ကြည့်ရှုရန်ရှိသည်များကို လှည့်ပတ် ကြည့်ရှုကြသည်။ ၎င်းစံကလုနန်းတော် အလုံးကို မီးလောင်ပျက်စီး၍ ပြင်ဆင်လုပ်ဆောင်ဆဲ ရှိသည်ကို တွေ့မြင်ရသည်။ ၎င်းနန်းတော်ကို ခရစ်သက္ကရာဇ် ၁၆၆၄ ခု **စုဒ္ဒသမလီ**[၅] ဆိုသည့် မင်းလက်ထက်က စ၍ တည်ထောင်ခဲ့သည် နန်းဖြစ်ကြောင်း၊ ၎င်း တိုက်နန်းလက်ယာဘက် အနောက် ဒုတိယခန်းတွင် ပထမ ဗိုလ်နပတ် နေထိုင်ကြောင်း၊ ၎င်းလက်ယာဘက် အရှေ့စွန်း တိုက်ခန်းကြီးများမှာ တတိယ

၁။ ၅ ဇွန် ၁၈၇၄ ၂။ St. Cloud ၃။ Napoleon III ၄။ Prussians ၅။ King Louis XVI



www.burmeseclassic.com

www.burmeseclassic.com



နပိုလျှမ်း မိဖုရားနှင့်တကွ အစဉ်မပြတ် ဥတုရာသီအလိုက် လာရောက်ပြီးလျှင် အမှုအခင်းတိုင်ပင်ရာ တိုက်ခန်း၊ အိပ်နေရာ တိုက်ခန်း၊ စားပွဲထိုင်ရာ တိုက်ခန်း၊ ဘဏ္ဍာခန်း၊ ညှော်ခံခန်း၊ ရေချိုးခန်းမှ စ၍ အရပ်ရပ် နေထိုင်ရာ တိုက်ခန်းများကိုလည်း ပြသ ကြည့်ရှုရသည်။ ၎င်း တိုက်နန်းအတွင်း မင်းဆောင်မင်းယောင် အထူးအဆန်း အသုံးအဆောင် ထည်မျိုး အုပ်မျိုး အခင်းအကျင်းများကို ပြတ်ရား စစ်သည်တို့ မရောက်မီက ရုပ်သိမ်းပြီးလျှင် ကောင်းမွန်စွာ ယူထားသောကြောင့် မီးလောင်ရာသို့ မပါ၊ အပျောက်အပျက်မရှိ၊ အကုန်အစင်ရကြောင်း၊ ၎င်းအသုံးအဆောင် အထည်အလိပ် မင်းဆောင်မင်းယောင် မင်းဝတ်မင်းစားများကို စစ်ငြိမ်းလျှင် ငြိမ်းချင်း ပြင်သစ် မိဖုရားကြီးထံရောက် ပေးပို့ ဆက်သကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းနန်းတော်လည်း စံကလု အရပ်ရှိ **စိမ်းမြစ်**[1] အနီး ဖြစ်၍ အလွန် နှပျိုသာယာသည်။ အေးမြသော ဥတုလည်း ရှိသည်။ ပန်းဥယျာဉ်အတွင်း အဆင့်ဆင့်သော ရေပန်း၊ အဆင့်ဆင့်သော ရေကန်၊ အလှျိုလှျို အသွယ်သွယ်သော ရေမြောင်း ရေပြွန်များသို့ သွင်းပေး သယ်ယူ လှောင်ထားသည့် ရေမှာ စိမ်းမြစ်ကရေ မဟုတ်။ အနောက်မျက်နှာ မားခေါ်သည့် မြစ်က သွယ်တန်း ယူဆောင်သည့် ရေချို ဖြစ်ကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်း နန်းတော်တွင် အရပ်ရပ် ကြည့်ရှုရန်ရှိသည်များကို လှည့်ပတ် ကြည့်ရှုပြီးလျှင် ပြန်လာကြသည်။ ၎င်းနေ့ ပါရစ်မြို့ စိမ်းမြစ် တစ်လျှောက် ခရိုင် ကျေးရွာများကို အုပ်ထိန်းရသူ **ဂုတ်စတာလီရေး**[2] လာရောက် နှုတ်ဆက်သောကြောင့် ကောင်းမွန်စွာ လက်ခံ ပြောဆို မေးမြန်းရာ အထက် ပညာတော်သင်မောင်မြူ ပညာသင်လာရောက်စဉ် ကိုယ်စားလှယ် ပြုလုပ်သူ ပရဒိုနေက မောင်မြူကို အပ်သောကြောင့် အိမ်တွင်လက်ခံ၊ အရပ်ရပ် သင်ကြားပြသရန် ရှိသည်များကို ဆရာပြုလုပ် သင်ကြားရသူဖြစ်ကြောင်း။ မြန်မာနိုင်ငံတော်နှင့် ပြင်သစ်နိုင်ငံ ဆက်လက်မိရန် အကြောင်းများကို အဦးအစ ကြံစည် ပြောဆို စာပေးရေးသား ဆောင်ရွက် အားထုတ်ဖူးကြောင်းကို ပြောဆို၍ အတန်ငယ် ကြာလျှင် ပြန်သွားသည်။

**၎င်းလပြည့်ကျော် ၇ ရက်**[3] စနေနေ့ အမေရိကန်နိုင်ငံမင်း၊ အရှေ့တိုင်းပြည်နိုင်ငံမင်းတို့ အကြောင်းအရာ အစဉ်အဆက် စကားများကို စပ်လျဉ်းမိရာရာ အများမှတ်သားရန် စာအုပ်ပြုလုပ် ရေးသားသူ ရာရန်စီ လာရောက်ပြီးလျှင် ပုဂံမြို့ ပျူစောထီးမင်း၊ တံနက်မင်း၊ စလေမင်းခွေးတို့

၁။ River Seine ၂။ Gustave Leroy ၃။ ၆ ဇွန် ၁၈၇၄

www.burmeseclassic.com



အကြောင်းများကို မေးမြန်းရာ တစ်ဦးနှင့်တစ်ဦး စကား ဘာသာ ပြန်လှန်ဖြေဆိုရန် နေရာကျမပြောနိုင်၊ ဘာသာမတူကြ ဖြစ်သည်။ ၎င်းအကြောင်းအရာများကိုလည်း အရိပ်အမြွက်မျှ ပြောဆို၍ နေရာကျရန် မရှိ။ ၎င်းလူလက္ခဏာလည်း အရှေ့တိုင်းပြည် နိုင်ငံများသို့ ရောက်ပေါက် သိကျွမ်းနားလည်ဖူးသည့် လက္ခဏာလည်း မရှိ။ အချင်း မှတ်သားမိသည့် နှစ်လသက္ကရာဇ်များလည်း ရာဇဝင်နှင့် မညီ။ သူပြော လူပြောများကို မှတ်၍ထင်ရာထင်မိ ရေးသားသည့် လက္ခဏာ ရှိသည်။ သို့ဖြစ်၍ မင်းစဉ်မင်းဆက်အကြောင်းအရာများကို သိလိုလျှင် သည်ကဲ့သို့ ရုတ်တရက် မေးမြန်းမှတ်သားရုံနှင့် စေ့စုံနိုင်မည် မဟုတ်။ မင်း တစ်ပါးတစ်ပါး အကြောင်းကိုစဆုံး ရင်းဖျား ပြောဆိုရလျှင် အလွန်ကျယ်ဝန်း များပြားသည် ဖြစ်၍၊ တစ်ဦး စကားကို တစ်ဦး နားလည်သူ ဖြစ်က အသေအချာ ကောင်းမွန်စွာပြောဆိုလိုသည်။ ယခု သည်ကဲ့သို့ မပြောဆိုရသည်ကို နှမြောကြောင်း၊ အရှေ့ တိုင်းပြည်နိုင်ငံ အကြောင်းအရာများကို လေ့လာ မှတ်သားသည်အရာကိုလည်း အလွန် ဝမ်းမြောက်ကြောင်းများနှင့် ပြောဆိုလိုက်ရသည်။ ၎င်းရေးသည် စာအုပ်များကိုလည်း အသီးသီး ပေးအပ်ခဲ့၍ ပြန်သွားသည်။ ၎င်းနေ့ မောင်အောင်သူနှင့် ကျောင်းနေဖက် ဆိုသူ အမြောက်ဗိုလ် **ကပ္ပိတန်မူစွန်**[၁]၊ မောင်အောင်သူထံ လာရောက်၊ သံတော်အရာရှိများနှင့် တွေ့လိုကြောင်း ပြောဆို ဆက်လက်ဝင်ထွက် တွေ့မြင်လာကြရာ၊ ယခုက နောက် ၄ လအတွင်း ယွန်းကြီးနိုင်ငံသို့ သွားပါလိမ့်မည်။ ၎င်းနိုင်ငံတွင် အချက်အဆစ် လမ်းပေါက်လမ်းဝ သင့်ရာများမှာ ခံမြို့ ခံကတုတ် ကြည့်ရှု လုပ်ဆောင်၍ ၄ နှစ်၊ ၅ နှစ် နေထိုင်ရပါလိမ့်မည်။ ၎င်းယွန်းကြီးနိုင်ငံကမြန်မာနိုင်ငံတော်သို့ လမ်းခရီး ပေါက်ရောက် ဆက်ဆံရလျှင် မြန်မာနိုင်သို့လာရောက်၍ အလိုရှိရာ အမှုတော်များကို ထမ်းဆောင်လိုကြောင်းနှင့် ပြောဆိုပြန်သွားသည်။ ၎င်းနေ့ အခြားတစ်ပါး အသွားအလာ မရှိကြ။ စာပေကြည့်ရှုမှတ်သား။ မင်းရှေ့ ဝင်ရန် အကြောင်းအရာ စာချုပ်သဘောများကို ဆင်ခြင်ကြည့်ရှု နေထိုင်ကြသည်။

**၎င်းလပြည့်ကျော် ၈ ရက်**[၂] တနင်္ဂနွေနေ့ မောင်အောင်သူ မပါ။ သံတော်အရာရှိ၊ ရွှေတိုက်ကြပ်၊ စာရေးလုလင်တို့ ရထားစီးနင်းပြီးလျှင် ပါရစ်မြို့ မြောက်မျက်နှာ စံအိုးဝင် တံခါးက ထွက်သွားပြီးလျှင်၊ စိမ်းမြစ်ကမ်းကို လျှောက်၍ လှည့်ပတ် ကြည့်ရှုကြသည်။ ၎င်းမြောက်မျက်နှာ မြို့ပြင်

၁။ Captain Mouson ၂။ ၇ ဇွန် ၁၈၇၄

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အရပ်များမှာ အဥ အညှောက်ကို ပြုတ်ဖြော စားသောက်ရသည့် အက်စပါး ခေါ်သည် အပင်မျိုး၊ အနောက်တိုင်းပြည် နိုင်ငံသားတို့ အမြဲမပြတ် စားသောက် သုံးဆောင်သည် **ပေါင်တွတ်ထယ်ရာ**[၁] ခေါ်သည် မြောက်ဥ အပင်မျိုး၊ မုန်လာ အမျိုးမျိုး၊ ကြက်သွန်၊ ဟင်းသီးဟင်းရွက်၊ ဂျုံစပါးမှ စ၍ အရပ်ရပ် လုပ်ငန်းလုပ်တာ မြေပြင်ပြည့်မျှ ရှမျှော် ကြည့်မြင်မဆုံး၊ ထက်ဝန်းကျင် အနံ့အစပ် လုပ်ဆောင် ရှိသည်များကို တွေ့မြင်ရသည်။ ပြတ်ရှား စစ်သည်တို့ ဝန်းဝိုင်းစဥ် တိုက်ခိုက် ပျက်စီးသည် တိုက်အိမ်၊ သံတံတားများနှင့် စိမ်းမြစ်အတွင်း အလိုရှိရာ လှည့်ပတ်ကြည့်ရှုလိုသူတို့ စီးနင်း လှည့်ပတ်ကြည့်ရှုရန် အသင့်စောင့်နေသည် သမ္ဗန် လှေငယ်အများ၊ ၎င်းမြစ်အတွင်း အလိုရှိရာ လှည့်ပတ်သွားလာ ကြည့်ရှုကြသူ အများပြည်သူတို့ ရေချိုးရန်နေရာ၊ ခဝါဖွပ်ရန် ခဝါရုံများကို တွေ့မြင်ရသည်။ ၎င်းစိမ်းမြစ်ကမ်း တစ်လျှောက် ဖယောင်းတိုင်, ဆပ်ပြာ လုပ်ဆောင်သည် စက်ရုံ၊ ဖန် မှန် အမျိုးမျိုး လုပ်ဆောင်သည် စက်ရုံမှ စ၍ အရပ်ရပ် လုပ်ဆောင်ကြသည် အလုပ်ရုံ၊ စက်ရုံများကိုလည်း တွေ့မြင်ခဲ့ရသည်။ ၎င်းမြစ် လက်ဝဲဘက်ကမ်းကို လျှောက်၍ အစဥ်အတိုင်း လှည့်ပတ်ကြည့်ရှုလာခဲ့ရာ ကလစ်ရှီရွာ၊ ၎င်းက အစဥ်အတိုင်း လျှောက်၍ ပါရစ်မြို့ မြောက်မျက်နှာ ကလစ်ရှီတံခါးက ဝင်ပြီးလျှင် တည်းနေရင်း တိုက်အိမ်သို့ ပြန်လာကြသည်။ ၎င်းနေ့ စိမ်းမြစ် တစ်လျှောက် ကျေးရွာ ခရိုင်များကို အုပ်ချုပ်ရသည့် ဂတ်စကာလီရေး ဆိုသူ လာရောက်၊ မောင်အောင်သူနှင့် ချိန်းချက် ပြောဆိုသည်အတိုင်း မတွေ့ရ သောကြောင့် နက်ဖြန် ၆ နာရီအချိန် အိမ်သို့ လာရောက်စေလိုကြောင်း မှာထား ပြောဆို ပြန်သွားသည်။ ၎င်းနေ့ နိုင်ငံခြားဝန်ကြီးက ပေးသည်စာကို ရသည်။ စာတွင် ပါသည်မှာ –

> သံတော်အရာရှိတို့နှင့် တွေ့စဥ် ရာဇသံ လက်ဆောင်တော်များနှင့် မင်းရှေ့သို့ ဝင်လိုကြောင်း ပြောဆိုသည်အရ သမ္မတမင်းကို လျှောက်ထားရာ မြန်မာသံတော်တို့ကို ရှေ့ဗုဒ္ဓဟူးနေ့ ပါရစ်မြို့အတွင်း **ဧလီဇေ**[၂] နန်းတော်မှာ ကောင်းမွန်စွာ တွေ့မြင်မည့်အကြောင်းနှင့် သမ္မတမင်းထံက အခွင့်ရ၍ ရှိပါသည်။ ၎င်းဗုဒ္ဓဟူးနေ့တိုင် ရောက်လျှင် နိုင်ငံခြား သံကြီး တမန်ကြီးတို့ကို မင်းရှေ့သို့သွင်းမြဲ အရာရှိနှင့် မာရကတ်ကြီးတို့ကို စေလွှတ် ကြိုယူလာပါစေမည်။ မြန်မာသံတော် စီးရန် မင်းစီးရထားကိုလည်း တိုက်အိမ်ရောက် ပို့ပါမည်။

အကြောင်းနှင့် ပါသည်။

၁။ Pomme de terre ၂။ Elysees Palace



www.burmeseclassic.com

www.burmeseclassic.com



**ဇွန်လပြည့်ကျော် ၉ ရက်**[၁] တနင်္လာနေ့ မောင်မြ၊ စာရေးလူငယ်တို့မပါ၊ သံတော်အရာရှိ၊ ရွှေတိုက်ကြပ်တို့ ရထားစီးနင်းပြီးလျှင် နန်းတော်အနောက် ရှုဒီလီဈေးလမ်း၊ ၎င်းက အောင်မှတ်ကြီး၊ ၎င်းက အာဘာနဂရဲဒါမေလမ်း လျှောက်၍ မြို့အနောက်မျက်နှာ ညီလေတံခါးက ထွက်ပြီးလျှင် စိမ်းမြစ်နီးယီး တံတားကို ကူး၍ သွားကြသည်။ စိမ်းမြစ် လက်ယာဘက်ကို လျှောက်၍ စုရင်ရွာ၊ ၎င်းက **စတုတ္ထလွီမင်း**[၂] လက်ထက်နေထိုင်သည် နှစ်ပေါင်း ၃၀၀ ကျော်ရှိ တိုက်နန်းဟောင်း၊ ၎င်းက စံခရုရွာ၊ ၎င်းက ဗူလွန်းဥယျာဉ်သို့ ဖြတ်၍ မြို့အနောက်တောင်ထောင့် မြွက် ခေါ်သည့်တံခါးကို ဝင်၍ ပြန်ခဲ့ကြသည်။ သွားရောက် ကြည့်ရှုသည် လမ်းစဉ်တစ်လျှောက်များမှာ ဂျုံ၊ ကြက်သွန်၊ မုန်လာစထရီးပင်၊ ဘာတစ်ရှိုပင်မှ စ၍အရပ်ရပ် စားဖွယ်သောက်ဖွယ်၊ လုပ်ငန်းလုပ်တာ၊ စိမ်းမြစ်အတွင်း သမ္ဗန်ကြီး၊ သမ္ဗန်ငယ်၊ မြစ်ကူးတံတား၊ ရေတင်သည်နေရာ၊ မြစ်ဝဲယာ ဥယျာဉ်သစ်ပင်၊ လမ်းစဉ်တစ်လျှောက် ကာဖီဆိုင်၊ ဆေးမျိုးစုံ ချက်လုပ်သည် စက်ရုံ၊ ထည်မျိုးအုပ်မျိုး ပုံရိုက်သည် စက်ရုံ၊ မောင်ဘက်လီရုံ ခံမြို့မှ စ၍ အရပ်ရပ် အလုပ်အဆောင် အခင်းအကျင်း အမှုအရာများကို တွေ့မြင်ခဲ့ရသည်။ ၎င်းနေ့မင်းရှေ့ဝင် အစီအစဉ် အခမ်းအနားများကို စာရင်း ရေးသား၍ နိုင်ငံခြားဝန်ကြီးက ပေးပို့လာသည်။ ၎င်းအစီအစဉ်ကို မင်းရှေ့ ဝင်သည့်နေ့မှတစ်ပေါင်းတည်း ရေးမည်။ ၎င်းနေ့ မောင်မြ၊ မောင်အောင်သူတို့လည်း စိမ်းမြစ်ကျေးရွာ ခရိုင်အုပ် ဂတ်စတာလီရေး အိမ်သို့ သွားကြသည်။ မင်းရှေ့ဝင်သည်ကာလ ကင်းဝန်မင်းကြီး ပြောဆိုရန် စကားချက်များကို ရေးသား၍နိုင်ငံခြားဝန်ကြီးထံ ပို့သည်။ မင်းရှေ့ ဝင်သည်ကာလ ဆောင်ယူရန် ရာဇသံ၊ လက်ဆောင်တော်များကိုလည်း လက်မှတ်တံဆိပ် အသေအချာ ရေးသားခတ်မှတ်၍ ပြင်ဆင် အသင့်ထားကြသည်။

**ဇွန်လပြည့်ကျော် ၁၀ ရက်**[၃] အင်္ဂါနေ့ မာရကတ်ကြီးနှင့်အတူ ဘူလာဆိုသူ ကုန်သည်ကြီး လာရောက်၍ ရောင်းကြီးဝယ်ကြီး အကြီးအကျယ်ကူးသန်းရောင်းဝယ်သူ ဖြစ်ကြောင်းနှင့် မာရကတ်ကြီးက ဆက်လက်ပြီးလျှင် နိုင်ငံတော်နှင့် ပြင်သစ်နိုင်ငံ မဟာမိတ်ဖြစ်၍ အရောင်းအဝယ် ကူးအားသန်းအား တိုးပွား ဖြစ်ထွန်းကြတော့မည် အမှန်ဖြစ်၍ အဦးအစ အခြားကုန်သည်တို့ မဆက်မလက်မီ ပထမန်ပါတ်ဝင် ဖြစ်အောင် ဆက်လက်ထမ်းဆောင်လိုကြောင်းနှင့် ပြောဆိုရာ၊ သံတော်အရာရှိတို့က သည်ကဲ့သို့ ပြောဆို

၁။ ၈ ဇွန် ၁၈၇၄ ၂။ King Louis IV ၃။ ၉ ဇွန် ၁၈၇၄

www.burmeseclassic.com



ကြားသိရသည်ကို ဝမ်းမြောက်ကြောင်း၊ နိုင်ငံတော်သို့ ပြန်ရောက်သည် ကာလ နေထွက်ဘုရင် မြန်မာမင်းမြတ် ရွှေနားတော်ကြား အမိန့်တော်မြတ် ခံ၍ အလိုရှိတော်မူလျှင် စာပေး မှာထားမည်အကြောင်းနှင့် ပြန်ပြောသည်။ ပုံစံမှတ်သားရန် မြန်မာဝတ် အင်္ကျီများကို အလိုရှိပါသည်။ တူအောင် နည်း ခိုး၍ စံချုပ်လုပ် ပေးအပ်လိုက်ပါမည်။ ၎င်းအထည်များကို နောင်အလိုရှိလျှင် မှာထားပါမည့် အကြောင်းနှင့် ပြောဆိုသောကြောင့် မြန်မာဝတ် အင်္ကျီရှည် ၁၊ တရုတ်အင်္ကျီ ၁ များကို ပုံစံပေးလိုက်သည်။ ၎င်းနေ့ မောင်မြ၊ စာရေး လူငယ်တို့ မပါ၊ သံတော်အရာရှိတို့ အညောင်းအညာပြေ မြို့တွင်း လမ်းသေး လမ်းမများကို ရထားစီးနှင့် လှည့်ပတ်ကြသည်။

**၎င်းလပြည့်ကျော် ၁၁ ရက်**[၁] ဗုဒ္ဓဟူးနေ့ ၂ ချက်တီးကျော် ၂ မောင်း အချိန် သမ္မတမင်းထံ သံတော်တို့ဝင်ရန် အခွင့်ကတိ ရှိသည်အတိုင်း ၂ ချက်တီး အချိန်က ရာဇသံ လက်ဆောင်တော်များကို အသင့်ပြင်ဆင် စီစဉ် ခင်းကျင်းရှိ၍ ဝန်ရှင်တော် ကင်းဝန်မင်းကြီးမှာ သနားတော်မြတ်ခံရသည် မျဉ်းတိုမျဉ်းရှည်၊ မောက်ရှုစုံ၊ ရွှေစလွယ်၊ ပြင်သစ်တံဆိပ်၊ အီတာလျံ တံဆိပ် ဘယက်များကို ဆင်ယင်လျက်၊ စာရေးတော်ကြီး မင်းလှဗေယသူမှာ သနား တော်မြတ်ခံရသည် မျဉ်းတိုမျဉ်းရှည်၊ မောက်ရှု၊ ရွှေစလွယ်၊ ပြင်သစ်တံဆိပ်၊ အီတာလျံ တံဆိပ် ဘယက်များကို ဆင်ယင်လျက်၊ လက်ဖက်ရည်တော် နေမျိုးမင်းထင်သူရိန်မှာ သနားတော်မြတ် ခံရသည် မျဉ်းတိုမျဉ်းရှည်၊ မောက်ရှူ၊ ရွှေစလွယ် ဆင်ယင်လျက်၊ လက်ဖက်ရည်တော် နေမျိုးသိဒ္ဓိ ကျော်ထင်မှာ အင်္ကျီဖြူ ရွှေစလွယ် ဆင်ယင်လျက်၊ ရွှေတိုက်ကြပ် စာရေး လူငယ်တို့မှာ ဝတ်သန့်ဝတ်ကောင်း ဝတ်စား ဆင်ယင်လျက် အသင့် စောင့် နေကြသည်။

၂ ချက်တီးကျော် တစ်မောင်းအချိန် သံတော်အရာရှိတို့နှင့် လိုက်ပါ ရန် မာရကတ်ကြီး လာရောက်သည်။ ၎င်းနောက် နိုင်ငံခြား သံကြီး တမန်ကြီးတို့ကို အမြင့်ဆုံး တင်ဆောင် ကြိုယူမြဲ မြင်း ၂ စီးက မင်းစီးရထား ၃ နှင့်၊ နိုင်ငံခြား သံကြီးတမန်ကြီးတို့ မှူခွင့်ကိစ္စ ရှိသည်များကို ဆောင်ရွက် ရသည် နိုင်ငံခြားရုံး **ပျော်တော်ကိုး**[၂] လူကြီး မယ်စယ်မိုလာ သံတော်တို့ရှိရာ လာရောက် ကြိုယူလာ၍ ရာဇသံထည့်ကျည်နှင့် ဝန်ရှင်တော် ကင်းဝန် မင်းကြီး၊ လက်ဖက်ရည်တော် နေမျိုးမင်းထင်သူရိန်၊ မာရကတ်ကြီး၊ ပျော် တော်ကိုးလူကြီး မယ်စယ်မိုလာတို့မှာ ပထမ ရထား၊ စာရေးတော်ကြီး

---

၁။ ၁၀ ဇွန် ၁၈၇၄ ၂။ Protocole



www.burmeseclassic.com

www.burmeseclassic.com



မင်းလှဇေယသူ, လက်ဖက်ရည်တော် နေမျိုးသိဒ္ဓိကျော်ထင်, ပျော်တော်ကိုး အရာရှိထောက် မက်ချက်ကူးရေတို့မှာ ဒုတိယ ရထား၊ လက်ဆောင်တော်များနှင့် ရွှေတိုက်ကြပ်, မင်းလှမင်းထင်ကျော်သူ, စာရေးတော် ၃ တို့မှာ တတိယ ရထား၊ လူငယ် ၂ မှာ သံတော်အရာရှိတို့ စီးမြဲ ရထားများတွင် အသီးသီး စီးနင်း၍ တည်းနေရင်း ဒလူဟိုတက် တိုက်အိမ်က သမ္မတမင်း ရှိရာ ဧလီဇေ တိုက်နန်းသို့ သွားကြသည်ကာလ ပထမ ရထားမှာ စစ်ဝတ်ဆင် ရှေ့ညွှန် မြင်းနှင့် မြင်းစီး ၁ ရှေ့က လိုက်ပြရသည်။ စစ်ဝတ်ဆင် မြင်းစီးသူရဲ မြင်းနှင့် မြင်းစီး ၂ တို့က ရထားနောက် ဝဲယာ လိုက်ရသည်။ ပြီးလျှင် ဒုတိယရထား, တတိယရထား, စတုတ္ထရထား အစဉ်အတိုင်း လိုက်ရသည်။ ဧလီဇေ နန်းတော် အရံအတွင်း ဝင်မိလျှင် ဝင်မိချင်း စစ်ဝတ်ဆင် လက်နက်စွဲသူရဲ အမှုထမ်းတို့၊ ဗိုလ်အရာရှိစုံတို့ လက်ရုံးချင်းစပ်ကာ တိုက်နန်းအတွင်း ပြည့်မျှ ခင်းကျင်းစောင့်နေ ရှိသည်။ ၎င်းရဲမက် စစ်သည်တို့က စည်ခရာ သဲသဲရုတ်ရုတ် တီးမှုတ်ပြီးလျှင် တစ်ပြိုင်နက် သေနတ်ကို မြှောက်ကိုင်လျက် သံတော်တို့ကို အရိုအသေပြု၍ နှုတ်ဆက်သည်။ ဗိုလ်အရာရှိတို့လည်း သံတော်အရာရှိတို့ ရထားက ဆင်းလျှင်ဆင်းချင်း သဲသဲရုတ်ရုတ် စည်ခရာ တီးမှုတ်၍ အရိုအသေ ဆောင်ဓားကို ချွတ်ကိုင် လက်မြှောက် နှုတ်ခွန်းဆက်ရသည်။

သံတော်တို့ ရထားက ဆင်း၍ တိုက်နန်းသို့ တက်သည်ကာလ ဝန်ရှင်တော် ကင်းဝန်မင်းကြီး ရာဇသံကို ပိုက်ပွေ့လျက် လက်ယာ၊ နိုင်ငံခြား သံကြီးတမန်ကြီးတို့ကို မင်းရှေ့သို့ သွင်းရသည် ပျော်တော်ကိုးလူကြီး မယ်စယ် မိုလာ လက်ဝဲပြိုင်လျက် ပထမ၊ လက်ဖက်ရည်တော် နေမျိုးမင်းထင်သူရိန်နှင့် မာရကတ်ကြီးတို့ ပြိုင်လျက် ဒုတိယ၊ စာရေးတော်ကြီး မင်းလှဇေယသူ, လက်ဖက်ရည်တော် နေမျိုးသိဒ္ဓိကျော်ထင်, နိုင်ငံခြားရုံး အရာရှိထောက် မက်ချက်ကူးရေတို့ ပြိုင်လျက် တတိယ၊ ရွှေတိုက်ကြပ် စာရေးလူငယ်တို့ ပြိုင်လျက် စတုတ္ထ၊ အစဉ်အတိုင်း တက်သွားရသည်။ တိုက်နန်း လှေကားဦးသို့ ရောက်လျှင် သမ္မတမင်းက ဇ်ကော်လော်နက်လ်ဗား ဆိုသူ စစ်ဗိုလ်ကြီးကို စေလွှတ်၍ သံတော်တို့ကို ကြိုယူသည်။ သည်ကဲ့သို့ အစီအစဉ်မပျက် တက်သွားကြရာ ဝတ်သန့် ဝတ်ကောင်း ဆင်ယင်လျက် မတ်ရပ်စောင့်နေရသူ တံခါးစောင့်တို့က အစီအစဉ်ရှေ့သို့ လွန်၍ တံခါးအဆင့်ဆင့်များကို ဖွင့်လှစ်ရသည်။

ပထမ ညှော်ခံခန်းသို့ ရောက်လျှင် သံတော်တို့ အတန်ငယ် ရပ်ဆိုင်း



www.burmeseclassic.com

www.burmeseclassic.com



နေသည်အတွင်း မယ်စယ်မိုလာ ရှေ့လွန်သွား၍ သံတော်အရာရှိတို့ အကြောင်းကို သမ္မတမင်းထံ လျှောက်ထားရသည်။ သမ္မတမင်းလည်း သံတော်အရာရှိတို့ကို လက်ခံရန် တိုက်ခန်းတွင် မင်းဆင် တံဆိပ် ဘယက် များကို ဆင်ယင်လျက် အသင့် စောင့်နေနှင့်ရသည်။ ပြီးလျှင် မယ်စယ်မိုလာ သံတော်တို့ထံ ပြန်လာ၍ သမ္မတမင်းရှေ့သို့ သွင်းသည်။ သမ္မတမင်း စောင့် နေသည့် တိုက်ခန်းသို့ ဝင်လျှင်ဝင်ချင်း သံတော်အရာရှိတို့က ဦးခေါင်း ညိတ်လျက် ၃ ကြိမ် နှုတ်ဆက်ရသည်။ ပြီးလျှင် ရှေ့သို့ သွားပြီသွား၍ ဧည့်ခံခန်း ၃ ပုံ ၁ ပုံ၊ သမ္မတမင်းနှင့် ၄ တောင်ခန့်အကွာသို့ ရောက်လျှင် တစ်ကြိမ် ဦးခေါင်း ညိတ်၍ နှုတ်ဆက်သည်။ ပြီးလျှင် မတ်ရပ် နေထိုင် ရသည်။ ဝန်ရှင်တော် ကင်းဝန်မင်းကြီးအနီး လက်ယာဘက်သို့ စကားပြန် စေရန် လက်ဖက်ရည်တော် နေမျိုးမင်းထင်သူရိန် ချဉ်းကပ် ရပ်နေရသည်။ ပြီးလျှင် စာရေးကြီး မင်းလှဇေယျသူ, လက်ဖက်ရည်တော် နေမျိုးသိဒ္ဓိ ကျော်ထင်, မာရကတ်ကြီး, မက်ချက်ကူးရေတို့မှာ ဝန်ရှင်တော်မင်းကြီး နောက် ၄ တောင်ခန့်ကွာက စက်ဝန်းထက်ဝက်သဏ္ဌာန် ဝန်းရံစီစဉ် မတ်ရပ် နေထိုင်ကြရသည်။ ကျန်သံတော် အပေါင်းပါလူတို့မှာ ၎င်းတိုက်တံခါး အဝင်က စီစဉ် ရပ်နေရသည်။

ပြင်သစ် နိုင်ငံခြားဝန်ကြီးနှင့် နိုင်ငံခြားအရာရှိစုံ၊ ကြည်းကြောင်းချုပ် ဝန်ကြီးနှင့် ကြည်းကြောင်းဗိုလ် အရာရှိစုံ၊ ရေကြောင်းချုပ် ဗိုလ်ကြီးနှင့် ရေကြောင်းဗိုလ် အရာရှိစုံတို့မှာ မင်းပေးတံဆိပ် ဘယက် အဆောင်အရွက် များကို ဆင်ယင်လျက် သမ္မတမင်းနောက် ၄ တောင်ခန့်ကွာက စက်ဝန်း ထက်ဝက်သဏ္ဌာန် ဝန်းရံစီစဉ် မတ်ရပ် နေထိုင်ရသည်။ ပြီးလျှင် ဝန်ရှင်တော် ကင်းဝန်မင်းကြီးက မြန်မာဘာသာနှင့် ကောင်းမွန်စွာ အခမ်းအနားဝင် စကားကို ပြောဆိုရသည်။ ၎င်းစကားကို လက်ဖက်ရည်တော် နေမျိုးမင်းထင် သူရိန်က ပြင်သစ်ဘာသာနှင့် သမ္မတမင်းသို့ ပြန်ပြောရသည်။ ပြီးလျှင် ရာဇသံကျည်ကို ဝန်ရှင်တော် ကင်းဝန်မင်းကြီးက သမ္မတမင်းလက်သို့ အပ်သည်။ သမ္မတမင်းက ရိုသေ ကောင်းမွန်စွာ လှမ်းယူပြီးလျှင်၊ သမ္မတမင်း က ပြင်သစ်ဘာသာနှင့် အတုံ့အပြန် အခမ်းအနားဝင် စကားကို ပြောဆို သည်။ ၎င်းစကားကို လက်ဖက်ရည်တော် နေမျိုးမင်းထင်သူရိန်က မြန်မာ ဘာသာနှင့် မင်းကြီးကို ပြန်ပြောရသည်။

ပြီးလျှင် နေထွက်ဘုရင် မြန်မာမင်းမြတ် မာတော်မူပါ၏လား သမ္မတမင်းက မေးသည်။ သံတော်တို့ကလည်း မာတော်မူကြောင်းနှင့် ပြန်ပြော



www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက် သံတော်တို့ မည်သည့်လမ်းက လာသည်၊ ရက်ပေါင်းမည်မျှ ကြာသည်၊ လမ်းခရီး ချမ်းချမ်းသာသာ ရှိသည်၊ မရှိသည်များကို သမ္မတမင်း က မေးသည်။ သံတော်တို့ကလည်း စင်ကာပူလမ်းက လာကြောင်း၊ လမ်း ခရီး တစ်လခန့် ကြာကြောင်း၊ ပင်လယ်ရေလမ်း ချမ်းချမ်းသာသာ ရှိကြောင်း များနှင့် ပြန်ပြောသည်။ ပြီးလျှင် သမ္မတမင်းအနီး ခုံနှင့် တင်ထားသည် လက်ဆောင်တော်များကို ဝန်ရှင်တော်မင်းကြီးက တစ်ခုစီ ကိုင်ယူ၍ သမ္မတမင်းလက်သို့ အပ်ရသည်။ သမ္မတမင်းက အလွန် ဝမ်းမြောက်ဝမ်းသာ ဘုန်းတော်ကြီးကြောင်း၊ သက်တော်ရှည်ကြောင်းများကို ဆုတောင်း၍ လှမ်းယူသည်။ ပြီးလျှင် ဤသူကား စာရေးတော်ကြီး၊ ဤသူကား လက်ဖက် ရည်တော် အသီးအသီး မင်းကြီးက ညွှန်ပြ၍ သမ္မတမင်းနှင့် သံတော်တို့ကို ဆက်လက်ရသည်။ ပြီးလျှင် သမ္မတမင်းကလည်း ကြည်းကြောင်းချုပ် ဝန်ကြီး, ရေကြောင်းချုပ် ဝန်ကြီးတို့နှင့် ဝန်ရှင်တော်မင်းကြီးကို ဆက်လက် စေသည်။ ပြီးလျှင် သမ္မတ မိဖုရားနှင့် တွေ့မြင်နှုတ်ခွန်းဆက်လက်လိုကြောင်း ထုံးစံရှိသည်အတိုင်း မင်းကြီးက ပြောဆိုသည်။ သမ္မတမင်းကလည်း ဝမ်းမြောက်ဝမ်းသာ မိဖုရား ဧည့်ခံရန် အခြံအရံ အစီအစဉ်နှင့်တကွ စောင့်နေ ရှိနှင့်သည့် တိုက်ခန်းသို့ သံတော်အရာရှိတို့ကို ခေါ်သွားသည်။

မိဖုရားလည်း နိုင်ငံခြားဝန်ကြီးကတော်, ကြည်းကြောင်းချုပ် ဝန်ကြီး ကတော်, ရေကြောင်းချုပ် ဝန်ကြီးကတော်မှ စ၍ ကတော်မယား အခြံအရံနှင့် တကွ သံတော်တို့ကို တည်ကျွေးရန် မုန့်ယို အချိုအဆိမ့်မျိုးစုံ စားပွဲခင်းကျင်း၍ အသင့်စောင့်နေနှင့်သည်။ သမ္မတမင်းလည်း သံတော်အရာရှိတို့နှင့် မိဖုရားကို ဆက်လက် ကမ်းလှမ်း၍ ပေးသည်။ မိဖုရားနှင့် တွေ့လျှင်တွေ့ချင်း ဝန်ရှင်တော်မင်းကြီးက အခမ်းအနားဝင် ဝမ်းမြောက်ဝမ်းသာ စကားကို ပြောဆိုသည်။ မိဖုရားကလည်း အခမ်းအနားဝင် ဝမ်းမြောက်ဝမ်းသာ စကား ကို တုံ့ပြန် ပြောဆိုသည်။ ပြီးလျှင် မုန့်ယို အချိုအဆိမ့် စားဖွယ်သောက်ဖွယ် များကို မိဖုရား ကိုယ်တိုင် သံတော်အရာရှိတို့ကို အသီးသီး ကမ်းလှမ်း တည်ကျွေး စားသောက်ကြရသည်။ အထက် သမ္မတမင်း လက်ခံသည် တိုက်ခန်းတွင် ပေးအပ်ခဲ့သည့် လက်ဆောင်တော်များကို မိဖုရား ဧည့်ခံသည် တိုက်ခန်းသို့ ဆောင်ယူ၍ ဖွင့်လှစ် ကြည့်ရှုကြပြီးလျှင် ဝမ်းမြောက်ဝမ်းသာ အလွန် ကောင်းမွန် ထူးဆန်းကြောင်း၊ သည်ကဲ့သို့ လက်ဆောင်တော်များကို ရသည်ကို အလွန် ကျေးဇူးတင်ကြောင်း၊ အသက်ထက်ဆုံး မပျောက်မပျက် စေရ, ကောင်းမွန်စွာ ထားပါမည် အကြောင်းနှင့် သမ္မတမင်း, မိဖုရားတို့က ပြောဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် သမ္မတမင်းက မြန်မာသံတော်တို့ ပြင်သစ်နိုင်ငံတွင် အလွန်ပျော်ပါးစေလိုကြောင်း၊ အရပ်ရပ် ဝင်ထွက် ကြည့်ရှုလိုသည်များကို အလိုရှိတိုင်း ကြည့်ရှုခွင့်ကို ကျွန်ုပ်က အခွင့်ပေး၍ ကြည့်ရှုပါစေမည် အကြောင်း၊ သံတော်အရာရှိတို့ မည်သည်အမှုမဆို အလိုရှိသမျှ သံတော်အရာရှိတို့က ပြောဆိုလျှင် မာရကတ်ကြီးက နေရာကျ ပြေကုန်အောင် ဆောင်ရွက်ရမည် သမ္မတမင်းက ဆင့်ဆိုသည်။ ပြီးလျှင် ဝမ်းမြောက်ဝမ်းသာ မိတ်သဟာယဖြစ်စကား တစ်နာရီခန့် ပြန်လှန် ပြောဆိုပြီးလျှင် စီးမြဲရထားကို စီး၍ အစဉ်အတိုင်း ပြန်လာကြသည်။ တိုက်နန်းသို့ တက်သည်က စ၍ ဆင်းသည်တိုင် ခင်းကျင်းရှိသည့် ဗိုလ်အရာရှိ ရဲမက် စစ်သည်တို့ စည်ခရာ တီးမှုတ်၍ ခင်းကျင်း နေထိုင်ကြရသည်။ မြန်မာသံတော်တို့ ပြန်၍ တိုက်အိမ်သို့ ရောက်သည် ကာလ အစည်းအဝေးပါ ရေကြောင်းအရာရှိတို့ သံတော်တို့ ရှိရာလာရောက် နှုတ်ခွန်းဆက်ပြီးမှ ပြန်သွားကြသည်။ သမ္မတမင်းနှင့် တွေ့သည် အခါ ဝန်ရှင်တော် ကင်းဝန်မင်းကြီးက ပြောဆိုသည် အခမ်းအနားဝင် စကား၊ သမ္မတမင်းက ပြန်လှန် ပြောဆိုသည် အခမ်းအနားဝင် စကား၊ မိဖုရားက ပြန်လှန် ပြောဆိုသည် အခမ်းအနားဝင် စကားများကို အောက်၌ ရေး၍ ထားမည်။

သမ္မတမင်းနှင့် တွေ့သည်အခါ ဝန်ရှင်တော် ကင်းဝန်မင်းကြီးက ပြောဆိုသည် အခမ်းအနားဝင် စကား ဘုရား။ ။

ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသော ကျွန်ုပ်တို့အရှင် နေထွက်ဘုရင် မြန်မာမင်းမြတ်သည် မြန်မာနိုင်ငံနှင့် ပြင်သစ်နိုင်ငံ အလွန် မြဲမြံသော မဟာမိတ်အဖြစ်ကို အလိုတော်မြတ် ရှိတော်မူသော ကြောင့် အထက်တစ်ကြိမ် စေလွှတ်သည် သံတို့ကို ပြင်သစ်နိုင်ငံ မင်း မှူးမတ်တို့က ကောင်းမွန်စွာ လက်ခံပြုစု၊ ၂ တိုင်း ၂ ပြည် မဟာမိတ်အဖြစ် ဆက်လက်မိ၍ ရှိသည်အတိုင်း ပြင်သစ်နိုင်ငံ မင်း မှူးမတ်တို့ မြန်မာနိုင်ငံနှင့် မဟာမိတ်သဘော ရှိသည်၏ အဖြစ်ကို ထင်ရှားစေရန် ကောင်ဒီရော်၅ကို သံခန့်ထား၊ ရာဇသံ လက်ဆောင် တော်များနှင့် မြန်မာနိုင်ငံသို့ စေလွှတ်သည်ကို ကျွန်ုပ်တို့အရှင် နေထွက် ဘုရင် မြန်မာမင်းမြတ်နှင့် မှူးတော်မတ်တော် ပြည်သူတို့ အထူးသဖြင့် ဝမ်းမြောက် ဝမ်းသာ ရှိကြပါကြောင်း၊ ပြင်သစ်နိုင်ငံ မင်း မှူးမတ်တို့က ကောင်ဒီရော်၅နှင့် ပြင်သစ် သံအရာရှိတို့ကို ခန့်ထားစေလွှတ် မဟာမိတ်လက္ခဏာ ထင်ရှားသည် အတိုင်း ကျွန်ုပ်တို့အရှင် နေထွက်



www.burmeseclassic.com

www.burmeseclassic.com



ဘုရင် မြန်မာမင်းမြတ်, မှူးတော်မတ်တော်တို့ကလည်း မဟာမိတ် အလိုရှိသည်၏ အဖြစ်ကို အတွဲ့အပြန် သက်သေခံပြု၍ ပြင်သစ်နိုင်ငံ မင်း မှူးမတ်တို့ ယုံကြည်ရန် ကျွန်ုပ်ကို သံကြီးခန့်ထား၊ ရာဇသံ လက်ဆောင်တော်များနှင့် စေလွှတ်တော်မူသည် ဖြစ်၍ ရာဇသံ လက်ဆောင်တော်များကို ဆက်သပါကြောင်း။ ယခု သည်ကဲ့သို့ ဝမ်းမြောက်ဝမ်းသာ အခမ်းအနား အကြီးအကျယ်နှင့် တိုင်းကြီး ပြည်ကြီး ဓလေ့ထုံးစံ ရှိသည်အတိုင်း လက်ခံပြုစုသည်များကို ကျွန်ုပ်တို့ ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ပါကြောင်း။ သည်ကဲ့သို့ အထူးသဖြင့် လက်ခံပြုစုသည် အကြောင်းအရာများကို ကျွန်ုပ်တို့ သခင်ကို တင်လျှောက်ပါမည်အကြောင်း။ ကြားသိတော်မူလျှင် မှူးမတ် ပြည်သူ နှင့် တကွ အလွန် ဝမ်းမြောက်ပါလိမ့်မည် အကြောင်း။ သမ္မတမင်း လည်း ယခု အုပ်စိုးတော်မူသော ပြင်သစ်နိုင်ငံကို တစ်နေ့တစ်ပါး အကျိုးစီးပွား တိုးတက်ဖြစ်ထွန်း၍ နှစ်လ အရှည်အကြာ အုပ်စိုး ဆောင်ရွက်နိုင်အောင် ကျွန်ုပ်တို့က ဆုတောင်းမေတ္တာ ပြုပါကြောင်း။

သမ္မတမင်းက ပြန်လှန် ပြောဆိုသည် အခမ်းအနားဝင် စကား ဘုရား ။ ။

နေထွက်ဘုရင် မြန်မာမင်းမြတ်က မြန်မာနိုင်ငံနှင့် ပြင်သစ် နိုင်ငံ မဟာမိတ်အဖြစ်ကို အလွန် အလိုရှိတော်မူသောကြောင့် သံကြီး အရာနှင့် ခန့်ထား စေလွှတ်သင့်သည့် မှူးမတ်အများတွင် သတိပညာ ရှိသည်သာ မက ပြင်သစ်နိုင်ငံမှ စ၍ အနောက်တိုင်းပြည် နိုင်ငံများသို့ ရောက်ဖူးပေါက်၊ ထုံးစံ ဥပဒေများကို သိကျွမ်းနားလည်သူ ဝန်ရှင်တော် ကင်းဝန်မင်းကို ရွေးကောက်တော်မူ၍ စေလွှတ်တော်မူသောကြောင့် ယခု ကျွန်ုပ် တွေ့မြင် လက်ခံရသည်ကို အလွန် ဝမ်းမြောက်ဝမ်းသာ ရှိပါကြောင်း။ နေထွက်ဘုရင် မြန်မာမင်းမြတ်က မြန်မာနိုင်ငံနှင့် ပြင်သစ်နိုင်ငံ မဟာမိတ် အဖြစ်ကို အလိုတော်မြတ်ရှိကြောင်းနှင့် ပြောဆို ကြားသိရသည်ကိုလည်း အလွန် ဝမ်းမြောက်ဝမ်းသာ ကျေးဇူး တင်ပါကြောင်း။ နေထွက်ဘုရင် မြန်မာမင်းမြတ်က သည်ကဲ့သို့ မဟာမိတ်အဖြစ်ကို အလိုရှိသည့် အကြောင်းအရာ လက္ခဏာများကို ထင်မြင် သိသာသည် ဖြစ်၍၊ ၂ တိုင်း ၂ ပြည် ရာဇမဟာမိတ် အဖြစ် တစ်နေ့ထက်တစ်နေ့ တိုးတက်မြဲမြဲရန်သာ ရှိပါကြောင်း။ ကျွန်ုပ် တို့က စေလွှတ်လိုက်သည့် သံတော်များကို နေထွက်ဘုရင် မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



မင်းမြတ်နှင့် တကွ မှူးတော် မတ်တော် ပြည်သူတို့က ကောင်းမွန်စွာ ကြိုယူ လက်ခံ၊ အထူးသဖြင့် ဓောင်မ ကြည့်ရှုသည်ကို ကျေးဇူးအထူး တင်ပါကြောင်း။ ကျွန်ုပ်တို့ကလည်း မြန်မာနိုင်ငံတော်နှင့် ပြင်သစ်နိုင်ငံ ရာဇမဟာမိတ် အဖြစ် မြဲမြဲခိုင်ခံ့၍ တစ်နေ့ထက်တစ်နေ့ တိုးပွားဖြစ်ထွန်းရန် အကြောင်းကို အမြဲမပြတ် သဘောထားလျက် ရှိပါကြောင်း။

မိဖုရားနှင့် တွေ့သည်ကာလ မင်းကြီးက ပြောဆိုသည် အခမ်းအနားဝင် စကား ဘုရား။ ။

ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသော ကျွန်ုပ်တို့အရှင် နေထွက်ဘုရင် မြန်မာမင်းမြတ်က ကျွန်ုပ်ကို သံကြီး ခန့်ထား၍ ပြင်သစ် သမ္မတမင်းထံ စေလွှတ်တော်မူသည့်အတိုင်း၊ ပြင်သစ် သမ္မတမင်းက ကောင်းမွန်စွာ ကြိုယူလက်ခံ နှုတ်ခွန်းဆက်လက် ပြုလုပ်သည်ကို အလွန် ဝမ်းမြောက်ဝမ်းသာ ရှိပါကြောင်း။ သမ္မတမင်းနှင့် တွေ့ကြုံရသည်သာမက သမ္မတမင်း မိဖုရားနှင့် ယခု တွေ့ကြုံ နှုတ်ခွန်း ဆက်လက်ရသည့် အရာသည် ကျွန်ုပ်နှင့် အပေါင်းပါ သံအရာရှိတို့မှာ ဂုဏ်ကျက်သရေ တိုးတက်သည် ဖြစ်၍ အလွန် ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ပါကြောင်း။ ယခု တွေ့ကြုံဆဲအခါတွင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသည် မဟုတ်။ အလွန် ခရီးကွာဝေးသော နိုင်ငံတော်သို့ ပြန်ရောက်သည်ကာလလည်း သည်ကဲ့သို့ ဂုဏ်ကျက်သရေ တိုးတက် ဖြစ်ထွန်းအောင် သမ္မတမင်း မိဖုရားတို့ ကောင်းမွန်စွာ လက်ခံပြုစု တွေ့မြင်ရသည် အရာကို အသက်ထက်ဆုံး မေ့နိုင်တော့မည် မဟုတ်ပါကြောင်း။

မိဖုရားက ပြန်လှန် ပြောဆိုသည် အခမ်းအနားဝင် စကား ဘုရား ။ ။

သံတော် ကင်းဝန်မင်းကြီးက ကျွန်ုပ်တို့ တွေ့ကြုံ အရိုအသေ နှုတ်ခွန်းဆက်လက်လိုကြောင်းနှင့် ပြောဆို ကြားသိ တွေ့ကြုံရသည်ကို အလွန် ကြည်ညို ဝမ်းမြောက်ဝမ်းသာ ရှိပါသည်။ သံတော်ကြီးလည်း တိုင်းကြီးပြည်ကြီး အမူအရာ၊ ယဉ်ကျေးဖွယ်ရာ စိတ်သဘောရှိသည် အဖြစ်ကို မတွေ့မကြုံမီကပင် ကျွန်ုပ် ယုံကြည်ထင်မှတ် ရှိပါသည်။ နေထွက်ဘုရင် မြန်မာမင်းမြတ်က ပေးပို့သည် လက်ဆောင်တော်များ လည်း အလွန် ထူးဆန်း ကောင်းမွန်သည် ဖြစ်၍ ကျေးဇူးအထူးတင်ပါသည်။ ။



www.burmeseclassic.com

www.burmeseclassic.com



## ဝန်ရှင်တော် ကင်းဝန်မင်းကြီးကို သမ္မတမင်းက လက်ခံတွေ့ကြုံရာ ညှော်ခံသည့် မှူးမတ်အရာရှိ စာရင်း။

ဂျေနေရဒိုစေစီ။
ချူဒိုကာစ။
လာမြီရဲဒိုမောင်တညတ်။
ကော်လော်နက်ဖရိုရီး။
ကော်လော်နက်ရော်ဗဲ။
ကော်လော်နက်ဗိုဂရေနန်း။
ဗက်လကင်မင်းသား။
ဂျင်နရက်ဂရက်ဆလေး။
ဒိုဗိုမောင်း။
ဂူဒန်း။

ပေါင်း။

သမ္မတမင်း မိဖုရားနှင့် ညှော်ခံသည်
ကတော်ကြီးတို့ စာရင်း။

ကောင်းတက်ဒိုကာရာပိုး။
ကောင်းတက်ဒိုကာဆထရီး။
ကောင်းတက်ဒိုပန်း။

ပေါင်း။

ငင်းနေ့ သမ္မတမင်းရှေ့သို့ ဝင်ရာ ရေကြောင်းချုပ် ဝန်ကြီး လာမြီရဲဒိုမောင်တညတ်က ငင်းနေ့ည **ရိစက်ဗရှန်း**[၁] အခမ်းအနား ပြုလုပ်စည်းဝေးသည် အစည်းအဝေးသို့ လာပါမည် အကြောင်းနှင့် ဖိတ်ကြားသောကြောင့်၊ သံတော်တို့က လာရောက်မည် အကြောင်းနှင့် ပြောဆို ကတိရှိသည်အတိုင်း ငင်းနေ့ည တစ်ချက်တီးအချိန် သံတော်အရာရှိတို့ အင်္ကျီ လက်ကျယ်၊ ရွှေစလွယ်၊ တံဆိပ် ဘယက်များကို ပြင်ဆင်ပြီးလျှင် ရေကြောင်းချုပ်ဝန်ကြီး လာမြီရဲဒိုမောင်တညတ် တိုက်အိမ်သို့ ရထားစီး၍ သွားကြသည်။ ရောက်လျှင် ရေကြောင်းချုပ် ဝန်ကြီးနှင့် ရေကြောင်းချုပ် ဝန်ကြီးကတော်တို့ ဆီးကြို နှုတ်ဆက်ပြီးလျှင် သမ္မတမင်း မိဖုရားထံ သံတော်တို့ကို ခေါ်သွား၍ နှုတ်ဆက်ရသည်။ ပြီးလျှင် သမ္မတမင်းနှင့် နှုတ်ဆက်ရသည်။ သမ္မတမင်းက မြန်မာသံတော်တို့ ပြင်သစ်နိုင်ငံမှာ ရှိနေသည်အတွင်း ကြည့်ရှု ဝင်ထွက်ရန်မှ စ၍ အရပ်ရပ် အလိုရှိသမျှ မှူခွင့်ကိစ္စများကို အလွယ်တကူ ပြီးပြေနိုင်အောင် ဆင့်ဆို၍ထားကြောင်း၊ အလိုရှိရာ မာရကတ်ကြီးကို ပြောလျှင် ကောင်းမွန်စွာ ဆောင်ရွက်ပါလိမ့်မည် အကြောင်းများနှင့် ပြောဆိုသည်။ သံတော်အရာရှိတို့ကလည်း အလွန် ဝမ်းမြောက်ဝမ်းသာ ရှိကြောင်းနှင့် ကျေးဇူးတင်စကား ပြန်လှန် ပြောဆိုသည်။ ပြီးလျှင် နိုင်ငံခြားဝန်ကြီးနှင့် နိုင်ငံခြားရုံး အရာရှိစုံ, ရေကြောင်းဗိုလ် အရာရှိစုံ, ကြည်းကြောင်းချုပ်

၁။ Reception

www.burmeseclassic.com



သေနတ်ဝန်ကြီးနှင့် ဗိုလ်အရာရှိစုံ, မှူးမတ်သင်းဝင် လူကြီးလူကောင်း, ကတော်မယား, အရပ်ရပ် မှူးမတ်အရာရှိ, နိုင်ငံခြား သံကြီး တမန်ကြီးများပါ အစည်းအဝေးဝင် ပရိသတ် ၅၀၀ ကျော်ခန့် စည်းဝေးရှိသည် အတွင်း၊ ဆက်လက် သင့်ရာ နှုတ်ခွန်းဆက်လက် ပျူငှာ လောကဝတ် အထိုက် အလျောက် အယုတ်အလွန် အနိမ့်အကျ မရှိစေရ။ မေးမြန်းပြောဆို၊ လှည့်ပတ်ကြည့်ရှု၊ ခင်းကျင်း တည်ကျွေးသည် မုန့်ယို အချိုအဆိမ့်များကို စားသောက်၍ တစ်နာရီခန့်ကြာလျှင် နှုတ်ခွန်းဆက်လက် ပြန်လာကြသည်။

**ငင်းလပြည့်ကျော် ၁၂ ရက်** [၁] ကြာသပတေးနေ့ ညစာစားပွဲ အခင်းအကျင်း ပြုလုပ်လိုသည် ဖြစ်၍ မြန်မာသံတော်အရာရှိတို့ ဗာစိုက်မြို့သို့ လာရောက်ပါမည် အကြောင်းနှင့် သမ္မတမင်းက ဖိတ်ကြားသောကြောင့် ငင်းနေ့နံနက် ၄ ချက်တီးကျော် ၅ မောင်းအချိန် မြန်မာ သံတော်အရာရှိ, မက်ချက်ကူးရေ, စကြာယာဉ်ပျံ သဘော်တော် **ကပ္ပိတန်ဗြောင်း**[၂], ရွှေတိုက်ကြပ်, စာရေးလုလင်ယ်များပါ ရထားစီးနင်း၍ ဗာစိုက်မြို့သို့ သွားကြသည်။ ရောက်လျှင် အထက် တည်းနေရင်း **ဒေရစ်စတွာ ဟိုတက်**[၃] တိုက်မှာ တည်းနေ၍ သံတော်အရာရှိ, မက်ချက်ကူးရေ, ကမ္မဒိုဗိုလ်ချုပ် ဂရံဒရေး, စကြာယာဉ်ပျံ သဘော်တော် ကပ္ပိတန်ဗြောင်းတို့ကိုလည်း စားပွဲဖိတ်ကြား၍ ငင်းတို့နှင့်အတူ စားပွဲထိုင်ကြသည်။ ငင်းကမ္မဒိုဗိုလ်ချုပ် ဂရံဒရေးက မြူစီရန်ခေါ် တိုက်နန်းအတွင်း ကြည့်ရှုရန်၊ **ထရီရာနိုးကြီး, ထရီရာနိုးငယ်**[၄] တိုက်နန်းများကို ကြည့်ရှုရန်၊ ဥယျာဉ်ကို ကြည့်ရှုရန်များကို ပြင်ဆင် အသင့်ရှိကြောင်း။ ရေပန်းမှာ ရေပန်းကို အစိုးရသူ ဒူဖရေယေးကို စာရေးပါဦးမည် ပြောဆို၍၊ မြန်မာသံတော် လာရောက်သည်ကို ရေပန်း ပြနိုင်မည်၊ မပြနိုင်မည်အကြောင်း နှင့် စာရေးရာ ဒူဖရေယေး ကိုယ်တိုင် မြန်မာသံတော်တို့ရှိရာ လာရောက်၊ တတ်နိုင်သမျှ ကြိုးစား၍ ပြပါမည်၊ ငင်းနေ့ ၃ ချက်တီးအချိန် လာရောက် ကြည့်ရှုပါမည် အကြောင်းနှင့် ပြောဆို ပြန်သွားသည်။ နံနက်စာ စားသောက်ကြပြီးလျှင် တစ်ချက်တီးကျော် ၅ မောင်းအချိန် သံတော်အရာရှိ, မက်ချက်ကူးရေ, ကပ္ပိတန်ဗြောင်း, အပေါင်းပါလူတို့ ရထားစီးနင်း၍ မြူစီရန်ခေါ် တိုက်နန်းသို့ သွားရောက် ကြည့်ရှုကြသည်။ ပြီးလျှင် ထရီရာနိုးကြီး, ထရီရာနိုးငယ် ဥယျာဉ်အတွင်း လမ်းသေးလမ်းမ ကြည့်ရှုရန် ရှိသည်များကို လှည့်ပတ် ကြည့်ရှုကြသည်။ မြူစီရန်တိုက်နန်း, ထရီရာနိုးကြီးတိုက်နန်း,

---

၁။ ၁၁ ဇွန် ၁၈၇၄  ၂။ Captain Brown  ၃။ Hotel du Reservoir
၄။ Grand Trianon, Petit Trianon



www.burmeseclassic.com

www.burmeseclassic.com



ထရိရာနိုးငယ် တိုက်နန်းများတွင် အခင်းအကျင်း အစီအစဉ် အခမ်းအနား မင်းဆက်နန်းတည် သက္ကရာဇ်မှ စ၍ အရပ်ရပ် ကြည့်ရှု တွေ့မြင်သမျှ အကြောင်းအရာများကို အထက် လန်ဒန်မြို့သွား နေ့စဉ် အမှတ်အသားတွင် အကုန်အစင် ရေးသားပြီး ဖြစ်၍ ဤ၌ အထူးမရေးပြီ။ နည်းတူ သိလေ။

ဒူဖရေယေး ဆိုသူ ရေပန်းအုပ်လူကြီး အုပ်ချုပ်ရသည် ရေပန်းများမှာ နန်းတော်ဥပစာ, ရှေ့တူရူအရပ်, ဝဲယာ အရပ်များက စ၍ အဖြောင့်သန်း လျက်၊ အမတ် လမ်းမကြီးတွင် အနိမ့်အမြင့် အဆင့်ဆင့်ထားလျက်၊ ၎င်း လမ်းမ သင့်ရာ အချက်အချက်များတွင် စက်ဝန်းသဏ္ဍာန် အကွက် အကန့် ထား၍ ၎င်းစက်ဝန်းကို အချက်ပြုပြီးလျှင် တူရူအရပ် အထောင့်အရပ်များသို့ လမ်းအသွယ်သွယ် လုပ်သည်။ ၎င်းလမ်း ဆုံရာ ဆုံရာ အရပ်များတွင် ရေပန်း ထားသည်။ ပထမ လမ်းမကြီး အဆင့်ဆင့်တွင်လည်း ရေကန် ရေပန်း အဆင့်ဆင့် ထားသည်။ ၎င်းပထမလမ်းတွင် လာတွန် ခေါ်သည် ရေပန်း၊ ၎င်းနောက် အပိုလွန်နတ် မြင်းကရထားပျံနှင့် သမုဒ္ဒရာအတွင်းက ထွက်ဟန် အပိုလွန်း ခေါ်သည် ရေပန်း၊ ၎င်းလက်ယာဘက် ဂျာရမ် မြေဖုတ် ဘီလူး သမုဒ္ဒရာရေကို နှိပ်၍ ညှစ်ဟန် ဂျာရမ် ခေါ်သည် ရေပန်းပြွန်ပေါင်း ၂၀၀ တပ်လုပ်၍ ရေပန်းထွက်စေသည် ရိန်းဒက်ဖလောခေါ် ရေပန်း၊ အထက် ဆိုခဲ့သည် မြင်းကရထားပျံရှင် အပိုလွန်း နတ်ရထားက သက်၍ အဝတ် တန်ဆာ လဲလှယ်ပြင်ဆင်ဟန် ကျောက်စက် ရေတံခွန်ကျ လုပ်ဆောင် ထားသည် အပိုလွန်းခေါ် ရေတံခွန်၊ ပင်လယ်နတ် ရေပန်းကစားဟန် လုပ်ဆောင်သည် နတ်ပချွန်းခေါ် ရေပန်း၊ စက်ဝန်းသဏ္ဍာန် ပန်းနွယ် ပန်းခက် ထုလုပ် ခြယ်လှယ်၍ ရေပန်းပေါင်း ၂၈ တစ်ပြိုင်နက် တညီတညွတ် ထွက်လျက် အလယ်ချက်တွင် ပလော်တွန်နတ်သား၊ ပျော်စက်ရပိန် ခေါ် သည် နတ်သမီး မိန်းမကို ခိုးယူဟန် လုပ်ဆောင်သည် ရေပန်းမှ စ၍ အရပ်ရပ် ရေပန်း ရေတံခွန် ရေကန်များကို လှည့်ပတ်ပြသ ကြည့်ရှုရသည်။

ရေပန်းကြီးထားရာ ဌာန ၂၅ ရှိသည်။ တစ်ဌာန တစ်ဌာနတွင် အရံ ရေပန်း ငယ်လျှင် ငယ်လျောက်၊ ကြီးလျှင် ကြီးလျောက် သုံးဆယ်, လေးဆယ်, ငါးဆယ်, တစ်ရာ အသီးအသီး ရံလျက် တစ်ပြိုင်နက် ထွက်သည်။ အမြင့်မှာ ၇ တောင်, ၁၅ တောင်, တောင် ၂၀, ၂၅ တောင်ခန့် အထက်သို့ တက်သည်။ ၎င်းရေပန်းတို့ကို တစ်ပြိုင်နက် ထွက်စေ၍ တစ်ပြိုင်နက် ရပ်သိမ်းနိုင်သည်။ ၎င်းရေပန်းများတွင် နက်ပချွန်း ခေါ်သည် ပင်လယ်နတ် ထားရာ ရေပန်း အကောင်းဆုံးတည်း။ ၎င်းရေပန်းမှာ နန်းတော်မြောက် လမ်းမဝဲယာ သွယ်



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ခံ ရေလင်ပန်း ၃ တာခြား စီစဉ်လျက် ပထမရေကန်ရောက်၊ ၎င်းပထမ ရေကန်တွင် အလယ်ချက် ရေပန်းကြီး၊ ၎င်းရေပန်းကြီး ရံလျက် ရေပန်းငယ် ၁၂၊ ၎င်းက ဒုတိယကန်၊ ၎င်းဒုတိယကန် ပြွန်မတွင် နက်ပချွန်းပင်လယ်နတ်၊ ၎င်းကန် လက်ဝဲလက်ယာ ကန်ဆွယ် ၂ ဖက်တွင် ရေသူရုပ်မျိုးစုံ၊ ၎င်းကန် ကန်ရိုး ကန်ပေါင်ကို လျှောက်၍ ၃ တောင်ခြားစီခန့် စီလျက် ရေပန်းထွက်စေနိုင်သော ရေပန်းအိုးအများ၊ ၎င်းကန် အလယ်ချက်တွင် ရေပန်းကြီး ၆ ခု သည်ကဲ့သို့ စီစဉ်လျက် ရှိသည်။ ၎င်းအစီအစဉ် ရေပန်းများကို အချက်ပေး၍ ဖွင့်သည်ကာလ တစ်ပြိုင်နက် ထွက်သည်။ အမြင့်တောင် ၁၀, ၁၅ တောင်, တောင် ၂၀ ခန့် ကြီးငယ်စဉ်သင့်ပြိုင်လျက် ဥပမာတူ ရှာဖွေနှိုင်းခိုင်းရန် မရှိမျှ အလွန် ဆန်းကြယ်သည်များကို ပြသကြည့်ရှု တွေ့မြင်ရသည်။

၎င်း ရေပန်းများကို ကြည့်ရှု၍ ပြန်လာပြီးလျှင် သံတော်အရာရှိတို့မှာ အင်္ကျီ လက်ကျယ်, ရွှေစလွယ်, တံဆိပ် ဘယက် ဆင်ယင်လျက် သမ္မတမင်း နေထိုင်သည် တိုက်နန်းသို့ စားပွဲထိုင်သွားကြသည်။ ရောက်လျှင် သမ္မတမင်း မိဖုရား လက်ဦး ဆီးကြိုနှုတ်ဆက်သည်။ နောက် သမ္မတမင်း နှုတ်ဆက်သည်။ သမ္မတမင်း မိဖုရားတို့က သံတော်တို့ ပျော်ပါ၏လား မေးသည်။ သံတော်တို့ကလည်း ပျော်ကြောင်းနှင့် ပြန်ပြောသည်။ နေထွက်ဘုရင် မြန်မာမင်းမြတ်က စေလွှတ်သည် သံအရာရှိတို့နှင့် တွေ့မြင်ရ၍ သည်ကဲ့သို့ ပြုစုရသည်ကို အလွန် ဝမ်းမြောက်ကြောင်းနှင့် သမ္မတမင်းက ပြောသည်။ သည်ကဲ့သို့ ကြည်ကြည်လင်လင် ဝမ်းမြောက်ဝမ်းသာ လက်ခံ ပြုစုသည်ကို အလွန် ဝမ်းမြောက်ကြောင်း၊ ကျွန်ုပ်တို့သခင် မြန်မာမင်းမြတ် ကြားတော်မူလျှင် အလွန် ဝမ်းမြောက်ပါလိမ့်မည် အကြောင်းနှင့် သံတော်တို့က ပြန်ပြောဆိုသည်။ ပြီးလျှင် စားပွဲထိုင်ကြသည်။ စားပွဲထိုင်သည်ကာလ သမ္မတ မိဖုရား အလယ်ချက်၊ ၎င်းလက်ဝဲ ပထမနေရာတွင် ကင်းဝန်မင်းကြီးနှင့် မြန်မာ သံတော်အရာရှိ၊ ၎င်းမိဖုရား လက်ယာ ပထမနေရာက စ၍ **အောက်ဆရီယ**[၁] သံ စီလျက် သမ္မတမင်းနှင့် မျက်နှာချင်းဆိုင် စားပွဲ စားသောက်ကြသည်။ စားပွဲအခင်းအကျင်းလည်း အလွန်လှပ ကောင်းမွန်သည်။ မြန်မာ သံတော်အရာရှိ, အောက်ဆရီယ သံအရာရှိ, မှူးမတ်သင်းဝင်လူကြီး, ရေကြောင်းဗိုလ်ချုပ်, ကြည်းကြောင်းဗိုလ်ချုပ်, မြင်းတပ်ဗိုလ်ကြီးမှ စ၍ အရာရှိ လူပေါင်း ၃၀ ကျော် စည်းဝေး၍ စားပွဲ စားသောက်ကြသည်။

ပြီးလျှင် ယမန်နေ့က မြန်မာသံတော်တို့ သွင်းသည် ပဏ္ဏာများစီ

၁။ Austria



www.burmeseclassic.com

www.burmeseclassic.com



ရွှေဖလား ရွှေကလပ် ၁၊ ပတ္တမြားတင် လက်စွပ် ရွှေကြုတ်နှင့် ၁၊ ကျောက်စိမ်းတုံး ၁၊ ပယင်းပုတီး ကုံးရေ ၅၊ လွန်းများပုဆိုး ထည်ရေ ၅၊ ရုပ်စုံ ပန်းပြောက်ထု ဆင်စွယ်ကွမ်းအစ် ၁၊ ရုပ်စုံ ပန်းပြောက်ထု ဆင်စွယ်သေတ္တာ ၁၊ ပုံမျိုးစုံ သေတ္တာနှင့် ၁၊ ရာဇသံထည့် ဆင်စွယ်ကျည်များကို ခင်းကျင်း၍ သမ္မတမင်း မိဖုရားတို့က အစည်းအဝေး ပရိသတ်တို့ကို ဝမ်းမြောက်ဝမ်းသာ ပြသည်။ ၎င်းပရိသတ်တို့လည်း မည်သည်ကာလမျှ မမြင်ဖူးသည် အထည်အလိပ်၊ အသုံးအဆောင် ဖြစ်၍ အလွန် အံ့ဩ ချီးမွမ်းကြသည်။ ၎င်းလက်ဆောင်တော်အနက် ပတ္တမြားတင်လက်စွပ် ပရိသတ်အများ ကြည့်ရှုပြီးလျှင် သည်ကဲ့သို့ ကောင်းမွန် ထူးမြတ်သည် ကျောက်ကို မမြင်ဖူးကြောင်း၊ ကျောက်စိမ်းတုံးလည်း သည်ကဲ့သို့ စိမ်းလဲ့ချောမော ကောင်းမွန်သည်ကို မတွေ့မမြင်ဖူးကြောင်း၊ သို့ဖြစ်၍ အလွန်ထူးဆန်းသည် လက်ဆောင်တော် ဖြစ်ကြောင်းများကို ပရိသတ်အများ ကောင်းချီးပေးကြသည်။

၎င်းသမ္မတမင်း တိုက်နန်းတွင် ၃ နာရီခန့် နေထိုင်ပြီးလျှင် မှူးမတ် ၄ သင်းတို့တွင် အကြီးဆုံးဖြစ်သော မှူးမတ်သင်းအုပ် သမ္မတမင်း လက်ထောက် ဘူဘေား ဆိုသူနှင့် သံတော်အရာရှိတို့ တွေ့မြင်ရလျှင် သင့်မြတ်ကြောင်း သမ္မတမင်းက ပြောဆို၍၊ ၎င်းဗာစိုက်မြို့ မြူစီရန်တိုက်တွင် နေထိုင်သူ သင်းအုပ်လူကြီး ဘူဘေားထံ မာရကတ်ကြီးနှင့် မိုလာတို့ လိုက်ပို့စေ၍ သင်းအုပ်လူကြီး ဘူဘေား, ၎င်း မယားတို့နှင့် ဝမ်းမြောက်ဝမ်းသာ တွေ့ကြုံနှုတ်ဆက် မိတ်သဟာယစကား ပြန်လှန်ပြောဆို တစ်မောင်းခန့် နေထိုင်ပြီးလျှင် တည်းနေရင်း ဒေရစ်စဗွာ ဟိုတက် တိုက်အိမ်သို့ ပြန်လာကြသည်။ ၎င်းက အပေါင်းပါလူတို့နှင့် ရထားစီးနင်း၍ ပါရစ်မြို့ တည်းနေရင်း ဒလူဟိုတက် တိုက်အိမ်သို့ ပြန်လာသည်။ ၎င်းနေ့ ၂ ချက်တီးကျော် တစ်မောင်းခန့် အချိန်မှ ဒလူဟိုတက် တိုက်သို့ ရောက်သည်။ မက်ချက်ကူရေးမှာ ရှံဒေလူ ဈေးက ဆင်း၍ နေရစ်သည်။

**၎င်းလပြည့်ကျော် ၁၃ ရက်**[၁] သောကြာနေ့ သမ္မတမင်းက မြင်းပွဲ အတူကြည့်ရန် ရှေ့တနင်္ဂနွေ ရောက်လျှင် ဘူလွန်းဉယျာဉ်သို့ လာရောက်ပါမည် အကြောင်းနှင့် ဖိတ်ကြားသည်စာကို မက်ချက်ကူရေး ဆောင်ယူ ပို့အပ်လာ၍ ရသည်။ ၎င်းနေ့ အခြားတစ်ပါး အသွားအလာ မရှိ။ အီတာလျံ နိုင်ငံ နပေါလီမြို့က ပြင်သစ်နိုင်ငံ ပါရစ်မြို့သို့ ရောက်သည် အကြောင်းအရာ၊ ပြင်သစ် နိုင်ငံခြားဝန်ကြီးထံ ဝင်ထွက်, ကောင်းမွန်စွာ လက်ခံသည်

[၁] ၁၊ ၁၂ ဇွန် ၁၈၇၄

www.burmeseclassic.com



အကြောင်းအရာ၊ ပြင်သစ် သမ္မတမင်းရှေ့သို့ ဝင်ရာ ကောင်းမွန်စွာ အခမ်းအနား အကြီးအကျယ်နှင့် မင်းမိဖုရားစုံ လက်ခံ၍ ရာဇသံ လက်ဆောင်တော်များကို သွင်းသည့် အကြောင်းအရာများကို တင်စာ လျှောက်စာ စီကုံး ရေးသားကြသည်။

**ငင်းလပြည့်ကျော် ၁၄ ရက်**[၁] စနေနေ့ အထက် လာရောက်ဖူးသူ ဘဏ်တိုက်လူကြီး ဘန်တရုတ်နှင့် မာတေနီ–ဟိန္ဒရီ သေနတ်စက်ရုံ သင်းဝင်ပါ လူ ၁ တို့ လာရောက်ပြီးလျှင် ငင်းငွေတိုက်၊ သေနတ် စက်ရုံများနှင့် နိုင်ငံတော်ကို ဆက်လက်လိုကြောင်း၊ သေနတ်ရောင်းဝယ်ရန် စာချုပ် အဖိုးဈေးနှုန်း၊ ကုန်ကျစရိတ်၊ ငွေချေးရန်စာချုပ်၊ အတိုးအနှုန်းအကဲ၊ ပေးဆပ်ရန် အချိန်ကာလ၊ အလိုရှိသည် နိုင်ငံထွက် ကုန်စာရင်းပုံ၊ စာချုပ်ပုံ ထုံးစံဥပဒေများကို ရေးသား ပေးအပ်လိုကြောင်းများနှင့် ပြောဆိုရာ သံတော်အရာရှိတို့က ယခု ပြင်သစ်နိုင်ငံသို့ လာရောက်သည်အရာမှာ စက်ကိရိယာ ကုန်အထည်အလုပ် အဝယ်အယူ လာရောက်သည် မဟုတ်။ နှစ်တိုင်းနှစ်ပြည် ရာဇမဟာမိတ် အဖြစ်ကို အလိုရှိသောကြောင့် စေလွှတ်တော်မူ၍ လာရောက်ရသည်အရာ ဖြစ်သည်။ ငွေတိုက်စက်ရုံများကို ဆက်ဆံရန် အခွင့်ကို ယခု မပေးနိုင်။ နိုင်ငံတော်သို့ ပြန်ရောက်၊ ရွှေနားတော်မြတ်ကြား တင်လျှောက်၍ အလိုတော်မြတ်ရှိလျှင် စာပေး မှာထားမည်အကြောင်းနှင့် ပြောဆိုသည်။ ပြီးလျှင် ငွေချေးလျှင် နိုင်ငံထွက်ကုန်များကို ဈေးနှုန်းပေါက်ရာ ဆပ်မည်၊ သို့မဟုတ် ငွေကို မချေးမယူ၊ အလိုရှိရာ စက်ကိရိယာ အထည်အလိပ် အသုံးအဆောင်များကို အလိုရှိလျှင် နိုင်ငံထွက်ကုန် အမျိုးမျိုးများကို ပေးပို့လိုက်က အလိုရှိရာ ပြီးပြေအောင် ဆောင်ရွက်နိုင်မည်၊ မဆောင်ရွက်နိုင်မည် များကို မေးရာ၊ မည်သည့် စက်ကိရိယာ အသုံးအဆောင်မဆို အလိုရှိတော်မူသမျှ နိုင်ငံတော် ထွက်ကုန်ကို ပေးအပ်လျှင် ပြီးပြေအောင် ဆောင်ရွက်နိုင်ကြောင်း၊ အထက် ပြောဆိုရင်း ငွေတိုက် စက်ရုံ ချေးငှား ရောင်းဝယ်မှု အကြောင်းအရာ စာချုပ်ပုံ ဥပဒေများကိုလည်း အလိုရှိလျှင် သုံးရန် ရေးသား ပေးပို့ပါမည် ပြောဆို၍ ပြန်သွားကြသည်။

ငင်းနေ့ မြန်မာသံတော်အရာရှိတို့ ပြင်သစ်မင်းရှေ့သို့ ဝင်ပြီး ဖြစ်၍ ထုံးစံရှိသည်အတိုင်း ပါရစ်မြို့ရှိ နိုင်ငံခြား ကိုယ်စားလှယ်ကြီးတို့သို့ နှုတ်ဆက် လက်မှတ်သွားရောက် ပေးပို့ ရသည်။ ငင်းလက်မှတ် ပေးပို့သည် ကိုယ်စားလှယ်တို့ စာရင်းကို အောက်၌ ရေးသားထားမည်။ ငင်းနေ့ သမ္မတမင်း

---

[၁] ၁၂ ဇွန် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



တိုက်နန်းသို့ စားပွဲထိုင်သွားစဉ် ဝင်ရောက် နှုတ်ဆက်ခဲ့သည် သင်းအုပ်လူကြီး ဘုရား ကိုယ်တိုင် လာရောက်၊ သံတော်တို့နှင့် မတွေ့သောကြောင့် လက်မှတ်ကို ထား၍ ပြန်သွားသည်။ သည်ကဲ့သို့ လာရောက်သည်ကို မတွေ့ရ ရှိသောကြောင့် အလွန်နှမြောကြောင်းနှင့် ဝန်ရှင်တော် ကင်းဝန်မင်းကြီး လက်မှတ်တွင် စာရေးသား၍ ပေးပို့လိုက်သည်။

## ပဲရစ်မြို့ရှိ နိုင်ငံခြား ကိုယ်စားလှယ်ကြီးတို့ကို ပေးပို့သည် တံဆိပ်လက်မှတ် စာရင်း။

| | | | |
|---|---|---|---|
| အင်္ဂလိပ်သံ | ၁ | စပိန်းသံ | ၁ |
| ရွတ်သံ | ၁ | တူရကီသံ | ၁ |
| ဂျာမံသံ | ၁ | ဤရုံသံ | ၁ |
| အောက်ဆရိယသံ | ၁ | အမရိကန်သံ | ၁ |
| အီတာလျံသံ | ၁ | ဘက်လဂျီယံသံ | ၁ |
| ဒင်မတ်သံ | ၁ | စွိဒင်နော်ဝေးသံ | ၁ |
| စွစ်သံ | ၁ | ဟောလံသံ | ၁ |
| | | ပေါင်း | ၁၄ |

**သက္ကရာဇ် ၁၂၃၆ ခုနှစ် ပထမဝါဆိုလဆန်း ၁ ရက်**[၁] တနင်္ဂနွေနေ့ သမ္မတမင်းက မြင်းပြိုင်ပွဲကြည့်ရန် ဖိတ်ကြားရှိသည် အတိုင်း သံတော်အရာရှိတို့နှင့် ရွှေတိုက်ကြပ်, စာရေးလူငယ်တို့ကို မိုလာ ကြိုယူလာ၍ ၎င်းနေ့ နေ ၂ ချက်တီးကျော် ၃ မောင်းအချိန် မိုလာနှင့်အတူ ရထားစီးနင်းသွားကြသည်။ ဘုလွန်း မြင်းပြိုင်ပွဲ ခင်းကျင်းရာ လောင်ရှမ်းကွင်း အရပ်သို့ ရောက်လျှင် ၎င်းကုမ္ပဏီ အသင်းလူကြီးတို့က ကောင်းမွန်စွာ ဆီးကြို၍ သမ္မတမင်း ကြည့်ရှုရန် ပြင်ဆင်ရှိသည် တိုက်ခန်းနေရာသို့ ဆောင်ယူနေရာချထား နေထိုင်ရသည်။ ရွှေတိုက်ကြပ်, စာရေးလူငယ်တို့မှာလည်း ၎င်းပထမနေရာအနီး သင့်ရာနေရာတွင် ချထား နေထိုင်ရသည်။ နောက်တစ်နာရီခန့်ကြာမှ သမ္မတမင်းနှင့် မိဖုရားတို့ ဆိုက်ရောက်လာ၍ ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်လက်ကြပြီးလျှင် အတူနေထိုင် ကြည့်ရှုကြသည်။ မှူးမတ် ၄ သင်းအုပ် သမ္မတမင်းလက်ထောက် ဘုရား, ရေကြောင်းချုပ်ဝန်ကြီး မာကွစ်–မောင်တညတ်, အလုပ်ဝန်ကြီး လယ်တိုတို့နှင့်လည်း

[၁] ၁၄ ဇွန် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြုံ နှုတ်ခွန်းဆက်ကြသည်။ ၎င်းမြင်းပြိုင်ပွဲ အခမ်းအနား အဆောက်အဦမှာ အချင်း တစ်တိုင်ခန့် မြေအရပ်ကို အပိုင်းအခြား ကာရံ၍ သမ္မတမင်း, မိဖုရား စသော လူကြီးလူကောင်းတို့နေရန် ပထမနေရာ၊ မှူးကြီးမတ်ကြီး သူဌေး လူကြီးလူကောင်းတို့နေရန် ဒုတိယနေရာ၊ ကုံထံကြွယ်ဝသူတို့နေရန် တတိယ နေရာများမှာ တိုက်အိမ် အကြီးအကျယ် ဆောက်လုပ်ပြီးလျှင် ရပ်နေရန်တိုက်ခန်း၊ မြင်းပွဲကြည့်ရှုရန်နေရာ အပြည့်အစုံနှင့် ထားသည်။ ၎င်းတိုက်ရှေ့ဥပစာ ဝဲယာ မြေပြင်အရပ်များတွင်လည်း ခုံကုလားထိုင် အပြည့်အစုံ ခင်းလျက် လာရောက်သမျှ မိန်းမ ယောကျ်ား ပရိသတ်တို့ ကြည့်ရှုရန် ထားသည်။ ၎င်းတိုက်အိမ်ရှိ ခင်းကျင်းပြီးနေရာ, တိုက်ဥပစာ ဝဲယာမြေအရပ်ရှိ ခင်းကျင်းပြီး နေရာများသို့ ဝင်ရောက် နေထိုင်သူတို့မှာ မည်သူမဆို လူတစ်ကိုယ်လျှင် ပြင်သစ်ဒင်္ဂါးပြားရေ ၂၀ ကျ၊ အရံအပိုင်း အခြား အတွင်းသို့ ရထားနှင့်တကွ ဝင်လိုသူတို့မှာ ရထား ၁ လျှင် ပြင်သစ် ဒင်္ဂါးရေ ၂၀ ကျ၊ ၎င်းအရံအတွင်းသို့ ရထား မပါ, လူသက်သက် ဝင်ရောက် ကြည့်ရှုလိုသူတို့မှာ လူတစ်ကိုယ်လျှင် ပြင်သစ်ဒင်္ဂါး ၅ ပြားကျ၊ ပြိုင်မြင်းမှာ ပထမတွဲ မြင်းစီးရေ ၁ လျှင် ပြင်သစ်ဒင်္ဂါး ၅၀ ကျ၊ ဒုတိယတွဲ မြင်းစီးရေ ၁ လျှင် ပြင်သစ်ဒင်္ဂါး ၂၀၀ ကျ၊ တတိယတွဲ မြင်းစီးရေ ၁ လျှင် ပြင်သစ် ဒင်္ဂါး ၂၅၀ ကျ၊ စတုတ္ထတွဲ မြင်းစီးရေ ၁ လျှင် ပြင်သစ်ဒင်္ဂါး ၁၀၀၀ ကျ၊ ပဉ္စမတွဲ မြင်းစီးရေ ၁ လျှင် ၁၀၀ ကျ၊ သည်ကဲ့သို့ ပွဲဝင်ခ အသီးအသီးပေး၍ ဝင်ရောက် ကြည့်ရှုရသည်။ မြန်မာသံတော်တို့မှာ သမ္မတမင်းက ဝယ်ယူပြီး အခန်းများတွင် နေထိုင် ကြည့်ရှုရသောကြောင့် ပွဲဝင်ခ မပေးရ။ စာရေး လူငယ်များ အတွက်ကိုသာ ပေးရသည်။

မြင်းပြိုင်သည့် အစီအစဉ်မှာ ပထမတွဲ မြင်းစီးရေ ၁၃ တွဲ၍ ပြိုင်သည်။ လမ်းအရှည် တောင်သင့် ၄၈၀၀ တောင် ခရီးကို လှည့်ပတ်၍ စီးရသည်။ ၎င်းအကြိမ်တွင် ဗိုလ်ဟေမိရမ်း ခေါ်သည် မြင်း နိုင်၍ ဆု ပြင်သစ်ဒင်္ဂါး ၂၀၀၀ ရသည်။ နောက် ဒုတိယတွဲ မြင်းစီးရေ ၁၀ တွဲ၍ ပြိုင်သည်။ လမ်း အရှည် တောင်သင့် ၄၈၀၀ တောင် ခရီးကို လှည့်ပတ်၍ စီးရသည်။ ၎င်း အကြိမ်တွင် ဖီရိကာ ခေါ်သည် မြင်း နိုင်၍ ပြင်သစ်ဒင်္ဂါး ၈၀၀၀ ရသည်။ နောက် တတိယတွဲ မြင်းစီးရေ ၁၅ တွဲ၍ ပြိုင်သည်။ လမ်းအရှည် တောင်သင့် ၆၄၀၀ တောင် ခရီးကို လှည့်ပတ်၍ စီးရသည်။ ၎င်းအကြိမ်တွင် ဘေစွန်း ခေါ်သည် မြင်း နိုင်၍ ပြင်သစ်ဒင်္ဂါး ၆၀၀၀ ရသည်။ နောက် စတုတ္ထတွဲ မြင်းစီးရေ ၂၀ တွဲ၍ ပြိုင်သည်။ လမ်းအရှည် တောင်သင့် ၆၀၀၀ တောင်



www.burmeseclassic.com

www.burmeseclassic.com



ခရီးကို လှည့်ပတ်၍ စီးရသည်။ ၎င်းအကြိမ်တွင် ထရင်း ခေါ်သည် မြင်းနိုင်၍ ပြင်သစ်ဒင်္ဂါး တစ်သိန်း ရသည်။ နောက် ပဌမအကြိမ်မှာ ပွဲငယ် ဖြစ်၍ မကြည့်မရှုခဲ့ပြီ။ ၎င်း မြင်းပြိုင်ပွဲတွင် စတုတ္ထအကြိမ် ပွဲကြီးဖြစ်၍ စာရင်းဝင်မြင်းစီးရေ ၂၀ များသည် မြင်းကျော် မြင်းကောင်းချည်း ဖြစ်သည်။ ဆုလည်းအလွန် များသည်။ ၎င်းအကြိမ်တွင် နိုင်သော ထရင်း ဆိုသည် မြင်းကားအင်္ဂလိပ် နိုင်ငံ လန်ဒန်မြို့က လာ၍ ပြိုင်လာသော မြင်းတည်း။ အရွယ် နု၏။ ပုံပန်းဟန်ပန် ကောင်း၏။ အပြေးအသွား အလွန် ပေါ့ပါး လျင်မြန်၏။ ဥရောပတိုက်တွင် ကျော်စောထင်ရှားသော မြင်းတည်း။ ၎င်းမြင်းပွဲ အစည်းအဝေး လာရောက်သည့် ပရိသတ်မှာ မင်းမိဖုရား၊ မှူးကြီးမတ်ကြီး၊ ဗိုလ်အရာရှိ၊ သူဌေးသူကြွယ်မှ စ၍ ပြည်သူ လူခပ်သိမ်းတို့ လာရောက် စည်းဝေးကြည့်ရှုကြသည်။ ရထား အရေအတွက် တစ်သောင်းကျော်ခန့် ရှိသည်။ ရထားတစ်စီးလျှင် ၄ ယောက်၊ ၅ ယောက်၊ ၆ ယောက်၊ ဂစ်ကျိပ် စီးနှင်းရသည်။ ရထား မပါ လာရောက်သူတို့မှာ ရထားနှင့် လာရောက်သူတို့ထက် ၂ ဆခန့် ရှိသည်။ အထက်ဆိုခဲ့သည့် မြေအပိုင်းအခြားအရ အတွင်းမြေပြင်ပြည့်မျှ ရှိသည်။ သည်ကဲ့သို့ အလွန် များပြားလှသော ပရိသတ် ဖြစ်သည်တစ်ကြောင်း၊ လောင်းပွဲ ပြိုင်ပွဲ ဖြစ်သည်တစ်ကြောင်း ဖြစ်လျက် လူမှုးလူယစ် ခိုက်ရန်ဖြစ်ပွားသူ မရှိသည်အရာ၊ ခရီး ၂ တိုင်ကျော်ခန့်အတွင်း ၁၀ တာခန့် လမ်းအတွင်း ဝဲယာ လူသွားလမ်းမှာ လူချင်းစပ်လျက်၊ ရထားလမ်းမှာ ရထားချင်းစပ်လျက် ရှိသည်ကို အထိအခိုက် မရှိသည့် အရာများကိုအံ့ဩဖွယ် ကောင်းလှ၏။ ၎င်းပွဲကို ကုမ္ပဏီအသင်းဖွဲ့၍ ကြေးငွေကို ၎င်းအသင်းက ခံယူသည်။ ဆုကိုလည်း ၎င်းအသင်းကပင် ပေးသည်။ ၎င်းပွဲဝင်ခ၊ နိုင်ဆုကြေးငွေများပြင် ပြည်သူတို့က အသီးအသီး အလိုရှိရာ လောင်းကြသူများလည်း အများပင် ရှိသည်။ ၎င်းမြင်းပြိုင်ပွဲသည် ပြင်သစ်နိုင်ငံတွင်အကြီးဆုံးသော မြင်းပြိုင်ပွဲတည်း။

၎င်းနေ့ အလုပ်ဝန်ကြီးက ရိုစက်ဗရှန်း အစည်းအဝေး ဖိတ်စာကို မက်ချက်ကူရေး ဆောင်ယူ ပေးအပ်လာသည်။ စာတွင် ပါသည်မှာ တနင်္လာနေ့ည ကျွန်ုပ်အိမ်တွင် ရိုစက်ဗရှန်း အစည်းအဝေးကို သံတော်အရာရှိတို့လာရောက်ပါမည် အကြောင်းနှင့် ပါသည်။ ၎င်းနေ့ စပိန်းကိုယ်စားလှယ်ဟာရနန်ဒေး၊ ဂျာမန်ကိုယ်စားလှယ်တို့က နှုတ်ဆက်လက်မှတ် ပေးလာသည်။ ကောင်ဒီရော်စ္စနှင့် ညီအစ်ကိုတော် ဒျူဒါဖရေးကလည်း ရှေ့ဗုဒ္ဓဟူးနေ့သံတော်အရာရှိတို့ စားပွဲထိုင် လာရောက်ပါမည် အကြောင်းနှင့် ဖိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**ၑင်းလဆန်း ၂ ရက်**[၁] တနင်္လာနေ့ အင်္ဂလိပ်သံကြီး၊ အီတာလျံသံကြီး၊ ဘယ်လဂျီယံသံကြီး၊ စပိန်းသံကြီးတို့က အတုံ့အပြန် နှုတ်ဆက်လက်မှတ် ပေးပို့လာသည်။ အလုပ်ဝန်ကြီး ရိစက်ဗရှန်း အစည်းအဝေးကို ဖိတ်စာ မရောက်သောကြောင့် မသွားကြရ ရှိသည်။ ၎င်းနေ့ သံတော်အရာရှိတို့ ရထားစီးနင်းပြီးလျှင် အညောင်းအညာပြေ ဘူလွန်း ဥယျာဉ် မရောက်ဖူး သေးသည့် အရပ်များကို လှည့်ပတ်သွားလာ ကြည့်ရှုကြသည်။

**၎င်းလဆန်း ၃ ရက်**[၂] အင်္ဂါနေ့ လေစေကူး ခေါ်သည့် မြေအောက်ရှိ လမ်း လုပ်ဆောင်သည့် အဆောက်အဉီများကို ကြည့်ရှုရန် သံတော်အရာရှိ၊ မက်ချက်ကူရေး၊ ရွှေတိုက်ကြပ်၊ စာရေးလူငယ်တို့ပါ ရထားစီး၍ သွားကြ သည်။ ရောက်လျှင် ၎င်းအဆောက်အဉီများကို ကြီးကြပ်အုပ်ချုပ်သူ ဘက်လဂရံ ဆီးကြိုလက်ခံ၍ မြေအောက်သွားလမ်းသို့ ဝင်သွားကြသည်။ မြေအောက်သွားလမ်းမှာ ပါရစ်မြို့ လမ်းရှိသမျှ အောက်သို့ လျှောက်၍ အစဉ်အတိုင်း လုပ်ဆောင်သည်။ ၎င်းလမ်း အကျယ် တောင် ၁၀ ခန့်၊ အမြင့် ၁၂ တောင်ခန့် ရှိသည်။ ၎င်းလမ်းတွင် ဝဲယာ ၄ တောင်ခန့်စီ ချန်ထား၍ အလယ်တွင် ၂ တောင်ခန့်မြေကို အနက် ၅ တောင်ခန့် ရေသွား မြောင်း တူးလုပ်ပြန်သည်။ ၎င်းအကျယ် တောင် ၁၀၊ အမြင့် ၁၂ တောင်ခန့် ရှိသည် မြေအောက် ဥမင်လမ်းကို ကျောက်အုတ် စီခင်း မိုးကာ လုပ်ဆောင် သည်။ ၎င်းဥမင်အတွင်း ဓောက် ၅ တောင်၊ အနံ ၂ တောင်ခန့် ရေသွား မြောင်းကိုလည်း ကျောက်အုတ် စီခင်း လုပ်ဆောင်သည်။ ၎င်းရေသွားမြောင်း ပေါ်သို့ လျှောက်၍ ရထားသွားရန် သံလမ်း ခင်းထားသည်။ ၎င်းရေသွား မြောင်း ဝဲယာ ၄ တောင်ခန့် မြေအပြင်များမှာလည်း လူသွားရန်၊ ဝန်တင် ရထားသွားရန် လမ်းအသွယ်သွယ် ရှိသည်။

၎င်းဥမင်လမ်းမကြီး ဝဲယာတွင် အချင်း ၃ တောင်ခန့် သံကို လုပ်သည့် ရေပြွန်ကြီး ၂ သွယ် တန်းလျက် ရှိသည်။ ရေပြွန်ကြီး တစ်ခုမှာ ပြည်သူအလုံး သောက်ရန် ရေသန့်ရေကောင်း၊ ရေပြွန်ကြီး တစ်ခုမှာ လမ်းဆေးကြော သုတ်သင်ရန်၊ ရေပန်းလုပ်ရန် သုံးရေ ဆောင်ရေ ဖြစ်ကြောင်း၊ ၎င်းပြင် မြေအောက်သွား ကြေးနန်းအများ လုပ်ဆောင်၍ အလိုရှိရာ သွယ်တန်း ကြောင်း၊ ဝဲယာရှိ ရေပြွန်ကြီးများက သောက်ရေ သုံးရေများကို အလိုရှိရာ ပြွန်ကြီး ပြွန်ငယ်နှင့် သွယ်တန်း ဆောင်ယူကြောင်း၊ အရပ်ရပ် ပြည်သူတို့ အညစ်အကြေး မသန့်မပြန့်ရေ၊ လမ်းဆေးရေများမှာ ၎င်းရေသွားမြောင်းသို့

[၁] ၁၅ ဇွန် ၁၈၇၄ [၂] ၁၆ ဇွန် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



အလိုရှိရာ အရပ်က ပြွန်နှင့် ဖောက်လွှတ်ကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းရေသွားမြောင်းမှာ ရေနေ ၃ တောင်ခန့် အပြင်းစီးလျက် မိုးကျချောင်းကဲ့သို့ ရှိသည်။ ပြည်သူတို့ အညစ်အကြေးမှာ အရပ်အကွက်ဖွဲ့လျက် အရပ်ကြီးလျှင် ကြီးလျောက်၊ ငယ်လျှင် ငယ်လျောက် ဗင်တိုက် လုပ်ဆောင်ပြီးလျှင် ၎င်းဗင်တိုက်သို့ ရေပြွန် ရေမြောင်းနှင့် သွယ်ယူလျက် လှောင်ထားကြောင်း၊ ၎င်းဗင်တိုက်တွင် လှောင်ထားသည်ကာလ မကောင်းသည် ရေများကို စစ်၍ ရေသွားမြောင်းသို့ ထုတ်သည်။ အနှစ်အဖတ်ကို ဗင်တိုက်တွင် လှောင်ထား၍ ၁၅ ရက် တစ်ကြိမ် ထုတ်ယူပြီးလျှင် မြေကျွေးရန် လယ်ယာ လုပ်ဆောင်သူတို့သို့ ရောင်းသည်။ ၎င်းရေသွားမြောင်းတွင် အမှိုက်သရိုက် သဲနွံ မဆီးမဆို့ မပို့ မပိတ်ရအောင် ရထားတွင် စက်တင်၍ ၎င်းစက်နှင့် ရေသွားမြောင်းကို တစ်နေ့ တစ်ကြိမ် သုတ်သင် ဆယ်ယူရသည်။ သည်ကဲ့သို့ ဆယ်ယူ၍ရသည့် အမှိုက်သရိုက် နုန်းမြေ သဲမြေများကိုလည်း မြေကျွေးရန် သစ်ပင် စိုက်ပျိုးသူတို့သို့ ရောင်းရသည်။ ၎င်းမြောင်းတွင် သဲနွံ အမှိုက်များကို ကုန်စင်အောင် စက်နှင့် ဆယ်ယူ၍ ရေသက်သက်မျှသာ မြစ်သို့ ထွက်သွားရသည်။

၎င်း မြေအောက် ဥမင် အသွယ်သွယ် အလျှိုလျှို လမ်းများမှာ ဆိုခဲ့သည် သောက်ရေပြွန် သုံးရေပြွန်၊ မြစ်အောက်သွား ကြေးနန်း၊ အလိုရှိရာ ရေယူသည် ရေပြွန်၊ အလိုရှိရာ စွန့်ပစ်သည် ရေမကောင်းပြွန်၊ ဗင်သွားလမ်း၊ ဝန်တင် ရထားလမ်း၊ မီးရှူးမီးတိုင်မှ စ၍ အရပ်ရပ် လုပ်ဆောင်သည် အလုပ်အဆောင် အဆောက်အဦများကို အခိုင်အခံ့ အကြီးအကျယ် လုပ်ဆောင်၍ထားသည်။ အလွန် အံ့ဩဖွယ် ထူးဆန်း ကောင်းမွန်လှ၏။ သည်ကဲ့သို့ လုပ်ဆောင်သည့် ရေသွားမြောင်းက စွန့်ပစ်သည် ရေများကို မြစ်သို့ ထုတ်သည်။ ၎င်းမြစ်သို့ ထုတ်၍ ထွက်သွားစေသည် ပြွန်မှာလည်း သံတံခါး သံဆန်ခါ၊ နွံကျုံးစက်၊ အမှိုယက်ယူစက်၊ ပြွန်ဆေးရန် ကိရိယာ အပြည့်အစုံများနှင့် လုပ်ဆောင်ပြီးလျှင် နွံသဲများကို နွံကျုံးစက်က စက်နှင့် ယူသည်။ အမှိုက်သရိုက်များကို အမှိုက်ကျုံးစက်နှင့် ယူသည်။ သည်ကဲ့သို့ယူ၍ မကုန်ကြွင်းကျန်သမျှ သဲနွံ အမှိုက်များကို သံဆန်ခါသို့ ရောက်လျှင် တင်ငြိပြန်၍ တစ်ဖန် ဆယ်ယူရသည်။ ၎င်းသံဆန်ခါက ထွက်သည် ရေသက်သက်ကိုသာ မြစ်သို့ ပြွန်နှင့် ဖောက်လွှတ်သည်။ သဲ, နွံ, အမှိုက် တစ်စုံတစ်ရာ မပါရ။ ပြွန်ဆေးကိရိယာမှာလည်း ပြွန်ဝနှင့် တိုင်း၍ ထွက်သွားသာရုံ အချင်း ၂ တောင်ခန့်ရှိ သစ်သားလုံးကို ပြွန်တွင်းသို့ သွင်းသည်။ ၎င်းသစ်သားလုံး



www.burmeseclassic.com

www.burmeseclassic.com



လည်း ရေပဟုန်နှင့် ပြွန်တွင်းသို့ ဝင်၍ ချာချာပတ်ပတ် လည်သဖြင့် ပြွန်အတွင်းရှိ အညစ်အကြေးများကို ပွတ်တိုက် သုတ်သင်သည်။ ပါရစ်မြို့အတွင်း သည်ကဲ့သို့ လုပ်ဆောင်သည် မြေအောက်လမ်း အရပ်ရပ်ကို တိုင်းလျှင် အရှည် မက်ပေါင်း တစ်သန်း ရှိကြောင်းကို ပြောဆို ကြားသိရသည်။ တစ်မက်လျှင် ၂ တောင် ဖြစ်၍ တောင်ပေါင်း ၂ သန်း၊ တာဖွဲ့လျှင် နှစ်သိန်း ရှစ်သောင်း ငါးထောင်ကျော် ရသည်။ လုပ်ငန်း အလွန် ကြီးကျယ်လှ၏။ ၎င်းမြေအောက်သွားလမ်း လုပ်ဆောင် ကုန်ဝင်စရိတ်မှာ တစ်မက်လျှင် ပြင်သစ်ဒင်္ဂါး ၁၅၀ ကျကုန်သည် ဖြစ်၍ မက်တစ်သန်းသင့် ဒင်္ဂါး တစ်ဆယ့်ငါးကုဋေ ကုန်ကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းအဆောက်အဦများကို တတိယ နပိုလျှမ်းမင်း နန်းတက်မှ အင်ကြင်းနရားဆရာကြီး ဘက်လဂရံ ဆိုသူ လက်ဦး စီရင်လုပ်ဆောင်သည့် အဆောက်အဦ ဖြစ်ကြောင်း၊ နှစ်ပေါင်း ၂၀ ကျော် ရှိကြောင်း၊ ၎င်းအင်ကြင်းနရားဆရာ ဘက်လဂရံလည်း ယခု ရှိသေးကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းမြေအောက်သွား လမ်းပုံစံ၊ ကုန်စရိတ်၊ အခွန်ရစာရင်း၊ အခွန်ခံပုံ၊ လုပ်ဆောင်ပုံ၊ စောင့်ရှောက်ထိန်းသိမ်းပုံ၊ လုပ်ဆောင်ထိန်းသိမ်းခ စရိတ်ကုန်ပုံမှ စ၍ အရပ်ရပ် အမှတ်အသားများကို ရေးသားပေးပို့ပါမည့် အကြောင်းနှင့် ၎င်းအဆောက်အဦ အကြီးအအုပ်လုပ်သူ ရော်စက်လက ပြောဆိုလိုက်သည်။ ၎င်းမြေအောက်သွား လမ်းများကို ကြည့်ရှုပြီးလျှင် အင္ဂစစ်ဘစ်ရှမ်း ခေါ်သည် မှန်တိုက်ကြီးသို့ ဝင်၍ ကြည့်ရှုကြသည်။ ၎င်းမှန်တိုက် အကြောင်းအရာ အမှတ်အသားများမှာ အထက် လန်ဒန်မြို့သွား နေ့စဉ်မှတ်တွင် ပါပြီ။ နည်းတူ သိလေ။

၎င်းနေ့ ကောင်ဒီရော်ရှနှင့် ညီအစ်ကိုတော်သူ ဒျူဖရေးက ညစာ စားပွဲ ဖိတ်ကြားသောကြောင့် သံတော်အရာရှိ, မာရကတ်ကြီးတို့ ၎င်းနေ့ည ၇ နာရီအချိန် ရထားစီးနင်း၍ သွားကြသည်။ ရောက်လျှင် ဒျူဖရေး, ၎င်းမယား, မူကြေးအဘ, ၎င်းမယားမှ စ၍ ကောင်ဒီရော်ရှနှင့် ဆွေမျိုးပေါက်ဖော်, မူကြေးမိဘ ဆွေမျိုးပေါက်ဖော်တို့ ကောင်းမွန်စွာ ဆီးကြိုနှုတ်ဆက်ပြီးလျှင် မြန်မာနိုင်ငံတော်သို့ ကော်ဒီရော်ရှ, မူကြေးတို့ သွားရောက်ရာ နေထွက် ဘုရင် မြန်မာမင်းမြတ်က အတိုင်းထက်အလွန် မစ ကြည့်ရှု ပြုစု စောင်မ တော်မူကြောင်းနှင့် ၎င်းတို့က စာရေးသား ပေးပို့သောကြောင့် အကြိမ်ကြိမ် ကြားသိရပါသည်။ သည်ကဲ့သို့ ပြုစုတော်မူသည့် ကျေးဇူးတော်မြတ် ကြီးလှ သောကြောင့် အလိုတော်မြတ်ရှိရာ မည်သည့် အမှုမဆို ဆောင်ရွက်မို



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ မြန်မာသံတော်တို့ အလိုရှိသည့် မှုခွင့် ကိစ္စများကိုလည်း စွမ်းဆောင်နိုင်သမျှ ကူညီဆောင်ရွက်ပါမည် အကြောင်းများနှင့် ပြောဆိုသည်။ သံတော်အရာရှိတို့ကလည်း နိုင်ငံတော်သို့ ပြင်သစ်အမျိုးသားအများ မရောက်ဖူးသေး။ ယခု မဟာမိတ်အဖြစ် ဆက်လက်ရန် ပြင်သစ်နိုင်ငံက အဦးအစ ပေါက်ရောက်လာသောကြောင့် မြန်မာမင်းမြတ်နှင့်တကွ မှူးမတ်ပြည်သူတို့ အလွန် ဝမ်းမြောက်ဝမ်းသာ ရှိကြောင်း၊ လာရောက်သည့် သံတော်တို့နှင့် ကျွန်ုပ်တို့လည်း ဆွေမျိုးမခြား အလွန် ချစ်ခင်စုံမက်သည် ဖြစ်၍ ယခု အဆွေခင်ပွန်း ဖြစ်သူတို့ မိဘပေါက်ဖော်များနှင့် တွေ့ကြုံရသည်ကို ဝမ်းမြောက်ဝမ်းသာ ရှိကြောင်းနှင့် ပြောဆိုသည်။ ပြီးလျှင် ညစာစားပွဲ စားသောက်ကြ၍ ပျော်ပျော်ပါးပါး ဆွေရင်းမျိုးချာ မခြား ဝမ်းမြောက်ဝမ်းသာ ၂ နာရီခန့် နေထိုင် ပြောဆိုပြီး ပြန်လာကြသည်။ ၎င်းနေ့ အောက်ဆရိတ်သံ, အမေရိကံသံ, တူရကီသံတို့က နှုတ်ဆက်လက်မှတ် ပေးပို့လာသည်။

**၎င်းလဆန်း ၄ ရက်**[၁] ဗုဒ္ဓဟူးနေ့ လော်လိန ခေါ်သည့် ဓာတ်ပုံရိုက်ဆရာ အိမ်သို့ သံတော်အရာရှိ, ရွှေတိုက်ကြပ်, စာရေးလုလင်ယ်များနှင့် မက်ချက်ကူရေး, ဘယောင်တန်းတို့ စုံညီ ရထားစီးနင်း၍ သွားကြသည်။ ရောက်လျှင် မင်းကြီးမှာ မျဉ်းတိုမျဉ်းရှည်ဆင် မောက်ရူ မပါ မတ်ရပ်ပုံ ၂၊ မျဉ်းတိုမျဉ်းရှည် မောက်ရူပါ ဆင်ယင်လျက် ထိုင်ပုံ ၂၊ အင်္ကျီဖြူ ရွှေစလွယ် တံဆိပ် ဘယက်ပုံ ဆင်ယင်သည် မတ်ရပ်ပုံ ၂၊ စာရေးတော်ကြီးမှာ မျဉ်းတိုမျဉ်းရှည်ဆင်လျက် မောက်ရူ မပါ မတ်ရပ်ပုံ ၂၊ အင်္ကျီဖြူ ရွှေစလွယ် တံဆိပ် ဘယက်စုံ ဆင်ယင်သည် မတ်ရပ်ပုံ ၂၊ မောင်အောင်သူမှာ ၎င်းနည်း၊ မောင်မြမှာ အင်္ကျီဖြူ ရွှေစလွယ် ဆင်ယင်လျက် မတ်ရပ်ပုံ ၂၊ ထိုင်ပုံ ၂၊ နောက် မင်းကြီး, စာရေးတော်ကြီး, မောင်အောင်သူ, မောင်မြ, မက်ချက်ကူရေး, ရွှေတိုက်ကြပ်, စာရေးလုလင်ယ်တို့ပါ တပေါင်းတည်းစုလျက် ဓာတ်ပုံ ကူးယူကြသည်။

ပြီးလျှင် ရှုလိန ခေါ်သည့် စိန်သွေးတိုက်သို့ သွားရောက် ကြည့်ရှုကြသည်။ ၎င်းစိန်သွေးတိုက်သို့ ရောက်လျှင် တိုက်ရှင် ရှုလိန ဆီးကြို၍ လိုက်ပြ ကြည့်ရှုရသည်မှာ တွင်းထွက် စိန်ရိုင်းအမျိုးမျိုး၊ ၎င်းစိန်ရိုင်းကို သွေးရန် အကွက်သားနား ပြင်ဆင်သည့်နေရာ၊ ၎င်းပြင်ဆင်ပြီး စိန်များကို စက်သို့ သွင်း၍ သွေးသည့်နေရာ၊ ၎င်းစက်သွင်းရန် စိန်ကို ခဲမနှင့် ခဲမဖြူ ရော၍

[၁] ၁။ ၁၇ ဇွန် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်မီးနှင့် ချက်ပြီးလျှင် စိန်ကို မြှုပ်သည့်နေရာ၊ ၎င်းစိန်သွေးရန် အခံ သံမဏိ သံပြားကို မျက်နှာညီအောင် စက်နှင့်သွေးသည့် နေရာမှ စ၍ အရပ်ရပ် ကြည့်ရှုရန် ရှိသည်များကို လိုက်ပြ ကြည့်ရှုရသည်။ စိန်ရိုင်းမှာ အကြီးအငယ် လုံးယောင် ကျောက်စစ်ဖြူကဲ့သို့ အရောင်အဆင်း မရှိ၊ သွေးမှ အရောင်ပေါ်သည်။ ၎င်းစိန်ရိုင်းများလည်း အမေရိကန်နိုင်ငံက ထွက်သည့် စိန် ဖြစ်ကြောင်းကို ပြောဆိုသည်။ အာဖရိကကျွန်း နှောက်ပေါ် စိန်များထက် ကောင်းသည်။ စိန်သွေးစက်ပေါင်း ၄၀ ကျော် ၅၀ ခန့် ရှိသည်။ မိန်းမ ယောကျာ်း သွေးကြသည်။ ၎င်းစိန်သွေးသည့် စက်မှာ သံမဏိ သံပြားကို စက်နှင့် လည်စေ၍ ၎င်းသံပြားပေါ်တွင် စိန်မှုန့်မှတ်စာ ထည့်ပြီးလျှင် အထက်ဆိုခဲ့သည့် ခဲတွင် တပ်ပြီး စိန်များကို သွေးရသည်။ ၎င်းတိုက်တွင် သွေးစိန် အများကိုလည်း ကြည့်ရှု တွေ့မြင်ရသည်။

၎င်းတိုက်က ကြည့်ရှုပြီးလျှင် ဂရစ်စတောက်ခေါ်သည့် ငွေရည်စိမ် တိုက်သို့ သွားရောက် ကြည့်ရှုကြသည်။ ၎င်းတိုက်လူကြီးတို့ ကောင်းမွန်စွာ လိုက်လံ ပြသ ကြည့်ရှုရသည်မှာ အရပ်ရပ် ကြေးသံများကို ဓား ခက်ရင်းမှ စ၍ စားပွဲကိရိယာ အမျိုးမျိုး လုပ်ဆောင်သည့်နေရာ၊ ၎င်းလုပ်ပြီး အထည် များကို စပ်သင့်ရာရာ မီးညှံ့ဂဟေ, မီးပြင်းဂဟေများနှင့် စပ်လုပ်သည့်နေရာ၊ ၎င်း အထည်ကြမ်းများကို အလိုရှိရာ ပန်းပြောက်အရုပ် ထုလုပ်သည့်နေရာ၊ ချောမော ကောင်းမွန်အောင် ပြင်ဆင်သည့်နေရာ၊ ပြင်ဆင်ပြီး အထည်များကို စင်ကြယ်အောင် ဓာတ်ရည် အမျိုးမျိုးနှင့် ဆေးသည့်နေရာ၊ ၎င်းဆေးပြီး အထည်များကို ရွှေရည် ငွေရည် ကြေးရည် အလိုရှိရာ စိမ်သည့်နေရာ၊ ၎င်းဓာတ်ရည်စိမ်ပြီး အထည်များကို အရောင်တင်သည့်နေရာ၊ ၎င်းအရောင် တင်ပြီး အထည်များကို စီစဉ်ခင်းကျင်း၍ ထားသည့်နေရာမှ စ၍ အရပ်ရပ် ကြည့်ရှုရန် ရှိသည်များကို တစ်နာရီခန့် လှည့်ပတ်ကြည့်ရှု ပြန်လာကြသည်။ ၎င်းတိုက်တွင် ထွေးခံတော်ကြီးကို အပ်၍ လုပ်စေသည်။ ၎င်းထွေးခံတော် ကြီးကို အလွန် ကောင်းမွန်အောင် အားထုတ်၍ လုပ်ပါမည် အကြောင်းနှင့် ၎င်းစက်ရုံလူကြီးတို့က ပြောဆိုလိုက်သည်။ ၎င်းနေ့ **ဇွစ်စလံ**[၁]သံ, **ဒင်မတ်**[၂] သံတို့က နှုတ်ဆက်လက်မှတ် ပေးပို့လာသည်။

**၎င်းလဆန်း ၅ ရက်**[၃] ကြာသပတေးနေ့ **စိမ်းခရိုင်**[၄]အုပ် **ဂတ်စတာ လီရေး**[၅] ဖိတ်ကြားသည့် ရှုဒန်ဖရာလမ်းရှိ **ကတ္တကွန်**[၆] ခေါ် ကျောက်တွင်း

---

၁။ Swiss
၂။ Denish
၃။ ၁၈ ဇွန် ၁၈၇၄
၄။ Seine District
၅။ Gustave Leroy
၆။ Catacombs



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းသို့ သွားရောက် ကြည့်ရှုရန် ဂတ်စတာလီရေး ကိုယ်တိုင် လာရောက်ကြိုယူသောကြောင့် ၎င်းနှင့်အတူ သံတော်အရာရှိတို့ ရထားစီးနင်း လိုက်သွားကြသည်။ ရွှေတိုက်ကြပ်, စာရေးလုလင်ယ်တို့မှာ အသီးအသီး ဓာတ်ပုံကူးရန်ဘယောင်တန်းနှင့်အတူ ဓာတ်ပုံရိုက် ဆရာအိမ်သို့ သွားကြသည်။ သံတော်အရာရှိတို့ ကျောက်တွင်းဟောင်းသို့ ရောက်လျှင် ရေကြောင်းဝန်ကြီးလက်ထောက်ဗိုလ်, ကောင်းကာရာရိဒက်, ဂတ်စတာလီရေး မယား သမီး, ၎င်းကျောက်တွင်းလူကြီးတို့ ဆီးကြို နှုတ်ဆက်ပြီးလျှင် လိုက်ပြ ကြည့်ရှုရသည်မှာ တော်င်ပေါင်း ၃၅ တောင်ခန့်ရှိ တွင်းထဲသို့ လူတစ်ယောက်လျှင် မီးတိုင်တစ်ခု ကိုယ်စီ ကိုင်လျက် ဆင်းသွားရသည်။ အောက်သို့ရောက်လျှင် ရှေးအထက်ကာလက တိုက်အိမ် လုပ်ဆောင်ရန် ကျောက်များကို တူးယူသောကြောင့် လိုဏ်ဥမင်ကဲ့သို့ ဖြစ်၍နေရသည် အရပ်များကိုထောက်ဖို့ပြင်ဆင်ရန် ရှိသမျှ ထောက်ဖို့ပြင်ဆင်၍ အလျှိုလျှို အသွယ်သွယ်သော လမ်းသေးလမ်းမ ရှိသည်များကို လျှောက်၍ သွားရသည်။ ခရီးတစ်တိုင်ခန့် ရောက်လျှင် လူရိုး, လူဦးခေါင်းများကို သေချာ ကောင်းမွန်စွာစီစဉ်သိမ်းဆည်း၍ ထားသည်ကို တွေ့သည်။ ၎င်းအကြောင်းအရာများကိုမေးရာ ပါရစ်မြို့ အလယ်တွင် ရှေးအစဉ်အဆက် သင်္ချိုင်းဟောင်းကြီးရှိသည်။

၎င်းသင်္ချိုင်းဟောင်းကို လူနေတိုက်အိမ် ချထား လုပ်ဆောင်ရန်သင်္ချိုင်းဟောင်းကို ဖျက်သည်ကာလ ရသည့် အရိုးစုများကို မပျောက်မပျက်စေရ၊ ၎င်းအရပ်သို့ယူ၍ သိမ်းထားကြောင်း၊ လူကောင်ပေါင်း ၃ သန်းအရေအတွက် ရကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းလူရိုးများကိုလက်ဝဲလက်ယာ စီစဉ်ထားသည့် နေရာလည်း ခရီး ငါးရာတွင်းခန့် ရှိသည်။ ၎င်းက အစဉ်အတိုင်း လျှောက်၍ လာခဲ့ရာ ခရီးငါးရာတွင်းခန့် သွားမှအထက် ဆင်းလာရင်း လမ်းပေါ်သို့ ရောက်၍ ထွက်ကြရသည်။ ၎င်းကျောက်တွင်းမှာ ပါရစ်မြို့တော် အောက်တည့်တည့်တွင် ရှိသည်။ ၎င်းကျောက်တွင်း အထက်ကလည်း လူနေ တိုက်အိမ်တန်း လမ်းအများ ရှိသည်။ ၎င်းမြေပေါ်ရှိ တိုက်အိမ်များနှင့် မြေအောက်ရှိ ကျောက်တွင်းလမ်းအကြားမြေထု တောင်ပေါင်း ၃၀ ခန့် ရှိကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းကျောက်တွင်းသို့ ဆင်းသွားသည်ကာလ အလွန် အေးသည်။ စိမ့်ရေစမ်းရေလည်း ရှိသည်။ လေလည်း ညင်းညင်း မပြတ်လာသည်။ ၎င်းကျောက်တွင်းများကို လှည့်ပတ်ကြည့်ရှု ပြန်လာကြရာ ရွှေတိုက်ကြပ်၊ စာရေး



www.burmeseclassic.com

www.burmeseclassic.com



လူငယ်တို့ ဓာတ်ပုံကူးရာ တိုက်အိမ်သို့ ဝင်၍ ကြည့်ရှုပြီးမှ ပြန်လာကြသည်။ ၎င်းနေ့ အထက် သွားရောက်ကူးယူကြသည့် ဓာတ်ပုံများကို ပုံစံပြလာသည်။

**၎င်းလဆန်း ၆ ရက်** [၁] သောကြာနေ့ ကောင်းဖီဇန်ကူး ဆိုသူက အထက် ကျောက်တွင်းကြည့်သွားစဉ် ဖိတ်ကြားလိုက်သည် ဖြစ်၍ ၎င်းနေ့ သံတော်အရာရှိတို့ ကောင်းဖီဇန်ကူးအိမ်သို့ ရိစက်ဗရှန်း အစည်းအဝေးသို့ သွားကြသည်။ ရောက်လျှင် ၎င်းလင်မယားတို့ ဆီးကြိုပြီးလျှင် ကောင်းမွန်စွာ နှုတ်ခွန်းဆက်လက် နေထိုင်ရသည်။ ၎င်းအစည်းအဝေးလည်း မြန်မာ သံတော်တို့ကို ရည်၍ ပြုလုပ်သည့် အစည်းအဝေး ဖြစ်သောကြောင့် အခြား ပရိသတ်အများ မပါ။ ဆွေရင်းမျိုးချာ ချစ်ခင် စုံမက်လှသည့် အဆွေခင်ပွန်း တို့သာ ပါသည်။ ၎င်းအစည်းအဝေးတွင် ပရိသတ်စုံလျှင် မုန့်ယို အချိုအဆိမ့် မျိုးစုံများကို အထူးထူး အထွေထွေ အကြိမ်ကြိမ် ပြင်ဆင် တည်ကျွေးသည်။ မိန်းမ ယောကျာ်း အမျိုးဘာသာသီချင်း ကျူးသီလျက် ပြာနို တီးသည်။ သင့်ရာသင့်ရာ မိန်းမ ယောကျာ်း တွဲ၍ ကသည်။ သည်ကဲ့သို့ ပြုလုပ်သည့် အရာလည်း သံတော်အရာရှိတို့ ပျော်ပါးစေခြင်းဟု ဝလေ့ထုံးစံရှိရာ အယဉ် အကျေး ပြုလုပ်သည့်အရာ ဖြစ်သည်။ ၎င်းအစည်းအဝေးတွင် ၃ နာရီခန့် ပျော်ပျော်ပါးပါး ပြောဆို စားသောက်၍ ပြန်လာကြသည်။

၎င်းနေ့ ပါရစ်မြို့သို့ ဆိုက်သည် အကြောင်းအရာ၊ နိုင်ငံခြားဝန်ကြီး ကောင်းမွန်စွာ လက်ခံသည် အကြောင်းအရာ၊ ပြင်သစ် သမ္မတမင်း မိဖုရားတို့ မဟာမိတ်လက္ခဏာနှင့်အညီ အခမ်းအနား အကြီးအကျယ် ခင်းကျင်း၍ ကောင်းမွန်စွာ လက်ခံသည့် အကြောင်းအရာ၊ လွှတ်တော် ပေးစာ၊ ရှိခိုး သံတော်ဦးတင်စာ၊ အရှင် နန်းမတော်ဘုရား တင်စာ၊ အလယ်နန်းမတော် စုဘုရား တင်စာ၊ အနောက် နန်းတော် ထိပ်ခေါင်တင်ဘုရား တင်စာ၊ ဝန်ရှင်တော် လောင်းရှည်မြို့စားမင်းကြီး အစီရင်ခံစာများကို ရေးသား၍ အိတ်သွင်း တံဆိပ်ခတ်မှတ်ပြီးလျှင် ပါရစ်မြို့ စာပို့တိုက်သို့ ထည့်အပ် ပေးပို့သည်။

**၎င်းလဆန်း ၇ ရက်** [၂] စနေနေ့ တရားမဝန်ကြီးက ဖိတ်ကြားသည် ရိစက်ဗရှန်း အစည်းအဝေးသို့ သံတော်အရာရှိတို့ အင်္ကျီလက်ကျယ် ရွှေစလွယ် ဆင်ယင်လျက် ရထားစီး၍ သွားကြသည်။ ရောက်လျှင် တရားမ ဝန်ကြီး တိုက်ရှမ်းနှင့် ၎င်းမယားတို့ ဆီးကြို နှုတ်ဆက်၍ အစည်းအဝေးသို့ ဝင်ရသည်။ သမ္မတမင်းနှင့် မိဖုရားတို့ကိုလည်း တွေ့ကြုံ နှုတ်ဆက်ရသည်။

---

၁။ ၁၉ ဖွန် ၁၈၇၄ ၂။ ၂၀ ဖွန် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



၎င်းအစည်းအဝေးတွင် သမ္မတမင်း မိဖုရား, ဝန်ကြီး, ရေကြောင်းအရာရှိစုံ, ကြည်းကြောင်းအရာရှိစုံ, အသင်းဝင်မှူးမတ်, နိုင်ငံခြားသံအရာရှိ အစုံအညီ စည်းဝေးသည်အခါ ဖြစ်၍ ပရိသတ် အလွန် များလှ၏။ တရားနှင့်ဆိုင်သည့် တရားမဝန်ကြီး လက်ထောက်, သင်းအုပ်လူကြီး လက်ထောက်မှ စ၍ လူကြီးလူကောင်း အများတို့က ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်လက်၍ သံတော်အရာရှိတို့နှင့် မိတ်သဟာယ ပြုလုပ်ကြသည်။ ၎င်းအစည်းအဝေးတွင် တစ်နာရီခန့် နေထိုင်ကြည့်ရှု၍ ပြန်လာကြသည်။

၎င်းနေ့ **မိုလာ**[1] သံတော်တို့ရှိရာ လာရောက်ပြီးလျှင် ဒုတိယစာချုပ်ကို မှူးမတ်အရာရှိစုံ ကြည့်ရှုပြီးပြေရှိကြောင်း၊ ၎င်းစာချုပ်တွင် တစ်စုံတစ်ရာ ဆိုရန် မရှိ။ သို့သော်လည်း မှူးမတ် ၄ သင်းတို့နှင့် ညှိနှိုင်းရဦးမည် ဖြစ်၍ ၎င်းစာချုပ်ကို ယခု သံတော်တို့သို့ မပေးမအပ်နိုင်ရှိကြောင်း၊ ၎င်းစာချုပ်ကို မှူးမတ် ၄ သင်းနှင့် ညှိနှိုင်း၍ နောက် ၆ လမှ အကြောင်းအရာကို မှာထား ပြန်ဆိုနိုင်မည် အကြောင်း၊ ယခု သံတော်တို့သို့ ပေးရန် နိုင်ငံခြားဝန်ကြီးစာ၊ တုံ့ပြန်ရန် သမ္မတမင်း ရာဇသံများကို သံတော်တို့အပြန်တွင် ပေးအပ်လိုက်ရန် လက်ခံ ရေးသား၍ ပြီးပြေရှိကြောင်း၊ ရှေ့လာမည့် ခုနစ်ရက်အတွင်း သံတော် အရာရှိတို့ သမ္မတမင်းနှင့် တွေ့၍ ၎င်းရာဇသံများကို ပြီးပြေအောင် အပ်နိုင် လိမ့်မည် ဖြစ်ကြောင်းနှင့် ပြောဆို ပြန်သွားသည်။

**၎င်းလဆန်း ၈ ရက်**[2] တနင်္ဂနွေနေ့ အာဂဒီထရီယောင် ခေါ်သည် အောင်ကုန်းသို့ သွားရောက်၊ ၎င်းအောင်ကုန်းပေါ်သို့ တက်ပြီးလျှင် ပါရစ် မြို့ကို ကြည့်ရှုရာ မိုးလေ ကင်း၍ ဥတုကောင်းမွန် လင်းကျင်းသောကြောင့် အရပ်ရှစ်မျက်နှာ မျက်စိအာရုံတစ်ဆုံး ကြည်ကြည်လင်လင် မြင်ရသည်။ ၎င်းအောင်ကုန်းက ဆင်းပြန်၍ **ဗစ်ရှုံမောင်**[3] ခေါ်သည့် တောင်သို့ သွားရောက် လှည့်ပတ် ကြည့်ရှုကြသည်။ ၎င်းတောင်တွင် ပရိသတ် အလွန် များလှ၏။ ၎င်းတောင်ပေါ်က ကြည့်ရှုရာလည်း ပါရစ်မြို့ အလုံးကိုပင် မြင်ရသည်။ ၎င်းအာဂဒီထရီယောင် ခေါ်သည် အောင်မှတ်, ဗစ်ရှုံမောင်တောင်တို့၏ အကြောင်းအရာ မှတ်သားရန် အကျယ်များကို အထက် လန်ဒန်မြို့သွား နေ့စဉ်မှတ်တွင် အကျယ်ပါပြီးဖြစ်၍ မရေးလိုက်သည်။ နည်းတူ သိလေ။

**၎င်းလဆန်း ၉ ရက်**[4] တနင်္လာနေ့ ဖိုရှမ်းတီရေစက်ရုံ လက်ထောက် လူကြီး ပေါလကာရီ ဆိုသူ လာရောက်၍ မေးမြန်းရာ ပြင်သစ်နိုင်ငံတွင် အရပ်ရပ် မင်းနှင့်ဆိုင်သည့် မီးသင်္ဘော၊ ကုန်သည်နှင့်ဆိုင်သည့် မီးသင်္ဘော

---

၁။ Molar ၂။ ၂၀ ဇွန် ၁၈၇၄ ၃။ La Butte Chaumont ၄။ ၂၂ ဇွန် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



အရပ်ရပ်များကို အကြီးအကျယ် လုပ်ဆောင်သည့် စက်ရုံ ဖြစ်ကြောင်း၊ ၎င်းစက်ရုံများလည်း မာဆေးမြို့တွင် တစ်ရပ်၊ တူလူမြို့ [၁] တွင် တစ်ရပ် ရှိကြောင်း၊ ၎င်းစက်ရုံများကို သံတော်အရာရှိတို့ နိုင်ငံတော်သို့ ပြန်သည့် ကာလ ဝင်ရောက်ကြည့်ရှုလျှင် ဝမ်းမြောက်ဝမ်းသာ ပြသလိုကြောင်း၊ နိုင်ငံတော်က အလိုရှိသမျှ သင်္ဘောနှင့်စပ်သည့် စက်ကိရိယာများကို ဆက်လက်ပေးသွင်း လုပ်ဆောင်လိုကြောင်းများနှင့် ပြောဆိုသောကြောင့် နိုင်ငံတော်က ပေးအပ်လိုက်ရင်း ဆရာရှမ်း, အောင်ဝန်တို့ လုပ်ဆောင်သည့် တိုက်သင်္ဘောပုံစံကို ပြသပြီးလျှင် ၎င်းသင်္ဘောတွင် တင်ရန် ပကတိ မြင်း ၁၅၀ အား၊ အလိုရှိလျှင် ၄ ဆထက်အားကို ဖြစ်စေနိုင်သည့် မီးစက် ကိရိယာစုံများကို လုပ်ဆောင်ရလျှင် လရက် မည်မျှနှင့်ပြီးမည်၊ ရန်ကုန်မြို့ရောက် အဖိုးစရိတ် မည်မျှ ပေးရမည်များကို မေးရာ ၎င်းသင်္ဘောပုံစံကို ပေးအပ်လိုက်ပါဦး၊ ကြည့်ရှုတွက်ချက်၍ ပြန်ပြောပါမည် ဆိုလျှင် ၎င်းသင်္ဘောတွင် တင်ရန် မီးစက်ကိရိယာ တစ်စုံတစ်ခုသာ မဟုတ်၊ သည်ကဲ့သို့ ဆက်လက်မိလျှင် တစ်နှစ် တစ်နှစ်လျှင် သင်္ဘော ၁၀ စင်းစာ ဆက်၍ ဆက်၍ အများယူရန် ရှိသည်။ သို့ဖြစ်၍ ယခု ဖြစ်ဆဲအခါ အကောင်းဆုံးဖြစ်သော စက်ကိရိယာများကို အဖိုးဈေးနှုန်း မပိုမမို မတင်မလွှား စေ့စပ် ဆက်လက်မိအောင် သဘောထားမည် အကြောင်းနှင့် ပြောဆိုသည်ကာလ ကောင်းပါပြီ၊ နိုင်ငံတော်နှင့် အလွန် ဆက်လက်လိုပါသည်။ ၎င်းပုံစံအရ စက်ကိရိယာများကို နေရာကျ တွက်ချက်၍ နေ့ရက်မကြာ ပြန်ပြောပါမည့် အကြောင်းနှင့် ပြောဆို၍ သင်္ဘောစနစ် ပုံစံများကို ယူဆောင် ပြန်သွားသည်။ ၎င်းနေ့ စိမ်ခရိုင်အုပ် ဂတ်စတာလီရေးက ရိစက်ဗရှန်း အစည်းအဝေး ဖိတ်ကြားသောကြောင့် မောင်မြဲ, မောင်အောင်သူတို့ သွားကြသည်။

**၎င်းလဆန်း ၁၀ ရက်** [၂] အင်္ဂါနေ့ သံတော်အရာရှိ, ရွှေတိုက်ကြပ်, စာရေးလှုငယ်ပါ ရထားစီးနင်းပြီးလျှင် ၎င်းနေ့ ၈ နာရီအချိန် ဗာစိုက်မြို့သို့ သွားကြသည်။ ရောက်လျှင် တည်းနေမြဲ ဒေရစ်စဗွာ ဟိုတက်မှာ တည်းနေ၍ နံနက်စာ စားကြသည်။ တစ်နာရီ အချိန်သို့ ရောက်လျှင် မာရကတ်ကြီး လာရောက်၍ ၎င်းနှင့်အတူ ရထားစီးနင်းပြီးလျှင် **စံစီရ** [၃] ခေါ်သည့် ကျောင်းတိုက်သို့ သွားကြသည်။ ၎င်းကျောင်းတိုက်တွင် အကြီးအအုပ် ဗိုလ်ချုပ်ဆိုသူ အန်ရီးယောင်း ဆီးကြို လိုက်ပြ ကြည့်ရှုရသည်မှာ မြင်းတပ်စစ်သည်တို့ စစ်ဝတ်ဆင်လျက် စား သေနတ်အစုံနှင့် မြင်းစီးနင်းပြီးလျှင် တစ်ဖက်ရန်သူ

၁။ Toulon ၂။ ၂၃ ဖေ ၁၈၇၄ ၃။ St. Cyr



www.burmeseclassic.com

www.burmeseclassic.com



ရှိရာ တက်ပုံ၊ တစ်ဖက်ရန်သူနှင့် တွေ့၍ တိုက်ပုံ၊ အင်အားမတန်၍ ဆုတ်ပုံ၊ တစ်ဖက်ရန်သူကို တောပြင်းခတ်၍ လိုက်ပြီးလျှင် တစ်ဝက်လူ မြင်းက ဆင်း၍ ပစ်ပုံ၊ ၎င်းတပ်ကို သိမ်းပုံ၊ ရန်သူရှိရာ အပြင်းလိုက်ပုံများကို ပြသ ကြည့်ရှုရသည်။ နောက်က တပ် ၂ တောင် ၁ မိုက် ၄ သစ်ခန့် တာ ၁၀ ခြားစီခန့် အဆင့်ဆင့်ထားပြီးလျှင်၊ အလယ်တွင် ကတုတ်နှင့် စပ်လျက် ၁ တာခန့် ရေမြောင်းထားလျက်၊ ၎င်းကတုတ် ရေမြောင်းများကို မြင်းနှင့် အပြင်း စိုင်းနှင့် ခုန်ကျော်၍ ပြသည်။ နောက် ခြေသည်စစ်သည် ၄၀၀ ခန့် တစ်စည်းတည်း လက်ရုံးစပ်ကာ စီစဉ်လျက် သေနတ်ရေးပြပုံ၊ တစ်ပြိုင်နက် ပစ်ပုံ၊ တပ်ဖွဲ့၍ ပစ်ပုံ၊ ၎င်းက တပ်ရှေ့နောက် တက်ပုံ၊ ပြိုင်၍ တက်ပုံ၊ မြင်းတပ်ကို ခံပုံများကို ပြသ ကြည့်ရှုရသည်။ နောက် အနံတာ ၁၀, အလျား တာ ၂၀ ခန့် တိုက်အတွင်း မြင်းအပြေးသွားရာ ကတုတ်ခုန်ရာများတွင် အလွတ် မြင်းပေါ်သို့ တက်နိုင်အောင် တက်ပုံ၊ ကုန်းသက်သက် တင်၍ ဇက်နင်း မပါ၊ ၎င်းမြင်းပေါ်သို့ တက်စီး၍ တစ်စုံတစ်ရာကြိုးဇက်မြှို့ စသည် ကို မကိုင်ရ။ လက်ပိုက်၍ စီးနင်းစေပြီးလျှင် မြင်းရှေ့မြောက် နောက်မြောက် အပြင်းခုန်သည်ကို မကျအောင် စီးနင်းပုံ၊ မြင်း ၂၀ ကျော်ကို ၎င်းတိုက်သို့ သွင်း၍ စက်ဝန်းကြီး စီးပုံ၊ ၎င်းစက်ဝန်းကြီးအတွင်း စက်ဝန်းငယ်ဖွဲ့၍စီးပုံ၊ ဝဲယာစီလျက် လက်ဝဲလက်ယာ နံဘေးသွားစီးပုံ၊ အဖြောင့်သွားစီးပုံ၊ ခရုပတ် အပြန်အလှန်စီးပုံ၊ လက်ဝဲလက်ယာ အပြိုင်ထား၍ ထုတ်ချင်းခပ် စီးပုံများကို ပြသ ကြည့်ရှုရသည်။

ပြီးလျှင် အင်ကြင်းနရား အတတ်ကို သင်သူတို့ သင်ကြားရန် ခံမြို့ ခံကတုတ် မြေနိမ့်မြေမြင့်ပုံ၊ လမ်းပြင်ပုံ၊ မြစ်ကူးပုံမှ စ၍ အရပ်ရပ် ၎င်းပညာ နှင့်ဆိုင်သည် ကိရိယာထားရာ တိုက်ခန်း၊ ပန်းချီဆေးရေး သင်ရာ တိုက်ခန်း၊ စာသင်ရာ တိုက်ခန်း၊ အမျိုးဘာသာ ဘုရားရှိခိုးရာ တိုက်ခန်း၊ စစ်သည်တို့ အိပ်သည် တိုက်ခန်း၊ ၎င်းတို့ စားပွဲထိုင်သည် တိုက်ခန်း၊ မြင်းကျွေးမွေးရာ မြင်းဇောင်းမှ စ၍ အရပ်ရပ် ကြည့်ရှုရန် ရှိသည်များကို လိုက်ပြ ကြည့်ရှု ရသည်။ ခြေသည်တပ်၊ မြင်းတပ်များကို စစ်မှုနှင့်စပ်၍ သင်ကြားပြသသည် အရာများတွင် ပြင်သစ်နိုင်ငံမှာ ၎င်းစံစီရာ ကျောင်းတိုက် အကြီးဆုံးတည်း။ ၎င်းကျောင်းတိုက်က သင်ကြားပြီးပြေ တံဆိပ်လက်မှတ်ရသူ ဖြစ်လျှင် ကျောင်းက ထွက်လျှင်ထွက်ချင်း ဗိုလ်အရာကို ရမြဲ။ ၎င်းက တစ်စ တစ်စ တက်၍ ရေကြောင်းချုပ် ဝန်ကြီး, ကြည်းကြောင်းချုပ် ဝန်ကြီး ဖြစ်သည် များ၏



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆို ကြားသိရသည်။ ယခု သမ္မတမင်း၊ **မက္က မေဟာန်**[၁]၊ ဝန်ကြီးချုပ် စသည်တို့လည်း ၎င်းကျောင်းထွက်ပင်တည်း။ ၎င်း ကျောင်းတွင် ၃ နာရီခန့် လှည့်ပတ် ကြည့်ရှုပြီးလျှင် ဗာစိုက်မြို့ ဒေရစ်စဖွာ ဟိုတက်သို့ ပြန်လာကြသည်။ ၎င်းမြို့တွင် မာရကတ်ကြီး အိပ်နေရစ်သည်။ ၎င်းနေ့ ၄ နာရီအချိန် သံတော်အရာရှိ၊ အပေါင်းပါလူတို့မှာ ပါရစ်မြို့သို့ ပြန်လာ၍ ၆ နာရီခွဲ အချိန်မှ ဒလူဟိုတက်သို့ ရောက်သည်။

**၎င်းလဆန်း ၁၁ ရက်**[၂] ဗုဒ္ဓဟူးနေ့ ရွှေဖဝါးတော်အောက်က ပေးပို့သည် စာများကို ရသည်။ စာတွင် ပါသည်မှာ **ရွှေမြို့တော် ရွှေကြီးသတ်နယ်**[၃] အတွင်း ကန်ချောင်း ဆည်မြောင်းများမှာ ဘေးမဲ့ပေးတော်မူသည်ကို ထပ်၍ ကင်းအစောင့်အနေ ထား၍ စောင့်ရှောက်ကြောင်း၊ ရွှေမြို့တော် ဆင်ခြေဖုံး နယ်တွင်းရှိ ကန်များနှင့် အရပ်ရပ် နိုင်ငံတော်အတွင်းရှိ ကန်များမှာ ပဒုမ္မာကြာ အားကြီး စိုက်ပျိုးရကြောင်း၊ နန်းတော် အနောက် ရွှေလက်ဝဲတန်းမှာ မီးလောင်ကြောင်း၊ ဒုတိယစာချုပ်ကို **ပြင်သစ်မှူးမတ်**[၄] တို့ လက်မှတ်မထိုးနိုင် ရှိကြောင်းနှင့် ကောင်ဒီရော်စွက ပေးပို့သည် ကြေးနန်းစာကို ရကြောင်း၊ ဘိသိက်ခံ အခမ်းအနား အဆောက်အဦကို လုပ်ဆောင်ဆဲရှိကြောင်း ပါသည်။ ၎င်းနေ့ ၁၀ နာရီအချိန် ရွှေဖဝါးတော်အောက်သို့ လာရောက်သည် ပြင်သစ်သံ အဝင်အပါ **အဖိုး**[၅] ဆိုသူ ဘထွေးနှင့် အမိတို့ လာရောက်ပြီးလျှင် အဖိုး ရွှေဖဝါးတော်အောက်သို့ လာရောက်သည်ကာလ နေထွက် ဘုရင် မြန်မာမင်းမြတ်က အထူးသဖြင့် ချီးမြှောက်ပြုစုတော်မူ၍ ယွန်းကြီး ပြည်သို့ ကောင်းမွန်စွာ လိုက်ပို့တော်မူသည် အကြောင်းအရာများကို အဖိုးထံက စာရေးသား ပေးပို့သောကြောင့် ကြားသိရပါသည်။ သည်ကဲ့သို့ ပြုစုတော်မူသည် ကျေးဇူးကို ဆက်ဆပ်၍ မကုန်နိုင်အောင် ရှိကြောင်း၊ အလိုတော်မြတ်ရှိသမျှ အမှုကိစ္စများကို အထူးသဖြင့် ဆောင်ရွက်လိုကြောင်း၊ နိုင်ငံတော်သို့ ပြန်ရောက်၍ ပြင်သစ်နိုင်ငံတွင် အရပ်ရပ် ဆောင်ရွက်ခွင့် ရှိသည်များကို စာပေးမှာထားလျှင် ကိုယ်မှု ကိုယ်ကိစ္စကဲ့သို့ အထူးသဖြင့် အားထုတ် ဆောင်ရွက်ပါမည် အကြောင်း၊ သံတော်အရာရှိတို့ ပြန်လာသည် ကာလ ဇွစ်ဇလံနိုင်ငံ **ဂျင်နီပါးမြို့**[၆] သို့ ဝင်ရောက်ပါမည် အကြောင်းနှင့် ဖိတ်မံပြောဆို ပြန်သွားသည်။ ၎င်းနေ့ မက်ကူရေး လာရောက်ပြီးလျှင်

---

၁။ Marshall Mc Mahon
၂။ ၂၄ ဇွန် ၁၈၇၄
၃။ ရွှေမြို့တော် ရွှေကြီးသတ်နယ်-မန္တလေး ရတနာပုံရာဇဌာနီ၏ နယ်နိမိတ်။ (ဦးသိန်းလှိုင်၊စာ-၁၅၀)
၄။ French Parliament
၅။ Captain Fau
၆။ Geneva



www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ် သမ္မတမင်းက တုံ့ပြန်ရန် ရာဇသံ၊ နိုင်ငံခြားဝန်ကြီးက ကင်းဝန်မင်းကြီးသို့ ပေးရန် စာများကို ရေးသား လက်မှတ်ထိုး၍ ပြီးပြေရှိကြောင်း၊ နောက်သောကြာနေ့ ၎င်းရာဇသံများကို မိုလာ ဆောင်ယူ၍ သံတော်အရာရှိတို့ထံ ပေးပို့ပါလိမ့်မည့် အကြောင်းနှင့် ပြောဆို ပြန်သွားသည်။

**၎င်းလဆန်း ၁၂ ရက်**[၁] ကြာသပတေးနေ့ သံတော်အရာရှိ၊ ရွှေတိုက်ကြပ်၊ စာရေးလူငယ်တို့နှင့် မက်ချက်ကူရေးပါ ရထားစီးနင်းပြီးလျှင် ၎င်းနေ့ ၇ နာရီခွဲအချိန် အရှေ့မျက်နှာ လာရန်းခေါ် မီးရထားရုံသို့ သွားကြသည်။ ရောက်လျှင် မာရကတ်ကြီး စောင့်နေနှင့်၍ ၎င်းနှင့်အတူ မီးရထားစီးနင်းပြီးလျှင် ပါရစ်မြို့ အရှေ့တောင်ထောင့် ခရီး မြန်မာ သောင်း ၅ တိုင်ကျော်ကွာ **ဘောင်တင်ပလိုမြို့**[၂] သို့ သွားကြသည်။ ၎င်းနေ့ ၁၀ နာရီခွဲအချိန် ဘောင်တင်ပလိုမြို့သို့ ရောက်၍ လေဂနဝ ဟိုတက်မှာ တည်းနေကြသည်။ လေဂနဝ ဟိုတက် ဆိုသည်မှာ သိမ်းနက်ဟိုတက် ဆိုလိုသည်။ ၎င်းတိုက်ဘုံခါးအဝင် တိုက်အိမ်ပေါ်များမှာ သိမ်းနက်ရုပ်ကို တင်ထားလျက် ရှိသည်။ ၎င်းတိုက်တွင် အတန်ငယ် နားနေ၍ မာရကတ်ကြီး မပါ၊ ရထားစီးနင်းပြီးလျှင် ဘောင်တင်ပလို ခေါ်သည် တောသို့ သွားရောက် ကြည့်ရှုကြသည်။ ၎င်းတောမှာ ချုံနွယ်သစ်ပင် ပကတိ ပေါက်ရောက်သည်တော ဖြစ်၍ အလွန်ထူထပ်သည်။ သစ်ပင်များလည်း ၈ ၊ ၉ ရှိ[၃] သစ်ပင်ကြီးများသည် အလွန်ကျယ်ဝန်းသည်။ သမင် ဒရယ် စသော တောသားမျိုး အရိုင်းတို့လည်း ပေါသည်။ တတိယနပိုလျမ်း မင်းပြုစဉ် ရံခါရံခါ ၎င်းအရပ်သို့လာ၍ သားငါးပစ်ခတ်ရန် ကောင်းမွန်စွာ မွေးထားရသည် တောတည်း။ ၎င်းတောတွင် လမ်းသေးလမ်းမ အလျှိုလျှို အသွယ်သွယ် ကောင်းမွန်စွာ ပြင်ဆင်လျက်ရှိသည်။ ၎င်းလမ်းများကို လှည့်ပတ်ကြည့်ရှုရာ စိမ့်ကြီး မြိုင်ကြီးများသို့ ဝင်သွားရသည်နှင့် ထင်မှတ်မိသည်။ ၎င်းတောသည် ပြင်သစ်နိုင်ငံတွင် လှပကောင်းမွန် ကြီးကျယ်သည် တောဟု လူခပ်သိမ်း သမုတ်ကြသည့် တောတည်း။ ၎င်းတောကို လှည့်ပတ်ကြည့်ရှု ပြန်လာပြီးလျှင် တည်းနေရင်း ဟိုတက်တွင် နံနက်စာ စားသောက်ကြသည်။

ပြီးလျှင် ဘောင်တင်ပလိုမြို့ရှိ အမြောက်တပ်၊ အင်ကြင်းနရား အတတ်ပညာများကို သင်ကြားသည် ဒဗ္ဗလိကာစီရွန်း ခေါ်သည် ပညာသင် ကျောင်းတိုက်သို့ သွားကြသည်။ ရောက်လျှင် ၎င်းကျောင်းအုပ်ဆရာလူကြီး ဂျင်နရက်ဗိုလ်ချုပ် ရှုနေကာ ဆိုသူ ဆီးကြို လိုက်ပြ ကြည့်ရှုရသည်မှာ ခံမြို့ အမျိုးမျိုး၊

၁။ ၂၅ ဇွန် ၁၈၇၄ ၂။ Fontainebleau ၃။ ၈ လက်သစ်, ၉ လက်သစ်ရှိ (ဦးဖိုးလှိုင်၊ စာ-၁၂[illegible])

www.burmeseclassic.com



ခံကတုတ် အမျိုးမျိုး ပုံစံများကို လုပ်ဆောင်ပြသ ကြည့်ရှုမှတ်သားရန် ခင်းထားသည် တိုက်ခန်း၊ လက်ဦးအစ ရှေးအထက်ကာလက လုပ်ဆောင်၍ သေနတ် ဖြစ်သည်က စ၍ ယခုတိုင် တစ်စတစ်စ တိုးတက်သည် သေနတ် မျိုးများကို စီစဉ် မှတ်သားပြီးလျှင် ပထမ မီးစကောက်သေနတ်၊ နောက် မီးစကောက်ကို **စိုင်ပေါင်**[၁] တပ်သည် သေနတ်၊ နောက် စိုင်ပေါင်ပြောင်းပြန် နောက်ကိုလှည့်၍ လက်ဝါးကာ မပါ, ကျောက်မီးတပ် သေနတ်၊ နောက် ၎င်းစိုင်ပေါင် နောက်ကိုလှည့်လျက် လက်ဝါးကာ အရင်းက ထားသည် သေနတ်၊ နောက် လက်ဝါးကာကို အဖျား, စိုင်ပေါင်ကို အရင်းထား၍ လုပ်ဆောင်သည် ကျောက်မီးသေနတ်၊ နောက် ၃ ပင်တိုင်သေနတ်၊ နောက် တူမီးသေနတ်၊ နောက် **ရိုင်ဘတ်**[၂] သေနတ်၊ နောက် ယခု စွဲကိုင်ကြသည် ရှတ်စဖို ခေါ်သည် သေနတ်၊ သည်ကဲ့သို့ ရှေးဦးအစ ဖြစ်ပုံ၊ နောက်တိုးတက်ပုံ များကို စီစဉ်ခင်းကျင်း၍ထားသည် တိုက်ခန်း၊ သေနတ်ကျည်သွားအား မည်မျှရှိသည်ကို အက္ခဏိကဓာတ်ဖြင့် စမ်းသပ်တွက်ချက်ရန် စက်ကိရိယာ စုံနှင့် ခင်းကျင်းထားသည် တိုက်ခန်း၊ ကမ္ဘာမြေလုံး လှည့်ပတ်ပုံ, ပကတိ သက်သက် ထောက်တည်ရာ မရှိဘဲ မရွေ့မပြောင်း လှည့်ပတ်၍ နေနိုင်သည် အားကို ပြသည်ပုံများကို ထားရာ တိုက်ခန်း၊ ပညာသင်လူတို့ တိုက်အိမ် အမျိုးမျိုး ရေးတတ်အောင် ပြသ သင်ကြားရသည် တိုက်ခန်း၊ မြေပုံ အမျိုးမျိုး, လမ်းပုံ အမျိုးမျိုးများကို ရေးသားပြသ သင်ကြားရသည် တိုက်ခန်း၊ ခံမြို့ အမျိုးမျိုး, ခံကတုတ် အမျိုးမျိုးများကို ရေးသားပြသ သင်ကြားရသည် တိုက်ခန်း၊ ရှေးကာလ အုတ်ကျောက်တို့ဖြင့် လုပ်ဆောင်သည် မြို့ရိုးကို ပြင်ကနေ၍ တူးဖြိုပုံ, ၎င်းပြင်က တူးဖြိုသည်ကို အတွင်းက မတူးမဖြိုနိုင် အောင် ဖျက်ပုံများကို ပြသ သင်ကြားရာ တိုက်ခန်း၊ မြင်းကျွေးမွေးသည် မြင်းဇောင်း, မြင်းကိရိယာ ထားသည် တိုက်ခန်း၊ အထက် စံစီရာ ကျောင်းတိုက်တွင် မြင်းစီးနင်း သင်ကြားသည် တိုက်ကဲ့သို့ မြင်းအစီးအနင်း သင်ကြားသည်တိုက်ခန်း၊ ဘောင်တင်ပလိုမြို့ရှိ ရှပ်ဘိုး ခေါ်သည် တိုက်နန်း၊ ၎င်းတိုက်နန်းအတွင်းရှိ ရေကန်၊ ၎င်းရေကန်တွင် ရှိသည် ငါးများကို ၎င်း ကျောင်းအုပ် ဂျင်နရက် ဗိုလ်ချုပ် ရှနေကာ ကိုယ်တိုင် လိုက်ပြ ကြည့်ရှု ရသည်။

---

၁။ စိုင်ပေါင် – ရှေးသေနတ်တွင် မီးခတ်ကျောက် တပ်ထားသော မီးမောင်းသံကောက် (မြန်မာအဘိဓာန်၊ စာ–၁၀၅)

၂။ Rifle



www.burmeseclassic.com

www.burmeseclassic.com



၎င်းရေကန်တွင် ငါးတစ်ပိသာကောင်, ငါးဆယ်ကောင် အများရှိသည်။ အစာ ပစ်ချလျှင် များစွာ ပေါ်သည်။ ၎င်းတိုက်နန်းမှာ ခရစ်နှစ် ၁၅၀၀ တွင် ပထမ ဖြွန်ဆွ ခေါ်သည်မင်း ရှေးဦးစွာ တည်သည့်နန်း ဖြစ်ကြောင်း၊ ပထမ ဗိုလ်နပတ်ကြီးကို ပြည်က နှင်ထုတ်၍ ထွက်သွားရသည် ကာလ ၎င်းနန်းတွင် မှူးမတ်အရာရှိစုံတို့ကို စည်းဝေးနှုတ်ဆက်ခဲ့ကြောင်း၊ တတိယ နပိုလျမ်း တောလည်လာလျှင် နေထိုင်သည် တိုက်နန်း ဖြစ်ကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းအရပ်ရပ် ကြည့်ရှုရန် ရှိသည်များကို လှည့်ပတ် ကြည့်ရှုပြီးလျှင် ၎င်းနေ့ ၃ နာရီအချိန် ပြန်လာကြသည်။ ဗိုလ်ရှနေကာလည်း မီးရထားရုံရောက် လိုက်ပို့သည်။ ၎င်းက အစဉ်အတိုင်း ထွက်လာရာ ၆ နာရီအချိန် ပါရစ်မြို့ ဒလူဟိုတက်သို့ ရောက်သည်။ ၎င်းနေ့ လယ်ယာ အလုပ်အဆောင်နှင့် ဆိုင်သည် ဝန်ကြီး ဂရီအား ဆိုသူက **၎င်းလပြည့်ကျော် ၂ ရက်**[၁] အင်္ဂါနေ့ ရိစက်ဗရှန်း အစည်းအဝေးကို သံတော်အရာရှိတို့ လာရောက်ပါမည် အကြောင်းနှင့် ဖိတ်ကြားသည့်စာကို ရသည်။

**၎င်းလဆန်း ၁၃ ရက်**[၂] သောကြာနေ့ ရွှေတိုက်ကြပ်, စာရေးလူငယ်တို့ ဓာတ်ပုံရိုက်ဆရာအိမ်သို့ သွား၍ ဓာတ်ပုံ ထပ်မံ ကူးယူကြပြန်သည်။ ပြင်သစ်ဗိုလ်ဟောင်း **ဒေါ်ရဂေါ်နီ**[၃] မယား ၎င်းနေ့ လာရောက်၍ နှုတ်ဆက်သည်။ ၎င်းနေ့ ၁၂ နာရီအချိန် မာရကတ်ကြီး လာရောက်ပြီးလျှင် တုံ့ပြန်ရန်ရာဇသံ၊ နိုင်ငံဝန်ကြီး ပေးစာများကို မိုလာ ဆောင်ယူ ပို့လာမည် ရှိသည်အတွင်း ဗာစိုက်မြို့ရှိ နိုင်ငံခြားဝန်ကြီးက ကြေးနန်းနှင့် ခေါ်သောကြောင့် ဗာစိုက်မြို့သို့ သွားရပြန်သည် ဖြစ်၍ ယခုနေ့ ချိန်းချက်သည့်အတိုင်း မလာမရောက်နိုင် ရှိကြောင်း၊ နက်ဖြန် ပို့လာပါလိမ့်မည် အကြောင်းများနှင့် ပြောဆို ပြန်သွားသည်။

**၎င်းလဆန်း ၁၄ ရက်**[၄] စနေနေ့ သံတော်အရာရှိ, ရွှေတိုက်ကြပ်, စာရေးလူငယ်တို့ပါ ရထားစီးနှင်းပြီးလျှင် **စရကတ်စက်**[၅] ခေါ်သည် မြင်းပွဲပြဓာတ်ရုံသို့ သွားကြသည်။ ရောက်လျှင် ပထမနေရာတွင် စီစဉ်နေထိုင်ကြည့်ရှုရသည်မှာ အဝ တစ်တောင်ခန့်, အလျား ၂ တောင် ၁ မိုက် ၄ သစ်ခန့် စည်ခေါင်းအတွင်းသို့ ခါးက စ၍ လူကို ထည့်ပြီးလျှင် ခေါင်းနှင့် နှစ်ဖက် အစုံပြိုင်လျက် စည်တွင် လူခါးကိုချိုး၍ ထိဘိသကဲ့သို့ နေစေပြီးမှ ၎င်းစည်ကို ဝဲယာ ရှေ့နောက် အပြန်အလှန် လိမ့်သည်။ အထက်အောက် ထောင်၍ ဆောင့်သည်များကို ပြသသည်အခန်း။ မြင်းနှင့် မြင်းစီးမိန်းမငယ်

၁။ ၁၀ ဇွန် ၁၈၇၄ ၂။ ၂၆ ဇွန် ၁၈၇၄ ၃။ D'Orgoni ၄။ ၂၇ ဇွန် ၁၈၇၄ ၅။ Circus



www.burmeseclassic.com

www.burmeseclassic.com



၁၊ မြင်းကို အပြင်းစီးနင်းပြီးလျှင် မြင်းပေါ်တွင် ထိုင်တုံရပ်တုံ ခုန်ကာ လွှားကာ ကလျက် ကြိုးတန်းခုန်သည်၊ ကွင်းဝင်သည်များကို ပြသည်အခန်း။ ယောကျ်ား ၁၊ မိန်းမတို့[၁] လုံတံဖျားတွင် ဂျင် ၃ ဆင့် လည်စေလျက် လုံတံ ရင်းကို နှာခေါင်းပေါ်တွင် စိုက်ထူသည်။ နောက် နှာခေါင်းပေါ်တွင် ဂျင် တစ်ခု တင်၍ ၎င်းဂျင်ပေါ်တွင် လုံတံကို စိုက်၍ လည်စေသည်။ နောက် နှာခေါင်းပေါ်တွင် ဂျင် ၂ ဆင့်နှင့် လည်စေသည်။ နောက် နှာခေါင်းပေါ်တွင် ဂျင် ၃ ဆင့်နှင့် လည်စေသည်။ နောက် လုံတံအရင်းတွင် ကြိုးငယ် ရစ်ပတ် လျက် ကြိုးစွန်း ၂ ဖက်ကို ကိုင်ပြီးလျှင် လုံတံကို အလယ်ထား၍ လည်စေ သည်။ ပြီးလျှင် ထီးကိုဖြန့်လျက် ထီးရိုးက ကိုင်ပြီးလျှင် ထီးရွက်ပေါ်တွင် ဂူလီလုံး မုန့်မုန့်ညက်ညက် လည်စေသည်။ နောက် ၎င်းထီးရွက်ပေါ်တွင် သံကွင်းကို ထောင်လျက် လည်စေသည်။ နောက် စက်ဘီးဝိုင်းငယ်ကို ထောင်လျက် လည်စေသည်။ နောက် ကြက်ဥကို ထောင်လျက် လည်စေ သည်။ ပြီးလျှင် အစည်ကွင်းတွင် ရေပြည့်ဖန်ခွက်ကို တင်၍၊ မိန်းမ ကိုင် လျက် အထက်အောက် ချာချာပတ်ပတ် လည်စေသည်။ ဖီလာ ချာချာ ပတ်ပတ် လည်စေသည်များကို ပြသည် အခန်း။

က, ကတောင်, မဆင်၊ လူမစီး၊ မြင်းလွတ်သက်သက်ကို ထွက်စေပြီး လျှင် ပွဲပြသည် စက်ဝန်းအပြင် ၄ မျက်နှာတွင် ထိုင်ခုံတစ်ခုစီ ထား၍ စက်ဝန်း အလယ်က မြင်းဆရာ တံဖျာကိုင်လျက် ရပ်နေပြီးလျှင် စက်ဝန်းအတွင်း မြင်းကို အပြင်း လှည့်ပတ် ပြေးစေသည်။ ၎င်းစက်ဝန်းကို လှည့်စဉ် ၄ မျက်နှာရှိ ခုံသို့ ရောက်သည်ကာလ ခုံကို လှည့်ပြန်၍ စက်ဝန်းကြီးကို အစဉ်မပြတ် လှည့်ပတ်ပြေးစေသည်။ ၎င်း ၄ မျက်နှာခုံများကို မြင်းရှေ့ လက်တစ်ဖက်နှင့် လည်စေသည်။ ၎င်းခုံများကို မြင်းရှေ့လက်တစ်ဖက်နှင့် ထောင်စေသည်။ ရှေ့လက် ၂ ဖက်ကို ကွေးလျက် ဦးချသကဲ့သို့ နေစေသည်။ ရှေ့လက် ၂ ဖက်ကို စုံရပ်လျက် နောက်ခြေ ၂ ဖက်ကို စက်ဝန်းကဲ့သို့ လည်စေသည်။ နောက်ခြေ ၂ ဖက်ကို ထောင်လျက်၊ ရှေ့လက် ၂ ဖက်ကို မတ်ရပ်မြှောက်စေသည်များကို ပြသည် အခန်း။ မြင်း ၆ စီး ဇက်ကြိုး တန်ဆာစုံ တွဲလျက် လူငယ် ၁ စီးပြီးလျှင် ၆ စီး ပြိုင်လျက် အပြင်းစိုင်းနှင် သည်။ ၎င်းစိုင်းနှင်သည် အတွင်း အစွန်း ၂ စီးကို ၆ စီးတွဲက ဖြုတ်၍ ရှေ့က ၂ စီးတွဲလျက် ပြေးစေသည်။ ၎င်း ၄ စီးတွဲပေါ်က မတ်ရပ်စီးလျက် လိုက်သည်။ နောက် ၄ စီးတွဲကို ၂ စီးစီ အပြေးအသွား မပျက် ဖြုတ်၍ ၂ စီးတွဲ ၂ စီးတွဲစီ ရှေ့နောက်ထားပြီးလျှင် နောက် ၂ စီးတွဲတွင် မတ်ရပ်စီးလျက်

၁။ မိန်းမ ၁ တို့ (ဦးစိုးလှိုင်၊ စာ-၁၃၁)



www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ်ဘုရင်က မြန်မာသံအဖွဲ့ထံမှ ပေးအပ်သော မြန်မာဘုရင်၏ ချစ်ကြည်ရေး စာချွန်တော်ကို လက်ခံနေပုံ။
( ၁၆ အောက်တိုဘာ ၁၈၅၆ )



www.burmeseclassic.com

www.burmeseclassic.com



မြန်မာသံအဖွဲ့အား ပြင်သစ်သမ္မတကြီးက နန်းတော်၌ ညှော်ခံရန် ဆီးကြိုနေပုံ။
| ခုနှစ်(?)|



www.burmeseclassic.com

www.burmeseclassic.com



အပြင်းစိုင်းနှင်သည်။ သည်ကဲ့သို့ စီးနှင်းသည်အတွင်း မြင်းတစ်ခုတွင် မျောက်ကို တင်လျက် ထိုလူငယ်နှင့် ပြိုင်၍ စီးစေသည်များကို ပြသည့်အခန်း။ ကျွမ်းပစ်လူ ၁၂ တို့ ကျွမ်းပစ်ကြသည်။ နောက် မြင်းခုံပေါ်က တက်၍ ကျွမ်းပစ်သည်။ နောက် ခုံရှေ့တွင် မြင်းတစ်စီး ထားလျက် ၎င်းမြင်းကို ကျော်၍ ကျွမ်းပစ်သည်။ နောက် မြင်း ၂ စီး ယှဉ်လျက် ၎င်း မြင်း ၂ စီးကို ကျော်၍ ကျွမ်းပစ်သည်။ သည်ကဲ့သို့ မြင်းငါးစီးတိုင် စီးလျက်၊ ၎င်း မြင်း ၅ စီးကို ကျော်၍ လူ ၁၂ တို့ စီစဉ်လျက်ထား၍ ၎င်းမြင်းပေါ်တွင် လူ မတ်ရပ်စီးနင်း နေထိုင်သည်ကို ကျွမ်းဆရာတစ်ယောက် မြင်း ၉ စီးနှင့် လူကို လွတ်အောင် ကျော်၍ ကျွမ်းပစ်သည်များကို ပြသည် အခန်း။ ကျွမ်းပစ်ဆရာ ၁၂ ယောက်တွင် မြင်း ၉ စီးကို ကျော်၍ ပစ်သူ အကောင်းဆုံးတည်း။

မိန်းမကြီး ၁၊ မိန်းမငယ် ၂၊ ယောကျ်ားငယ် ၂ တို့ ထွက်လာပြီးလျှင် မိန်းမကြီးမှာ ပြာနိုး တီးသည်။ သူငယ် ၄ ယောက်က ပြာနိုးသံနှင့်အတူ လက်ကို ဆည်းလည်းငယ် မျိုးစုံများကို အသံဖြစ်အောင် သင့်ရာသင့်ရာ ဆည်းလည်းများကို ကိုင်မြှောက်လျက် လှုပ်သည်။ မိန်းမကြီး တီးသည့် ပြာနိုးသံနှင့် သူငယ် ၄ ယောက်တို့ ကိုင်လှုပ်သည့် ဆည်းလည်းသံ, သံနိမ့် သံမြင့် သံရှည်သံတို အရပ်အတော တူလှ၏။ သည်ကဲ့သို့ ပြိုင်ဆိုင် တီးမှုတ်သည်များကို ပြသည် အခန်း။ လူကြီး ၁၊ ၁၀ နှစ်ရွယ် လူငယ် ၁၊ ၇ နှစ်ရွယ် လူငယ် ၁ တို့ ထွက်လာပြီးလျှင် လူငယ် ၂ ကို ကျွမ်းပြန်စေသည်။ လူကြီးက လူငယ်ခြေကို ကိုင်၍ ၁ တာခန့် မြှောက်ပစ်သည်။ ဦးခေါင်းကို ကိုင်၍ သည်ကဲ့သို့ ပစ်သည်။ လက်ကို ကိုင်၍ သည်ကဲ့သို့ ပစ်သည်။ ပစ်တိုင်း ပစ်တိုင်း ကျွမ်းပြန်လျက် မတ်ရပ်ကျသည်။ လူငယ် လက် ၂ ဖက်ကို လူကြီး လက်တစ်ဖက်နှင့် ကိုင်၍ အထက်သို့ မြှောက်သည်။ လူငယ်လည်း ၎င်းလူကြီး လက်တစ်ဖက်တွင် လက်ကို စုံထောက် လက်အုန်းပင် စိုက်နေသည်။ လူကြီး လက်တစ်ဖက်နှင့် သူငယ်ခြေကို ကိုင်၍ အထက်သို့ မတ်ရပ်မြှောက်သည်။ ဦးခေါင်းကိုင်၍ ဦးစောက် မြှောက်သည်။ လူကြီး ခုံပေါ်တွင် ပက်လက်အိပ်ပြီးလျှင် ခြေ ၂ ဖက်ကို ထောင်လျက်၊ ၎င်းခြေပေါ်တွင် လူငယ်များကို တစ်ယောက်စီ ကျွမ်းပြန်ဦးစောက် မတ်ရပ်ဖီလာ ပတ်ပတ်လည်စေလျက် ပြသည် အခန်း။ ယောကျ်ား ၁ မြင်းစီးနင်းပြီးလျှင် အပြင်းစိုင်းနှင်၍၊ ၎င်းစိုင်းနှင်စဉ် ဝမ်းပတ်ကို ဖြုတ်ပြီးလျှင် ဝမ်းပတ် မပါ၊ ကုန်းနှီးသက်သက်ပေါ်တွင် မတ်ရပ်စီးသည်။ နောက် ကုန်းနှီးကို ဖြုတ်ပြန်၍ မြင်းပေါ်တွင် မတ်ရပ်စီးသည်။ နောက် ဖက်ကို ဖြုတ်၍ မတ်ရပ်စီးသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်ကဲ့သို့ ဖြုတ်သည်များမှာ မြင်း အပြေးအသွား မပျက်၊ အစီးမပျက်၊ ပြေးစဉ် ဖြုတ်၍ စီးနိုင်သည်။ ပြီးလျှင် မြင်းပေါ်တွင် ထိုင်တုံ ရပ်တုံ၊ မြီးထူးစွန်း တင်စွန်းများတွင် တွယ်လျက် စီးသည်။ မြင်းအသွား မပျက်၊ တက်တုံ သက်တုံ အလိုရှိတိုင်း စီးနင်းပြကသည် အခန်း။ မြေကဇာတ်ရုံ အမိုးထိ တောင်သင့် ၂၀ ခန့် မြင့်သည်။ ၎င်းအမိုးက ဒန်းစီးရန် ကြိုးသွယ်တန်းလျက် တောင် ၁၀ ခန့် ခြား၍ ဒန်း ၂ ခု ထားသည်။ ၎င်းဒန်း မြေနှင့်လည်း တောင် ၁၀ ခန့် မြင့်သည်။ ၎င်းဒန်းတွင် လက် ၂ ဖက်ဆွဲလျက် ဒန်းတစ်ခုက ဒန်းတစ်ခုသို့ ကူးသည်။ အပြီးတွင် ၎င်းဒန်းက လွှတ်ချ၍ ကြိုးနှင့်ဆိုင်းလျက် ခံထားသည် မွေ့ရာပေါ်သို့ ရောက်သည်။ ၎င်းမွေ့ရာက အောက် ကွန်ချာသို့ ကျွမ်းပြန်၍ ဆင်းသည်။ ၎င်းကွန်ချာမှ မြေသို့ ဆင်းသည်များကို ပြသည့် အခန်း။ ၎င်း အရပ်ရပ် ပြကသည် အခန်းများကို ကြည့်ရှုပြီးလျှင် ပြန်လာကြသည်။

၎င်းနေ့ သမ္မတမင်းက တုံ့ပြန်ရန် ရာဇသံ ကတ္တီပါအိတ်သွင်းပြီး ၁၊ ၎င်း ရာဇသံ လက်ခံသက်သက် ၁၊ ပြင်သစ် နိုင်ငံခြားဝန်ကြီးက ကင်းဝန်မင်းကြီးသို့ ပေးသည်စာ ၁ များကို မိုလာ ဆောင်ယူ၍ ပို့လာသည်။ သမ္မတမင်းရှေ့ နှုတ်ဆက်ဝင်ရန်၊ နိုင်ငံခြားဝန်ကြီးနှင့် တွေ့ကြုံ နှုတ်ဆက်ရန်များကိုလည်း နေ့ရက် အသေအချာ သိလိုကြောင်းနှင့် မေးရာ နိုင်ငံခြားဝန်ကြီးထံ မေးမြန်း၍ အသေအချာ စာရေးသား ပေးပို့ပါမည် မိုလာ ပြောဆိုပြန်သွားသည်။ ၎င်းနေ့ **အက်ဒမန်ဂျုန်း**[၁] နှမ လာရောက်၍၊ အက်ဒမန်ဂျုန်းကို နေထွက်ဘုရင် မြန်မာမင်းမြတ် မစ ကြည့်ရှုတော်မူသည် ကျေးဇူးတော်၊ သံတော်အရာရှိတို့ ချစ်ခင်စုံမက်သည် ကျေးဇူးတော်များကို ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင် စကား ပြောဆို၍ ကိုယ်နှင့်တန်သမျှ မှုခွင့်ကိစ္စများကို သံတော်တို့ အလိုရှိရာ ခင်ပွန်းဖြစ်သူကို ဆောင်ရွက်ပါစေမည် အကြောင်း၊ ခင်ပွန်းဖြစ်သူလည်း အင်္ဂလိပ် အိန္ဒိယရုံးအရာရှိ **ကေရီ**[၂] တူ ဖြစ်ကြောင်းကို ပြောဆို ပြန်သွားသည်။ ၎င်းသို့ ညောင်ဦးတို့ တောင်းငယ် ၃၊ မင်းကြီးရုပ်ပုံ၊ စာရေးတော်ကြီး ရုပ်ပုံများကို ပေးလိုက်သည်။

၎င်းနေ့ မီးရထားကိရိယာစုံ၊ အမြောက်ကိရိယာစုံ၊ မြစ်ကူး သံတံတား မှ စ၍ သံအလုပ်, ကြေးအလုပ်နှင့် စပ်သည်များကို လုပ်ဆောင်သည့် ဂိုင်း ဆိုသည် စက်ရုံ၊ ဂွမ်း ဆိုသည် စက်ရုံများသို့ သွားရောက် ကြည့်ရှုကြသည်။ ဂိုင်း ဆိုသည် စက်ရုံမှာ မြင်း ၁၅၀ အားရှိ မီးစက် ၁၂ နှင့် အရပ်ရပ်

---

၁။ Edmund Jones ၂။ Kaye



www.burmeseclassic.com

www.burmeseclassic.com



အလုပ်အဆောင် စက်များကို အားပေးရကြောင်း၊ ကံကျွေးလုပ်သူ ၁၀၀၀ ရှိကြောင်း၊ ဂွမ်း ဆိုသည် စက်ရုံမှာ မြင်း ၁၅၀ အားရှိ မီးစက် နှစ်နှင့် အရပ်ရပ် အလုပ်အဆောင် စက်များကို အားပေးရကြောင်း၊ ကံကျွေးလုပ်လူ ၈၀၀ ရှိကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းစက်ရုံများတွင် အမြောက်ကိရိယာစုံ၊ မီးရထားကိရိယာစုံ၊ သံတံတား၊ သကြားချက် စက်ကိရိယာစုံများကို လုပ်ဆောင်လျက် တွေ့မြင်ရသည်။ သကြားချက် ၁ လျှင် တစ်နေ့ သကြားချိန် ၂၀၀၀ ကျော် ပြီးပြေကြောင်း၊ ၎င်းစက်ကို မြန်မာဒင်္ဂါး ရှစ်သိန်းနှင့်မှ ရောင်းနိုင်ကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းပြင် သံရည်ဖို၊ သံနုပ်ဖို၊ မြေပုံလုပ်၊ ဖောက်စူးစက်၊ တူဘုံပါ ရွှေပေါ်စက်၊ ကတ်ကြေး စက်၊ ဝန်ချီစက်၊ သံမှိုစက်၊ သံပြားနှိပ်စက်မှ စ၍ အရပ်ရပ် အဆောက်အဦ ကိရိယာများမှာ အထက် လန်ဒန်မြို့သွား နေ့စဉ်မှတ် စက်ရုံ အမှတ်အသား များနှင့် နည်းတူဖြစ်၍ ဤ၌ မရေးပြီ။ နည်းတူ သိလေ။

**၎င်းလဆန်း ၁၅ ရက်**[၁] တနင်္ဂနွေနေ့ သံတော်အရာရှိတို့ကို ရည်၍ ဘူလွန်းဥယျာဉ် လောင်ရှမ်းအရပ်တွင် သမ္မတမင်း အုပ်ချုပ်လျက် စစ်သည် ခြောက်သောင်း စီစဉ် ခင်းကျင်းမည် ဖြစ်၍ လာရောက် ကြည့်ရှုပါမည် အကြောင်းနှင့် သမ္မတမင်းက ဖိတ်ကြားသောကြောင့် ၎င်းနေ့ ၂ နာရီအချိန် သံတော်အရာရှိ၊ မိုလာ၊ မာရကတ်ကြီးတို့နှင့်အတူ ရွှေတိုက်ကြပ်၊ စာရေး လူငယ်တို့ပါ စစ်ရေးပြရာ ဘူလွန်းတော လောင်ရှမ်းအရပ်သို့ ရထားစီးနင်း၍ သွားကြသည်။ တည်းနေရင်း ဒလူဟိုတက်က လောင်ရှမ်းကွင်းရောက် ခရီး မြန်မာ တစ်တိုင်ခွဲခန့် အရပ်တွင် ထွက်သည်က ရောက်သည်တိုင် တာ ၁၀ ခန့် ကျယ်သည် လမ်းမအတွင်း ဝဲယာ ရှေ့နောက် ရထားချင်း စပ်လျက်၊ ၎င်းရထားလမ်း ဝဲယာ ၂ ဖက်တွင် ၁ တာခန့် ကျယ်သည် လူသွားလမ်းမှာလည်း ဝဲယာ ရှေ့နောက် လူချင်းစပ်လျက် စစ်ရေးပြ အကြည့်အရှု သွားကြသည်။ ပရိသတ် အလွန် များသည်။ ၎င်းရထားလမ်း တွင် သွားသည် ရထား၊ လူလမ်းတွင် သွားသည် လူများကို ကြည့်ရှုလျှင် ရှေ့သို့တက်၍ သွားသည် မထင်။ ရပ်၍ နေဘိသကဲ့သို့ လမ်းလုံးပြည့်ကျပ် လျက် မွမ်းမွမ်းညိတ် ရှိ၏။ သည်ကဲ့သို့ ထူထပ်များပြားသည် ပရိသတ် အတွင်း အထိအခိုက် မရှိစေရ။ မြင်းသည်သူရဲ၊ ခြေသည်သူရဲ၊ လမ်းစောင့် ပြာတာတို့ ကြပ်မတ်လျက် သွားရသည်။ ရောက်လျှင် သမ္မတ မိဖုရား နေထိုင်သည်နေရာ၊ လက်ယာဘက် နိုင်ငံခြား သံကြီး တမန်ကြီးတို့ စည်းဝေး

၁။ ၂၈ ဇွန် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်သည် နေရာမှာ အစဉ်လိုက် ဝင်ရောက် နေထိုင် ကြည့်ရှုရသည်။ ၎င်းလောင်ရှမ်းကွင်း အလျား တစ်တိုင်ခန့်၊ အနံ ၅ ရာတွင်းခန့် သတ်မှတ် ပိုင်းခြားထားသည် မြေအတွင်း ခြေသည်တပ်များမှာ ဗိုလ်ချုပ် စစ်ဗိုလ် ကပ္ပိတန် အရာရှိအစုနှင့် အသီးအသီး အုပ်ကွပ်လျက် စီစဉ်ခင်းကျင်း၍ ထားရသည်။ အမြောက်တပ်မှာလည်း ၎င်းနည်း စီစဉ်ခင်းကျင်း၍ ထားရသည်။ သမ္မတမင်းမှာ စစ်ဝတ်ဆင်လျက် မြင်းစီးနင်းပြီးလျှင် ကိုယ်ရံမြင်းတပ်နှင့် စီစဉ်ခင်းကျင်း၍ အထက် ဆိုခဲ့သည် ခြေသည်တပ်, မြင်းတပ်, အမြောက် တပ်များကို အစဉ်အတိုင်း လှည့်၍ ကြည့်ရှုသည်ကာလ သမ္မတမင်း ထွက် လျှင် ထွက်ချင်း အမြောက် ၁၉ ချက် ပစ်ဖောက်သည်။ သမ္မတမင်းလည်း ကိုယ်ရံမြင်းတပ်နှင့် ခင်းကျင်းရှိသည် တပ်များကို စေ့နံ့အောင် လှည့်ပတ် ကြည့်ရှုပြီးလျှင် အထက် ဆိုခဲ့သည် နိုင်ငံခြား သံအရာရှိ, သင်းဝင်မှူးမတ် အရာရှိတို့ ကြည့်ရှုနေထိုင်သည် နေရာနှင့် တူရူအရပ်သို့ လာရောက်ပြီးလျှင် ၎င်းအရာရှိတို့ရှိရာ မျက်နှာမူလျက် သိုး[၁] ကို ချွတ်၍ အရိုအသေ နှုတ်ခွန်း ဆက်သည်။ အရာရှိ ပရိသတ်တို့ကလည်း အရိုအသေ သိုးချွတ် လက်မြှောက် ကောင်းချီးပေးကြသည်။ ပြီးလျှင် ကိုယ်ရံ မြင်းတပ်နှင့်တကွ ၎င်းနေရာတွင် ရပ်နေသည်။

ပြီးလျှင် ဂျင်နရက် ဟန်ရီရွန် အုပ်ချုပ်သည့် စံစီရာ ခြေသည်တပ်၊ ဂျင်နရက် မောင်တိုတွန် အုပ်ချုပ်သည့် ဒုတိယ **ကော်ဒါမီး**[၂] ခြေသည် တပ်၊ ဂျင်နရက် ဂရံနီယေ အုပ်ချုပ်သည့် **ဒီဘောရှန်**[၃] ခြေသည်တပ်၊ ဂျင်နရက် လော်ရန် အုပ်ချုပ်သည့် **ရှားစွား**[၄] ခြေသည်တပ်၊ ကော်လော်နက် ဂရစ်ဘူး အုပ်ချုပ်သည့် **ယက်ဂျမန်**[၅] ခြေသည်တပ်၊ ဂျင်နရက်ပဒါဒီရေ အုပ်ချုပ်သည့် **ဗရိတ်ဂေ**[၆] ခြေသည်တပ်၊ ကော်လော်နက် ရောဘစ်ရာ အုပ်ချုပ်သည့် ခြေသည်တပ်၊ ကော်လော်နက် ဘီဘစ်ညီ အုပ်ချုပ်သည့် ခြေသည်တပ်၊ ကမ္မဒန်ဗွန်နီး အုပ်ချုပ်သည့် **ဘက်တာလီရံ**[၇] ခေါ် ရှားစွား ခြေသည်တပ်၊ ကော်လော်နက် လံဒျူ အုပ်ချုပ်သည့် ခြေသည်တပ်၊ ကော်လော်နက် ဟောဒ ရန် အုပ်ချုပ်သည့် ခြေသည်တပ်၊ ကော်လော်နက် ဒွါကိ အုပ်ချုပ်သည့် ခြေသည်တပ်၊ စုစုတပ်ပေါင်း ၁၂ တို့ကို ဂျင်နရက် မောင်တိုတွန် ဆိုသည် ဗိုလ်ချုပ်ကြီး အုပ်ချုပ်လျက် စစ်ပွဲ အတီးမျိုးစုံ တီးမှုတ်ပြီးလျှင် တပ်စဉ်မပျက် လက်နက်ကိရိယာစုံနှင့် အစဉ်အတိုင်း ချီတက် ပြသရသည်။

---

၁။ သိုး – ဥရောပတိုက်သားတို့ ဆောင်းသော ဦးထုပ်၊ ခေါင်းဆောင် (ဦးသိန်းလှိုင်၊ စာ – ၁၈၃)

၂။ Corps d'armee ၃။ Division ၄။ Chasseurs ၅။ Regiment ၆။ Brigade ၇။ Battalion



www.burmeseclassic.com

www.burmeseclassic.com



သမ္ဘတမင်း ရှေ့သို့ ရောက်လျှင် ဗိုလ်ချုပ် မြင်းနှင့် သမ္ဘတမင်း ထံ သွားရောက် နှုတ်ခွန်းဆက်လက် အဆင့်အဆိုခံ၍ တပ်စဉ်မပျက် ချီတက် ရသည်။ နောက် ဂျင်နရက်လက်ဘရမ်း အုပ်ချုပ်သည် တတိယ ကော်ဒါမီး ခြေသည်တပ်၊ ဂျင်နရက် စုလစ်ဘက် အုပ်ချုပ်သည် ဒစ်ဘေရန် ခြေသည် တပ်၊ ကော်လော်နက် ရော်ပါးလိုင်း ခြေသည်တပ်၊ ကော်လော်နက်လိုင်း အုပ်ချုပ်သည် ခြေသည်တပ်၊ ကော်လော်နက် ဘစ်လဘား အုပ်ချုပ်သည် ခြေသည်တပ်၊ ကော်လော်နက် မန်စဲရာဒိမိုရှ အုပ်ချုပ်သည် ခြေသည်တပ်၊ စုစုတပ်ပေါင်း ၆ တို့ကို ဂျင်နရက် လက်ဘရန်း ဆိုသည် ဗိုလ်ချုပ်ကြီး အုပ်ချုပ်လျက် အထက်နည်း တပ်စဉ်မပျက် ချီတက်ရသည်။ နောက် ဂျင်နရက် ဒီလိုင်ညီ အုပ်ချုပ်သည့် စတုတ္ထ ကော်ဒါမီး ခြေသည်တပ်၊ ကမ္ဘဒန် အုပ်ချုပ်သည့် ခြေသည်တပ်၊ ကော်လော်နက် ဟုပါး အုပ်ချုပ်သည့် ခြေသည်တပ်၊ ကော်လော်နက် ဝစ်လဒမက် အုပ်ချုပ်သည့် ခြေသည်တပ်၊ ကော်နက်ရှံ အုပ်ချုပ်သည့် ခြေသည်တပ်၊ ကော်လော်နက် ဝစ်ရှရိ အုပ်ချုပ် သည့် ခြေသည်တပ်၊ ကမ္ဘဒန်ဂါနိုရေး အုပ်ချုပ်သည့် ခြေသည်တပ်၊ ကော် လော်နက် မူစနိရာဒိမိုရှ အုပ်ချုပ်သည့် ခြေသည်တပ်၊ ကော်လော်နက် ထောက်မာတလင် အုပ်ချုပ်သည့် ခြေသည်တပ်၊ ကော်လော်နက် လံလူရိရန့် အုပ်ချုပ်သည့် ခြေသည်တပ်၊ ဘရူစတင် အုပ်ချုပ်သည့် ခြေသည်တပ်၊ စုစု တပ်ပေါင်း ၁၁ တို့ကို ဂျင်နရက်ဒီလိုင်းညီ ဆိုသည် ဗိုလ်ချုပ်ကြီး အုပ်ချုပ် လျက် အထက်နည်း တပ်စဉ်မပျက် ချီတက်ရသည်။

နောက် ဂျင်နရက် ဘက်တာရီ အုပ်ချုပ်သည့် ပဥ္စမ ကော်ဒါမီး ခြေသည်တပ်၊ ဂျင်နရက် ကိုလွန်း အုပ်ချုပ်သည့် ဒီဘေးရှမ်း ခြေသည်တပ်၊ ဂျင်နရက် ဒီမေရီ အုပ်ချုပ်သည့် ခြေသည်တပ်၊ ကော်လော်နက် ဘိုရှမ်း အုပ်ချုပ်သည့် ခြေသည်တပ်၊ ကော်လော်နက် ရိစီရေနိုလင်နာ အုပ်ချုပ်သည့် ခြေသည်တပ်၊ ကော်လော်နက် ချိုလတန် အုပ်ချုပ်သည့် ခြေသည်တပ်၊ ကော်လော်နက် ထောက်တူလက် အုပ်ချုပ်သည့် ခြေသည်တပ်၊ ကမ္ဘဒန် ဒလာဘို အုပ်ချုပ်သည့် ခြေသည်တပ်၊ ကော်လော်နက် အိုဘရီ အုပ်ချုပ်သည့် ခြေသည်တပ်၊ ကော်လော်နက် ဘစ်ရှိဒူကလောက် အုပ်ချုပ်သည့် ခြေသည် တပ်၊ ကော်လော်နက် မြီတန် အုပ်ချုပ်သည့် ခြေသည်တပ်၊ ကော်လော်နက် ပရစ် အုပ်ချုပ်သည့် ခြေသည်တပ်၊ စုစုတပ်ပေါင်း ၁၂ တို့ကို ဂျင်နရက် ဘတ်တာရီ ဆိုသည့် ဗိုလ်ချုပ်ကြီး အုပ်ချုပ်လျက် အထက်နည်း တပ်စဉ် မပျက် ချီတက်ရသည်။ နောက် ဂျင်နရက် ပော်ကို အုပ်ချုပ်သည့် ဒသမ



www.burmeseclassic.com

www.burmeseclassic.com



ကော်ဒါမီး ခြေသည်တပ်၊ ဂျင်နရက် လာကရက် အုပ်ချုပ်သည့် ခြေသည်တပ်၊ ဂျင်နရက် နီးရီ အုပ်ချုပ်သည့် ခြေသည်တပ်၊ ကမ္မဒန်လာပရန်း အုပ်ချုပ်သည့် ခြေသည်တပ်၊ ကော်လော်နက် ရော်ဈေး အုပ်ချုပ်သည့် ခြေသည်တပ်၊ ကော်လော်နက် စွစ် အုပ်ချုပ်သည့် ခြေသည်တပ်၊ ကော်လော်နက် ဘာနီး အုပ်ချုပ်သည့် ခြေသည်တပ်၊ ကော်လော်နက် ဟန်လီရှိဘာတီရေ အုပ်ချုပ်သည့် ခြေသည်တပ်၊ ကော်လော်နက် ဘလင် အုပ်ချုပ်သည့် ခြေသည်တပ်၊ ကော်လော်နက် ထောက်ဟာဘိရန် အုပ်ချုပ်သည့် ခြေသည်တပ်၊ စုစုတပ်ပေါင်း ၁၀ တို့ကို ဂျင်နရက် ပေါကို ဆိုသည် ဗိုလ်ချုပ်ကြီး အုပ်ချုပ်လျက် အထက်နည်း တပ်စဉ်မပျက် ချီတက်ရသည်။

နောက် ဂျင်နရက် လမန်း အုပ်ချုပ်သည့် ကောဒသမ ကော်ဒါမီး ခြေသည်တပ်၊ ဂျင်နရက် ပွာတဝန် အုပ်ချုပ်သည့် ခြေသည်တပ်၊ ဂျင်နရက် ဘား အုပ်ချုပ်သည့် ခြေသည်တပ်၊ ကမ္မဒန်ဟက်တေ အုပ်ချုပ်သည့် ခြေသည်တပ်၊ ကော်လော်နက် လောဂျာ အုပ်ချုပ်သည့် ခြေသည်တပ်၊ ကော်လော်နက် ဝွင်နီ အုပ်ချုပ်သည့် ခြေသည်တပ်၊ ကော်လော်နက် လာလံ အုပ်ချုပ်သည့် ခြေသည်တပ်၊ စုစုတပ်ပေါင်း ၇ တို့ကို ဂျင်နရက် လာလမန် ဆိုသူ ဗိုလ်ချုပ်ကြီး အုပ်ချုပ်လျက် အထက်နည်း တပ်စဉ်မပျက် ချီတက်ရသည်။ စုစု ခြေသည်တပ်ပေါင်း ငါးဆယ့်ရှစ်တပ်တို့မှာ ဗိုလ်ချုပ် တပ်ဗိုလ် တပ်အရာရှိစုံများနှင့် အသီးအသီး အုပ်ကွပ်လျက်၊ တပ်အရာရှိတို့မှာ မြင်းစီး၍ အမှုထမ်းတို့ရှေ့ ကြပ်မတ်လျက် စစ်ပွဲအတီး စည်ခရာမျိုးစုံနှင့် ချီတက်၍ သမ္မတမင်းရှေ့သို့ ရောက်လျှင် အသီးအသီး ဆောင်ဓား စစ်အလံများကို လှဲချရသည်။ ဗိုလ်ချုပ်ကြီးတို့လည်း သမ္မတမင်းထံ ဝင်၍ နှုတ်ခွန်း ဆက်လက် အဆင့်အဆိုကို ခံကြသည်။

သည်ကဲ့သို့ ခြေသည်တပ် ၅၈ တပ် အသီးအသီး တပ်စဉ်မပျက် ချီတက် ပြသပြီးနောက် ဂျင်နရက် ဇမီ အုပ်ချုပ်သည့် မြင်းတပ်၊ ဂျင်နရက် လတ်တလား အုပ်ချုပ်သည့် ပရိတ်ဘောမြင်းတပ်၊ ကော်လော်နက် လာလူ အုပ်ချုပ်သည့် ဟူရာစေမြင်းတပ်၊ ကော်လော်နက် ဝါတနော အုပ်ချုပ်သည့် မြင်းတပ်၊ ကော်လော်နက် လာရ အုပ်ချုပ်သည့် မြင်းတပ်၊ ကော်လော်နက် ရွတ်ရဲ အုပ်ချုပ်သည့် မြင်းတပ်၊ ဂျင်နရက် မာနီ အုပ်ချုပ်သည့် မြင်းတပ်၊ ကော်လော်နက် လာဒါ အုပ်ချုပ်သည့် မြင်းတပ်၊ ကော်လော်နက်လွတ် အုပ်ချုပ်သည့် မြင်းတပ်၊ စုစုတပ်ပေါင်း ၉ တို့ကို ဂျင်နရက် ဇမီ ဆိုသည့် ဗိုလ်ချုပ်ကြီး အုပ်ချုပ်လျက် စစ်ဆောင် အတီး စည်ခရာ အမျိုးစုံများကို



www.burmeseclassic.com

www.burmeseclassic.com



တီးမှုတ်ချီတက် တပ်စဉ်မပျက် အထက်နည်း ချီတက် ပြသရသည်။ နောက် ဂျင်နရက် ဘော်နမန်း အုပ်ချုပ်သည့် မြင်းတပ်၊ ကော်လော်နက် လရှ အုပ်ချုပ်သည့် မြင်းတပ်၊ ကော်လော်နက် ထောက်အောဂေဒုမရက် အုပ်ချုပ်သည့် မြင်းတပ်၊ ကော်လော်နက် ရိုက်လီ အုပ်ချုပ်သည့် မြင်းတပ်၊ ကော်လော်နက် ရာရီယောင် အုပ်ချုပ်သည့် မြင်းတပ်၊ ကော်လော်နက် ကရီရှန် အုပ်ချုပ်သည့် မြင်းတပ်၊ ကော်လော်နက်ထောက် အိုလိဝေ အုပ်ချုပ်သည့် မြင်းတပ်၊ ကော်လော်နက်ထောက် ဂရန်ဒင် အုပ်ချုပ်သည့် စံစိရာ မြင်းတပ်၊ စုစုတပ်ပေါင်း ၈ တပ်တို့ကို ဂျင်နရက် ဘော်နမန် ဆိုသည့် ဗိုလ်ချုပ်ကြီး အုပ်ချုပ်လျက် အထက်နည်း တပ်စဉ်မပျက် ချီတက်ရသည်။ စုစု မြင်းတပ်ပေါင်း ၁၉ တို့မှာ ဗိုလ်ချုပ် တပ်ဗိုလ် အရာရှိစုံများနှင့် အသီးအသီး တပ်ဆောင် စည်ခရာ တီးမှုတ်မျိုးစုံများကို တီးမှုတ်ခင်းကျင်း စီစဉ်ချီတက် ပြသရသည်။

နောက် ဂျင်နရက် ဂလတ်ပေ အုပ်ချုပ်သည့် အမြောက်တပ်၊ ကော်လော်နက် ဘာရီ အုပ်ချုပ်သည့် အမြောက်တပ်၊ ကော်လော်နက် လံတီ အုပ်ချုပ်သည့် အမြောက်တပ်၊ ကော်လော်နက် လေကူး အုပ်ချုပ်သည့် အမြောက်တပ်၊ ကော်လော်နက် စက်ဘိ အုပ်ချုပ်သည့် အမြောက်တပ်၊ ကော်လော်နက် ဟန်နက် အုပ်ချုပ်သည့် အမြောက်တပ်၊ ကော်လော်နက် ကရောဘီး အုပ်ချုပ်သည့် အမြောက်တပ်၊ စုစု တပ်ပေါင်း ၇ တို့ကို ဂျင်နရက် ဂလတ်ပေ ဆိုသည့် ဗိုလ်ချုပ်ကြီး အုပ်ချုပ်လျက် အမြောက်တင်ရထား ၁ လျှင် မြင်း ၄ စီး, ၆ စီး၊ ခဲယမ်းမီးကျောက်တင် ရထား ၁ လျှင် မြင်း ၄ စီး ကလျက် အမြောက် မြင်းတပ်အစုံနှင့် တပ်အရာရှိ အုပ်ကွပ်ပြီးလျှင် တပ်ဆောင် စည်ခရာ တီးမှုတ်မျိုးစုံများကို တီးမှုတ်၍ တပ်စဉ်မပျက် ချီတက် ပြသရသည်။ ဗိုလ်ချုပ် တပ်အရာရှိတို့လည်း အထက်နည်း သမ္မတမင်းထံ ဝင်၍ နှုတ်ခွန်းဆက်လက် အဆင့်အဆိုကို ခံရသည်။ စုစုတပ်ပေါင်း ၈၂ တို့ အသီးအသီး ချီတက်ပြသ နေရာစဉ်အတိုင်း ချရပ် နေထိုင်ကြရသည်။ ပြသသည့် တပ်စဉ် ဆုံးလျှင် သမ္မတမင်း ကိုယ်ရံမြင်းတပ်နှင့်တကွ နိုင်ငံခြားသံအရာရှိ၊ မှူးမတ်သင်းဝင် အရာရှိတို့ နေထိုင်ကြည့်ရှုရာ အနီးသို့ ချဉ်းကပ်၊ သိုးဦးထုပ်ကို ချွတ်လျက် အရိုအသေပြုပြီးမှ တပ်ကို သိမ်းရုပ် ပြန်လာကြသည်။

ငင်းအခမ်းအနား အစည်းအဝေးတွင် ရဲမက် စစ်သည် ခြောက်သောင်းပြင် စည်းဝေး ကြည့်ရှုလာသည် ပရိသတ်မှာ စတုရန်း မြန်မာ တစ်တိုင်ခန့် အတွင်း မြေပြင်ပြည့်မျှ ရထားမှာ ရထားချင်း စပ်လျက်၊ လူမှာ လူချင်း



www.burmeseclassic.com

www.burmeseclassic.com



စပ်လျက် အလွန် ထူထပ် များပြားလှ၏။ သည်ကဲ့သို့ များပြားသည် ပရိသတ် တို့လည်း ခိုက်ရန် မဖြစ်မပွား။ အထိအခိုက် ကင်းလွတ်၊ လူမူးလူယစ် မရှိ။ အလွန် ငြိမ်သက်သည်များကို အံ့သြဖွယ် ရှိလှ၏။ ၎င်းအစည်းအဝေးတွင် ၄ နာရီခန့် နေထိုင် ကြည့်ရှုပြီးမှ ပြန်လာကြသည်။ လမ်းစဉ်တစ်လျှောက် လည်း အထက် သွားစဉ်က ကဲ့သို့ပင် ပရိသတ် အလွန် ထူထပ်များပြား ရှိသည်။ ၎င်းနေ့ ဇန္တာဝတ်နှင့် ဇန္တာဝတ် ဆရာ ဝိလင်းဝါလစ်တို့ သံတော်တို့ ရှိရာ လာရောက် နှုတ်ဆက်ကြသည်။ ဝိလင်းဝါလစ်မှာ ယခု အလုပ်အကိုင် က ထွက်၍ အလိုရှိရာ လှည့်ပတ် ကြည့်ရှု ချမ်းချမ်းသာသာ နေထိုင်ကြောင်း၊ အလုပ်မှာ ညီ ၂ ယောက်ကို လွှဲထားကြောင်း၊ ၎င်းညီများလည်း အင်္ဂလန် နိုင်ငံ **မန်ချစ်စတားမြို့**[၁] တွင် နေထိုင်၍ ပိတ် သက္ကလတ် အထည်မျိုးစုံများကို အိန္ဒိယနိုင်ငံနှင့် အကြီးအကျယ် ဆက်လက် ကူသန်း ရောင်းဝယ်ကြောင်း များကို ပြောဆိုသည်။ ဝိလင်းဝါလစ်လည်း ပါရစ်မြို့တွင် အနေအထိုင် များကြောင်း ပြောဆိုသည်။ ဇန္တာဝတ်လည်း နောက် ပြာသို၊ တပို့တွဲလမှ ရန်ကုန်မြို့သို့ ပြန်မည် ပြောဆို၍ ပြန်သွားကြသည်။

**၎င်းလပြည့်ကျော် ၁ ရက်**[၂] တနင်္လာနေ့ စိမ်းခရိုင်အုပ် ဂတ်စတာ လီရေး ရိစက်ဗရှန်း အစည်းအဝေး ဖိတ်ကြားသောကြောင့် သံတော်အရာရှိ တို့ ရထားစီးနင်း၍ ဂတ်စတာလီရေး အိမ်သို့ သွားကြသည်။ ရောက်လျှင် ဂတ်စတာလီရေး ဆီးကြိုနှုတ်ဆက် လက်ခံပြီးလျှင် အစည်းအဝေးပါ ပရိသတ် တစ်ကျိပ်ကျော်တို့နှင့် ဝမ်းမြောက်ဝမ်းသာ မိတ်ဆွေဖြစ် စကား ပြန်လှန်ပြောဆို၊ ၃ မောင်းခန့် နေထိုင်၍ မုန့်ယို အချိုအဆိမ့် တည်ကျွေး စားသောက်ပြီးလျှင် ပြန်လာကြသည်။ ၎င်းနေ့ သမ္မတမင်းက တုံ့ပြန်သည် ရာဇသံ၊ နိုင်ငံခြားဝန်ကြီးက ပေးသည် စာများကို ရွှေဖဝါးတော်အောက် တင်ပို့ရန် မြန်မာဘာသာ ပြန်ဆို၍ ပြီးသည်။ ၎င်းပြန်ဆိုပြီး စာများကိုလည်း အသီးအသီး ရေးသားကြရသည်။

**၎င်းလပြည့်ကျော် ၂ ရက်**[၃] အင်္ဂါနေ့ မိုလာက ပေးပို့လာသည် စာကို ရသည်။ စာတွင် ပါသည်မှာ ဗုဒ္ဓဟူးနေ့ ၁ နာရီအချိန် နိုင်ငံခြားဝန်ကြီးက မြန်မာသံတော်တို့ကို အပြန် နှုတ်ဆက် လက်ခံပါမည် အကြောင်း၊ နောက် ကြာသပတေးနေ့ ဗာစိုက်မြို့ တိုက်နန်းတွင် သမ္မတမင်းက မြန်မာသံတော် တို့ကို အပြန် နှုတ်ဆက် လက်ခံပါလိမ့်မည် အကြောင်း၊ ၎င်းနေ့ည သမ္မတ မိဖုရားက ရိစက်ဗရှန်း အစည်းအဝေး ပြုလုပ်၍ မြန်မာသံတော်တို့ကို အပြန်

၁။ Manchester ၂။ ၂၉ ဇွန် ၁၈၇၄ ၃။ ၃၀ ဇွန် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်များကို လက်ခံပါလိမ့်မည် အကြောင်းနှင့် ပါသည်။ ၎င်းနေ့ စိမ်းခရိုင်အုပ်, ၎င်းမယား, သမီးတို့ သံတော်တို့ရှိရာ လာရောက် နှုတ်ခွန်း ဆက်ကြသည်။ သံတော်တို့ကလည်း ရုပ်ပုံ၊ ညောင်ဦးတို့ တောင်းများကို ပေးလိုက်သည်။ နေထွက်ဘုရင် မြန်မာမင်းမြတ် အလိုတော်ရှိသမျှ ပြင်သစ် နိုင်ငံတွင် ထမ်းဆောင်ရန် အမှုများကို ထမ်းဆောင်လိုကြောင်းနှင့် အရှိအသေ ပြောဆို ပြန်သွားသည်။

**၎င်းလပြည့်ကျော် ၃ ရက်**[၁] ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီအချိန် သံတော် အရာရှိ, အပေါင်းပါလူတို့နှင့် မက်ချက်ကူရေးတို့ အစုံအညီ ဒလူနန်းတော် သို့ သွားရောက် ကြည့်ရှုကြသည်။ ၎င်းနန်းတော် တည်းနေရင်း တိုက်အိမ်နှင့် အနီး ဖြစ်၍ ရထား မပါ၊ ဘာသာ သွားကြသည်။ ရောက်လျှင် ၎င်းလူကြီးတို့ ဆီးကြိုလက်ခံ လိုက်လံပြသ ကြည့်ရှုရသည်မှာ အထက် လန်ဒန်မြို့သွား နေ့စဉ်မှတ်အတိုင်း ဖြစ်၍ အကြောင်းအရာ ရှိသည်များကို အထူးမရေးပြီ။ နည်းတူ သိလေ။

၎င်းနေ့ တစ်နာရီအချိန် သံတော်အရာရှိ, မက်ချက်ကူရေးတို့ နိုင်ငံခြားရုံးသို့ သွားကြသည်။ မိုလာနှင့် မာရကတ်ကြီးတို့လည်း နိုင်ငံခြား ရုံးက စောင့်နေ ရှိနှင့်သည်။ နိုင်ငံခြားရုံးသို့ ရောက်လျှင် နိုင်ငံခြားဝန်ကြီး ဆီးကြို လက်ခံ၍ နိုင်ငံတော်သို့ နောက် တနင်္လာနေ့ ပြန်သွားတော့မည် အကြောင်းကို ပြောဆိုရာ –

> နိုင်ငံခြားဝန်ကြီးက မြန်မာသံတော်တို့ ပြင်သစ်နိုင်ငံသို့ စေလွှတ်တော်မူသည် ကျေးဇူးတော်၊ ပြင်သစ်နိုင်ငံက စေလွှတ်သည် တို့ကို ကောင်းမွန်စွာ ပြုစုတော်မူသည် ကျေးဇူးတော်၊ စလွယ် သနား တော်မူသည် ကျေးဇူးတော်များကို ဆက်ဆပ်၍ မကုန်နိုင်အောင် ကျေးဇူးတင်ကြောင်းကို ဝန်ရှင်တော်မင်းကြီးက ရွှေနားတော်မြတ်ကြား အမိန့်တော်မြတ်ခံပါမည် အကြောင်း။ ပြင်သစ်မင်း မှူးမတ်တို့က နိုင်ငံတော်နှင့် မဟာမိတ် အလိုရှိသည်၏ အဖြစ်ကို ဝန်ရှင်တော် မင်းကြီး အသိ ဖြစ်သည်အတိုင်း မြန်မာမင်းမြတ် သိတော်မူအောင် ရွှေနားတော်မြတ်ကြား တင်လျှောက်ပါမည် အကြောင်း။ ယွန်းကြီး နိုင်ငံသို့ စေလွှတ်သည် သံတို့ကို ကောင်းမွန်စွာ ပြုစုတော်မူသည်ကို မင်းနှင့်တကွ အလွန် ကျေးဇူးတင်ကြောင်း။ ပြန်သည်ကာလ သည် ကဲ့သို့ မစတော်မူအောင် တင်လျှောက်ပါမည် အကြောင်း

[၁] ၁၊ ၁ ဇူလိုင် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



များနှင့် ပြောဆိုသည်ကို နိုင်ငံတော်သို့ ရောက်သည်ကာလ နေရာကျ တင်လျှောက်ပါမည် အကြောင်းနှင့် ပြောဆိုပြီးနောက် လက်ဖက်ရည်တော် ပညာတော်သင် နေမျိုးသိဒ္ဓိကျော်ထင်ကို အင်္ဂလန်နိုင်ငံမှာ ထားခဲ့မည် ဖြစ်၍ ပြင်သစ်နိုင်ငံသို့လည်း မပြတ် လာရောက်ပါလိမ့်မည်။ အကြောင်းရှိသမျှ ကြည့်ရှု စောင်မရစ်မည် အကြောင်းနှင့် ပြောဆိုရာ၊ အလိုရှိသမျှ ကောင်းမွန်စွာ စောင်မကြည့်ရှုပါမည် အကြောင်းနှင့် နိုင်ငံခြားဝန်ကြီးက ဝမ်းမြောက်ဝမ်းသာ ပြန်ပြောသည်။ ပြီးလျှင် နက်ဖြန် သမ္မတမင်း တိုက်နန်းတွင် သံတော်တို့နှင့် တွေ့ပါလေဦးမည် ပြောဆို၍ တစ်နာရီခန့်ကြာလျှင် ပြန်လာကြသည်။

ငင်းနေ့ ၃ နာရီအချိန် ဇူလောချစ်ဂက်–ဂါရတင်း[၁] ခေါ်သည် သားမျိုးစုံ၊ ငှက်မျိုးစုံ၊ သစ်ပင်မျိုးစုံ ထားရာ ဥယျာဉ်သို့ သံတော်အရာရှိ၊ အပေါင်းပါလူ၊ မက်ချက်ကူရေးတို့ အစုံအညီ သွားရောက် ကြည့်ရှုကြသည်။ ရောက်လျှင် ငင်းဥယျာဉ် အကြီးအအုပ် ပြုလုပ်သူတို့ ဆီးကြိုလိုက်ပြ ကြည့်ရှုရသည် မှတ်သားချက်ကိုလည်း အထက် လန်ဒန်မြို့သွား နေ့စဉ်မှတ်တွင် ရေးသားပြီး ဖြစ်၍ ဤ၌ မရေးပြီ။ နည်းတူ သိလေ။ ငင်းနေ့ ရွှေဖဝါးတော်အောက်က ပို့ရောက်သည်စာကို ရသည်။ စာတွင် ပါသည်မှာ အနောက်ကရင်အကြီး ခွန်ထီး ခွန်ရှားတို့ မငြိမ်မသက် ရှိသောကြောင့် လူလက်နက်အများနှင့် ရေနံချောင်းမြို့စားမင်းကြီး ချီတက်ရမည် ရှိကြောင်း၊ မန်ကျည်းပင်ဈေး စည်ရှည်တံခါးတွင်းများမှာ မီးလောင်ကြောင်းများနှင့် ပါသည်။

**ငင်းလပြည့်ကျော် ၄ ရက်**[၂] ကြာသပတေးနေ့ ၃ နာရီအချိန် သံတော်အရာရှိ၊ မက်ချက်ကူရေးတို့ ရထားစီးနင်းပြီးလျှင် သမ္မတမင်းထံ နှုတ်ဆက်ဝင်ရန် ဗာစိုက်မြို့သို့ သွားကြသည်။ ရောက်လျှင် ဒေရစ်စဗွာ ဟိုတက်တွင် ညစာ စားကြ၍ ငင်းနေ့ ၉ နာရီအချိန် သံတော်အရာရှိတို့မှာ အင်္ကျီလက်ကျယ်၊ ရွှေစလွယ်၊ တံဆိပ် ဘယက် ဆင်ယင်လျက် မက်ချက်ကူရေးနှင့်အတူ ရထားစီးနင်း၊ သမ္မတမင်း နေထိုင်သည် တိုက်နန်းသို့ သွားကြသည်။ ရောက်လျှင် သမ္မတမင်း မိဖုရားတို့ ကောင်းမွန်စွာ ဆီးကြိုနှုတ်ဆက် လက်ခံပြီးလျှင် ရိစက်ဗရှန်း အစည်းအဝေးတွင် နိုင်ငံခြားဝန်ကြီး၊ ရေကြောင်းအရာရှိ၊ ကြည်းကြောင်းအရာရှိ၊ ပြည်ကိုယ်စားလှယ် သင်းဝင် မှူးမတ် ပရိသတ် အများတို့နှင့် နှုတ်ခွန်းဆက်လက် တစ်နာရီခန့် နေထိုင်ပြီးလျှင် အရပ်ရပ် မှုခွင့်ကိစ္စ ကုန်တွင် ပြီးပြေသည် ဖြစ်၍ ရှေ့တနင်္လာနေ့ နိုင်ငံတော်

၁။ Zoological Garden ၂။ ၂ ဇူလိုင် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



သို့ ပြန်ပါတော့မည် အကြောင်းနှင့် သမ္ဗတမင်း မိဖုရားတို့ကို နှုတ်ခွန်းဆက်လက်ရာ–

နိုင်ငံတော်နှင့် ပြင်သစ်နိုင်ငံ သည်ကဲ့သို့ ပေါက်ရောက်ဆက်လက်မိသည်ကို အလွန် ဝမ်းမြောက်ကြောင်း၊ နောက်ကိုလည်း တစ်စတစ်စ တိုး၍ ဆက်လက်မိရန် ရှိကြောင်း၊ ပြင်သစ်နိုင်ငံ မင်းမှူးမတ်တို့က နိုင်ငံတော်နှင့် မဟာမိတ်အဖြစ် အလိုရှိသည်ကို ဝန်ရှင်တော်မင်းကြီး သိသည်အတိုင်း နေထွက် မြန်မာဘုရင်မင်းမြတ်သိတော်မူအောင် ရွှေနားတော်မြတ်ကြား တင်လျှောက်ပါမည်အကြောင်း၊ သနားတော်မြတ်ခံရသည့် လက်ဆောင်တော်များကိုလည်း မြတ်နိုးတနာ အသက်ထက်ဆုံး ကောင်းမွန်စွာ ထား၍ ကျေးဇူးတော်မြတ်ကို မမေ့နိုင်အောင် ကျေးဇူးတင်ပါမည် အကြောင်းများ

နှင့် သမ္ဗတမင်းက မှာထား ပြောဆို နှုတ်ခွန်းဆက်၍ ပြန်လာကြသည်။

ငင်းတိုက်နန်းက ပြန်၍ ဒေရစ်စဗွာ ဟိုတက်တွင် အဝတ်အစားလဲပြီးလျှင် ပါရင်း စာရေး ၂ ပါ ရထားစီးနင်း၍ ၎င်းနေ့ည ၁၁ နာရီခွဲအချိန် ဗာစိုက်မြို့က ပြန်လာရာ ၁၁ နာရီခွဲမှ ဒလူဟိုတက်သို့ ရောက်သည်။ ၎င်းနေ့ နေအလွန်ပူသည်။ နိုင်ငံတော်တွင် ဝါဆိုလ ဥတုနှင့် သီသီတူသည်။ ကြယ်လ နက္ခတ်များကိုလည်း ကြည်ကြည်လင်လင် မြင်ရသည်။ ကောင်းကင်သို့ မော်ကြည့်လျှင် မျက်နှာပေါ်တွင် တင်း ခေါ်သည့် ကြယ်ဆီ တည့်မတ်မတ် မြင်ရသည်။ ၎င်းကြယ်ကို အမှတ်ထား၍ နက္ခတ် ၂၇ လုံး, တာရာကြီး ၉ လုံး, ဓူဝံကြယ်, ခုနစ်စဉ်ကြယ်, ကြေးမုံကြယ်များလည်း နိုင်ငံတော်တွင် မြင်ရသည်နှင့်မတူ အလွန် ကွဲပြားသည်။ ဇေဋ္ဌနက္ခတ်တောင်စွန် အလွန် နိမ့်သည်။ ၎င်းအောက်ကို ကြယ်တာရာ နက္ခတ်များကို မမြင်နိုင် ရှိသည်။ ၎င်းနေ့ ဓူဝံကြယ် အနောက် တာ ၅၀ ခန့်ကွာတွင် ၎င်းဓူဝံကြယ် မြောက်သို့ ယွန်းယောင်အရပ်တွင် ကြယ်တစ်ခု ၄ တောင်ခန့် အထက်သို့ တံခွန်ထွက်သည်ကို ထင်ထင်ရှားရှား မြင်ရသည်။ ၎င်းကြယ်ကို နိုင်ငံတော်က ဖြစ်လျှင် မြင်နိုင်ရန် မရှိဟု ထင်မှတ်မိသည်။ ၎င်းနေ့ စပိန်နိုင်ငံတွင် မင်းရိုး ဆိုသူ **ဒွန်ကာလို**[၁] နှင့် သမ္ဗတ အုပ်စိုးသည်ကို ကြိုက်သူတို့ တိုက်ခိုက်ကြရာ သမ္ဗတ အုပ်စိုးသည်ကို ကြိုက်သူတို့ဘက်က အကြီးဆုံးဖြစ်သော စစ်သူကြီး ကောင်းချာ ဆိုသူ လက်နက်ထိခိုက်၍ သေဆုံးသော

၁။ Don Carlos



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ၎င်းသမ္မတ ကြိုက်သူတို့ဘက်က အင်အားနည်းကြောင်းကို သတင်းစာများတွင် ကြည့်ရှု တွေ့မြင်သည်။

**၎င်းလပြည့်ကျော် ၅ ရက်**[၁] သောကြာနေ့ မောင်မြ လန်ဒန်မြို့သို့ သွားသည်။ **ချာတာ ဘဏ်တိုက်**[၂] မှာ ငွေယူရန်ရှိ၍ မောင်အောင်သူလည်း လိုက်သွားသည်။ ၎င်းနေ့ ကြောင်းရာထူးထွေ မရှိ၊ အခြားတစ်ပါး မသွားမလာ။ ဝန်အသုံးအဆောင်များကို လမ်းခရီး ဆောင်ယူရန် အသင့်ပြင်ဆင်၍ ထားကြသည်။ ၎င်းနေ့ ဥတု အလွန်ပူသည်။ ၎င်းနေ့ **မူကြေး**[၃] မိဘ, ကောင်းဒီရော်၌ အစ်ကိုများမှ စ၍ လူကြီးလူကောင်း အဆွေခင်ပွန်းတို့က ရုပ်ပုံတောင်းသောကြောင့် သင့်ရာပေးရန် မာရကတ်ကြီးသို့ မင်းကြီးရုပ်ပုံ ၈၊ စာရေးတော်ကြီး ရုပ်ပုံ ၃ များကို ပေးလိုက်သည်။ သမ္မတမင်းက တုံ့ပြန်ရန် ရာဇသံ ပေးသည် အကြောင်းအရာ၊ နိုင်ငံခြားဝန်ကြီးက စာချုပ် အကြောင်းအရာနှင့် ကင်းဝန်မင်းကြီးသို့ စာပေးသည် အကြောင်းအရာ၊ ပါရစ်မြို့က **၁၂၃၆ ခု ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်**[၄] နေ့ ထွက်မည် အကြောင်းအရာ၊ အီတာလျံမင်း, အီဂျစ်ဘုရင်ခံတို့ထံ ဝင်ထွက်ပြီးလျှင် အိန္ဒိယနိုင်ငံကို ဖြတ်၍ ၎င်းနှစ် **တော်သလင်းလဆန်း**[၅] လျှင် ရန်ကုန်မြို့ရောက် ပြန်လာမည် အကြောင်းအရာ၊ တင်စာ လျှောက်စာများကို စီကုံးရေးသားကြသည်။

**လပြည့်ကျော် ၆ ရက်**[၆] စနေနေ့ စံစိရာကျောင်း စစ်ဗိုလ် လက်ပနင် ဒုဗိုလ်, လက်ပနင် အာရနက်ဂစ, ကပ္ပိတန် ဟင်ဒရီတို့ လာရောက်ပြီးလျှင် နိုင်ငံတော်သို့ လိုက်၍ အမှုတော်ကို ထမ်းရွက်လိုကြောင်း၊ ယခုပင် မလိုက်ရသေးသော်လည်း နိုင်ငံတော်သို့ ပြန်ရောက်သည်ကာလ မြန်မာမင်းမြတ် အလိုတော်ရှိလျှင် စာပေး မှာထားပါမည် အကြောင်း၊ မှာထားသည်ကာလ ဆေးဆရာကြီးနှင့်တကွ လာ၍ ခြေသည် စစ်အတတ်, မြင်းသည် စစ်အတတ်, ခံမြို့ ခံကတုတ်မှ စ၍ အင်ကြင်းနရားအတတ်, ဆေးအတတ်များကို ကောင်းမွန်စွာ သင်ကြားနိုင်ကြောင်း၊ ကိုယ်တိုင်လည်း စစ်ဗိုလ် ပြုလုပ် အမှုတော်ကို ထမ်းရွက်နိုင်ကြောင်း၊ မောင်အောင်သူနှင့်လည်း ကျောင်းနေဖက် အဆွေခင်ပွန်း ဖြစ်၍ တွေ့မြင်လိုသောကြောင့် လာရောက်သည်ကို ယခု မတွေ့ရ၍ အလွန် နမြောကြောင်းများနှင့် ပြောဆို ပြန်သွားကြသည်။ ၎င်းတို့ကို ညောင်ဦးဖြစ် ပဝါဆောင် ကွမ်းအစ်ငယ် ၁ စီ ပေးလိုက်သည်။ ၎င်းနေ့ ထွေးခံတော်ကြီး အကြောင်းကို သိရအောင် ဘရောင်တန်းကို

၁။ ၃ ဇူလိုင် ၁၈၇၄ ၂။ Chartered Bank ၃။ Moustier
၄။ ၈ ဇူလိုင် ၁၈၇၄ ၅။ စက်တင်ဘာ ၁၈၇၄ ၆။ ၄ ဇူလိုင် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



စေလွှတ် မေးမြန်းစေရာ ယခုနေ့က နောက် ၂၅ ရက်တိုင် အမှန်ပြီးပါလိမ့်မည် အကြောင်းနှင့် ဘရောင်တန်း ပြန်ရောက် ပြောဆိုလာသည်။

**ဇွန်းလပြည့်ကျော် ၇ ရက်**[၁] တနင်္ဂနွေနေ့ ကြောင်းရာထူးထွေ မရှိ။ စာပေကြည့်ရှုမှတ်သား နေထိုင်ကြပြီးလျှင် ဥတု အလွန် ပူပြင်းလှသောကြောင့် ရထားစီးနင်း၍ ဘူလွန်းဥယျာဉ်သို့ လှည့်ပတ် သွားလာကြသည်။ ဥယျာဉ်သို့ ရောက်မှ လေ, သစ်ရိပ်များကို တွေ့ရသောကြောင့် အပူသက်သာသည်။ ဇွန်းနေ့ ပါရစ်မြို့တွင် နေ ၈ နာရီခွဲမှ ဝင်သည်။ ၄ နာရီရှိလျှင် နေထွက်သည်။ ည ၈ နာရီခွဲ၊ နေ့ ၁၅ နာရီခွဲ ရှိသည်ဖြစ်၍ နေ့တာ အလွန် ရှည်သည်။ ညတာ အလွန် တိုသည်။ နေရောင်ချင်း စပ်လုနီးနီး ရှိသည်။

**ဇွန်းလပြည့်ကျော် ၈ ရက်**[၂] တနင်္လာနေ့ အခြားတစ်ပါး အသွားအလာ မရှိ။ ရွှေဖဝါးတော်အောက် ပေးပို့ရန် စာများကို ရေးသားပြီးပြေ၍ အိတ်သွင်း၊ တံဆိပ်ခတ်မှတ် ထားကြသည်။ လန်ဒန်မြို့သို့ သွားသည် မောင်အောင်သူက ပေးပို့သည် ကြေးနန်းစာကို ဇွန်းနေ့ည ၁၁ နာရီအချိန်တွင် ရသည်။ စာတွင် ပါသည်မှာ တနင်္လာနေ့ ည ၇ နာရီတွင် ထွက်သည် မီးရထားကို မမီ၍ မလိုက်နိုင်ကြောင်း၊ အင်္ဂါနေ့ နံနက် ၇ နာရီ ထွက်သည် မီးရထားတွင်မှ လိုက်လာနိုင်ပါမည် အကြောင်းနှင့် ပါသည်။ ဇွန်းနေ့လည်း တစ်နေ့ပတ်လုံး ဥတုပူပြင်းလျက်ပင် ရှိသေးသည်။

**ဇွန်းလပြည့်ကျော် ၉ ရက်**[၃] အင်္ဂါနေ့ ၁၀ နာရီအချိန် သံတော်တို့ရှိရာ မိုလာ လာရောက်ပြီးလျှင် သမ္မတမင်းက မိတ်ဆွေဖြစ် အစဉ်မပြတ် တစ်ဦးနှင့် တစ်ဦး အောက်မေ့တသ သတိရ၍ အမြဲဆောင်ရန် ရွှေနာရီကြိုးစုံ အိမ်ပါ ၁ ကို သံတော် ကင်းဝန်မင်းကြီး အမြဲဆောင်ပါမည် အကြောင်းနှင့် ပြောဆို ပေးပို့လာသည်။ သံတော် ကင်းဝန်မင်းကြီးကလည်း နာရီကို ရ၍ ဝမ်းမြောက်ကြောင်း၊ အမြဲမပြတ် စွဲကိုင်၍ တစ်ဦးနှင့်တစ်ဦး မိတ်သဟာယ ဖြစ်သည်ကို မမေ့မလျော့ သဘောထားမည် အကြောင်းများနှင့် ကျေးဇူး စကား စာရေးသား၍ သမ္မတမင်းထံ ပြန်ပေးသည်။

ဇွန်းနေ့ လန်ဒန်မြို့က မောင်အောင်သူ ပြန်ရောက်၍ ကြေးငွေ အပြည့်အစုံ ပါသည်။ ဇွန်းနေ့ စက်ဆရာ ပေါလကာရီ၊ မာရကတ်ကြီးတို့ လာရောက်ပြီးလျှင် ပုံစံ ပေးအပ်လိုက်သည် သင်္ဘောမှာတင်ရန် မီးစက် ကိရိယာများကို တွက်ချက်ရာ မြင်းအား ၂၆၀ ရှိသည် စက်နှင့်မှ သင့်တင့်

၁။ ၅ ဇူလိုင် ၁၈၇၄ ၂။ ၆ ဇူလိုင် ၁၈၇၄ ၃။ ၇ ဇူလိုင် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ပတ်ကြောင်း။ ၎င်းစက်နှင့် တင်လျှင် ရေစူး ၄ ပေခွဲစူး၍ ခရီးအမြန်သွားနိုင်ရန် ရှိကြောင်း။ ၎င်းစက်ထက် ကြီးလျှင် ရေစူးကြီး၍ ကုန်ဝန်လူအများ မတင်ဆောင်နိုင်၊ ၎င်းစက်အောက် ငယ်လျှင်လည်း စက်အားသေး၍ သင်္ဘော အသွားအလာ လေးရန်ရှိကြောင်း။ ၎င်းစာရင်းပါ စက်များကို သင်္ဘောကျ၍ မှာထားလျှင် မှာထားသည်နေ့က ၇ လနှင့် ပြီးပြေ၍ ၈ လခွဲနှင့် ရန်ကုန်မြို့ ဆိပ်ကမ်းရောက် ပေးပို့နိုင်ကြောင်း။ စက်ဖိုးမှာ မြန်မာ ဒိ သုံး ဒင်္ဂါး ငါးသောင်းနှစ်ထောင် ရမှ လုပ်ဆောင်နိုင်မည် ဖြစ်ကြောင်း။ ၎င်း ငါးသောင်းနှစ်ထောင်အနက် အလျှင် တစ်ဝက်၊ စက်ပြီး တစ်ဝက် ပေးချေစေလိုကြောင်း။ ၎င်း ချေပေးသည် ငွေမှာလည်း ကုန်ကို မယူနိုင်၊ အင်္ဂလိပ်ဒင်္ဂါး, ပြင်သစ်ဒင်္ဂါးများကိုသာ အလိုရှိကြောင်း။ ၎င်းစက်နှင့်နည်းတူ အများအလိုရှိလျှင် ၈ လခွဲနှင့် ရန်ကုန်မြို့ ဆိပ်ကမ်းရောက် ပထမစက်ကို ပေးအပ်နိုင်ကြောင်း။ နောက်ကို လစဉ် တစ်ဝက်စီ အစဉ်မပြတ် ပေးအပ်နိုင်ကြောင်း။ ၎င်းစက်ကို လုပ်ဆောင်သည်ကာလ ကြီးကြပ် ကြည့်ရှုစေရန် ယုံကြည်သူကို ထားလိုလျှင် ထားနိုင်ကြောင်း။ ၎င်းစက်များကို ပေးပို့သည်ကာလ ပင်လယ်ခရီး အပျက်အစီး မရှိစေရအောင် **ပင်လယ်ခံဝန်သူ**[၁] နှင့် ပေးပို့မည် အကြောင်း။ ၎င်း ပင်လယ်ခံဝန်မှာ အသီးအခြား မပေးရ၊ စက်ရုံက အပြီးငှားရမ်း၍ ပေးပို့မည် အကြောင်း။ ၎င်းမီးစက်များကို သင်္ဘောသို့ တင်လုပ်စေရန် စက်ဆရာ အလိုရှိလျှင်လည်း ထည့်အပ်နိုင်ကြောင်း။ ၎င်းဆရာကို လိုလျှင် အပြန် အသွား သင်္ဘောခ, စားစရိတ်နှင့် လခငွေ ဒိ သုံး ဒင်္ဂါး ၃၅ဝ ပေးရပါလိမ့်မည် အကြောင်း။ ၎င်းမီးစက်များကို သင်္ဘောမှာ ဆင်လုပ်သည်ကာလ လက်ကောင်း လက်မြန် ၁၂ ယောက်နှင့် လုပ်ဆောင်ရလျှင် ၄ လနှင့် ပြီးပြေနိုင်ကြောင်း။ ယခုမှာ တည်လုပ်ပြီး သင်္ဘောမှာ တင်ရန် သင်္ဘောနှင့် လိုက်အောင် စက်ကို လုပ်ဆောင်ရသောကြောင့် အလွန် ခက်ခဲကြောင်း။ နောင် အလိုတော်ရှိလျှင် ရေစူးမည်မျှ အလိုရှိသည် မှာထားလျှင် သင်္ဘော စနစ် ပုံစံကို အလွယ်တကူ ကောင်းမွန်အောင် ပေးနိုင်ကြောင်းများနှင့် ပြောဆိုပြီးလျှင် စက်ကုန်ဝင်ရန် တွက်ချက်ရေးသားခဲ့သည် စာရင်းများကို ပေးအပ် ပြန်သွားကြသည်။ ၎င်းနေ့ အထက် စီကုံးရေးသားပြီး တင်စာလျှောက်စာများကို အိတ်သွင်း တံဆိပ်ခတ်ပြီးလျှင် ပါရစ်မြို့ စာပို့တိုက်သို့ ထည့်သည်။

**၎င်းလပြည့်ကျော် ၁၀ ရက်**[၂] ဗုဒ္ဓဟူးနေ့ ဆက်သရန် အထည်အလိပ်

၁။ Marrine Insurance ၂၅ ၈ ဇူလိုင် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



အသုံးအဆောင် သေတ္တာလုံးရေ ၁၃ ကို ရန်ကုန်မြို့ရောက် ပို့ရန် **မယ်ဝယ်ဂျရီမာရတိ ကုမ္ပဏီ**[၁] သို့ အပ်၍ ပို့စေသည်။ သေတ္တာ တင်ဆောင်ခ၊ ပင်လယ်ခံဝန်ခများမှာ ထုံးစံရှိသည်အတိုင်း ရန်ကုန်မြို့ သူဌေးက သေတ္တာများကို သိမ်းယူရမည် အကြောင်းနှင့် သူဌေးသို့ စာပေးသည်။ ၎င်းနေ့ မက်ချက်ကူရေး လင်မယားတို့ လာရောက် နှုတ်ခွန်းဆက်လာသည်။ ဉောင်ဦးလုပ်သေတ္တာ ၁ ကို ပေးလိုက်သည်။ ၎င်းနေ့ မာရကတ်ကြီး **လာရန်းမြို့**[၂] သို့ အလျင် သွားနှင့်သည်။ လာရန်းမြို့ **ဂရံလာရန်း**[၃] ခေါ်သည် ဟိုတက်သို့လည်း နက်ဖြန်လာမည် အကြောင်းနှင့် သံတော်တို့က ကြေးနန်းရိုက်သည်။ လာရန်းမြို့ဝန် အရာရှိတို့ကိုလည်း မြန်မာသံတော်တို့ နက်ဖြန် လာရောက်လိမ့်မည် အကြောင်းနှင့် နိုင်ငံခြားရုံးက ကြေးနန်းနှင့် ဆင့်ဆိုသည်။

**၎င်းလပြည့်ကျော် ၁၁ ရက်**[၄] ကြာသပတေးနေ့ သံတော်အရာရှိ၊ ရွှေတိုက်ကြပ်၊ စာရေးလူငယ်တို့ပါ အသုံးအဆောင် ဝန်သေတ္တာများကို ရထားနှင့် တင်ဆောင်စေ၍၊ ၎င်းနေ့ ၁၀ နာရီအချိန် ဒလူဟိုတက်က ထွက်၍ အရှေ့မျက်နှာ မီးရထားရုံသို့ လာကြသည်။ မက်ချက်ကူရေးလည်း သံတော်တို့နှင့်အတူ မီးရထားရုံရောက် လိုက်ပို့သည်။ ဘလောင်တန်း၊ ၎င်းသားမယားများလည်း ဒလူ ဟိုတက်က မထွက်မီ နှုတ်ခွန်းဆက် လာကြသည်။ ဘလောင်တန်းမှာ မီးရထားရုံသို့ ရှေ့လွန်သွားနှင့်၍ မီးရထားများကို စေ့စပ်အသင့်ထားနှင့်သည်။ မီးရထားရုံတွင် စိမ်းခရိုင်အုပ်၊ သမီးငယ်နှင့်တကွ စောင့်နေနှင့်သည်။ သံတော်အရာရှိတို့ မီးရထားရုံသို့ ရောက်လျှင် ဘလောင်တန်း၊ စိမ်းခရိုင်အုပ်တို့ ဆီးကြို၍ အသင့် စေ့စပ်ပြီး မီးရထားထွက်ချိန် မရောက်သေးသည်နှင့် ခေတ္တ ရပ်ဆိုင်းပြီးလျှင် ၎င်းနေ့ ၁၁ နာရီအချိန် ၎င်းမီးရထားရုံက ထွက်ခဲ့ကြသည်။ မီးရထားထွက်မှ စိမ်းခရိုင်အုပ်၊ ဘလောင်တန်းတို့ ပြန်သွားကြသည်။ ၎င်းမီးရထားလည်း အမြန်သွား မီးရထားဖြစ်၍ လမ်းခရီးတွင် စခန်းရှိတိုင်း မရပ်မနား၊ ရေနွေးအိုးတွင် ရေထည့်ရုံမျှသာ ၅ ကြိမ် အနည်းငယ် ရပ်ဆိုင်းသည်။ ၎င်းနေ့ ဉတု အလွန်ပူသည်။ ၃ နာရီအချိန်တွင် မိုးသည်းထန်စွာ ရွာသည်။ ပြီးလျှင် ပူမြဲ ပူပြန်သည်။ လမ်းခရီး ဝဲယာများမှာ ကျေးရွာမပြတ် ဆက်ကာ ဆက်ကာ တွေ့သည်။ လုပ်ငန်းလုပ်တာလည်း မြေပြင်အနှံ့ ရှိသည်။ ဂျုံနှင့် စပျစ်ပင် အားကြီးသည်။ ဂျုံမှာ ယွန်းဆဲ၊ မှည့်ဆဲ၊ ရိတ်သိမ်းဆဲ ရှိသည်။ စပျစ်ပင်မှာ အပင်ပြုပြင်ဆဲ၊ မသီးသေး ရှိသည်။ ၎င်းနှစ် မိုးရွာသောကြောင့် ဂျုံ၊ စပျစ်ပင်မှ စ၍ အရပ်ရပ်

---

၁။ Messageries Maritimes Company ၂။ Lyons ၃။ Grand Lyons ၄။ ၉ ဇူလိုင် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်း နှစ်တိုင်းကဲ့သို့ မဖွံ့မဖြိုး မဖြစ်မထွန်းကြောင်းများကို ပြောဆိုကြားသိရသည်။

အစဉ်အတိုင်း လာခဲ့၍ ၎င်းနေ့ည ၁၀ နာရီအချိန်မှ လာရန်းမြို့ မီးရထားရုံသို့ ရောက်သည်။ မီးရထားရုံတွင် မာရကတ်ကြီး အသင့် ဆီးကြိုစောင့်နေနှင့်သည်။ လာရန်းမြို့ ဂရုံလာရန်း ခေါ်သည် ဟိုတက်တိုက် လူကြီးတို့လည်း ကြေးနန်းနှင့် မှာထားပြီး ဖြစ်၍ စီးရန် ရထား၊ ဝန်တင်ရထားများနှင့် ဆီးကြို အသင့်စောင့်နေနှင့်သည်။ ၎င်းမီးရထားရုံက မာရကတ်ကြီးနှင့်အတူ ရထားစီးနှင်း ဂရုံလာရန်း ဟိုတက်သို့ လာကြရာ၊ နက်ဖြန် ၉ နာရီအချိန် သံတော်တို့ရှိရာ မြို့ဝန် လာရောက်၍ ရထားနှင့် တင်ဆောင်ပြီးလျှင် အရပ်ရပ် ပိုးချည် အလုပ်စက်ရုံများကို လိုက်ပြပါလိမ့်မည်။ ၁၁ နာရီအချိန် ပြန်၍ နေပြီးလျှင် ၎င်းနေ့ ၂ နာရီအချိန်ရောက်ကာလ တစ်ကြိမ် လိုက်ပြပါလိမ့်ဦးမည်။ သန်ဘက်ခါလည်း ၎င်းနည်း လိုက်ပြပါလိမ့်မည်။ သန်ဘက်ခါနေ့ည လာရန်းမြို့ အရာရှိ၊ ကုန်သည်ကြီး၊ လူကြီးလူကောင်း အစုံအညီ မြို့ဝန်အိမ်တွင် စည်းဝေး၍ သံတော်အရာရှိတို့ကို စားပွဲဖိတ်ကြား ကောင်းမွန်စွာ ပြုစုပါလိမ့်မည် အကြောင်းများနှင့် မာရကတ်ကြီး ပြောဆိုသည်။ ၎င်းနေ့ည ကောင်းကင် အလွန် ကြည်လင်သည်။ အခိုးထွက်သည်။ ကြယ်ကိုလည်း အထက်နည်း အထင်အရှား မြင်ရသည်။ မီးရထားနှင့် လာခဲ့စဉ် **နျူကာစစ်မြို့**[၁] နေ စတေဘား ဆိုသူ ကုန်သည်ကြီးနှင့်အတူ ဖြစ်၍ မေးမြန်းရာ၊ သဘော်ပဲ့တက် တပ်မြဲပြင် ထူး၍ အပျက်အစီး အတိမ်းအပါး မရှိနိုင်အောင် ပဲ့တက် တစ်ဆင့်တပ်ရန် ကြံနိုင်သူဖြစ်ကြောင်း၊ သည်ကဲ့သို့ ကြံသည်စက် နေရာကျအောင် ကောင်းမွန်သည်ဖြစ်၍ ဘုရင်မက ပေတင်တံဆိပ်လက်မှတ် ပေး၍ရကြောင်း၊ နျူကာစစ်မြို့နေ **စစ်ဝီလျံမ်း**[၂]**, ပါရမား**[၃]**, ကပ္ပိတန်နိုး**[၄] တို့ အဆွေခင်ပွန်း ဖြစ်ကြောင်းများကို ပြောဆို၍ ကြံစည်ရင်း သဘော်ပဲ့တက် တပ်ပုံ၊ ပေတင်တံဆိပ်နှင့်တကွ ရေးသားပြီးပုံစံကို ပေး၍ ရသည်။

**၎င်းလပြည့်ကျော် ၁၂ ရက်**[၅] သောကြာနေ့ နံနက် ၉ နာရီအချိန် လာရန်းမြို့ဝန် ဒုကရိုးနှင့် ပထမ မြို့စာရေး၊ ဒုတိယ မြို့စာရေး၊ ကုန်သည် သင်းဝင်လူကြီးတို့ သံတော်တို့ရှိရာ လာရောက်ပြီးလျှင် အရိုအသေ နှုတ်ခွန်းဆက်လက်၍၊ မြို့ဝန် ဒုကရိုးက ကိုယ်ပိုင်ရထားနှင့် သံတော်တို့ကို တင်ဆောင်၍၊ ကျန်သံတော် အပေါင်းပါလူတို့မှာ သင့်ရာရထား ငှားရမ်းစီးနင်း၍

၁။ Newcastle ၂။ Sie William Armstrong ၃။ Mr. Palmer
၄။ Captain Noel ၅။ ၁၀ ဇူလိုင် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



မြို့ဝန်နှင့်အတူ ပိုးချည် အထည်အမျိုးမျိုး လှောင်ထားသည် တိုက်သို့ သွားရောက် ကြည့်ရှုကြသည်။ ၎င်းတိုက်လူကြီး ဆီးကြိုလက်ခံ၍ ပါရစ် နိုင်ငံတွင် ဖြစ်သည်ပိုး, အမရိကန်နိုင်ငံဖြစ် ပိုးမှစ၍ ပိုးအမျိုးမျိုးများကို လှောင်ထားသည် တိုက်ခန်း၊ ၎င်းပိုးများကို ပြင်ဆင်သည် တိုက်ခန်း၊ ရက်ပြီး ဖဲခံ ကတ္တီပါပန်းပွင့် အမျိုးမျိုး ခြယ်လှယ်သည်အထည်၊ ဖဲခံ ရွှေချည်ပွင့် ပန်းအမျိုးမျိုး ခြယ်လှယ်သည် အထည်မျိုး၊ ကတ္တီပါရောင်စုံ ပန်းပြောက် အမျိုးမျိုးများကို ထားရာ တိုက်ခန်းများကို လိုက်ပြ ကြည့်ရှုရသည်။ ၎င်း အထည်များက နမူနာစံစနှင့် ဈေးနှုန်းများကို အသေအချာ ရေးသား၍ ပေးပါမည် အကြောင်းနှင့် ပြောဆိုလိုက်သည်။ ၎င်းတိုက်တွင် ကြည့်ရှုပြီး နောက် တပ်စင်နရီရှုတ်တက် ခေါ်သည် တိုက်သို့ သွားကြပြန်ရာ ၎င်း တိုက်လူကြီး တပ်စင်နရီရှုတ်တက် ဆိုသူ ဆီးကြိုလိုက်ပြ ကြည့်ရှုရသည်မှာ အထက်တိုက်နှင့်နည်းတူ ပိုးထည်အမျိုးမျိုး, ကတ္တီပါအမျိုးမျိုး, ဖဲခံရွှေပွင့်, ဖဲခံကတ္တီပါပွင့် အထည်အမျိုးမျိုးများကို ကြည့်ရှုရသည်။ ၎င်းတိုက်လူကြီးက ၎င်းအထည် နမူနာစံစ ဈေးနှုန်းများကို ရေးသားပေးပို့ပါမည် အကြောင်းနှင့် ပြောဆိုလိုက်သည်။ နောက် ၎င်းတိုက်ရှိ အထည်များကို ရက်လုပ်သည် စက်ရုံသို့ သွားရောက် ကြည့်ရှုကြရာ တိုက်လူကြီး ဆိုသူ ဆီးကြို၍ အရပ်ရပ် အလိုရှိရာ ပန်းခြယ်လှယ်သည် အထည်များကို ရက်လုပ်သည်ကို မြင်ရ သည်။ ရက်လုပ်သည်မှာ ပန်းမျိုးသို့လိုက်၍ ရက်ကန်းနှတ် ၁၂ လွှာ၊ ၁၄ လွှာ အလိုရှိရာ အမျိုးမျိုးနှင့် နှတ်ကောက်ပန်းပုံများကို အလိုရှိရာ ဆင်ပြီးလျှင် အထက် လန်ဒန်မြို့သွား နေ့စဉ်မှတ် မန်ချစ်စတားမြို့စက်ရုံ, **ဘရက်တဖေါ်**[၁] မြို့ စက်ရုံများကဲ့သို့ ရက်လုပ်သည်ကို တွေ့မြင်ရသည်။ နောက် ခေါ်သည် အထည်ရက်စက်ရုံသို့ ကူးပြောင်း ကြည့်ရှုကြရာ ၎င်းတိုက်လူကြီး ဆိုသူ ဆီးကြို၍ အထက်စက်ရုံနှင့် နည်းတူ ပန်းအမျိုးမျိုး အလိုရှိရာ ရက်လုပ် ကြသည်။ ၎င်းတိုက်တွင် ထူးသည်မှာ မည်သူမဆို အလိုရှိသည်ပုံကို ပန်းချီ တတ် ပန်းချီကောင်း ရေးဘိသကဲ့သို့ လည်းကောင်း၊ ဓာတ်ပုံနှင့် ကူးယူ ဘိသကဲ့သို့ လည်းကောင်း နေရာကျ ရက်လုပ်၍ နေသည်ကို တွေ့မြင် ရသည်။ တတိယ နပိုလျှမ်မင်း၊ ၎င်းမိဖုရား၊ ၎င်းသား ရုပ်ပုံများနှင့် အရပ်ရပ် လူကြီးလူကောင်းတို့ ရုပ်ပုံများလည်း ရက်လုပ်ပြီး အများ ရှိသည်ကို တွေ့မြင် ရသည်။ ၎င်း ပိုးရက်လုပ်သည် ပညာကို လက်ဦး ကြံစည်သည် ဆရာကြီး ကာရပ် ရုပ်ပုံ၊ ယခုလက်ရှိ ဆရာပြုလုပ်သူ ရုပ်ပုံ၊ တတိယ နပိုလျှမ်ရုပ်ပုံ၊

၁။ Bradford

www.burmeseclassic.com



၎င်းမိဖုရား ရုပ်ပုံများကိုလည်း ဝန်ရှင်တော်မင်းကြီးသို့ ပေးလိုက်သည်။ နောက် ကချွဲရွတ်ဆ ခေါ်သည် သူနာရုံသို့ ဝင်ရောက် ကြည့်ရှုကြသည်။ ၎င်းသူနာရုံတွင် မိန်းမ ယောကျ်ား သူနာ ၃၀၀ ရှိကြောင်း၊ အလုပ်အကျွေး ပြုစုသူ မိန်းမ ယောကျ်ား ၄၀ ရှိကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းက ကြည့်ရှုပြီးလျှင် တိုက်အိမ်သို့ ပြန်လာ၍ နံနက်စာ စားပွဲထိုင်ကြသည်။

၎င်းနေ့ ၃ နာရီအချိန် သံတော်အရာရှိ, အပေါင်းပါလူတို့နှင့် မာရကတ်ကြီးတို့ အတူ ရထားစီးနှင်း လိုက်သွားကြရာ မြို့ဝန် နေထိုင်သည် **တောင်ဟော**[၁] သို့ ရောက်လျှင် မြို့ဝန် ဆီးကြို၍ ၎င်းတောင်ဟောတိုက် အရပ်ရပ် အခန်းကြီး အခန်းငယ်၊ ပထမ ဗိုလ်နပတ် နေထိုင်သည်အခန်း၊ ၎င်းမိဖုရား နေထိုင်သည် အခန်း၊ တတိယ နပိုလျံမင်း, မိဖုရားတို့ နေထိုင်သည် အခန်းများကို လှည့်ပတ် ကြည့်ရှုကြသည်။ ၎င်းတောင်ဟောတိုက်ကို **စတုတ္ထ ဟင်နရီမင်း**[၂] လက်ထက် တည်ထောင်ပြုစုသည် တိုက်နန်း ဖြစ်ကြောင်း၊ နှစ်ပေါင်း ၂၀၀ ကျော် ရှိကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းတိုက်တွင် မြို့ဝန်က တည်ကျွေးသည့် မုန့်ယို အချိုအဆိမ့်များကို စားပြီးနောက် မြို့ဝန်နှင့်အတူ သွားကြရာ လာရန်းမြို့ကို ခရိုင် ကျေးလက်နှင့်တကွ အစိုးရသည် ဖြစ်၍ ပြင်သစ်နိုင်ငံတွင် အကြီးဆုံးဖြစ်သော ဗိုလ်ချုပ်ကြီး ဘူဘာကီးအိမ်သို့ ရောက်လျှင် ဘူဘာကီးနှင့် ၎င်းမယားတို့ ကောင်းမွန်စွာ ဆီးကြိုနှုတ်ဆက် လက်ခံပြီးလျှင်၊ မုန့်ယို အချိုအဆိမ့်များကို တည်ကျွေး၍ ဝမ်းမြောက် ဝမ်းသာ မိတ်ဆွေဖြစ် စကားပြောဆိုကြပြီးလျှင် လာရန်းမြို့ရှိ ရဲမက်စစ်သည်တို့ကို နက်ဖြန် သံတော်အရာရှိတို့ ကြည့်ရှုပါမည် အကြောင်းနှင့် ဖိတ်ကြား၊ ၎င်းအိမ်က ထွက်လာသည်နောက် လာရန်းမြို့တွင် အကြီးဆုံး ဖြစ်သော တရားသူကြီးအိမ်သို့ သွားကြရာ တရားသူကြီး မရှိခိုက်ဖြစ်၍ မတွေ့ခဲ့ရ၊ ပြန်လာကြသည်။

နောက် လာရန်းမြို့တွင် အကြီးဆုံး ဖြစ်သော ဟိုတက် ဒျူသူနာတိုက်သို့ သွားရောက် ကြည့်ရှုကြသည်။ ၎င်းသူနာတိုက် အလွန် ကြီးကျယ်သည်။ မိန်းမ ယောကျ်ား အကြီးအငယ် သူနာပေါင်း ၁၂၀၀ ရှိကြောင်း၊ ပြုစု ကုမ လုပ်ကျွေးသူ မိန်းမ ယောကျ်ား ၄၀၀ ရှိကြောင်း၊ လာရန်းမြို့တွင် သူနာတိုက် ၁၂ ဌာန ရှိသည်အနက် ၎င်း ဟိုတက်ဒျူသူနာတိုက် အကြီးဆုံး ဖြစ်ကြောင်း၊ ၎င်းသူနာတိုက်တွင် တစ်နှစ်လျှင် စရိတ် ရှစ်သိန်း ကုန်ကြောင်း၊ လာရန်းမြို့ရှိ သူနာတိုက် ၁၂ ဌာနက တစ်နှစ်ကို သုံးသန်း ငါးသိန်း ကုန်

၁။ Town Hall ၂။ Henry IV



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းစရိတ်များလည်း တစ်ဦးတစ်ယောက်က ထုတ်ပေး ပြုစုသည် မဟုတ်။ ကုံထံ ကြွယ်ဝသူတို့က သဒ္ဓါ သမျှ ထုတ်ပေးသည်ငွေ၊ ၎င်းကုံထံသူတို့ သေခါနီးကာလ သူနာတိုက်အဖို့ ရည်ညွှန်း၍ ခွဲခြမ်း ပေးအပ်ခဲ့သည် ငွေများကို စုပေါင်း၍ ဘဏ်တိုက်မှာ ထားပြီးလျှင် ၎င်းငွေက တိုးပွားသည့် အမြတ်အစွန်းများနှင့် ကုန်သင့်စရိတ်များကို ပေးကမ်းကြောင်း၊ ၎င်းသူနာတိုက်များကိုလည်း တစ်စတစ်စ တိုးပွား ကြီးကျယ်အောင် ၎င်းငွေနှင့် လုပ်ဆောင်ကြောင်းများကို ပြောဆို ကြားသိရသည်။

၎င်းတိုက်ကို ကြည့်ရှုပြီးနောက် လာရန်းမြို့ရှိ ကုန်သည်အပေါင်းတို့ စည်းဝေးရာ **အက္ကစချင်းတိုက်** [၁] သို့ သွားရောက်ပြန်ရာ ၎င်းတိုက်လူကြီးတို့ ဆီးကြိုပြီးလျှင် ရွှေထည် ငွေထည်က ပိုးထည်တိုင် အရပ်ရပ် အထည်အလိပ်၊ အသုံးအဆောင်၊ ရောင်းဝယ်ရန် ပုံစံ စနစ်များကို ထားရာ တိုက်ခန်းမှ စ၍ အရပ်ရပ် ကြည့်ရှုရန် ရှိသည်များကို လှည့်ပတ်ကြည့်ရှုပြီးလျှင် ၎င်းတိုက်လူကြီးက တည်ကျွေးသည့် မုန့်ယို အချိုအဆိမ့်များကို စားသောက် ပြန်လာကြသည်။ နောက် လာရန်းမြို့တွင် ပါရစ်မြို့ ဘူလွန်းဥယျာဉ်နှင့် နည်းတူ လုပ်ဆောင်သည့် လာရန်း ဘူလွန်းဥယျာဉ်သို့ သွားရောက် ကြည့်ရှုကြသည်။ ၎င်းဥယျာဉ် ဘူလွန်းဥယျာဉ်နှင့်အတူ သစ်ပင် အမျိုးမျိုး၊ သားအမျိုးမျိုး၊ ငှက်အမျိုးမျိုး ရှိသည်။ ကြည့်ရှုရန် အလွန်များပြား ကျယ်ဝန်းသည်။ ၎င်းဥယျာဉ်တွင် သစ်ပင် စိုက်ပျိုးသည် မှန်ကား ဓာတ်အိမ်များကို လွန်ခဲ့သည် ၁၅ ရက်ခန့် မိုးသီး ကြီးမားစွာ ကျသောကြောင့် မှန်ကားပျက် ရှိသည်များကို မြင်ခဲ့ရသည်။ ၎င်းမိုးသီးကို ချိန်ရာ ဂရမ်ပေါင်း ၄၆၀၊ မြန်မာချိန် ၂၇-၆ ျူး ရှိကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းဥယျာဉ်ကို လှည့်ပတ် ပြန်လာကြရာ ၇ နာရီမှ တိုက်အိမ်သို့ ရောက်သည်။ ၎င်းနေ့ မာဆေးမြို့ ဒလူဇလပ်ပေ ခေါ်သည့် ဟိုတယ်သို့လည်း **၎င်းလပြည့်ကျော် ၁၄ ရက်** [၂] နေ့ နံနက် ၇ နာရီအချိန် ထွက်လာမည် အကြောင်းနှင့် သံတော်တို့က ကြေးနန်း ရိုက်သည်။

**၎င်းလပြည့်ကျော် ၁၃ ရက်** [၃] စနေနေ့ နံနက် ၉ နာရီအချိန် မြို့ဝန် ချူကရို၊ မာရကတ်ကြီးတို့ လာရောက်ပြီးလျှင် ရထားနှင့် တင်ဆောင်လာသောကြောင့် လိုက်သွားကြရာ **ရီးမြစ်** [၄] လက်ယာဘက် ကမ်းထိပ်ကို လျှောက်၍ အစဉ်အတိုင်း အကြေအရပ်သို့ သွားရသည်။ မြန်မာ ခရီး

၁။ Exchange Building ၂။ ၁၂ ဇူလိုင် ၁၈၇၄ ၃။ ၁၁ ဇူလိုင် ၁၈၇၄ ၄။ Rhône



www.burmeseclassic.com

www.burmeseclassic.com



တစ်တိုင်ခန့် သွားမိလျှင် **စိုးမြစ်**[၁] နှင့် ယှက်ဆုံသည် သန်လျက်စွန်း မြစ်ဆုံဝသို့ ရောက်သည်။ ၎င်းမြစ်ဆုံဝတွင် မြစ်နှစ်သွယ်က စီးဆင်းသည့်ရေ မရောမယှက် တခြားစီ စီးသွားသည်ကို ထင်ရှားစွာ မြင်ရသည်။ အဝမြို့ မြစ်ရေနှင့် ဧရာဝတီမြစ်ရေ ပေါင်းဆုံစတွင် မရောမယှက် နေသည်နှင့် တူ၏။ ၎င်းမြစ်ဆုံဝ သန်လျက်စွန်းက စိုးမြစ်ကမ်းထိပ်ကို လျှောက်၍ အညာရပ်သို့ လာခဲ့ရသည်။ အတော် သွားမိလျှင် စိုးမြစ် အရှေ့ဘက်သို့ ကူး၍ လာခဲ့ရာ ကျေးတောကျေးလက် အစွန်းအဖျားက ပါရစ်မြို့သို့ ဆောင်ယူရောင်းချရန် လာရောက်သည် စားဖွယ် သစ်သီးအမျိုးမျိုး ဆိုက်သည် ဆိပ်ကမ်းသို့ ရောက်သည်။ ၎င်းဆိပ်တွင် နံနက် ၅ နာရီက ၈ နာရီတိုင် ကာလအတွင်း နေ့စဉ်မပြတ် သစ်သီး အဆိုက်အရောက် အသယ်အယူ များပြားလှသောကြောင့် ရထားမသွားနိုင်၊ ၈ နာရီလွန်မှ ရထား သွားနိုင်ကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းက အစဉ်အတိုင်းလာရာ ဘုရင်မလမ်း မြင်းဖြူခေါ်သည် ဆိုင်သို့ ရောက်သည်။ ၎င်းတိုက်တွင် ပြတင်းပေါက် တစ်ခုမှာ သံအိမ် ရှိသည်။ ပြတင်းပေါက် တစ်ခုမှာ ကကြိုးတန်ဆာစုံဆင် မြင်းရုပ် ရှိသည်။ အကြောင်းကို မေးရာ ရှေးနှစ်ပေါင်း ၁၀၀ ကျော်က ကုန်သည်အသင်းဖွဲ့၍ ရောင်းဝယ် ကူးသန်းကြသည်ကာလ အကူးအသန်း ပျက်ပြား၍ ဒေဝါလီ ဖြစ်သူကို ၎င်းသံအိမ်အတွင်း တစ်နာရီခန့်ထား၍ အရှက်ခွဲကြောင်း၊ မြင်းရုပ်မှာ ၎င်းတိုက်သို့ **စုဒ္ဒသမလွီ**[၂] ဆိုသည်မင်း မြင်းစီး၍ တက်သွားသည်ကို အစွဲပြု၍ ၎င်းမြင်းရုပ်ကို အမှတ်အသား ထားကြောင်း၊ ၎င်းမြင်းရုပ်ကို စွဲ၍ ၎င်းဆိုင်ကို မြင်းဖြူဆိုင် ခေါ်ဝေါ်ကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းက အစဉ်အတိုင်း လာရာ ၁၁ နာရီခွဲအချိန် တိုက်အိမ်သို့ ရောက်မှ မြို့ဝန် ပြန်သွားသည်။

၎င်းနေ့ တစ်နာရီအချိန် စက်ဆရာ လာကိုထန်း ဆိုသူ မာရကတ်ကြီးနှင့်အတူ လာရောက်၍ မေးရာ အမြောက်လုပ်စက်, သေနတ်လုပ်စက်, ယမ်းလုပ်စက်, ကိရိယာမျိုးစုံများကို အပြီးတိုင် လုပ်ဆောင်နိုင်ကြောင်း၊ ၎င်းလုပ်ဆောင်ပြီး စက်များနှင့် အမြောက်, သေနတ်, ယမ်း အလိုရှိတိုင်း ပြီးအောင် လုပ်ဆောင်နိုင်ကြောင်း၊ ၎င်းစက်ဆရာလည်း နေရာကျ လုပ်ဆောင် တတ်မြောက်နိုင်သူ ဖြစ်၍ ပါရစ်မြို့ စက်ဆရာကြီး **အာရနိုး**[၃] ဆိုသူနှင့် **စွစ်မြောင်း**[၄] ကို တူးဖောက် လုပ်ဆောင်သည် **ပါရဒင်နက်လက်စက်**[၅] ဆိုသူ

၁။ Saône ၂။ Louis XIV ၃။ Arnold ၄။ Suez Canal
၅။ Ferdinand de Lesseps



www.burmeseclassic.com

www.burmeseclassic.com



တို့က ခံဝံ့ကြောင်း၊ နိုင်ငံတော်သို့ လိုက်ရလျှင် အယုတ်ဆုံး နှစ်ပေါင်းမည်မျှ နေလိုသည်၊ အယုတ်ဆုံး လခ မည်မျှလိုသည်၊ လက်ထောက်လူ မည်မျှ ခေါ်ရန် ရှိသည်များကို စာရင်း အသေအချာ ရေးသား၍ ပေးပို့ပါမည် အကြောင်းများနှင့် ပြောဆို ပြန်သွားသည်။

ၿင်းနေ့ ၂ နာရီအချိန် မာရကတ်ကြီးနှင့်အတူ ရထားစီးနင်း၍ သံတော်အရာရှိ, အပေါင်းပါလူတို့ အကုန် ဗိုလ်ချုပ်ကြီး ဘူဘာကီး တိုက် အိမ်သို့ သွားကြသည်။ ရောက်လျှင် ဘူဘာကီး ရထား ပြင်ဆင် စောင့်နေ နှင့်၍ ၎င်းရထားပေါ်တွင် ဝန်ရှင်တော် ကင်းဝန်မင်းကြီးနှင့်အတူ စီးနင်း ကြပြီးလျှင် မြင်းတပ် ထားရာ ပါရချူးခေါ်သည် အရပ်သို့ သွားကြသည်။ ရောက်လျှင် ၎င်းတိုက်ရှိ ဗိုလ်ချုပ်, ဗိုလ်ကြီး, ကိုယ်ရံဗိုလ်တို့ စောင့်နေ ဆီးကြို၍ စစ်ဆောင် တီးမှုတ်မျိုး စည်ခရာများကို သံသံရုတ်ရုတ် တီးမှုတ် အရိုအသေ လက်ခံကြသည်။ ၎င်းအရပ်တွင် မြင်းကြီးကစုံထားရာ တိုက်ခန်း၊ မြင်းစီးသူရဲ ဝတ်ဆင်သည် အဝတ်ထားရာ တိုက်ခန်း၊ မြင်းစီးသူရဲတို့ စွဲကိုင် သည် ဓားလှံ သေနတ်, ဝတ်ဆင်သည် သံချပ် သံဦးထုပ် ထားရာ ကိုက်ခန်း၊ မြင်းကျွေးမွေးသည် မြင်းဇောင်း၊ ၎င်းအမှုထမ်းတို့ စားသောက်ရန် ချက်ပြုတ် သည် တိုက်ခန်း၊ ၎င်းမြင်းစီးသူရဲ အမှုထမ်းတို့ နေထိုင်သည် တိုက်ခန်းများကို လှည့်ပတ် ကြည့်ရှုကြသည်။ ၎င်းအရပ်တွင် မြင်း ၂၅၀၀၊ မြင်းစီးသူရဲ ၂၅၀၀ ပြင်ဆင်ပြီး အသင့်ရှိကြောင်း၊ အလိုရှိလျှင် မြင်း ၃၀၀၀, လူ ၃၀၀၀ ထွက်နိုင် ကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းမြင်းတပ်များကို ကြည့်ရှုပြီး နောက် အမြောက်ကိရိယာစုံ လုပ်ဆောင်သည် **အာရစနဲ**[၁] ခေါ်သည် အရပ်သို့ သွားကြရာ ၎င်းအရပ်တွင် အကြီးအအုပ် ဆိုသူတို့ ဆီးကြို လိုက်ပြ ကြည့်ရှု ရသည်မှာ အမြောက် ဘီး သံတန်ဆာမျိုးစုံ၊ အမြောက်ကျည်သွန်းပြီး သံ အထည်ကို အထက်က ခဲရည်သွန်း၍ ၎င်းခဲကို အလိုရှိရာ ပွတ်ခံသည် အလုပ်မှ စ၍ အရပ်ရပ် အမြောက်နှင့်ဆိုင်သည် အလုပ်များကို အသီးအသီး လုပ်ဆောင်ကြသည်များကို ကြည့်ရှု တွေ့မြင်ရသည်။

၎င်းအရပ်ရှိ အလုပ်များကို ကြည့်ရှုပြီးနောက် စင်တေရီနေ ခေါ်သည် ခံမြို့သို့ သွားရောက် ကြည့်ရှုကြသည်။ ၎င်းခံမြို့အတွင်း ရဲမက် ၃၀၀ ကျော် စစ်ကိရိယာစုံ ပြင်ဆင် အသင့်ရှိကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းခံမြို့ အကြောင်းအရာမှာ အထက် လန်ဒန်မြို့သွား နေ့စဉ်မှတ်တွင် ပါသည် ခံမြို့များနှင့် မထူးပြီ။ နည်းတူ သိလေ။

၁။ Arsenal



www.burmeseclassic.com

www.burmeseclassic.com



၎င်းခံမြို့ကို ကြည့်ရှုပြီးနောက် အမျိုးဘာသာ ကိုးကွယ်သည် ပူဖြဲ ခေါ်သည် ဘုရားကျောင်းဟောင်းကြီးသို့ သွားရောက် ကြည့်ရှုကြသည်။ ၎င်း ဘုရားကျောင်း တည်လုပ်သည် ကာလမှာ နှစ်ပေါင်း ၂၀၀ ကျော် ရှိကြောင်း၊ လာရန်းမြို့သို့ လာရောက်သည် လူခပ်သိမ်းတို့ ၎င်းဘုရားကျောင်းကို ကြည့်ရှုမြဲ ဖြစ်ကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းဘုရားကျောင်း အလုပ်အကိုင် သေချာ ကောင်းမွန်လှ၏။ ၎င်း ဘုရားကျောင်း တောင်ပေါ်မှာ ဖြစ်၍ ၎င်းအရပ်က ကြည့်ရှုရန် လာရန်းမြို့ တစ်မြို့လုံးကို မြင်ရသည်။ ပြင်သစ်နိုင်ငံနှင့် အီတာလျံနိုင်ငံ အကြား မောင်စနည်း ခေါ်သည် တောင်တန်းများကို မြင်ရသည်။ ၎င်းတောင်ပေါ်က ကြည့်ရှုလျှင် အိမ်ခြေလူနေ များပြားလှသည်ကို မြင်ရ၏။ ၎င်းမြို့တွင် လူပေါင်း သုံးသိန်းခြောက်သောင်း ရှိသောဟူ၏။

စိုးမြစ်, ရိုးမြစ်, ၂ မြစ် ၂ သွယ် အနေအထိုင်များလည်း လှပလှ၏။ ၎င်း မြစ် ၂ ရပ်တွင် စိုးမြစ်မှာ ရေစီး အလွန် သာသည်။ ရိုးမြစ်မှာ ရေစီး အလွန် ပြင်းသည်။ တစ်စက္ကန့် အချိန်တွင် ရေ ၂ တောင် ၁ မိုက် ၄ သစ် စီးသည်ဟု ပြောဆို ကြားသိရသည်။ လာရန်းမြို့ တိုက်အိမ်များမှာ ၆ ဆင့် ၇ ဆင့် တိုက်အိမ် များသည်။ တိုက်မြင့်လုပ် နေထိုင်လေ့ရှိသည့်မြို့ ဖြစ်သည်ဟူ၍ ပြင်သစ်နိုင်ငံသားတို့ ပြောစမှတ်ပြုကြောင်းနှင့် ပြောဆို ကြားသိရသည်။ ၎င်းဘုရားကျောင်း တောင်ပေါ်က ဆင်း၍ ပြန်လာကြရာ ရှေးကာလ စိုးမြစ် ကျောက်ဆောင် ကျောက်တန်း ခံလျက်ရှိသည် နေရာကို ဖောက်ထွင်း ပြင်ဆင်၍ ကောင်းမွန်စွာ သင်္ဘောလှေ သွားနိုင်သည်နေရာသို့ ရောက်သည်။ ၎င်းနေရာတွင် ကျောက်ဆောင် ကျောက်တန်းများကို ပြီးပြေအောင် ဖောက်လုပ် ပြင်ဆင်သူ၊ ဗြဲစီး ဆိုသူ အရုပ် စိုက်ထားလျက် ရှိသည်ကို တွေ့မြင်ရသည်။ ၎င်းက အစဉ်အတိုင်းလာ၍ တိုက်အိမ်သို့ရောက်မှ ဗိုလ်ချုပ်ကြီး ပြန်သွားသည်။ ၎င်းနေ့ တပ်စင်နာရီရှုတ်တက် အထည်တိုက် လူကြီးက အထည်နမူနာစံ မျိုးစုံများကို အဖိုးနှုန်း စာရင်းနှင့်တကွ ပေးပို့လာ၍ ရသည်။

၎င်းနေ့ည ၇ နာရီအချိန် သံတော်အရာရှိတို့နှင့် မာရကတ်ကြီးတို့ ရထားစီးနင်းပြီးလျှင် မြို့ဝန်အိမ်သို့ ဘန်းခွက်ခေါ် စားပွဲထိုင်သွားကြသည်။ မြို့ဝန်လည်း တောင်ဟောခေါ်သည် တိုက်အိမ်မှာ ပြင်ဆင်ခင်းကျင်း၍ မယား, သမီးတို့နှင့် ဆီးကြို လက်ခံပြီးလျှင် ဗိုလ်ချုပ်ကြီး ဘူဘာကီး, ၎င်းမယား, မြင်းတပ်ဗိုလ်ချုပ်, ကုန်သည်အသင်း လူကြီးမှ စ၍ အရပ်ရပ် လူကြီးလူကောင်း ၅၀ ကျော်တို့ အရောက်စုံညီလျှင် စားပွဲထိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



၎င်းစားပွဲမှာ မြန်မာသံတော်တို့ကို ရည်၍ ခင်းသည်စားပွဲ ဖြစ်သောကြောင့် မြို့ဝန်ကတော် ပထမ ထိုင်ပြီးလျှင် လက်ယာဘက်က သံတော်အရာရှိတို့ကို ချထားပြီးမှ ကျန်အရာရှိတို့ သင့်ရာ နေထိုင် စားသောက်ကြရသည်။ ပြီးလျှင် အစည်းအဝေး ဖိတ်ကြားသည် ပရိသတ်တို့ အသီးအသီး ရောက်လာကြသည်။ မြန်မာသံတော်, အပေါင်းပါ ရွှေတိုက်ကြပ်, စာရေးလူငယ်တို့လည်း ရောက်လာ၍ မုန့်ယို အချိုအဆိမ့် မျိုးစုံများကို ကောင်းမွန်စွာ ခင်းကျင်း တည်ကျွေးသည်။ ၎င်းတောင်ဟော တိုက်ခန်းကြီးငယ် ကြည့်ရှုဖွယ်များကိုလည်း မြို့ဝန်ကတော် ကိုယ်တိုင် လိုက်ပြ ကြည့်ရှုရသည်။ ၎င်းတိုက်တွင် ၃ နာရီခန့် နေထိုင်ပြီးမှ ပြန်လာကြသည်။ ပြင်သစ်နိုင်ငံတွင် စစ်ဖြစ်ပြီးသည့်နောက် အရပ်ရပ် ဖွဲ့စည်းသည် ရဲမက်ပေါင်း တစ်သန်း ရှိကြောင်း၊ အမြောက် ၁ လျှင် ကျည် ၅၀၀ ကျ ဆေး ခဲယမ်း အစုံနှင့် အမြောက်ပေါင်း ၂၄၀၀ ရှိကြောင်း၊ နောက်ပေါ်သည် အကောင်းဆုံး ရှတ်စဖို ခေါ်သည့် သေနတ်ပေါင်း ကိရိယာစုံ သန်းငါးသိန်း ရှိကြောင်းများကို နောက်လာမည့် သီတင်းလတိုင်လျှင် ပြီးပြေ ပြည့်စုံတော့မည် အကြောင်းများနှင့် မိုလ်ချုပ်ကြီးဘူဘာကီး ပြောဆို ကြားသိရသည်။

မျူးမတ် လေးသင်းတို့က ယခုလက်ရှိ မျူးမတ် အရာရှိတို့ကို လဲပြောင်းလိုပြန်သည့် အကြောင်းများနှင့် ဗာစိုက်မြို့ မြူနီစီရန် တိုက်နန်း အစည်းအဝေးမှာ ပြောဆိုသည်ကို သမ္မတမင်းက လက်မခံနိုင်။ ၎င်းမျူးမတ် ၄ သင်းတို့ စကားကို ပယ်ကြောင်း၊ ပယ်သည်အရာမှာလည်း ၎င်းသမ္မတမင်းကို သမ္မတအရာ တင်စဉ်ကာလက နှစ်ပေါင်း ၇ နှစ် အုပ်ချုပ်စီရင်ပါ ကတိရှိသည်။ သည်ကဲ့သို့ အုပ်ချုပ် စီရင်ရမည် ဖြစ်လျှင် ကျွန်ုပ် သဘောတူသည် မျူးမတ်များနှင့် ညှိနှိုင်း တိုင်ပင်ရမှ ဖြစ်မည်။ မျူးမတ်ကို နေ့ရက်မကြာ လဲပြောင်း ခန့်ထားသည်အရာသည် တိုင်းခြေပြည်မြစ် ဖြစ်ရန် အကြောင်းမဟုတ်။ တိုင်းကျိုးပြည်ကျိုး ဆုတ်ယုတ်ရန် အကြောင်းဖြစ်သည်။ သို့ဖြစ်၍ မျူးမတ် ၄ သင်းတို့ စကားကို လက်မခံနိုင်၊ ပယ်ကြောင်းနှင့် သတင်းစာရသည်။ ၎င်းနေ့ည မြို့ဝန်အိမ် အစည်းအဝေးက ပြန်လျှင် မာရကတ်ကြီးမာဆေးမြို့[၁] သို့ ထွက်သွားနှင့်သည်။

၎င်းလပြည့်ကျော် ၁၄ ရက်[၂] တနင်္ဂနွေနေ့ နံနက် ၇ နာရီအချိန် ထမင်းဖိုး၊ တိုက်ခမှ စ၍ အရပ်ရပ် ရှင်းလင်းရန်များကို ရှင်းလင်း ပေးကမ်း၍ သံတော်အရာရှိ, အပေါင်းပါလူတို့ အသုံးအဆောင်၊ ဝန်သေတ္တာများနှင့်တကွ

၁။ Marseilles ၂။ ၁၂ ဇူလိုင် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



မာဆေးမြို့သို့ သွားရန် မီးရထားရုံသို့ ထွက်ခဲ့ကြသည်။ မီးရထားရုံသို့ ရောက်လျှင် ယမန်နေ့ကပင် လာရန်းမြို့ဝန်က မြန်မာသံတော်တို့ မာဆေးမြို့သို့ သွားရာ အခြားသူတို့နှင့် မရောမနှော၊ သံတော်အရာရှိတို့ သီးခြားစီးနင်းရန် မီးရထား ပြင်ဆင်ရှိစေမည် အကြောင်းနှင့် မီးရထားရုံ လူကြီးတို့ကို မှာထားဆင့်ဆိုပြီး ဖြစ်၍၊ သံတော်အရာရှိတို့ သီးခြားစီးရန် ရထားများကို အသင့် အသင့် ပြင်ဆင်ရှိနှင့်သောကြောင့် ၎င်းရထားသို့ တက်စီး၍ ၎င်းနေ့ ၇ နာရီခွဲအချိန် လာရန်းမြို့ မီးရထားရုံက ထွက်ခဲ့ကြသည်။ မီးရထားလည်း အလွန် လျင်မြန်သည်။ အရပ်အနေလည်း နည်းသည်။ ၎င်းနေ့ တစ်နာရီအချိန် **အာဘီညောင်မြို့** [၁] သို့ ရောက်မှ မီးရထားရုံတွင် နံနက်စာ စားကြသည်။

၎င်းက ၂ နာရီအချိန် ထွက်လာပြန်ရာ ၄ နာရီအချိန် မာဆေးမြို့ မီးရထားရုံသို့ ရောက်သည်။ မာရကတ်ကြီးလည်း မီးရထားရုံက ဆီးကြို စောင့်နေနှင့်သည်။ မာဆေးမြို့ ဒလူလေတ်ပေ ခေါ်သည့် ဟိုတယ်တိုက် လူကြီးတို့ကလည်း ကြေးနန်းနှင့် မှာထားပြီး ဖြစ်၍ လူစီးရထား၊ ဝန်တင်ရထား အစုံနှင့် ဆီးကြို စောင့်နေနှင့်သည်။ ၎င်းရထားများတွင် ဝန်သေတ္တာများကို တင်၍ မာရကတ်ကြီးနှင့်အတူ ရထားစီးနင်းပြီးလျှင် ၎င်းဟိုတယ်သို့ လာကြသည်။ လာရန်းမြို့က မာဆေးမြို့ရောက် ထွက်လာခဲ့သည် လမ်းစဉ် တစ်လျှောက် ဝဲယာများမှာ ကြည့်ရှုလျှင် လာရန်းမြို့က အာဘီညောင်မြို့ ရောက် လမ်းဝဲယာများမှာ လုပ်ငန်းလုပ်ထာ ညံ့သည်။ သစ်ပင် အစိုက်အပျိုး နည်းသည်။ တောတောင် ခြောက်သည်။ ကျေးသိမ် ရွာငယ် များသည်။ အာဘီညောင်မြို့က အလွန်တွင်မှ လုပ်ငန်းလုပ်တာ သစ်ပင် တောတောင် စိုစိုပြည်ပြည် ရှိသည်။ ၎င်းလမ်း ဝဲယာများမှာ **အော်လစ်** [၂] ခေါ်သည် သစ်ပင် အများအပြား စိုက်ထားရှိသည်ကို တွေ့မြင်ခဲ့ရသည်။ ၎င်းနေ့ ၆ နာရီအချိန် မာဆေးမြို့ဝန် တရားစီး သံတော်တို့ရှိရာ တိုက်အိမ်သို့ လာရောက်ပြီးလျှင် နက်ဖြန် ၉ နာရီအချိန် ပင်လယ်ဆိပ်ကမ်းရှိ သင်္ဘောကျင်း၊ သင်္ဘော အဆိုက် အရပ် အထွက်အဝင် ကြည့်ရှုရန်များနှင့် ဆေးအလုပ်၊ ဆပ်ပြာအလုပ်၊ မီးတိုင်အလုပ် ကြည့်ရှုရန် ရှိသည်များကို ကိုယ်တိုင် လိုက်ပြပါမည် အကြောင်း၊ သန်ဘက်ခါ ညကိုလည်း သံတော်အရာရှိတို့ကို ညစာစားပွဲ ဖိတ်ကြားပါကြောင်းနှင့် ကောင်းမွန်စွာ နှုတ်ခွန်းဆက်လက် ဖိတ်ကြား ပြောဆို၍ ပြန်သွားသည်။

---

၁။ Avignon ၂။ Olive – သံလွင်ပင်



www.burmeseclassic.com

www.burmeseclassic.com



ဧင်းနေ့ မာဆေးမြို့ရှိ **အီတာလျံ ကောင်စစ် ဂျင်နရက်** [၁] ဆိုသူ လာရောက်ပြီးလျှင် မာဆေးမြို့က မည်သည့်နေ့ရက် ထွက်မည်၊ အီတာလျံ နိုင်ငံ မည်သည့်မြို့ကို သွားမည်၊ အီတာလျံနိုင်ငံအတွင်း မည်သည့် အမှုကိစ္စ များကို ဆောင်ရွက်စေလိုသည်များကို မေးမြန်းလာသောကြောင့် နောက် လာမည့် **ဗုဒ္ဓဟူးနေ့** [၂] မာဆေးမြို့က ထွက်၍ **တုလောင်မြို့** [၃] သို့ သွားမည် အကြောင်း၊ နောက်စနေနေ့ တုလောင်မြို့က ထွက်၍ အီတာလျံနိုင်ငံ ဂျင်နဝါ မြို့သို့ သွားမည် အကြောင်း၊ ဧင်းဂျင်နဝါမြို့တွင် **အာရဘိုက်ရိုက်ကျား** [၄] နှင့် တွေ့လိုကြောင်းများကို ပြောဆိုရာ သံတော်အရာရှိတို့ အလိုရှိသည်အတိုင်း နေရာကျအောင် ဆောင်ရွက်ပါမည် အကြောင်း၊ ကုန်ခဲ့သည် လက အီတာလျံ နိုင်ငံရှိ မြန်မာ ကျွန်တော်မျိုး တစ်ယောက်ကို အာရဘိုက်ရိုက်ကျားက စေလွှတ်လိုက်သောကြောင့် ကျွန်ုပ်ထံ လာရောက် ပျော်ပျော်ပါးပါး နေထိုင် ပြန်သွားကြောင်း၊ သံတော်အရာရှိတို့ အီတာလျံနိုင်ငံသို့ ရောက်လျှင် အီတာလျံမင်း မှူးမတ်ပြည်သူတို့က မြန်မာနိုင်ငံကို အလွန် စုံမက်ရင်း ရှိသည် နှင့်အညီ ကောင်းမွန်စွာ လက်ခံပြုစုပါလိမ့်မည် အကြောင်း၊ သံတော်တို့နှင့် တွေ့ရအောင် သံတော်တို့ မပြန်မီ တစ်ခေါက်လာပါဦးမည် အကြောင်း များနှင့် ကြည်ကြည်လင်လင် ရွှင်ရွှင်လန်းလန်း နှုတ်ခွန်းဆက်လက် ပြန်သွား သည်။

ဧင်းလပြည့်ကျော် ၁၅ ရက် [၅] တနင်္လာနေ့ ၉ နာရီအချိန် သံတော် အရာရှိ, အပေါင်းပါလူတို့နှင့် မာရကတ်ကြီးတို့ အစုံအညီ ရထားစီးနင်းပြီး လျှင် မာဆေး မြို့ဝန်အိမ်သို့ သွားကြသည်။ မြို့ဝန်လည်း တောင်ဟော ခေါ်သည် တိုက်အိမ်တွင် ပြင်ဆင်အသင့်ရှိသည် ဖြစ်၍ ဧင်းမြို့ဝန်နှင့်အတူ ရထားစီးနင်းပြီးလျှင် သင်္ဘောဆိပ်သို့ လှည့်ပတ် သွားရောက် ကြည့်ရှုကြ သည်။ သင်္ဘောဆိပ်အုပ် လူကြီး ဆိုသူလည်း သင်္ဘောဆိပ်က ဆီးကြို၍ သင်္ဘောဆိပ်ဟောင်း ဆိပ်သစ်, သင်္ဘောကျင်း, ရေကူး မီးရထားလမ်း, ရေတံခါး, ကုန်လှောင်တိုက်, ဝန်ချီရေစက်, ဧင်းရေစက်ကို အားပေးသည် မြင်း ၁၂၀ အားရှိ မီးစက်, သင်္ဘောကျင်းက ရေကို ထုတ်ယူသည်စက်ရုံ, ဧင်းစက်ရုံအတွင်း မြင်း ၁၂၀ အားရှိ မီးစက် ၆, တည်လုပ်ဆဲ သင်္ဘောဆိပ်ပါ, ဆိပ်ဟောင်း ဆိပ်သစ် ၆ ဌာန, စံရှားခေါ် ခံမြို့, စံနိကိုလာခေါ် ခံမြို့များကို လှည့်ပတ် ကြည့်ရှုကြသည်။ သင်္ဘောဆိပ် ၆ ဌာနအတွင်း ကောက်ကောက်

---

၁။ Italian consul-General ၂။ ၁၅ ဇူလိုင် ၁၈၇၄ ၃။ Toulon
၄။ Alberto Racchia ၅။ ၁၃ ဇူလိုင် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



စင်းစင်း သဘောဆိုက်ရန် ပြင်ဆင်ပြီး ကမ်းခြေ တောင်သင့် ခုနစ်ထောင် ရှိကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းပြင်ဆင်ပြီး ကမ်းထိပ်တစ် လျှောက်မှာလည်း ကုန်လှောင်တိုက် အဆက်မပြတ် ရှိသည်။ ၎င်း ကုန် လှောင်တိုက်အတွင်း ထုတ်ဆဲ သွင်းဆဲ ဂျုံအမျိုးမျိုး၊ သိုးမွေး အမျိုးမျိုး၊ သံကျောက် အမျိုးမျိုး၊ သားရေ အမျိုးမျိုး၊ သကြား အမျိုးမျိုး၊ သံအမျိုးမျိုး၊ ကျောက်မီးသွေးမှ စ၍ အရပ်ရပ် ကုန်များကို ချဆောင်သယ်ယူ အလွန် များပြားရှိသည်။ ၎င်းသဘောဆိပ်ကမ်းများကို လှည့်ပတ်ကြည့်ရှု ပြန်သည် ကာလ မီးစက်တပ် သမ္ဗန်ငယ်နှင့် ရေကြောင်းက လှည့်၍ ပြန်လာခဲ့ကြ သည်။

၎င်း ၆ ဌာန ဆိပ်ကမ်းအတွင်း မီးသဘော အထပ်ထပ်၊ ရွက်သဘော အထပ်ထပ် အလွန် များပြားသည်။ ဆိပ်သစ် ၅ ဌာနမှာ ကုမ္ပဏီအသင်း ဖွဲ့၍ ၎င်းကုမ္ပဏီတို့က တစ်နှစ်လျှင် ငွေဒင်္ဂါး ၅ သန်း စရိုက်ထုတ်၍ လုပ်ဆောင်ပြင်ဆင် ယခုတိုင် နှစ်ပေါင်း ၁၂ နှစ်, ဒင်္ဂါး ၆ ကုဋေ ကုန်ကြောင်း၊ ယခု လုပ်ဆောင်ဆဲ ဆိပ်လည်း ဒင်္ဂါး တစ်ကုဋေ ကုန်ဝင်ရန် ရှိကြောင်း၊ စ၍ တည်ထောင်သည်နှစ်က ယနေ့တိုင် ၁၂ နှစ်အတွင်း ဆိပ်ခွန် ဆိပ်ခ မရှိ။ တိုင်းကျိုးပြည်ကျိုး တိုးပွားဖြစ်ထွန်း ဆိပ်ကမ်း ကြီးကျယ်ရန် သဘော ထား၍ လုပ်ဆောင်ကြကြောင်း၊ ၎င်းဆိပ်ခွန် ဆိပ်ခကို ယခုနှစ်က စ၍ ကုန်တန်ချိန် ၁ လျှင် **စံတိန်း**[၁] ခေါ် ပိုက်ဆံ ၁၂ ပြားကျ ကောက်ခံမည် ကြံစည်ရှိကြောင်း၊ သည်ကဲ့သို့ ကောက်ခံရလျှင် တစ်နှစ်ကို ငွေဒင်္ဂါး တစ်သန်းကျော် ရရန်ရှိကြောင်း၊ စိုက်ထုတ်နှင့် ရသည်ငွေ ပြေရုံမျှသာ သည်ကဲ့သို့ ကောက်ခံမည် အကြောင်း၊ ငွေရင်းပြေသည်နောက် တိုင်းကျိုး ပြည်ကျိုး တိုးပွားအောင် ဆိပ်ခွန် ဆိပ်ခ အကောက်အခံ မရှိ, လွတ်ငြိမ်း စေမည် အကြောင်းနှင့် ပြောဆို ကြားသိရသည်။ ၎င်းဆိပ်ကမ်းကို လှည့်ပတ် ကြည့်ရှုရာ တစ်တိုင် တစ်တိုင် ၄ သစ်, အရှည် ၂ တောင်ခန့် အသားဝါရောင် အဆင်းနှင့် သစ်သားအများ စုပုံထားသည်ကို တွေ့၍ မေးလျှင် သားမွေး ချည်, ပိုးချည်များမှာ အဝါဆိုးရန် အမေရိကန်နိုင်ငံက ဆောင်ယူခဲ့သည် သစ်သား ဖြစ်သည် ပြောဆိုသောကြောင့်၊ ၎င်းသစ်သားကို သက်န်းဆိုးရည် နှင့် လျော် မလျော် ဆရာတော်၊ သံဃာတော်တို့ကို ပြသရန် စံတစ်ချောင်း တောင်း၍ ယူခဲ့သည်။ ၎င်းသစ်သားမှာ အခွံ မွဲမွဲ၊ အသားဝါရောင် ရှိသည်။ အသားလည်း ပွသည်။ အပင်သဏ္ဌာန်ကို မေးလျှင် နွယ်ရောင် ပင်ရောင်ဟု

၁။ Centime



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုသည်။ ပိန္နဲ့နွယ် ဆိုသည်နှင့် သဘောတူလိမ့်မည် မှတ်ထင်မိသည်။ ၎င်းသစ်ပင်ကို ပြင်သစ်ဘာသာ ဖြူစတေး ခေါ်သည် ပြောဆို ကြားသိရသည်။ ၎င်းသဘော်ကျင်းများကို ၃ နာရီခန့် လှည့်ပတ်ကြည့်ရှု ပြန်လာကြသည်။ မြို့ဝန်လည်း သံတော်တို့ တည်းနေအိမ် တိုက်သို့ ရောက်မှ ပြန်သွားသည်။

၎င်းနေ့ ၃ နာရီအချိန် မြို့ဝန် သံတော်တို့ရှိရာ လာရောက် ကြိုယူလာသောကြောင့် သံတော်အရာရှိ၊ အပေါင်းပါလူ၊ မာရကတ်ကြီးတို့ မြို့ဝန်နှင့်အတူ ရထားစီးနင်းပြီးလျှင် မာဆေး **တပါကို**[၁] ခေါ်သည် ဆေးလိပ်လိပ်သည် တိုက်ရုံသို့ သွားကြသည်။ ရောက်လျှင် ၎င်းတိုက်လူကြီး ဗြေတိန်းဆိုသူ ဆီးကြိုလိုက်ပြ ကြည့်ရှုရသည်မှာ အမရိကန်နိုင်ငံ၊ တူရကီ နိုင်ငံမှစ၍ အရပ်ရပ် နိုင်ငံတကာက ဆောင်ယူခဲ့သည် ဆေးအမျိုးမျိုးများကို လှောင်ထားရာ တိုက်ခန်း၊ ၎င်းတိုက်ခန်းရှိ ဆေးများကို ယူပြီးလျှင် အထုပ်ကိုဖြေ၍ သန့်ရှင်းစင်ကြယ်အောင် ရွေးချယ်ရာ တိုက်ခန်း၊ ၎င်းရွေးချယ်ပြီး ဆေးများကို ခေါင်းအညှာရိုး ကုန်စင်အောင် ကတ်ကြေးစက်ယယ်နှင့် ဖြတ်ရာတိုက်ခန်း၊ ၎င်းဖြတ်ပြီး ဆေးများကို မခြောက်မသွေ့စေရ၊ ပျော့ပျောင်းအောင် ရေဖျန်းပက် ပျော့ပျောင်းစေသည် တိုက်ခန်း၊ ၎င်းပျော့ပျောင်းပြီး ဆေးများကို ဆေးရည်၊ ဓာတ်ရည်များနှင့် နှော၍ အချင်း ၃ တောင်ခန့်ရှိ၊ ဖောက် ၃ တောင်ခန့်ရှိ ဓာတ်အိုးကြီးအတွင်း ဆေးကောင်း ဆေးညံ့ နှောစပ်မိအောင် ဖျော်နှောသည် တိုက်ခန်း၊ ၎င်းဖျော်နှောပြီး ဆေးများကို နှိပ်စက်သို့ ထည့်သွင်း၍ အချိန်ခွက် ၅၀ ခန့် တစ်သားတည်းဖြစ်အောင် နှိပ်၍ အရည်ကိုစစ်စေသည် တိုက်ခန်း၊ ၎င်းအရည်စစ်ပြီး ဆေးခဲကို လက်နှင့်ဖြန့်၍ တစ်ရွက်ချင်း နေစေပြီးမှ ရွက်ကြောကို သင်ယူသည် တိုက်ခန်း၊ ၎င်းရွက်ကြောသင်ပြီး ဆေးများကို ဆေးလိပ်ပြင်ထပ်ရစ်ပတ်ရန် အနာအပေါက် မပါသည် ဆေးရွက်ကို ရွေးချယ်၍ ပြင်ထပ်ပတ်ရန် ဆေးရွက် တခြား၊ အပေါက်အနာပါ၍ မကောင်းသည် ဆေးရွက်များကို ဆေးသားလုပ်ရန် တခြား သီးသန့်ရွေးချယ်ထားရာ တိုက်ခန်း၊ ၎င်းရွေးချယ်ပြီး ဆေးရွက်ကောင်းကို ထပ်ကာထပ်ကာ အတွန့်အလိပ် မရှိစေရအောင် နှိပ်စက်ယယ်နှင့် နှိပ်၍ ၎င်းနှိပ်ပြီး ဆေးရွက်များကို တစ်ရွက်စီ သင်တုန်းကဲ့သို့ အသွားထက်သည့် စက်ဘီးယယ်ဖြင့် ဖြတ်သည် တိုက်ခန်း၊ အထက် ရွေးချယ်၍ အနာပါသည် ဆေးရွက်များကို စက်သို့သွင်း၍ နုပ်နုပ်မျှင်မျှင် သိမ်မွေ့အောင် ဓားစက်နှင့် ဖြတ်

၁။ Tobacco



www.burmeseclassic.com

www.burmeseclassic.com



သည့် တိုက်ခန်း၊ ၎င်းဖြတ်ပြီး ဆေးသားများကို သွေ့ခြောက်အောင် ခရုစက် ပြွန်သို့ သွင်း၍ လှည့်ပတ်ခြောက်စေသည် တိုက်ခန်း၊ ၎င်းခြောက်ပြီး ဆေးသားနှင့် အထက် ရွေးချယ် ဖြတ်ထားသည် ပြင်ထပ်စည်းရန် ဆေးရွက်များကို ပေါင်း၍ ဆေးလိပ်လိပ်ရန် တိုက်ခန်း၊ အထက် ရွေးချယ် အနာပါသည် ဆေးရွက်တချို့ကို ဝါးဆေးလုပ်ရန် ကြိုးလွန်းကဲ့သို့ လက်ညှိုးခန့် ဖြစ်အောင် စက်နှင့် လွန်းရောက်သည့် တိုက်ခန်း၊ ဝင်ရိုးခန့် ကြိုးလွန်း ပမာဏ ဖြစ်အောင် လက်နှင့် လွန်းရောက်သည့် တိုက်ခန်း၊ ၎င်းလွန်းရောက်ပြီး ဝါးဆေးများကို နှိပ်စက်နှင့် နှိပ်ရာ တိုက်ခန်း၊ အထက် သိမ်မွေ့စွာ စည်းဖြတ်ပြီး ဆေးသားများကို စက္ကူနှင့် ဆေးလိပ်ငယ် ဖြစ်အောင် လိပ်သည် တိုက်ခန်း၊ ၎င်းဆေးလိပ်များကို လေပူတိုက်သို့ သွင်း၍ သွေ့ခြောက်စေသည် တိုက်ခန်း၊ ၎င်းသွေ့ခြောက်ပြီး ဆေးလိပ်များကို စက္ကူထုပ်သို့ သွင်းထားသည် တိုက်ခန်း၊ ၎င်းစက္ကူထုပ်များကို သစ်သားသေတ္တာ စည်များသို့ သွင်းသည် တိုက်ခန်း၊ ၎င်းစည်သေတ္တာများကို လုပ်ရာ တိုက်ခန်းမှ စ၍ အရပ်ရပ် ကြည့်ရှုရန် ရှိသည်များကို လှည့်ပတ် ကြည့်ရှုကြသည်။

၎င်းတိုက်တွင် အရပ်ရပ် စက်များကို အားပေးသည် မီးစက် မြင်းအား ၂၄ ရှိကြောင်း၊ ၎င်းတိုက်တွင် ယောကျာ်း မိန်းမ အလုပ်သည် လူပေါင်း ၁၂၀၀ ရှိကြောင်း၊ တစ်နေ့လျှင် ဆေးလိပ် သုံးသိန်း ပြီးကြောင်း၊ မိန်းမ တစ်ယောက်လျှင် ဆေးလိပ် တစ်နေ့ ၃၅၀ ပြီးကြောင်း၊ ၎င်းဆေးလိပ်များကို သင်္ဘောနှင့် တင်ဆောင်၍ အရပ်ရပ် နိုင်ငံမြို့ရွာများမှာ ရောင်းကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းတိုက်တွင် ၂ နာရီခန့် လှည့်ပတ်ကြည့်ရှု၊ ၎င်းတိုက်လူကြီးက သံတော်အရာရှိတို့ကို ဆေးသားလိပ်ထုပ် ၁၊ စက္ကူ ဆေးလိပ်ထုပ် ၁၊ ဆေးသားသက်သက် ထုပ်သည့် စက္ကူထုပ်များကို အသီးအသီး ပေးအပ် ရယူ ပြန်လာကြသည်။

နောက် မာစိုး ခေါ်သည် သကြားချက်စက်ရုံသို့ ဝင်ရောက် ကြည့်ရှုရာ ၎င်းတိုက်လူကြီး မာစိုး ဆိုသူ လိုက်ပြ ကြည့်ရှုရသည်မှာ နိုင်ငံတကာက ရောက်သည့် သကြားနီ၊ သကြားကြမ်းများကို နှောစပ်၍ ၎င်းသကြားအတွင်း ရှိသည် အညစ်အကြေးများကို စက်နှင့်ခွဲသည် ကာလ တင်လဲကဲ့သို့ သကြားက ထွက်သည့် အညစ်အကြေး အရည်များကို ထုတ်ယူသည် စက်ခန်း၊ ၎င်း အညစ်အကြေး သန့်ရှင်းပြီး သကြားများကို ဖျော်နှော ချက်လုပ်ပြန်၍ ဖြူစင်သောအရည်၊ ဝါသောအရည်၊ နီသောအရည် စသည်ဖြင့် အနုအကြမ်း ဖြစ်အောင် ခွဲလုပ်သည် စက်ခန်း၊ ၎င်းခွဲလုပ်ပြီး အရည်များအနက် အရည်



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းစုကို တစ်ဖန်ပြန်၍ ချက်လုပ်ပြန်သည်။ ဖြူစင်သော အရည်နကို အချင်း ၃ တောင်၊ ဇောက် ၃ တောင်ခန့်ရှိ ကြေးအိုး အတွင်း လေအလျှင်း မရှိစေရ၊ လုံခြုံစေ၍ ၎င်းကြေးအိုးကြီး အတွင်းသို့ ထည့်ပြီးလျှင် ဘာသာ ကျိုက်ကျိုက်ဆူစေ၍ ၎င်းဆူပြီး သကြားရည်များကို ပြွန်နှင့်ထုတ်ယူ, ပုံသို့ သွန်းလောင်း, အခဲအစိုင် ဖြစ်သည် တိုက်ခန်း၊ ၎င်း အခဲအစိုင်အတွင်း ကျန်ရှိ သည့် အညစ်အကြေးများကို လေစုပ်ပြွန်နှင့် ကုန်စင်အောင် စုပ်ယူသည် စက်ခန်း၊ ၎င်းစုပ်ယူပြီး သကြားခဲများကို အခဲလိုက် သိမ်းထားရာ တိုက်ခန်း၊ ၎င်းသကြားခဲ အချို့ကို အလိုရှိရာ လွှစက်နှင့် ဖြတ်ခွဲ၍ အတုံး ဖြစ်စေသည် တိုက်ခန်းမှ စ၍ အရပ်ရပ် ကြည့်ရှုရန် ရှိသည်များကို လှည့်ပတ် ကြည့်ရှု ရသည်။

၎င်းသကြားများကို ဖြူစေသည်မှာ အရိုးပြာအတွင်း ၎င်းအရည်ကို စက်နှင့် ဖြတ်သွားစေ၍ ဖြူစင်စေသည်။ ၎င်းအရိုးပြာကိုလည်း မည်သည့် အရိုးမဆို လုပ်ဆောင်ကြောင်း၊ သို့ရာတွင် နွားရိုးစိုစို ခြေရိုး လက်ရိုးများကို လုပ်ဆောင်ရလျှင် သာ၍ ကောင်းကြောင်း၊ မရနိုင်လျှင် မည်သည့် အရိုးမဆို ဟောင်းသည် ဖြစ်စေ၊ သစ်သည် ဖြစ်စေ အရိုးဆိုသမျှကိုပင် လုပ်ဆောင် ရကြောင်းနှင့် ပြောဆို ကြားသိရသည်။ ၎င်းစက်ရုံတွင် အရပ်ရပ် စက်များကို အားပေးသည် မီးစက် မြင်းအား ၁၅၀ စီ ရှိသည့် စက် ၂ ခု ဖြစ်ကြောင်း၊ ၎င်းစက်ရုံတွင် လုပ်ဆောင်သူ ယောကျ်ား မိန်းမ ၈၀၀ ရှိကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းအလုပ်အဆောင်များကို လှည့်ပတ် ကြည့်ရှု ပြီးလျှင် ၎င်းတိုက်လူကြီး မုန့်ယို အချိုအဆိမ့် မျိုးစုံများကို ခင်းကျင်း တည်ကျွေး၊ ၂ နာရီခန့် ကြည့်ရှု စားသောက်ပြီးမှ ပြန်လာကြသည်။ မြို့ဝန် လည်း သံတော်တို့ တည်းနေသည့် တိုက်အိမ်သို့ ရောက်မှ ပြန်သွားသည်။ ၎င်းနေ့ ဘက်လ်ာမြို့ရှိ ပြင်သစ်ကောင်စစ် ကိုယ်စားလှယ်ထံ သံတော်တို့ အကြောင်းအရာနှင့် နိုင်ငံခြားရုံးက ဆင့်သည် စာကို ရသည်။

**သက္ကရာဇ် ၁၂၃၆ ခု ဒုတိယ ဝါဆိုလဆန်း ၁ ရက်**[၁] အင်္ဂါနေ့ နံနက် ၈ နာရီအချိန် မာဆေးမြို့ဝန် ရထားနှင့် လာရောက် ကြိုယူလာသောကြောင့် သံတော်အရာရှိ, အပေါင်းပါ, မာရကတ်ကြီးတို့ အစုံအညီ ရထား စီနင်း လိုက်သွားကြရာ အာရမန်ခေါ်သည် ဆီကြိတ်စက်ရုံသို့ရောက်၊ ၎င်းတိုက် လူကြီး အာရမန် ဆိုသူ ဆီးကြိုလိုက်ပြ ကြည့်ရှုရသည်မှာ အမေရိကန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အာဖရိကကျွန်းများက လာရောက်သည် နှမ်းဖြူ, နှမ်းနက်

---

၁။ ၁၄ ဇူလိုင် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုး၊ မြေပဲအများ လှောင်ထားသည် တိုက်ခန်းသို့ ရောက်၍ မေးရာ ၎င်းနှမ်းများကို နှစ်လည်ခါကြူး ထားလိုလျှင် အိတ်နှင့်ထားက ပိုးမစားနိုင်။ အလွတ်ပုံထားလျှင် ၅ လ၊ ၆ လသာ ထားနိုင်သည်။ ၎င်းအတွင်းလည်း မပြတ် ပြန်လှန်မွှေနှောက် ပြင်ဆင်ရသည်။ သို့မှ ပိုးမစားသည်ဟု ပြောဆို ကြားသိရသည်။ ၎င်းတိုက်မှာ ယခုအခါ နှမ်းဆီ မကြိတ်မလုပ်။ မြေပဲဆီ ကြိတ်လုပ်သည့်အခါ ဖြစ်သောကြောင့် မြေပဲဆီ ကြိတ်လုပ်သည်ကိုသာ မြင်ရသည်။ ၎င်းမြေပဲဆီ ကြိတ်လုပ်သည်မှာ အခွံကွဲအောင် စက်နှင့် ကြိတ်သည်။ ပြီးလျှင် ရဟတ်စက်သို့ ထည့်၍ အခွံကို ထွက်စေပြီးမှ မြေပဲဆန် သက်သက်ကိုသာ ယူ၍ တစ်ဖန် ကြိတ်စက်သို့ ထည့်ပြန်ရာ၊ မြေပဲဆန် အလုံးကွဲ၍ ရှိသည်ကို ကျောက်ကြိတ်စက်ကြီးမှာ သွင်း၍ အညက် ကြိတ်သည်။ ၎င်းညက်ပြီး မြေပဲမှုန့်များကို သားမွေးချည်ရက် အိတ်နှင့်ထည့်၍၊ ကြိတ်စက်သို့ မသွင်းမီ လေပူတိုက်သို့သွင်း၍ နွေးနွေး ပူစေပြီးမှ ကြိတ်စက်သို့ ထည့်၍ ဆီညှစ်ကြိတ်သည် ကာလ၊ ကြံရည်များကို ကြိတ်ညှစ်သကဲ့သို့ တွေတွေစီး၍ ဆင်းသည်။ ၎င်းကြိတ်စက်လည်း ရေစက် ဖြစ်သည်။ ၎င်း ရေစက်များကို မီးစက်နှင့် အားပေးသည်။ ၎င်းမီးစက် မြင်း ၈၀ အား ရှိကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်း ပထမ ညှစ်ကြိတ်ပြီး ဦးရည်ကို လူသုံးရန် ရောင်းချရကြောင်း။ ၎င်း တစ်ကြိမ် ကြိတ်ပြီး ဆီဖတ်များကို ရေအတန်ငယ် ဖျန်းပက်၍၊ ကျောက်ကြိတ်စက်ကြီးသို့ ထည့်၍ အတန် ကြိတ်ပြန်သည်။ ၎င်းကြိတ်မှုန့်ကို အထက်နည်း သားမွေးချည်အိတ် သွင်းထည့်၍ လေပူတိုက်သို့ သွင်းပြန်သည်။ အတန်ငယ်ပူမှ ညှစ်မြဲ ညှစ်ပြန်သည် ကာလ အထက်နည်း တွေတွေစီး၍ ဆင်းပြန်သည်။ ၎င်း ဒုတိယ ဆီကို မူကား လူအသုံးအဆောင် မပြု။ ၎င်းဆီကို ဆပ်ပြာ ချက်လုပ်ကြောင်း၊ ကြိတ်ညှစ်ပြီး ဆီဖတ်များကိုလည်း တောင်သူ လုပ်ဆောင်သူတို့က သစ်ပင် စိုက်ပျိုး မြေကျွေးရန် ဝယ်ယူကြောင်းနှင့် ပြောဆို ကြားသိရသည်။ ၎င်း တိုက်က ဆီ တစ်နေ့လျှင် ကီလိုပေါင်း ၂ သောင်း ၃ ထောင် ထွက်အောင် ကြိတ်လုပ်နိုင်ကြောင်း၊ နှမ်း တစ်တန်လျှင် မြန်မာ ဒင်္ဂါး ၄၅၀ ပေးဝယ် ရကြောင်း၊ ၎င်း တစ်တန်ကို ဆီကြိတ်လျှင် ဆီဖိုး မြန်မာ ဒင်္ဂါး ၉၀၀ ရကြောင်းများကို ပြောဆို ကြားသိရသည်။ နှမ်းဆီနှင့် မြေပဲဆီများမှာ နှမ်းဆီက သာလွန်ကြောင်း၊ မြေပဲဆီမှာ ၂ ကြိမ် ညှစ်လျှင် ကုန်ကြောင်း၊ နှမ်းဆီမှာ ၃ ကြိမ် ညှစ်မှ ကုန်ကြောင်း၊ ၎င်းပထမ နှမ်းဆီမှာ လူသုံးရန်၊



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယ နမ်းဆီမှာ စက်အလုပ်အဆောင်များမှာ သုံးရန်၊ တတိယ နမ်းဆီမှာ ဆပ်ပြာ ချက်လုပ်ရန် ဖြစ်ကြောင်းများကို ပြောဆို ကြားသိရသည်။

ပြီးလျှင် ဆိတ်ရေလုပ်ဆောင်သည့် စက်ရုံသို့ သွားရောက် ကြည့်ရှုရာ ၎င်းတိုက်လူကြီး ဂျူရန်း ဆီးကြို လိုက်ပြ ကြည့်ရှုရသည်မှာ ဆိတ်ရေ အမျိုးမျိုး ထားသည့် တိုက်ခန်း၊ ၎င်း ဆိတ်ရေတွင် ပါသည့် ဆိတ်မွေးများကို ကတ်ကြေးဖြင့် ကုန်စင်အောင် ဖြတ်ယူသည့် တိုက်ခန်း၊ ဆိတ်မွေးများကို ဖွပ်လျှော်သည့် စက်ခန်း၊ ၎င်းဖွပ်လျှော်ပြီး ဆိတ်မွေးများကို စက်ထုပ် လုပ်ရသည့် တိုက်ခန်း၊ အထက် ဆိတ်မွေးဖြတ်ပြီး သားရေများကို ဆေးရည် စိမ်ရာ, ၎င်းစိမ်ပြီး သားရေများကို ဆယ်၍ အမွေးကုန်စင်အောင် ချက်ရာ တိုက်ခန်း၊ ၎င်းအမွေးစင်ကြယ်ပြီး သားရေများကို တစ်ဖန် အရောင်ဆေးရည် စိမ်သည့် တိုက်ခန်း၊ ၎င်းစိမ်ပြီး သားရေများကို ဆယ်ယူ ပွတ်တိုက်မြဲ ပွတ်တိုက်ပြီးလျှင် လှန်းရာ တိုက်ခန်း၊ ၎င်း လှန်းသည့် သားရေ တစ်ပတ်ရစ် ခန့် ရှိလျှင် ငါးဆီနှင့် သုတ်လိမ်း အရောင်တင်သည် တိုက်ခန်း၊ ၎င်းအရောင် တင်ပြီး သားရေများကို ချပ်ပေါင်း ၄၀, ၅၀, ၆၀ ထပ်၍ စက်နှင့် ညှပ်ပြီးလျှင် အထုပ်သွင်းသည့် တိုက်ခန်းမှ စ၍ အရပ်ရပ် ကြည့်ရှုရန် ရှိသည်များကို လှည့်ပတ် ကြည့်ရှုရသည်။ သားရေစိမ်သည့် ဆေးမှာ သိုးဆောင်းဘာသာ အုတ်[၁] ခေါ်သည့် သစ်ပင်က အခေါက်ကို ယူ၍ စက်နှင့် ညက်အောင် ကြိတ်ပြီးမှ အရည်ကို ချက်ကြို၍ ၎င်းအရည်နှင့် သားရေကို စိမ်သည်။ ၎င်းဆေးဖတ်ကို တစ်ဖန် စက်နှင့် ကြိတ်ပြန်၍ သွေ့ခြောက်စေပြီးလျှင် စက်အားပေး ရေနွေးအိုး မီးထည့်သည်။ ကျောက်မီးသွေး အခြား စက်ရုံများ မှာကဲ့သို့ မဝယ်ရ။ ၎င်းသစ်ပင်လည်း အခေါက်ကို ကြည့်လျှင် ငါတို့နိုင်ငံ ၄ခေါက်နှင့် တူလှ၏။ ၎င်းသစ်ပင် ပြင်သစ်နိုင်ငံတွင် အများရှိသည်ဟု ပြောဆို ကြားသိရသည်။ ၎င်းစက်ရုံ မီးစက် မြင်းအား ၃၀၊ လုပ်လူ မိန်းမ ယောကျ်ား ၈၀၀၊ ခုနစ်ရက်အတွင်း သားရေချပ် လေးသောင်းရှစ်ထောင် ပြီးကြောင်းများကို ပြောဆို ကြားသိရသည်။

၎င်း စက်ရုံလူကြီး တည်ကျွေးသည့် မုန့်ယို အချိုအဆိမ့်များကို စားသောက်ကြပြီးနောက် ဖယောင်းတိုင် မာရနီရေး ဆိုသူ ကုန်သည်ကြီး တိုက်သို့ သွားရောက်ကြည့်ရှုရာ၊ ၎င်းလူကြီး ဆီးကြိုလိုက်ပြ ကြည့်ရှုရသည် မှာ အာဖရိကနိုင်ငံ ထန်းပင်တစ်မျိုးမှ သီးသည့် စွန်ပလွံသီးခန့် ထန်းသီးကို ကြိတ်ညှစ်၍ ရသည့် အဆီကို စင်ကြယ်အောင် အချင်း ၄ တောင်, ဓောက်

[၁] Oak



www.burmeseclassic.com

www.burmeseclassic.com



၃ တောင်ခန့် ကြေးအိုးကြီး အများနှင့် ချက်၍ စင်ကြယ်စေပြီးမှ ၎င်းအရည်ကို တစ်စ တစ်စ ဓာတ်ခိုးဓာတ်ငွေ့ ဓာတ်ရည် အမျိုးမျိုးများနှင့် ဖြူစင်အောင် ချက်ကြို သန့်ရှင်း စင်ကြယ်သည့် အရည်များကို ကြေးလင်ပန်းတွင် ထည့်၍ အေးစေသည်ကာလ ဖြူစင်သော ဖယောင်း ဖြစ်သည်။ ၎င်းဖယောင်းကို သားမွေးအိတ်တွင် ထည့်၍ ညှပ်စက်နှင့် ကြိတ်ညှပ်ပြန်ရာ အလွန် စင်ကြယ်၍ ဖြူသည်။ ၎င်းဖယောင်းကို အခိုးဖြင့် ပူစေသည့် အိုးမှာ ထည့်၍ အရည် ဖြစ်စေပြီးမှ သဘောာထွန်း မီးတိုင်၊ **ဖန်ခွက်**[၁] အစည်းအဝေးထွန်း မီးတိုင်၊ စားပွဲခင်း မီးတိုင်၊ ပကတိထွန်း မီးတိုင်၊ ဂျပန်နိုင်ငံကြိုက် မီးတိုင်မှ စ၍ မီးတိုင်အမျိုးမျိုး ပုံနှင့်သွန်း၍ ယူသည်။ ၎င်းသွန်းပြီး ဖယောင်းတိုင်များကို အမျိုးလိုက် တညီတည်းဖြစ်အောင် စက်နှင့် ဖြတ်သည်။ စက်နှင့် အရောင်တင်သည်။ တံဆိပ်ခတ်သည်။ ပြီးမှ စက္ကူနှင့် ထုပ်၍ သေတ္တာသို့ သွင်းသည်။ တစ်ရက်လျှင် ထုပ်ရေ လေးသောင်း ပြီးသည်။ လုပ်လူ မိန်းမ ယောကျ်ား ၄၀၀ ရှိသည်။

သည်ကဲ့သို့ စဆုံး ၎င်းဖျား အလုပ်အဆောင်များကို ကြည့်ရှုပြန်လာကြရာ လောင်ရှန်း ခေါ်သည့် **မြူစီရန်း**[၂] တိုက်သို့ ဝင်၍ ကြည့်ရှုကြသည်။ ၎င်းတိုက်လည်း မြို့ကျက်သရေရှိအောင် မြို့က ရသည့် အခွန်ငွေနှင့် ဆောက်လုပ် ပြီးပြေ ခြောက်နှစ်ခန့်သာ ရှိသေးကြောင်း ပြောဆို ကြားသိရသည်။ ကုန်ဝင်ရန် စရိတ် ဒင်္ဂါး တစ်ကုဋေကျော် ကုန်သော ဟူ၏။ ၎င်းတိုက်တွင် ပန်းချီဆေးရေးရုပ် ကားစုံ အမျိုးမျိုး၊ ကျောက်ရုပ် အမျိုးမျိုး၊ ပင်လယ်ဖြစ် ခရု ယောက်သွား ငါးအမျိုးမျိုး၊ ငှက်အမျိုးမျိုး၊ သားအမျိုးမျိုး များကို အကောင်မပျက် ရှေးမြူစီရန်း တိုက်များကဲ့သို့ ခင်းကျင်း၍ ရှိသည်။ မြူစီရန်းငယ် တစ်ခုပင် ဆိုလောက်သည်။ ၎င်း တိုက် ၂ ဆောင်ကူး အလယ်ချက်တွင် ရေကန် အဆင့်ဆင့်နှင့် ရေတံခွန် ကျလျက် ရှိသည်။ ၎င်းရေကို မာဆေးမြို့ တစ်မြို့လုံး သောက်ရန် ဝေငှပေးသောရေ ဖြစ်ကြောင်းကို ပြောဆို ကြားသိရသည်။ ရေလည်း အလွန် သန့်ရှင်းကြည်လင် အေးမြသည်။ တိုက်လည်း ဆောက်ပုံလုပ်ပုံ ကောင်းသည်။ ၎င်းတိုက် ကြည့်ရှုပြီးမှ ပြန်လာကြရာ ၁၂ နာရီ အချိန်မှာ တည်းနေရင်း တိုက်သို့ ရောက်သည်။ မြို့ဝန်လည်း သံတော်တို့ တည်းနေသည့်တိုက်သို့ ရောက်မှ ပြန်သွားသည်။

၎င်းနေ့ ၂ နာရီအချိန် သံတော်အရာရှိ, အပေါင်းပါလူ, မာရကတ်ကြီးတို့ စုံညီ ရထားစီးနင်းပြီးလျှင် မြို့ဝန် နေထိုင်သည့် တောင်ဟောခေါ်

၁။ ဘန်းခွက် (Banquet) ဖြစ်မည်။ ၂။ Museum



www.burmeseclassic.com

www.burmeseclassic.com



တိုက်အိမ်သို့ သွားကြသည်။ မြို့ဝန်လည်း ရထားပြင်ဆင် အသင့် စောင့်နေနှင့်၍ ရောက်လျှင်ရောက်ချင်း ၎င်းတိုက် မင်းနေခန်း၊ မိဖုရား အိပ်ခန်း၊ ဧည့်ခံခန်း၊ အရပ်ရပ် တိုက်ခန်းကြီးငယ်များကို လှည့်ပတ်ပြသ ကြည့်ရှုရသည်။ ၎င်းတိုက်အိမ်လည်း မြို့ဝန်နှင့် ဆောက်သည့် တိုက်အိမ်တည်း။ ၆ နှစ်ခန့်သာ ရှိသေးသည် ဟူ၏။ တတိယနပိုလျှမ်းမင်း မိဖုရားနှင့်တကွ လာရောက်နေထိုင်ဖူးသော တိုက်အိမ်တည်း။ ၎င်းတိုက်ကို ကြည့်ရှုပြီးလျှင် မြို့ဝန်နှင့်အတူ ဆပ်ပြာလုပ်သည့် တိုက်သို့ သွားကြသည်။ ရောက်လျှင် ၎င်းတိုက်လူကြီး ဘာဘာနန်း ဆီးကြို လိုက်ပြ ကြည့်ရှုရသည်မှာ နှမ်းဆီ, မြေပဲဆီ, သားအမျိုးအဆီများကို ထုံးကျောက်နှင့် စုခေါ်သည့် ဓာတ်များကို ချက်လုပ်သည်။ ရသည့် ရေနှင့် ကြေးအိုးကြီးများတွင် ထည့်၍ ရောနှောချက်ကြို၊ တစ်စ တစ်စ ၎င်းအရည်ကို စင်ကြယ်စေ၍ ဒု ၁ တောင်, ဖြက် တောင် ၁၀၊ အလျား တောင် ၁၀ ခန့် ရှိသည် အကွက်အကန့်များ၌ သွန်းလောင်း၍ ပကတိ ခဲစေသည်။ ၎င်းခဲသည့် အခဲကို အလိုရှိရာ အကွက်အကန့်သား၍ ဓားကဲ့သို့ လွှတုံးနှင့် ကြိတ်၍ ဖြတ်သည်။ အစိုင်အခဲ ကောင်းမွန်စွာ ရသည်။ ၎င်းအစိုင်အခဲများကို အကြီးအငယ် အလိုရှိရာ ကြေးနန်းနှင့် ဖြတ်၍ အထုပ်သေတ္တာ သွင်းသည်။ တံဆိပ် ခတ်သည်။ ၎င်းဆပ်ပြာများမှာ ခဝါဖွပ်ရန် ဆပ်ပြာကြမ်းတည်း။ အသုံး အလွန်များသော ဟူ၏။ အထည်ဆိုးသည့် ဆေးအမျိုးမှာလည်း ၎င်းဆပ်ပြာ အားကြီးကြီး အသုံးကျသော ဟူ၏။ ၎င်းဆပ်ပြာ တစ်ဖန် ချက်ကျိုပြန်၍ ဖြူစင်သန့်ရှင်းစေပြီးမှ အစိုင်အခဲ ပြုလုပ်မြဲ ပြုလုပ်ပြီးလျှင် ပွတ်စက်သို့ တင်၍ ပါးပါးလွှာလွှာ မုန့်လေပွေကဲ့သို့ ဖြစ်စေပြီးလျှင် ခြောက်သွေ့အောင် လှန်း၍ ၎င်းခြောက်သွေ့ပြီး ဆပ်ပြာကို အရောင် အမျိုးမျိုး၊ အမွှေးအထုံ အနံ့အမျိုးမျိုးဖြစ်အောင် ကြိတ်နယ် ရောနှောပြီးမှ တစ်စနစ်တည်း ချိန်၍ လက်နှင့် လုံးသည်။ ၎င်း လုံးပြီး အခဲကို စက်ငယ်သို့ ထည့်၍ နှိပ်သည်ကာလ တံဆိပ် အရေးနှင့် တကွ ထင်၍ လက်ပွတ်ဆပ်ပြာခဲ ဖြစ်သည်။ ၎င်းဆပ်ပြာခဲ အဖြူ အနီ အစိမ်း အဝါ အရောင်အမျိုးမျိုး ရှိသည်။ အလွန် နသည်။ အနံ့ သင်းသင်းပျံ့ပျံ့ မွှေးသည်။ ၎င်းဆပ်ပြာခဲကို စက္ကူနှင့်ထုပ်၍ စည်းပြီးမှ အဆန်းတကြယ် သေတ္တာကြီးငယ် အမျိုးမျိုးနှင့် ထည့်သည်။ ၎င်းဆပ်ပြာကြမ်း, ဆပ်ပြာနုများကို နိုင်ငံတကာသို့ တင်ဆောင်ရသည်ဟု ပြောဆို ကြားသိရသည်။

၎င်းတိုက်က မုန့်ယို အချိုအဆိမ့်များကို ခင်းကျင်း တည်ကျွေး၍ စားသောက်ပြီးနောက် မီးခြစ် လုပ်ဆောင်သည်ရုံသို့ သွားကြပြန်ရာလည်း



www.burmeseclassic.com

www.burmeseclassic.com



၎င်းတိုက်လှုကြီး ရော်ရှက် ဆိုသူ ဆီးကြိုလက်ခံ လိုက်ပြ ကြည့်ရှုရသည်မှာ လူရိုး၊ နွားရိုးမှ စ၍ မည်သည့် အရိုးမဆို ရရာအရိုးကို ချက်၍ရယူရာ ကျောက်ဖယောင်းတိုင် အဆင်းကဲ့သို့ ဖြူစင်သန့်ရှင်းသော ဓာတ်ကို ရသည်။ ၎င်းဓာတ်ကို ရေနှင့် အမြဲထားရသည်။ ရေနှင့်ကင်း၍ အတော်ကြာလျှင် မီး ဖြစ်သည်။ ၎င်းဓာတ်လည်း တစ်မျိုး။ ရေနှင့်မစပ်၊ ကြည်းကုန်း၌ ပေါက်ရောက်သည့် မည်သည့်သစ်ပင်မဆို ရရာသစ်ပင်များကို ခုတ်ယူ၊ ပြာဖုတ်လုပ်၊ ချက်ကျိုသည့်ကာလ ယမ်းစိမ်းပြန်စင်၊ သကြားပြန်စင်များကဲ့သို့ ဖွေးဖွေးဖြူလျက် ကြိတ်မိညှပ်မိလျှင် မီးကို ဖြစ်စေတတ်သော ဓာတ်လည်း တစ်မျိုး။ ခဲမကို ချက်၍ရသော ဆေးနီနှင့် ကန့်ရည်ကို ရောနှော မွှေနှောက်သည် ကာလ အခိုးခြောင်းခြောင်းထလျက် မီးစွဲလွယ်, လောင်လွယ်သော ဓာတ်လည်း တစ်မျိုး။ ဆိုခဲ့ပြီးသည့် ဓာတ်အမျိုးမျိုးများကို အစပ်သင့်အောင် စပ်၍ မီးခြစ်တံ အဖျားမှာ တပ်ရန် ထားရသည်။ ၎င်းပြင် ချည်သန့် ချည်ကောင်း, ဖြတ်ကင်းလွတ်သည့် ချည်များကို ကောင်းမွန်စွာ ဖြူစင်စေလျက် ၄ ပင်, ၅ ပင် ပေါင်း၍ ယောက်လုံးမှာ ရစ်ပြီးလျှင် ဖယောင်းကို ပူသော အခိုးအငွေ့ဖြင့် ညင်းညင်းသာသာ အရည်ဖြစ်စေလျက် ပေါင်းပြီး ချည်မျှင်ကို ၎င်းဖယောင်းရည်သို့ နှစ်ချ၊ ဆွဲငင်၊ ယောက်လုံးကြီးနှင့် ယောက်ယူသည့်ကာလ ချည်မျှင်မှာ ဖယောင်းကပ်၍လိုက်သည်။ သည်ကဲ့သို့ ၆ ကြိမ်မြောက် ဖယောင်းရည်မှာ နှစ်သည့်ကာလ ဝင်ရိုးခန့် လုံးသော ဖယောင်းကြိုးရှည် ဖြစ်သည်။ ၎င်း ဖယောင်းကြိုးရှည်ကို အပူအငွေ့ဖြင့် နှောစေသော သံနန်းပေါက်သို့ သွင်း၍ ညင်းညင်း ဆွဲသည်ကာလ အလွန် လုံးလျောင်း ချောမောလှသော ဖယောင်းကြိုး ဖြစ်သည်။

၎င်းဖယောင်းကြိုးကို အရှည် ၁ တောင် ၁ မိုက် ၄ သစ်ခန့်၊ လုံးပတ် အချင်း ၂ မိုက်ခန့် ရှိသည် ယောက်လုံးတွင် ခုနစ်တန့်, ရှစ်တန့် ခလုတ်ငယ် ခြားလျက် ခြားလျက် ရစ်သည်။ ၎င်းရစ်ပြီး ယောက်လုံးကြီးက ဖယောင်းကြိုးစများကို ယူ၍ စက်ငယ် နန်းပေါက်သို့ သွင်းပြီးလျှင် ၃ သစ်ခန့် တစ်ပြိုင်နက် အညီအညွတ် စက်နှင့် ဖြတ်သည်။ ၎င်းစက်ဖြတ်ပြီး ဖယောင်းကြိုးငယ် ၃ သစ်ခန့်များလည်း တညီတည်း စိုက်၍ထားသကဲ့သို့ ကားပေါင်တွင် စိုက်လျက် ရှိသည်။ ၎င်းပြင် သစ်သားမီးခြစ်တံ ၃ သစ်ခန့် ဖြတ်ပြီး စည်နှင့်သွင်းလျက် အခြားနိုင်ငံက ဝယ်ယူခဲ့သည် မီးခြစ်တံများကို စက်အိမ်သို့ သွင်း၍ တညီတညွတ်တည်း စိုက်ဘိသကဲ့သို့ ကားပေါင်သွင်းသည်။ ၎င်းဆိုခဲ့ပြီးသည့် ဖယောင်းကြိုး, ကားပေါင်, သစ်သား မီးခြစ်တံ ကားပေါင်



www.burmeseclassic.com

www.burmeseclassic.com



များကို အထက် ဆိုခဲ့သည် ဓာတ်ရည်ကို အလွန် ညီညွတ်သည် အင်ပျဉ်ပေါ်တွင် အထူအပါး သင့်လျော်အောင် ညှိဖျန်းလျက်၊ ၎င်းညှိဖျန်းပြီး ဓာတ်ရည်တွင် ကားပေါင်တင်ပြီး ဖယောင်းမီးခြစ်တံ၊ သစ်သားမီးခြစ်တံများကို နှိပ်ချသည်ကာလ မီးခြစ်တံဖျားတွင် ဓာတ်ဆေးရည်စွဲလျှင် ၎င်းဓာတ်ဆေးရည် ခြောက်အောင် အထိအခိုက်မရှိ လေလုံသည့် သံတိုက်ခန်းများတွင် အဆင့်ဆင့် သွင်း၍ ၆ နာရီခန့် ထားရသည်။ ၎င်းအတွင်း ရံခါရံခါ မီးခြစ်တံက မီးဖြစ်၍ လောင်တတ်သည်။ သို့ဖြစ်၍ ၎င်းတိုက်ခန်းကို သံတိုက်ခန်း လုပ်ရသည်။ အနားတွင်လည်း သဲအများ ခင်း၍ ထားရသည်။ ၎င်းဆေး ခြောက်သည်ကာလ ထုပ်ရန် မီးခြစ်တံလုပ်ရန် စက္ကူကို တံဆိပ် အမျိုးမျိုး၊ အရုပ်အမျိုးမျိုး နှိပ်၍ စက်နှင့် ဖြတ်ပြီးလျှင် တစ်ဖန် စက်သို့သွင်းပြန်၍ စက္ကူသေတ္တာ စက္ကူအိတ် ဖြစ်စေလျက် ၎င်းအိတ်သေတ္တာအတွင်းသို့ ခြောက်ပြီး မီးခြစ်များကို သွင်းရသည်။ မီးလည်း အလွန် လောင်တတ်သည်။

၎င်းတိုက်တွင် အစအဆုံး စေ့နှံ့အောင် လှည့်ပတ် ကြည့်ရှုပြီးလျှင် မီးခြစ်သေတ္တာ လုံးရေ ၁ လက်ဆောင်ပေးလိုက်သည်ကို ယူ၍ ထွက်လာပြီးနောက် သင်္ဘောစက်, မီးစက်, အမြောက်, သင်္ဘော ရေနွေးအိုး , ပီးစက် ရေနွေးအိုးမှ စ၍ အရုပ်ရုပ် ကြေးသံ အထည်များကို လုပ်ဆောင်သည် ပေါ်ရုံကြေး ခေါ်သည် စက်ရုံသို့ သွားရောက် ကြည့်ရှုကြရာ ၎င်းစက်ရုံလူကြီး ပေါ်ရုံကြေး ဆီးကြိုလိုက်ပြ ကြည့်ရှုရသည်မှာ ရေးကာလက သွန်းလုပ်သည် အမြောက်ဟောင်းများကို ရိုက်ဘတ်နောက်ထိုး အမြောက် ဖြစ်အောင် ပြင်ဆင်ရာအရုပ်၊ အမြောက် အတွင်းမှာ ဝက်အူမြောင့် ဖြစ်အောင် လုပ်ဆောင်သည်စက်၊ ၎င်းအမြောက်များကို ခိုင်အောင် သံမဏိသံ ထပ်၍ လုပ်ဆောင်သည် အရုပ်၊ ရေနွေးအိုး လုပ်ဆောင်သည် အရုပ်၊ မီးစက်အမျိုးမျိုး လုပ်ဆောင်သည် အရုပ်၊ ပွတ်စက် ရွှေပေါ်စက် ဖောက်စက် ကတ်ကြေးစက် ဝန်ချီစက် အမျိုးမျို ထားရာ အရုပ်၊ စက်ပုံအမျိုးမျိုး ရေးသားရာ အရုပ်မှ စ၍ အရုပ်ရုပ် ကြည့်ရှုရန် ရှိသည်များကို လှည့်ပတ် ကြည့်ရှုပြီးမှ ပြန်လာကြသည်။ ၆ နာရီ အချိန်မှ တိုက်အိမ်သို့ ရောက်သည်။ မြို့ဝန်လည်း တိုက်အိမ်သို့ ရောက်မှ ပြန်သွားသည်။

၎င်းနေ့ည ၇ နာရီခွဲအချိန် သံတော်အရာရှိတို့ အင်္ကျီလက်ကျယ် ရွှေစလွယ် ဆင်ယင်လျက် မြို့ဝန်အိမ်သို့ စားပွဲထိုင် သွားကြသည်။ ရောက်လျှင် မြို့ဝန်နှင့် မြို့ဝန်မယားတို့ ကောင်းမွန်စွာ ဆီးကြို၍ မာဆေးမြို့ရှိ ဗိုလ်ချုပ်ကြီး တပ်ဗိုလ် အရာရှိစုံ၊ ကုန်သည်သင်းအုပ် ကုန်သည်ကြီး လူကြီး

www.burmeseclassic.com



လူကောင်း ၂၀ ကျော်တို့နှင့်အတူ စားပွဲထိုင်ရသည်။ ၎င်းစားပွဲလည်း သံတော်တို့ကို ရည်၍ ခင်းသော စားပွဲတည်း။ အလွန် လှပ ကောင်းမွန်လှ၏။ အဖိုး အများတန်၏။ ၎င်းအစည်းအဝေးတွင် ဘန်း [၁] အတီးအမှုတ် အလွန်ကောင်းမွန်စွာ ခင်းကျင်း တီးမှုတ်သည်။ စားပွဲထိုင်ပြီးနောက်မှ အစည်းအဝေးလာရောက်သည် ပရိသတ်လည်း အလွန် များသည်။ သံတော်အရာရှိ၊ အပေါင်းပါ ရွှေတိုက်ကြပ်၊ စာရေးလုလင်တို့ကိုလည်း အစည်းအဝေးသို့ ဖိတ်ကြား၍ လာရောက်သည်ကို ကောင်းမွန်စွာ ပြုစုသည်။ ၎င်းအစည်းအဝေးတွင် ၄ နာရီခန့် နေထိုင်၍ ပြန်လာကြသည်။

၎င်းနေ့ အီတာလျံ ကောင်စစ် ဂျင်နရက် စကြံဘီရီ လာရောက်ပြီးလျှင် သံတော်တို့ အီတာလျံနိုင်ငံသို့ လာရောက်မည် အကြောင်းအရာများကို နိုင်ငံခြားဝန်ကြီးထံ ကြေးနန်းနှင့် ပြောရာ ကောင်းမွန်စွာ လက်ခံပါလိမ့်မည် အကြောင်း၊ အာရဘိုက်ရိုက်ကျား ပင်လယ်ခရီးလွန်သောကြောင့် သံတော်တို့ကို အကြိုမလွှတ်ရ ရှိကြောင်း၊ မြန်မာနိုင်ငံတော်သို့ ရောက်ဖူးသူဖြန့်ကဲရီကို ဂျင်နဝါမြို့ [၂] က ဆီးကြိုစေမည် အကြောင်းနှင့် နိုင်ငံခြားဝန်ကြီးထံက ကြေးနန်းရသည်ဟု ပြောဆိုသည်။ ၎င်းမြို့ဝန်အိမ် အစည်းအဝေးတွင်လည်း ၎င်းကောင်စစ်ကို တွေ့သည်။ နိုင်ငံတော်သို့ ရောက်သည်ကာလ မည်သည့်အမှုမဆို အလိုရှိသမျှ မှာထားလျှင် ပြေကုန်အောင် ဆောင်ရွက်ပါမည် အကြောင်းနှင့် ပြောဆိုသည်။ ချစ်ခင်လှသော မိတ်ကောင်း မိတ်စစ်လက္ခဏာ ရှိသည်။ ၎င်းနေ့ ရွှေဖဝါးတော်အောက်က ပေးပို့သည် စာများကို ရသည်။ စာတွင် ပါသည်မှာ စည်ရှည်လမ်းတောင်ဘက် မြို့တွင်းတွင် တပယ်မင်းသားအိမ် အနောက်က စ၍ အိမ်ခြေ ၄၀ ကျော် မီးလောင်ကြောင်း၊ အိမ်ရှေ့တော်အရှေ့ ကုက္ကိုပြင် ဂူန္တန်းတန်း ရာဇမှတ်တိုင်များကို **ကဆုန်လဆန်းတစ်ရက်** [၃] နေ့ မိုးကြိုးကျကြောင်း၊ သမိန်ဘရမ်းကို သက်တော်ရှည်ဘွဲ့ပေးကြောင်း၊ **နယုန်လပြည့်ကျော် ၅ ရက်** [၄] ဘိသိက်ခံ၊ ၎င်းလပြည့်ကျော် **၁၃ ရက်** [၅] နေ့ မြို့သိမ်းတော်မူကြောင်း၊ **ကဆုန်လဆန်း ၂ ရက်** [၆] နေ့ မြစ်ငယ်အတွင်း ငါးကြီး ငါးငယ် ထင်းတုံးကဲ့သို့ ပေါပေါပေါ်၍ သေကြောင်းများနှင့် ပါသည်။

**ငင်းလဆန်း ၂ ရက်** [၇] ဗုဒ္ဓဟူးနေ့ ၂ နာရီအချိန် သံတော်အရာရှိ၊ အပေါင်းပါလူတို့ ဝန်စည်နှင့်တကွ ရထားစီးနင်း၍ တုလွန်မြို့သို့သွားရန်

---

၁။ Band ၂။ Genoa ၃။ ၁၆ ဧပြီ ၁၈၇၄ ၄။ ၄ ဇွန် ၁၈၇၄
၅။ ၁၂ ဇွန် ၁၈၇၄ ၆။ ၁၇ ဧပြီ ၁၈၇၄ ၇။ ၁၅ ဇူလိုင် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



မီးရထားရုံသို့ ထွက်ခဲ့ကြသည်။ မာရကတ်ကြီးမှာ ၎င်းနေ့နံနက် စောစော ကပင် တုလွန်မြို့သို့ ရှေ့လွန် အလျင်သွားနှင့်သည်။ မီးရထားရုံသို့ ရောက် လျှင် သံတော်အရာရှိ၊ အပေါင်းပါလူတို့ သီးခြားစီးနင်းရန် ပြင်ဆင်ထား သည့် ရထားမှာ စီးနင်း ထွက်လာခဲ့ကြသည်။ ၎င်းနေ့ ၃ နာရီခွဲအချိန် တုလွန်မြို့ မီးရထားရုံသို့ ရောက်သည်။ မီးရထားရုံတွင် မာရကတ်ကြီး ဆီးကြို စောင့်နေနှင့်သည်။ တုလွန်မြို့ ဂရံတုလွန် ခေါ်သည့် ဟိုတက်လူကြီး တို့ကလည်း ကြေးနန်းနှင့် မှာထားပြီးဖြစ်၍ လူစီးရထား၊ ဝန်တင်ရထား များနှင့် အသင့် စောင့်နေနှင့်သည်။ ၎င်းရထားများမှာ စီးနင်း၍ ဂရံတုလွန် ဟိုတက်သို့ လာကြသည်။ ၎င်းတိုက်လည်း အသစ်လုပ်ဆောင် ပြီးပြေစ ဖြစ်၍ အလွန် သန့်ရှင်းကောင်းမွန် ကျယ်ဝန်းရှိသည်။ လာခဲ့သည့် လမ်း ဝဲယာတစ်လျှောက်များမှာ လုပ်ငန်းလုပ်တာ စပ်ကာ စပ်ကာ၊ သစ်ပင် တောတောင် စိုစိုပြည်ပြည်၊ ကျေးရွာတိုက်အိမ် ဆက်ကာ ဆက်ကာ၊ ပင်လယ်ကို လက်ယာထားလျက်၊ ရံခါ ပင်လယ်ကို မြင်တုံ၊ ရံခါ ပင်လယ်ကို မမြင်တုံ လာရသည်။ ၎င်းလမ်းတွင် စပျစ်ပင်လုပ်ငန်း, အော်လစ်ခေါ်သည် သစ်ပင်လုပ်ငန်းများသာ အားကြီးရှိသည်။ တောင်ပေါ် တောင်ထိပ်များမှာ လုပ်ငန်းနည်းသည်။ ထင်းရှူးသစ်ပင် အများ ပေါက်သည်။

ဂရံဟိုတက် တိုက်သို့ ရောက်လျှင် တုလွန်မြို့ဝန် မြို့တွင် မရှိ၊ အဝေး အရပ်မှာ ရှိနေခိုက် ဖြစ်၍ ၎င်းနေ့ည ၈ နာရီအချိန်မှ သံတော်တို့ကို နှုတ်ဆက် လာပါလိမ့်မည်။ ၎င်းနေ့ ၄ နာရီခွဲအချိန် မြို့ဝန်လက်ထောက် လာရောက်၍ သံတော်တို့ကို နှုတ်ဆက်ပါလိမ့်မည်။ ၅ နာရီအချိန် သံတော်အရာရှိတို့ တုလွန်မြို့ရှိ ရေကြောင်းချုပ်ဗိုလ်ကြီးထံ သွားရောက်နှုတ်ဆက်၍ နက်ဖြန် ရေကြောင်းဆိပ်ကမ်း အခင်းအကျင်းများကို ကြည့်ရှုရပါလိမ့်မည် အကြောင်း များနှင့် မာရကတ်ကြီး ပြောဆိုသည်။ လာရန်မြို့ဝန်သို့ ပေးရန် ဝန်ရှင်တော် မင်းကြီး ရုပ်ပုံကိုလည်း မာရကတ်ကြီးသို့ အပ်၍ ပို့စေသည်။ ၎င်းနေ့ ၄ နာရီခွဲအချိန် မြို့ဝန်လက်ထောက် လူဘန်းဆ လာရောက်၍ နက်ဖြန် ၈ နာရီအချိန် သံတော်အရာရှိတို့ကို သင်္ဘောဆိပ်သို့ လိုက်လံ ပြသပါမည် အကြောင်းများနှင့် ပြောဆို၍ အရိုအသေ နှုတ်ခွန်းဆက်လက် ပြန်သွားသည်။ ၎င်းနေ့ ၅ နာရီအချိန် တုလွန်မြို့ရှိ ရေကြောင်းချုပ်ဗိုလ်ကြီး ဘော်လေဂစ်လ ဘာရီးထံ သံတော်အရာရှိ၊ မာရကတ်ကြီးတို့ သွားရောက် နှုတ်ဆက်ကြသည်။ ၎င်း ဗိုလ်ကြီးလည်း ကောင်းမွန်စွာ လက်ခံ၍ နက်ဖြန် တည်လုပ်ပြီးပြေစ ရေသို့ ချမည်ဆဲဆဲ တိုက်သင်္ဘောနှင့် အရပ်ရပ် တိုက်သင်္ဘောများကို သံတော်



www.burmeseclassic.com

www.burmeseclassic.com



တို့ ကြည့်ရှုရန် ရေကြောင်းဗိုလ် အရာရှိတို့ကို ဆင့်ဆိုပြီး ဖြစ်၍ နက်ဖြန် ကောင်းမွန်စွာ ကြည့်ရှုပါမည် အကြောင်းနှင့် ပြောဆိုသည်။ ၎င်းတိုက်အိမ်တွင် နာရီဝက်ခန့် နေထိုင် စကားပြောဆို နှုတ်ခွန်းဆက်လက် ပြန်လာကြသည်။

၎င်းနေ့ ၆ နာရီအချိန် အီတာလျံကောင်စစ် လာ၍ ရှိသေလေးမြတ်စွာ နှုတ်ခွန်းဆက်လက်၊ အီတာလျံနိုင်ငံသို့ ရောက်မည့် နေ့ရက်များကို မေးသည်။ နောက် **စနေနေ့**[1] ဂျင်နဝါမြို့သို့ အရောက်သွားမည် အကြောင်းနှင့် သံတော်တို့က ပြောသည်။ အီတာလျံမင်းလည်း ရောမမြို့တွင် ရှိကြောင်း၊ အီတာလျံမင်း မှူးမတ်ပြည်သူတို့ မြန်မာနိုင်ငံတော်နှင့် ဆက်လက်မိသည်ကို ဝမ်းမြောက်ဝမ်းသာ ရှိကြောင်းများနှင့် ပြောဆို ပြန်သွားသည်။ ၎င်းနေ့ ၈ နာရီအချိန် တုလွန်မြို့ဝန် လာရောက် နှုတ်ခွန်းဆက်လက်၍ နက်ဖြန် ၈ နာရီအချိန် သံတော်တို့ကို အရပ်ရပ် လှည့်ပတ် ကြည့်ရှုရန် လိုက်ပြရအောင် ကြိုယူလာပါမည် အကြောင်းနှင့် ပြောဆို ပြန်သွားသည်။

**၎င်းလဆန်း ၃ ရက်**[2] ကြာသပတေးနေ့ သံတော်အရာရှိ၊ အပေါင်းပါလူတို့နှင့် မာရကတ်ကြီးတို့ ရထားစီးနင်းပြီးလျှင် ပင်လယ်ဆိပ်ကမ်း မင်းနှင့်ဆိုင်သည် အလုပ်အကိုင်များကို ကြည့်ရှုရန် သွားကြသည်။ ပင်လယ်ဆိပ်ကမ်းက ရေကြောင်းအရာရှိ လက်ပတန်ဒွိဘီး ဆိုသူ ဆီးကြိုပြီးလျှင် သမ္ဗန်နှင့်ကူး၍ တည်လုပ်ပြီးပြေစ မာရန်ကိုး ခေါ်သည် သံတိုက်သင်္ဘောကြီးသို့ သွားရောက် ကြည့်ရှုကြသည်။ ၎င်းသင်္ဘော အလျားမက် ၉၀, တောင်သင့် တောင် ၁၈၀, အနံမက် ၁၈, တောင်သင့် ၃၆ တောင်, ဖောက်မက် ၁၈ မက်, တောင်သင့် ၃၆ တောင်, ရေစူးမက် ၉, တောင်သင့် ၁၈ တောင်, မြင်းအား ၁၀၀၀၊ ၎င်းသင်္ဘောတွင် ရဲမက်အမှုထမ်းနှင့်တကွ ပါလူ ၇၂၀, အမြောက်ကြီး ၈, ကျည်ဝင်ကီလိုပေါင်း ၁၁၀, တစ်ကီလိုလျှင် နှစ်ပေါင်၊ တစ်ပေါင်လျှင် ၂၇ ကျပ် ၅ မူးနှင့် တွက်လျှင် ကျည်ချိန်ခွက် ခြောက်ဆယ် ကျပ်ငါးဆယ် ရှိသည်။ အမြောက်ကျည်ဝင်ဝ **စံတီးမက်**[3] ပေါင်း ၂၇၊ စံတီးမက် ၁၅ လျှင် တစ်မိုက်ကျ တွက်လျှင် ၂ မိုက်ခန့် ရှိသည်။ ၎င်းသင်္ဘောတွင် လူကြီး ဆိုသူ ကမ္ဗဒိုဗေဒေ ဆီးကြိုလိုက်ပြ ကြည့်ရှုရသည်မှာ ကုန်းပတ်က အောက်ရေစူး စက်ခန်းထိ ၆ ဆင့်ထားလျက် သင်္ဘောအလယ်တွင် ခံမြို့ကဲ့သို့ သံပြား အခိုင်အခံ့ ၃ ၈ လက်မခန့်နှင့် လုပ်ဆောင်သည်။

---

၁။ ၁၈ ဇူလိုင် ၁၈၇၄ ၂။ ၁၆ ဇူလိုင် ၁၈၇၄ ၃။ Centimetre



www.burmeseclassic.com

www.burmeseclassic.com



၎င်းအတွင်း ပထမ ကုန်းပတ်က အမြောက်ထား ခံမြို့ငယ် ဝဲယာ ၂ စီ, ၄၊ အလိုရှိတိုင်း လှည့်ပတ်ပစ်နိုင်အောင် စက်ကိရိယာစုံနှင့် ထားသည်။ ၎င်းနည်းတူ ဒုတိယဆင့်ကလည်း အမြောက်ကြီး ဝဲယာ ၂ စီ ထားသည်။ ၂ စု အမြောက်ကြီး ၈၊ သမ္ဗန်တင် အမြောက်ငယ် သေနတ် ဓား စစ်ကိရိယာစုံ၊ ခဲတိုက် ယမ်းတိုက် သင်္ဘောကိရိယာတိုက်၊ ရဲမက်တို့ နေထိုင်သည် တိုက်ခန်း၊ အရာရှိတို့ နေထိုင်သည် တိုက်ခန်း၊ ဗိုလ်ချုပ် နေထိုင်သည် တိုက်ခန်း၊ တက်မကိုင် နေထိုင်ရန် ကုန်းပတ်ထက်က တစ်ဌာန၊ ၎င်းအောက် ရေ အတွင်းက တစ်ဌာန၊ သင်္ဘောအလယ် ခံမြို့အတွင်းက တစ်ဌာန၊ ၃ ဌာန အလိုရှိတိုင်း ရအောင် ပြင်ဆင် အသင့်ထားပြီးလျှင် ဦးဖျား ပဲ့ဖျား ရေပေါ်သို့ ပေါ်သည်။ သင်္ဘော အဆောက်အဦ အလုံးစုံပင် ပျက်သော်လည်း အလယ် ခံမြို့အတွင်း ရဲမက်နှင့်တကွ မပျက်မစီးနိုင်အောင် လုပ်ဆောင်ထားသည် များကို တွေ့မြင်ရသည်။ ဦးက ဝမ်းလယ်၊ ဝမ်းလယ်က ပဲ့၊ တစ်ပိုင်းနှင့် တစ်ပိုင်းကိုလည်း ထိခိုက်ကျိုးပေါက်၍ ရှိလျှင် ရေမကူး မဝင်နိုင်အောင် အသီးအသီး အခိုင်အခံ့ ကန့်လျက် ထားသည်များကို တွေ့ရသည်။ ၎င်း သင်္ဘော ဝဲယာ အထက်အောက် စေ့နှံ့အောင် ကြည့်ရှုပြီးလျှင် လာရင်း သမ္ဗန်ကိုစီး၍ ၎င်းတိုက်သင်္ဘောများက ပျက်စီးယိုယွင်းရှိသည် စက်ကိရိယာ၊ အမြောက် သေနတ် ကိရိယာများကို ပြင်ဆင်လုပ်ဆောင်သည့် စက်ရုံသို့ သွားကြသည်။

၎င်းစက်ရုံတွင် အထက် အထက် ကြည့်ရှုခဲ့သည် မြို့စီရန်း လက်နက် တိုက်များမှာကဲ့သို့ သေနတ် ဓားလှံ အဟောင်းအသစ် အမျိုးမျိုးများကို စီစဉ် ခင်းကျင်းထားသည်။ သေနတ်ကြီး သောင်း ၈ ထောင်၊ သေနတ်ငယ် ၂ သောင်းခန့်၊ ဓားလှံအများ တွေ့မြင်ရသည်။ ထားပုံသိုပုံ ကောင်းမွန်လှ၏။ ၎င်းက အမြောက်ဟောင်း ပြင်ဆင်သည် စက်ခန်း၊ သင်္ဘောကိရိယာ အသုံး အဆောင် လုပ်သည် စက်ခန်းများကို လှည့်ပတ် ကြည့်ရှု ပြန်လာကြသည်။ ၎င်းစက်ရုံတိုက်တွင် လက်နက် ကိရိယာနှင့် စပ်သည် အလုပ်အဆောင်၊ အမြောက်ဆန် ဗုံးဆန် များပြားလှ၏။ ၎င်း ဆိပ်ကမ်းတွင် သံတိုက်သင်္ဘော ၆ စင်း ဆိုက်လျက် ရှိသည်။ ၎င်းပြင် တိုက်သင်္ဘောများမှာ **မစ်ဒီတာရေ နီယန်း-အိုသျှန်း**[၁] ပင်လယ်အတွင်း လှည့်ပတ်သွားလာခိုက် ဖြစ်ကြောင်း ပြောဆို ကြားသိရသည်။ ၎င်းမြို့ဆိပ်ကမ်းမှာ ပြင်သစ်နိုင်ငံတွင် တိုက် သင်္ဘောအများ ထားရန် ဆိပ်ကမ်းတစ်ခု ဖြစ်သည်ဟု ပြောဆို ကြားသိ

---

၁။ Mediterranean Ocean



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ၎င်းဆိပ်ကမ်းများကို ကြည့်ရှုပြီးလျှင် စီးနင်းမြဲ သမ္ဗန်နှင့် စီးလာခဲ့၍ သံတော်အရာရှိ၊ အပေါင်းပါလူတို့ ရထားသို့ တက်မှ လက်ပတန်ဒွိဘီး နေရစ်သည်။ သံတော်အရာရှိတို့လည်း အစဉ်အတိုင်း တိုက်အိမ်သို့ ပြန်လာ၍ ၁၁ နာရီ အချိန်မှ တိုက်အိမ်သို့ ရောက်သည်။ သံတော်အရာရှိတို့ သင်္ဘောဆိပ်သို့ သွားခိုက် ယမန်နေ့ သွားရောက်နှုတ်ဆက်သူ ရေကြောင်းဗိုလ်ချုပ်ကြီး ဘော်လေဂျစ်ဘရီး လာရောက်၊ သံတော်တို့နှင့် မတွေ့သောကြောင့် နှုတ်ဆက် လက်မှတ်ထား၍ ပြန်သွားနှင့်သည်။

၎င်းနေ့ ၂ နာရီခွဲအချိန် သံတော်အရာရှိ၊ အပေါင်းပါလူတို့နှင့် မာရကတ်ကြီးတို့ ရထားစီးနင်းပြီးလျှင် တုလွန်မြို့ဝန် လိုမြတ်ရဆီရေး ဆိုသူအိမ်သို့ သွားကြသည်။ မြို့ဝန်လက်ထောက်နှင့်အတူ ရထားစီးနင်းပြီးလျှင် ဖိုရှုံတီရေလာစိမ်း ခေါ်သည့် စက်ရုံသို့ သွားရန် သင်္ဘောဆိပ်သို့ ဆင်းကြသည်။ စက်ရုံလူကြီး မွှကာ မီးသင်္ဘောငယ်နှင့် သင်္ဘောဆိပ်က ဆီးကြိုဆောင်ယူ၊ ပင်လယ်ထောင့်ကွေးသို့ ဖြတ်၍ စက်ရုံသို့ သွားကြသည်။ စက်ရုံသို့ရောက်လျှင် စက်ရုံလူကြီး မွှ ဆီးကြို၍ အရပ်ရပ် လိုက်ပြ ကြည့်ရှုရသည်မှာ သင်္ဘောနှင့်စပ်သည့် သံအလုပ်၊ သစ်သား အလုပ်များကို လုပ်ဆောင်ရာ အရပ်ရပ် စက်ရုံများနှင့် အမေရိကန်တောင်ပိုင်း ဘရစ်နိုင်ငံ[၁] မင်းသို့ပေးရန် မြစ်သွား သံတိုက်သင်္ဘောကို ကြည့်ရှုကြသည်။ ၎င်းသင်္ဘောရော မက်ပေါင်း ၇၅၊ ဝမ်းဝ ၁၈ မက်၊ ဇောက် ၄ မက်၊ ရေစူး ၃ မက်၊ မြင်းအား ၂၆၀၊ အမြောက် ဆိုခဲ့သည့် အမြောက်ကြီး ၄ လုံး တင်နိုင်ကြောင်း၊ ခရီး တစ်နာရီလျှင် ၁၂ တိုင် သွားကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းသင်္ဘောနှင့်ယှဉ်လျက် ပြင်သစ်နိုင်ငံတွင် သုံးရန် တိုက်သင်္ဘောချင်း အပြင်းလိုက်၍ တိုက်ခိုက်နိုင်အောင် စနစ်ထား၍ တည်လုပ်ဆဲ သံ တိုက်သင်္ဘောကိုလည်း ကြည့်ရှုကြသည်။ ၎င်းသင်္ဘော ရော အလျား မက်ပေါင်း ၁၀၀၊ မက်ဝမ်းဝ ၁၅ မက်၊ ဇောက် ၁၁ မက်၊ မြင်းအား ၇၂၀၀ ရှိကြောင်း၊ အမြောက်ကြီး လုံးရေ ၂၀ တင်နိုင်ကြောင်း၊ တစ်နာရီလျှင် ခရီး ၁၇ တိုင် ရောက်အောင် စနစ်ထား၍ လုပ်ဆောင်ကြောင်းများကို ပြောဆို ကြားသိရသည်။ ငါတို့ ရေနန်းယာဉ်သာ သင်္ဘောခန့် ရှိသည့် သင်္ဘောငယ် ၁ တည်လုပ်ပြီးပြေ ရှိသည်ကိုလည်း ဝန်ချီစက် တစ်ခုတည်းနှင့် ချီ၍ ရေထဲသို့ ချသည်ကို တွေ့မြင်ရသည်။ ၎င်းဝန်ချီစက် ကီလိုပေါင်း ငါးသောင်း၊ ပိဿာချိန် ၂ သောင်း ၇ ထောင်ငါးရာများကို ချီနိုင်သည့်စက် ဖြစ်ကြောင်းကို ပြောဆို ကြားသိရသည်။

---
၁။ Brazil



www.burmeseclassic.com

www.burmeseclassic.com



ငင်းစက်ရုံတွင် ကြည့်ရှုရန် ရှိသည်များကို လှည့်ပတ် ကြည့်ရှု၊ စက်ရုံလူကြီး မွကာ တည်ကျွေးသည် အချိုများကို စားသောက်ကြပြီးလျှင် ရွှေလက်တော်ရောက် ဆက်ရန် ငင်းစက်ရုံက လုပ်ဆောင်၍ နိုင်ငံတကာသို့ ရောင်းချသည့် တိုက်သင်္ဘော အမျိုးမျိုး, ကုန်သင်္ဘော အမျိုးမျိုး, မြစ်သွား တိုက်သင်္ဘော ပုံစံများကို စာအုပ်ထည့်သွင်း၊ တံဆိပ်တော် ခတ်မှတ်၍ ပေးအပ်လိုက်သည်။ ငင်းစက်ရုံလူကြီး မွကာ နိုင်ငံတော်နှင့် ဆက်လက်၍ အလိုတော်ရှိသမျှ ကုန်သင်္ဘော, တိုက်သင်္ဘော, မြစ်သွား ပင်လယ် သင်္ဘော များကို လုပ်ဆောင် ဆက်သ ထမ်းရွက်လိုကြောင်းနှင့် ပြောဆိုသည်။ ငင်း စက်ရုံက သံတော်အရာရှိ, မာရကာတ်ကြီး, တုလွန်မြို့ဝန်, ငင်းလက်ထောက်, စက်ရုံလူကြီး မွတို့နှင့်အတူ စီးခဲ့ရင်း မီးသင်္ဘောငယ်ကို စီး၍၊ တုလွန်မြို့ တောင်မျက်နှာ ပင်လယ်ထောင့်ကွေး ဝဲယာ ကမ်းခြေတစ်လျှောက်ရှိ ခံမြို့ ခံကတုတ်များကို လှည့်ပတ် ကြည့်ရှုကြသည်။

ငင်းတုလွန်မြို့ကို သုံးမျက်နှာ တောင်ဝန်းရံလျက် တောင်မျက်နှာက ပင်လယ်လက်ကြား တစ်ပေါက်တည်းသာ ရှိသည်။ ငင်းလက်ကြားက ဝင်၍ အလျား ၂ တိုင်၊ အနံ တစ်တိုင်ခန့် သင်္ဘောကြီးငယ် အလိုရှိတိုင်း ဝင်နိုင်သည် ပင်လယ်ထောင့်ကွေး ရှိသည်။ ငင်းပင်လယ်ထောင့်ကွေး ဝဲယာ ကမ်းခြေများမှာ ခံမြို့ ခံကတုတ် လက်နက်ကိရိယာ အပြည့်အစုံနှင့် ဆက်ကာ ဆက်ကာ ရှိသည်။ ပတ်လည် တောင်ထိပ် မြင့်ရာ မြင့်ရာ အရပ်များကလည်း ခံမြို့ အသီးအသီး ရှိသည်။ တိုက်သင်္ဘောလည်း မြို့စောင့် ရဲမက် လက်နက် ကိရိယာ အစုံနှင့် ၈ စင်း အမြဲထားရသည်။ ရုံခါ တိုက်သင်္ဘော ၂၀၊ ရုံခါ တိုက်သင်္ဘော ၃၀ ငင်း ဆိပ်ကမ်းတွင် မပြတ်ရှိကြောင်းကို ပြောဆို ကြားသိ ရသည်။ ပင်လယ်ကမ်း တစ်လျှောက် တောင်စဉ် တောင်တန်းများလည်း အလွန် စိမ်းလဲ့နပျိုသည်။ ငင်းမြို့မှာ အိမ်ခြေလူနေ မများလွန်း။ သို့သော် လည်း မင်းနှင့်ဆိုင်သည် တိုက်သင်္ဘောထားရာအရပ် မစ်ဒိတာရေနီယန်း ပင်လယ်စောင့်မြို့ ဖြစ်၍ ပြင်သစ်နိုင်ငံတွင် ကျော်စော ထင်ရှားလှ၏။ ငင်းမြို့ အနေအထိုင်များကို ပင်လယ်က လှည့်ပတ်၍ ကြည့်ရှုပြီးလျှင် တည်းနေရင်း တိုက်အိမ်သို့ ပြန်လာကြသည်။ စက်ရုံလူကြီး မွမှာ သင်္ဘော ဆိပ်သို့ ရောက်မှ ပြန်သွားသည်။ မြို့ဝန်နှင့် မြို့ဝန်လက်ထောက်တို့မှာ သံတော်တို့ တည်းနေသည့် တိုက်အိမ်သို့ ရောက်မှ ပြန်သွားသည်။

**ငင်းလဆန်း ၄ ရက်**[1] သောကြာနေ့ ၉ နာရီအချိန် သံတော်အရာရှိ,

၁။ ၁၇ ဇူလိုင် ၁၈၇၄

www.burmeseclassic.com



အပေါင်းပါလူ, မာရကတ်ကြီးတို့ အီတာလျံနိုင်ငံသို့ ကူးသွားရန် မီးရထား ရုံသို့ ရောက်လျှင် ထွက်ခဲ့ကြသည်။ မီးရထားရုံသို့ ရောက်လျှင် လာတွန်းမြို့ဝန် နယ်ကုန် လိုက်ပို့ရန် အသင့်စောင့်နေနှင့်သည်နှင့် ၎င်းနှင့်အတူ မီးရထား ရုံက ထွက်ခဲ့ကြသည်။ လာတွန်းမြို့နယ် လေးစားရွာသို့ ရောက်လျှင် မြို့ရွာ လူကြီးတို့က မြို့ဝန် ဆင့်ချက်အရ ဘန်း အတီးအမှုတ်များနှင့် စောင့်နေ ဆီးကြို၊ သံတော်တို့ ရောက်လျှင်ရောက်ချင်း သဲသဲရတ်ရတ် တီးမှုတ်၍ ကောင်းမွန်စွာ နှုတ်ခွန်း ဆက်လက်ကြပြီးလျှင် မီးရထားရုံတွင် ၎င်းတို့က တည်ကျွေးသည့် အစားအသောက်များကို စားသောက်၊ နာရီဝက်ခန့် နေထိုင်၍ စီးမြဲ မီးရထားကို စီးနင်း ထွက်လာကြပြန်ရာ **နစ်မြို့**[၁]သို့ ဆိုက်ရောက်၊ နစ်မြို့ဝန် မာရကြီး စစ်လနဗာရရှိမောင် မီးရထားရုံက အသင့်စောင့်နေ၊ ကောင်းမွန်စွာ နှုတ်ခွန်းဆက်သပြီးလျှင် ၎င်းနစ်မြို့ဝန်လည်း သံတော်တို့ကို နယ်ကုန် လိုက်ပို့ပါမည် ဆို၍ မီးရထား အတူစီးနင်း ထွက်လာပြန်ရာ ၎င်းနေ့ ၇ နာရီအချိန် **မောင်နာကိုး**[၂] ဆိုသည် နယ်သီး နိုင်ငံငယ်တစ်ခုသို့ ဆိုက်ရောက်၊ ပါရင်း မြို့ဝန် ၂ ဦးနှင့်အတူ မီးရထားက ဆင်း၍ နေရစ်ကြသည်။ ဝန် အသုံး အဆောင်များကိုသာ မီးရထားပေါ် တင်လိုက်သည်။

သံတော်အရာရှိ, အပေါင်းပါလူ, မာရကတ်ကြီး, လာတွန်းမြို့ဝန်, နစ်မြို့ဝန်တို့ ရထားစီးနင်းပြီးလျှင် မောင်နာကိုးမင်း နေထိုင်သည် တိုက်နန်း သို့ သွားကြသည်။ ၎င်းမင်း အခြားနိုင်ငံသို့ သွားခိုက်ဖြစ်၍ တိုက်နန်းစောင့် မြင်းတပ်ဗိုလ် ကော်လော်နက် ဖာလေရေပလောင်တိုဒိုကာစတီရီး ဆိုသူ ဆီးကြိုလိုက်ပြ ကြည့်ရှုရသည်မှာ နိုင်ငံတကာက လာရောက်ဖူးသည် မင်းတို့ ရုပ်ပုံ ထားရာတိုက်ခန်း၊ ၎င်း မင်းတို့ တည်းနေသည် တိုက်ခန်း၊ မောင်နာကိုး မင်းရုပ် ထားရာတိုက်ခန်း၊ ၎င်းမင်း ဆွေမျိုးတို့ ရုပ်ပုံထားရာ တိုက်ခန်းမှ စ၍ အရပ်ရပ် တိုက်နန်း အခန်း အနေအထိုင်များကို လှည့်ပတ် ကြည့်ရှု ကြသည်။ ၎င်းတိုက်နန်း နှစ်ပေါင်း ၅၀၀ ကျော်ခန့် ရှိကြောင်း၊ ပြင်သစ်နိုင်ငံ ဘောင်တင်ဗလိုမြို့ တိုက်နန်းပုံစံအတိုင်း လုပ်ဆောင်သည် တိုက်နန်း ဖြစ် ကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းတိုက်နန်း အတွင်းမျက်နှာ မိုးရေခံများတွင် ပန်းချီ ဆေးရုပ်စုံ ရေးသားခြယ်လှယ်လျက် ရှိသည်။ တိုက်နန်း အလုပ်အဆောင် အခင်းအကျင်း အစီအမံ အလွန် သေသပ် ကောင်းမွန် သည်။ ၎င်းတိုက်နန်းအတွင်း ဥယျာဉ်များကို ကြည့်ရှုရာလည်း သစ်ပင်မျိုးစုံ၊ ပန်းမျိုးစုံများနှင့် လှပကောင်းမွန် ရှိသည်။ ၎င်းတိုက်နန်းအနီး ဥယျာဉ်နှင့်

[၁] Nice [၂] Monaco



www.burmeseclassic.com

www.burmeseclassic.com



စပ်လျက် ရှေး ခံမြို့ဟောင်းလည်း ရှိသည်။ ယခုမှာ ခံမြို့ မလုပ်၊ ဥယျာဉ် အခြံအရံ ရေပန်း ကျောက်စက်များနှင့် အတင့်အတယ် ပြင်ဆင်လုပ်ဆောင်၍ ထားသည်။ ၎င်းတိုက်နန်းနေရာမှာ ပင်လယ်ကမ်းထိပ် တောင်ငယ်ပေါ်တွင် တည်လျက် ရှိသည်။ ၎င်းမင်း စိုးအုပ်သည် နယ်မြေ အလျား ၂ တိုင်ခန့်၊ အနံ တစ်တိုင်ခန့်၊ ပင်လယ်ထောင့်ကွေး တောင်ခြေရင်းတွင် လူနေ ၂ ထောင် ၄ ရာ ကျော်ခန့်သာ ရှိကြောင်း၊ သို့သော်လည်း ပြင်သစ်နိုင်ငံ၊ အီတာလျံနိုင်ငံများက မစိုးမအုပ်ရ။ ရှေးအစဉ်အဆက်ပင် နိုင်ငံ သီးခြားကွဲပြား အုပ်စိုး၍ လာရကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းနန်းအနီး တောင်ပေါ်တွင် ကျေးရွာအိမ်ခြေ ရှိသည်။ ၎င်းတောင်အောက် တောင်ခြေ ပင်လယ်ကမ်း တစ်လျှောက်များမှာလည်း အိမ်ခြေလူနေ ရှိသည်။ မများလှလွန်း။ သို့သော်လည်း မီးရထားရုံ, ကြေးနန်းရုံ, ဟိုတက်တိုက်အိမ်, လူသွားလမ်း, ရထားလမ်း, အင်အားနှင့်မျှသော ရဲမက် ရှိသည်ဖြစ်၍ အခြားနိုင်ငံကြီးများ ဥပဒေနှင့် မကွဲမပြား ကူးသန်းရောင်းဝယ်ပုံ၊ နိုင်ငံတကာနှင့် ဆက်လက် ကမ်းလှမ်းပုံ၊ နိုင်ငံကို စိုးအုပ်ပုံ အရပ်ရပ် နေရာကျ ကောင်းမွန်လှ၏။

၎င်းတိုက်နန်းများကို ကြည့်ရှုပြီးလျှင် လာတွန်မြို့ဝန်, နစ်မြို့ဝန်တို့က သံတော်အရာရှိတို့ကို ၎င်းမောင်နာကိုးမြို့တွင် ညစာစားပွဲ ခင်းကျင်း ကျွေးမွေးလိုပါသည်။ အတန်ငယ် ရပ်ဆိုင်း၍ စားပွဲ စားသောက်ပါမည် အကြောင်းနှင့် ဖိတ်ကြားသောကြောင့် ၎င်း မောင်နာကိုး တိုက်နန်းများကို ကြည့်ရှု ထွက်လာပြီးနောက် တောင်ခြေကမ်းယံသို့ ဆင်း၍ **မောင်တီတ်ကာရလို**[၁] အရပ်ကို လာခဲ့ကြသည်။ ၎င်းအရပ်တွင် **ကာစနီး**[၂] ခေါ်သည် အလောင်းအစား ကစားပွဲ ပြုလုပ်ရာ တိုက်ကြီးသို့ ဝင်ကြည့်ရှုကြသည်။ ၎င်းတိုက်အတွင်း နိုင်ငံတကာက လာရောက်ကြသူ မိန်းမ ယောကျ်ား အများပင် ကစားလျက် တွေ့မြင်ရသည်။ ယခု နွေလအခါဖြစ်၍ လူနည်းသေးသည်။ ဆောင်းကာလ ရောက်လျှင် အလွန် များကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းတိုက်ရုံကြီး အတွင်း အပျော်အပါး အငြိမ့်ပွဲသဘင် တီးမှုတ်ရန် တိုက်ခန်းကြီး ခင်းကျင်းလျက် ရှိသည်။ ၎င်းအတွင်း နေ့တစ်ကြိမ်၊ ညတစ်ကြိမ် အမြဲ တီးမှုတ်ကြောင်း၊ အလိုရှိသူတို့ ဝင်ရောက် နားထောင်လျှင် အဖိုးအခ မပေးရ၊ အလိုရှိတိုင်း နားထောင် ကြည့်ရှုရကြောင်း၊ သည်ကဲ့သို့ ပြုလုပ်သဖြင့် လူပရိသတ် အလာအရောက် အားကြီး၍ ကစားပွဲ စည်ပင်, အခွန် အများ ရကြောင်း၊ ၎င်းကစားပွဲက တစ်နှစ်လျှင် အခွန် ရှစ်သန်းခန့် ရကြောင်း၊

၁။ Monte Carlo ၂။ Casino



www.burmeseclassic.com

www.burmeseclassic.com



၎င်းကစားပွဲ မင်းနှင့်ဆိုင်ကြောင်း၊ ယခုမှာ မင်းအလုပ် မဟုတ်၊ လူတစ်ဦးက မင်းသုံး အလိုရှိရာ အသုံးခံ၍ ဝယ်ယူ လုပ်ဆောင်ကြောင်းများကို ပြောဆိုကြားသိရသည်။ ၎င်းမြို့ရှိ လူတို့မှာ လုပ်ခင်းလယ်ယာ မရှိ။ ၎င်းကစားသည် တိုက်ရုံကိုမှီ၍ နိုင်ငံတကာက လာရောက်သည် ပရိသတ်တို့ကို လက်ခံကျွေးမွေး၊ အလိုရှိရာ ရောင်းဝယ် ဖောက်ကားရသည်နှင့် စီးပွားဖြစ်ထွန်းကြသည်။ ၎င်းနိုင်ငံတွင် ဥတု အလွန်ပူသည်။ ဆောင်းကာလ အခြားနိုင်ငံများမှာ ဆီးနှင်းခဲသော်လည်း ၎င်းအရပ်မှာ မခဲ။ အလွန် အချမ်းသက်သာသည်။ သို့ဖြစ်၍ ဆောင်းကာလ ရောက်လျှင် နိုင်ငံတကာကပင် အလာအရောက် များကြောင်း၊ အလောင်းအစား အားကြီးကြောင်းများကို ပြောဆိုကြားသိရသည်။

၎င်းမြို့ ပါရစ်ဟိုတက် ခေါ်သည် ဟိုတက်တိုက်အိမ်တွင် မြို့ဝန် ၂ ဦးက ခင်းကျင်းတည်ကျွေးသည့် စားပွဲမှာ ၎င်းမြို့ တိုက်နန်းစောင့် မြင်းတပ်ဗိုလ် ကော်လော်နက်ဗာလေဗလောင်တိုဒိုကာစတီရို တို့နှင့်အတူ ညစာစားပွဲစားသောက်ကြသည်။ ၎င်းနေ့ ၈ နာရီအချိန်မှ ၎င်းမြို့က ရထားစီး ထွက်ခဲ့ကြသည်။ သံတော်တို့ ထွက်မှ မြို့ဝန် ၂ ဦးတို့ ပြန်သွားကြသည်။ ၎င်းက ထွက်၍ အစဉ်အတိုင်း လာခဲ့ရာ လမ်းတစ်ဝက်ခန့်သို့ ရောက်လျှင် ပင်လယ်ထောင့်ကွေး တောင်ခြေသို့ ရောက်၍ မောင်နာကိုးမြို့ကို ကြည့်ရှုလိုက်လျှင် တောင်ခြေနှင့် ပင်လယ်ကမ်းယံ ထွန်းညှိသည် ဓာတ်မီးများ အလွန် လှပတင့်တယ် ရှိသည်ကို မြင်ရသည်။ ၎င်းက အစဉ်အတိုင်း ထွက်လာရာ ၎င်းနေ့ည ၉ နာရီအချိန် ပြင်သစ်နိုင်ငံ **မောင်တွန်မြို့**[၁] ဒလာဘစ်ခေါ် တိုက်အိမ်မှာ တည်းနေကြသည်။ လာတွန်မြို့၊ မောင်တွန်မြို့ရောက် လာခဲ့သည် လမ်းစဉ်တစ်လျှောက် ဝဲယာများမှာ လုပ်ငန်းလုပ်တာ ကောင်းသည်။ သစ်ပင်ဥယျာဉ်များသည်။ စိမ်းဖပ် နုပျိုသည်။ စပျစ်ပင်၊ အော်လစ်ပင် အလွန် အားကြီးများပြားသည်။ ပင်လယ်ကမ်းယံကို လက်ယာ ထား၍ ရံခါ မြင်တုံ၊ ရံခါ မမြင်တုံ လာရသည်။ တောင်စွယ် တောင်ဖျား လျှိုရိုး ခင်တန်းများကို ကူးသန်းဖြတ်ကျော် ဖောက်ထွင်း ဝင်ထွက်ရသည် များ၏။

**၎င်းလဆန်း ၅ ရက်**[၂] စနေနေ့ မောင်တွန်မြို့ ဒလာဘစ်ဟိုတက်က သံတော်အရာရှိ၊ မာရကတ်ကြီးတို့ ရထားစီး၍ ထွက်လာခဲ့ရာ ၎င်းမြို့ မီးရထားရုံသို့ ရောက်၍ ၎င်းနေ့ ၉ နာရီအချိန် မီးရထားရုံက ထွက်ခဲ့ကြသည်။ ၎င်း မောင်တွန်မြို့က ခရီး ၃ တိုင်ခန့် သွားမိလျှင် ပြင်သစ်ပိုင်

---

၁။ Mentone ၂။ ၁၈ ဇွလိုင် ၁၈၇၄

www.burmeseclassic.com



နယ်ကုန်၍ အီတာလျံနယ်သို့ ရောက်သည်။ ၎င်းအီတာလျံနယ် ဝင်မိလျှင် ဝင်မိချင်း **ဗန်းတီးမစ်**[၁] မြို့နယ်သို့ ရောက်၍ ၎င်းမြို့ဝန်က ကောင်းမွန်စွာ ဆီးကြို နှုတ်ဆက်သည်။ ၎င်းအရပ်တွင် နိုင်ငံနယ်စပ် ဖြစ်၍ မီးရထားရုံ အနီး အကောက်ရုံလည်း ရှိသည်။ ၎င်းအကောက်ရုံတွင် သံတော်အရာရှိတို့ အသုံးအဆောင် သေတ္တာများကို ကြည့်ရှု မှတ်သားရုံသာ ကြည့်ရှု မှတ်သား သည်။ မဖွင့် မပြရ။ ၎င်းက အစဉ်အတိုင်း ထွက်လာပြန်ရာ ၎င်းနေ့ ၇ နာရီအချိန် ဂျင်နဝါမြို့ မီးရထားရုံသို့ ဆိုက်ရောက်သည်။

၎င်းမီးရထားရုံတွင် အီတာလျံမင်းက မြန်မာသံတော်တို့ကို အကြိုအယူ ခန့်ထားစေလွှတ်သူ ရေကြောင်းအရာရှိ၊ မြန်မာနိုင်ငံတော်သို့ လာရောက် ဖူးသူ **ဗြန့်ကဲရီ**[၂] ဆိုသူနှင့် ဂျင်နဝါမြို့ဝန် အရာရှိတို့ ဆီးကြိုစောင့်နေ၊ ရောက်လျှင်ရောက်ချင်း မြို့ဝန်က ရထားနှင့် တင်ဆောင်၊ ဧ ရွှန်ဘက်တာခေါ် ဟိုစာက်သို့ လာကြသည်။ ဒရွှန်ဘက်တာ ဟိုတက် တိုက်လူကြီးတို့ကလည်း ကြေးနန်းနှင့် မှာထား၍ ဝန်အသုံးအဆောင်နှင့်တကွ စာရေးလူငယ်များကို ရထားနှင့် တင်ဆောင် ကြိုယူသည်။ သံတော်တို့ တိုက်အိမ်သို့ ရောက်မှ မြို့ဝန် ပြန်သွားသည်။ ဂယေတာနောဒေဖေရာရီ ဆိုသူ ပိုးကုန်သည်ကြီး လည်း လမ်းက ဆီးကြို၍ သံတော်အရာရှိတို့နှင့်အတူ တည်းနေရာ တိုက်အိမ် ရောက် လိုက်ပို့သည်။ ၎င်းဂယေတာနောဒေဖေရာရီသည် မြန်မာနိုင်ငံတော် ကိုယ်စားလှယ်ကောင်စစ် လုပ်လိုသည့်ဆန္ဒ အားကြီးရှိသူ ဖြစ်သည်။ သံတော် တို့ တိုက်အိမ်သို့ ရောက်လျှင် **ဒေါင်ပေါက်လူး**[၃] နှင့်အတူ ထည့်အပ်တော် မူလိုက်သည် ကျွန်တော်မျိုး ဘေိုးခြို့, ဘေသာထား, ငစီ၊ ရိုက်ကျားနှင့်အတူ ထည့်အပ်တော်မူလိုက်သည် ပညာတော်သင် မောင်တရုတ်ဖြူတို့ လာရောက် နှုတ်ဆက်ကြသည်။ ၎င်းတို့လည်း နိုင်ငံတော်သို့ ပြန်တော့မည်ဖြစ်၍ စီးနင်းရန်သင်္ဘော မေးမြန်း စောင့်စပ်ဆဲ ဖြစ်ကြောင်းနှင့် ပြောဆိုသည်။ **ဒူရတ်စို**[၄] ဆိုသူနှင့်လည်း လာရောက်၍ နှုတ်ဆက်သည်။ ၎င်းဒူရတ်စိုသည် ရေကြောင်း အရာရှိ လုပ်ဖူးသည်။ ဥစ္စာပစ္စည်း အလွန် ပေါများသည်။ ယခု မင်းမှု အလုပ် အဆောင် မရှိ၊ ချမ်းချမ်းသာသာ နေထိုင်သူ ဖြစ်သည်။ ၎င်းဒူရတ်စိုကို မြန်မာကောင်စစ် ကိုယ်စားလှယ်တော် အရာနှင့် ထားရလျှင် အလွန် သင့်မြတ် ကြောင်းနှင့် ရိုက်ကျား ပြောဆို ညွှန်ပြသောသူတည်း။

**၎င်းလဆန်း ၆ ရက်**[၅] တနင်္ဂနွေနေ့ ၁၁ နာရီအချိန် ဒူရတ်စို လာရောက်၊ သံတော်တို့က စားပွဲဖိတ်ကြား၍ နံနက်စာ စားပွဲ အတူထိုင်ကြ

[၁] Ventimiglia [၂] Brant Carie [၃] Don Paolo [၄] Durazzo [၅] ၁၉ ဇူလိုင် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



သည်။ ၎င်းနေ့ တစ်နာရီအချိန် ဂျင်နဝါမင်းခန့်မြို့ဝန် ကိုလူချီ ဆိုသူနှင့် မြို့သဘောတူ ခန့်ထားသည် မေရား[၁] ခေါ် မြို့ဝန် ဘာရွန်း–ပေါ်တက်စတ, ၎င်းလက်ထောက် ဗြာဘယ်ဂါတို့ သံတော်တို့ ရှိရာ လာရောက်ပြီးလျှင် အရပ်ရပ် လှည့်ပတ် ကြည့်ရှုရန်များကို အလိုရှိရာ ကြည့်ရှုရအောင် လက်ထောက် ဗြာဘယ်ဂါ သံတော်တို့နှင့် အတူ လိုက်ပြပါလိမ့်မည် ပြောဆို၊ ၎င်း လက်ထောက်ကို ထားခဲ့၍ ပြန်သွားကြသည်။ သံတော်အရာရှိ, အပေါင်းပါလူတို့နှင့် ဗြန့်ကဲရီ, မြို့ဝန်လက်ထောက်တို့ အစုံအညီ ရထားစီးနင်း၍ တောင်ဟောခေါ် တိုက်အိမ်သို့ သွားရောက် ကြည့်ရှုကြသည်။

၎င်းတောင်ဟောတိုက်တွင် မြို့ရွာ အသင်းလူကြီးတို့ မြို့ကျိုး ရွာကျိုး ဖြစ်ထွန်းအောင် ညှိနှိုင်းတိုင်ပင် စည်းဝေးသည် တိုက်ခန်းမှ စ၍ အရပ်ရပ် တိုက်ခန်းများသို့ လှည့်ပတ် ကြည့်ရှုပြီးနောက် ဗြိညိုလေး ခေါ်သည် တိုက်နန်းသို့ သွားရောက် ကြည့်ရှုကြသည်။ ၎င်းတိုက်နန်း အနှစ် တစ်ထောင်ကျော် ရှိကြောင်း၊ ၎င်းတိုက်နန်းကို ဗြိညိုလေး ဆိုသူ လူကုံထံ တစ်ဦးတစ်ယောက်တည်းက ဆောက်လုပ်ပြီးလျှင် မြို့ရွာ ကျက်သရေအလို့ငှာ တိုက်နန်းပြုလုပ်၊ အရပ်ရပ် အရုပ်မျိုးစုံ ပန်းချီရေး ဆေးအရုပ်ကား မျိုးစုံများကို တင်ထား၍ အလှအပ ခင်းကျင်းထားသည့် နေရာ တိုက်နန်း ဖြစ်ကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းတိုက်နန်းတွင် အမျိုးဘာသာ ရဟန္တာ ဆိုသူကို သစ်ပင်တွင် ဆွဲ၍ လေးနှင့်ပစ်သည် ရုပ်ပုံ ပန်းချီဆေးရေးရုပ်ကား ၁ အဖိုး သုံးသိန်း ပေးဝယ်ရကြောင်းနှင့် ပြောဆိုသည်။ ၎င်းတိုက်နန်းကို ကြည့်ရှုပြီးလျှင် သားထောက်မြေးခံ မရှိ၊ အရွယ်အိုမင်း ဆင်းရဲလှသူ ယောကျာ်း မိန်းမ၊ မိမဲ့ ဘမဲ့ တောင်းစားရမ်းစား ဆင်းရဲလှသည် သူငယ်မိန်းမ ယောကျာ်းများကို မြို့ရွာစရိတ်နှင့် ပြုစုကျွေးမွေး၊ သူငယ်များမှာ မိန်းမလျှင် မိန်းမလိုက်၊ ယောကျာ်းလျှင် ယောကျာ်းလိုက် အတတ်ပညာ သင်ကြားပြသည် ဟိုတက်ပိုဗရီ ခေါ်သည် တိုက်သို့ သွားရောက် ကြည့်ရှုကြသည်။ ၎င်းတိုက်တွင် မိန်းမ ယောကျာ်း လူကြီးလူငယ် တစ်ထောင်ကျော်ကျော် ရှိကြောင်း၊ ၎င်းတိုက် တည်ထောင် ပြုလုပ်သည် နှစ်ပေါင်း ၂၀၀ ကျော် ရှိကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းတိုက်တွင် အရပ်ရပ် ကြည့်ရှုရန် ရှိသည်များကို ကြည့်ရှု၍ ဥတု အလွန်ပူပြင်းသည်နှင့် တိုက်အိမ်သို့ ပြန်လာကြသည်။ ဒူရတ်စိုနှင့် ဒေဖေရာရီတို့လည်း အတူ လိုက်လာ၍ တိုက်အိမ်သို့ ရောက်မှ ပြန်သွားကြသည်။

၁။ Mayor



www.burmeseclassic.com

www.burmeseclassic.com



၎င်းနေ့ ၃ နာရီအချိန် မြို့ဝန်လက်ထောက် ကြိုယူလာ၍ သံတော်အရာရှိ၊ အပေါင်းပါလူတို့နှင့် ဖြန့်ကဲရီတို့စုံညီ ရထားစီးနှင်းပြီးလျှင် ဘစ်လာ တစ်ဒေနေဂရီ ခေါ်သည် မြူစီရန်သို့ သွားရောက် ကြည့်ရှုကြသည်။ မြူစီရန် လည်း မြို့နှင့်စပ်လျက် တောင်ငယ်တစ်ခုပေါ်တွင် တည်ထား ဆောက်လုပ် သည်။ ၎င်းတောင်ပေါ်တွင် လမ်းအသွယ်သွယ်၊ သစ်ပင် အမျိုးမျိုး၊ ပန်း အမျိုးမျိုး စိုက်ပျိုး လုပ်ဆောင်လျက် ရှိသည်။ ၎င်းတောင်ထိပ်က မြော်တင်း ကြည့်ရှုလျှင် ဂျင်နဝါမြို့ အနေအထိုင်၊ ပင်လယ်ကမ်းဆိပ် အနေအထိုင် များကို အလုံးစုံ မြင်ရသည်။ ၎င်းတောင်တွင် တည်ထား ဆောက်လုပ်စ တိုးဆဲပွားဆဲ မြူစီရန် တိုက်အိမ်လည်း ရှိသည်။ ၎င်းတိုက်အိမ် အဆောက် အဦ သေချာကောင်းမွန်သည်၊ မကြီးကျယ်လွန်း။ သို့သော်လည်း အလျင် တစ်ခေါက် လန်ဒန်မြို့သို့သွားစဉ် ဝင်ရောက်ကြည့်ရှုသည်အရာထက် ယခု တိုးပွားရှိသည်။

၎င်းမြူစီရန်များကို လှည့်ပတ် ကြည့်ရှုပြီးလျှင် ဒိလစ်ရှဆစ် ဆိုသူ ကုန်သည်ကြီးတစ်ဦး ပိုင်သည် တိုက်အိမ်ဥယျာဉ်သို့ သွားရောက် ကြည့်ရှု ကြသည်။ ၎င်းတိုက်အိမ်မှာ ပင်လယ်ကမ်းထိပ်တွင် ဖြစ်၍ ပင်လယ်ကမ်း ခြေက တက်ရန်၊ သက်ရန် လှေကား ဥမင် လိုဏ်ဂူ အဆင့်ဆင့် အသွယ်သွယ်၊ လမ်း အလျှိုလျှို၊ ၎င်းလမ်းတစ်လျှောက် သစ်ပင်မျိုးစုံ၊ ပန်းမျိုးစုံ စိုက်ပျိုး လျက် ကြည်းဘက် ရေဘက် နှလုံးမွေ့လျော်ဖွယ် အလွန် သာယာနှုပျိုရှိသည်။ တိုက်အိမ်လည်း အလွန် သေသပ် ကောင်းမွန်သည်။ ၎င်း မိလစ်ရှဆစ် ဆိုသူ ကုန်သည်ကြီးလည်း အသက် ၅၀ ကျော်ခန့်၊ သား မယား မရှိ၊ ဆွေမျိုးပေါက်ဖော်တို့နှင့် အတူတကွ နေထိုင်ကြောင်း၊ ကုန်အမျိုးမျိုးများကို ကူးသန်း ရောင်းဝယ်ကြောင်းများနှင့် ပြောဆို ကြားသိရသည်။ ၎င်းတိုက်အိမ် ဥယျာဉ်များကို လှည့်ပတ် ကြည့်ရှုကြပြီးလျှင် တိုက်အိမ်ရှင် မိလစ်ရှဆစ်ကို နှုတ်ခွန်းဆက်လက်၍ ပြန်လာကြသည်။ မြို့ဝန်လက်ထောက်လည်း တိုက်အိမ် ရောက် လိုက်ပို့သောကြောင့် သံတော် အရာရှိတို့က ညစာစားပွဲ ဖိတ်ကြား၊ အတူစားသောက်ကြပြီးလျှင် ၎င်းနေ့ည ၇ နာရီက ၈ နာရီထိ သံတော်တို့ တည်းနေသည် တိုက်အိမ်တွင် မြို့ဝန်က ဘန်း အတီးအမှုတ် စေလွှတ်၍ အရိုအသေ တီးမှုတ်လာစေသည်။

၎င်းနေ့ည ၉ နာရီအချိန် မြို့ဝန်က ဖိတ်ကြား၊ နေရာတိုက်ခန်း ပေးသောကြောင့် သံတော်အရာရှိ၊ အပေါင်းပါလူ၊ ဂျင်နဝါမြို့တွင် ရှိနေနှင့် သည် ပညာတော်သင် လူငယ်တို့ပါ၊ မြို့ဝန်လက်ထောက်နှင့် စုံညီ ဖြန့်ကဲရီ



www.burmeseclassic.com

www.burmeseclassic.com



တို့ပါ ရထားစီးနင်း၍ ပေါလီတရာမ ဇာတ်ရုံသို့ သွားရောက် ကြည့်ရှုကြသည်။ ၎င်းဇာတ်ရုံ ဥတု ပူသည်အခါဖြစ်၍ အမိုးကို ရုပ်သိမ်းလျက် ထားသည်။ ဇာတ်ရုံ ဆင်ပုံ လုပ်ပုံ, အတည်အထား ကောင်းမွန်လှ၏။ သံတော်တို့ ကြည့်ရှုရသည် နေရာတိုက်ခန်းလည်း ပထမနေရာ ဖြစ်၍ ကောင်းမွန်လှ၏။ ပရိသတ်လည်း နွေလအခါ ဥတုပူပြင်းသည် ဖြစ်၍ မများလွန်း။ ၎င်းဇာတ်ရုံတွင် ကပြသည့်နေရာ၊ အကပညာသည်တို့ နေထိုင်သည့်တိုက်ခန်း၊ ဇာတ်ရုံ ခင်းကျင်း စီစဉ်ပုံများကို အတွင်းသို့ဝင်၍ လိုက်လံပြသ ကြည့်ရှုရသည်။ ၎င်းအတွင်းမှာ တောပုံ, တောင်ပုံ, တိုက်အိမ်ပုံ ပန်းချီဆေးရေး စက္ကူကား အမျိုးမျိုးများနှင့် ခင်းကျင်းစီစဉ်လျက် ရှိသည်များကို တွေ့မြင်ရသည်။ ၎င်းဇာတ်ရုံတွင် တစ်နာရီခန့် နေထိုင် လှည့်ပတ်ကြည့်ရှု၍ ပြန်လာကြသည်။ မြို့ဝန်လက်ထောက်မှာ တိုက်အိမ်သို့ ရောက်မှ ပြန်သွားသည်။ ၎င်းနေ့ ဂျင်နဝါမြို့ရှိ ကုန်သည် ကာစတက်လောနှင့် ရွှေမြို့တော်က ပိုးအဝယ် စေခိုင်းတော်မူလိုက်သည် တီရေးတို့ နှုတ်ခွန်းဆက် လာရောက်ကြသည်။

**၎င်းလဆန်း ၇ ရက်**[၁] တနင်္လာနေ့ ၃ နာရီအချိန် မြို့ဝန်လက်ထောက် ဖြာဘယ်ပါ ကြိုယူလာသောကြောင့် သံတော်အရာရှိ, အပေါင်းပါလူ, ဖြန့်ကဲရီတို့ မြို့ဝန် ကိုလူချီအိမ်သို့ လိုက်သွားကြသည်။ မြို့ဝန်လည်း ဆီးကြို စောင့်နေနှင့်၍ နိုင်ငံအချင်းချင်း ဆက်လက်မိသည်ကို ဝမ်းမြောက်ဝမ်းသာ ရှိကြောင်း၊ သံတော်အရာရှိတို့ လာရောက် တွေ့ကြုံရသည်ကို ဝမ်းမြောက် ကြောင်းများနှင့် အရပ်ရပ် မိတ်ဆွေဖြစ် စကားများကို ပြောဆိုကြပြီးလျှင် မုန့်ယို အချိုအဆိမ့် ကောင်းမွန်စွာ တည်ကျွေး၊ နာရီဝက်ခန့် နေထိုင် စားသောက်၊ ၎င်းတိုက်တွင် အရပ်ရပ် ကြည့်ရှုရန် ရှိသည်များကို လိုက်ပြ ကြည့်ရှု ပြန်လာကြသည်။ ၎င်းတိုက် နှစ်ပေါင်း ၁၀၀၀ ကျော်ခန့် ရှိကြောင်း၊ ဂျင်နဝါမြို့မှာ လွန်ခဲ့သည် နှစ်ပေါင်း ၁၀၀၀ ကျော်က သမ္မတမင်း စိုးအုပ် သည်။ ၎င်းသမ္မတမင်း ဆောက်လုပ် နေထိုင်သည် တိုက်နန်း ဖြစ်ကြောင်းကို ပြောဆို ကြားသိရသည်။ အဆောက်အလုပ် ကြီးကျယ်၏။ အနေအထိုင် ခမ်းနား၏။ စီစဉ်ခင်းကျင်းပုံလည်း လှပကောင်းမွန်၏။ ၎င်းတိုက်က ထွက် လာပြီးနောက် မေးရား ဆိုသူ မြို့ဝန် ဘာရွံ–ပေါ်တက်စတ အိမ်သို့ သွား ကြသည်။ ဘာရွံ–ပေါ်တက်စတလည်း မယား, သားသမီးတို့နှင့်တကွ ကောင်းမွန်စွာ ဆီးကြိုလက်ခံ၊ မုန့်ယို အချိုအဆိမ့် စားဖွယ်သောက်ဖွယ် များကို ခင်းကျင်း တည်ကျွေး၍ ၎င်းတိုက်အိမ်ရှိ အဆောင်အခန်း အရပ်ရပ်

[၁] ၁၈ ၂၀ ဇူလိုင် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုရန် ရှိသည်များနှင့် တိုက်ဥပစာအတွင်းရှိ ဥယျာဉ် ရေကန်များကို လိုက်ပြကြည့်ရှု နာရီဝက်ခန့် နေထိုင် ပြန်လာကြသည်။ ၎င်းတိုက်အိမ်လည်း ကြီးကျယ် ကောင်းမွန်သည် တိုက်အိမ်ပင် ဖြစ်သည်။ မေးရား ကိုယ်ပိုင် တိုက်အိမ်တည်း။ ၎င်းမေးရားလည်း ဥစ္စာပစ္စည်း ကုံထံကြွယ်ဝလှသော သူတစ်ယောက်တည်း။ အထက် ဝင်ရောက်ခဲ့သည် မြို့ဝန် ကိုလူချိမှာ မင်းက ခန့်ထားသည် မြို့ဝန်၊ ၎င်း မေးရားမှာ မြို့ရွာက သဘောတူ ခန့်ထားသည် မြို့ဝန် ဖြစ်ကြောင်းများကို ပြောဆို ကြားသိရသည်။ သည်ကဲ့သို့ မြို့ဝန် ၂ ဦး ထား၍ မြို့ကျိုး ရွာကျိုးကို ဆောင်ရွက်ကြရသောကြောင့် တစ်ဦး အလိုရှိတိုင်း မပြုနိုင်။ အများညီညွတ်မှ မည်သည် အမှုမဆို ပြုလုပ်နိုင်သော ကြောင့် မြို့ကျိုး ရွာကျိုး တိုးပွား ဖြစ်ထွန်းကြောင်းကို ပြောဆို ကြားသိ ရသည်။

၎င်းအိမ်က ထွက်လာပြီးနောက် ဒူရတ်စိ ဆိုသူ လူကုံထံကြီးအိမ်သို့ သွားရောက်ကြသည်။ ၎င်း ဒူရတ်စိ လင်မယားတို့လည်း အသင့် ဆီးကြို စောင့်နေနှင့်၍ ကောင်းမွန်စွာ ဆီးကြို လက်ခံပြီးလျှင် မုန့်ယို အချိုအဆိမ့် စားဖွယ် သောက်ဖွယ်များကို ခင်းကျင်း တည်ကျွေး၍ ၎င်းတိုက်အိမ်ရှိ အဆောင်အခန်း၊ အလွန် ကောင်းမွန်သည် ပန်းချီဆေးရေးကား အမျိုးမျိုး များကို လိုက်ပြ ကြည့်ရှုရသည်။ ၎င်းတိုက်လည်း ကြီးကျယ် ကောင်းမွန် လှပသော တိုက်တည်း။ ၎င်း ဒူရတ်စိ ဆိုသူမှာ ဘေးဘိုးဘက ဆင်းသက်၍ ကုံထံကြွယ်ဝ၊ ဆွေကြီးမျိုးကြီး၊ ဂျင်နဝါမြို့မှ စ၍ အီတာလျံနိုင်ငံအတွင်း ကျော်စော ထင်ရှားသူတည်း။ ၎င်းတိုက်ကို လှည့်ပတ်ကြည့်ရှု၊ နာရီဝက်ခန့် နေထိုင်၍ ပြန်လာကြသည်။ မြို့ဝန်လက်ထောက် ဗြာဘက်ဂါလည်း သံတော် တို့ တိုက်အိမ်သို့ ရောက်မှ ပြန်သွားသည်။

၎င်းနေ့ည ၆ နာရီအချိန်က စ၍ ၈ နာရီအချိန်တိုင် မေးရားခေါ် မြို့ဝန်က ဘန်းအတီးအမှုတ် စေလွှတ်၍ သံတော်တို့ တည်းနေသည် ဒရွန် ဘက်တာ ဟိုတက် တိုက်အိမ်အနီးတွင် သာယာကောင်းမွန်စွာ တီးမှုတ် လာသည်။ ကြည့်ရှုနားထောင်သူ ပရိသတ်တို့လည်း အလွန်ပေါများ သဲသဲ ရုတ်ရုတ် ရှိ၏။ ၎င်းနေ့ ဖြန့်ကဲရီ မယား, သားတို့ သံတော်တို့ရှိရာ လာရောက်၊ အရိုအသေ နှုတ်ခွန်းဆက်လက်လာသည်။ ၎င်းမိန်းမကို ညောင်ဦး ကွမ်းအစ် ငယ် ၁၊ ပယင်းပုတီး ကုံးရေ ၁၊ ၎င်းတူ လူငယ်ကို ညောင်ဦးကွမ်းအစ် ၁ ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



**၎င်းလဆန်း ၈ ရက်**[၁] အင်္ဂါနေ့ မြို့ဝန်လက်ထောက် ဗြာဘယ်ဂါ ကြိုယူလာ၍ ၎င်းနေ့ မေးရားခေါ် မြို့ဝန်က သံတော်အရာရှိတို့ကို ပါလာဘိချိန် ခေါ်သည် ဥယျာဉ်ကို ပြသပြီးလျှင် ၎င်းအရပ်တွင် စားပွဲခင်းကျင်း ကျွေးမွေးပါလိမ့်မည် အကြောင်းနှင့် ပြောဆို ဖိတ်ကြား၍၊ ၎င်းနေ့ ၃ နာရီ အချိန် သံတော်အရာရှိ၊ အပေါင်းပါလူ၊ ဖြန့်ကဲရီ မြို့ဝန်လက်ထောက်တို့ အတူ ရထားစီးနင်းပြီးလျှင် ဂျင်နဝါမြို့ အနောက်ခရီး မြန်မာ ၂ တိုင်ခန့် ကွာ ပါလာဘိချိန် ဥယျာဉ်ရှိရာ အရပ်သို့ သွားကြသည်။ ၎င်းလမ်းတွင် ဂျင်နဝါမြို့အတွင်း အီတာလျံမင်း နေထိုင်သည့် ပါလေးရော်ရက် ခေါ် တိုက်နန်းသို့ ရောက်၍ ၎င်းတိုက်နန်းကို လှည့်ပတ် ကြည့်ရှုကြသည်။ ၎င်းတိုက်နန်းတွင် ညှိခံခန်း၊ စားပွဲခန်း၊ **ဘောလ အစည်းအဝေး**[၂] ကပွဲ လုပ်သည် အခန်း၊ အီတာလျံမင်း အိပ်သည် တိုက်ခန်း၊ ၎င်းမိဖုရား အိပ်သည် တိုက်ခန်း၊ အီတာလျံမင်း ခမည်းတော်၊ မယ်တော်တို့ အိပ်သည် တိုက်ခန်း၊ ၎င်းညှိခံသည် တိုက်ခန်း၊ အသုံးအဆောင်ထားသည် တိုက်ခန်း၊ ပင်လယ် ဆိပ်ကမ်းကို မျှော်ကြည့်သည်အရပ်မှ စ၍ အရပ်ရပ် ကြည့်ရှုရန် ရှိသည် များကို လှည့်ပတ် ကြည့်ရှုကြသည်။ ၎င်းတိုက်နန်းကို လွန်ခဲ့သည် နှစ်ပေါင်း ၂၀၀ ကျော်က ဒူရတ်စို ခေါ်သည်မိန်းမ ကိုယ်ပိုင် ဥစ္စာပစ္စည်းများနှင့် ဆောက်လုပ်ပြီးပြေ ရှိမှ တိုက်နန်းလုပ်ရန် ဝယ်ယူရသည် တိုက်နန်း ဖြစ် ကြောင်း၊ ၎င်းတိုက်နန်း တည်လုပ်ရင်း မိန်းမရုပ်ပုံလည်း ခင်းကျင်းထား ကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းတိုက်နန်း လုပ်ပုံကိုင်ပုံ သေချာ ကောင်းမွန်လှ၏။ ခိုင်ခံ့ ကြီးကျယ်၏။ ပန်းချီဆေးရေး ရုပ်ပုံအမျိုးမျိုး၊ ရက်ထည် **ပေါက်ပလင်**[၃] ခေါ် အထည်အမျိုးမျိုးတို့နှင့် ပြည့်စုံ၏။ အခန်း ဆင်ပုံ၊ ခင်းကျင်းကာရံပုံ ယဉ်ကျေး ကောင်းမွန်လှ၏။

၎င်းတိုက်နန်းကို ကြည့်ရှုပြီးလျှင် ထွက်သွားပြန်ရာ ဂျင်နဝါမြို့ အနောက်မျက်နှာ ပင်လယ်ကမ်းထိပ်ရှိ ခံမြို့တံခါးက ထွက်သည်။ ၎င်းတံခါး တွင် မုခ်နှင့် တံခါး ၂ ထပ် ရှိသည်။ တံခါး တစ်ထပ်နှင့် တစ်ထပ် တာ ၁၀၀ ခန့် ကွာသည်။ ၎င်းတံခါးအထွက် တာ ၁၀၀ ခန့်ကွာတွင် တောင်စွန်း ကျောက်စွယ် ပင်လယ်သို့ ထွက်လျက် ရှိသည့် ကမ်းငူ တောင်ငယ်ပေါ်တွင် မီးပြတိုင် ရှိသည်။ ၎င်းမီးပြတိုင်ကို ပင်လယ်အတွင်း ၂ သောင်းကွာ ခရီးက မြင်ရကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းမီးပြတိုင်က အနောက် ပင်လယ် ကမ်းခြေတစ်လျှောက်တွင် အလုပ်ရုံ စက်ရုံ များစွာ လုပ်ဆောင်

[၁]။ ၂၁ ဇူလိုင် ၁၈၇၄ [၂]။ Ball Dance [၃]။ Poplin

www.burmeseclassic.com



လျက် စန်ဒါရနာ ဆိုသည် အရပ်သို့ ရောက်သည်။ ၎င်းအရပ်တွင် သံထည်၊ ကြေးထည်မှ စ၍ အကြီးအကျယ် အလုပ်အဆောင် အလုပ်ရုံ, စက်ရုံ များပြားကြောင်း၊ အင်္ဂလန် **မန်ချစ်စတားမြို့**[၁] ကဲ့သို့ အီတာလျံနိုင်ငံတွင် မန်ချစ်စတားမြို့ ဆိုသင့်သည် အရပ် ဖြစ်ကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းက ပင်လယ်ကမ်းခြေကို လျှောက်၍ လာပြန်ရာ ကုမ္ပဏီအသင်း အသီးအသီး ဖွဲ့၍ သင်္ဘောအများ တည်လုပ်သည့် နေရာသို့ ရောက်သည်။ ၎င်းဆိပ်ကမ်းတွင် သင်္ဘောကြီး ၃၇ တစ်ပြိုင်နက် တည်လုပ်ဆဲ ရှိသည်ကို တွေ့မြင်ရသည်။ ၎င်းသင်္ဘောများကို အင်္ဂလန်နိုင်ငံ၊ **ပြတ်ရှား**[၂] နိုင်ငံမှ စ၍ နိုင်ငံတကာက ဝယ်ယူလာကြကြောင်း၊ သည်ကဲ့သို့ အစဉ်မပြတ် အမြဲ တည်လုပ်ကြောင်းများကို ပြောဆို ကြားသိရသည်။

၎င်းက ပင်လယ်ကမ်းကို လျှောက်၍ သွားပြန်ရာ ပါလာဘိချိနီ ခေါ်သည် ဥယျာဉ်ရှိရာ အရပ်သို့ရောက်၍ ဥယျာဉ် အရံအတွင်း ဝင်ကြသည်။ ၎င်းဥယျာဉ် အရံအတွင်းသို့ ဝင်သည်က စ၍ လက်ဝဲလက်ယာ သစ်ပင်, စပျစ်ခင်း အလှအပ လုပ်ဆောင်လျက် ဥယျာဉ်အတွင်းရှိ တိုက်အိမ် ရောက် တွေ့မြင်ရသည်။ တိုက်အိမ်သို့ရောက်လျှင် ၎င်းတိုက်လည်း တောင်ကမ်းပါးယံတွင် ဖြစ်၍ တိုက်ဥပစာ မြေပြင်အခင်း လက်ရန်းကပင် ဂျင်နဝါမြို့ ပင်လယ်ကမ်းတစ်လျှောက်များကို မျှော်မြင် ကြည့်ရှုနိုင်သည်။ ၎င်းက တိုက်ပေါ်သို့ တက်ပြန်ရာ ပထမဆင့် တိုက်ကြမ်းပြင် လက်ရန်းက ကြည့်ရှုပြန်ရာလည်း အလွန် ထူထပ် များပြားလှသည် စပျစ်တော, ဥယျာဉ်သစ်ပင် အမျိုးမျိုးများနှင့် သင်္ဘောတည်လုပ်သည် ဆိပ်ကမ်း, မီးပြတိုင်, ဂျင်နဝါမြို့ ပင်လယ်တစ်လျှောက်များကို အလုံးစုံ မြင်ရသည်။

၎င်းက ဥယျာဉ်အတွင်း တောင်စွယ်ကို လျှောက်၍ ပြင်ဆင်ထားသည် လမ်းသို့ သွားကြရာ ၎င်းလမ်းတွင် ဝဲယာ လိမ္မော်ပင်ပု အသီး ပင်လုံးပြည့် အိုးနှင့် စိုက်ပျိုးလျက် ဝဲယာတစ်လျှောက် ရှိသည်။ လမ်းလယ်တွင် ရေပန်း ထွက်လျက် ရှိသည်။ ပြီးလျှင် မျှော်စင်တဲငယ်သို့ ရောက်သည်။ ၎င်းတဲငယ်တွင် ဘာသာ ၁၂ ရာသီရုပ်, ၈ ထောင့် မှန်ပြတင်းများနှင့် ဂျင်နဝါမြို့ ပင်လယ်ကမ်းခြေတစ်လျှောက်များကို မျှော်တင်း ကြည့်ရှုရသည်။ ၎င်းက ထွက်သွားပြန်ရာ ပါရစ်မြို့ရှိ အာဂဒိတရီရောင်ခေါ် အောင်မှစ်နှင့်နည်းတူ လုပ်ဆောင် အောင်မှစ်သို့ ရောက်သည်။ ၎င်းအောင်မှစ်မှာ လက်ယာဘက်က အောင်မှစ် အလှအပ လုပ်ဆောင်လျက်၊ လက်ဝဲဘက်က တောတွင် ကျေးရွာ

၁။ Manchester ၂။ Prussia



www.burmeseclassic.com

www.burmeseclassic.com



ရှိ အိမ်ဟောင်းပုံ လုပ်ဆောင်ရှိသည်။ ၎င်းအထွက်တွင် နားနေရန် ခုံငယ် စီစဉ်လျက် ရှိသည်။ ၎င်းက အစဉ်အတိုင်း တောင်ခါးပန်းကို လှည့်၍လာရာ အလိုရှိသူတို့ ပျော်ပျော်ပါးပါး ကစားရန် ဒန်းစက်၊ မြင်းရုပ်စက် ရှိသည် နေရာကို တွေ့သည်။ ၎င်း ဒန်းစက်, မြင်းရုပ်စက်များကို စီးနင်း လှည့်ပတ် ကြ၍ အလွန်ရွှင်လန်း ပျော်ပါးရှိသည်။ ၎င်းက တစ်စတစ်စ တက်မှန်းမသိ တက်သွားရသည်။

၎င်းလမ်း ဝဲယာများမှာ ဘူးဆို့လုပ်သည့် အခေါက် ရှိသည် သစ်ပင် အဥကို ဓားနှင့် ဖြတ်လှီး ကြည့်ရှုလျှင် သိမ်းရုပ် တံဆိပ်သဏ္ဌာန် အစေး ထွက်၍ တံဆိပ်အရေး ထင်မြင်လာသည် သစ်ပင်မှ စ၍ အထူးထူး အထွေထွေ သော သစ်ပင်, အထူးထူး အထွေထွေသော ပန်းများကို စိုက်ပျိုး လုပ်ဆောင် လျက် ရှိသည်။ ၎င်းတောင်လည်း မန္တလေးတောင် ပမာဏ ရှိသည်။ ၎င်း တောင်သို့ တက်ရန် အလျှိုလျှို အသွယ်သွယ်သော လမ်းများတွင် နားနေရန် နေရာ၊ ကျောက်စက်ရေအေး သောက်ရန်နေရာ၊ ကာဖီသောက်ရန်နေရာ၊ ဘန်းတီးမှုတ်သည်နေရာ၊ အရပ် ၄ မျက်နှာ မြော်တင်းကြည့်ရှုရန်နေရာ၊ ယေရှုခရစ် အမိ မာရီရုပ်ပုံကို မီးပူဇော်သည် နေရာ၊ သည်ကဲ့သို့ သင့်ရာ သင့်ရာ အရပ်များတွင် နှလုံးမွေ့လျော်ဖွယ် လုပ်ဆောင်လျက် ရှိသည်။

၎င်းအစီအစဉ်များကို ကြည့်ရှု၊ တောင်ထိပ်ရောက် တက်သွားရာ တောင်ထိပ် အမြင့်ဆုံးမြေ အရပ်တွင် ခံမြို့ဟောင်းသဏ္ဌာန် တည်လုပ်သည် တိုက်သို့ ရောက်သည်။ ၎င်းတိုက်လည်း ရှေးခံမြို့ဟောင်း လုပ်ဆောင်ပုံနှင့် နည်းတူ လုပ်ဆောင်လျက်၊ ပထမဆင့် တိုက်ခန်းတွင် ရှေးစစ်ဝတ် သံချပ်အင်္ကျီ ဓား လှံ စစ်ကိရိယာ အဟောင်းအမြင်းများကို သွင်းထား ခင်းကျင်းလျက် ရှိသည်။ ၎င်း ပထမဆင့် တိုက်ခန်းတွင် ပါသမျှ ပရိသတ်တို့ သောက်ရန် ရေစက်ကို ဖွင့်လွှတ်သည်ကာလ ရေခဲစိမ်ပြီးရေနှင့် ထပ်တူ အလွန်အေးသော ရေ ထွက်၍ ပရိသတ်အများ သောက်ရသည်။ ၎င်းတိုက် ဒုတိယဆင့်သို့ တက်သည်ကာလ အရောင်စုံ မှန်ပြတင်းတပ် ၈ ထောင့် ၈ မျက်နှာ တိုက်ခန်း လုပ်ဆောင်လျက် ရှိသည်။ ၎င်းတိုက်ခန်း အတွင်းက အရပ် ၈ မျက်နှာသို့ ကြည့်ရှုလျှင် ကောင်းကင်လည်း ကောင်းကင်လိုက်၊ တောတောင်လည်း တောတောင်အလိုက်၊ မြို့ရွာတိုက်အိမ်လည်း မြို့ရွာတိုက်အိမ် အလိုက်၊ ပင်လယ်လည်း ပင်လယ်အလိုက်၊ မှန်အရောင်မျိုးစုံက အထူးထူး အထွေထွေ နှစ်လိုချင်ဖွယ် ထင်မြင်ရသည်။

၎င်းတိုက် တတိယဆင့်သို့ တက်ပြန်ရာ အလွန်မြင့်သည်အရပ် ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



တော်တောင် ပင်လယ် မြို့ရွာများကို အလုံးစုံ မြင်သည်။ ၎င်းခံမြို့က လက်နက်နှင့်ပစ်၍ ပျက်စီးပုံ တိုက်အိမ် တစ်ခုကိုလည်း တာ ၁၀၀ ခန့် အရပ်တွင် လုပ်ဆောင်လျက် ထားသည်ကို မြင်ရသည်။ ၎င်းခံမြို့တိုက်က ထွက်လာရာ သင်္ချိုင်းပုံတစ်ခုတွင် စစ်ဗိုလ်ကြီး ရုပ်ပုံနှင့် တွေ့သည်။ ၎င်း ရုပ်ပုံလည်း ခံမြို့တွင်းက ပစ်၍ စစ်ဗိုလ်ကြီးသေဟန် လုပ်ဆောင်ကြောင်း၊ ၎င်းအနီးတွင် မြင်းသေ နွားသေ သဏ္ဌာန်, စစ်သည်ရဲမက်တို့ သေရာ သင်္ဂြိုဟ်သည့် သင်္ချိုင်းသဏ္ဌာန်များကို တွေ့မြင်ရသည်။ ၎င်းက အစဉ် အတိုင်း ဆင်းလာရာ တောင်ခုလတ်တွင် ကျောက်ဂူ တောင်တွင်းသို့ ဝင်ရသည်။ ၎င်းကျောက်ဂူအတွင်း အလျှိုလျှို အကန့်ကန့် လမ်းရှိသည် ဖြစ်၍၊ ကျောက်စက် ကျောက်နို့ စမ်းရေအများနှင့် အလွန်မိုက်မဲသည် ဖြစ်၍ မီးတိုင် အများ ထွန်းညှိ လိုက်ပြရသည်။ ၎င်းကျောက်ဂူအတွင်း ကျောက်စက် ကျောက်နို့ စမ်းရေကျလျက် အလွန်အေးမြစွာ ရှိသည်။ ၎င်းကျောက်ဂူနှင့် စပ်လျက် ရေကန် ရှိသည်။ ၎င်းရေကန်လည်း ကျောက်ဂူအတွင်း တစ်ပိုင်း ဝင်၍ ၎င်းရေကန် အလယ်တွင် ကျောက်ခုံ ကျောက်အိမ်နှင့် ရေစောင့် နတ်သမီးရုပ်၊ ၎င်းနတ်သမီးပလ္လင် ၄ မျက်နှာတွင် ပလ္လင်ခံလျက် ရေသူ ခရုသင်းမှုတ် အရုပ်တို့ဖြင့် တန်ဆာဆင်လျက် ၎င်းရေကန် အလွန် နှစ်သက် ဖွယ် ရှိသည်။ ၎င်းကျောက်ဂူတွင်း ကန်ခြေက ခင်းထားရှိသည် သမ္ဗန်များကို စီး၍ ကန်တွင်းသို့ လှည့်ပတ်ကြသည်။ ကန်တွင်းက နေ၍ ကြည့်ရှုသည် ကာလ တောင်ကမ်းပါးယံတွင် ရေတံခွန် ကျလျက် သစ်ပင် အမျိုးမျိုး၊ ပန်း အမျိုးမျိုးတို့ဖြင့် အလွန် တင့်တယ်သည်ကို မြင်ရသည်။ ပင်လယ်သို့ ကြည့် လျှင်လည်း ကန်ရေနှင့် ပင်လယ်ရေ တစ်စပ်တည်းကဲ့သို့ ထင်မြင်ရသည်။

၎င်းကန်က တက်၍ တောင်ခါးပန်း ကမ်းထိပ်လမ်းများကို ကြည့်ရှု ပြန်ရာ ကမ်းထိပ်လမ်းတွင် တာ ၂၀ ခန့် ကျောက်ဂူတစ်ခုသို့ ဝင်ပြန်၍ မီးထွန်းပြောင် ကြည့်ရှုရသည်။ ၎င်းကျောက်ဂူတွင်လည်း ကျောက်စက် ကျောက်နို့ ကျလျက် နှစ်သက်ဖွယ် ရှိသည်။ ၎င်းက ကမ်းထိပ်လမ်း တောင်စွယ်သို့ လှည့်ပတ်ရာ တဲငယ်တစ်ခုသို့ ရောက်သည်။ ၎င်းတဲငယ် အတွင်း အလိုရှိလျှင် မိုးဖွဲကဲ့သို့ ရေပန်းထွက်သည်။ ၎င်းတဲပတ်လည် လမ်းတစ်လျှောက်များမှာလည်း အလိုရှိလျှင် မည်သူမလွတ် စိုစွတ်အောင် ပက်ဖျန်းနိုင်သည် ရေပန်းငယ်အများ ရှိသည်။ ၎င်းက ကန်ဆွယ်မြောင်းကို ဖြတ်၍ ကန်လယ်ကျွန်းသို့ ကူးသည် သံတံတားသို့ တက်ကြသည်။ ၎င်း သံတံတား အလယ်တွင် တရုတ် အသုံးအဆောင်နှင့် တူသည် တိုက်ငယ်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ ၎င်းတံတားအဆုံး ကန်လယ်ကျွန်းငယ်တွင် ဒန်းဆင်လျက် ရှိသည်။ ၎င်းဒန်းကို ယောကျ်ား, မိန်းမ မည်သူမဆို အလိုရှိရာ စီးရသည်။ ဒန်းစီးသည် ကာလ ရေပန်းထွက်၍ ပက်ဖျန်းသည်။ ကြည့်ရှုသူတို့ကိုလည်း အလိုရှိလျှင် ပက်ဖျန်းနိုင်သည် ရေပန်းငယ်အများ ရှိသည်။ ၎င်းရေကန်အထက် ဆိပ်ကမ်းတွင် ပန်းစုံ အထူးအဆန်း တိုက်ငယ်၊ မျှော်စင် အထူးအဆန်း ရှိသည်။ ၎င်းတိုက်အတွင်းသို့ ရောက်လျှင် စာအုပ်တွင် သံတော်တို့ လက်မှတ်ရေးခဲ့ရသည်။

၎င်းဥယျာဉ် ရေကန်များကို ကြည့်ရှုပြီးလျှင် အပေါင်းပါလူတို့နှင့် ရထားစီး၍ ၎င်းအရပ်ရှိ မစ်ဒီတာရေနီယန်းခေါ် ဟိုတယ်သို့ သွားကြသည်။ ၎င်းဟိုတယ်တွင် မြို့ဝန် ၂ ဦးတို့ စောင့်နေနှင့်၍ သံတော်တို့ စားသောက်ရန် စားပွဲ ခင်းကျင်း ပြင်ဆင်အသင့်ရှိနှင့်သည်။ ၎င်းစားပွဲတွင် သံတော်အရာရှိ, အပေါင်းပါလူ, ဗြန့်ကဲရီ, မြို့ဝန် ၂ ဦး, မြို့ဝန်သား, မြို့ဝန်လက်ထောက်တို့ စားပွဲထိုင်ကြသည်။ ၎င်းတိုက်သို့ သံတော်တို့ ရောက်သည်ကစ၍ စားပွဲစားသောက်ပြီးသည့်တိုင် ဘန်း အတီးအမှုတ်များကို မြို့ဝန်က ခင်းကျင်းတီးမှုတ်စေသည်။ စားပွဲ စားသောက်ပြီးလျှင် ပြာနီးတီး၍ ဘော်လခေါ်သည် အကပွဲ ခင်းကျင်း ကခုန်ကြသည်များကို ပြသည်။ ၎င်းအခင်းအကျင်းများကို ကြည့်ရှု၍ ၎င်းနေ့ည ၁၀ နာရီအချိန် ပြန်လာကြသည်။ မြို့ဝန် ၂ ဦးမှာ ၎င်းတိုက်အိမ်က ရထား သီးခြားစီး၍ ပြန်သွားသည်။ သံတော်အရာရှိတို့ တိုက်အိမ်က ထွက်လျှင် ၎င်းတိုက်လူကြီးတို့က သံတော်တို့ကို အရိုအသေပြု၍ မီးဖြူးမီးဝါ **ဥပါမျိုးစုံ**[၁] ရှို့လွှတ်သည်။ ၎င်းက အစဉ်အတိုင်း လာခဲ့၍ သံတော်တို့ တည်းနေသည် တိုက်အိမ်သို့ရောက်မှ မြို့ဝန်လက်ထောက်, မြို့ဝန်သားတို့ ပြန်သွားသည်။ ၎င်းနေ့ မေရားခေါ် မြို့ဝန်က ဂျင်နဝါမြို့ပုံ၊ ၎င်းမြို့ရှိ ကြည့်ရှုမှတ်သားလောက်သည် အဆောက်အဦပုံ စာအုပ် ၃ ကို သံတော်အရာရှိတို့ထံ ပေးပို့လာသည်။ သံတော်တို့က ပယင်းပုတီး ကုံးရေ ၁၊ ရုပ်ပုံများကို ပြန်ပေးလိုက်သည်။

**၎င်းလဆန်း ၉ ရက်**[၂] ဗုဒ္ဓဟူးနေ့ ၃ နာရီအချိန် မြို့ဝန်လက်ထောက် ဗြာဘယ်ဂါတွင် မေရားခေါ် မြို့ဝန်က ယိုမျိုးစုံထည့်သေတ္တာ ၁၊ မေရားရုပ် ၃၊ ၎င်းမယားရုပ်ပုံ ၃ များကို ပေးပို့လာ၍ ရသည်။ ၎င်းနေ့ ၎င်းနှင့်အတူ သံတော်အရာရှိ၊ အပေါင်းပါလူ၊ ဗြန့်ကဲရီ ရထားစီးနင်းပြီးလျှင် ဂျင်နဝါမြို့ အရှေ့မျက်နှာတံခါးက ထွက်၍ ဗိဇာညို့မြစ်ကို ကျော်ပြီးလျှင် ၎င်းမြို့

၁။ ဥပါမျိုးစုံ – ကောင်းကင်လွှတ် မီးရှူးပန်းမျိုးစုံ (ဦးစိုးလှိုင်၊ တာ–၁၈၈) ၂။ ၂၂ ဇူလိုင် ၁၈၇၄

www.burmeseclassic.com



အရှေ့ပြင် အရပ်များသို့ လှည့်ပတ်ကြရာ ခရီးတစ်တိုင်ခန့် ရောက်သည်။ ၎င်းအရှေ့ပြင် အရပ်များမှာ တိုးဆဲ ပွားဆဲ သစ်ပင်ဥယျာဉ်၊ ဟင်းသီး ဟင်းရွက်မျိုးစုံ၊ သစ်သီးမျိုး ပန်းမျိုးစုံ မြေပြင်မလပ် အနံ့အစပ် လုပ်ဆောင် ရှိသည်။ စပျစ်ပင်၊ အော်လစ်ပင်များလည်း အလွန် ပေါများသည်။ စပျစ်ပင် လည်း လုပ်ခင်းတိုင်း ခိုင်ချင်းစပ်မျှ အလွန် သီးသည်။ ဂျင်နဝါမြို့မှာ တောင်မျက်နှာက ပင်လယ်ကမ်း၊ ကျန် ၃ မျက်နှာက ခံမြို့ရိုး၊ ပါရစ်မြို့မှာ ကဲ့သို့ လုပ်ဆောင်လျက် တံခါး, မုခ်, ကျုံးကူး သံတံတားများနှင့် ရှိသည်။ ၎င်းမြို့ဟောင်းကို ထပ်မံချဲ့ထွင်၍ အရှေ့ပြင် အရပ်ကို မြို့ဝန်းပတ်လည် လုပ်ရအောင် အီတာလျံမင်းထံ တင်လျှောက် ပြောဆိုဆဲ ဖြစ်ကြောင်း၊ ၎င်းမြို့ ၃ မျက်နှာ အရပ်က တောင်စဉ် တောင်ထပ် ဝန်းရံလျက် ၎င်း တောင်ထိပ် သင့်ရာ အရပ်များနှင့် ပင်လယ်ကမ်း သင့်ရာ အရပ်များတွင် ခံမြို့, ခံကတုတ်ကြီးငယ် ၁၂ များမှာ ရဲမက် လက်နက်ကိုင် စစ်ကိရိယာ အပြည့်အစုံ ရှိနှင့်ကြောင်း၊ ၎င်းမြို့တွင် စစ်သည်ရဲမက် ခြောက်သောင်း၊ လူနေ သိန်းခြောက်သောင်း ရှိကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းမြို့ရှေ့ ဗီဇာညို့မြစ်မှာ နွေလအခါ ရေမရှိ။ မိုးတွင်း, ဆောင်းတွင်းမှ ရေစီးဝင်သည့် မြစ်တည်း။ မြို့ခြေပတ်လည် ကျုံးများမှာ အလိုရှိလျှင် ချက်ချင်း ရေပြည့်အောင် သွင်းနိုင်သော ဟူ၏။

၎င်းအရှေ့ပြင် အရပ်များကို လှည့်ပတ်ကြည့်ရှု၍ မြို့တွင်းသို့ ဝင်ပြီး လျှင် မာကွစ်–ဂရိုပါလို ဆိုသူ လူကုံထံကြီး တိုက်အိမ်သို့ ဝင်ကြရသည်။ ၎င်းတိုက်အရံအတွင်း ရေပန်း အဆင့်ဆင့်၊ ရေကန်အဆင့်ဆင့်၊ ရေမြောင်း အလျှိုလျှို၊ ပန်းမျိုးစုံ သစ်ပင် မျိုးစုံ၊ ကျောက်ဂူ ကျောက်စက် ရေတံခွန် သစ်ပင်အမျိုးမျိုး စိုက်ပျိုးရာ တဲတိုက်တန်းမှ စ၍ နှလုံးမွေ့လျော်ဖွယ် တင့်တယ်လှပ ရှိသည်များကို လှည့်ပတ်ကြည့်ရှု၊ ၎င်းက တည်ကျွေးသည့် မုန့်ယို အချိုအဆိမ့်များကို စားသောက်၊ တစ်နာရီခန့် နေထိုင်၍ ပြန်လာ ကြသည်။ ၎င်းနေ့ည မင်းခန့် မြို့ဝန် ကိုလူချီ, ၎င်းသား, မေရား ခေါ် မြို့ဝန် ဘာရွဲပေါ်တက်စတ, ၎င်းလက်ထောက် ဗြာဘယ်ဂါတို့ကို သံတော်အရာရှိ တို့က စားပွဲဖိတ်ကြား၍ အတူ စားပွဲထိုင်ကြသည်။ မေရားခေါ် မြို့ဝန်က ဂျင်နဝါမြို့တွင် အကောင်းဆုံး ဖြစ်သော **မြူစစ်**[၁] ခေါ် သီချင်း အတီးအမှုတ် သည် တို့ကို သံတော်တို့ရှိရာ တိုက်အိမ်သို့ ခေါ်၍ ကောင်းမွန်သာယာအောင် တီးမှုတ်စေသည်။ အတီးအမှုတ် အဖွဲ့အဆို အယူအငင် အလွန် ကောင်းလှ

၁။ Music



www.burmeseclassic.com

www.burmeseclassic.com



၏။ မင်းခန့်မြို့ဝန်နှင့် ၎င်းသားတို့ကို မင်းကြီးရုပ်ပုံ၊ စာရေးတော်ကြီး ရုပ်ပုံများကို ပေးလိုက်သည်။

**၎င်းလဆန်း ၁၀ ရက်**[၁] ကြာသပတေးနေ့ မင်းခန့်မြို့ဝန် ကိုလူချီက ဂျင်နဝါမြို့ရှေ့ နက်ရဘိ ခေါ်သည် ရွာတွင် ပျော်ပျော်ပါးပါး လှည့်ပတ်ကြည့်ရှု၍ နေ့စာစားပွဲ ခင်းကျင်း ကျွေးမွေးမည့် အကြောင်းနှင့် ဖိတ်ကြားသောကြောင့်၊ ၎င်းနေ့ ၁၁ နာရီအချိန် သံတော်အရာရှိ၊ အပေါင်းပါလူ၊ မင်းခန့်မြို့ဝန် ကိုလူချီ၊ ၎င်းသား၊ မေရားခေါ် မြို့ဝန် ဘာရွန်–ပေါ်တက်စ၊ ၎င်းလက်ထောက် ဗြာဘယ်ဂါတို့နှင့်အတူ ရထားစီးနင်းပြီး သွားကြရာ၊ မြို့ဝန်ရှေ့ တံတားက ထွက်၍ ဂျင်နဝါမြို့မ အပါအဝင် အရှေ့ပြင်နယ်ဆုံး ချောင်းတံတားကူးက အရှေ့ နက်ရဘိ ခေါ်သည် အရပ်ကို လျှောက်၍ သွားကြသည်။ ပင်လယ်ကမ်းထိပ်လမ်း ဖြစ်၍ ပင်လယ်လေ ရသောကြောင့် အေးချမ်းကောင်းမွန်စွာ သွားရသည်။ နက်ရဘိရွာရှိ ပန်စယွန်း အင်္ဂလိပ်ဆစ် ဟိုတက်သို့ ရောက်လျှင် အသင့်ခင်းကျင်း ပြင်ဆင်ပြီး စားပွဲမှာ နေထိုင်စားသောက်ကြ၍ပြီးလျှင်၊ ယမန်နေ့က သွားရောက်ကြည့်ရှုသည့် တိုက်အိမ်ရှင် မာကွစ်–ဂရိုပါလိုညီ၊ မာကွစ်–ဂရိုပါလိုက သံတော်အရာရှိတို့ တိုက်အိမ်သို့ ဝင်၍ ဥယျာဉ် သစ်ပင်များကို ကြည့်ရှုပါမည့် အကြောင်းနှင့် ဖိတ်ကြားသောကြောင့် ၎င်း မာကွစ်ဂရိုပါလို တိုက်အိမ်သို့ သွားကြသည်။

ပန်စယွန်း–အန်ဂလိဆစ် ဟိုတက်တွင်လည်း ယမန်နေ့ညက တီးမှုတ်သည့် အတီးအမှုတ်သည်တို့ကို မြို့ဝန်က တီးမှုတ်စေသည်။ မာကွစ်–ဂရိုပါလို အိမ်ကလည်း နက်ရဘိ ကျေးရွာရှိ အတီးအမှုတ်သည်တို့ကို တီးမှုတ်စေသည်။ မာကွစ်–ဂရိုပါလို တိုက်အိမ်အတွင်းလည်း ပြားနီး အတီး မိန်းမ ယောကျ်ား အဆိုများနှင့် မြတ်မြတ်နိုးနိုး ရှိသေ ကောင်းမွန်စွာ နက်ရဘိ ကျေးရွာရှိ လူကြီးလူကောင်း မိန်းမ ယောကျ်ားတို့ အစုံအညီ စည်းဝေး၍ လက်ခံ ပြုစုသည်။ ၎င်းတိုက်အိမ် အရံတွင်းရှိ ဥယျာဉ် သစ်ပင်များကို ၎င်းပရိသတ်တို့နှင့်အတူ လှည့်ပတ် ကြည့်ရှုကြသည်။ ဂျင်နဝါမြို့ဝန် ၂ ဦး၊ မာကွစ်– ဂရိုပါလို၊ နက်ရဘိ ကျေးရွာရှိ လူကြီးလူကောင်း မိန်းမ ယောကျ်ားတို့ သဘော နှလုံးထား အမူအရာ၊ လက်ခံပြုစုသည် အခြင်းအရာများမှာ ကြာမြင့်စွာ ကွဲပြား၍နေသော သားသမီး ဆွေမျိုးရင်းချာတို့ကို တွေ့၍ ကြည်လင်ရွှင်လန်း ဝမ်းမြောက်ဝမ်းသာ ပြုစုသည်နှင့် တူသည်။ မာကွစ်–ဂရိုပါလို ဥယျာဉ် သစ်ပင် တိုက်အိမ်များလည်း နှလုံးမွေ့လျော်ဖွယ်

[၁] ၂၃ ဇူလိုင် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



တင့်တယ် ကောင်းမွန်လှ၏။ ၎င်းတိုက်အိမ် ဥယျာဉ် သစ်ပင်များကို လှည့်ပတ် ကြည့်ရှုပြီးလျှင် မာကွစ်-ဂရိုပါလိုက ခင်းကျင်း ကျွေးမွေးသည် မုန့်ယို အချိုအဆိမ့်များကို စားသောက်၍ လာရင်း အပေါင်းပါလူတို့နှင့် ပြန်လာကြသည်။ ၅ နာရီခွဲအချိန်မှ တိုက်အိမ်သို့ ရောက်သည်။ တိုက်အိမ်သို့ရောက်မှ မြို့ဝန် ၂ ဦး, ၎င်းသား, ၎င်းလက်ထောက်တို့ ပြန်သွားကြသည်။

၎င်းနေ့ည ၈ နာရီအချိန် **ချီရကိုလို**[၁], **ဖိလော်လော်ချစ်ကို**[၂], **စတောနော်ဂရာဖီးကို**[၃] အသင်းပါ လူတို့က သံတော်အရာရှိ ၎င်းအသင်းသို့ လာရောက်ခြင်းကို အလိုရှိလှပါသောကြောင့် အသင်းပါလူတို့ကို ချီးမြှောက်သောအားဖြင့် လာရောက်ပါမည် အကြောင်းနှင့် ဖိတ်ကြားသောကြောင့် သံတော်အရာရှိ, အပေါင်းပါလူ, ဗြန့်ကဲရီတို့ အသင့်ပြင်ဆင် ရှိနေသည့်အတွင်း ၎င်းအသင်းအဝင်ပါ ရှာပါလိ ရေပါရီး ကြိုယူလာသောကြောင့် ၎င်းနှင့်အတူ လိုက်သွားကြသည်။ ချီရကိုလို ဆိုသည်မှာ အမျိုးဘာသာ၊ လင်္ကာ သီချင်းများကို သင်ကြားပြသနိုင်သူ ပညာရှိတို့ စည်းဝေးရာ ခိုလိုသည်။ ဖိလော်လော်ချစ်ကို ဆိုသည်မှာ နိုင်ငံ တကာ အမျိုးဘာသာ စကားများကို သင်ကြားပြသနိုင်သူ ပညာရှိတို့ စည်းဝေးရာ ဆိုလိုသည်။ စတောနော်ဂရာဖီးဂဲ့ ဒိုသည်မှာ အက္ခရာ အတိုနှင့် အက္ခရာ အများကို ပြီးအောင် ရေးနိုင်သည် အတတ်ကို သင်ကြားပြသနိုင်သူ ပညာရှိတို့ စည်းဝေးရာ ဆိုလိုသည်။ ၎င်းအသင်းပါ ပညာရှိတို့ စည်းဝေးရာ တိုက်အိမ်သို့ ရောက်လျှင် သင်းအုပ် လူကြီး ရာကိုပို ဘီရဂျီလျှို ဆီးကြို၍ အသင်းပါလူ အစည်းအဝေးဝင် မိန်းမ ယောကျ်ားပရိသတ် ၄၀၀ ကျော် ၅၀၀ ခန့် ကောင်းမွန်စွာ ဆီးကြို နှုတ်ဆက်ကြသည်။ ပြီးလျှင် သံတော်အရာရှိတို့ကို ပထမကလပ် နေရာတွင် ချထား နေထိုင်စေ၍-

> ၎င်းအစည်းအဝေး ယခုနေ့ ပြုလုပ်သည်မှာ အခြားအကြောင်းကို ရည်၍ ပြုလုပ်သည် မဟုတ်၊ သံတော်အရာရှိတို့ကို ရည်၍ ပြုလုပ်သည် အစည်းအဝေး ဖြစ်သည်နှင့်အညီ သံတော်အရာရှိတို့ ၎င်းအစည်းအဝေးသို့ လာရောက်သည်ကို အသင်းပါလူတို့မှာ ဂုဏ်ကျက်သရေ အလွန် တိုးတက်ကြောင်း၊ အခမ်းအနားအကြီးအကျယ် ခင်းကျင်း၍ လက်မခံနိုင်သော်လည်း အလွန်ကြည်ညို စုံမက်ရင်းရှိသည့် စိတ်သဘော နှလုံးသွင်းကို ထောက်၍ ၎င်းအစည်းအဝေးသို့ လာရောက် ချီးမြှောက်သည်ကို အလွန် ကျေးဇူးတင်

၁။ Choruscolo ၂။ Philological ၃။ Stanographycal (ဦးစိုးလှိုင်၊ စာ-၁၉၁)



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ မြန်မာနိုင်ငံနှင့် အိတာလျံနိုင်ငံ မဟာမိတ် ဖြစ်သည်ကို ယခု သံတော်တို့ လာရောက် တွေ့မြင်ရသည်ကို အစပြု၍ မဆုတ် မယုတ်၊ တစ်စတစ်စ မဟာမိတ်တိုးပွား ဖြစ်ထွန်း၊ ရောင်းလမ်း ဝယ်လမ်း ပေါက်ရောက်ကြီးပွား၊ ၂ တိုင်း ၂ ပြည် အကျိုးစီးပွား ဖြစ်ထွန်းရန်ကို အထူးသဖြင့် တောင့်တလျက် ရှိပါကြောင်း။ မြန်မာ နေထွက် ဘုရင်မင်းမြတ်လည်း ဘုန်းတော်ကြီး၍ သက်တော်ရာကျော် ရှည်တော်မူပါစေမည် အကြောင်း

နှင့် စီကုံး ရေးသားသည် စာကို အစည်းအဝေးသဘင် ပရိသတ်အလယ် သံတော်တို့ ရှိရာ အရှိအသေမူလျက် သင်းအုပ်လူကြီး ကိုယ်တိုင် ဖတ်ပြော သည်။ အစည်းအဝေး ပရိသတ်တို့လည်း အုတ်အုတ်ကျက်ကျက် ကောင်းချီး ပေးကြသည်။ ပြီးလျှင် အသင်းဝင် လူတို့မှ ဆင်ယင် ဆောင်ရွက်ရသည် အသင်းတံဆိပ် ဘယက်ကို သင်းအုပ်လူကြီး ကိုယ်တိုင် ကင်းဝန်မင်းကြီး, စာရေးတော်ကြီး, မောင်အောင်သူ, ဖြန့်ကဲရီ[၁] တို့ကို အရှိအသေ ကြွတ်နှင့် တကွ တစ်ခုစီ ပေးသည်။ ပြီးလျှင် အမျိုးဘာသာ ကိုးကွယ်သည် ဘုရား အဖြစ်အပျက်ကို ရှေးကျမ်းဟောင်း ဘင်္ဂါလီ ဘာသာရေးစာက ထုတ်နုတ် စီကုံးသည် ကဗျာများကို ကဗျာဆရာ ဖတ်ကြားသည်။ ပြီးလျှင် အကောင်း ဆုံး မိန်းမ ယောကျ်ား ပြာနိုးအတီးအကောင်း ဆရာတို့ သီချင်း ကျူးသီ တီးမှုတ်ကြသည်။ ပြီးလျှင် တယောဆရာ တယောထိုးသည်။ အလွန် ကောင်းသည်။ တွေ့မြင်ဖူးသမျှ တယောဆရာတို့ထက် ၎င်းဆရာ သာလွန် သည်ဟု ထင်မှတ်မိသည်။ ပြီးလျှင် မိန်းမငယ်တစ်ယောက် ထွက်၍ ပန်းပွင့် ရောင်းသည်။ မိန်းမ အတ္တုပ္ပတ္တိ ဝတ္ထု စီကုံး ရေးသားထားသည် ဇာတ်ကို အဟန်အပန် အမူအရာနှင့်တကွ ပြ၍ ရွတ်ဖတ် ပြောဆိုသည်။ ပြီးလျှင် မီးမျိုးစုံ ရှို့လွှတ်၍ ပြသည်။ ၎င်းမီးမျိုးစုံ ရှို့လွှတ်သည် နေရာတွင် ဘန်းမြူစစ် အတီးမျိုးစုံ တီးမှုတ်သည်။ ၎င်းမီးများမှာလည်း ဥပါအမျိုးမျိုး, မီးပဇည်း အမျိုးမျိုး, ရောင်စုံမီးပွင့် အမျိုးမျိုး, မီးစကြာရောင်စုံ အမျိုးမျိုးများကို ပြသည်။ ၎င်းမီးစကြာက ထွက်သည် မီးပန်း မီးရောင်တို့ကို ကြည့်ရှုစဉ်အခါ အလွန် ကြည်ညိုဖွယ်ဖြစ်၍ မြတ်စွာဘုရား ရောင်ခြည်တော်ခြောက်ပါး ရေမီးအစုံ ပြာဋိဟာများကို သက်ဝင် ကြည်ညိုမိသည်။ ပြီးလျှင် မြန်မာသံတော်တို့က—

ကျွန်ုပ်တို့သခင် နေထွက်ဘုရင် မြန်မာမင်းမြတ် ဘုန်းတော် ကြီးကြောင်း, သက်တော်ရှည်ကြောင်းများကို ဆုတောင်းသည်အရာ၊

---

၁။ Captain Brant Carie



www.burmeseclassic.com

www.burmeseclassic.com



သည်ကဲ့သို့ အစည်းအဝေးပြု၍ ကျွန်ုပ်တို့ကို ဖိတ်ကြားလက်ခံသည် အရာ၊ လူသာမညတို့ မဝင်မရောက်နိုင်သည် အသင်း အစည်းအဝေး အတွင်းသို့ အပါအဝင် ဖြစ်အောင် အသင်းတံဆိပ် ဘယက်ကို ပေးအပ် ဆောင်နှင်းသည်အရာ၊ နိုင်ငံတော်နှင့် အီတာလျံနိုင်ငံ မဟာမိတ် အဖြစ် တိုးပွား မြဲမြံခြင်းကို အလိုရှိသည် အရာများကို ကျွန်ုပ်တို့ အလွန် ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ပါကြောင်း။ နိုင်ငံတော်သို့ ရောက်သည် ကာလလည်း ၎င်းအကြောင်းအရာများကို မြန်မာ မင်းမြတ်နှင့်တကွ မှူးတော် မတ်တော်, ပြည်သူတို့အား တင်လျှောက် ပြောကြားပါမည် အကြောင်း။ သည်ကဲ့သို့ ယုံကြည်နှစ်သက်ထိုက် သည် အမှုအရာများကို ကြားသိလျှင် မင်းမှူးမတ် ပြည်သူတို့ အလွန် ဝမ်းမြောက်ဝမ်းသာ ရှိပါလိမ့်မည် အကြောင်းများ

နှင့် ပရိသတ်အလယ် နှုတ်ခွန်းဆက်စကား ပြောဆိုသည် အဆုံး၌ အစည်း အဝေးပါ ပရိသတ်တို့ အုတ်အုတ်ကျက်ကျက် တစ်ပြိုင်နက် ကောင်းချီး ပေးကြသည်။ သံတော်တို့က ဇနက္ကပျို့၊ ဝေဿန္တရာပျို့ ၂ စောင်တွဲ စာအုပ်ကို ပေးခဲ့သည်။ ၎င်းသင်းအုပ်လူကြီး အပေါင်းပါလူတို့ မငြက်မစက် နှစ်သက် မြတ်နိုးကြသည်။ ပြီးလျှင် နှုတ်ခွန်းဆက်၍ ပြန်လာကြသည်။ အကြိုလာရင်း သင်းဝင်လူကြီးလည်း တိုက်အိမ်ရောက် လိုက်ပို့ပြီးမှ ပြန်သွား သည်။ ၎င်းလူကြီးတွင် သံတော်အရာရှိတို့ ရုပ်ပုံ၊ လက်မှတ်များကို ပေးလိုက် သည်။

**၎င်းလဆန်း ၁၁ ရက်** [၁] သောကြာနေ့ ၈ နာရီအချိန် သံတော်အရာရှိ, အပေါင်းပါလူ, ဗြန့်ကဲရီတို့ ဂျင်နဝါမြို့က **မစ်လန်းမြို့** [၂] သို့ ထွက်လာကြသည်။ သံတော်တို့မှာ နေ့စဉ်သုံးဆောင် ဝတ်စားရန်များပြင် ပိုသည် အသုံးအဆောင် သေတ္တာများကို ၎င်းဂျင်နဝါမြို့ ဒရွန်ဘက်တာ ဟိုတက်မှာ အပ်ထားခဲ့ကြ သည်။ ၎င်းနေ့ နံနက်ကစ၍ မိုးရွာသောကြောင့် ဥတု အလွန်အေးသည်။ ၎င်းဂျင်နဝါမြို့ မေရားခေါ် မြို့ဝန်က မြူစစ်ခေါ် ဘန်း အတီးအမှုတ်များနှင့် လက်ထောက် ဗြာဘယ်ဂါကို မီးရထားရုံက စောင့်နေနှင့်စေ၍ ဆီးကြို တီးမှုတ် နှုတ်ဆက်သည်။ ၎င်းမီးရထားရုံက အမြန်သွား မီးရထားကို စီး၍ လာခဲ့ရာ **အာလစ္စန္ဒရီယမြို့** [၃] သို့ ဆိုက်ရောက်လျှင် ၁၅ ဗီဇနာခန့် ရပ်သည်။ ၎င်းလမ်းစဉ် တစ်လျှောက်များမှာ လုပ်ငန်းလုပ်တာ မြို့စဉ်ရွာစဉ် အဆက် မပြတ် လုပကောင်းမွန် ရှိသည်။ ၎င်းအာလစ္စန္ဒရီယမြို့လည်း အီတာလျံနိုင်ငံ

---

၁။ ၂၄ ဇူလိုင် ၁၈၇၄ ၂။ Milan ၃။ Alessandria



www.burmeseclassic.com

www.burmeseclassic.com



မီးရထားလမ်း ဆုံရာအရပ် ဖြစ်သည်။ ၎င်းမြို့က ဂျင်နဝါမြို့၊ တုရင်းမြို့၊ မစ်လန်းမြို့၊ **ဘူလွန်းညာမြို့**[၁]၊ **ရောမမြို့**[၂]များသို့ မီးရထားလမ်း ပေါက်ရောက်နိုင်သည်ချည်း ဖြစ်ကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းမြို့က ထွက်လာရာ တစ်နာရီအချိန် မစ်လန်းမြို့သို့ ရောက်သည်။

မစ်လန်းမြို့ မီးရထားရုံတွင် မစ်လန်းမြို့ မင်းခန့်မြို့ဝန်၊ မြို့သဘောတူ မေးရားခေါ် မြို့ဝန် ၂ ဦးက လက်ထောက်အရာရှိ တစ်ယောက်စီ စောင့်နေဆီးကြိုစေ၍ မစ်လန်းမြို့ ဒလာဘစ် ဟိုတက်တိုက်အိမ်သို့ လာကြသည်။ မြို့ဝန်လက်ထောက် ၂ ဦးတို့လည်း သံတော်တို့ တိုက်အိမ်သို့ရောက်မှ ပြန်သွားကြသည်။ အာလစ္စန္ဒရိယမြို့က မစ်လန်းမြို့ရောက် လမ်းစဉ်တစ်လျှောက် ဝဲယာများမှာ ဂျုံလုပ်ငန်း၊ စပျစ်လုပ်ငန်း မများလွန်း။ ပြောင်းဖူးလုပ်ငန်း၊ စပါးလုပ်ငန်း အားကြီးသည်။ ရေလည်း အလိုရှိတိုင်း ရသည်။ မြေလည်း နုသည်။ စပါးမှာ ငါတို့ အရပ်မှာကဲ့သို့ အဆန်ကတွယ် လက်စိုက်လုပ်မဟုတ်။ မျိုးကဲ့သို့ ထူထူကြဲ့မွှန်း၍ လုပ်ဆောင်သည်။ အပင်လည်း မမြင့်လွန်း။ တစ်တောင့်ထွာ ၂ တောင်ခန့်သာ ရှိသည်။ အသီးအနှံလည်း ငါတို့နိုင်ငံမှာကဲ့သို့ ရွဲရွဲဝိုက်ဝိုက် အနှံကြီးသည်ဟု မထင်မိ။ ဖုံးဆဲ ထွက်ဆဲ ဝိုက်ဆဲ ရှိသည်။ ဂျုံမှာ ရိတ်သိမ်းဆဲ ရှိသည်။ ပြောင်းဖူးမှာ ဖူးဆဲ၊ မရင့်သေး။ စပျစ်လည်း သီးဆဲ၊ မရင့်သေး ရှိသည်။ ၎င်းနေ့ လမ်းတစ်လျှောက်များမှာ မိုးရွာတုံ လင်းတုံနှင့် လာခဲ့ရသည်။ မစ်လန်းမြို့ အနီးသို့ ရောက်လျှင် စားဖွယ် သောက်ဖွယ် ပင်မျိုး၊ ရွက်မျိုး၊ ဥမျိုး၊ သီးမျိုး အများ လုပ်ဆောင်လျက် အလွန် ဖြစ်ထွန်းစည်ကား နုပျို သာယာသည်။

**၎င်းလဆန်း ၁၂ ရက်**[၃] စနေနေ့ ၂ နာရီအချိန် မင်းခန့်မြို့ဝန် လက်ထောက် နာရနချီ၊ မေးရားခေါ် မြို့ဝန်လက်ထောက် လာဘူးစတို့ သံတော်တို့ ရှိရာ လာရောက်ကြိုယူလာသောကြောင့် သံတော်အရာရှိ၊ အပေါင်းပါလူ၊ ဖြန့်ကဲရီတို့ စုံညီ ရထားစီးနင်း လိုက်သွားကြရာ အဏ္ဏဇော်ဘစ်ရှမ်း ခေါ်သည် တိုက်သို့ ရောက်သည်။ ၎င်းတိုက်လည်း မြို့နှင့်ဆိုင်သည် ဥယျာဉ်ကြီးအတွင်း ဖြစ်သည်။ ၎င်းတိုက်သို့ရောက်လျှင် တိုက်လူကြီးတို့ ဆီးကြိုလိုက်ပြ ကြည့်ရှုရသည်မှာ အီတာလျံနိုင်ငံဖြစ် သစ်သားအထည်တွင်းသို့ ပန်းအရပ်မျိုးစုံ အလိုရှိရာ သစ်သား ဆင်စွယ်များကို သွင်းလုပ်သည် စားပွဲခုံ၊ သေတ္တာ၊ ခုတင်မှ စ၍ အရပ်ရပ် သစ်သား အထည်များနှင့်၊ ၎င်းရေးလုပ် အထည်များနှင့် နည်းတူ ယခု လုပ်ဆောင်သည် သစ်သားအထည်မျိုးစုံ ထားရာ

---

၁။ Bologna ၂။ Rome ၃။ ၂၅ ဇူလိုင် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခန်း၊ အီတာလျံနိုင်ငံ, ပြင်သစ်နိုင်ငံ, တရုတ်နိုင်ငံ, ဂျပန်နိုင်ငံများက လုပ်ဆောင်သည် ရှေးလုပ် ကြွေအိုး, ကြွေပန်းကန်, ကြွေရုပ်, ကြွေထည် အမျိုးမျိုးနှင့် ယခု အီတာလျံနိုင်ငံတွင် လုပ်ဆောင် ဖြစ်ထွန်းသည် ကြွေထည် အမျိုးမျိုးထားရာ တိုက်ခန်း၊ ပိုးထည် ဖဲထည်များတွင် လက်လုပ်ပန်းပြောက်, စက်လုပ် ပန်းပြောက်, ရှေးက ဖြစ်သည် အထည် အမျိုးမျိုးနှင့် ၎င်းအထည် များနှင့် ထပ်တူ ယခု လုပ်ဆောင်သည် အထည်အမျိုးမျိုးထားရာ တိုက်ခန်း၊ နိုင်ငံတကာများမှာ ရှေးကာလက စ၍ ယခုတိုင် ဝတ်ဆင်ကြသည် စစ်ဝတ် သံချပ်, ဒိုင်းလွှား လေး မြား, ဓား, လှံ, သေနတ်အမျိုးမျိုးများကို ထားရာ တိုက်ခန်း၊ ဇွန်း ခက်ရင်း ဓား လင်ပန်း ကရားမှ စ၍ ကြေးထည်အမျိုးမျိုး များကို ရှေးလုပ်, ယခုလုပ် ပြိုင်ဆိုင်၍ ထားသည့် အခန်း၊ ရှေးကာလက ယခုတိုင် လုပ်ကိုင် သုံးစွဲကြသည် နာရီအမျိုးမျိုးထားရာ တိုက်ခန်း၊ ရွှေထည် ငွေထည် အဆင်တန်ဆာ, စားပွဲကိရိယာ အမျိုးမျိုးထားရာ တိုက်ခန်းမှ စ၍ အရုပ်ရုပ် ကြည့်ရှုရန် ရှိသည်များကို ကြည့်ရှုရသည်။ ၎င်းတိုက်တွင် ဂောက်ပလင် ရှေးဖြစ်အထည်, ယခု ရက်လုပ်သည် အထည် ရုပ်မျိုးပန်းမျိုး အစုံများနှင့် အဆန်းတကြယ် ခင်းကျင်း၍ထားသည်။ အလွန် များလှ၏။

၎င်းတိုက်ကို လှည့်ပတ် ကြည့်ရှုပြီးလျှင် အရုပ်ရုပ် လမ်းသေးလမ်းမ များကို လှည့်ပတ်၍ အာရေန ခေါ်သည် အရပ်သို့ သွားကြသည်။ ၎င်းအာရေန ခေါ်သည် အရပ်လည်း ရဲမက်စစ်သည်တို့ စစ်ရေးပြရာ ပြီယတ်စာဒါရမေ ခေါ်သည် စစ်တလင်းကြီး အနီးတွင် ရှိသည်။ ၎င်းအာရေန ဆိုသည် အဆောက်အဦမှာ ဝမ်းဘဲဥ သဏ္ဌာန် ကျုံးကဲ့သို့ အနက်တူး၍ အာလိန် အဆင့်ဆင့် ထားသည်။ ပတ်လည် တံတိုင်းရံသည်။ တိုက်အိမ် မှခ် ပတ်လည် ထားသည်။ အလိုရှိလျှင် ရေအပြည့် သွင်းနိုင်သည်။ ၎င်းအရပ်တွင် ပရိသတ် လူသုံးထောင် စည်းဝေးနိုင်သည်။ ၎င်းမစ်လန်းမြို့တွင် အကြီးအကျယ် မီးပွဲရှိလျှင် ၎င်းအာရေနအတွင်း ပြသ ရှို့လွှတ်သည်။ ဆောင်းဥတုသို့ ရောက်လျှင် ၎င်းအာရေန အတွင်းသို့ ရေသွင်း၍ ခဲစေပြီးမှ ပြည်သူတို့ ရေခဲကစားသည် အရပ် ဖြစ်ကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်း အာရေနတိုက်အိမ်က မျှော်ကြည့်လျှင် စစ်တလင်း မျက်နှာသာတွင် ခင်းကျင်း စစ်ရေးပြ အခမ်းအနားများကို ကြည့်ရှုရန် ကောင်းသည်။

၎င်းက ထွက်လာပြန်ရာ မစ်လန်းမြို့၊ **ဘင်နစ်မြို့**[၁] မှ စ၍ အီတာလျံ နိုင်ငံ တစ်ပိုင်းကို **အောက်ဆရီယမင်း**[၂] က ယူထား စိုးအုပ်သောကြောင့်

---

၁။ Venice ၂။ King of Austria



www.burmeseclassic.com

www.burmeseclassic.com



**တတိယ နပိုလျမ်းမင်း**[၁] လက်ထက် အောက်ဆရိမင်းနှင့် စစ်တိုက်ကြရာ၊ တတိယ နပိုလျမ်းမင်းတပ် မဂျန္တ အရပ်တွင် အောက်ဆရိယ စစ်သည်တို့ ဝန်းဝိုင်း၍ တပ်မြုပ်မည် ရှိသည်အတွင်း ယခု ပြင်သစ်နိုင်ငံ သမ္မတမင်း ပြုလုပ်သူ **ဗိုလ်ချုပ်ကြီး မက္ကမေဟန်း**[၂] သိမြင်၍ အပြင်းချီတက် ကူညီ တိုက်ခိုက်သောကြောင့် အောက်ဆရိယစစ်သည် ပျက်ပြား၊ အောက်ဆရိယ နိုင်ငံကို အောင်သောကြောင့် ၎င်းအရေး အောင်လျှင်အောင်ချင်း မဂျန္တ အရပ်တွင်ပင် ဗိုလ်ချုပ် စစ်သူကြီး မက္ကမေဟန်ကို မင်းဆွေမင်းမျိုး အဖြစ်သို့ သွင်း၍ ချူမဂျန္တ ဘွဲ့တံဆိပ်ကို တတိယ နပိုလျမ်းမင်းက ပေး၍ အောက်ဆရိယ စစ်သည်တို့ကို အောင်မြင်သည် အခြင်းအရာကို အစွန့်ရှည်စွာ မှတ်သားပြောပရန် ဆောက်လုပ်သည် အာရကိုဒိုလာပါဂျေ ခေါ်သည် အောင်မုခ်သို့ သွားရောက် ကြည့်ရှုကြသည်။ ၎င်းအောင်မုခ် မြို့တံခါး အဝင်တွင် ရှိသည်။ ၎င်းတံခါးက အဝင်အထွက်၊ အကောက်နှင့် စပ်ဆိုင် သည်များကို စောင့်နေ ကောက်ခံသည်။ ၎င်းအောင်မုခ်သည် ပါရစ်မြို့ အာဂဒီထရီယောင် ခေါ်သည် အောင်မုခ်နှင့် တူသည်။ ၎င်းအောင်မုခ်ပေါ်တွင် မြို့စောင့် နတ်သမီးရုပ် မြင်းစီးလျက် စစ်ဝတ်ဆင် စစ်ဗိုလ်ရုပ် ၁၀ များနှင့် အကြီးအကျယ် လုပကောင်းမွန် ရှိသည်။ ၎င်းအောင်မုခ်ကို တတိယ နပိုလျမ်းမင်း ကြီးကြပ်၍ လုပ်ဆောင်ကြောင်းကို ပြောဆို ကြားသိရသည်။ မဂျန္တ အရပ် ဆိုသည်မှာ ၎င်းအရပ်တွင် မဟုတ်။ ခရီးတိုင် ၂၀ ခန့် ဝေးသေး ကြောင်းကို ပြောဆို ကြားသိရသည်။

၎င်းက ထွက်လာပြန်ရာ တတိယတြဒါလာဘက်ရနေ ခေါ်သည် ဇာတ်ရုံသို့ ဝင်၍ အခင်းအကျင်း အနေအထိုင်များကို ကြည့်ရှုကြသည်။ ၎င်းဇာတ်ရုံ မကြီးကျယ်လွန်း။ သို့သော်လည်း လုပ်ပုံ ဆောင်ပုံ သေချာ ကောင်းမွန် ရှိသည်။ ၎င်းက ထွက်လာပြန်ရာ မြို့လယ်တွင် အကောက်အခွန် ကောက်ခံရာ မုခ်တံခါး ထား၍ ကောက်ခံသည် ဒါရစနားဖေါ်ရီဒီပေါ်ရတား ကိချီနေဇ ခေါ်သည် တံခါးမုခ်သို့ ရောက်သည်။ ၎င်းတံခါးမုခ် အနီးတွင် နာဘိလျှိုး ခေါ်သည် မြောင်းသုံးသွယ် ဆိုင်လျက် ရှိသည်။ ၎င်းနာဘိလျှိုး ခေါ်သည် မြောင်းလည်း မစ်လန်းမြို့အတွင်း အလျှိုလျှို အသွယ်သွယ် အလိုရှိရာ စီးဆင်းလျက် လှေသမ္ဗန်အများ ဝင်ထွက်ရှိသည်။ ၎င်းမြောင်းကို မစ်လန်းမြို့က ခရီးတိုင် ၃၀ ကျော်ကွာ **တိချိနိုးမြစ်**[၃]က တူးဖောက် ယူဆောင် ခဲ့၍ ပိုးမြစ်သို့ ပေါင်းဆုံ ထွက်သွားစေကြောင်းကို ပြောဆို ကြားသိရသည်။

---

၁။ Napoleon III ၂။ Marshall Mc Mahon ၃။ Ticino River



www.burmeseclassic.com

www.burmeseclassic.com



ၿငင်းက ထွက်လာပြန်ရာ သံခုတင်, သံပန်း, စားပွဲခုံ, ကုလားထိုင်, သံဝင်း, သံသေတ္တာမှ စ၍ သံနှင့် စပ်သည် အသုံးအဆောင်များကို လုပ်ဆောင်ရာ ဖာဘရီကာဒီ ဖာရီးတိုးဒီ ပြော်ပီရေတာ ခေါ်သည် စက်ရုံသို့ သွားကြသည်။ ရောက်လျှင် ၎င်းတိုက်လူကြီး ကံပြာရိုး ဆီးကြိုလိုက်ပြ ကြည့်ရှုရသည်မှာ သံပြားအရှည် ၁၂ တောင်ခန့်၊ ဖြက် ၆ လက်မခန့်များကို သံပြွန် ဖြစ်အောင် လုပ်ဆောင်သည်စက်၊ သည်ကဲ့သို့ အလိုရှိရာ အကြီးအငယ် သံပြွန်လုပ်ဆောင်သည်စက်၊ ၎င်းသံပြွန်များကို သံခုတင်, သံပန်း, ကုလားထိုင် အလိုရှိရာ လုပ်ဆောင်သည် အရပ်များကို လှည့်ပတ် ကြည့်ရှုပြီးလျှင် လုပ်ပြီး အထည်အမျိုးမျိုးထားရာ တိုက်ခန်းသို့ ရောက်သည်ကာလ ကုလားထိုင်, ခုံ, စားပွဲခုံ, သေတ္တာ, ပုခက်, သံတဲ, သံအိမ်အမျိုးမျိုး၊ သံခုတင် အမျိုးမျိုးများကို မြင်ရသည်။

၎င်းက ထွက်လာပြန်ရာ အင်္ကျီကြယ်သီး၊ ဘောင်းဘီ ကြယ်သီး အမျိုးမျိုး လုပ်ဆောင်သည် ဖာဘရီကာဒီ ဘူတန်နေဒီပြော် ခေါ်သည် တိုက်သို့ သွားကြသည်။ ရောက်လျှင် ၎င်းတိုက်လူကြီး ဘင်တာ ဆိုသူ ဆီးကြိုလိုက်ပြ ကြည့်ရှုရသည်မှာ မြင်းခွာ, နွားခွာ, နွားချို၊ အိန္ဒိယနိုင်ငံဖြစ် ပေသီးနှင့် တူသည် သစ်သီးများကို အလိုရှိရာ စက်နှင့်ဖြတ်၍ အလိုရှိသည် အင်္ကျီသီး၊ ဘောင်းဘီကြယ်၊ အင်္ကျီလက်ဖျားကြယ်၊ မင်းနှင့်ဆိုင်သည် အင်္ကျီသီး, အမျိုးနှင့်ဆိုင်သည် အင်္ကျီသီးများကို လုပ်ဆောင်ရာ အရပ်ရပ်တိုက်ခန်း၊ ကြေးအင်္ကျီသီး, ဖန်အင်္ကျီသီး လုပ်ဆောင်သည် တိုက်ခန်း၊ လည်ပင်းစည်း ပဝါ ရက်လုပ်သည် တိုက်ခန်းမှ စ၍ အရပ်ရပ် ကြည့်ရှုရန် ရှိသည်များကို ကြည့်ရှုရသည်။ ၎င်းတိုက်တွင် အလုပ်သည် မိန်းမ ယောကျ်ား ၅၀၀ ကျော် ရှိသတည်း။

၎င်းက ထွက်လာပြန်ရာ လူငယ်တို့ စာသင်သည့် စကွတ်–လေကန် ပြုနာ ပေါ်ရထာရော်မာန ခေါ်သည် စာသင်ကျောင်း၊ ၎င်းက ထွက်လာပြန်ရာ လူငယ်တို့ အားဖြစ်အောင် ဒန်းစီး, ကျွမ်းထိုး, တိုင်တက်, တန်းလျှောက်, ကွင်းဝင် အမျိုးမျိုး သင်ကြားသည် ပါလေစတြား ချီနာစတီကာ ခေါ်သည် ပညာသင်ကျောင်းတိုက်၊ ၎င်းက ထွက်လာပြန်ရာ သူနာ ထားရာ အော်ဆပီတာလေမဂြီရေး ခေါ်သည် သူနာတိုက်များကို ဝင်ရောက် ကြည့်ရှုကြသည်။ ၎င်းသူနာတိုက်တွင် သူနာ ယောကျ်ား မိန်းမ ခြောက်ထောင် ရှိသတည်း။ ၎င်း အရပ်ရပ် ကြည့်ရှုရန် ရှိသည်များကို လှည့်ပတ် ကြည့်ရှု၍

www.burmeseclassic.com



တိုက်အိမ်သို့ ပြန်လာကြသည်။ ၆ နာရီ အချိန်မှ တိုက်အိမ်သို့ ရောက်သည်။ တိုက်အိမ်သို့ ရောက်မှ မြို့ဝန်လက်ထောက် ၂ ယောက်တို့ ပြန်သွားကြသည်။

ၑင်းနေ့ည ၈ နာရီအချိန် ၑင်းမြို့ဝန် လက်ထောက် ၂ ယောက်တို့ လာရောက် ကြိုယူပြန်လာသောကြောင့် သံတော်အရာရှိ, အပေါင်းပါလူ, မြန်ကဲရီတို့အတူ ရထားစီးနင်း လိုက်သွားကြရာ **အိုပါရာ**[၁] ခေါ်သည် ဇာတ်ရုံကြီးသို့ ရောက်သည်။ ၑင်းဇာတ်ရုံလူကြီးတို့ ဆီးကြို လိုက်ပြ ကြည့်ရှုရသည်မှာ အရပ်ရပ် ပရိသတ်အများ စည်းဝေး ကြည့်ရှုသည် တိုက်ခန်းနေရာ၊ မင်းနေရာ၊ အတီးသည်တို့ နေရာ၊ အကသည်တို့ နေရာ၊ ကပြရာအရပ်၊ ဇာတ်ပုံတိုက်ခန်း အဆောက်အဦများကို ကြည့်ရှုရသည်။ ၑင်းဇာတ်ရုံအတွင်း သဘင်သည် မိန်းမ ယောကျာ်း လူပေါင်း ၃၀၀ ကျော်, မြင်းစီးရေ ၄၀ များနှင့် ခင်းကျင်း၍ ပြကနိုင်ကြောင်း၊ ပွဲကြည့်ပရိသတ် မိန်းမ ယောကျာ်း လူသုံးထောင်ကျော် ဝင်ရောက် ကြည့်ရှုနိုင်ကြောင်း၊ **တော်သလင်းလပြည့်ကျော် ၁ ရက်**[၂] နေ့က စ၍ ၑင်းဇာတ်ရုံကို ဖွင့်မည် အကြောင်းများနှင့် ပြောဆိုသည်။ ၑင်းဇာတ်ရုံ အလွန် ကြီးကျယ်သည်။ လူနေကြမ်းဆင့် ၆ ဆင့် ရှိသည်။ အောက်ကြမ်းပြင် လူနေ တစ်ဆင့်ပါ ၇ ဆင့် ရှိသည်။

ၑင်းဇာတ်ရုံကို ကြည့်ရှုပြီးလျှင် အထက်နေ့အခါ ဝင်ရောက် ကြည့်ရှုခဲ့သည် တတိယတြဒါလဘက်ရနေ ခေါ်သည် ဇာတ်ရုံသို့ ဝင်၍ ပြကသည် ဇာတ်ပွဲများကို ကြည့်ရှုရသည်။ ပွဲကြည့်ပရိသတ် များသည်။ အတီးအက ပြပုံ ကပုံ မြန်မာဆန်ဆန် ရှိသည်။ ၑင်းဇာတ်ရုံအတွင်း ခင်းကျင်းပုံ၊ ပြည်တည်ပုံ၊ မီးထွန်းပုံမှ စ၍ အရပ်ရပ် လုပ်ပုံကိုင်ပုံများကို အတွင်းသို့ ဝင်၍ ကြည့်ရှုရသည်။ အလွန် ဆန်းကြယ်လှ၏။ ၑင်းဇာတ်ရုံတွင် **မတ်လဝသင်္ဘော**[၃] **ကပ္ပိတန်ဟိုင်း**[၄] လာရောက် နှုတ်ဆက် တွေ့မြင်ရသည်။ ဘင်နစ်မြို့သို့ ရောက်လျှင် လာရောက်ပါဦးမည် ပြောဆိုသည်။ ၑင်းဇာတ်ရုံတွင် ၂ နာရီခန့် နေထိုင်ကြည့်ရှု ပြန်လာကြသည်။

ၑင်းမစ်လန်းမြို့မှာ လူနေ ၂ သိန်း ခြောက်သောင်း၊ စစ်သည်ရဲမက် ရှစ်ထောင် ရှိကြောင်းကို ပြောဆို ကြားသိရသည်။ ၑင်းမြို့ လမ်းသေး လမ်းမ သန့်ရှင်း ကောင်းမွန်သည်။ ဘန်းလမ်း တိုက်အိမ်များလည်း စင်ကြယ် သန့်ရှင်း လှပကောင်းမွန် ရှိသည်။ မြေလည်း အပြင်ညီညွတ် ရှိသည်။ အမျိုးဘာသာ ကိုးကွယ်သည် ဘုရားကျောင်း အကြီးအကျယ် အဟောင်း အမြင်း များသည်။ ယေရှုခရစ် မဖြစ်မီ အနှစ် သုံးထောင်ကျော်က ရောမ

၁။ Opera ၂။ ၂၅ စက်တင်ဘာ ၁၈၇၄ ၃။ S. S. Malabar ၄။ Captain Hine



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးတို့ ဆောက်လုပ်သည် တိုက်ဟောင်း၊ အလုပ်အဆောင် အဟောင်းအမြင်းများလည်း ရှိသည်။

ရှင်းလဆန်း ၁၃ ရက်[၁] တနင်္ဂနွေနေ့ ၂ နာရီအချိန် မြို့ဝန်လက်ထောက် ၂ ယောက် ကြိုယူလာ၍ သံတော်အဲရာရှိ, အပေါင်းပါလူ, ဖြန့်ကဲရီတို့ အစုံအညီ ရထားစီးနှင်း လိုက်သွားကြသည်။ ၎င်းမြို့တွင် အမျိုးဘာသာဆောက်လုပ် ကိုးကွယ်သည် ဒိုပေါမိုး ခေါ်သည် ကျောင်းကြီးသို့ ရောက်၍၊ ၎င်းကျောင်းနေ ခင်ကြီး ဆိုသူတို့ ဆီးကြိုပြီးလျှင် ယေရှုခရစ် အရုပ်အမျိုးမျိုး, ဘုရားနှင့် စပ်သည် အသုံးအဆောင် အထည်အလိပ် အမျိုးမျိုးများကို အကြီးအကျယ် ငွေသားအတိ လုပ်ဆောင်၍ အစည်းအဝေးပွဲကြီးမှာ ခင်းကျင်းရန်, ပွဲလတ်မှာ ခင်းကျင်းရန်, ပွဲငယ်မှာ ခင်းကျင်းရန် အသီးအသီး ပိုင်းခြား၍ ထားရာ တိုက်ခန်း၊ ၎င်းကျောင်း ဂိုဏ်းအုပ်ဆရာကြီး လုပ်ဖူးသူတို့ ရုပ်ပုံများကို ငွေသားဖြင့် လုပ်ဆောင်ထားသည် တိုက်ခန်း၊ ၎င်း ဂိုဏ်းအုပ်ဆရာကြီး အဆက်ဆက် ဝတ်စားဆင်ယင်သည် ရွှေချည်ပန်းပြောက်အင်္ကျီ အမျိုးမျိုးထားရာ တိုက်ခန်း၊ ယေရှုခရစ်ကို ရဟူဒီလူမျိုးတို့ ဖမ်းမည်ဆဲဆဲတွင် ခရစ် အပေါင်းပါလူတို့နှင့် စည်းဝေး၍ စားပွဲထိုင်သည်ပုံ, ငွေသားဖြင့် လုပ်ဆောင်သည် ကားပုံမှ စ၍ အရုပ်ရုပ် အမျိုးဘာသာ ဘုရားနှင့် စပ်သည် အသုံးအဆောင် အခမ်းအနား အကြီးအကျယ်များကို ကြည့်ရှုရသည်။ အလွန် ကြီးကျယ်များပြား ကောင်းမွန်သည်။ ပြီးလျှင် ၎င်းကျောင်း ဂိုဏ်းအုပ် ဆရာကြီး စံရှား ဆိုသူ သေလွန်သည် အလောင်းကို ရုပ်ကောင်မပျက်၊ ရွှေသားတလားနှင့် သွင်း၍ ၎င်းဂိုဏ်းအုပ် ဆင်ယင်သည် ရွှေသား သိုးဦးထုပ်, ကျောက်စီမကိုဋ်, ကျောက်စီတောင်ဝှေး, မြဒလက်များနှင့် ခင်းကျင်းပြီးလျှင် ငွေသားအတိ မွမ်းမံလုပ်ဆောင်သည် တိုက်ခန်းအတွင်း သွင်းထားရှိသည်ကို ကြည့်ရှုရသည်။ ၎င်း ရွှေသားတလားကို စပိန်းညီမြင်း[၂]က လုပ်ဆောင်ကြောင်း၊ မြသားဒလက်ကို အိမ်ရှေ့မင်းသမီးက လုပ်ဆောင်ကြောင်း၊ ငွေသားတိုက်ခန်းကို ၎င်းမစ်လန်းမြို့က လုပ်ဆောင်ကြောင်းများနှင့် ပြောဆိုကြားသိရသည်။

ပြီးလျှင် တိုက်ပေါင်း[၃] သုံးရာခြောက်ဆယ်ကျော်၊ မြေက အထွတ်ထိ အမြင့် မက်ပေါင်း နှစ်ရာတစ်ဆယ့်လေး မြင့်သည် ကျောင်းကြီးတွင် တိုင်တိုင်း ပြာသာဒ်သဏ္ဍာန် အညွန့်အသွန်း သုံးရာခြောက်ဆယ်ကျော်တို့ဖြင့် တန်ဆာဆင်လျက် အဆင့်ဆင့်သော လှေကား, အသွယ်သွယ်သောလမ်း

၁။ ၂၆ ဇူလိုင် ၁၈၇၄ ၂။ Spaniard ၃။ ကိုက်ပေါင်း (ဦးစိုးလှိုင်၊ စာ – ၂၀၀)



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်ဖြစ်၍ ၎င်းကျောင်းကြီးတွင် ခရစ်ဝင်လူတို့ အစဉ်အဆက် ထင်ရှား ကျော်စောသူတို့ ရုပ်ပုံများကို အထွတ်အညွန့် တပ်လျက်၊ ၎င်းပြင်သင့်ရာ အရပ်များတွင် စီစဉ်ခင်းကျင်းလျက်၊ ပကတိ လူသဏ္ဌာန် ကောင်းမွန် လုပသည် ကျောက်ရုပ်ပေါင်း ခုနစ်ထောင် ထားရန်အနက် လုပ်ဆောင်ဆဲ ဖြစ်၍ ယခု တင်ထားပြီး ရုပ်ပုံ လေးထောင်၊ ကျန် လုပ်ဆောင်ရန် သုံးထောင် များကို လုပ်ဆောင်ဆဲ၊ ကျောင်းကြီး အမြင့်ဆုံး အထွတ်ဖျားသို့ တက်သွား ကြည့်ရှုကြသည်။ ၎င်းကျောင်းမြေက စ၍ အထွတ်ဖျားထိတိုင် ထုပ်လျှောက် အရုပ်မျိုးစုံ၊ ပန်းမျိုးစုံ၊ သစ်သီးမျိုးစုံ၊ လုပ်ဆောင်သမျှများမှာ ကျောက်ဖြူ အတိ ဖြစ်သည်။ ၎င်းကျောက်များကို မစ်လန်းမြို့နှင့် ခရီး ၃ တိုင်၊ ၄ တိုင်ကွာ တောင်များတွင် တူးဖော် ဆောင်ယူ လုပ်ဆောင်ကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းကျောင်း အနှစ်တစ်ထောင်ကျော်ခန့်က ရှိသည် ကျောင်း ဟောင်းကို ထပ်မံပြင်ဆင် မွမ်းမံ ခြယ်လှယ်၍ အစဉ်မပြတ် ယခုတိုင် တိုးပွား လုပ်ဆောင်ကြောင်း၊ နောက်ကိုလည်း နှစ်ကာလအရှည် လုပ်ဆောင် ရန် ရှိသေးကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းကျောင်း ကြီးကျယ် ၏။ ပြေပြစ်လှပ၏။ လုပ်ပုံကိုင်ပုံ သေချာကောင်းမွန် စေ့စပ်၏။ ကျောက်ဖြူ တစ်ခဲနက်တည်း။ ၎င်းကျောင်းကို ကြည့်ရှုပြီးလျှင် တိုက်အိမ်သို့ ပြန်လာ ကြသည်။

၎င်းနေ့ ၄ နာရီအချိန် သံတော်အရာရှိ၊ အပေါင်းပါ လူတို့မှာ ပကတိ ဝတ်သန့် ဝတ်ကောင်းနှင့်၊ ဖြန့်ကဲရီမှာ မင်းပေး အဝတ်အစား ဓား စလွယ် များနှင့် ဝတ်စား ဆင်ယင်ကြပြီးလျှင် ရထားစီးနင်း၍ အီတာလျံ အိမ်ရှေ့မင်း ရှိရာ လာဘစ်လတိုက်နန်းသို့ သွားကြသည်။ ရောက်လျှင် အိမ်ရှေ့ ဗိုလ်ကြီး ဂျင်နရက်စန်းနေ ဆိုသူ ဆီးကြို ခေါ်ယူ၍ ဧည့်ခန်းတွင် အတန်ငယ် ရပ်နေ ရသည်။ အိမ်ရှေ့မင်းလည်း ပကတိ အဝတ်အစားနှင့် ထွက်လာ၍၊ ချစ်ခင် လေးမြတ်လှသည် အဆွေခင်ပွန်းတို့ကို လက်ခံသည်နည်း လက်ခံ၍ မြန်မာ မင်းမြတ် နိုင်ငံတော်နှင့် အီတာလျံနိုင်ငံ မဟာမိတ် အဖြစ် ဆက်လက်မိ၍ ကင်းဝန်မင်းကြီး ၂ ခေါက်တိုင်တိုင် လာရောက် တွေ့မြင်ရသည်ကို ဝမ်းမြောက်ကြောင်းနှင့် အိမ်ရှေ့မင်းက ပြောဆိုသည်။ နိုင်ငံတော်နှင့် အီတာလျံနိုင်ငံ ယခုကစ၍ ဆက်လက် ပေါက်ရောက်၊ နောက်ကိုလည်း မဆုတ်မယုတ် တိုးတက် ပေါက်ရောက်ရန်သာ ရှိကြောင်းနှင့် သံတော်တို့က ပြောဆိုသည်။ နေထွက်ဘုရင် မြန်မာမင်းမြတ် မာတော်မူပါ၏လား အိမ်ရှေ့ မင်းက မေးသည်။ မာကြောင်းနှင့် သံတော်တို့က ပြောသည်။ ပြီးလျှင် ၂



www.burmeseclassic.com

www.burmeseclassic.com



တိုင်း ၂ ပြည် အကျိုးစီးပွား ဖြစ်ထွန်းရန်၊ ကူးအားသန်းအား တိုးပွားရန်၊ ယခုက စ၍ မဟာမိတ်အဖြစ် မြဲမြံခိုင်ခံ့ရန် အကြောင်းများနှင့် သွားရက်၊ ပြန်ရက်၊ အီတာလျံနိုင်ငံအတွင်း နေထိုင်မည်နေ့ရက်၊ အီတာလျံနိုင်ငံ မြို့ရွာ အနေအထား ဥတုရာသီ တောတောင်သစ်ပင် အကြောင်းအရာ စကား များကို ၂ မောင်းခန့် ပြန်လှန် ပြောဆိုကြ၍ ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်း ဆက်လက် ပြန်လာကြသည်။ လွန်းများပုဆိုး ထည်ရေ ၂၊ ညောင်ဦးလုပ် ဘောင်းအစ်ကြီး ၁ များကိုလည်း အိမ်ရှေ့မင်းသို့ ပေးခဲ့ကြသည်။

အိမ်ရှေ့မင်း တိုက်နန်းက ပြန်၍ အဝတ်အစား လဲပြီးလျှင် အတန်ငယ် ရပ်နေပြီးမှ သံတော်အရာရှိ၊ အပေါင်းပါလူ၊ ဖြန့်ကဲရီတို့ ရထားစီးနှင်း ပြီးလျှင် တောင်ဟောခေါ် တိုက်အိမ်သို့ သွားကြသည်။ မြို့ဝန်လက်ထောက် ၂ ယောက်လည်း ၎င်းတိုက်အိမ်က စောင့်နေ ဆီးကြို၍ မြို့ကျိုး ရွာကျိုး တိုးပွား ဖြစ်ထွန်းရန် စည်းဝေးရာ တိုက်ခန်းမှ စ၍ အရပ်ရပ် တိုက်ခန်းများကို လှည့်ပတ် ကြည့်ရှုပြီးလျှင် ၎င်းလက်ထောက် ၂ ယောက်နှင့်အတူ ရထား စီးနှင်း၍၊ အီတာလျံမင်း မစ်လန်းမြို့သို့ လာရောက်လျှင် နေထိုင်သည် ပါလေရော်ရက် ခေါ်သည် တိုက်နန်းသို့ သွားရောက် ကြည့်ရှုကြသည်။

ရောက်လျှင် ၎င်းတိုက်နန်းစောင့် လူကြီးတို့ ဆီးကြို လိုက်ပြ ကြည့်ရှုရသည်မှာ အီတာလျံမင်း နေထိုင်သည် တိုက်ခန်း၊ ညီခံခန်း၊ စာရေးခန်း၊ ပွဲသဘင်လုပ်သည် အခန်း၊ ပကတိ စားပွဲခန်း၊ စားပွဲကြီး ခင်းသည် အခန်း၊ အီတာလျံ အိမ်ရှေ့မင်း အိပ်ခန်း၊ ညီခံခန်း၊ စာရေးခန်း၊ စားပွဲခန်းမှ စ၍ အရပ်ရပ် ကြည့်ရှုရန် ရှိသည်များကို လှည့်ပတ် ကြည့်ရှု ပြီးလျှင် စက္ကူ လုပ်ဆောင်သည် ဖာဘရိကာ ခေါ်သည် စက်ရုံသို့ သွားရောက်၊ ၎င်းတိုက်လူကြီး ဘင်ကာ ဆိုသူ ဆီးကြိုပြီးလျှင် စက္ကူလုပ်ရန် အထည်စုတ် မျိုးစုံ အများထားရာ တိုက်ခန်း၊ ၎င်းအထည်များကို သန့်ရှင်းအောင် ပြုလုပ် သည် စက်ခန်း၊ ၎င်းသန့်ရှင်းပြီး အထည်များကို အဆိုး အကောင်း ရွေးချယ် သည် တိုက်ခန်း၊ ၎င်းရွေးချယ်ပြီး အထည်များကို အသီးအသီး သန့်၍ ထားရာ တိုက်ခန်း၊ ၎င်းတိုက်ခန်းက အကောင်းအဆိုး သင့်ရာအထည်များကို ယူ၍ အဆင့်ဆင့် ဖြူစင်အောင် ဖွပ်လျှော်သည်စက်၊ ဖြူစင်ပြီး အထည်များကို ကြေညက်အောင် ကြိတ်လုပ်သည်စက်၊ ကြိတ်ညက်ပြီး အဝတ်များကို ရေရွှေးနှင့် ဖျော်နှော မွှေနှောက်သည်စက်၊ ၎င်းဖျော်နှောပြီး အရည်များကို အညစ်အကြေး စင်ကြယ်စေသည်စက်၊ ၎င်းစင်ကြယ်ပြီး အရည်များကို စက္ကူဖြစ်အောင် ကားပုံတွင် သွန်းလောင်းသည်စက်၊ ၎င်းကားပုံသို့ သွင်းပြီး၊



www.burmeseclassic.com

www.burmeseclassic.com



ရောက်ပြီး စက္ကူဖြစ်များကို အသား တစ်ပြင်တည်း ဖြစ်အောင် ကြိတ်သည် စက်၊ ၎င်းအသားဖြစ်ပြီး စက္ကူများကို တစ်စတစ်စ ချောမော၍ စက္ကူကောင်း ဖြစ်အောင် အဆင့်ဆင့် ကြိတ်သည်စက်၊ ၎င်းကြိတ်ပြီး စက္ကူများကို အခိုးပူ ဖြင့် သွေ့ခြောက်စေသည်စက်၊ ၎င်းသွေ့ခြောက်ပြီး စက္ကူများကို ယောက်လုံး ကြီးနှင့် ယောက်လိပ်သည်စက်၊ ၎င်းယောက်လုံးကြီးရှိ စက္ကူများကို အလျား, အနံ အလိုရှိရာ ဖြတ်သည်စက်၊ ၎င်းဖြတ်ပြီး စက္ကူများကို သံပြားတစ်ထပ်, စက္ကူတစ်ထပ် ထပ်ကာ ထပ်ကာ အသားသိပ်၍ အရောင်ထွက်အောင် ကြိတ်လုပ်သည်စက်၊ ၎င်းကြိတ်လုပ်ပြီး စက္ကူများကို အသီးအသီး ထုပ်သည် နေရာ၊ စက္ကူထုပ် လှောင်ထားသည် နေရာများကို လိုက်ပြ ကြည့်ရှုရသည်။

ပြီးလျှင် မြို့ပြင်သို့ ထွက်၍ မြို့နှင့် ခရီး ၂ တိုင်ခန့်ကွာ စံခရာဇ် စတောက်ဖောလေရွာတွင် နှစ်စဉ်ပြုလုပ်မြဲ အမျိုးဘာသာ ဘုရားပွဲ၊ အရောင်း အဝယ် အပျော်အပါး တီးမှုတ်မျိုး ပွဲသဘင်များနှင့် စည်းဝေးကြသည်ကို လှည့်ပတ် ကြည့်ရှု၍ မြို့ရှေ့ **ပတ်ပလစ်ချီ–ဂါရတင်း**[၁] ခေါ်သည် ဥယျာဉ်သို့ သွားပြီးလျှင် ပတ်ပလစ်ချီဆိုင်တွင် မုန့်ယိုများကို မြို့ဝန် လက်ထောက်တို့က တည်ကျွေးသောကြောင့် ၎င်းတိုက်တွင် အတန်ငယ် နေထိုင် စားသောက် ကြသည်။ မိန်းမ ယောက်ျား ပရိသတ်, အဝေး လူကြီးလူကောင်း အလာ အရောက် အလွန် များသည်။ ပရိသတ် အလွန် များသည်။ အားကြီးသည်။ ၎င်းဥယျာဉ်အတွင်း လမ်းမကြီးတွင် ရထားစီးနင်း၍ ပြန်လှန်**သွတ်လှယ်**[၂] လှည့်ကာပတ်ကာ သွားလာလှည့်ပတ် ပျော်ပါး နေထိုင်ကြသည်။ ၎င်း ဥယျာဉ်က ပြန်လာ၍ တိုက်အိမ်သို့ ရောက်လျှင် သံတော်တို့က မြို့ဝန် လက်ထောက် ၂ ဦးကို ညစာစားပွဲ အတူ စားသောက်ပြီးမှ မုန်တိုက်ဈေးရုံ ဂတ်လရီသို့ သွားရောက် ကြည့်ရှုပြီးလျှင် လမ်းသေးလမ်းမများကို ကြည့်ရှု ပြီးမှ ပြန်လာကြသည်။ မြို့ဝန်လက်ထောက် ၂ ဦးတို့လည်း တိုက်အိမ်သို့ ရောက်မှ ပြန်သွားကြသည်။

၎င်းနေ့ သံတော်တို့ အကြောင်းအရာနှင့် နိုင်ငံခြားဝန်ကြီးက ဗြန့်ကဲရီ သို့ ပေးသည်စာကို ရသည်။ စာတွင် ပါသည်မှာ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့ တုရင်းမြို့တွင် အီတာလျံမင်းက သံတော်တို့ကို တွေ့မြင် လက်ခံပါလိမ့်မည် အကြောင်းနှင့် ပါသည်။ ထွေးခံတော်ကြီးလည်း ၄ ရက်၊ ၅ ရက်အတွင်း ပြီးပြေ၍ ပို့လိုက်နိုင်ပါလိမ့်မည် အကြောင်းနှင့် ပါရစ်မြို့ရှိ ဘလောင်တန်းက ပေးပို့သည် စာကို ရသည်။ တုရင်းမြို့ **ဒလွန်ဘတ်တာ**[၃]

---

၁။ Public Gardens ၂။ သွယ်လှယ် (ဦးခိုးလှိုင်၊ စာ–၂၀၃) ၃။ Trumbetta Hotel

www.burmeseclassic.com



ဟိုတက်သို့ ၎င်းထွေးခံတော်ကြီးကို ပို့မည်အကြောင်းနှင့် ဘလောင်တန်းသို့ မှာထား စာပေးသည်။

**၎င်းလဆန်း ၁၄ ရက်**[၁] တနင်္လာနေ့ ၃ နာရီအချိန် သံတော်အရာရှိ၊ အပေါင်းပါလူတို့နှင့် ဖြန့်ကဲရီတို့ ရထားစီးနင်းပြီးလျှင် ဘင်နစ်မြို့သို့ သွားရန် မီးရထားရုံသို့ လာခဲ့ကြသည်။ မီးရထားရုံတွင် မြို့ဝန်လက်ထောက် ၂ ယောက်တို့ စောင့်နေပြင်ဆင် ရှိနှင့်သည်နှင့် ၎င်းတို့ ပြင်ဆင်သည် မီးရထား တွင် စီးနင်းပြီးလျှင်၊ ကောင်းမွန်စွာ နှုတ်ခွန်းဆက်လက်၍ အမြန်သွား ရထားနှင့် ထွက်လာခဲ့ကြသည်။ **ပစ်စကြဲရာမြို့**[၂]သို့ရောက်လျှင် **ဂတ်ရဒါ**[၃] ခေါ်သည် အင်းကြီးကို တွေ့မြင်ရသည်။ မစ်လန်းမြို့က ပစ်စကြဲရာမြို့ရောက် လမ်းတစ်လျှောက် ဝဲယာများမှာ ကျေးရွာ ဆက်ကာ ဆက်ကာ၊ တောတောင် သစ်ပင် နပိုဩသယာ၊ လုပ်ငန်းလုပ်တာ စပ်လျက် ဂျုံစပျစ် လုပ်ငန်း မများလွန်း၊ ပြောင်းဖူးလုပ်ငန်း အားကြီး လုပ်ဆောင် ရှိသည်။ ၎င်းပစ်စကြဲရာမြို့၊ ဂတ်ရဒါ အင်းများသည် အီတာလျံနိုင်ငံ မြောက်မျက်နှာ အောက်စတြေးရီးယ နိုင်ငံများနှင့် အစပ် လမ်းပေါက်လမ်းဝ အချက်အဆစ် ဖြစ်သည်။ အီတာလျံနိုင်ငံ အနောက်မျက်နှာ၊ ပြင်သစ်နိုင်ငံနှင့် အခြား၊ ၎င်းက အီတာလျံနိုင်ငံ ဖွစ်ဇလဲ နိုင်ငံနှင့် အခြား၊ ၎င်းက အီတာလျံနိုင်ငံ၊ အောက်ဆရီယနိုင်ငံနှင့် အခြား နယ်စပ်များမှာ တောင်စဉ် တောင်တန်း တစ်ဆက်တည်း ခြားလျက် ရှိသည်။ ၎င်းတောင်တန်းကို လက်ဝဲထား၍ တောင်တန်းနှင့် မနီးမဝေး လာခဲ့ရသည်။ ပစ်စကြဲရာမြို့တွင် လမ်းပန်း အချက်အဆစ် ဖြစ်၍ ခံမြို့များ ထက်ဝန်းကျင် ရံလျက် ရှိသည်။ ဂတ်ရဒါအင်းကြီး အတွင်းလည်း တိုက်သင်္ဘောနှင့် အမြဲ စောင့်လျက် ရှိသည်။ ၎င်းအင်း ဆိုခဲ့ပြီးသည် တောင်စဉ် တောင်တန်းများက သက်ဆင်း ကျရောက်သည် စိမ့်ရေစမ်းရေ မိုးရေ ပေါင်းဆုံရာ ဖြစ်၍၊ ပင်လယ်ငယ်တစ်ခု ဆိုစလောက်သော အင်းကြီး ဖြစ်၍ သင်္ဘော သမ္ဗန် သွားလာ ကူးသန်းလျက်၊ ၎င်းအင်းက **အာတစ်**[၄] ရှေးမြစ်မမှ စ၍ ချောင်းမြစ် အသွယ်သွယ် စီးဆင်းထွက်သွား အံ့ဖွယ်သရဲ ရှိသည်များကို တွေ့မြင်ရသည်။

၎င်းပစ်စကြဲရာမြို့က လာပြန်ရာ နာရာဘီမြို့သို့ ရောက်သည်။ ၎င်း မြို့လည်း ခရီး အချက်အဆစ် ဖြစ်၍ ခံမြို့ ထက်ဝန်းကျင် ရံလျက်၊ ရဲမက် လက်နက်ကိရိယာအစုံနှင့် အမြဲ ခန့်ထား စောင့်နေ ရှိသည်။ ၎င်းက ထွက်လာ ပြန်ရာ ၎င်းနေ့ည ၁၀ နာရီအချိန် ဘင်နစ်မြို့ မီးရထားရုံသို့ ရောက်သည်။ မြေသား ကမ်းခြေက ပင်လယ်အတွင်း မီးရထားလမ်း လုပ်ဆောင်၍ ခရီး

၁။ ၂၇ ဇူလိုင် ၁၈၇၄ ၂။ Peschiera ၃။ Garda ၄။ Adige



www.burmeseclassic.com

www.burmeseclassic.com



တစ်တိုင်ကျော်ခန့် လာရောက်မှ ဘင်နစ်မြို့ မီးရထားရုံသို့ ရောက်သည်။ ၎င်းမီးရထားရုံတွင် ဘင်နစ်မြို့ရှိ ရေကြောင်းချုပ်ဗိုလ်ကြီး, ကြည်းကြောင်းချုပ် ဗိုလ်ကြီး, မင်းခန့် မြို့ဝန်, မေးရားခေါ်မြို့ဝန်, တရားသူကြီးတို့ အသီးအသီး လက်ထောက် အရာရှိစုံနှင့် စောင့်နေဆီးကြို ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်း ဆက်လက်ကြသည်။ ပြီးလျှင် ၎င်းမီးရထားရုံတွင် ဒန်ညီလီဟိုတယ်လူကြီးများက ကြေးနန်းနှင့် မှာထားပြီး ဖြစ်၍ လူစီး သမ္ဗန်၊ ဝန်တင်သမ္ဗန်များနှင့် အသင့် စောင့်နေ ဆီးကြို တင်ဆောင်၍ ဒန်ညီလီ ဟိုတယ်သို့ လာကြသည်။ ၎င်းဟိုတယ်တွင် ရေကြောင်းချုပ် ချာရှုတီးက စေလွှတ်သူ လက်ထောက် ဗိုလ်ကြီး ဆီးကြို နှုတ်ဆက်၊ သန်ဘက်ခါ ချာရှုတီးဗိုလ်ကြီး အုပ်ချုပ်ရသည် သင်္ဘောသို့ အကြည့်အရှု လာရောက်ပါမည် အကြောင်းနှင့် ဖိတ်မန် ပြန်သွားသည်။ ၎င်းဘင်နစ်မြို့ရှိ အရာရှိတို့က သံတော်တို့ရှိရာ အရိုအသေ နှုတ်ခွန်းဆက် လာရောက်ရန် အခွင့်တောင်းသောကြောင့် နက်ဖြန် ၁၂ နာရီခွဲအချိန် လက်ခံပါမည် အကြောင်းနှင့် မှာထား ပြောဆိုလိုက်သည်။

**၎င်းလဆန်း ၁၅ ရက်** [၁] အင်္ဂါနေ့ ၁၂ နာရီခွဲအချိန် ဘင်နစ် မြို့ဝန်, ကမန်တာတိုရေ, မာရီရ, ၎င်းမေးရားအားဘိုးကာ, ကာကလီယဲရေ, ရှူဘိနီ, ရေကြောင်းဗိုလ်ချုပ်ကြီး, ကောင်း–ထရန်မိရိုက်ယိုမာရကေစေ, ကောင်မင်ဒါ–တိုရ, ဒက်လကာရက်တို, ကုန်းကြောင်းဗိုလ် ကောလော်နက် ကဘာလီယဲရေ, မယ်နွတ်တီ, တရားသူကြီး ကဘာလီယဲရေ, လောက်ရိန်း, ဖရေးဘေား မြို့ဝန် လက်ထောက် ကဘာလီယဲရေ, ဘယ်ရာယီ, မေးရား မြို့ဝန် လက်ထောက် အာဘိုကာ, ကာကလီယဲရေ, ရှူဘိနီး, မြို့အသင်းဝန်လူကြီး ကဘာယဲရေ, ဘီရာရရှေး ဆိုသူတို့ သံတော်တို့ရှိရာ လာရောက်ပြီးလျှင် ကောင်းမွန်စွာ ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်ကြသည်။ ဘင်နစ်မြို့တွင် သံတော်တို့ အလိုရှိသမျှ အရပ်ရပ် ကိစ္စများကို ပြီးပြေအောင် ဆောင်ရွက်ပါမည် အကြောင်းနှင့် ပြောဆို ပြန်သွားကြသည်။ သံတော်အရာရှိတို့လည်း ၎င်းအရာရှိ ပရိသတ်တို့ကို အင်္ကျီလက်ကျယ်, ရွှေစလွယ် ဆင်ယင် ဝတ်စားလျက် ကောင်းမွန်စွာ လက်ခံသည်။

၎င်းနေ့ ၃ နာရီအချိန် သံတော်အရာရှိ, အပေါင်းပါလူ, ဗြန့်ကဲရီတို့ လှေစီးနင်းပြီးလျှင် အာရစနက်ဗာရီတိမိုး ခေါ်သည် စက်ရုံသို့ သွားကြသည်။ ရောက်လျှင် ရေကြောင်းချုပ်ဗိုလ်ကြီး ဒက်လကာရက်တိုး ဆီးကြို လိုက်ပြ

[၁] ၂၈ ဇူလိုင် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုရသည်မှာ အထက် နှစ်ပေါင်း ၅၀၀ ကျော်က ယခုတိုင် လုပ်ဆောင်သုံးစွဲသည် တိုက်သင်္ဘော အမျိုးမျိုးပုံ၊ စစ်ဝတ် သေနတ် ဓားလှံ လက်နက်ကိရိယာ သံချပ် ဒိုင်းလွှား လေး မြှား အမျိုးမျိုး၊ ရှေးအထက် တူရကီလူမျိုးနှင့် တိုက်ခိုက်ကြရာ ရလိုက်သည် သင်္ဘောအလံ၊ လက်နက် ကိရိယာ၊ သင်္ဘော အသုံးအဆောင်၊ ၎င်းပြင် သင်္ဘောကျင်း ဝန်ချီစက် အမျိုးမျိုးများကို ကြည့်ရှုရသည်။ ၎င်းပြင် ရေမြှုပ်ဖုံး လုပ်ဆောင်သည် စက်ရုံအတွင်း လုပ်ဆောင်ပြီး ရေမြှုပ်ဖုံး၊ လုပ်ဆောင်ဆဲ ရေမြှုပ်ဖုံးများနှင့် ရေမြှုပ်ဖုံးအတွင်း ဖုံးဆန် ဓာတ်အိုး ထားပုံ၊ ၎င်းဖုံးဆန် ဓာတ်အိုးများသို့ စနက်သွယ်ပုံ၊ မီးကူးပုံ၊ ဓာတ်အိုးကွဲပုံများကို ပြသ ကြည့်ရှုရသည်။

**နှောက်**[၁] ငါးရုပ်သဏ္ဌာန် အလျား တောင် ၁၀ ခန့်၊ လုံးပတ်အချင်း ၁ တောင်ခန့် ငါးရုပ်သဏ္ဌာန် လုပ်ဆောင်ပြီး ရေမြှုပ်ဖုံး၊ လုပ်ဆောင်ဆဲ ရေမြှုပ်ဖုံးများကို ကြည့်ရှုရသည်။ ၎င်းငါးရုပ်သဏ္ဌာန် လုပ်ဆောင်သည် ရေမြှုပ်ဖုံးမှာ သုံးပိုင်း သုံးစပ်ထား၍၊ အလယ်ပိုင်းတွင် လေလှောင်သည် တိုက် လုပ်သည်။ အမြီးပိုင်းတွင် ၎င်းလေလှောင်တိုက်က ပြွန်နှင့် လေကို ထွက်စေ၍ ခရူစက်ကို လည်စေပြီးလျှင်၊ မီးသင်္ဘောများကဲ့သို့ ဒ၊ဂိုရှိရာ သွားအောင် လုပ်ဆောင်သည့် ခရူစက်များကို ထားသည်။ ခေါင်းပိုင်းမှာ ဖုံးဆန် ယမ်းဓာတ်အိုး စနက်ကိရိယာစုံများကို ထားသည်။ ပြီးလျှင် အလိုရှိသည်ကာလ ၎င်းရေမြှုပ်ဖုံးကို ရေထဲသို့ချလျှင် ၉ ပေခန့် ရေမြှုပ်ကြောင်း၊ သည်ထက် တိုး၍ ရေမမြှုပ်ကြောင်း။ ၈ ပေ၊ ၇ ပေ၊ ၆ ပေ၊ ၅ ပေ၊ ၄ ပေ၊ ၃ ပေ မျှသာ ရေမြှုပ်အောင် အလိုရှိတိုင်း လုပ်ဆောင်နိုင်ကြောင်း။ ၎င်းရေမြှုပ်ဖုံးကို အလိုရှိသည်ကာလ လေတိုက်သို့ လေသွင်းပြီးလျှင် ရေသို့ချ၍ တစ်ဖက်ရန်သူတို့ သင်္ဘောရှိရာ ရွယ်ပြီးလျှင် စက်ကိုဖွင့်၍ လွှတ်လျှင် အင်္ဂလိပ် ၃ တိုင်၊ မြန်မာ တစ်တိုင်ခွဲ ခရီးရောက်အောင် သွားကြောင်း။ သည်ကဲ့သို့ လွှတ်လျှင် သင်္ဘောသို့ အပြင်း ရှေးရှုသွား၍ တိုက်သည့်ကာလ သင်္ဘောပေါက်၍ ၎င်းဖုံးဆန် သင်္ဘောအတွင်း ကွဲပြတ်၊ ဖုံးဆန်အများ ထွက်၍ မှန်ကြောင်း။ မီးစွဲငြိ တောက်လောင်ကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းဖုံးဆန် လုပ်ဆောင်ပုံ၊ ကြံစည်ပုံများလည်း အံ့ဖွယ်သရဲ ရှိလှ၏။

ပြီးလျှင် **ပါလေစိုချူကာလေ**[၂] ခေါ် ရှေးတိုက်နန်းသို့ သွားရောက်ကြည့်ရှုကြသည်။ ၎င်းတိုက်နန်းလည်း နှစ်ပေါင်း ၈၀၀ ကျော် ရှိကြောင်း၊ ရှေးအထက်ကာလက သမ္မတမင်း စိုးအုပ်စဉ် ဆောက်လုပ်သည် တိုက်နန်း

---
၁။ ၎င်းနှောက် (ဦးစိုးလှိုင်၊ စာ-၂၀၆)    ၂။ Ducal Palace



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းတိုက်နန်းတွင် မင်းနေထိုင်သည့် တိုက်ခန်း၊ ဧည့်ခံခန်း၊ သံကြီးတမန်ကြီးတို့ လာရောက်လျှင် အတွေ့ခံသည့် အခန်း၊ ပွဲခံခန်းမှ စ၍ အရပ်ရပ် ကြည့်ရှုရန် ရှိသည်များကို လှည့်ပတ်ကြည့်ရှုကြသည်။

နောက် ဘာဂဒီမီးဒီဘတ် လေဘာရတီး ခေါ်သည် မြူစီရန် တိုက်အိမ်သို့ သွားရောက် ကြည့်ရှုကြသည်။ ၎င်းတိုက်အိမ်မှာ မြို့နှင့် ဆိုင်သည့် တိုက်အိမ် ဖြစ်ကြောင်း၊ လုပ်ဆောင် တိုးပွားဆဲ ဖြစ်ကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းတိုက်တွင် ရှေးပန်းချီ ဆေးရေးကား အမျိုးမျိုး၊ ပန်းချီဆရာကြီးတို့ ရုပ်ပုံ အမျိုးမျိုးများကို တွေ့သည်။ နောက် ကမ္ဗဒိုစလဖျာတီ ခေါ်သည် ဖန်ချက်တိုက်သို့ သွားရောက် ကြည့်ရှုကြသည်။ ၎င်းတိုက်တွင် တိုက်ရှင်လူကြီး ကမ္ဗဒို ဆီးကြိုလိုက်ပြ ကြည့်ရှုရသည်မှာ ဖန်ကို ချက်လုပ်သည့် စားပွဲကိရိယာ အမျိုးမျိုး၊ မီးထွန်း မှန်အိမ်, မီးထွန်း ပဒေသာ, မီးတိုင် အမျိုးမျိုး၊ မှန်ကြီး, မှန်ငယ်, ရောင်စုံပန်းပြောက် ခြယ်လှယ်ပြီး မှန်အမျိုးမျိုး၊ ယောကျ်ား, မိန်းမ, သားမျိုး, ငှက်မျိုးများကို အလိုရှိရာ ရုပ်ပုံသဏ္ဌာန် ပေါ်အောင် ရောင်စုံခြယ်ပြီး ဖန် အမျိုးမျိုးနှင့် စီလုပ်သည့် ရုပ်ပုံအမျိုးမျိုးများကို တွေ့မြင်ရသည်။ ပြီးလျှင် ဘင်နစ်မြို့တွင် လမ်းသေးလမ်းမများကို လှေနှင့် လှည့်ပတ်ကြည့်ရှု ပြန်လာကြသည်။ ၎င်း အရပ်ရပ် အကြည့်အရှု သွားရာများသို့ မြို့ဝန် ၂ ဦး လက်ထောက်တို့ လိုက်ပြ ကြပ်မတ်လျက်ပါသည်။

၎င်းမြို့မှာ လူနေ သိန်းသုံးသောင်း၊ ကြည်းကြောင်း ရဲမက် ၈၀၀၀၊ ရေကြောင်း ရဲမက် ၃၀၀၀ ရှိကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းမြို့ မြေပြင် ကမ်းခြေနှင့် ခရီး တစ်တိုင်ကျော်ကွာ ပင်လယ်အတွင်း ရေ ၄ တောင်, ၅ တောင်က စ၍ ၁၅ တောင်, ၁၆ တောင် ရေ ၂၀ ရှိသည့် အရပ်များမှာ တိုက်အိမ် ဆောက်လုပ် နေထိုင်ကြသည်။ ၎င်းမြို့ ထက်ဝန်းကျင် အနီးအပါးများတွင် ကျွန်းငယ် သောင်ငယ်အများ ပေါ်လျက်ရှိသည်။ ၎င်းမြို့တည်ရာ ထက်ဝန်းကျင် အရပ်များမှာ ပင်လယ်ထောင့်ကွေးဖြစ်သည်။ ပင်လယ်ကြီးနှင့် ထွက်ပေါက် တစ်ခု၊ ဝင်ပေါက် တစ်ခုသာ ဆက်လျက် ရှိသည်။ အလျား ခုနစ်တိုင်ခန့် ကျွန်း ပင်လယ်နှင့်ခြားလျက်ရှိသည်။ ၎င်းပင်လယ်ထောင့်ကွေးသို့ တိုက်သင်္ဘော၊ ကုန်သင်္ဘောမှ စ၍ မည်သည့် သင်္ဘောမဆို ဝင်ထွက် သွားလာနိုင်သည်။ ၎င်းပင်လယ်အတွင်း လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ထောင်ကျော်က စ၍ ယခုတိုင် တိုက်အိမ်၊ တိုက်နန်း၊



www.burmeseclassic.com

www.burmeseclassic.com



အမျိုးဘာသာ ကိုးကွယ်သည့် ကျောင်း ဘုရား အကြီးအကျယ် အခိုင်အခံ့ ၃ ဆင့်, ၄ ဆင့်, ၅ ဆင့် တိုက်အိမ်အများ ဆောက်လုပ် နေထိုင်ကြသည်။ ၎င်းအဆောက်အဦများကို ဆောက်လုပ်သည်မှာ ပင်လယ်ရေအောက် အလိုရှိရာ အရပ်များတွင် ကျောက်စီခင်းလျက် ၂ ၃ ၄ ၅ သစ်များကို အောက်မြေမှာ တွေ့အောင် စိုက်ပြီးလျှင် ၎င်းစိုက် သစ်ပေါ်တွင်မှ ကျား မိကျောင်း ဇင်ခွေး ကူသန်းလုပ်ဆောင်လျက် ကျောက်အုတ် အလိုရှိရာ ခင်းပြီးလျှင် စက်ရုံ, တိုက်နန်း, တိုက်အိမ်, ကျောင်းဘုရား လုပ်ဆောင် နေထိုင်ကြသည်။ ပင်လယ်အတွင်း အိမ် တိုက် ဆောက်လုပ်သည် ပုံစံ လုပ်ဆောင်ထားသည်များကို တွေ့မြင် ကြည့်ရှုရသည်။ ၎င်းမြို့ ကျွန်းငယ် ၇၂ ပေါ်တွင် တည်ထောင် ပြုစုသည် မြို့ ဖြစ်ကြောင်းကို ပြောဆို ကြားသိရသည်။

၎င်းနေ့ ည ၉ နာရီအချိန် ခရီး တစ်တိုင်ကျော်ခန့်ကွာ ပင်လယ်နှင့် ခြားလျက် တည်သော ဖာပိုရိတာခေါ် ကျွန်းပေါ်သို့ မီးသင်္ဘောနှင့် သွားကြသည်။ မြို့ဝန်လက်ထောက် ၂ ဦးတို့လည်း ပါသည်။ ၎င်းကျွန်းသို့ ရောက်လျှင် ဥယျာဉ် ပန်းမန်, လမ်းသေး လမ်းမ, ကာဖီဆိုင်, ဖာပိုရိတာခေါ် ဓာတ်ရုံ, ရေချိုးအိမ်များမှာ ဓာတ်မီးထွန်းလျက်၊ နှလုံးမွေ့လျော်ဖွယ် တီးမျိုး မှုတ်မျိုး အစုံနှင့် ပြည်သူတို့ ပျော်ပျော်ပါးပါး ချမ်းချမ်းသာသာ လှည့်ပတ်ရာ ရေချိုးရာ အဆောက်အဦများကို တွေ့မြင်ရသည်။ ယောကျ်ား မိန်းမ ပရိသတ် အလွန် များပြားလှ၏။ ဘင်နစ်မြို့ရှိ မိန်းမ ယောကျ်ား ပရိသတ်သာ မဟုတ်။ နပါလီမြို့၊ ဘူလွန်းညာမြို့မှ စ၍ အရပ်ရပ် မြို့ရွာ၊ အရပ်ရပ် နိုင်ငံများက နွေလအခါ ဖြစ်၍ ပင်လယ်ရေချိုးရန် လူကြီးလူကောင်း ပရိသတ်အများ လာရောက် စည်းဝေးသည်အခါ ဖြစ်၍ ဘင်နစ်မြို့နှင့် ၎င်းကျွန်း ရေချိုးအိမ်သို့ နံနက် ၅ နာရီက စ၍ ည ၁၂ နာရီကျော်တိုင် သင်္ဘော၊ သမ္ဗန်၊ လှေ သင့်ရာ သင့်ရာများနှင့် ထွက်ဝင်မစဲ ကူးသန်းသွားလာ ပျော်ပါး နေထိုင်ကြသည်များကို တွေ့မြင်ရသည်။ ၎င်းရေချိုးဆိပ်က ၁၁ နာရီ အချိန်မှ ပြန်လာကြသည်။ ၎င်းမြို့ အနေအထိုင်၊ ကျွန်းကြီးကျွန်းငယ် ပေါ်ထွန်းပုံ၊ သင်္ဘောအများ ဆိုက်ရောက် ဆက်ဆံပုံ၊ နိုင်ငံတကာ မြို့ရွာလူတို့ လာရောက် စည်းဝေးပုံများကို တွေ့မြင် ကြည့်ရှု မှတ်သားရသည်မှာ အံ့ဖွယ် သရဲ အလွန် ထူးဆန်းလှ၏။

၎င်းလပြည့်ကျော် ၁ ရက် [၁] ဗုဒ္ဓဟူးနေ့ ရေကြောင်း တိုက်သင်္ဘော

[၁] ၂၉ ဇူလိုင် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



**ဗိုလ်ချုပ်ကြီး ချာရူတီ**[၁] က တိုက်သင်္ဘောသို့ ဖိတ်ကြားသောကြောင့် ဘင်နစ်မြို့ ရေကြောင်းချုပ် ဗိုလ်ကြီး ဒက်လကာရက်တိုက ကိုယ်ပိုင် မီးသင်္ဘောနှင့် အတူစီးနင်း လိုက်ပို့မည် ဖြစ်၍၊ ၎င်းဗိုလ်ချုပ်ကြီးရှိရာ သံတော်အရာရှိ၊ အပေါင်းပါလူ၊ မြန်မာ့ကဲရီတို့ တိုက်အိမ်က လှေစီးနင်း၍ သွားကြသည်။ ရောက်လျှင် ၎င်းဗိုလ်ချုပ်နှင့် ဗိုလ်ချုပ်ကြီးမယားတို့ သင်္ဘောက အသင့် ဆီးကြို စောင့်နေနှင့်၍ ကောင်းမွန်စွာ နေရာချထား နေထိုင်ရသည်။ ၎င်း သင်္ဘောတွင် အတွင်းဝန် ဘီဇိုနီ၊ ၎င်းမယား အာမာလီယာဘီဇိုနီ၊ အင်္ဂလိပ် စပိန်း သံကြီး ဇနီလက်ယာ၊ ၎င်းမယား မာခံဇနီလက်ယာ၊ ကောင်းတက် ကတော် အာဒရီယာန၊ မာရချက်ကို၊ ၎င်းကောင်းတက် ကတော် အာဂါ ဗြိယာ၊ အာလမာရာန၊ ၎င်းကောင်းတက် ကတော် မာရီယာနအာလမရာန၊ ၎င်းကောင်းတက် ကတော် မာဒါလေနပါဖာဒိုပိုလီ၊ ၎င်းကောင်းတက် ကတော် ချီချီလိယဒိုပိုရတိုး ကာလဗိုလ်ကရွတ်တာ၊ ၎င်းကောင်းတက် ကတော် မာရီယာချိနီကိုး၊ ၎င်းကောင်းတက် ကတော် အာမလီယာကိုးကို နီတိုး၊ ၎င်းကောင်းတက် ကတော် ဇလီလစ်နီတာ၊ ၎င်းကောင်းတက် ကတော် ဂျူစတီ၊ ၎င်းကောင်းတက် ကတော် ချီဘာဒက်လ၊ ၎င်းမာကွစ် ကတော် မာရီယာမော်ချိနီကိုးတို့ အစုံအညီ လိုက်ပါကြသည်။

၎င်းသင်္ဘောသို့ အရောက်စုံလျှင် ဆိုခဲ့သည် ပရိသတ်တို့နှင့်အတူ သင်္ဘောနှင့် ထွက်ခဲ့ကြသည်။ ၎င်းစာပါ ကတော်ကြီးတို့ အသီးအသီး အမည် များကို ကိုယ်တိုင် ရေးသား၍ ပေးကြသည်။ ၎င်းတို့ အမည်များကို မြန်မာ အက္ခရာ ရေးသား၍ အသီးအသီး ပေးခဲ့ရသည်။ ၎င်းမီးသင်္ဘောနှင့် တစ်နာရီ ခန့် ထွက်မှ ချာရူတီ ဗိုလ်ချုပ်ကြီး ရှိရာ တိုက်သင်္ဘောသို့ ရောက်သည်။ ချာရူတီ ဗိုလ်ချုပ်ကြီးလည်း တိုက်သင်္ဘော အရာရှိစုံ၊ သေနတ်ကိုင် အမှုထမ်း စစ်ကိရိယာ အစုံများနှင့် ခင်းကျင်း၍ စည်ခရာ တီးမှုတ်၊ ကောင်းမွန်စွာ ဆီးကြို လက်ခံပြီးလျှင် ၎င်းတိုက်သင်္ဘောရှိ သေနတ် အမြောက် ရဲမက် အမှုထမ်း အရာရှိတို့ ထမ်းပုံရွက်ပုံ၊ အိပ်နေ စားသောက်ပုံ၊ သေနတ်ရေးပြပုံ၊ အမြောက်ရေးပြပုံ၊ တစ်ဖက်ရန်သူနှင့် တိုက်ခိုက်ပုံများကို စေ့စုံအောင် စီစဉ်ပြသပြီးမှ သံတော်တို့နှင့် အတူ လိုက်ပါလာသည် ပရိသတ်၊ အသီး အခြား လာရောက်သည် ပရိသတ်၊ တိုက်သင်္ဘောရှိ ပရိသတ်၊ စုစု လူပေါင်း ၁၀၀၀ ကျော်ခန့်တို့ကို မုန့်ယို အချိုအဆိမ့် ကောင်းမွန်စွာ တည်ကျွေး၊ မြူစစ်ခေါ် အတီးအမှုတ်များကို ခင်းကျင်းတီးမှုတ်လျက်၊ ပရိသတ်အများ

၁။ Admiral Charles Routti



www.burmeseclassic.com

www.burmeseclassic.com



မိန်းမ ယောက်ျားတို့ ဘောလ အစည်းအဝေး စည်းဝေး ကခုန်၊ ၅ နာရီခန့် ပျော်ပျော်ပါးပါး နေ့ထိုင်ကြပြီးမှ သံတော်တို့ သင်္ဘောကဆင်း၍ လာရင်း သင်္ဘောသို့ ကူးပြောင်း၊ ထွက်လျှင်ထွက်ချင်း သံတော်တို့ကို အရိုအသေပြု၍ အမြောက် ၁၉ ချက် ပစ်ဖောက် နှုတ်ဆက်သည်။

ငင်းချာရှုတီ ဗိုလ်ချုပ်ကြီး စီးနင်းသည် တိုက်သင်္ဘောနှင့် ငင်းအုပ်ချုပ်သည် တိုက်သင်္ဘော ၅ စင်းတို့လည်း ငင်းသင်္ဘော အနီးတွင် ဆိုက်လျက် ရှိသည်။ ချာရှုတီ ဗိုလ်ချုပ်ကြီး စီးသည့် တိုက်သင်္ဘောကို **ဘင်နစ်ဆယ**[၁] ခေါ်သည်။ အရံ သင်္ဘော တစ်စင်းကို ယောမ၊ တစ်စင်းကို မစီနာ၊ တစ်စင်းကို ကွန်တေဘက်ရဒေ၊ တစ်စင်းကို အာဖွန်ဒါတောရေး၊ တစ်စင်းကို အောက်တီရွန် ခေါ်သည်။ ဘင်နစ်ဆယ ခေါ်သည့် ကိုက်သင်္ဘောမှာ အလျား မက် ၈၃, အနံမက် ၁၂, ရေစူး ၈ မက်၊ ငင်းသင်္ဘောကို ကပ်သည် သံပြား အထူ စံတီးမက် ၁၄, မြင်းအား ၉၀၀, ခရီး တစ်နာရီလျှင် အင်္ဂလိပ်တိုင် ၁၄, သင်္ဘောအရာရှိ ၂၂, ရဲမက် အမှုထမ်း ၅၅၀, အမြောက်ကြီး ၈ ရှိကြောင်းများကို ပြောဆို ကြားသိရသည်။ ငင်း သင်္ဘောများသည် ပင်လယ်က ဘင်နစ်မြို့ တည်ရာ ပင်လယ်ကွေ့သို့ ဝင်သည် ပင်လယ်ဝတွင် ဆိုက်ရပ်လျက် ရှိသည်။ ငင်းပင်လယ်ကွေ့အတွင်း ရေတက်တုံ ကျတုံ ရှိသည်။ တက်လျှင် ၄ တောင်ခန့် တက်သည်။ ကျလျှင်လည်း ၄ တောင်ခန့် ကျသည်။ ရေကျသည့်အခါ စည်းသောင် အများ ပေါ်သည်။ ငင်းပင်လယ် အဝင်ဝ ဝဲယာတွင် ခံမြို့ ၂ ခု ညှပ်လျက် ရှိသည်။ မီးပြတိုင်လည်း ဝဲယာ ရှိသည်။ ငင်းခံမြို့ မီးပြတိုင်က ဘင်နစ်မြို့ ဆိပ်ကမ်းရောက် လမ်းတစ်လျှောက်များမှာ သင်္ဘော ၂ စင်း ရှောင်နိုင်အောင် ရေနက်လမ်း တူးဖောက် ပြင်ဆင်၍ ဝဲယာ တုတ်တိုင် စိုက်လျက် တိုက် သင်္ဘော၊ ကုန်သင်္ဘော ငင်းလမ်းသို့ ဝင်ထွက် သွားလာရသည်။ ငင်းလမ်း ဝဲယာ ရေတိမ်သောင်ပေါ်တွင် သူနာတိုက်၊ သူရူးတိုက်များလည်း အကြီးအကျယ် တည်ထားလျက် ရှိသည်။ အသွားအပြန် ငင်းလမ်းသို့ သွားလာရသည်။ ၈ နာရီအချိန်မှ တိုက်အိမ်သို့ ရောက်သည်။ ချာရှုတီ ဗိုလ်ချုပ်ကြီးလည်း တိုက်အိမ် ဆိပ်ကမ်းရောက် လိုက်ပို့ပြီးမှ ပြန်သွားသည်။

**ငင်းလပြည့်ကျော် ၂ ရက်**[၂] နေ့ ဘင်နစ်မြို့က ထွက်မည်။ **၃ ရက်**[၃] နေ့ **ပီစား**[၄] သို့ ရောက်လိမ့်မည်။ **စပစ်စယားမြို့**[၅] က ပြန်လျှင် ပီစားသို့

၁။ Venicia ၂။ ၂၀ ဇူလိုင် ၁၈၇၄ ၃။ ၂၁ ဇူလိုင် ၁၈၇၄
၄။ Pisa ၅။ Spezia



www.burmeseclassic.com

www.burmeseclassic.com



ဝင်ခဲ့မည် အကြောင်းနှင့် ရိုက်ကျူးထံ ကြေးနန်းနှင့် မှာသည်။ ၎င်းနေ့ည ၉ နာရီအချိန် ဘင်နစ်မြို့ဝန်က သံတော်အရာရှိတို့ကို အရိုအသေပြု၍ နှစ်စဉ် လုပ်ဆောင်မြဲ ပွဲကြီး အချိန်ကာလ မဟုတ်သော်လည်း ၎င်းပွဲကြီးကဲ့သို့ ခင်းကျင်းပြသသည်ကို ကြည့်ရှုပါမည် အကြောင်းနှင့် ဖိတ်ကြား ကြိုယူ လာသောကြောင့် သံတော်အရာရှိ, အပေါင်းပါလူ, ဗြန့်ကဲရီ, မြို့ဝန် လက်ထောက် ၂ ဦးတို့ လှေစီးနင်း၍ သွားကြသည်။ မြို့ဝန်က စေလွှတ်သည့် လှေလည်း တိုက်အိမ်အနီး ဆိပ်ကမ်းတွင် ဆိုက်ရပ် စောင့်နေလျက် ရှိသည်။ ၎င်းလှေတွင် ရောင်စုံ မီးအိမ် ၁၀၀ ကျော်ခန့် ဆွဲစိုက်ထွန်းညှိလျက်၊ ပြာနိုး[၁] **အော်ရဂင်း**[၂] တီးမှုတ်မျိုးများနှင့် ယောကျ်ား မိန်းမ အဆိုကောင်းတို့ သီချင်းကျူးသီ၊ ပြာနိုး အော်ရဂင်း သာယာစွာ တီးမှုတ်လျက်၊ မြို့ဝန် ကိုယ်တိုင် ကြပ်မတ်၊ မြို့တွင်း လမ်းမကြီးသို့ လှေနှင့် သွားကြသည်။ ၎င်းပွဲပြလှေ ဝဲယာက သံတော်အရာရှိတို့လှေ လိုက်ရသည်။ ပြီးလျှင် မြို့ဝန်လှေ, မြို့စာရေး လက်ထောက်အရာရှိတို့လှေ ဝဲယာရံလျက် လိုက်ရ သည်။ ပြီးလျှင် ပြည်သူ ပရိသတ်တို့ စီးနင်းသည် လှေပေါင်း အများ လမ်းလုံးပြည့်မျှ ဝဲဘက်, ယာဘက်, နောက် ၃ မျက်နှာ ရံလျက် သဲသဲ ရုတ်ရုတ် ခြံရံ လိုက်ပါကြသည်။

လမ်းစဉ်တစ်လျှောက် တိုက်အိမ် ဝဲယာ လမ်းကူးတံတားများက ပရိသတ်အများ မီးဖြူ မီးဝါ မီးနီ ရောင်စုံထွန်းညှိ ပြသလျက် နှလုံးမွေ့လျော် ဖွယ် ငြိမ်ငြိမ်သက် စီစဉ်ခင်းကျင်း ပျော်ပျော်ပါးပါး လှည့်ပတ်ကြသည်။ လရောင်, မီးရောင်, ရေရောင်, အရောင်ချင်း စပ်လျက် အလွန် ကြည်လင် သည် ရေအပြင်တွင် ပင်လယ်လေ ညင်းညင်းသာသာ လာလျက် တီးမျိုး မှုတ်မျိုး မိန်းမ ယောကျ်ား အဆိုကောင်း ဖြစ်သူတို့ ကျူးသီ တီးမှုတ်ကြသည် များမှာ အလွန် နှလုံးမွေ့လျော်ဖွယ် ရှိလှ၏။ သည်ကဲ့သို့ တစ်နာရီခန့် လှည့်ပတ် သွားလာကြပြီးမှ မြို့ဝန် နှုတ်ခွန်းဆက်၍ ပြန်သွားသည်။

၎င်းအပြန်တွင် ရှေးကာလ သမ္မတ စိုးအုပ်သည်အခါ ဆောက်လုပ် ခဲ့သည် တိုက်နန်း ၈ တိုက်ကို ပေါင်း၍၊ ယခု အီတာလျံမင်း လက်ထက် တွင်မှ တပေါင်းတည်း လုပ်ဆောင်သည် တိုက်နန်းသို့ ဝင်၍ ကြည့်ရှု ကြသည်။ ၎င်းတိုက်နန်းတွင် မင်းမိဖုရားတို့ တိုက်ခန်း၊ အိမ်ရှေ့မင်းသမီးတို့ တိုက်ခန်း၊ ဆွေတော် မျိုးတော်တို့ တိုက်ခန်းမှ စ၍ အရပ်ရပ် တိုက်ခန်း ၈၀၀ ကျော်များကို အတွင်းဝန် ဘီစိုးနီနှင့် တိုက်နန်းစောင့် ဗိုလ်ကြီးတို့

၁။ Piano ၂။ Organ

www.burmeseclassic.com



ကိုယ်တိုင် လိုက်ပြ ကြည့်ရှုရသည်။ ၎င်းတိုက်နန်းအနီး ပြည်သူတို့ စည်းဝေးသည် ကွင်းပြင်၊ ပြည်သူတို့ သွားလာသည် ကျောက်အတိ စီခင်းသည် လမ်းမ၊ လုပကောင်းမွန်သည် ဥယျာဉ် ရေကန် ရေပန်းများကို ကြည့်ရှုတွေ့မြင်ရသည်။ ၎င်းတိုက်က မျှော်ကြည့်လျှင် ပင်လယ်ထောင့်ကွေး ရေပြင်ကျွန်းသောင် တိုက်အိမ်များကို မြင်ရသည်။ အလွန် နှလုံးမွေ့လျော်ဖွယ်ရှိလှ၏။ ၎င်းတိုက်နန်းများကို လှည့်ပတ် ကြည့်ရှု ပြန်လာကြသည်။ ၁၁ နာရီအချိန်မှ တိုက်အိမ်သို့ ရောက်သည်။ မြို့ဝန် ၂ ဦး လက်ထောက်တို့လည်း တိုက်အိမ်သို့ရောက်မှ နှုတ်ခွန်း ဆက်လက် ပြန်သွားကြသည်။

**၎င်းလပြည့်ကျော် ၂ ရက်**[၁] ကြာသပတေးနေ့ သံတော်အရာရှိတို့ ဘင်နစ်မြို့က ထွက်သွားတော့မည် ဖြစ်၍ ဘင်နစ်မြို့ ပရေဖေးမြို့ဝန်ကို နှုတ်ခွန်းဆက်ရန် သံတော်အရာရှိ, အပေါင်းပါလူ, ဗြန့်ကဲရီ, မြို့ဝန်လက်ထောက် ဘယ်ရာယီတို့ လှေစီးနင်း၍ ပရေဖေး မြို့ဝန်အိမ်သို့ သွားကြသည်။ ပရေဖေး မြို့ဝန်လည်း ယမန်နေ့ ညက သံတော်တို့နှင့် အတူ ရေကြောင်း လှည့်ပတ် ဖရက်စကိုးသဘင် ပြုလုပ် ပြန်လာသည့်နောက် အသည်းအသန် နေထိုင်မကောင်း ရှိသည် ဖြစ်၍ လက်ထောက်ကြီး ရှာဘိနီနှင့်သာ တွေ့ကြုံ နှုတ်ခွန်းဆက်လက် ပြန်လာကြသည်။ ၎င်းက အပြန်လမ်းတွင် စမ္မနဲ ခေါ်သည် ရေးကျောင်းဟောင်းကြီးသို့ ဝင်၍ ကြည့်ကြသည်။ ၎င်းကျောင်းဟောင်းကြီးတွင် အမျိုးဘာသာ ကိုးကွယ်သည် ဘုရား, ၎င်းဘုရားနှင့် စပ်သည် အသုံးအဆောင်, ရွှေထည်ငွေထည် ထားရာ တိုက်ခန်း၊ တရားဟောတိုက်၊ ဘုရားပူဇော်ရာ တိုက်ခန်းမှ စ၍ အရပ်ရပ် ကြည့်ရှုရန်ရှိသည်များကို လှည့်ပတ် ကြည့်ရှုကြသည်။

၎င်းကျောင်းတွင် အမျိုးဘာသာ ဘုရား ထားရာ ကျောင်းတိုင်နံရံများမှာ လုံးပတ် ၄ ထွာခန့်၊ အမြင့် ၁၂ တောင်ခန့် ပန်းပြောက်ရုပ်စုံထုလုပ်ပြီး တစ်ခဲနက် ကျောက်ဖြူ မီးရောင်ပေါက် ကျောက်တိုင် မဟူရာသွေးကြိုး အရေး အသွယ်သွယ် ထင်သည် ကျောက်နံရံ၊ ယမန်နေ့က ကြည့်ရှုခဲ့သည့် ဖန်တိုက်တွင် ဖန်ကျောက်များကို ရုပ်စုံ ပန်းပြောက် အလိုရှိရာအရောင်မျိုးစုံ လုပ်ဆောင်သကဲ့သို့ ၎င်းကျောင်းအတွင်း ကြမ်းပြင် နံရံအမိုးမျက်နှာကြက် တိုင်များတွင် ရုပ်စုံပန်းပြောက် အမျိုးမျိုး ပန်းချီဆေးရေးဘိ၏သို့ ကျောက်မျိုးစုံ စီခင်းခြယ်သည်များကို တွေ့မြင်ရသည်။ ၎င်အလုပ်အဆောင်များလည်း နှစ်ပေါင်း ၇၀၀ ကျော် ၈၀၀ ခန့် ကာလက လုပ်ဆောင်

[၁] ၂၀ ဇူလိုင် ၁၈၇၄

www.burmeseclassic.com



သည် အလုပ် ဖြစ်ကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းကျောင်းကို လှည့်ပတ် ကြည့်ရှု၍ ပြန်လာကြသည်။ မြို့ဝန်လက်ထောက် ဘယ်ရာယီက အရှေ့တိုင်းပြည်နိုင်ငံ အတ္ထုပ္ပတ္တိ အကြောင်းအရာများကို ကိုယ်တိုင် ရေးသား သည် စာအုပ် ၁၊ ဘင်နစ်မြို့နေ **မာကိုပိုလို** [၁] အကြောင်းအရာ စာအုပ် ၁ များကို မင်းကြီးသို့ ပေးသည်။

၎င်းနေ့ ၇ နာရီအချိန် တည်းနေရင်း ဒန်ညဲလီ ဟိုတက်က မီးရထားရုံ သို့ ထွက်ခဲ့ကြသည်။ မီးရထားရုံတွင် မြို့ဝန်လက်ထောက် ဘယ်ရာယီနှင့် ရှုဘိနီတို့ ဆီးကြို စောင့်နေ၊ မီးရထားများကို ပြင်ဆင် လိုက်ပို့ကြသည်။ ၎င်းမီးရထားရုံက ၈ နာရီ အချိန် ထွက်လာကြသည်။ ၎င်းလက်ထောက် နှစ်ယောက်တို့လည်း သံတော်တို့ ထွက်မှ ပြန်သွားကြသည်။ ၎င်းနေ့ည ၁၂ နာရီအချိန် ဘူလွန်းညာမြို့သို့ ရောက်သည်။ ၃ နာရီ ရပ်ဆိုင်း နားနေ ပြီးမှ ၎င်းက ထွက်လာ၍ ၆ နာရီ အချိန် **ပစ်စတိုးရီယားမြို့** [၂] သို့ ရောက်သည်။ ဘူလွန်းညာမြို့နှင့် ပစ်စတိုးရီယားမြို့ အကူးတွင် တောင်စဉ် တောင်ထပ် အများ ဖြစ်၍၊ မြေပြင်က တစ်စတစ်စ ဖြတ်သင့် ကျော်သင့် ဖောက်သင့်ရာရာ အရပ်များကို ဖြတ်ကျော် ထွင်းဖောက်၍ တောင်ထိပ်ရောက် တက်သည်။ ၎င်းတောင်ထိပ်က လှည့်ကာ ပတ်ကာ ကူးဖြတ် ထွင်းဖောက်၍ တစ်စတစ်စ တက်ခဲ့ပြန်သဖြင့် မြေပြင်သို့ ရောက်သည်။ တက်ရာ သက်ရာ လမ်းများတွင် မီးရထား အရှိန်သတ်ရန် ခိုနန်းမော်ယွန်း အထောင့်အကွေး အသီးအသီး သင့်ရာ သင့်ရာ ခရီး အချက်အဆစ်အတိုင်း လုပ်ဆောင်လျက် ရှိသည်။ ၎င်းည ၃ နာရီအချိန်က စ၍ လင်းသည်တိုင် မိုးအင်တန်အင်မျှ ရွာသည်။ ၎င်းမြို့တွင် မီးရထားကြီးနှင့် လမ်းမသွားနိုင်၊ ကျဉ်းကျပ်သည့်လမ်း ဖြစ်၍ မီးရထားကြီးက ပကတိ မီးရထားသို့ လဲလှယ်ကူးပြောင်း စီးနင်းရသည်။

**၎င်းလပြည့်ကျော် ၃ ရက်** [၃] သောကြာနေ့ ပစ်စတိုးရီယားမြို့ မီးရထား ရုံတွင် မီးရထား လဲလှယ် စီးနင်းပြီးလျှင် ၆ နာရီခွဲအချိန် ထွက်လာကြသည်။ ၎င်းနေ့ ၁၁ နာရီ အချိန် ပီးစမြို့ မီးရထားရုံသို့ ရောက်သည်။ ၎င်းမီးရထား ရုံတွင် ပီးစမြို့ ပရေဖေး မြို့ဝန်၊ မေရားခေါ် မြို့ဝန်၊ ဗိုလ်ချုပ် အရာရှိတို့ လက်ထောက်အရာရှိစုနှင့်တကွ ကောင်းမွန်စွာ ဆီးကြို၊ ရထားနှင့် တင်ဆောင် လိုက်ပို့၊ ၎င်းမြို့ဝန် အာဘိနိုးမြစ်ကမ်းဆိပ် ဝိတိုရိယ ဟိုတက် ခေါ်သည် တိုက်အိမ်သို့ ဆိုက်ရောက်မှ မြို့ဝန်အရာရှိတို့ ပြန်သွားကြသည်။ သံတော် အရာရှိတို့ ၎င်းမြို့တွင် မည်သည် အမှုမဆို အလိုရှိရာ ပြီးပြေအောင်

---

၁။ Marco Polo (၁၂၅၄ – ၁၃၂၄)　　၂။ Pistoria　　၃။ ၁၁ ဇူလိုင် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ပါမည် အကြောင်းများနှင့် မြို့ဝန်အရာရှိတို့က ပြောဆို ဖိတ်ကြား ပြန်သွားကြသည်။ သံတော်အရာရှိတို့လည်း ၎င်းတိုက်အိမ်တွင် တည်းနေကြသည်။ တနင်္ဂနွေနေ့ဖြစ်စေ၊ တနင်္လာနေ့ဖြစ်စေ သံတော်တို့ရှိရာ ပီးစမြို့သို့ လာရောက်ပါမည်အကြောင်း ရိုက်ကျားက ပေးပို့သည့် စာကို ရသည်။ ယခုနေ့ ပီးစမြို့သို့ ရောက်၍ ဝိတိုရိယ ဟိုတက်မှာ တည်းနေကြောင်းနှင့် ဗြန့်ကဲရီက ကြေးနန်းနှင့် မှာထားသည်။ ၎င်းနေ့ ပီးစမြို့ မေရားမြို့ဝန် ဖာရီရိုရီစာရီနှင့် ၎င်းလက်ထောက် အူလီစီဒီနီတို့က ပီးစမြို့ရှိ ထင်ရှားသည့် အဆောက်အဦပုံစံ စာအုပ်၊ ၎င်းမြို့ရှိ ဘုရားကျောင်းကြီး အကြောင်းအရာ စာအုပ်၊ မြေအကြောင်းအရာ စာအုပ်၊ ကောင်းကင် အကြောင်းအရာ စာအုပ်များနှင့် ၎င်းမြို့နေ မြေအကြောင်းအရာများကို ရှေးဦးစွာ ကြံစည်နိုင်သူ ပညာရှိကြီး **ဂတ်လလီရိုးဂတ်လလီ** [၁] ဆိုသူ ရုပ်ပုံ တံဆိပ်များကို ပေးပို့လာ၍ ရသည်။

**၎င်းလပြည့်ကျော် ၄ ရက်** [၂] စနေနေ့ ၃ နာရီ အချိန် ပရေဖေးခေါ် မြို့ဝန်၊ ကမ္ဗဒ်တိုရေကော်ရနေရီး၊ မေရားခေါ် မြို့ဝန်၊ ဖာရီရိုရီစာရီ၊ ၎င်းမြို့ရှိ စစ်ဗိုလ်ကြီး၊ သင်းအုပ်လူကြီးတို့ သံတော်တို့ ရှိရာ လာရောက်ပြီးလျှင် အရိုအသေ နှုတ်ခွန်းဆက်ကြသည်။ သံတော်တို့ ၎င်းမြို့တွင် လှည့်ပတ်ကြည့်ရှုလိုလျှင် လိုက်ပြမည့်သူ လက်ထောက်ရုံးအရာရှိ မင်နီကတ်တိကို စေလွှတ် လိုက်ပြပါစေမည် အကြောင်းနှင့် ဝမ်းမြောက်ဝမ်းသာ ပြောဆို နှုတ်ဆက် ပြန်သွားကြသည်။ ၎င်းနေ့ ၄ နာရီအချိန် မြို့ဝန်လက်ထောက် မင်နီကတ်တိကို လာရောက် ကြိုယူလာ၍ သံတော်အရာရှိ၊ အပေါင်းပါလူ၊ ဗြန့်ကဲရီတို့ အစုံအညီ ရထားစီးနှင်း လိုက်သွားပြီးလျှင်၊ အမျိုးဘာသာ ဆောက်လုပ် ကိုးကွယ်သည် ပီးစဒုဝေါမိုး ခေါ်သည် ကျောင်းကြီးကို ကြည့်ရှုကြသည်။ ၎င်းကျောင်း နှစ်ပေါင်း ၇၀၀ ကျော် ရှိကြောင်း၊ ၎င်းကျောင်းတွင် မီးထွန်းရန် ဆွဲထားသည် မီးအိမ်ကြီး ရှိသည်။ ၎င်းမီးအိမ်ကြီး တောင်တိမ်း မြောက်ပါး လှုပ်ရှားသည်ကို မြင်၍ ရှေးကာလ ဆရာကြီး ဂတ်လလီရိုး ဂတ်လလီ ဆိုသူ ၎င်းမီးအိမ် လှုပ်ပုံအတိုင်း ကြံစည်၍ နာရီ အစ လုပ်ဆောင်ကြောင်း၊ ၎င်းကျောင်းအတွင်း အမိုး မျက်နှာကြက်များမှာ မွမ်းမံခြယ်လှယ်သည် ရွှေများလည်း နှစ်ပေါင်း ၃၀၀ ကျော် ရှိကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းရွှေများလည်း အရောင်မပျက်၊ ချလုပ်မွမ်းမံ ပြီးပြေစ ကဲ့သို့ ရှိသည်။

---

၁။ Galileo Galilei (၁၅၆၄ – ၁၆၄၂) ၂။ ၁ ဩဂုတ် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ဘာတီးစတေရီရီး ခေါ်သည့် ခုံးဝိုင်း အုတ်တိုက်ကြီးကို ကြည့်ရှုကြသည်။ ၎င်းခုံးဝိုင်း အုတ်တိုက်ကြီးအတွင်း အမျိုးဘာသာ ရှင်ရဟန်း ပြုသည့်နေရာ ဖြစ်ကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းကျောင်းအတွင်း သူငယ် မွေးဖွားစကို အမျိုးဘာသာ ရေနစ်မင်္ဂလာ ပြုလုပ်သည်ကို တွေ့မြင်ရသည်။ ပြုလုပ်သည့် အခြင်းအရာမှာ သူငယ်ကို အမိ ပိုက်လျက် မတ်ရပ်နေရသည်။ ဘုန်းကြီးက ပရိတ်ရွတ်လျက် သူငယ် ခံတွင်း, နား, နှာခေါင်းများကို ပရိတ်ဆီနှင့် တို့သည်။ မျက်နှာကို ပရိတ်ရေနှင့် သုံးသပ်သည်။ သူငယ်ကို ဘုန်းကြီး ကိုင်လျက် ဦးခေါင်းကို ဦးစောက် ညွတ်စေ၍ ပရိတ်ရေနှင့် ဦးခေါင်းကို လောင်းသည်။ သည်ကဲ့သို့ ပြုလျှင် ပဋိသန္ဓေက ပါသည့် ငရဲ ပ ပျောက်သည်ဟု အယူရှိသည်။ သည်ကဲ့သို့ မပြုဘဲ သေလွန်လျှင် ဘုရားကို မဖူးတွေ့ရ။ သည်ကဲ့သို့ ပြုမှ ဘုရားကို ဖူးတွေ့ရသည် အယူ ရှိ၍ ၎င်းရေနစ်မင်္ဂလာ ပြုရကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းကျောင်းအတွင်း လူတစ်ယောက် အသံကျယ်ကျယ် ဟစ်သည်။ ၎င်းအသံ ကျောင်းအတွင်း ပဲ့တင်ခတ်၍ အော်ရဂင်ကြီး တီးမှုတ်ဘိသကဲ့သို့ သာသာယာယာ အသံမျိုးစုံ ဖြစ်သည်ကို ကြားရသည်။

ပြီးလျှင် အမျိုးဘာသာ လူကြီးလူကောင်းတို့ သေလျှင် ထားရာ ကန်ပိုစတိုး ခေါ်သည်ကို ကြည့်ရှုကြသည်။ ၎င်းသင်္ချိုင်းအတွင်း သေသူအလောင်းကို ကျောက်တလားဖြင့် ရုပ်ကောင်မပျက် မြှုပ်လျက် အပေါ်က အမျိုးအမည်၊ အရာအထူး၊ ဘွဲ့တံဆိပ်များကို ကျောက်တွင် ရေးလျက် ဖုံးအုပ်၍ ထားသည်။ ၎င်းအတွင်း သည်ကဲ့သို့ လုပ်ဆောင်သည် သင်္ချိုင်းပေါင်း အရာအထောင် များလှ၏။ ရှေးကာလ ဂျင်နဝါမြို့နှင့် ၎င်းပီးစမြို့ သမ္မတမင်း တစ်ဦးစီ စိုးအုပ်သည်ကာလ စစ်တိုက်ကြရာ ပင်လယ်အတွင်း သင်္ဘော မဝင်နိုင်အောင် ပီးစမြို့က သွယ်တန်းသည် သံကြိုးကြီးများကို ဂျင်နဝါမြို့က ဖြုတ်ယူတိုက်ခိုက်၊ ဂျင်နဝါမြို့က နိုင်၍ ၎င်းသံကြိုးကြီးများကို ယူသွားသည်နောက် ယခုမှ တစ်မင်းတည်း စိုးအုပ်သည့် မြို့ရွာချင်းဖြစ်၍ ရှေးကာလကဲ့သို့ ရန်မပြုလို၊ မိတ်ပြုလုပ်ကြရမည် ကတိထား၍ အထက်ယူသွားသည့် သံကြိုးများကို ပြန်ပို့လာသောကြောင့် ၎င်းသံကြိုးများကို ကန်ပိုစတိုးခေါ် သင်္ချိုင်းတိုက်ကြီးအတွင်း သိမ်းထားသည်ကို တွေ့မြင်ရသည်။

ပြီးလျှင် **ကန်ပံနီလေ** [၁] ခေါ်သည့် ခေါင်းလောင်းဆွဲရန် အဆောင်း

၁။ The leaning tower of Pisa



www.burmeseclassic.com

www.burmeseclassic.com



အရှေ့တောင်ထောင့်သို့ တိမ်းလျက်၊ ဘုံ ၈ ဆင့်နှင့် တည်ထားသည့် တိုက်စောင်းကြီးကို ကြည့်ရှုကြသည်။ ၎င်းတိုက်စောင်းကြီး အဝန်း ၄၈ မက်နှင့် စံတီးမက် ၆၄၊ အချင်း ၇ မက်နှင့် စံတီးမက် ၃၅၊ အမြင့် ၅၄ မက်နှင့် စံတီးမက် ၄၇၊ တိုင်ပေါင်း ၂၀၇၊ လှေကားအဆင့် ပေါင်း ၂၉၄ ရှိသည်။ ၎င်းတိုင် အဖျားစွန်းက မှန်တုတ်ချလျှင် အောက်ပြင် ဖိနပ်ခြေစွန်းနှင့် မှန်တုတ်ကြိုး ၅ မက်နှင့် စံတီးမက် ၃၉ ကွာသည်။ တစ်မက်လျှင် ၂ တောင် ၃ သစ်၊ ၄၅ စံတီးမက်လျှင် ၁ တောင် ရှိသည်။ တွက်၍ သိလေ။ ၎င်းတိုင်ပေါ်သို့ တက်၍ကြည့်လျှင် ၎င်းမြို့ ထက်ဝန်းကျင် ရှိသည့် ပင်လယ် မြစ်ချောင်း တောတောင် ဥယျာဉ် မြို့အနေအထိုင်များကို အကုန်အစင် မြင်ရသည်။ ၎င်းတိုင်ဖျားတွင် ခေါင်းလောင်းကြီးငယ် လုံးရေ ၇ ဆွဲထား လျက် ရှိသည်။ ၎င်းတိုင်ကို ကျောက်ဖြူအတိနှင့် လုပ်ဆောင်သည်။ ၎င်း တိုင်ကို ခရစ်နှစ် ၁၁၇၄၊ မြန်မာသက္ကရာဇ် ၅၃၆ ကာလက လုပ်ဆောင် သည့်တိုက် ဖြစ်ကြောင်း၊ ၎င်းတိုက်ကို နံနိုးပီးစားဖိုး ခေါ်သည် ဗိသုကာ ဆရာကြီး လက်ဦး စ၍ စီရင် လုပ်ဆောင်ကြောင်း၊ ၎င်းနောက် ဂူလျက် မိုဒင်စပြောက် ခေါ်သည့် ဗိသုကာဆရာကြီး ဆက်၍ လုပ်ကြောင်း၊ ၎င်း နောက် တော်မာနိုးပီစနိုး ခေါ်သည့် ဆရာကြီး ဆက်၍ လုပ်ဆောင်ကြောင်း များကို ပြောဆို ကြားသိရသည်။ ၎င်းတိုက်ကို ဝဲယာနံဘေးက ကြည့်လျှင် လဲအံ့သကဲ့သို့ စောင်းသည်။ နှစ်ပေါင်း ၇၀၀ ကျော် မပြိုမပျက် ကောင်းမွန် ခိုင်ခံ့စွာ တည်သည် ဖြစ်၍ ၎င်းအဆောက်အဦကို သိုးဆောင်းနိုင်ငံရှိ ပညာရှိ အများ အလွန် အံ့သြ ချီးမွမ်းကြသည်။

၎င်းတိုက်ကို ကြည့်ရှု ပြီးလျှင် မြို့မြောက်ခရီး ၂ တိုင်ခန့်ကွာ တောင်ခြေတွင် ပြည်သူတို့ ရေချိုးရန် လုပ်ဆောင်သည့် စံဂျူးလျာနိုး ခေါ်သည့် ရေချိုးရုံ ရေချိုးတိုက်သို့ သွားကြသည်။ ၎င်းတောင်ခြေက မြို့လယ်တွင် ရှိသည် **အာရနိုး**[၁] ခေါ်သည့် မြစ်ရောက် နွေ မိုး မပြတ် စီးဆင်းသည့် ချောင်းကို လျှောက်၍ သွားရသည်။ ၎င်းလမ်းလည်း သစ်ပင် ဝဲယာ အဖျားချင်း ယှက်လျက် နေပူမရှိ၊ အစဉ်အတိုင်း အလွန် လှပ ကောင်းမွန်သည်။ ၎င်းတောင်များက ကျောက်ကို လှေနှင့် တင်ဆောင်၍ ၎င်းချောင်းက ချဆောင် သယ်ယူ၊ တိုက်အိမ် တံတား လမ်းမှ စ၍ အလိုရှိရာ လုပ်ဆောင်ကြသည်။ ရေချိုးရန် တိုက်အိမ်သို့ရောက်လျှင် ၎င်းတိုက် ကုမ္ပဏီ အသင်းပါ လူကြီး၊ ဆေးဆရာကြီးတို့ ကောင်းမွန်စွာ ဆီးကြို၍ အများ

၁။ Arno

www.burmeseclassic.com



ရေချိုးရန် ရေပူရေအေး စပ်နှောပြီး ရေကန်၊ အလိုရှိရာ တစ်ဦး တစ်ယောက်စီ ရေချိုးရန် တိုက်ခန်း၊ ရေလဲ အဝတ်၊ ရေပူရေအေးပြွန်၊ ရေချိုးပြီးပြွန်၊ ပျော်ပျော်ပါးပါး တီးမှုတ် ကခုန်သည့် တိုက်ခန်းမှ စ၍ အရပ်ရပ် ကြည့်ရှုရန် ရှိသည်များကို ပြသ ကြည့်ရှုရသည်။ ၎င်းတိုက်ကို ကုမ္ပဏီ အသင်းဖွဲ့၍ လုပ်ဆောင်ကြောင်း။ နာမကျန်းရှိသူတို့ ရေချိုးလာလျှင် ရေချိုးသင့် မချိုးသင့်၊ ရေချိုးပြီးလျှင် မည်သည့်အစာကို စားသင့် မစားသင့်မှ စ၍ ရောဂါ ပြင်းပြရန် အကြောင်းများကို ၎င်းတိုက်ရှိ ဆေးဆရာကြီးများက ကြည့်ရှု ပြောဆို ကုသရကြောင်း။ အီဂျစ်နိုင်ငံ ဘုရင်ခံ မမာမကျန်း ရှိ၍ ၎င်းတိုက်သို့ လာရောက် ၂ လခန့် နေထိုင်၊ ဆေးဝါး စားသောက် ရေချိုး၍ ရောဂါ ပျောက်ကင်းမှ ပြန်သွားကြောင်းကို ပြောဆို ကြားသိရသည်။ ပီးစမြို့မှာ ထက်ဝန်းကျင် အုတ်မြို့ရိုး သူရဲခိုများနှင့် လုပ်ဆောင် ကာရံလျက် ရှိသည်။ မြို့တွင်း လူနေ ၂ သောင်း ၈ ထောင်၊ မြို့ပြင် လူနေ သောင်း ၂ ထောင်၊ ၂ စု ၄ သောင်း ရှိကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းတိုက်ကို ကြည့်ရှုပြီးလျှင် အစဉ်အတိုင်း တိုက်အိမ်သို့ ပြန်လာကြသည်။ မြို့ဝန် လက်ထောက် မင်နီကတ်တီလည်း တိုက်အိမ်သို့ ရောက်မှ ပြန်သွားသည်။

၎င်းလပြည့်ကျော် ၅ ရက်[၁] တနင်္ဂနွေနေ့ မြို့ဝန်လက်ထောက် မင်နီကတ်တီ ၃ နာရီအချိန် ကြိုယူလာ၍ သံတော်အရာရှိ၊ အပေါင်းပါလူ၊ ဖြန့်ကဲရီတို့ ရထားစီးနှင့် လိုက်သွားကြသည်။ ပီးစမြို့ လမ်းသေးလမ်းမကို လျှောက်၍ မြို့တွင်း မြို့ပြင် လှည့်ပတ် ကြည့်ရှုကြသည်။ မြို့အနောက် မီးရထားရုံ ပတ်လည်က လျှောက်၍ တောင်ခြေထိ မြေများမှာ ရှေးအခါ တောင်က စီးထွက်သည့် ရေတစ်ပြင်လုံး ၁ တောင်ခန့်၊ ၂ တောင်ခန့် ရေလွှမ်းလျက် လုပ်ငန်းလုပ်တာ မလုပ်မဆောင်ရ ရှိသည်ကို၊ ၎င်း တောင်ကျ ရေကို သည်ကဲ့သို့ မလွှမ်းရအောင် ရေမြောင်း လုပ်ဆောင်၊ မြစ်သို့ ပေါင်း၍၊ ၎င်းပြင် မြေအရပ်များမှာလည်း မြောင်းသေး မြောင်းမ သင့်ရာ သင့်ရာ တူးဖောက် ပြင်ဆင်၊ မြစ်သို့ ဖောက်ချသောကြောင့် လုပ်ငန်း လုပ်တာ လုပ်ဆောင်သည် ငါးနှစ်ကျော် ၆ နှစ်သာ ရှိကြောင်း။ ၎င်းပြင် မြို့ရှေ့ တောင်ခြေက စိမ့်စမ်း ထွက်ယိုသည့် ရေကို အုတ်တံတား ရေသွားလမ်း လုပ်ဆောင်၍ ပီးစမြို့ တစ်မြို့လုံးကို သောက်ရေ ပေးရကြောင်း။ ၎င်းပြင် မြို့အရှေ့ တောင်မျက်နှာ မြစ်နား ကမ်းထိပ်ကို လျှောက်၍ ပြည်သူတို့ ပျော်ပါး လှည့်ပတ်ရန် လုပ်ဆောင်ထားသည့် လမ်းများမှာ ပြည်သူတို့

[၁] ၂ ဩဂုတ် ၁၈၇၄

www.burmeseclassic.com



လှည့်ပတ် ပျော်ပါးကြောင်းများကို ပြောဆို ကြားသိ တွေ့မြင်ရသည်။ ၎င်း မြစ်ကမ်းနားလမ်း အနီးတွင် တိုက်စောင်းတစ်ခု တွေ့မြင်ပြန်သည်။ ၎င်းမြို့တွင် တိုက်စောင်း ၃ ခု ရှိကြောင်း ပြောဆို ကြားသိရသည်။ သို့သော်လည်း ကန်ပံနိလေ တိုက်စောင်းကဲ့သို့ လုပကြီးကျယ် အံ့ဩဖွယ် မရှိလွန်း။ ကန်ပံနိလေ တိုက်စောင်းကြီးသာ လုပတင့်တယ် အံ့ဩဖွယ် ရှိသောကြောင့် နိုင်ငံတကာ ကျော်စော ထင်ရှားသည်။ ၎င်းဆိုခဲ့သည့် အရပ်ဌာန လမ်းသေး လမ်းမများကို လှည့်ပတ် ကြည့်ရှု၍ ပြန်လာကြသည်။ မြို့ဝန်လက်ထောက် မင်နိကတ်တိလည်း တိုက်အိမ်သို့ ရောက်မှ ပြန်သွားသည်။

**၎င်းလပြည့်ကျော် ၆ ရက်** [၁] တနင်္လာနေ့ ၉ နာရီအချိန် အာရဘိုက် ရိုက်ကျား စပစ်စယားမြို့က သံတော်တို့ ရှိရာ ပီးစမြို့သို့ လာရောက်ပါမည် ကြေးနန်းစာ ရသောကြောင့် ဖြန့်ကဲရီ ရထားနှင့် သွား၍ မီးရထားရုံက စောင့်နေ ဆီးကြိုသည်။ အာရဘိုက်ရိုက်ကျားလည်း ၉ နာရီအချိန် ဆိုက်ရောက်လာ၍ သံတော်တို့ ရှိရာ လိုက်လာပြီးလျှင်၊ ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်လက်ကြပြီးလျှင် **ရှေ့တနင်္ဂနွေနေ့** [၂] အီတာလျံမင်းက သံတော်တို့ကို အတွေ့ခံမည့် အရာသည် **အာလစန္ဒြရီယာ** [၃] ကူး မီးသင်္ဘောကို မမီရန်ရှိ၍ **စနေနေ့** [၄] လက်ခံ တွေ့မြင်အောင် အတွင်းဝန် **အာဂမော** [၅] ထံ ကြေးနန်းနှင့် မှာကြား ပြောဆိုသည်။ ၎င်းနေ့ ၁၁ နာရီအချိန် ဖြန့်ကဲရီနှင့် မောင်အောင်သူတို့ နိုင်ငံခြားဝန်ကြီး ရှိရာ ရောမမြို့သို့ သွားကြသည်။ အကြောင်းမှာ မင်းရှေ့သို့ ဝင်ပြီးလျှင် ပြန်သွားတော့မည့် အကြောင်းကို တိုင်ရန်၊ အိမ်ရှေ့မှူးမတ်များကို ပေးရန် စလွယ် သနားတော် မှုလိုက်သည်ကို နိုင်ငံခြားဝန်ကြီးထံ အပ်ရန်၊ အီတာလျံ နိုင်ငံအတွင်း သင့်ရာ မြို့ရွာ ဆိပ်ကမ်းများတွင် ကောင်စစ် ထားလိုကြောင်း ပြောဆိုရန်များကြောင့် သွားရသည်။ အာရဘိုက်ရိုက်ကျားလည်း သံတော်တို့နှင့်အတူ နံနက်စာ စားသောက်၍၊ ၎င်းနှင့်အတူ စပစ်စယားမြို့က ပါလာသူ ရေကြောင်းဗိုလ် ဂျိုဇက်နာဘိရ ဆိုသူကို သံတော်တို့နှင့် ဆက်လက် ကမ်းလှမ်း သိကျွမ်းစေသည်။ ၎င်းဂျိုဇက်နာဘိရလည်း ချာရတီ အုပ်စု တိုက်သင်္ဘောများတွင် အောက်တိရွှန်း ခေါ်သည့် မီးသင်္ဘော တစ်စင်းကို အုပ်ချုပ်ရသူ ဖြစ်ကြောင်း၊ ၎င်းဂျိုဇက်နာဘိရနှင့် ချာရတီ သမီးတို့ လက်ထပ်မည် စေ့စပ် ပြောဆိုပြီး ဖြစ်ကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းနေ့ ရွှေဖဝါးတော်အောက်က ပေးပို့သည့် စာများကို

၁။ ၃ ဩဂုတ် ၁၈၇၄
၂။ ၉ ဩဂုတ် ၁၈၇၄
၃။ Alexandria
၄။ ၈ ဩဂုတ် ၁၈၇၄
၅။ Argamoor



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ စာတွင် ပါသည်မှာ နယုန်လပြည့်ကျော် ၅ ရက်[၁] နေ့ ဘိသိက်ခံတော်မူကြောင်း၊ ၎င်းလပြည့်ကျော် ၁၂ ရက်[၂] နေ့ မြို့သိမ်းတော်မူကြောင်း၊ ၎င်းဘိသိက် အခမ်းအနား ပြီးလျှင် ဝန်ရှင်တော် ရေနံချောင်းမြို့စားမင်းကြီးကို မြေလတ်မြို့ ကျေးရွာသို့ စေလွှတ်တော်မူမည် အကြောင်း၊ မီးလောင်ဖန်များကြောင်း၊ မိုးနည်း၍ ဥတု ပူပြင်းကြောင်း၊ မင်း မှူးမတ် ဆွေမျိုးတို့ ကျန်းမာ ချမ်းသာကြကြောင်း ပါသည်။ ၎င်းနေ့ ၄ နာရီအချိန် အာရဘိုက် ရိုက်ကျားနှင့် ဂျိုဇက်နာဘိရတို့ ဘင်နစ်မြို့သို့ မီးရထားနှင့် ထွက်သွားကြသည်။

၎င်းလပြည့်ကျော် ၇ ရက်[၃] အင်္ဂါနေ့ အခြားတစ်ပါး အသွားအလာ မရှိကြ။ ရောမမြို့ သွားသည့် မောင်အောင်သူနှင့် ဖြန့်ကဲရီတို့က ပေးသည် ကြေးနန်းစာကို ရသည်။ စာတွင် အီတာလျံမင်းက နောက်လာမည့် စနေနေ့ သံတော်တို့ကို အတွေ့ခံမည် အကြောင်း၊ မောင်အောင်သူနှင့် ဖြန့်ကဲရီတို့လည်း နက်ဖြန် ၁၁ နာရီအချိန် ပီးစမြို့သို့ အရောက်လာမည် အကြောင်းများနှင့် ပါသည်။

၎င်းလပြည့်ကျော် ၈ ရက်[၄] ဗုဒ္ဓဟူးနေ့ ၁၁ နာရီအချိန် မောင်အောင်သူနှင့် ဖြန့်ကဲရီတို့ ရောမမြို့က ပြန်လာ၍ ပီးစမြို့သို့ ရောက်သည်။ အထက်မှာလိုက်ရင်း ကောင်စစ် စကား၊ အီဂျစ်နိုင်ငံသို့ ကြေးနန်းမှာထားရန် စကား၊ ဘုံဘိုင်မြို့သို့ ကြေးနန်းမှာထားရန် စကားများကို ဝန်ကြီးချုပ် သဘောကျ၍ ကိုယ်တိုင် အားထုတ် လုပ်ဆောင်ပြီးလျှင် စလွယ်ပေးရန် အရာရှိမှာ နိုင်ငံခြားဝန်ကြီးနှင့် တိုင်ပင်၍ စာရင်းပေးပါမည်။ သံတော်အရာရှိတို့နှင့်လည်း တျူရင်းမြို့တွင် တွေ့ပါလေဦးမည် ဝန်ကြီးချုပ်က ပြောဆိုလိုက်ကြောင်း။ ဝန်ကြီးချုပ်, ရေကြောင်းချုပ် ဝန်ကြီးတို့ အရှိအသေ လာရောက် နှုတ်ဆက်ကြောင်း။ ဝန်ကြီးချုပ်လည်း ယမန်နေ့ညက ရောမမြို့က ထွက်၍ တျူရင်းမြို့သို့ သွားကြောင်းများနှင့် ပြောဆို ကြားသိရသည်။

၎င်းနေ့ တစ်နာရီအချိန် ပီးစမြို့အနီး ပင်လယ်ကမ်းနားတွင် အီတာလျံမင်း တောလည်ရန် လုပ်ဆောင်ထားသည် တောကြီးကို အုပ်ချုပ်ရသူ မေဇာမာရကီစကွတ်ကတ်ဘာရွတ်စီ ဆိုသူ လာရောက်၍ သံတော်အရာရှိတို့ ၎င်းတောများကို ကြည့်ရှုစေလိုကြောင်းနှင့် ဖိတ်ကြားသောကြောင့် ၎င်းနေ့ ၅ နာရီအချိန် လာရောက်ကြည့်ရှုမည် ပြောဆိုလိုက်သည်အတိုင်း သံတော်အရာရှိ, အပေါင်းပါလူ, ဖြန့်ကဲရီ, မြို့ဝန်လက်ထောက် မင်းနှိ

---

[၁] ၁။ ၄ ဇွန် ၁၈၇၄ [၂] ၂။ ၁၁ ဇွန် ၁၈၇၄ [၃] ၃။ ၄ ဩဂုတ် ၁၈၇၄ [၄] ၄။ ၅ ဩဂုတ် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ကတ်တိတို့ ရထားစီးနှင့် သွားကြသည်။ ရောက်လျှင် တောအုပ် မေဇာမာရကီစကွတ်ကတ် ဘာရွတ်စီ ဆီးကြို လိုက်ပြ ကြည့်ရှုရသည်မှာ အင်္ဂလန်နိုင်ငံ၊ အာရတ်နိုင်ငံဖြစ် မြင်းများကို မြင်းမျိုးယူရန် အသီးအသီး ကောင်းမွန်စွာ မွေးထားသည် မြင်းဇောင်း၊ ၎င်းမြင်းများ ပေါက်ဖွားသည့် မြင်းများကိုထားရာ မြင်းဇောင်း၊ အီတာလျံမင်း နေထိုင်သည့် တိုက်နန်း၊ ဘုရားကျောင်း၊ ကုလားအုတ်အများ မွေးထားသည့်နေရာ၊ အီတာလျံမင်း လာရောက်သည်အခါ ပင်လယ်ရေချိုးရန် လုပ်ဆောင်သည်နေရာ၊ တောလိုက်ခွေး အများ မွေးထားသည် နေရာမှ စ၍ အရပ်ရပ် ကြည့်ရှုရန် ရှိသည်များကို ကြည့်ရှုရသည်။

၎င်းတောအဝန်း အင်္ဂလိပ်တိုင် ၂၀ ရှိကြောင်း။ ၎င်းတောအတွင်း ရှိနေသည့် တောစောင့်လူ ၁၀၀၀ ကျော် ရှိကြောင်း။ ၎င်းတောအတွင်း ယုန်၊ ဒရယ်၊ ချေ၊ သမင်၊ တောဝက်၊ ရစ် ခေါ်သည့် ငှက်အများ ရှိကြောင်း။ ၎င်းတောသို့ တစ်နှစ်လျှင် ၈ ကြိမ်၊ ၉ ကြိမ် အီတာလျံမင်း လာကြောင်း။ အီတာလျံမင်း လာသည်အခါ တောလှည့်ပတ် သားငှက်တို့ကို လိုက်လံပစ်ခတ် ပျော်ပျော်ပါးပါး ၄ ရက်၊ ၅ ရက် နေ၍ ပြန်သွားကြောင်း။ တစ်နေ့လျှင် သားငှက် ၁၀၀ ကျော်၊ ၂၀၀ ခန့် သေကြောင်း။ ယခုလည်း သမင်တစ်သောင်းကျော် ရှိကြောင်းများကို ပြောဆို ကြားသိရသည်။ ဥယျာဉ်အတွင်း လှည့်ပတ်ရာ လမ်းဝဲယာများတွင် ၂၅ တစ်အုပ်၊ ၃၀ တစ်အုပ်၊ ၄၀ တစ်အုပ်၊ ၅၀ တစ်အုပ်၊ သည်ကဲ့သို့ အုပ်ဖွဲ့လျက် ဖွဲ့လျက် သမင်အများ တွေ့မြင်ရသည်။ ၎င်းတောကို စံရွတ်စိုရတော ခေါ်ကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းတောကို လှည့်ပတ် ကြည့်ရှုပြီးလျှင် ပြန်လာကြသည်။

၎င်းနေ့ သင်္ဘောပုံစံ အကြောင်းအရာ ဆင့်စာကိုသာ ရ၍ ပုံစံ မရကြောင်းနှင့် မောင်မြဲက ပို့သည်စာကို ရသည်။ အထက်က ပုံစံနှင့်တကွ ဘလောင်တန်းသို့ အပ်၍ ပေးပို့စေကြောင်း၊ ယခု ဘလောင်တန်းကို ထပ်မံ၍ ဆင့်မည် အကြောင်းနှင့် မောင်မြဲသို့ စာ ထပ်၍ ပေးသည်။ ဘလောင်တန်းကိုလည်း ဆင့်သည်။ ၎င်းနေ့ ထွေးခံတော်ကြီး **ဒုတိယ ဝါဆိုလပြည့်ကျော် ၁၃ ရက်** [၁] နေ့မှ ပြီးနိုင်မည် အကြောင်းနှင့် ဘလောင်တန်းက ပေးသည်စာကို ရသည်။ **၎င်းလပြည့်ကျော် ၁၁ ရက်နေ့** [၂] အီတာလျံနိုင်ငံက ထွက်သွားတော့မည် ဖြစ်၍ ထွေးခံတော်ကြီးကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ **နျူဟိုတက်** [၃] သို့ ပို့မည့်အကြောင်းနှင့် ဘလောင်တန်းကို ထပ်၍ စာပေးသည်။ **၎င်းလပြည့်ကျော် ၁၁ ရက်** [၂] နေ့ မြန်မာသံတော်တို့ **ဗြိန်ဒီစီ** [၄] ဆိပ်ကမ်းသို့ ရောက်လိမ့်

၁။ ၁၀ ဩဂုတ် ၁၈၇၄ ၂။ ၈ ဩဂုတ် ၁၈၇၄ ၃။ New Hotel ၄။ Brindisi



www.burmeseclassic.com

www.burmeseclassic.com



မည်။ အာလစ္စန္ဒြိယမြို့ကူး စာပို့သင်္ဘောမှာ သံတော်တို့စီးရန် ပထမ ၃ ခန်း၊ ဒုတိယ ၅ ခန်း စေ့စပ် ပြောဆို အသင့် ပြင်ဆင်ထားနှင့်မည် အကြောင်းနှင့် ပြန်ဒီစီမြို့ဝန်ထံ ဖြန့်ကဲရီက ကြေးနန်းနှင့် မှာထားသည်။ အီတာလျံမင်း စနေနေ့ သံတော်တို့ကို လက်ခံလိမ့်မည် အကြောင်းနှင့် ရိုက်ကျားထံ ဖြန့်ကဲရီက ကြေးနန်းနှင့် ပြောသည်။

**ငင်းလပြည့်ကျော် ၉ ရက်**[၁] ကြာသပတေးနေ့ ၁၀ နာရီအချိန် သံတော်အရာရှိ, ဖြန့်ကဲရီတို့ ရထားစီးနင်း၍ ပရေဖေးမြို့ဝန်,ကမ္မဒန်တိုရေ ကော်ရနေရီး, မေးရားခေါ် မြို့ဝန်, ဖါရီရိုရီစာရီတို့ အိမ်သို့ နှုတ်ဆက် သွားကြသည်။ ၎င်းမြို့ဝန်တို့လည်း ကောင်းမွန်စွာ ဆီးကြိုလက်ခံ ဝမ်းမြောက် ဝမ်းသာ နှုတ်ခွန်းဆက်လက်ကြသည်။ ပြီးလျှင် ပြန်လာသည်။ ၎င်းနေ့ ၅ နာရီအချိန် ပီးစမြို့ ဝိတိုရိယ ဟိုတက်က တျူရင်းမြို့သို့ သွားရန် မီးရထား သို့ ထွက်ခဲ့ကြသည်။ မြို့ဝန် ၂ ဦး, ဗိုလ်ချုပ်ကြီး, တရားသူကြီးတို့လည်း မီးရထားရုံသို့ အစုံအညီ လာရောက်၍ ကောင်းမွန်စွာ နှုတ်ဆက်၊ မီးရထား ထွက်မှ ပြန်သွားကြသည်။ ၎င်းမီးရထားရုံက ထွက်ခဲ့၍ တစ်ညလုံး လာခဲ့ ရသည်။

**ငင်းလပြည့်ကျော် ၁၀ ရက်**[၂] သောကြာနေ့ ၈ နာရီအချိန် တျူရင်းမြို့ မီးရထားရုံသို့ ဆိုက်ရောက်၍၊ ၎င်းမီးရထားရုံတွင် တျူရင်းမြို့ ပရေဖေး မြို့ဝန်, မေရားမြို့ဝန်တို့ သံတော်တို့ စီးနင်းရန် ရထားနှင့်တကွ ကောင်းမွန်စွာ စောင့်နေ ဆီးကြိုကြသည်။ သံတော်အရာရှိတို့နှင့် ကောင်းမွန်စွာ နှုတ်ဆက် ပြီးလျှင် ရထားအတူ စီး၍ တရွန်ဘက်တာ ဟိုတက်သို့ လာကြသည်။ ဟိုတက်သို့ ရောက်မှ မြို့ဝန် ၂ ဦး ပြန်သွားသည်။ ဂျင်နဝါတွင် ထားခဲ့သည် ဝန်အသုံးအဆောင် သေတ္တာများလည်း ၎င်းတိုက်သို့ မကြွင်းမကျန် အပြည့်အစုံ ရောက်နှင့်သည်။ ဘင်နစ်မြို့က ကျောက်စီကျောက်လုပ် အီတာလျံမင်း ရုပ်ပုံကားသွင်းပြီး သေတ္တာလည်း ရောက်နှင့်သည်။ အီတာလျံ မင်းလည်း ယမန်နေ့က တျူရင်းမြို့သို့ ရောက်ကြောင်းကို ပြောဆို ကြားသိ ရသည်။

၎င်းနေ့ ၅ နာရီအချိန် မြို့ဝန်လက်ထောက် ဆိုသူ ကြိုယူလာ၍ သံတော်အရာရှိ, အပေါင်းပါလူ, ဖြန့်ကဲရီတို့ ရထားစီးနင်း လိုက်သွားကြ သည်။ ရထားမှာ မင်းစီးရထား မြင်း ၂ စီးကနှင့် လူ ၁၊ ရထားထိန်း ၂၊ အဆင်တန်ဆာ ကောင်းမွန်စွာ ဆင်ယင်လျက်၊ ရထားနှင့် ရထားထိန်းတို့မှာ

---

၁။ ၆ ဩဂုတ် ၁၈၇၄ ၂။ ၇ ဩဂုတ် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



မင်းပေး ဝတ်သန့် ဝတ်ကောင်း ဆင်ယင်လျက်၊ ကိရိယာစုံ ရထား ၃ စီး မင်းက ပေး၍ စီးနင်းရသည်။ ၎င်းရထားများနှင့် တျူရင်းမြို့တွင် လမ်းသေး လမ်းမများကို လှည့်ပတ်ပြီးလျှင် မြူစက်ဟိန်ဒူစတရီရာလေး ခေါ်သည် **အက္ကစစ်ဘစ်ရှမ်း**[၁] တိုက်သို့ ရောက်လျှင် ၎င်းတိုက်လူကြီး ကမ္မဒါတိုရေး ကိုဒါစ ဆီးကြို လိုက်ပြ ကြည့်ရှုရသည်မှာ **ကေမစ်ဆရီဓာတ်ကျမ်း**[၂] ထွက် ဓာတ်အမျိုးမျိုးများကို ချက်လုပ်တတ်အောင် သင်ကြားပြသရာ တိုက်ခန်း၊ ၎င်းဓာတ်အမျိုးမျိုးများက ချက်လုပ်၍ ရသည် ဆေးရည်, ဓာတ်ရည်များကို ထားရာ တိုက်ခန်း၊ မြစ်ကူး မီးရထားလမ်း, တောင်ပေါ်သွား မီးရထားလမ်း, မြစ်ကူးတံတား လုပ်ဆောင်သည် ပုံစံအမျိုးမျိုး ထားရာ တိုက်ခန်း၊ ပညာသင် လူငယ်တို့ စက်ပုံအမျိုးမျိုး ရေးသားသည် အတတ်ကို သင်ကြားပြသရာ တိုက်ခန်း၊ ရေးသားပြီး စက်ပုံအမျိုးမျိုး ထားရာ တိုက်ခန်းမှ စ၍ အရပ်ရပ် ကြည့်ရှုရန် ရှိသည်များကို လှည့်ပတ် ကြည့်ရှုပြီးလျှင် ဥရောပတိုက် သိုးဆောင်းနိုင်ငံ, အာရှတိုက်, အာဖရိကတိုက်, အမေရိကန်တိုက်, နိုင်ငံ တကာက အမျိုးဘာသာများကို သင်ကြားပြသသည် **ကော်လဲအင်တယ်ရနာ ရှိနားလေ**[၃] ခေါ်သည့် ပညာသင် ကျောင်းတိုက်သို့ သွားကြသည်။

ရောက်လျှင် ၎င်းတိုက်အုပ်လူကြီး ကာဘာလျဲလိအာရီ စတိနော့-ဒေဂရောစီ ဆိုသူ ဆီးကြို လိုက်ပြ ကြည့်ရှုရသည်မှာ ပညာသင်လူတို့ အိပ်ခန်း၊ စားပွဲခန်း၊ ပညာသင်ရာ တိုက်ခန်း၊ အလွတ်ရသည် အချိန်တွင် ပညာသင်လူငယ်တို့ ချမ်းချမ်းသာသာ နေထိုင်သည် တိုက်ခန်း၊ ကိုယ်လက် ကျန်းခံ့သာယာ အင်အားဖြစ်ထွန်းအောင် ကစားစေသည် နေရာမှ စ၍ အရပ်ရပ် ကြည့်ရှုရန် ရှိသည်များကို ကြည့်ရှုရသည်။ ၎င်းတိုက်တွင် အီဂျစ် နိုင်ငံသား, ဂျပန်နိုင်ငံသားတို့ ပညာသင်ကြား နေထိုင်ကြသည်ကို တွေ့သည်။ မြန်မာနိုင်ငံတော်က သည်ကဲ့သို့ ပညာသင်ကြားစေရန် စေလွှတ်တော်မူသည် အခွင့်ကို မြော်ခေါ် တောင့်တလျက် ရှိကြောင်း၊ စေလွှတ်တော်မူလျှင် အထူး သဖြင့် စောင်မကြည့်ရှု သင်ကြား ပြသပါမည် အကြောင်းနှင့် ၎င်းတိုက် လူကြီးတို့က ပြောဆိုကြသည်။

၎င်းတိုက်ကို လှည့်ပတ်ကြည့်ရှုပြီးလျှင် စစ်ရေးပြရာ အရပ်သို့ လှည့်ပတ်၍ သွားကြသည်။ ၎င်းစစ်ရေးပြရာ ကွင်းပြင် စတုရန်းတာ ၂၀၀ ခန့် ရှိသည်။ ၄ မျက်နှာ လူလမ်း, ရထားလမ်း, သစ်ပင်သစ်ရိပ်, အခက် အရွက် အပြည့်အစုံနှင့် လုပ်ဆောင်၍ အစဉ်ထာဝရ ၎င်းအရပ်တွင် စစ်ရေး

---

၁။ Exhibition ၂။ Chemistry ၃။ International College



www.burmeseclassic.com

www.burmeseclassic.com



ခင်းကျင်း ပြသရကြောင်း၊ ၎င်းအရပ်ကို ယခု မြို့ရွာ အိမ်ခြေ တိုးပွားသည် ဖြစ်၍ တိုက်အိမ်နေရာ ဆောက်လုပ် နေထိုင်ခွင့် ပေးရသောကြောင့် အခြား အရပ်မှာ သည်ကဲ့သို့ စစ်ရေးပြ ကွင်းပြင်နေရာ အသစ် လုပ်ဆောင်ရကြောင်း များကို ပြောဆို ကြားသိရသည်။ ၎င်းမြို့တွင် လူနေ ၂ သိန်း တစ်သောင်း ၂ ထောင်ကျော် ရှိကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းက မြို့တွင်းသို့ ဝင်၍ လှည့်ပတ် ကြည့်ရှု ပြန်လာကြသည်။ မြို့ဝန် လက်ထောက်ကို သံတော်အရာရှိတို့က ညစာစားပွဲ ဖိတ်ကြား၊ အတူ စားသောက်ပြီးမှ ပြန်သွား သည်။ နက်ဖြန် ၁၀ နာရီ အချိန် သံတော်အရာရှိတို့ကို လက်ခံ တွေ့မြင်မည် အကြောင်းနှင့် အီတာလျံမင်းက ပေးသည် စာကို ရသည်။

**၎င်းလပြည့်ကျော် ၁၁ ရက်**[၁] စနေနေ့ ၁၀ နာရီအချိန် မြန်မာသံတော် တို့ကို အီတာလျံမင်းက တွေ့မြင် လက်ခံမည် ဖြစ်၍ မင်းစီးရထား အဆင် တန်ဆာ ကိရိယာအစုံများနှင့် သံတော်တို့ရှိရာ စေလွှတ် ကြိုယူလာသော ကြောင့် သံတော်အရာရှိ, ဖြန့်ကဲရီ, ရွှေတိုက်ကြပ်, စာရေးလူငယ်တို့ပါ, သံတော်တို့မှာ သနားတော်မြတ်ခံရသည် မျဉ်းတိုမျဉ်းရှည် ဆင်ယင်လျက်၊ ဖြန့်ကဲရီမှာ မင်းပေး အဝတ်အစား စား, သနားတော်မြတ်ခံရသည် စလွယ် ဆင်ယင်လျက်၊ ရွှေတိုက်ကြပ်, စာရေးလူငယ်တို့မှာ ဝတ်သန့်ဝတ်ကောင်း လှပကောင်းမွန်စွာ ဆင်ယင်လျက်၊ ပထမ မင်းစီးရထားတွင် ဝန်ရှင်တော် ကင်းဝန်မင်းကြီး, ဖြန့်ကဲရီ၊ ဒုတိယ မင်းစီးရထားမှာ စာရေးတော်ကြီး မင်းလှဇေယသူ, လက်ဖက်ရည်တော် နေမျိုးမင်းထင်သူရိန်, ရွှေတိုက်ကြပ် မင်းလှမင်းထင်ကျော်သူ၊ တတိယ မင်းစီးရထားမှာ စာရေးတော် ၃, လူငယ် ၁ တို့ အသီးအသီး စီးနင်း၍ အီတာလျံမင်း ရှိရာ ပါလေးရော်ရက် ခေါ် နန်းတော်သို့ သွားကြသည်။

ရောက်လျှင် အတွင်းဝန်မင်း အာဂမော, အတွင်း ကိုယ်ရံ ဗိုလ်ကြီး, သက်တော်စောင့် ဗိုလ်ကြီးမှ စ၍ မှူးကြီးမတ်ကြီးတို့ မင်းပေး အဝတ်အစား, စား, သနားတော်မြတ်ခံရသည် စလွယ်များကို ဆင်ယင်လျက် ကောင်းမွန်စွာ ဆီးကြို၊ မင်း လက်ခံမည့် တိုက်ခန်းအနီး ဧည့်ခန်း တိုက်ခန်းတွင် နှုတ်ခွန်း ဆက်လက်၊ တစ်ဆယ့်ငါး မီနစ်ခန့် နေထိုင်ကြသည်အတွင်း အီတာလျံမင်း အထက် အာရဘိုက်ရိုက်ကျားတွင် သနားတော်မူလိုက်သည် မင်းဆင် နှစ်ဆယ့်လေးသွယ် နဝရတ်ခြယ် စလွယ်တော်ကြီးကို ဆင်ယင်လျက် မင်း ဧည့်ခံသည့် တိုက်ခန်းသို့ ထွက်လာလျှင် သံတော်အရာရှိ, အပေါင်းပါလူ,

---
၁။ ၈ ဩဂုတ် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ဖြန့်ကဲရီတို့ မင်းရှေ့သို့ ဝင်ကြရာ၊ သံတော်အရာရှိတို့ကို ကောင်းမွန်စွာ ကိုယ် ဦးခေါင်းညွတ်လျက် သိုးကို ချွတ်၍ အီတာလျံမင်းက နှုတ်ဆက်သည်။ သံတော်အရာရှိတို့ကလည်း ကိုယ် ဦးခေါင်း ညွတ်လျက် အရိုအသေ နှုတ်ဆက်ကြသည်။ လက်ဆောင်တော်ကို ရွှေတိုက်ကြပ် ပိုက်ပွေ့ရသည်။ ပြီးလျှင် –

နေထွက်ဘုရင် မဟာမင်းမြတ်က အီတာလျံမင်းထံ ဝင်၍ မဟာမိတ် ဖြစ်သည်နှင့်အညီ နှုတ်ခွန်းဆက်ခဲ့ရမည်၊ လက်ဆောင်တော်များကိုလည်း ပေးအပ်ခဲ့ရမည် အမိန့်တော်မြတ်နှင့် မှာတော်မူသောကြောင့် အရိုအသေ ဝင်ရောက်လာရကြောင်း

သံတော်တို့က တင်လျှောက်သည်။

နေထွက်ဘုရင် မြန်မာမင်းမြတ်က မမေ့မလျော့ သည်ကဲ့သို့ သတိရတော်မူသည်ကို အလွန် ကျေးဇူးတင်ကြောင်း၊ နိုင်ငံတော်နှင့် အီတာလျံနိုင်ငံ မဟာမိတ် ဖြစ်ရသည်ကို အလွန် ဝမ်းမြောက်ကြောင်း၊ ယခုက စ၍ တစ်စထက် တစ်စ မဟာမိတ်အဖြစ် တိုးတက်မြဲမြဲအောင် မြော်ခေါ် တောင့်တ ကြံစည် အားထုတ်ရှိကြောင်း၊ သည်အရာများကို နေထွက်ဘုရင် မြန်မာမင်းမြတ် ရွှေနားတော်မြတ်ကြား တင်လျှောက်ပါမည် အကြောင်း

နှင့် အီတာလျံမင်းက ပြောဆိုသည်။

နေထွက်ဘုရင် မြန်မာ မင်းမြတ်က တိုင်းကြီး နှစ်တိုင်း, ပြည်ကြီး နှစ်ပြည် မဟာမိတ်အဖြစ် တိုးပွား ဖြစ်ထွန်းအောင် အလိုတော်မြတ် ရှိတော်မူသောကြောင့် အားထုတ် ကြံစည်ဆဲ ဖြစ်ကြောင်း၊ သည်ကဲ့သို့ အီတာလျံနိုင်ငံ မင်း မှူးမတ်တို့က မဟာမိတ်သဘော ရှိသည် အဖြစ်ကို ထပ်မံကြားသိတော်မူလျှင် အလွန် ဝမ်းမြောက်တော်မူပါလိမ့်မည် အကြောင်း

နှင့် သံတော်တို့က တင်လျှောက်သည်။

နိုင်ငံတော်သို့ စေလွှတ်သည် အီတာလျံ သံတို့ကို နှစ်ကြိမ် မြောက် ကောင်းမွန်စွာ ပြုစုတော်မူသည်အရာ၊ ၎င်းသံများတွင် မင်းဆင် ကျောက်စီ စလွယ်မှ စ၍ ထူးမြတ် ကောင်းမွန်သည် လက်ဆောင်တော်အများ သနားတော်မူလိုက်သည် အရာ၊ ယခု ဝန်ရှင်တော်မင်းကြီးကို ဝင်ခဲ့ရမည် မှာထားတော်မူသည် အရာ၊ ထပ်မံ၍ ထူးမြတ်သည် လက်ဆောင်တော်များကို သနားတော်မူသည် အရာများကို ကျေးဇူး အထူးတင်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် အီတာလျံမင်းက ပြောသည်။ သံတော်အရာရှိတို့ကလည်း –

> အထက် အီတာလျံနိုင်ငံသို့ ဆိုက်ရောက်သည်အခါ အကြီးအကျယ် အခမ်းအနားများနှင့် ကောင်းမွန်စွာ လက်ခံ တွေ့မြင်၊ တံဆိပ် ဘယက် အသီးအသီး ပေးကမ်း ချီးမြှောက်သည်အရာ၊ ယခု အီတာလျံနိုင်ငံသို့ လာရောက်ပြန်လျှင်လည်း အီတာလျံနိုင်ငံသို့ ရောက်လျှင်ရောက်ချင်း ရေကြောင်းဗိုလ် ကပ္ပိတန် ဖြန့်ကဲရီကို အကြိုစေလွှတ်၊ အီတာလျံ နိုင်ငံအတွင်း ရောက်ရာ ရောက်ရာ မြို့ရွာများက အကြီးအအုပ် ပြုလုပ်သူတို့ အသီးအသီး အရှိအသေ လက်ခံပြုစုကြသည် အရာ၊ ယခု ကောင်းမွန်စွာ လက်ခံတော်မူသည် အရာကို နိုင်ငံတော်သို့ ရောက်သည်ကာလ အမိန့်တော်မြတ်ခံ၍ ကြားသိတော်မူလျှင် အလွန် ဝမ်းမြောက်တော်မူပါလိမ့်မည် အကြောင်း

နှင့် သံတော်တို့က တင်လျှောက်သည်။ ပြီးလျှင် သွားရန် လမ်းစခန်း၊ ဝင်ထွက်ရန် မြို့ရွာမှ စ၍ အရပ်ရပ် အဆွေခင်ပွန်း စကားများကို ပြန်လှန်ပြောဆိုကြ၍ တစ်မောင်းခန့်ကြာလျှင် သံတော်အရာရှိတို့နှင့် အီတာလျံမင်း လက်ဆွဲနှုတ်ဆက်၍ မင်းညီခံ တိုက်ခန်းက ထွက်ခဲ့ကြသည်။ ပြီးလျှင် နန်းတော်စောင့် ဗိုလ်ကြီးနှင့်အတူ ၎င်းနန်းတော်ရှိ အရပ်ရပ် စစ်ဝတ်လက်နက်ကိရိယာ ထားရာ တိုက်ခန်းများကို လှည့်ပတ်ကြည့်ရှု ပြန်လာကြသည်။

၎င်းနေ့ တစ်နာရီအချိန် အတွင်းဝန် အာဂမော သံတော်တို့ ရှိရာလာ၍ ဝန်ရှင်တော် ကင်းဝန်မင်းကြီးမှာ အီတာလျံနိုင်ငံတွင် ဝန်ကြီးတိုင်းမဆင်ရသည် **ဃရံကော်ရဒေါ်နေဒက် လာကော်ရီနာဓိတာလိယ**[၁] ခေါ်သည် ရင်သိုင်းစလွယ် တံဆိပ် ဘယက်များနှင့် ရွှေနာရီ တစ်၊ စာရေးတော်ကြီး မင်းလှဇေယသူ၊ လက်ဖက်ရည်တော် နေမျိုးမင်းထင်သူရိန်တို့မှာ **ကမ္မဒါတိုလဒက် လာကော်ရီနာဓိတာလိယ**[၂] ခေါ်သည် တံဆိပ်ဘယက် တစ် စီနှင့် မင်းမှတ်တံဆိပ်ပါ လက်စွပ် တစ် စီ၊ ရွှေတိုက်ကြပ် စာရေးလုလင် ငါးတို့မှာ မင်းမှတ်တံဆိပ်ပါ လက်စွပ် တစ် စီ အသီးအသီး ချီးမြှောက် ပေးအပ်လာသည်။ ၎င်းတံဆိပ် ဘယက်များကို ဆင်ရန် အီတာလျံမင်း အမိန့်တော် လက်မှတ်ထိုး စာများကိုလည်း ပေးအပ်ခဲ့သည်။ ၎င်းနေ့ တစ်ဆယ့်တစ်နာရီခွဲအချိန် ဝန်ကြီးချုပ်မင်း ဂက်တီး လာရောက်၍ နှုတ်ခွန်းဆက်

---

၁။ Grand Cordon of the Italian Royal Order

၂။ Commander of the Royal Italian Order



www.burmeseclassic.com

www.burmeseclassic.com



သည်။ အီတာလျံနိုင်ငံတွင် အလိုရှိသည်အခါ ကောင်စစ် ကိုယ်စားလှယ်ထားရန် စကားကို ထပ်၍ ပြောသည်။ ဝန်ကြီးချုပ်က အလွန် သင့်မြတ်ကြောင်းနှင့် ဝမ်းမြောက်ဝမ်းသာ ပြောသည်။

ငင်းနေ့ တစ်ဆယ့်တစ်နာရီအချိန် တုရင်း မြို့ဝန် ပီစော ဆိုသူ လာရောက် နှုတ်ဆက်၊ တုရင်းမြို့တွင် အရပ်ရပ် မှတ်သားရန် အဆောက်အဦ အကြီးအကျယ် ဓာတ်ပုံစာအုပ် တစ်ကို ပေးသည်။ ဝန်ရှင်တော် ကင်းဝန်မင်းကြီး ရုပ်ပုံကို ငင်းမြို့ဝန်သို့ ပေးလိုက်သည်။ ဝန်ကြီးချုပ်နှင့် အတွင်းဝန်အာဂမောတို့ကို လွန်းများပုဆိုး တစ်စီ၊ မင်းကြီးရုပ်ပုံ တစ်စီများကို ပေးခဲ့သည်။ ငင်းနေ့ သံတော်အရာရှိ၊ အပေါင်းပါလူ၊ ဖြန့်ကဲရီတို့ တပေါင်းတည်း ခေါ်သည်၊ ဓာတ်ပုံကူးတိုက်အိမ်သို့ သွား၍ ဓာတ်ပုံကူးကြသည်။ မိုးလည်း အလွန် ရွာသည်။ ငင်းက ပြန်သည်နောက် ဂျင်နဝါမြို့နေ ကုန်သည် အသင်းဝင် တံဆိပ် ဘယက်ရ ရက်ပက်တို ဆိုသူ လာရောက်၍ နိုင်ငံတော်နှင့် ကုန်ကူးသန်းရန်အကြောင်း၊ ကောင်စစ် အကြောင်းများကို ပြောဆိုပြီးလျှင် ငင်းက အမည်လက်မှတ်များကို ပေးခဲ့သည်။ မင်းကြီးကလည်း ရုပ်ပုံတစ် ပေးလိုက်သည်။ ငင်း ရက်ပက်တို ဆိုသူ မျိုးကြီးဆွေကြီး လူကြီးလူကောင်း ကုန်သည် အသင်းဝင် တံဆိပ် ဘယက်ရ ယုံကြည်ထိုက်သူတည်း။

**ငင်းလပြည့်ကျော် တစ်ဆယ့်နှစ်ရက်** [၁] တနင်္ဂနွေနေ့ သံတော်အရာရှိ၊ ဖြန့်ကဲရီတို့ စုံညီ တုရင်းမြို့က ဖြန်ဒီစီသို့သွားရန် ငင်းနေ့ ငါးနာရီအချိန် မီးရထားရုံသို့ သွားကြသည်။ မီးရထားရုံတွင် မြို့ဝန်လက်ထောက် ဆီးကြိုစောင့်နေ ပြင်ဆင် အသင့်ရှိသည်နှင့် ငင်းနေ့ နံနက် ခြောက်နာရီအချိန် မီးရထားရုံက ထွက်ခဲ့ကြသည်။ ငင်းမီးရထားလည်း အမြန်သွား မီးရထားဖြစ်၍ အရပ်အနေ အလွန် နည်းသည်။ ရေကုန်မှ ရေယူရုံမျှ ရပ်သည်။ ငင်းနေ့ တစ်ဆယ့်နှစ်နာရီ အချိန် ဘူလွန်းညာမြို့သို့ ရောက်သည်။ နံနက်စာ စားကြသည်။ ငင်းက ထွက်လာပြန်ရာ **အန်ကိုးနားမြို့** [၂] တွင် ည ခြောက်နာရီ အချိန် လက်ဖက်ရည် ကာဖီ သောက်ကြသည်။ ငင်း တစ်ညလုံး ထွက်ခဲ့ရာ ငါးနာရီအချိန် **ဘိုးရကြမြို့** [၃] သို့ ရောက်သည်။ ငင်းက ထွက်ခဲ့၊ ခြောက်နာရီ အချိန် ဖြန်ဒီစီမြို့ မီးရထားရုံသို့ ရောက်သည်။ မီးရထားရုံတွင် ဖြန်ဒီစီမြို့ဝန် ဆီးကြိုစောင့်နေ၊ ရထားနှင့် တင်ဆောင်ကြိုယူ၊ **စင်မလာ** [၄] ခေါ်သည် အာ

၁။ ၉ သြဂုတ် ၁၈၇၄ ၂။ Ancona ၃။ Foggia ၄။ S. S. Simla



www.burmeseclassic.com

www.burmeseclassic.com



လစ္စန္နရိယမြို့သွား မီးသင်္ဘောသို့ လာကြသည်။ ဖြန့်ကဲရီလည်း ဖြန့်ဒီစီမြို့တွင်မှ ခွဲ၍ နေရစ်သည်။ ၎င်းနေ့ ဖြန့်ဒီစီမြို့က ထွက်ကြောင်းကို အာလစ္စန္နရိယမြို့ရှိ အီတာလျံ ကောင်စစ်ထံ ကြေးနန်းနှင့် ပြောသည်။

သက္ကရာဇ် ၁၂၃၇ ခု ဝါခေါင်လဆန်း တစ်ဆယ့်လေးရက်[၁]

တနင်္ဂနွေနေ့ နေ ၂ ချက်တီးကျော် အချိန်တွင် စခန်းစဉ်ကို ရေးကူး၍ အပြီးသို့ ရောက်သည်။ ။ ဒီ၊ ပု၊ အာ နှင့် ပြည့်စုံပါလိမ့်။ ။ နိဋ္ဌိတံ။ ။

၁။ ၁၅ ဩဂုတ် ၁၈၇၅

www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ်ပြည်ရောက် မြန်မာသံအဖွဲ့။ | ၁၈၇၂-၇၃ | ( ထိုင်နေသူများ ဝဲမှ ယာ - ကင်းဝန်မင်းကြီး ဦးရွှေဘင် )



www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ်ပြည်သွား သံတော်များ၊ ၁၈၇၄ ။

( ထိုင်နေသူများ။ ဝဲမှ ယာ - စာရေးတော်ကြီး ဦးမြိမ့်၊ ဂုဏ်ဝန်မင်းကြီး၊ ပညာ့တော်သင် ဦးအောင်သူ )

www.burmeseclassic.com

www.burmeseclassic.com

## တတိယတွဲ

### သက္ကရာဇ် ၁၂၃၅ ခုနှစ် လယ်ကိုင်းမြို့စား သေနတ်ဝန်မင်းကြီး ပြင်သစ်နိုင်ငံသို့ သံကြီး ပြုလုပ်သွားရာ မှတ်သားသည့် နေ့စဉ်မှတ်။

**နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။**

**သက္ကရာဇ် ၁၂၃၆ ခု ဒုတိယ ဝါဆိုလပြည့်ကျော် ၁၃ ရက်** ¹ တနင်္လာနေ့တွင် နံနက် ၅ နာရီအချိန် ပြန်ဒီစီမြို့က ထွက်ခဲ့ကြသည်။ ၎င်းဆိပ် အငွေ့ကိုတွင် မီးသင်္ဘော တစ်စင်း လက်ယာဘက်က ဝင်ရောက်လာသည်။ ၎င်းနေ့ အနောက်မြောက်ထောင့်လေ မှန်မှန် လာသည်။ ပင်လယ်အထွက် တစ်မိနစ်ခန့် လှိုင်းနှင့် ရင်ဆိုင်ဖြစ်၍ သင်္ဘော အတန်ငယ် လှုပ်သည်။ ၎င်းက အစဉ်အတိုင်း ထွက်ခဲ့ရာ လက်ယာဘက် အီတာလျံနယ် ကျွန်းဆွယ်နှင့် မနီးမဝေး အရှေ့တောင် ယွန်းယောင် လာရသည်။ ၎င်းနေ့ ၁၂ နာရီအချိန် လက်ယာဘက် ကျွန်းစွန်းကို လွန်သည်။ ၎င်းကျွန်းစွန်းတွင် မီးပြတိုင် ၁ ရှိသည်။ ၎င်းနေ့ တစ်နာရီအချိန် လက်ယာဘက် ကမ်းခြေ ပျောက်၍ လက်ဝဲဘက်က ဂရိတ်ကျွန်းစွန်းကို မြင်ရသည်။ ၎င်းကျွန်းစွန်း တစ်နေ့လုံး မြင်တုံ မမြင်တုံ ရှိသည်။ ၎င်းလက်ဝဲဘက်က မီးသင်္ဘော ၁ လည်း ၎င်း ဂရိတ်ကျွန်းစွန်းဆီသို့ တူရူသွားသည်ကို မြင်ရသည်။ ၎င်းနေ့ည လင်းသည်တိုင် အနောက်မြောက်ထောင့် လေမှန် ပြင်းပြင်းကြီးလာသည်။ သို့သော်လည်း လှိုင်းလိုက် လေလိုက် ဖြစ်၍ သင်္ဘော အလှုပ်အရှား မရှိ၊ သင်္ဘောမှာ ရွက်ကုန်ဖွင့်ရသည်။ ဥတုလည်း မပူမအေး ရှိသည်။ ၎င်းစင်မလာ သင်္ဘော

---

¹။ ၁၀ ဩဂုတ် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



မြင်းအား ၆၀၀၊ တန်နိုင် ၂၀၀၀ နိုင်သည်။ ကပ္ပိတန် **ခေါ်သည်**[၁]။ မြစ်ဒီစီမြို့နှင့် အာလစ္စန္ဒရီယမြို့ ခရီး ၈၂၅ တိုင် ကွာသည်။ အင်္ဂလိပ် တိုင်တည်း။

**၎င်းလပြည့်ကျော် ၁၄ ရက်**[၂] အင်္ဂါနေ့ လင်းသည်က ၁၂ နာရီတိုင် လေလာမြဲ လာ၍ ရွက်တင်ရသည်။ တစ်နာရီအချိန် လက်ဝဲဘက်က စင်မလာ သင်္ဘောနှင့် ကုမ္ပဏီတူ မီးသင်္ဘော ၁ မြစ်ဒီစီမြို့သို့ ရှေးရှုသွားသည်ကို တွေ့သည်။ သင်္ဘောချင်း တာ ၁၀၀ ခန့် ကွာတွင် တစ်စင်းနှင့် တစ်စင်း အလံနှင့် နှုတ်ဆက်ကြသည်။ လက်ဝဲဘက် ဂရိတ်ပိုင် ကျွန်းစွန်း ကမ်းခြေနှင့်လည်း တစ်စတစ်စ နီးသည်။ ၎င်းနေ့ည လင်းသည်တိုင် ၎င်းကမ်းခြေ မပျောက်၊ အစဉ်အတိုင်း မြင်ရသည်။ ၂ နာရီအချိန် သမ္ဘန် ၁ ၎င်းကျွန်းစွန်းသို့ ရှေးရှု ရွက်နှင့် သွားသည်ကို တွေ့သည်။ လက်ဝဲလက်ယာ ခရီးသုံးတိုင်ခန့် ကွာတွင် မီးသင်္ဘော ၂ မြစ်ဒီစီသို့ ရှေးရှုသွားသည်ကို တွေ့မြင်ပြန်သည်။ ၎င်းအချိန်ကစ၍ လေလာ ညံ့သည်။ သင်္ဘောရွက်များကို ချရုပ်ရသည်။ ခရီးမှာ အရှေ့တောင်ထောင့်သို့ လာရသည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီး အင်္ဂလိပ်တိုင် ၂၆၀ ရောက်သည်။

**၎င်းလပြည့်ကျော် ၁၅ ရက်**[၃] ဗုဒ္ဓဟူးနေ့ ၁၂ နာရီအချိန်မှ လက်ဝဲဘက် ကမ်းခြေ ပျောက်၍ ပင်လယ်ကြီးကို ဖြတ်ကူးရသည်။ တစ်နာရီအချိန် တူရကီနိုင်ငံသွား မီးသင်္ဘော ၁ ကို ခရီး ၅ တိုင်ခန့်တွင် မြင်သည်။ ၂ နာရီအချိန် လက်ယာဘက် ခရီး ၄ တိုင်ခန့်ကွာတွင် မီးသင်္ဘော ၁ မြင်သည်။ ၎င်းမီးသင်္ဘော ယေါဆေးက နယေါလီမြို့ ဆိပ်ကမ်းဆီသို့ သွားသည် သင်္ဘောနှင့် တူသည်။ လက်ဝဲဘက် ကမ်းခြေ ပျောက်၍ ပင်လယ်ကြီးသို့ ရောက်သည်က ၎င်းနေ့ည လင်းသည်တိုင် မိုးလေ မရှိ။ ကြည်လင် သန့်ရှင်းလျက် ပင်လယ်ရေ အလွန်လှပသည်။ သင်္ဘောလည်း လက်ဝဲလက်ယာ အားကြီးစောင်း၍ လှုပ်သည်။ စားပွဲကိရိယာ ပန်းကန် ဖွန်း ဓား ခက်ရင်းများ လျှောကျအောင် လှုပ်သည်။ အကြောင်းကို မေးလျှင် ၎င်းပင်လယ်တွင် လွန်ခဲ့သည့် တစ်ရက်၊ နှစ်ရက်အတွင်း လေပြင်းလေကြမ်း လာသောကြောင့် လှိုင်းရှိန်မစဲ ရှိကြောင်းနှင့် ကပ္ပိတန် ပြောသည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီးတိုင်ပေါင်း ၂၄၀ ရောက်သည်။

**သက္ကရာဇ် ၁၂၃၆ ခု ဝါခေါင်လဆန်း ၁ ရက်**[၄] ကြာသပတေးနေ့ ယမန်နေ့ကကဲ့သို့ ရေယက်လှိုင်း လှုပ်ရှားလျက် ရှိသေးသည်။ ၁၂ နာရီ

၁။ ပြောသည်။ (ဦးစိုးလှိုင်၊ တ - ၂၃၀) ၂။ ၁၁ သြဂုတ် ၁၈၇၄ ၃။ ၁၂ သြဂုတ် ၁၈၇၄
၄။ ၁၃ သြဂုတ် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှ လက်ယာဘက် ကမ်းစများကို မြင်သည်။ အစဉ်အတိုင်း လာခဲ့ရာ တစ်နာရီ အချိန်မှ အာလစ္စန္ဒရီယမြို့ ဆိပ်ကမ်းဝင်အနီးသို့ ရောက်သည်။ အာရကတ္တိလည်း လေ့ငယ်နှင့် ကူးလာ၍ သင်္ဘောစက်ကို ရပ်ဆိုင်း တင်ယူရသည်။ ၎င်းက စ၍ အာရကတ္တိ လမ်းပြသည်အတိုင်း ဆိပ်ကမ်းသို့ ဝင်၍ ဆိုက်သည်။ သင်္ဘော ဆိုက်လျှင်ဆိုက်ချင်း အာလစ္စန္ဒရီယမြို့ဝန်, ၎င်းမြို့ရှိ ရေကြောင်းချုပ် ဗိုလ်ချုပ်ကြီးတို့ မင်းစီးသမ္ဗန် ၃ နှင့် သင်္ဘောရောက် အကြိုလာကြသည်။ သင်္ဘောသို့ ရောက်လျှင် မြန်မာသံတော်တို့ တည်းနေရန် တိုက်အိမ်များလည်း အသင့် ပြင်ဆင်ပြီး ရှိကြောင်း၊ ယခု ကမ်းသို့ တက်ရန် သမ္ဗန် ၃ ပါကြောင်း၊ ကမ်းသို့ ရောက်လျှင် စီးနင်းရန် ရထား အသင့် ရှိကြောင်း၊ သံတော်အရာရှိတို့ အလိုရှိရာ မှုခင်းကိစ္စများကို ပြီးပြေအောင် ဆောင်ရွက်ပါမည် အကြောင်းနှင့် ပြောဆိုပြီးလျှင် ၎င်းတို့နှင့်အတူ သမ္ဗန်စီး၍ သံတော်အရာရှိတို့ ကုန်းသို့ တက်ကြသည်။ ကုန်းသို့ရောက်လျှင် စောင့်နေ အသင့်ရှိသည် မင်းပေး ရထားများကို စီး၍ အာလစ္စန္ဒရီယမြို့လယ် မာမတ်ဒါလီ ခေါ်သည် ကွင်းအနီး လမ်းတောင်ဘက်ရှိ **ဥရောပ ဟိုတယ်**[၁] တိုက်အိမ်သို့ လာကြသည်။ ယခု အီဂျစ်ဘုရင်ခံ ဘိုးမာမတ်ဒါလီ မြင်းစီးဟန် မော်ညူမင်းတိုင် စိုက်ဆောက်လျက် ဘန်းတီးရန် နေရာနှင့်တကွ ပြည်သူတို့ ပျော်ပါးရန် ကွင်းကို မော်ညူမင်းတိုင်ကို အစွဲပြု၍ မာမတ်ဒါလီကွင်း ခေါ်သည်။ မြို့ဝန်လည်း တည်းနေသည့် တိုက်အိမ်သို့ ရောက်မှ ပြန်သွားသည်။ ၎င်းဥရောပ ဟိုတယ်မှာ အထက် လန်ဒန်မြို့ကို သွားစဉ် အပြန် အသွား တည်းခိုနေထိုင် ဝင်ထွက်ဖူးသည်တိုက် ဖြစ်သည်။

၎င်းနေ့ ၅ နာရီအချိန် သံတော်အရာရှိတို့ မင်းပေး ရထား ၃ ကို စီးလျက် မြို့မြောက် ပင်လယ်ကမ်းထိပ်တွင် ရှိသည့် ပေ ၇၀ ကျော်ခန့် အမျိုးဘာသာ ကိုးကွယ်သည့် ကျောက်တိုင်ကြီးကို ကြည့်ရှုကြသည်။ ၎င်း ကျောက်တိုင်မှာ နှစ်ပေါင်း ၃၀၀၀ ကျော် ၄၀၀၀ ခန့် ရှိကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းက မြို့မြောက်မျက်နှာ ခံမြို့၊ ၎င်းက အာလစ္စန္ဒရီယမြို့ကို ရေပေးသည် စက်ရုံ၊ ၎င်းက ရေယူမြောင်း၊ ၎င်းက အင်းစပ်ကို ဖြတ်၍ ဘုရင်ခံ နေထိုင်သည် တိုက်နန်းသစ်များကို လှည့်ပတ် ကြည့်ရှု၍ အစဉ် အတိုင်း ပြန်လာကြသည်။ ၎င်းဖြတ်ကူးခဲ့သည် အင်း အလျား အနံ တာ ၅၀၀ ခန့် ရှိသည်။ ပင်လယ်က လျှောက်၍ ရေဝင်သည်အင်း ဖြစ်သည်။ ၎င်းအင်းအတွင်း ငါး အလုပ်အဆောင် အားကြီးသည်။ အခွန် ရှစ်သိန်း

၁။ Hotel Europe



www.burmeseclassic.com

www.burmeseclassic.com



ပေးဆောင်ရသည်ဟု ပြောဆိုကြားသိရသည်။ ၎င်းလမ်းတစ်လျှောက်များမှာ အထက် လန်ဒန်မြို့သို့ သွားစဉ် ကြည့်ရှုတွေ့မြင်ရသည်ထက် အလုပ်အကိုင် အဆောက်အဦ ယခု အများ တိုးသည်။ အာလစ္စန္ဒရီယမြို့သည် ဥရောပ တိုက်နှင့် အာရှတိုက် ကူးသန်းရာ သင်္ဘောလမ်း၊ မီးရထားလမ်း အချက်အခံ ဖြစ်၍ လူနေ တိုးဆဲ ပွားဆဲ ရှိသည်များကို တွေ့မြင်ရသည်။

၎င်းလဆန်း ၂ ရက်[၁] သောကြာနေ့ ၅ နာရီအချိန် သံတော်အရာရှိ၊ အပေါင်းပါလူတို့ မင်းပေးရထားများကို စီးနင်းပြီးလျှင် မြို့မြောက်မျက်နှာ ဘုရင်ခံမင်း ဥယျာဉ်သို့ သွားကြသည်။ ၎င်းဥယျာဉ်နှင့် ဆက်ကာ ဆက်ကာ ဘုရင်ခံမင်း သားအကြီး နေထိုင်သည် တိုက်အိမ်၊ ဘုရင်ခံမင်း မယားငယ်တို့ အသီးအသီး နေထိုင်ကြသည် တိုက်အိမ်များကို တွေ့မြင်ရသည်။ ၎င်း ဥယျာဉ်လည်း **နိုက်မြစ်**[၂]က တူးဖောက်၍ ယူခဲ့သည့် မြောင်းထိပ်တွင် ဖြစ်၍ အလိုရှိရာ ရေပြွန် ရေမြောင်း အသွယ်သွယ်နှင့် အလျှိုလျှိုသော လမ်းသေး လမ်းမ၊ အထူးထူးသော သစ်ပင်သစ်သီးမျိုး ပွင့်မျိုး အစုံနှင့် တိုးဆဲ ပွားဆဲ လုပ်ဆောင်ဆဲ။ ပြည်သူတို့ ပျော်ပါးရန် ဘန်း အတီးအမှုတ် တီးမှုတ်ရန် နေရာ၊ လှည့်ပတ်သွားလာရန် အရပ်နေရာမှ စ၍ အကြီးအကျယ် အလှအပ လုပ်ဆောင်လျက် ရှိသည်။ ၎င်းမြို့ မြောက်မျက်နှာ ခရီး တစ်တိုင်ခန့်ကွာ ပင်လယ်နှင့်အင်း အကြား ပင်လယ်ကမ်းထိပ်တွင် ဘုရင်ခံမင်း တိုက်နန်း၊ စစ်သည် ရဲမက်တို့ ထားရန် တိုက်အိမ်၊ မြင်းတပ် ထားရန် တိုက်အိမ်မှ စ၍ အကြီးအကျယ် ဆောက်လုပ် ပြင်ဆင်ဆဲ အဆောက်အဦလည်း ရှိသည်။ ၎င်းတိုက်နန်း အဆောက်အဦက မြို့တွင်းသို့ ရောက်အောင် လူသွားလမ်း၊ မီးရထားလမ်းများကို လုပ်ဆောင်သည်မှာ သဲတောင်၊ မြေတောင်များကို တူးဖြတ် ပြင်ဆင်၍ လုပ်ငန်း အကြီးအကျယ် လမ်းစဉ်တစ်လျှောက် ဝဲယာ သစ်ပင် တိုက်အိမ်များနှင့် ရှိသည်။ ၎င်းတိုက်နန်းက ဆိုခဲ့သည် ဥယျာဉ်သို့ ကူးသည့် လမ်းမှာလည်း ပင်လယ်က ဝင်သည် အင်းကြီးကို ဖြတ်၍ လမ်း အကြီးအကျယ် လုပ်ဆောင်လျက် ရှိသည်။

ဥယျာဉ်အနီး နိုက်မြစ်က ဖောက်ယူခဲ့သည် မြောင်းမှာ လွန်ခဲ့သည် နှစ်ပေါင်း ၄၀ က တူရကီမင်းနှင့် အီဂျစ်မင်းတို့ တိုက်ခိုက်ကြရာ တူရကီမင်းက နိုင်၍ ၎င်းအီဂျစ်နိုင်ငံကို ယခု ဘုရင်ခံမင်း ဘိုးမာမတ်ဒါလီ ဗိုလ်ချုပ် ပြုလုပ် စိုးအုပ်ပြီးလျှင်၊ အင်္ဂလိပ် တိုင် ၃၅ တိုင် ကွာသည် ခရီးကို အီဂျစ်နိုင်ငံသား စည်းကြပ်ရ လူ ၆ သိန်းနှင့် တူးဖောက် လုပ်ဆောင်သည်။

၁။ ၁၄ ဩဂုတ် ၁၈၇၄ ၂။ Nile



www.burmeseclassic.com

www.burmeseclassic.com



၂၁ ရက်နှင့် ၎င်းမြောင်းကို တူးလုပ် ပြီးပြေ၊ လူ သောင်း ၂ ထောင် တူးလုပ်ဆဲတွင် သေကျေပျက်စီးသော ဟူ၏။ ၎င်းမြောင်းက ရေကို စက်ရုံသို့ ယူ၍ ရေကို စင်ကြယ်အောင် လုပ်ဆောင်ပြီးမှ အလစ္စန္ဒရီယမြို့ အလုံးကို သောက်ရေ ပေးသည်။ ရေခဲ ချက်လုပ်သည်။ ၎င်းအာလစ္စန္ဒရီယမြို့တွင် ရဲမက် ၄၀၀၀ ရှိသည်။ ၎င်းမြို့ အနောက်မျက်နှာ၊ တောင်မျက်နှာများက ပင်လယ် ရှိသည်။ အရှေ့မျက်နှာက အင်းကြီး ရှိသည်။ အနောက်မျက်နှာ ပင်လယ်ကမ်းက မြို့ကို ပတ်လျက် အရှေ့မျက်နှာ အင်းကြီးထိ ခံမြို့ လုပ်ဆောင်လျက် ရှိသည်။ ၎င်းစာပါ အရပ်များကို လှည့်ပတ်ကြည့်ရှု ပြန်လာကြသည်။ ၎င်းနေ့ ဘလောင်တန်းက ပေးပို့သည် ကြေးနန်းစာကို ရသည်။ စာတွင် ယခုနေ့ ထွေးခံတော်ကြီးကို ပို့လိုက်ကြောင်းနှင့် ပါသည်။

**၎င်းလဆန်း ၃ ရက်** [၁] စနေနေ့ သံတော်အရာရှိ၊ အပေါင်းပါလူတို့ **ကေရိုမြို့** [၂] သို့သွားရန် အခြားသူတို့ မပါစေရ။ သံတော်အရာရှိတို့ သက်သက် စီးနင်းရန် မီးရထားများကို အာလစ္စန္ဒရီယမြို့ဝန်က ပြင်ဆင် ပေးအပ်သော ကြောင့် ၎င်းနေ့ ၂ နာရီအချိန် အခြားသူတို့ မပါ။ သံတော်အရာရှိတို့ ဝန်တင်ရထား၊ လူစီးရထား သက်သက်များကို စီးနင်း၍ အာလစ္စန္ဒရီယမြို့က ထွက်ခဲ့ကြသည်။ အာလစ္စန္ဒရီယမြို့ဝန်လည်း မီးရထားရုံရောက် လိုက်ပို့၊ မီးရထားထွက်မှ နှုတ်ဆက် ပြန်သွားသည်။ အာလစ္စန္ဒရီယမြို့နှင့် ကေရိုမြို့ ခရီး အင်္ဂလိပ်တိုင် ၁၃၀ ကွာသည်ကို အမြန်သွား မီးရထား ဖြစ်၍ ၄ နာရီနှင့် ရောက်သည်။ လမ်းတွင် **ကာဇရေမြို့** [၃] မှာ နာရီဝက်ခန့် တစ်ကြိမ်သာ ရပ်သည်။ ၎င်းမြို့တွင် ဘုရင်ခံမင်းက သံတော်အရာရှိတို့ နေ့စာ စားရန် ပြင်ဆင် အသင့် ဆင့်ဆို ခင်းကျင်း ရှိသည်ကို စားသောက်ကြသည်။ အာလစ္စန္ဒရီယမြို့က ကေရိုမြို့ထိ လမ်းတစ်လျှောက် ဝဲယာများမှာ ဂျုံ ရိတ်သိမ်းပြီး မြေအရပ် များကို ထွန်ယက်ဆဲ လုပ်ငန်းအများ ရှိသည်။ ၎င်းပြင် ပြင်းတုံး ပွင့်တုံး ဝါလုပ်ငန်း အလွန် အားကြီး များပြားသည်။ ကျေးရွာ စဉ်ဆက်မပြတ် တွေ့သည်။ မြစ် ချောင်းမြောင်း အလျှိုလျှို အသွယ်သွယ် ရှိသည်။ မြေလည်း တစ်ပြင်တည်း အပြန့်ညီညွတ်သည်။

၎င်းနေ့ ၆ နာရီအချိန် ကေရိုမြို့ မီးရထားရုံသို့ ရောက်သည်။ မီးရထားရုံတွင် သံတော်အရာရှိတို့ စီးရန် မြင်းကရထား၊ ဝန်တင်ရထား များနှင့် ဘုရင်ခံမင်း အတွင်းအမတ်ကြီး **တွန်နီနိုဆောဘေး** [၄] ဆိုသူ စောင့်နေ ဆီးကြို၍၊ ကေရိုမြို့ မြောက်မျက်နှာ **အာဇေရီယ** [၅] ခေါ်သည် တိုက်နန်းမှာ

---

၁။ ၁၅ ဩဂုတ် ၁၈၇၄ ၂။ Cairo ၃။ Cazata ၄။ Major Sulaiman Bey ၅။ El Giza

www.burmeseclassic.com



နေရာချထား တည်းနေရသည်။ ၎င်း အတွင်း အမတ်ကြီး တွန်နီနောဘေး လည်း အထက် လန်ဒန်မြို့က ပြန်စဉ် ဘုရင်ခံမင်း ဆင့်ချက်နှင့် အာလစ္စန္ဒ ရိယမြို့ ရောက်လာ၍ သံတော်အရာရှိတို့ကို ဆီးကြို လက်ခံ သိကျွမ်းဖူးသည် အဆွေခင်ပွန်းဟောင်းတည်း။ ၎င်း အာဇေရိယ တိုက်နန်းတွင် သံတော် အရာရှိတို့ အစားအစာ အသုံးအဆောင် အလိုရှိသမျှကို ဘုရင်ခံမင်းက တဝတည်း ကောင်းမွန်စွာ လုပ်ကျွေး ပြုစုသည်။ ၎င်းအာဇေရိယ တိုက်နန်း လည်း ဥယျာဉ် ရေကန် သီးမျိုး ပွင့်မျိုး အစုံများနှင့် အလွန် တင့်တယ်သည်။ အိပ်ရာတိုက်ခန်း အခင်းအကျင်း၊ အစားအစာ ကျွေးမွေး ပြုစုပုံများလည်း အလွန် ကောင်းသည်။ တစ်ရန်ကြုံ တစ်ရန်တွေ့ မလွှဲမကင်းသာ၍ လက်ခံ ပြုစုရသည် အမှုအရာ မဟုတ်။ ဆွေရင်းမျိုးချာ တာရှည်လေးမြင့် ချစ်ခင် ပေါင်းသင်းကြသည် မိတ်သဟာယစစ်များကို လက်ခံပြုစုသကဲ့သို့ မြတ်နိုး တနာ လေးမြတ်ကြည်လင် ရွှင်ရွှင်လန်းလန်း ဝမ်းမြောက်ဝမ်းသာ ပြုစု လက်ခံသည်။

၎င်းလဆန်း ၄ ရက်[1] တနင်္ဂနွေနေ့ ၆ နာရီအချိန် သံတော်အရာရှိ တို့မှာ အင်္ကျီလက်ကျယ် ရွှေစလွယ် တံဆိပ် ဘယက်စုံ ဆင်ယင်လျက်၊ ရွှေတိုက်ကြပ် စာရေးလူငယ်တို့မှာ ဝတ်သန့်ဝတ်ကောင်း အလှအပ ဝတ်ဆင် လျက်၊ တွန်နီနောဘေးနှင့် အတူ မင်းပေး မြင်း ၂ စီးက ရထားများကို စီးနင်းကြပြီးလျှင် ဘုရင်ခံမင်း နေထိုင်သည် ဂက်ဇီရန် တိုက်နန်းသို့ သွားကြ သည်။ ၎င်းတိုက်နန်းလည်း ကေရိုမြို့ အနောက်မျက်နှာ၊ နိုက်မြစ် အနောက် ဘက်ကမ်းထိပ်တွင် ရှိသည်။ တိုက်နန်းသို့ ရောက်လျှင် ဘုရင်ခံမင်း ကိုယ်ရံ မှူးမတ်တို့ ဆီးကြို၍ ဘုရင်ခံမင်းရှေ့သို့ ဝင်ရသည်။ ပတ္တမြားတင် လက်စွပ် ရွှေကြုတ်နှင့် ကတ္တီပါအိတ် သွတ်လျက် ၁၊ ပယင်းပုတီး သဘော်ာ ခံသီး ပမာဏရှိ ပုတီးကြီး ကုံးရေ ၁၊ ပယင်းပုတီးလတ် ကုံးရေ ၂ များကို အစ်ငယ်တွင် ထည့်၍ ကတ္တီပါအိတ် သွတ်လျက် ၁၊ ငွေချည်ပန်းပြောက် ပုဆိုး ထည်ရေ ၁၊ လွန်းများပုဆိုး ထည်ရေ ၂ များကို သေတ္တာနှင့် ထည့်လျက် ရွှေတိုက်ကြပ် စာရေးတို့ ဘုရင်ခံရှေ့ရောက် ဆောင်ယူ သွင်းပေးရသည်။ ဘုရင်ခံလည်း သံတော်အရာရှိ အပေါင်းပါလူတို့ကို အရိုအသေ ကောင်းမွန်စွာ နှုတ်ဆက်သည်။ သံတော်အရာရှိ အပေါင်းပါလူတို့ကလည်း ကောင်းမွန်စွာ နှုတ်ဆက်ကြသည်။ ပြီးလျှင် –

အထက်အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့ သွားစဉ် ဘုရင်ခံမင်းက

အသွားအပြန် ကောင်းမွန်စွာ လက်ခံပြုစုသည် အရာများကို နေထွက်

---

၁။ ၁၆ ဩဂုတ် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ဘုရင် မြန်မာမင်းမြတ် ရွှေနားတော်မြတ် ကြားသိတော်မူ၍ အလွန် ဝမ်းမြောက်တော်မူကြောင်း၊ ယခု လာရောက်ပြန်ရာလည်း ဘုရင်ခံမင်း ထံ ဝင်ထွက်ခဲ့ရမည် အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆောင်ရွက် ခဲ့ရကြောင်း

များနှင့် သံတော်တို့က ပြောဆိုသည်။

မြန်မာသံတော် အရာရှိတို့ အထက် တစ်ကြိမ် လာရောက် တွေ့မြင်ရသည်ကို အလွန် ဝမ်းမြောက်ဝမ်းသာ အစဉ်မပြတ် အောက်မေ့တသ ရှိနေသည့်အတွင်း ယခု ထပ်မံဆိုက်ရောက် တွေ့မြင် ရသည်သာမက သနားတော်မူသည် ထူးမြတ်သည့် လက်ဆောင် တော်များကို ရယူ၊ ရွှေဘုန်းတော်မြတ်ကို ခိုလှုံရသည်အရာ အလွန် ဂုဏ်ကျက်သရေ တိုးတက် ရှိပါသည်။ သံတော်အရာရှိတို့ လ ရက် ရှည်ကြာ မနေ၊ အလျင်အမြန် သွားမည် ရှိသည်ကို အလွန် နှမြော တသကြောင်း

နှင့် ဘုရင်ခံမင်း[၁] က ပြောသည်။

ယခု အိင်္ဂလိပ်နိုင်ငံသို့ ရောက်လျှင်ရောက်ချင်း အာလစ္စန္ဒရိယ မြို့ဝန် အရာရှိတို့ ကောင်းမွန်စွာ ပြုစုသည်အရာ၊ ကေရိုမြို့ရောက် မီးရထားနှင့် ကောင်းမွန်စွာ လိုက်ပို့သည်အရာ၊ ကေရိုမြို့သို့ ရောက် လျှင်လည်း အတွင်း အမတ်ကြီး တွန်နီနော့ဘားကို စေခန့်တော်မူ၍ ဆီးကြို လက်ခံ, တစ်စုံတစ်ရာ အလိုဆန္ဒ မပြည့်မစုံ မရှိစေရ။ အာဒေရိယ တိုက်နန်းမှာ နေရာချထား၍ ကောင်းမွန်စွာ ပြုစုသည် အရာများကို အလွန် ဝမ်းမြောက်ကြောင်း၊ သည် အကြောင်းအရာ များကို နေထွက်ဘုရင် မြန်မာမင်းမြတ် ရွှေနားတော်မြတ် ကြားသိ တော်မူအောင် တင်လျှောက်ပါမည် အကြောင်း၊ ကြားသိတော်မူလျှင် အလွန်အားရ နှစ်သက်တော်မူပါလိမ့်မည် အကြောင်း

များနှင့် သံတော်တို့က ပြောဆိုသည်။ ပြီးလျှင် သွားလမ်း လာလမ်း၊ လာရောက်ခဲ့သည့် နိုင်ငံမြို့ရွာ အခြင်းအရာ၊ ဥတုရာသီ၊ လုပ်ငန်းလုပ်တာ မြို့ရွာ အနေအထိုင်မှ စ၍ အရပ်ရပ် မိတ်ဆွေဖြစ် စကားများကို ပြန်လှန် ပြောဆို၊ တစ်မောင်းခန့်ကြာလျှင် အသီးအသီး ဘုရင်ခံမင်းနှင့် လက်ဆွဲ နှုတ်ဆက် ထွက်လာကြသည်။

၎င်းတိုက်နန်းက ထွက်လျှင် တိုက်နန်းနှင့် စပ်လျက် နှလုံးမွေ့လျော်

၁။ Lord Chamberlain



www.burmeseclassic.com

www.burmeseclassic.com



ပျော်ဖွယ် စီမံလုပ်ဆောင်၍ ထားသည့် ဂက်ဗီရ ခေါ်သည့် ဉယျာဉ်အတွင်း ခြသေ့် သစ်ကျား စသော သားအမျိုးမျိုး၊ တုံးစပ် ငှက်ကြီး ဥဒေါင်းငှက် စသော ငှက်အမျိုးမျိုး၊ အာဖရိကတိုက်ဖြစ် ဆင်, ဇီရာ [၁] ခေါ်သည့် သတ္တဝါ များနှင့် သစ်ပင်အမျိုးမျိုး၊ ပန်းအမျိုးမျိုး၊ အသွယ်သွယ်သော လမ်း၊ အထူးထူး သော တိုက်အိမ် နေရာများကို လှည့်ပတ်ကြည့်ရှု ပြန်လာကြသည်။ နိုက်မြစ် ကို ကူး၍ အရှေ့ဘက်သို့ ရောက်လျှင် ဘုရင်ခံမင်း ငွေခွန်ဝန်ကြီးနှင့်အတူ ရထားစီးနင်း၍ လှည့်ပတ်လာသည်ကို တွေ့သည်။ ကောင်းမွန်စွာ နှုတ်ခွန်း ဆက်၍ သွားကြသည်။ ပြီးလျှင် မြို့တွင်းပြည်သူတို့ ပျော်ပါးရန် လုပ်ဆောင် သည် အက်ကစဘက်ကီး ဉယျာဉ်သို့ ဝင်၍ ကြည့်ကြသည်။ ၎င်းဉယျာဉ် အတွင်း မျုးမတ်, အရာရှိ, သူဌေး သူကြွယ်, လူကြီးလူကောင်း မယား သားသမီးတို့ လှပကောင်းမွန်စွာ ဆင်ယင် ဝတ်စားလျက် လှည့်ပတ်သွားလာ ပျော်ပါး နေထိုင်ကြသည်။ မိန်းမ ယောကျ်ား ပရိသတ် အလွန်အားကြီး များပြားလှ၏။ ၎င်းဉယျာဉ်အတွင်း ဘန်းမြူးစစ် တီးမှုတ် ပျော်ပါးသည့် နေရာ၊ ကာဖီဆိုင် အစည်းအဝေးနေရာ၊ ရေကန် ရေပန်း တောင်ကျ ရေတံခွန် မှ စ၍ အရပ်ရပ် ကြည့်ရှုရန် ရှိသည်များကို ကြည့်ရှုပြီးမှ နေရင်းတိုက်နန်းသို့ ပြန်လာကြသည်။ တွန်နီနော့ဘေးလည်း သံတော်အရာရှိတို့နှင့် အတူ ညစာ စားပွဲ စားသောက်ပြီးမှ ပြန်သွားသည်။

**၎င်းလဆန်း ၅ ရက်** [၂] တနင်္လာနေ့ ၈ နာရီ အချိန် တွန်နီနော့ဘေးနှင့် အတူ သံတော်အရာရှိ, အပေါင်းပါလူတို့ မင်းပေး ရထားများကို စီးနင်း ပြီးလျှင် ဘာသာမျိုးစုံ သင်ကြားသည် မင်းနှင့် ဆိုင်သည့် ဒတ်လာဘက် လဂျမာမိ ပညာသင် ကျောင်းတိုက်ကြီးသို့ သွားကြသည်။ ရောက်လျှင် ၎င်းတိုက် အကြီးအမှူး ပညာဝန်ကြီး ဆီးကြို လိုက်ပြ ကြည့်ရှုရသည်မှာ အင်္ဂလိပ်ဘာသာ, အီဂျစ်ဘာသာ အပြန်အလှန် သင်ကြားသည် ဆရာနှင့် ပညာသင် တိုက်ခန်း၊ ပညာသင်လူ ပန်းချီဆေးရေး သင်ကြားရာ တိုက်ခန်း၊ စက်ပုံရေးရာ တိုက်ခန်း၊ မြေပုံ တိုက်ပုံ ရေးရာ တိုက်ခန်း၊ ဂျော်မစ်ထရီ ပညာ သင်ကြားသည်ဆရာ ပညာသင် တိုက်ခန်း၊ ပညာသင်လူ စက်သဘော, ဓာတ်သဘော, ကမ္ဘာသဘောများကို ပြသသည့် ကိရိယာထားရာ တိုက်ခန်း၊ စာအုပ်အမျိုးမျိုး ထားရာ တိုက်ခန်းများကို လိုက်ပြ ကြည့်ရှုရသည်။ ဥပဒေ ထားပုံ, ပုံကိုင်ပုံ, သင်ကြားပုံမှ စ၍ တိုးဆဲပွားဆဲ ရှိသည်များကို တွေ့မြင် ရသည်။

---

၁။ Zebras ၂။ ၁၇ ဩဂုတ် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် အမျိုးဘာသာ ဆောက်လုပ်ကိုးကွယ်သည့် တောင်ပေါ်ရှိ ဘုရားကျောင်းကြီးသို့ သွားရောက် ကြည့်ရှုကြသည်။ ဘုရားကျောင်းကြီးသို့ ဝင်လျှင်ဝင်ချင်း ၎င်းအစောင့်လူတို့က ကျောင်းဝင် ခြေစွပ်များကို ဆီး၍ ပေးအပ်၊ စီးနင်း ဝင်ထွက်ရသည်။ ၎င်းကျောင်းမှာ မဟူရာနှင့် တူသည် ကျောက်မျိုးဖြင့် လုပ်ဆောင်သည့် တစ်ခဲနက်သော တိုင်၊ တစ်ခဲနက်သော နံရံများနှင့် အကြီးအကျယ် အံ့ဩဖွယ် ရှိသည်။ ၎င်းကျောင်းကြီးဆောင်မမှာ ဆိုခဲ့သည့် ကျောက်မျိုးတို့ဖြင့် စီခင်းလုပ်ဆောင်လျက် အလယ်ဗဟိုတွင် ခုံးကြီး၊ ၎င်းခုံးကြီးကို ၈ မျက်နှာ စက်ဝန်းထက်ခြမ်း ခုံးခံလျက် ကွန်း လေးတိုင်နှင့် အလွန် မြင့်သွန်း ကျယ်ဝန်း နှစ်သက်ဖွယ် ရှိသည်။ ၎င်းအတွင်း ဖန်ပဒေသာ, ဖန်မီးအိုး အပြည့် စီစဉ် ဆွဲထားလျက် ရှိသည်။ ၎င်းကျောင်းကြီး အဝင် လက်ယာဘက် တိုက်ခန်းငယ် တစ်ခုတွင် ယခု ဘုရင်ခံ **ဘိုးမာမတ်ဒါလီ**[၁] အလောင်း သင်္ဂြိုဟ်ရာ သင်္ချိုင်းကို အလှအပ တန်ဆာဆင်လျက် ထားသည်ကို တွေ့မြင်ရသည်။ ၎င်းကျောင်းကြီး လက်ဝဲဘက် တောင်စွယ်က မျှော်ကြည့်လျှင် ကေရိုမြို့ အလုံးကို မြင်ရသည်။ ၎င်းအရပ်တွင် အထက် စစ်သူကြီး အီဂျစ်လူမျိုး ဘန်းဘရုပ် ဆိုသူကို သတ်မည် ဖမ်းခေါ်ခဲ့ရာ၊ ၎င်းကျောင်းအတွင်း ရောက်လျှင် မြင်းနှင့်တကွ ခုန်ဆင်း ထွက်သွားသည့် နေရာလည်း ရှိသည်။ ၎င်းနေရာမှာ အမြင့် တောင်ရေ ၃၀ ကျော် ၄၀ ခန့် ရှိသည်။ ၎င်းကျောင်းပတ်လည် တောင်ခါးပန်းကို လျှောက်၍ ခံမြို့ ရဲမက် လက်နက်ကိရိယာစုံနှင့် ရှိသည်။ ကေရိုမြို့ လူနေ ငါးသိန်း ၄ သောင်း ရှိကြောင်း ပြောဆို ကြားသိရသည်။ ၎င်းကျောင်းကို ကြည့်ရှု ပြန်လာ၍ တိုက်အိမ်သို့ရောက်မှ နံနက်စာ စားကြသည်။ ၎င်းနေ့ **ဆွစ်မြို့**[၂] ဝန်ထံ တွန်နီ နောဘေးက ကြေးနန်းနှင့် မှာထားသည်။ ကြေးနန်းစာ အရမှာ လာမည့် ကြာသပတေး၊ မြန်မာသံတော်တို့ ဆွစ်မြို့သို့ လာလိမ့်မည်။ **ဘုံဘိုင်**[၃] သွား မီးသင်္ဘောမှာ ပထမခန်း ၃၊ ဒုတိယခန်း ၅ များကို ပြောဆိုစေ့စပ် အသင့် ရှိနှင့်စေရမည် အကြောင်းနှင့် ပါသည်။

၎င်းနေ့ လေးနာရီအချိန် သံတော်အရာရှိ, အပေါင်းပါလူတို့နှင့် တွန်နီနောဘေးတို့ ရထား စီးနင်းပြီးလျှင် မြို့မြောက်မျက်နှာ ခရီး တစ်တိုင် ကွာ အရပ်တွင် စစ်အတတ်ပညာများကို သင်ကြားသည့် အာဘတ်ဇီရာ ခေါ်သည် ကျောင်းတိုက်သို့ သွားကြသည်။ ၎င်းကျောင်းတိုက်တွင် ပြင်သစ် လူမျိုးကို ဆရာကြီးပြုလုပ်၊ ဗိုလ်ချုပ်အရာ ခန့်ထား၍ စစ်အတတ်များကို

၁။ Mohamed Ali ၂။ Suez ၃။ Bombay



www.burmeseclassic.com

www.burmeseclassic.com



ပြရသည်။ ၎င်းကျောင်းတိုက်သို့ ရောက်လျှင် ကျောင်းအုပ်လူကြီး၊ ဗိုလ်ချုပ်ကြီးတို့ ဆီးကြို လိုက်ပြ ကြည့်ရှုရသည်မှာ လယ်ယာ လုပ်ဆောင်သည် အတတ်ကို သင်ကြား ပြသသည်ဆရာ သင်ကြားရာ တိုက်ခန်း, သင်ကြားသည် တပည့်လူငယ်၊ မြင်းဆေး အတတ်ကို သင်ကြားပြသသည်ဆရာ သင်ကြားရန် တိုက်ခန်း, သင်ကြားသည် တပည့်လူငယ်၊ စက်အတတ်များကို သင်ကြားပြသသည်ဆရာ သင်ကြား ပြသရန် တိုက်ခန်း, သင်ကြားသည် တပည့်လူငယ်၊ ၎င်းပြင် မြေပုံရေး အတတ်၊ ခံမြို့လုပ် အတတ်၊ နေတိုင်း အတတ်မှ စ၍ အရပ်ရပ် ပညာမျိုးကို အသီးသီး သင်ကြားပြသသည်ဆရာ သင်ကြားရာ တိုက်ခန်း, သင်ကြားသည် တပည့်လူငယ်တို့ အသီးအသီး သင်ကြားနေထိုင် ကြသည်များကို ကြည့်ရှုရသည်။ ပြီးလျှင် သေနတ်ရေး ခင်းကျင်းပြသည် အရပ်၊ မြင်းတပ်ရေး ခင်းကျင်းပြသည် အရပ်၊ ပညာသင် လူငယ်တို့ လျင်မြန် ပေါ့ပါး အင်အားဖြစ်အောင် ဒန်း ကျွမ်း တိုင်တက် အခုန်အလွှား သင်ကြားရာ အရပ်၊ အမြောက်ရေး ခင်းကျင်းပြသရာ အရပ် များကို လှည့်ပတ်ကြည့်ရှု ပြန်လာကြသည်။ ၎င်းလမ်းတစ်လျှောက်များမှာ သဲမြေအတိ ဖြစ်သော်လည်း လူလမ်း, ရထားလမ်း, ဝဲယာ သစ်ပင်, ဝဲယာ တိုက်အိမ် အဆောက်အဦ တိုးဆဲ ပွားဆဲ ရှိသည်များကို တွေ့မြင်ရသည်။

**၎င်းလဆန်း ၆ ရက်**[၁] အင်္ဂါနေ့ ၈ နာရီအချိန် သံတော်အရာရှိ, အပေါင်းပါလူ, တွန်နီနောဘေးတို့ ရထားစီးနင်း၍ မြို့အနောက်မျက်နှာ ခရီး ၃ တိုင်ခန့်ကွာတွင် **ပီရင်မစ်**[၂] ခေါ်သည့် ရှေးမင်းသချိုင်း အဆောက် အဦကြီးများကို အကြည့်အရှု သွားကြသည်။ သံတော်အရာရှိတို့ နံနက်စာ စားရန် အစားအသောက် ကိရိယာစုံများကို အာဇေရီယ တိုက်နန်းစောင့် လူကြီးတို့ အလျင် ဆောင်ယူ၍ ရှေ့လွန် သွားနှင့်ကြသည်။ ပီရင်မစ်သို့ ရောက်လျှင် ဘုရင်ခံမင်း ဆောက်လုပ်ထားသည် ဧည့်ခံ တိုက်နန်းတွင် ချရပ် နေထိုင် အမောအပန်းဖြေပြီးမှ နေမျိုးမင်းထင်သူရိန်နှင့် ရွှေတိုက်ကြပ် စာရေးလူငယ်တို့ ပီရင်မစ်သို့ တက်သွားကြသည်။ ၎င်းအရပ်တွင် နေထိုင် သည် လူတို့လည်း တက်သူ တစ်ယောက်လျှင် ၂ ယောက်, ၃ ယောက် ကူညီတွဲမ တင်ပို့ကြသည်။ မင်းကြီးနှင့် စာရေးတော်ကြီးမှာ ပီရင်မစ်အတွင်း ရှိ လိုဏ်သို့ ဝင်၍ ကြည့်ကြသည်။ ၎င်းလိုဏ်လည်း အဝ အကျယ် ၂ တောင်ခန့်၊ ဖောက် ၄ တောင်ခန့်က စ၍ တစ်စ တစ်စ ဆင်ခြေလျှော ၃ တောင်, ၂ တောင်၊ ရံခါ တစ်ကိုယ်ဆံ့ရုံ၊ တက်တုံ့ သက်တုံ၊ တောင်ရေ

---

၁။ ၁၈ ဩဂုတ် ၁၈၇၄ ၂။ Pyramid



www.burmeseclassic.com

www.burmeseclassic.com



၁၀၀ ကျော်ခန့် ဝင်ရသည်။ အတွင်းသို့ရောက်လျှင် အနံ ၄ တောင်ခန့်၊ ဓောက် ၇ တောင်၊ ၈ တောင်ခန့် လိုဏ်ကို တွေ့၍ ဆင်ခြေလျှော တက်ရပြန်သည်။ ပြီးလျှင် အမြင့် ၁၄ ပေ၊ အကျယ် ပေ ၂၀ ခန့် လိုဏ်ကြီးသို့ ရောက်မှ ဆုံးသည်။ အသွားအလာ အဝင်အထွက် ခက်ခဲလှ၏။ အရာရှိ စာရေးလူငယ်တို့လည်း ပိရင်မစ် ထိပ်ပြင်ရောက် တက်၍ ရောက်လျှင် ထိပ်ပြင် စတုရန်း တောင်ရေ ၂၀ ခန့် ရှိသည်ကို ကြည့်ရှု၍ အရပ်ရပ် ထက်ဝန်းကျင် မြော်တင်းကြည့်ရှု ဆင်းလာကြသည်။

ပြီးမှ နံနက်စာ စားသောက်ကြ၍ ၎င်းပိရင်မစ် အနီးရှိ ရှေ့လွန်ခဲ့သည် နှစ်ပေါင်း ၄၀၀၀ ကျော် ၅၀၀၀ က **စပင်းစစ်**[၁] ခေါ်သည်မင်း တည်ထား ဆောက်လုပ်ခဲ့သည့် မျက်နှာ လူသဏ္ဌာန်၊ ကိုယ်လက် ခြင်္သေ့ သဏ္ဌာန်၊ အလျား တောင်ပေါင်း ၃၀ ကျော်ခန့်၊ မြေက ဦးခေါင်းဖျားထိ အမြင့် ၁၅ တောင်ခန့် စပင်းစစ် ခေါ်သည် ကျောက်ရုပ်ကြီး၊ ၎င်းပြင် တောင်ရေ ၃၀ ခန့် နက်သည် တွင်းမှာ ကျောက်စီခင်းလျက် ၎င်းမင်း သင်္ချိုင်း ထားရာ အရပ်၊ တောင်ရေ ၃၀ ကျော်ခန့် မြေကို တူးလျက် ကျောက်တိုင် ကျောက် ထုပ် ကျောက်နံရံ အလျှိုလျှို အခန်းခန်း အကြီးအကျယ် ပေါ်ဆောင်သည် **တင်းပလို**[၂] ခေါ်သည် အမျိုးဘာသာ ဘုရားကျောင်းဟောင်းများကို လှည့်ပတ် ကြည့်ရှုကြသည်။ ၎င်းနေ့ ၄ နာရီအချိန်မှ ပြန်လာကြသည်။ ပိရင်မစ်ကြီး ဖိနပ်အမြင့်၊ လုပ်ပုံကိုင်ပုံ အခြင်းအရာများမှာ အထက် လန်ဒန် မြို့သွား နေ့စဉ်မှတ်အတိုင်း ဖြစ်၍ အထူး မရေးပြီ။ နည်းတူသိလေ။

ပိရင်မစ်နှင့် တာ ၅၀၀ ခန့်ကွာ အရပ်က ပိရင်မစ်ရောက် လမ်းမှာ သဲခုံ အလွန် များပြား၊ တက်၍ လာရသည်ခရီး ဖြစ်သောကြောင့် ရထား ကသည့် မြင်းများ အလွန် မောပန်းသည်။ လူ ကူညီတွန်းမှ သွားလာကြရ သည်။ လမ်းစဉ်တစ်လျှောက် ဝဲယာများမှာ သစ်ပင် ရေမြောင်း တိုက်အိမ် တိုက်နန်း လုပ်ဆောင်ပြင်ဆင် တိုးပွား ဖြစ်ထွန်းဆဲ၊ အထက် ရောက်ဖူး သည်ထက် ယခု အဆောက်အဦ အကြီးအကျယ် အများအပြား လုပ်ဆောင် တိုးပွား ရှိသည်။ ၎င်းလမ်း တောင်ဘက် ခရီးလမ်းတွင် အလျား စတုရန်းတာ ၃၀၀ ကျော်ခန့်၊ အမြင့် တောင် ၁၀ ခန့် ကျောက်တံတိုင်းကြီးနှင့် ဘုရင်ခံမင်း တိုက်နန်း၊ ၎င်းနှင့် ယှဉ်လျက် လမ်းမြောက်ဘက် အလျား အနံ တာ ၂၀၀ ခန့် ကျောက်မုခ် ကျောက်တံတိုင်း ကာရံလျက် ဘုရင်ခံမင်း တိုက်နန်း၊ ၎င်းနှင့် စပ်လျက် အနောက်ဘက်က ဘုရင်ခံမင်း သမီး နေထိုင်ရန် တိုက်အိမ် များလည်း လုပ်ဆောင်ဆဲ ရှိသည်။

၁။ Sphinx ၂။ Temple



www.burmeseclassic.com

www.burmeseclassic.com



ငင်းက အစဉ်အတိုင်း ပြန်လာ၍ နိုက်မြစ် အရှေ့ဘက်သို့ ရောက်လျှင် မြူစီရန်တိုက်ကို ဝင်၍ ကြည့်ကြသည်။ ငင်းတိုက်အတွင်း အီဂျစ်လူမျိုးတို့ အသီးအသီး ကိုးကွယ်ကြသည့် နွား၊ ခြင်္သေ့၊ မိကျောင်း၊ မြွေ၊ လူ၊ နတ်ရုပ် အမျိုးမျိုး၊ မံမီ[၁] ခေါ်သည့် လူသွင်း တလား အမျိုးမျိုး၊ ရှေးမင်းတို့ အလောင်းထည့်သည့် တစ်ခဲနက် ကျောက်တလား အမျိုးမျိုးများကို တွေ့မြင်ရသည်။ ငင်းတိုက်တွင် နှစ်ပေါင်း ၅၀၀၀ ကျော်က ထုလုပ်သည့် သစ်သားလူရုပ်တစ်ခုကို အထူး မှတ်သား၍ ထားသည်ကို တွေ့မြင်ရသည်။ ငင်းတိုက်ကို ကြည့်ရှုပြီးမှ ပြန်လာကြသည်။ တွန်နီနော်ဘေးကို ရာသက်ပန်ပုဆိုး ထည်ရေ ၁၊ **ပဝါဆောင်**[၂] ဩောင်ဦးကွမ်းအစ် ၁၊ သံတော်အရာရှိတို့ ရုပ်ပုံများကို ပေးသည်။

**ငင်းလဆန်း ၇ ရက်**[၃] ဗုဒ္ဓဟူးနေ့ ၄ နာရီအချိန် သံတော်အရာရှိ အပေါင်းပါလူ, တွန်နီနော်ဘေးတို့ ရထားစီးနင်း၍ မြို့တွင်းရှိ ဈေး၊ ပြည်သူမိန်းမငယ်တို့ ပညာသင်ကြားသည့် ဧကောလဲဒေဖီ ခေါ်သည့် ကျောင်းတိုက်များသို့ သွားရောက် ကြည့်ရှုကြသည်။ မြို့တွင်းဈေးမှာ သိုးဆောင်းလူမျိုးတို့ဆိုင်၊ တူရကီလူမျိုးတို့ဆိုင်၊ အီဂျစ်လူမျိုးတို့ဆိုင် အသီးအသီး ခြားနားလျက် ထည်မျိုး အုပ်မျိုး အသုံးအဆောင်မျိုး ဖန် မှန် ပန်းကန် ကြေးသံမျိုးစုံအများ ခင်းကျင်းရောင်းချလျက် ရှိသည်။ ဧကောလဲဒေဖီကျောင်းမှာ ဘုရင်ခံမင်း တတိယမယားက ဆောက်လုပ် တည်ထောင်၊ တစ်နှစ်ခန့်သာ ရှိသေးသည်။ ငင်းကျောင်းသို့ ရောက်လျှင် ငင်းကျောင်းအုပ်၊ ယောကျ်ားဆရာ၊ မိန်းမဆရာတို့ အရှိအသေ ဆီးကြို၍ မိန်းမငယ်တို့ ပန်းပွင့် ပန်းပြောက် ချုပ်လုပ်သည် တိုက်ခန်း၊ အထည်ချုပ်လုပ်သည် တိုက်ခန်း၊ အမျိုးဘာသာ, ပြင်သစ်ဘာသာ ဂဏန်းကျမ်း၊ ခဝါသည်အတတ်၊ အချက်အပြုတ် အတတ်မှစ၍ အရပ်ရပ် အသီးအသီး ဆရာကိုယ်စီနှင့် သင်ကြားရာ တိုက်ခန်း၊ ထမင်းချက်ခန်း၊ စားပွဲခန်း၊ ရေချိုးခန်း၊ အိပ်ခန်း၊ ညှော်ခံခန်းမှ စ၍ အရပ်ရပ် ကြည့်ရှုရန် ရှိသည်များကို လိုက်ပြ ကြည့်ရှုရသည်။ ငင်းကျောင်းတွင် မိန်းမငယ် ပညာသင် လူပေါင်း ၃၀၀ ရှိကြောင်း၊ ငင်း ၃၀၀ အနက် ၁၀၀ လူ မိန်းမငယ်တို့သာ မိဘအိမ်သို့ အပြန်အသွား ရှိကြောင်း၊ ကျန် ၂၀၀ မိန်းမငယ်တို့မှာ ကျောင်းအိပ် ကျောင်းစား ဖြစ်ကြောင်း၊ ငင်းကျောင်းတွင် သင်ကြားသူတို့ စရိတ်ကြေးငွေ မကုန်မကျ၊ ကျောင်းအမက ကျွေးမွေး ပြုစုကြောင်းများကို ပြောဆို ကြားသိရသည်။ အရပ်ရပ် ကြည့်ရှု၍ အပြီးတွင်

---

၁။ Mummy  ၂။ ပဝါဆောင်။ (ဦးမိုးလှိုင်၊ တ-၂၄၁)  ၃။ ၁၉ ဩဂုတ် ၁၈၇၄

www.burmeseclassic.com



မိန်းမငယ်တို့ကို စီစဉ် စည်းဝေးစေ၍ အာရတ်ဘာသာ သီချင်း, ပြင်သစ်ဘာသာ သီချင်းများနှင့် သံတော်အရာရှိတို့ လာရောက် ကြည့်ရှုသည်ကို ဝမ်းမြောက်ဝမ်းသာ ရှိကြောင်းများနှင့် တစ်ပြိုင်နက် ကျူးသီရသည်။ ပြီးလျှင် အရှိအသေ ဝမ်းမြောက်ဝမ်းသာ လက်ခုပ်တီးရသည်။ ပြီးလျှင် အသီးအသီး ကြိုးခုန်ရသည်။ သည်ကဲ့သို့ ပြသသည်များကို ကြည့်ရှုပြီးလျှင် ပြန်လာကြ၍ မြို့မြောက် လမ်းမသို့ ခရီး တစ်တိုင်ခန့် လျှောက်သွားပြီးလျှင် နိုက်မြစ်ရေကြီးသည်အခါ ဖြစ်၍၊ ၎င်းလမ်း နိုက်မြစ်ရေ တစ်ပြင်တည်း တိုးတက်ရှိသည်ကို ကြည့်ရှုပြီးမှ ပြန်လာကြသည်။

**၎င်းလဆန်း ၈ ရက်**[၁] ကြာသပတေးနေ့ ၈ နာရီအချိန် ကေရိုမြို့နှင့် ခရီး မြန်မာတိုင် ၉၀ ကွာ စွစ်မြို့သို့ သွားရန် သံတော်အရာရှိ, အပေါင်းပါလူ, တွန်နီနော်ဘေးတို့ အစုံအညီ ရထားစီး၍ ကေရိုမြို့ မီးရထားရုံသို့ လာကြသည်။ မီးရထားရုံတွင် အခြားသူတို့ မပါစေရ။ သံတော်အရာရှိတို့ သက်သက် စီးသွားရန် ပြင်ဆင် အသင့်ရှိသည် မီးရထားကို စီးနင်း ထွက်လာခဲ့ကြသည်။ ၁၁ နာရီအချိန် **ဇာဂါဆိတ်မြို့**[၂]သို့ ရောက်၍ တစ်နာရီခန့် ရပ်ဆိုင်း၊ သံတော်တို့ကို ကျွေးမွေးရန် ပြင်ဆင် အသင့်ရှိသည် စားပွဲမှာ နံနက်စာ စားကြသည်။ ၎င်းမြို့ရှိ အီတာလျံမြို့က လာစဉ်၊ စင်မလာ မီးသင်္ဘောပေါ်တွင် သိကျွမ်းခဲ့သည် အီတာလျံ ကုန်သည်ကြီး မားဇာတ်တီး သားမယားနှင့်တကွ အရှိအသေ လာရောက် နှုတ်ဆက်၊ အီဂျစ်နိုင်ငံဖြစ် ဝွမ်း နမူနာပုံစံ, အီဂျစ်နိုင်ငံ ဝါမျိုးစေ့များကို ပေးလာသည်။ ၎င်းမီးရထားရုံတွင် ရုံအုပ် အရာရှိလူကြီးတို့လည်း အရှိအသေ လက်ခံ ပြုစုကြသည်။ ၎င်းတွင် တစ်နာရီခန့် နေထိုင်၊ ထွက်လာပြန်ရာ ဗိုဟာမတ်ရွာ မီးရထားရုံတွင် စွစ်မြို့လာ မီးရထားကို ၁၀ မိနစ်ခန့် ရပ်ဆိုင်း စောင့်နေ ကြေးနန်းနှင့် မေးရာ၊ ဂယ်ဘီရ မီးရထားရုံက ထွက်ခဲ့တော့ ကြေးနန်းနှင့် ပြောသောကြောင့် ထွက်သွားရာ ဗိုဟာမတ် မီးရထားနှင့် ဂယ်ဘီရ မီးရထားရုံအကြားတွင် မီးရထားချင်း ဆိုင်မိ၊ တာ ၂၀၀ ခန့်က မြင်သောကြောင့် ၂ ဦး ၂ ဖက် ရပ်တန့် နေထိုင်ပြီးမှ ဂယ်ဘီရရုံထွက် မီးရထား နောက်သို့ ပြန်သွား၊ ဂယ်ဘီရ မီးရထားရုံတွင်မှ ရှောင်လွှဲလာခဲ့ကြရသည်။

၎င်းက အစဉ်အတိုင်း လာရာ ၃ နာရီအချိန် စွစ်မြို့ မီးရထားရုံသို့ ရောက်သည်။ မီးရထားရုံတွင် စွစ်မြို့ဝန် စစ်သည် အမှုထမ်းတို့နှင့် ဆီးကြိုစောင့်နေ၊ သံတော်တို့ ရောက်လျှင် ရောက်ချင်း စစ်ဆောင်ခရာမှုတ်၍

---
၁။ ၂၀ ဩဂုတ် ၁၈၇၄ ၂။ Zagazig



www.burmeseclassic.com

www.burmeseclassic.com



အရှိအသေ နှုတ်ခွန်းဆက်ကြသည်။ ပြီးလျှင် မြို့ဝန်နှင့်အတူ အထက် တည်းနေဖူးသည့် **စွစ်ဟိုတက်**[၁] ခေါ်သည့် တိုက်အိမ်သို့ လာကြသည်။ ၎င်း တိုက်တွင် ဘုရင်ခံမင်း ဆင့်ချက်နှင့် သံတော်တို့ နေထိုင်ရန် တိုက်ခန်းနေရာ ကောင်းမွန်စွာ ပြင်ဆင်ရှိနှင့်သည်များမှာ တည်းနေကြသည်။ မြို့ဝန်လည်း သံတော်တို့ တည်းအိမ်သို့ ရောက်၍ အနေအထား ကျမှ ပြန်သွားသည်။ လမ်းစဉ်တစ်လျှောက် လမ်းဝဲယာများမှာ ဂယ်ဘီရ မီးရထားရုံသို့ ရောက် သည်တိုင် လုပ်ငန်းဆောင်တာ ပြောင်း ဝါ ကြံ အများ လုပ်ဆောင်လျက် ရှိသည်။ ၎င်း ဂယ်ဘီရ မီးရထားရုံက စွစ်မြို့ထိ လမ်းဝဲယာများမှာ သဲမြေ အတိ ဖြစ်၍ လုပ်ငန်းလုပ်တာ မရှိ၊ ထုံ့ပိုင်း ထုံ့ပိုင်း မြေသားပေါ်ရာ အရပ်တွင် သစ်ပင် ဥယျာဉ် အနည်းငယ်သာ ရှိသည်။ ၎င်းနေ့ည စွစ်မြို့ဝန် သံတော် တို့ထံ လာရောက်၍ စားပွဲအတူထိုင်သည်။ စားပွဲစရိတ်၊ တိုက်အိမ်ခမှ စ၍ အရပ်ရပ် စရိတ်များကိုလည်း စွစ်မြို့ဝန်က တစ်ဝတည်း ထုတ်ပေး ပြုစုသည်။ အီတာလျံ ကောင်စစ်လည်း သံတော်တို့ ရှိရာ လာရောက် နှုတ်ဆက်၊ ထွေးခံတော်ကြီး ပို့ရန် ကိစ္စ၊ ရုပ်ပုံ ပို့ရန် ကိစ္စများကို ပြေကုန် အောင် သယ်ပိုး ရွက်ဆောင်ပါမည် အကြောင်းနှင့် ပြောဆိုသည်။ **ဝါခေါင် လဆန်း ၉ ရက်**[၂] စွစ်မြို့က ထွက်ကြောင်း၊ **တော်သလင်း လဆန်း** [၃] လျှင် ရန်ကုန်မြို့သို့ ရောက်လိမ့်မည် အကြောင်းနှင့် ရန်ကုန်မြို့ သူဌေးကို ကြေးနန်း နှင့် မှာသည်။

**၎င်းလဆန်း ၉ ရက်**[၂] သောကြာနေ့ ၇ နာရီအချိန် သံတော်တို့ရှိရာ စွစ်မြို့ဝန် လာရောက်၍ ဝန်အသုံးအဆောင် သေတ္တာများနှင့်တကွ မြို့ဝန်ပိုင် မီးသင်္ဘောငယ်မှာ တင်၍ တည်းနေရင်း တိုက်အိမ်က ဘုံဘိုင်သွား **ဂိုလဝ**[၄] မီးသင်္ဘောသို့ လာကြသည်။ မြို့ဝန်နှင့် တွန်နီနော်ဘော့တို့လည်း မီးသင်္ဘော ရောက် လိုက်ပို့သည်။ ၎င်းနေ့ ၈ နာရီအချိန် စွစ်မြို့ဆိပ်က သင်္ဘော ထွက်သည်။ သင်္ဘော ထွက်မှ မြို့ဝန်နှင့် တွန်နီနော်ဘော့တို့ ပြန်သွားကြ သည်။ သင်္ဘောလည်း ပင်လယ်နီခရီး အရှေ့တောင်သို့ ယွန်းလျက် လာခဲ့ ရသည်။ ဝဲယာ ကမ်းခြေ မပျောက်။ ၎င်းနေ့ညတိုင် ကမ်း ၂ ဖက်ကို မြင်ရသည်။ ၎င်းနေ့ ၇ နာရီခွဲအချိန် လက်ယာဘက်က စွစ်မြို့သွား ၂ ပင်တိုင် မီးသင်္ဘောကို မြင်ရသည်။ ၎င်းနေ့ည ၇ နာရီအချိန် လက်ဝဲဘက်က မီးပြတိုင်ကို မြင်ရသည်။ ၇ နာရီခွဲအချိန် လက်ဝဲဘက်က စွစ်မြို့သွား မီး သင်္ဘော ၁၊ ၎င်းနေ့ည ၈ နာရီအချိန် လက်ယာဘက်က စွစ်မြို့သွား မီး

၁။ Hotel Suez ၂။ ၂၂ ဩဂုတ် ၁၈၇၄ ၃။ ၁၈၇၄ ခု စက်တင်ဘာလ ၄။ S. S. Galway



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘော ၁ များကို မြင်သည်။ ၎င်းနေ့ည ၉ နာရီအချိန်မှ လက်ဝဲဘက် မီးပြတိုင်ကို လွန်သည်။ သင်္ဘော ထွက်သည်က စ၍ ၎င်းနေ့ည လင်းသည် တိုင် အနောက်မြောက်က လေမုန် လေပြင်း အစဉ်အတိုင်း လာ၍ ပင်လယ် တစ်ပြင် လှိုင်းဖွေးဖွေး ရှိသည်။ သို့သော်လည်း လှိုင်းလိုက် လေလိုက် ဖြစ်၍ သင်္ဘော အလူးအရှား မရှိ။ ရွက်လေ ဖြောင့်လှ၍ တစ်နာရီ ခရီး ၁၁ တိုင် ရောက်သည်။

**၎င်းလဆန်း ၁၀ ရက်**[1] စနေနေ့ နံနက် ၆ နာရီက စ၍ ၇ နာရီအချိန် ယမန်နေ့ကလေထက် ပြင်းသည်။ လှိုင်းလည်း ကြီးသည်။ သင်္ဘော ပြတင်း ပေါက်များကို ပိတ်ရသည်။ သို့သော်လည်း သင်္ဘော အလူးအရှား မရှိ။ ဝဲယာကမ်းခြေ ၂ ဖက် မမြင်ရ။ ၎င်းနေ့ ၇ နာရီအချိန် လက်ဝဲဘက်က စွစ်မြို့သွား မီးသင်္ဘော ၁ ကို မြင်သည်။ ယမန်နေ့ ထွက်သည်က ယခုနေ့ မွန်းတည့်တိုင် ခရီး ၃၂၁ တိုင် ရောက်သည်။ ၎င်းနေ့ ၃ နာရီအချိန် လက်ဝဲဘက်က စွစ်မြို့သွား မီးသင်္ဘော ၁ မြင်ပြန်သည်။ ၎င်းအချိန်က စ၍ လင်းသည်တိုင် လာမြဲလေ တစ်စတစ်စ ညံ့၍ လှိုင်းဂယက် အလွန် ငြိမ်သည်။ ဥတုလည်း ပူသည်။ ၎င်းနေ့ ၆ နာရီအချိန် လက်ယာဘက် ကမ်းကို မြင်ပြန်သည်။

**၎င်းလဆန်း ၁၁ ရက်**[2] တနင်္ဂနွေနေ့ လင်းသည်က စ၍ လာမြဲလေ စဲငြိမ်းသောကြောင့် ဥတု အလွန် ပူပြင်းသည်။ လက်ယာဘက်ကမ်းကို လည်း ထုံ့ပိုင်း ထုံ့ပိုင်း မြင်ရသည်။ ခရီးမှာ အရှေ့တောင်ယွန်း တောင်သို့ အားကြီးကြီး လာရသည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီး ၂၅၈ တိုင် ရောက်သည်။ ၎င်းနေ့ ၃ နာရီအချိန် အာရေဘီယကျွန်းသို့ တူရူသွားသည်။ ၂ ပင်တိုင်ခွဲ မီးသင်္ဘော ၁ ကို မြင်ရသည်။ ၎င်းနေ့ည လင်းသည်တိုင် လှိုင်းလေ မရှိ။ ပင်လယ်ရေ အလွန် ငြိမ်သည်။ ဥတုလည်း အလွန် ပူပြင်းသည်။

**၎င်းလဆန်း ၁၂ ရက်**[3] တနင်္လာနေ့ နံနက် လင်းသည်က စ၍ လေမိုး မရှိ။ မိုးတိမ် အုပ်ဖုံးသည် ဖြစ်၍ နေရှိန်ညံ့သည်။ အရှေ့တောင်ယွန်း တောင်သို့ အားကြီးကြီး သွားရသည်။ ၎င်းနေ့ ၃ နာရီအချိန် လက်ဝဲဘက်က စွစ်မြို့သွား မီးသင်္ဘော ၁ ကို မြင်သည်။ ၎င်းနေ့ည လင်းသည်တိုင် မိုးလေ မရှိ။ ဥတု အလွန်ပူသည်။ ပြဒါးတိုင်မှာ ၆၉ ဒီဂရီ တက်သည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီး ၂၆၂ တိုင် ရောက်သည်။

---

၁။ ၂၂ ဩဂုတ် ၁၈၇၄ ၂။ ၂၃ ဩဂုတ် ၁၈၇၄ ၃။ ၂၄ ဩဂုတ် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



**ၚင်းလဆန်း ၁၃ ရက်**[1] အင်္ဂါနေ့နံနက် လင်းသည်က စ၍ လက်ဝဲဘက် ကမ်းခြေ ကျောက်တောင်များကို မြင်ရသည်။ နီးလည်း နီးသည်။ ခရီးမှာ အရှေ့တောင်သို့ သွားရသည်။ မိုးလေ လှိုင်းဂယက်လည်း ကင်းသည်။ ဥတုလည်း ပူမြဲ ပူသည်။ အထက် စင်းမီးသင်္ဘောနှင့်သွားစဉ် ၎င်းအရပ်တွင် ရေလိုက်များ၍ အနည်းငယ် တုံ့ပြန်ရသည် နေရာတည်း။ ၎င်းနေ့ တစ်နာရီအချိန် လက်ဝဲဘက်က စွစ်မြို့သွား မီးသင်္ဘော ၁ ကို မြင်သည်။ ၎င်းနေ့ ၂ နာရီအချိန် လက်ယာဘက်ကမ်း အနီးသို့ ရောက်၍ တာ ၁၀၀ ခန့်ကွာ ကျောက်တောင် ကျောက်ငုတ် ၂ ခု အတွင်းသို့ လာခဲ့ရသည်။ ၎င်းနေ့ ၂ နာရီခွဲအချိန် လက်ဝဲဘက်က စွစ်မြို့သွား မီးသင်္ဘော ၁ ကို မြင်ပြန်သည်။ ၎င်းနေ့ ၃ နာရီအချိန် လက်ဝဲဘက်က စွစ်မြို့သွား တိုက်သင်္ဘော ၁ ကို မြင်သည်။ ၎င်းသင်္ဘောကို အလံပြ၍ နှုတ်ဆက်သည်။ တိုက်သင်္ဘောကလည်း အလံပြ၍ နှုတ်ဆက်သည်။ ၎င်းတိုက်သင်္ဘော ပြင်သစ် တိုက်သင်္ဘော ဖြစ်ကြောင်းကို ပြောဆို ကြားသိရသည်။ ၎င်းနေ့ည ၇ နာရီအချိန် လက်ယာဘက်က မီးပြတိုင် ၁ ကို မြင်သည်။ ၎င်းမီးပြတိုင်သို့ ည ၈ နာရီမှ ရောက်သည်။ ၎င်းမီးပြတိုင်ကား အထက် ဆိုခဲ့သည့် စတေျးထခေါ်သည့် ပင်လယ်နီဝ အဝင် မီးပြတိုင်တည်း။ ၎င်းအရပ်တွင် ကမ်း ၂ ဖက် အလွန် ကျဉ်းသည်။ ၎င်းက ထွက်လျှင် ပင်လယ်ကြီးသို့ ရောက်သည်။ ခရီးမှာ အရှေ့သို့ အားကြီးကြီး လာရသည်။ ၎င်းနေ့ည ၉ နာရီတိုင် ဥတု အလွန်ပူသည်။ ပြဒါးလည်း ဒီဂရီ ၁၀၀ တက်သည်။ ပင်လယ်ကြီးသို့ ရောက်၍ ၂ နာရီ၊ ၃ နာရီခန့် သွားမိမှ ဥတု အပူငြိမ်းသည်။

**ၚင်းလဆန်း ၁၄ ရက်**[2] ဗုဒ္ဓဟူးနေ့ လင်းသည်က စ၍ လက်ဝဲဘက် အာရေဘီယကျွန်း ကမ်းခြေအနီးကို လျှောက်၍ လာရသည်။ ဥတုမှာ နေသာရုံ အေးသည်။ ၎င်းနေ့ ၇ နာရီအချိန် လက်ဝဲဘက်က ဒေင်သွား မီးသင်္ဘော ၁ ကို မြင်သည်။ ကမ်းခြေအနီး တံငါ လှေငယ်များကိုလည်း စိုးစဉ်း မြင်ရသည်။ ခရီးမှာ အရှေ့မြောက်ယွန်း မြောက်သို့ အားကြီးကြီး လာရသည်။ ၎င်းနေ့ည ၈ နာရီအချိန် ဒေင်မြို့ ဆိပ်ကမ်းသို့ ရောက်သည်။ ၎င်းမြို့တွင် ကုန်တင်ကုန်ချ၊ ရေ၊ ကျောက်မီးသွေး၊ အစားအစာ တင်ယူရန် ရပ်ဆိုင်းပြီးလျှင် ၎င်းနေ့ ၂ နာရီအချိန်မှ ဒေင်မြို့ ဆိပ်ကမ်းက ထွက်သည်။ ခရီးမှာ အရှေ့စူးစူး အရှေ့မြောက် ယွန်းယောင် လာရသည်။ ၎င်းမြို့က ထွက်၍ တစ်နာရီခန့်ရှိလျှင် လေနှင့် ရင်ဆိုင်ဖြစ်၍၊ ၎င်းနေ့ ၃ နာရီက

[1] ၁။ ၂၅ ဩဂုတ် ၁၈၇၄  [2] ၂။ ၂၆ ဩဂုတ် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ည ၈ နာရီတိုင် သင်္ဘော အတော် လှုပ်သည်။ လူများလည်း ရီရီမှိုင်းမှိုင်း ရှိကြသည်။ လက်ဝဲဘက် အာရေဘီယကျွန်းစွန်းကို လျှောက်၍ ကမ်းခြေ မြင်တုံ မမြင်တုံ လာခဲ့ရသည်။ ၎င်းနေ့ည ၉ နာရီ အချိန်က စ၍ လှိုင်းလိုက် လေလိုက် ဖြစ်၍ လေလာမြဲ လာသော်လည်း သင်္ဘောအလှုပ် သက်သာ သည်။ စွစ်မြို့နှင့် ဒေင်မြို့ ခရီး တိုင်ပေါင်း ၁၃၂၀ ကွာသည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ ဒေင်မြို့ ရောက်သည်တိုင် ခရီးတိုင်ပေါင်း ၂၁၂ တိုင် ရှိသည်။ ဒေင်က အထွက် သင်္ဘော ဝဲယာများတွင် ၃ တောင်၊ ၄ တောင်ခန့်ရှိ ငါးအများ မြူးလျက် ပေါ်သည်။ ရေပေါ်သို့ ၄ တောင်ခန့် ရောက်အောင် ခုန်သည်များကို မြင်ရသည်။

**၎င်းလဆန်း ၁၅ ရက်**[၁] ကြာသပတေးနေ့ လင်းသည်က စ၍ လက်ဝဲ ဘက် အာရေဘီယကျွန်း ကမ်းခြေကို မြင်ရသည်။ လေလည်း လာမြဲ လာ၍ သင်္ဘောမှာ ရွက်တင်ရသည်။ လှိုင်းလိုက် လေလိုက် ဖြစ်၍ သင်္ဘော လှုပ်သော်လည်း နေသာထိုင်သာ ရှိသည်။ ခရီးမှာ အရှေ့မြောက် ယွန်းယောင် လာရသည်။ ယမန်နေ့ ထွက်သည်က ယခုနေ့ မွန်းတည့်တိုင် ခရီး ၂၄၅ တိုင် ရောက်သည်။ ၎င်းနေ့ မွန်းတည့်တိုင် လက်ဝဲဘက် ကမ်းခြေကို မြင်ရသည်။ မွန်းတည့်က စ၍ ကမ်းခြေ မမြင်၊ ပျောက်သည်။ ၎င်းကမ်းခြေ အာရေဘီယနယ် ဖြစ်သည်။ ခရီးဝေးလှ၍ မှိုင်းမှိုင်းမဲမဲသာ မြင်ရသည်။ တောတောင် သစ်ပင် ပေါက်ရောက်နပျို ရှိသည်။ မပေါက်မရောက်သည် များကို မသိရ။ ၎င်းက အစဉ်အတိုင်း အရှေ့မြောက် ယွန်းယောင် လာရ သည်။ လေလည်း မှန်မှန် တိုက်မြဲ တိုက်သည်။ ၎င်းနေ့ည ၁၂ နာရီအချိန်က စ၍ လေပြင်းသည်။ သင်္ဘောလည်း လှုပ်သည်။ စားပွဲကိရိယာများကို ကြိုးနှင့် ထားရသည်။ သင်္ဘော ပြတင်းပေါက်များကိုလည်း ပိတ်ရသည်။ ရံခါရံခါ သင်္ဘောပေါ်သို့ ရေရောက်သည်။ ၎င်းနေ့ည လင်းသည်တိုင် လေပြင်းလျက် ရှိသေးသည်။

**၎င်းလပြည့်ကျော် ၁ ရက်**[၂] သောကြာနေ့ နံနက် ၆ နာရီက ၁၂ နာရီတိုင် လေပြင်းလျက် ရှိသေးသည်။ ကုန်းပတ်ပေါ်မှာ သင်္ဘောသားမှ တစ်ပါး သင်္ဘောစီးသူတို့ မရပ် မတည်နိုင်အောင် တိုက်သည်။ လှိုင်းနှင့် ဖီလာ ဖြစ်၍ သင်္ဘော အလွန်လှုပ်သည်။ မူးမော်သူ များသည်။ သင်္ဘောမှာ ရွက်ကုန် တင်ရသောကြောင့် ခရီး အလွန်မြန်သည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ၂၈၂ တိုင် ရောက်သည်။ ၎င်းနေ့ ၁၂ နာရီကျော်မှ

၁။ ၂၇ ဩဂုတ် ၁၈၇၄ ၂။ ၂၈ ဩဂုတ် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



သဘော်ဦး လှိုင်းလိုက် လေလိုက် ဖြစ်၍ အလှုပ်အရှား သက်သာသည်။ လေမှာ တိုက်မြဲပင် ရှိသေးသည်။ ၎င်းနေ့ ၂ နာရီက စ၍ ၎င်းနေ့ည လင်းသည်တိုင် လေပြင်းပြင်း လာမြဲ လာသည်။

၎င်းလပြည့်ကျော် ၂ ရက် [၁] စနေနေ့ လင်းသည်က စ၍ ၁၂ နာရီတိုင် လေပြင်းပြင်း တိုက်မြဲပင် တိုက်လျက် ရှိသည်။ လှိုင်းလည်း အလွန်ကြီးသည်။ ရံခါရံခါ သဘော် ကုန်းပတ်ပေါ်သို့ လှိုင်းအများ ရောက်သည်။ သဘော် ဝဲယာများတွင် ဖန်ခွက်နှင့် တူသည် ငါးအများ ပေါ်သည်ကို မြင်ရသည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ၃၀၄ တိုင် ရောက်သည်။

၎င်းလပြည့်ကျော် ၃ ရက် [၂] တနင်္ဂနွေနေ့ လင်းသည်က စ၍ အနောက်တောင် လေဖြောင့်ဖြောင့် လာသောကြောင့် လှိုင်းလိုက် ဖြစ်၍ သဘော် သိသိ အလှုပ်သက်သာသည်။ ရွက်ရမြဲ ရသည်။ ခရီးလည်း အရှေ့မြောက်သို့ သွားရသည်။ ပင်လယ်ကမ်း အလွန် ကျယ်သောကြောင့် သဘော် အသွားအလာများနှင့် မတွေ့မကြုံနိုင် ရှိသည်ဟု ပြောဆိုကြသည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ၂၈၆ တိုင် ရောက်သည်။ တိုင်ပေါင်း ၅၃၀ ကျန်သေးသည်။ ၎င်းနေ့ ၁၀ နာရီက စ၍ လေအလာ ညံ့သည်။ မိုးလည်း အတန်ငယ် ရွာသည်။ ၎င်းနေ့ ၆ နာရီအချိန် သဘော်ဝဲယာ ငါးပျံ အများ ခုန်မြူးကြသည်။ အချို့ သဘော်ပေါ်သို့ ရောက်လာသည်များကို တွေ့မြင်ရသည်။ ၎င်းနေ့ည လင်းသည်တိုင် လေမှန်ညင်းညင်း ရွက်ရရုံမျှသာ လာသည်။

၎င်းလပြည့်ကျော် ၄ ရက် [၃] တနင်္လာနေ့ လင်းသည်က စ၍ ကောင်းကင် ကြည်လင်သည်။ လေလည်း ညင်းညင်းသာသာ လာသည်။ ပင်လယ်လည်း ငြိမ်သည်။ သို့ဖြစ်၍ သဘော်မှာ ပြတင်းပေါက်များကို ဖွင့်ရသည်။ ခရီးလည်း အရှေ့မြောက် ယွန်းယောင် သွားမြဲ သွားရသည်။ ၎င်းနေ့ ၁၁ နာရီအချိန် လက်ယာဘက် ခရီး တစ်သောင်းခန့် ကွာတွင် ဘုံပိုင်သွား ရွက်သဘော်ကို မြင်သည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီး ၂၇၀ ရောက်သည်။ ၎င်းနေ့ လေမရှိ။ ၃ နာရီအချိန် မိုး တစ်နာရီခန့် သည်းစွာ ရွာသည်။ ၎င်းနေ့ည လင်းသည်တိုင် မိုးလေ မရှိ။ ပင်လယ် အလွန်ငြိမ်သည်။

၎င်းလပြည့်ကျော် ၅ ရက် [၄] အင်္ဂါနေ့ လင်းသည်က စ၍ မိုးလေ

၁။ ၂၉ ဩဂုတ် ၁၈၇၄ ၂။ ၃၀ ဩဂုတ် ၁၈၇၄ ၃။ ၃၁ ဩဂုတ် ၁၈၇၄ ၄။ ၁ စက်တင်ဘာ ၁၈၇၄

www.burmeseclassic.com



ကင်းသည်။ ပင်လယ် အလွန်ငြိမ်သည်။ ခရီးလည်း အရှေ့မြောက်သို့ သွားမြဲ သွားရသည်။ ၎င်းနေ့ ၈ နာရီ အချိန်က စ၍ ကမ်းကို မြင်ရသည်။ တစ်စ တစ်စ ကမ်းကိုနီးလျှင် တောင်စဉ် ဆက်ကာ ဝဲယာ ကမ်းခြေများကို မြင်ရ သည်နှင့် ဘုံပိုင်မြို့ဆိပ်ကမ်း ပင်လယ်ထောင့်ကွေးကို ၁၂ နာရီအချိန် ရောက် သည်။ ၎င်းဆိပ် စာပို့အရပ်တွင် ၂ နာရီခန့် ရပ်ဆိုင်း၊ စာများကို ပေးအပ် ခဲ့ရသည်။ ၎င်းရပ်ဆိုင်းသည်အတွင်း အီတာလီ ကောင်စစ် ဂရောင်ဒိုနာ သံတော်တို့ရှိရာ သင်္ဘောသို့ လာရောက်၊ အီတာလီ ဝန်ကြီးချုပ်က ကြေးနန်း နှင့် ဆင့်ဆိုသည်အတိုင်း မြန်မာသံတော်တို့ လာရောက်မည် အကြောင်းကို ဘုံပိုင်မြို့ အစိုးရများထံ ပြောဆို၊ နေရာ တိုက်အိမ် အသင့် ပြင်ဆင်ရှိကြောင်း။ သံတော်အရာရှိတို့ တက်ရန် ရထားများလည်း အသင့်ရှိကြောင်း၊ အရပ်ရပ် ဝန်တင်ဝန်ချ ဆောင်ရွက်ရန် ရှိသည်များကိုလည်း ဆောင်ရွက်နိုင်မည်သူ ပေးအပ်ခဲ့ပါမည် အကြောင်းနှင့် ပြောဆို၍ အလျင် ပြန်သွားနှင့်သည်။ ၎င်းကောင်စစ်လည်း သံတော်တို့ တည်းမည် **ပါလင်္ဂျီ**[၁] ဟိုတယ်တွင်ပင် တည်းနေကြောင်းများနှင့် ပြောဆိုသည်။ ၃ နာရီအချိန် သံတော်အရာရှိ တို့တွင် ပါသည် အထုပ် သေတ္တာများနှင့်တကွ သင်္ဘောက ဆင်းခဲ့၍၊ အကောက်တိုက်သို့ ရောက်လျှင် ဝန်ရှင်တော်မင်းကြီး, စာရေးတော်ကြီးမင်း, အပေါင်းပါ လူတို့မှာ တည်းနေမည် ပါလင်္ဂျီ ဟိုတယ်သို့ လာကြသည်။ လက်ဖက်ရည်တော် နေမျိုးမင်းထင်သူရိန်မှာ အထုပ် သေတ္တာများနှင့် အကောက်တိုက်တွင် စေ့စပ် ပြောဆို နေရစ်သည်။ အကောက်တိုက်ကလည်း သံတော်အရာရှိ ဖြစ်သည်နှင့်အညီ အဖွင့်အလှစ် အကြည့်အရှု မရှိ၊ ချောမော စွာ လာရသည်။ ၎င်းဟိုတယ်သို့ ရောက်လျှင် အင်္ဂလိပ်ရှေ့နေ **အလံကာ**[၂] ဆိုသူ လာရောက်၊ မိတ်ဆွေ ပြုလုပ်၊ အရှိအသေ နှုတ်ခွန်းဆက်လက်၊ သွားလမ်း လာလမ်း မြို့ရွာ အကြောင်းအရာများကို မေးမြန်း ပြောဆို ပြန်သွားသည်။

၎င်းနေ့ ၅ နာရီအချိန် သံတော်အရာရှိ, အပေါင်းပါလူတို့ ရထား စီးနင်း၍ မြို့တွင်း လမ်းများကို လှည့်ပတ် ကြည့်ရှုသည်။ ၎င်းမြို့တွင် ပါရသီ လူမျိုး၊ ပသီလူမျိုး၊ ဟိန္ဒူ၊ ဘင်္ဂါလီ လူမျိုးတို့ နေထိုင်သည် တိုက်အိမ်၊ ကူးသန်း ရောင်းဝယ်ကြသည် ဈေးနှာ၊ ကိုးကွယ်သည် ကျောင်းဘုရား၊ နေပုံထိုင်ပုံ သီးသန့် ခြားနားလျက် ပင်လယ်ကမ်းနားတွင် တစ်သန့်၊ အင်္ဂလိပ် သိုးဆောင်းလူမျိုးတို့နေရာ တိုက်အိမ်တန်းလမ်း၊ ရဲမက်ထားရာ

---

၁။ Parlingee ၂။ Allan Carr



www.burmeseclassic.com

www.burmeseclassic.com



အရပ်၊ စစ်ရေး ခင်းကျင်းရာ အရပ်၊ ပညာသင်ကျောင်း ရှိသည်များကို လှည့်ပတ် ကြည့်ရှု ပြန်လာကြသည်။ ရောင်းဝယ်ကူးသန်း သွားလာကြသည် ကုန်သည်လုပ်သူတို့ အလွန် ပေါများသည်။ ၎င်းမြို့တွင် ရှေး အဆောက် အဦ အဟောင်းအမြင်း အထူးအဆန်း ကြည့်ရှုဖွယ် အများ ရှိကြောင်း၊ ၎င်းမြို့လည်း ရှေးမြို့ဟောင်း ဖြစ်ကြောင်း၊ ရှေးအခါ ၎င်းမြို့ကို မဟာရဋ္ဌ ခေါ်ကြောင်း၊ နောက် အင်္ဂလိပ် သိုးဆောင်းတို့ သိမ်းယူစိုးအုပ်မှ အထောင့် အကွေး ဖြစ်၍ ဘုံပိုင်မြို့ ခေါ်ကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းမြို့ ပင်လယ်ကမ်းယံတွင် ဝဲယာ တောင်စဉ် တောင်ထပ်တို့ဖြင့် ခြံရံလျက် ရှိ၏။ ရှေးပုံဟောင်းများတွင် ၎င်းမြို့ကို မဟာရဋ္ဌဟု ရေးသားလျက် ရှိ၏။ မဟာရဋ္ဌ ဟူသည် တတိယ သင်္ဂါယနာတင်ပြီးနောက် သီရိဓမ္မာသောက လက်ထက် သာသနာပြု အသီးအသီး စေလွှတ်ရာ ကိုးတိုင်း ကိုးဌာနအဝင် မဟာရဋ္ဌတိုင်း ပင်တည်း။

၎င်းလပြည့်ကျော် ၆ ရက်[၁] ဗုဒ္ဓဟူးနေ့ ၉ နာရီခွဲအချိန် ဘုံပိုင်မြို့ ပါလင်္ကျီ ဟိုတက်က မီးရထားရုံသို့ ထွက်ခဲ့ကြသည်။ ရောက်လျှင် အတန်ငယ် ရပ်ဆိုင်း၍ ၁၀ နာရီအချိန် မီးရထားရုံက ထွက်ခဲ့ကြသည်။ ၎င်းနေ့ ၆ နာရီအချိန် နန်ဂန်မြို့သို့ ရောက်၍ ညစာ စားကြသည်။ ဘုံပိုင်မြို့က နန်ဂန် မြို့ရောက် လမ်းစဉ်တစ်လျှောက် ဝဲယာများမှာ လယ်ယာ ထွန်ယက် လုပ်ဆောင်၊ စိုက်ပျိုးဆဲ၊ ထွန်ဆဲ၊ ယက်ဆဲ၊ လုပ်ဆောင်ဆဲ ရှိသည်။ ဝဲယာ ၂ ဖက် မနီးမဝေး အရပ်များတွင် တောင်စဉ် တောင်တန်း ဆက်ကာ ဆက်ကာ ရှိသည်။ ရံခါရံခါ ၎င်းတောင်စဉ်များကို ကူးဖြတ်ကျော်နင်း သွားလာရသည်။ တောင်ကျော် တောင်ကူး ချောင်းမြောင်း အဖြတ်အကူး များသည်။ ၎င်းတောင်များမှာလည်း အချို့ သစ်ပင်ပေါက်ရောက်လျက် စိမ်းစိမ်းစိုစို ရှိသည်။ သို့ရာတွင် သစ်ပင် မပေါက်မရောက်၊ တောင်ကတုံး များသည်။ လုပ်ငန်းဆောင်တာမှာ စပါး ပြောင်း ပဲ လူး ဆပ် နှမ်း ဝါ မျိုးစုံကိုပင် လုပ်ဆောင်ကြသည်။ လုပ်ပုံဆောင်ပုံမှာ ဥရောပတိုက်သား၊ အီဂျစ်နိုင်ငံသားများနှင့် မတူ၊ ငါတို့ မြန်မာနိုင်ငံနေ လူတို့ လုပ်ဆောင် ထွန်ယက်ပုံများနှင့် တူသည်။ လမ်းစဉ်တစ်လျှောက် မြို့ရွာများမှာလည်း နေပုံထိုင်ပုံ အိမ် အဆောက်အဦ အလွန် ညံ့သည်။ ကျေးသိမ်ရွာငယ် များသည်။ ၎င်းတို့ ဝတ်ပုံစားပုံ နေထိုင်ပုံများလည်း ပိတ်ဖြူများကို ဝတ်ဆင် ကြသည်။ ဝတ်ဆင်ပုံများမှာ တွေ့မြင်ခဲ့သည် အရပ်ရပ် နိုင်ငံများကဲ့သို့

၁။ ၂ စက်တင်ဘာ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ အလွန် ယုတ်ညံ့သည်။ ရှည်ရှည်ဖားဖား ဝတ်သည့် မိန်းမမှာ ပုဏ္ဏားအောက်ပိုးကျိုက် ဝတ်သကဲ့သို့သာ ရှိသည်။ တိုတိုတောင်းတောင်း ဝတ်သူတို့မှာ အောက်ပိုးလုံးလုံး ကျိုက်ဘိသကဲ့သို့ ရှိသည်။ နန်ဂန်မြို့က လွန်မှ မြေပြင် မြေပြန့် သွားရသည်။ ဝဲယာ တောင်တန်းများလည်း ကွာဝေးသည်။ ၎င်းက တစ်ညလုံး လာခဲ့၍ **ဟော်ရှံဂါဘက်**[၁] ရွာသို့ ရောက်မှ လင်း၍ မျက်နှာသစ်ကြသည်။ ဘုံပိုင်မြို့ မီးရထားရုံသို့ လိုက်ပို့လာသူ ဘုံပိုင်မြို့ စာရေးကြီးကို မေးရာ **အီရန်မြို့**[၂]သွား မြန်မာ သံတော်အရာရှိတို့ အီရန်မြို့သို့ သွားသည် ၃ လခန့် ရှိကြောင်း၊ နိုင်ငံတော်သို့ လာရင်း အီရန်ကောင်စစ် မြို့ဇာဘွာစတိုရခန်လည်း ယခု ဘုံပိုင်မြို့တွင် မရှိ၊ **ဟောဒရာဘတ်မြို့**[၃]သို့ သွားကြောင်းကို ပြောဆို ကြားသိရသည်။

**၎င်းလပြည့်ကျော် ၇ ရက်**[၄] ကြာသပတေးနေ့ ၆ နာရီအချိန် ဟော်ရှံဂါဘက်ရွာက အစဉ်အတိုင်း ထွက်လာခဲ့ရာ ၁၂ နာရီအချိန် **နမ္မဒါ**[၅]မြစ်သို့ ရောက်သည်။ ၎င်းနမ္မဒါမြစ်ကမ်းယံ အနေအထိုင် လှသည်။ ရေလည်း သုန်သုန်စီးသည်။ ငါတို့ မြစ်ငယ်ခန့် ရှိသည်။ အိန္ဒိယနိုင်ငံ အလယ်ကွက် မဇ္ဈာလာရွာအနီးက စ၍ ၎င်းမြစ် ဖြစ်သည်။ ၎င်းက စီးဆင်းခဲ့ရာ မဇ္ဈာလေစီမြို့အနီးသို့ ဖြတ်၍ မာရိုးမြို့အနီးသို့ ရောက်လျှင် ပင်လယ်နှင့် ပေါင်းသည်။ ၎င်းနမ္မဒါမြစ်ကို မှီ၍ လာခဲ့ပြန်ရာ ၁၂ နာရီအချိန် **ဂျူပါလပူရမြို့**[၆]သို့ ရောက်၍ တစ်နာရီ ရပ်ဆိုင်းသည့်အတွင်း ၎င်းမီးရထားရုံ ထမင်းဆိုင်တွင် နံနက်စာ စားကြသည်။ ၎င်းမီးရထားရုံက တစ်နာရီအချိန် ထွက်ခဲ့ပြန်သည်။ ဘုံပိုင်မြို့က ဂျူပါလပူရမြို့ရောက် လမ်းဝဲယာများမှာ ကျွန်းသစ်ပင် ခပ်များများ မပြတ် တွေ့သည်။ အထက် ဘုရင်ခံ စိုးအုပ်စဉ် ဆင့်ဆို စိုက်ပျိုးရသည် ကျွန်းပင် ဖြစ်ကြောင်း၊ နှစ်ပေါင်း ၈ နှစ်ခန့် ရှိကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းကျွန်းပင်များလည်း လုံးပတ် ၃ ထွာ, ၄ ထွာခန့် အသီးအပွင့်များနှင့် ရှိသည်။ ၎င်းဂျူပါလပူရမြို့က ရှေ့မှာ ၎င်းကျွန်းပင်များကို များများ မမြင်။ ဝဲယာ တောင်စဉ်များလည်း ၎င်းမြို့က စ၍ တစ်စ တစ်စ နည်းပြန်သည်။ ၎င်းနေ့ည ၉ နာရီခွဲအချိန် **ဂင်္ဂါမြစ်**[၇]ကို ကူးရသည်။ ၎င်းဂင်္ဂါမြစ်လည်း ကမ်းယံ အနေအထိုင် ရေအစီးအသွား အလွန် လှသည်။ ငါတို့ မြစ်ငယ် ၂ ပြန်ခန့် ရှိသည်။ ၎င်းည ၁၀ နာရီအချိန် **အလဟာဘတ်**[၈] မြို့သို့ ရောက်၍ ၁၅ မိနစ် ရပ်ဆိုင်းသည့်အတွင်း ညစာ ထမင်းစားကြသည်။

---

၁။ Hoshangabad ၂။ Iran ၃။ Hyderabad ၄။ ၃ စက်တင်ဘာ ၁၈၇၄
၅။ Narbada ၆။ Jabalpur ၇။ Ganges River ၈။ Allahabad

www.burmeseclassic.com



ပြီးလျှင် ၎င်းမြို့က လာမြဲအတိုင်း ဂင်္ဂါမြစ်ကို ပြန်၍ ကူးပြီးမှ လမ်းခွဲခဲ့ရသည်။ ၎င်းအလဟာဘတ်မြို့ရောက် လမ်းစဉ် တစ်လျှောက်များမှာ ဝဲယာတောင်စဉ် နီးတုံ ဝေးတုံ မပြတ် တွေ့သည်။ လုပ်ငန်းဆောင်တာ လယ်ယာလုပ်ငန်း အလွန် များပြား ကျယ်ဝန်းသည်။ တစ်ဖက်ဆည်ကန် အသီးသီးဖြင့် ရေကို လှောင်ထား၍ လယ်ယာ လုပ်ဆောင်ကြသည်။ ၎င်းလယ်ယာမြေရပ်များမှာ အသီးအပင် ပြောပလောက်အောင် ဖွံ့ဖွံ့ဖြိုးဖြိုး မရှိ။ သင့်ရုံမျှသာ ရှိသေးသည်။ မြေလည်း လွန်စွာကောင်းသည့် လက္ခဏာ မဟုတ်။ ကိုင်းစက်စယ် အလွန် ထူထပ် များပြားသည်။ ၎င်းနေ့ ၂ နာရီအချိန် **ဗဏာရပ်မြို့**[၁] သို့ ရောက်သည်။ မြေညီမြေပြန့် တောတောင် နုပျိုသာယာသည်။ ရေယဉ် ချောင်းမြစ် များသည်။ ရှေးကာလ ဗာရာဏသီခေါ် မြို့ဟောင်းပင်တည်း။ ၎င်းနေ့ည ၃ ချက်တီး အချိန်က စ၍ လင်းသည်တိုင် မိုးရွာသည်။ လင်းလျှင် **ဒိုနာပူရမြို့**[၂] သို့ ရောက်၍ မိနစ် ၂၀ ရပ်ဆိုင်းသည့်အတွင်း မျက်နှာသစ်ကြသည်။ ၎င်းမြို့ ပတ်လည် တစ်လျှောက် အရပ်များမှာ လယ် အားကြီးသည်။ ကောက် များသည်။ စိုက်ဆဲ လုပ်ဆဲ ရှိသည်။ လုပ်ငန်းလုပ်တာ အသီးအပင် ဖွံ့ဖွံ့ဖြိုးဖြိုး ရှိသည်။ ကိုင်းစက်စယ်လည်း အပေါက်အရောက် နည်းသည်။

**၎င်းလပြည့်ကျော် ၈ ရက်**[၃] သောကြာနေ့ ၆ နာရီအချိန် အလဟာဘတ်မြို့က ထွက်ခဲ့ကြသည်။ မိုးလည်း ရွာလျက်ပင် ရှိသေးသည်။ ၎င်းက အစဉ်အတိုင်း လာခဲ့ရာ ပဋ္ဌနဂိုရ်မြို့သို့ ရောက်သည်။ ၎င်းမြို့မှာ ထက်ဝန်းကျင် အင်း ခြံရံလျက် ရှိသည်။ ထန်း အုန်း အလွန် များသည်။ မာလကာပင်လည်း များသည်။ သစ်ပင်များလည်း စိမ်းစိမ်းစိုစို နုပျိုသည်။ ၎င်းမြို့မှာ အိန္ဒိယသား လူရင်းသက်သက်တို့ နေထိုင်သည်။ တိုက်အိမ်များလည်း အကြီးအကျယ် မရှိ။ ငါတို့နိုင်ငံ ကသည်းအိမ်များကဲ့သို့ အုန်းလက်ချ၊ မြေကျင်းပစ်၊ အုတ်ကြွပ်မိုး သက်ငယ်မိုး ဆောက်လုပ် နေထိုင်ကြသည်များကို တွေ့မြင်ရသည်။ ၎င်းနေ့ ၁၀ နာရီအချိန် **မိုကာမီမြို့**[၄] သို့ ရောက်၍ နာရီဝက် ရပ်ဆိုင်းသည်အတွင်း ၎င်းမီးရထားရုံတွင် နံနက်စာ စားကြသည်။ ၎င်းမြို့ရောက် လမ်းတစ်လျှောက်များမှာ ဂင်္ဂါမြစ်ကို လက်ဝဲထား၍ ရံခါ မြင်တုံ၊ ရံခါ မမြင်တုံ လာရသည်။ ၎င်းလမ်းတစ်လျှောက်များမှာ နံ့စားပြောင်း၊ ဖူးစားပြောင်း ပြောင်းအလုပ်အဆောင် အားကြီးသည်။ သရက် ပိန္နဲ မာလကာ

---

၁။ Banaras ၂။ Dinapore ၃။ ၄ စက်တင်ဘာ ၁၈၇၄

၄။ မိုကာမီမြို့ (Mokameh) [ ဦးစိုးလှိုင်၊ စာ – ၂၅၂ ]



www.burmeseclassic.com

www.burmeseclassic.com



ထန်း အလွန် အားကြီးသည်။ ဂင်္ဂါမြစ်က ရေတက်၍ ပြောင်းလုပ်ငန်း အများ နစ်မွန်းပျက်စီးလျက် ရှိသည်။ ချိုင့်ဝှမ်းရာ အရပ်များမှာလည်း ယခုတိုင် ရေပြည့်လျှမ်းလျက် မျက်စိတစ်ဆုံး စီးဝင်ဆဲ ရှိသေးသည်။ ဂင်္ဂါမြစ်လည်း အကျဉ်းဆုံး ငါတို့မြစ်ငယ် ၂ ပြန်ခန့် ကျယ်သည်။ နေရာမှာ အလွန်ကျယ်ဝန်း စီးဆင်းသည်။ ကျဉ်းသည့်နေရာတွင် သံတံတား ကောင်းမွန်ခိုင်လုံအောင် လုပ်ဆောင်ပြီးလျှင် မီးရထားနှင့် ဖြတ်ကူးသွားရသည်။

ငင်းနေ့ ၉ နာရီ အချိန်မှ မိုးလင်းသည်။ ငင်းက အစဉ်အတိုင်း လာခဲ့ရာ မိုကာမီမြို့ ပတ်လည် တစ်လျှောက်များမှာကဲ့သို့ မဟုတ်။ ကုန်းသိသိ ကျသည်။ လုပ်ငန်းလုပ်တာလည်း မိုးကောင်း ရေဝင်သာ များသည်။ ချောင်းငယ် မြောင်းငယ် ကုန်းခင်တောပြွတ် ရှိသည်။ ငင်းနေ့ ၄ နာရီအချိန် **ရာနီကန်မြို့** [1] သို့ ရောက်သည်။ ငင်းမြို့မှာ ကျောက်မီးသွေးတွင်း အများရှိသည်။ စက်ကိရိယာ အဆောက်အအုံများနှင့် အားကြီး တူးဖော် လုပ်ဆောင်ကြသည်။ ငင်းက အစဉ်အတိုင်းလာရာ ၇ နာရီခွဲအချိန် **အာရဒ္ဒန်မြို့** [2] သို့ ရောက်၍ နာရီဝက် ရပ်ဆိုင်းသည်အတွင်း ငင်းမီးရထားရုံတွင် ညစာ စားကြသည်။ ရာနီကန်မြို့က ထွက်သည်က စ၍ လမ်းဝဲယာများမှာ လယ်ယာအလွန် အားကြီးသည်။ စိုက်တုန်း လုပ်တုန်း ရှိသည်။ ကောက်စိုက်သည်များမှာလည်း ယောက်ျား စိုက်သည်သာ များသည်။ အာရဒ္ဒန်မြို့မှာ ရာဇာတစ်ဦး နေထိုင်သည့် မြို့တည်း။ ငင်းက ထွက်လာပြန်ရာ ပြင်သစ်ပိုင် **ရှာနာနဂိုမြို့** [3]၊ ငင်းက **စလံပိုမြို့** [4]၊ ငင်းက **ဗာလီမြို့** [5] များတွင် စဉ်းငယ် စဉ်းငယ် ရပ်လာရာ၊ ငင်းနေ့ ၉ နာရီခွဲအချိန် **ဟောက်ရား** [6] မီးရထားရုံသို့ ရောက်သည်။ ငင်းမီးရထားရုံတွင် အီတလီ ကောင်စစ် လက်ထောက် စောင့်နေ ဆီးကြို၍ ဝန်တင်ရထား၊ လူစီးရထား၊ တည်းရန် တိုက်အိမ်များကို အသင့်ပြင်ဆင်ထားကြောင်းနှင့် ပြောဆို၊ ငင်းမီးရထားရုံက အရှေ့ဘက်ကူး မီးသင်္ဘောသို့ ငင်းကောင်စစ်လက်ထောက်နှင့်အတူ ဆင်းလာကြ၍ အရှေ့ဘက် ကာလကတ္တားမြို့သို့ ကူးကြသည်။ အရှေ့ဘက်သို့ ရောက်လျှင် ကောင်စစ်နှင့်အတူ ရထားစီးနင်း၍ **ဝီလာစင်း ဟိုတက်** [7] တိုက်သို့ သွားရောက်၊ ငင်းတိုက်တွင် တည်းနေကြသည်။ ဘုံပိုင်မြို့က ကာလကတ္တားမြို့ရောက် မြန်မာတိုင်ခုနစ်သိန်း ငါးသောင်း ကွာသည်ဟု ပြောဆို ကြားသိရသည်။

ငင်းလပြည့်ကျော် ၉ ရက် [8] စနေနေ့ ၁၂ နာရီအချိန် အီတလီ

---

၁။ Raniganj ၂။ Ondal ၃။ Chandérnagor ၄။ Serampore
၅။ Bally ၆။ Howrah ၇။ Wilson Hotel ၈။ ၅ စက်တင်ဘာ ၁၈၇၄

www.burmeseclassic.com



ကောင်စစ်ကြီး လာမိုးရီးနှင့် လက်ထောက် ကောင်စစ်တို့ သံတော်တို့ရှိရာ လာရောက် နှုတ်ခွန်းဆက်လက်ပြီးလျှင် မြန်မာသံတော်အရာရှိတို့ ကာလကတ္တားမြို့သို့ လာရောက်လိမ့်မည်၊ ကောင်းမွန်စွာ ဆိုးကြို၍ အလိုရှိသမျှ အမှုများကို ကူညီ ဆောင်ရွက်ရမည် အကြောင်းနှင့် အီတလီမင်းက ပေးသည့်စာကို ရ၍ မြန်မာသံတော် အရာရှိတို့ကို မျှော်လင့်လျက် နေကြောင်း၊ မည်သည့် အမှုမဆို ပြေကုန်အောင် ဆောင်ရွက်ပါမည် အကြောင်းနှင့် ပြောဆိုပြီးလျှင်၊ တနလ်ာနေ့ သံတော်အရာရှိ စားပွဲထိုင် လာရောက်ပါမည့် အကြောင်းနှင့် ဖိတ်မန်ပြောဆို ပြန်သွားသည်။ ၎င်းနေ့ ဘုရင်ခံမင်း အတွင်းဝန် **အာအန်စန်း** [၁] ထံသို့ သံတော်အရာရှိတို့က စာပေးသည်။ စာတွင် ပါသည်မှာ–ဥရောပတိုက် အနောက်တိုင်းပြည် နိုင်ငံများက လှည့်ပတ်ပြန်လာ၍ ကာလကတ္တားမြို့သို့ မြန်မာ သံတော်အရာရှိတို့ ဆိုက်ရောက်ရှိကြောင်း၊ ဘုရင်ခံမင်းကို တွေ့ကြုံ နှုတ်ဆက်လိုကြောင်းများနှင့် ပါသည်။ ၎င်းနေ့ ၃ နာရီအချိန် ၎င်းအတွင်း ဝန်က ပြန်ပေးသည့်စာကို ရသည်။ စာတွင် ပါသည်မှာ– တနလ်ာနေ့ ၁၁ နာရီအချိန် သံတော်အရာရှိတို့ကို တွေ့လိုပါသောကြောင့် တိုက်အိမ်သို့ လာရောက်ပါမည် အကြောင်းနှင့် ပါသည်။ ၎င်းနေ့ ကျွန်တော်မျိုး မြဲတိုက် သံဆင့် မောင်ပေါက်ကျိုင်း, မြောက်ဒဝယ်အမှုထမ်း မောင်ကွန်း, အဝယ် တော် မောင်စိုး, **အရမဏီလူမျိုး** [၂] သာရကျစ်–မာနွတ်, ပသီလူမျိုး မာရကြမ်း နှင့် မောင်ဖြိုးတို့ လာရောက်သည်ကို တွေ့မြင် နှုတ်ဆက်ရသည်။ ၎င်းနေ့ နေမျိုးမင်းထင်သူရိန်နှင့် စာရေးလူငယ်တို့ မြို့ဟောင်းဈေးသို့ သွားရောက် လှည့်ပတ် ကြည့်ရှု၊ အထူးအဆန်း အသုံးအဆောင်များကို ဝယ်ယူကြသည်။

**၎င်းလပြည့်ကျော် ၁၀ ရက်** [၃] တနင်္ဂနွေနေ့ ၁၂ နာရီအချိန် အီတလီ ကောင်စစ် လက်ထောက် လာရောက်ပြီးလျှင်၊ နက်ဖြန် အတွင်းဝန်အိမ်သို့ သွားရာ စီးနင်းရန် ရထားများကို ၁၀ နာရီအချိန် ဆောင်ယူ၍ ကျွန်ုပ် ကိုယ်တိုင် လာရောက်ပါမည် အကြောင်း၊ အီတလီ ကောင်စစ်ကြီး လာမိုရီး ကလည်း သန်ဘက်ခါ အင်္ဂါနေ့ ၇ နာရီအချိန် စားပွဲ ခင်းကျင်း ကျွေးမွေး လိုကြောင်းများနှင့် ပြောဆို ဖိတ်ကြား၍ ပြန်သွားသည်။ ၎င်းနေ့ မိုးလည်း သည်းထန်စွာ ရွာသည်။ ၎င်းနေ့မှာ တနင်္ဂနွေနေ့ ဖြစ်၍ အခြားတစ်ပါး အသွားအလာ မရှိ။ တိုက်အိမ်တွင် စာပေကြည့်ရှု ရေးမှတ် နေထိုင်ကြသည်။

**၎င်းလပြည့်ကျော် ၁၁ ရက်** [၄] တနလ်ာနေ့ တစ်ဆယ့်တစ်နာရီအချိန်

---

၁။ Aitcheson

၂။ အရမဏီလူမျိုး – အာမေနီယံလူမျိုး (Armenian)

၃။ ၆ စက်တင်ဘာ ၁၈၇၄

၄။ ၇ စက်တင်ဘာ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ခံမင်း အတွင်းဝန် အာချစ်စင်းအိမ်သို့ သွားရန် ရထားများကို အီတလီ ကောင်စစ်က ပေးပို့လာ၍၊ ၎င်းကောင်စစ်လက်ထောက်နှင့်အတူ အတွင်းဝန် အာချစ်စင်းအိမ်သို့ သွားကြသည်။ အတွင်းဝန် **အာချစ်စင်း**[၁] လည်း ကောင်းမွန်စွာ ဆီးကြို လက်ခံ၍ မာကြောင်း သာကြောင်း၊ သွားရန် လာရန် အကြောင်းအရာ၊ မိတ်ဆွေဖြစ် စကားများကို ပြန်လှန် ပြောဆိုကြသည်။ ပြီးလျှင် သံတော်အရာရှိတို့ ဘုရင်ခံမင်းရှေ့သို့ ဝင်ရန် ကိစ္စကို နေရာကျ ဆောင်ရွက်ပါမည့် အကြောင်း၊ ၎င်းပြင် သံတော်အရာရှိတို့ မည်သည့် အမှု မဆို အလိုရှိရာ အမှုများကိုလည်း ကောင်းမွန်စွာ ဆောင်ရွက်ပါမည့် အကြောင်းနှင့် အတွင်းဝန် အာချစ်စင်းက ပြောဆိုသည်။ ပြီးလျှင် ကောင်းမွန်စွာ နှုတ်ခွန်းဆက်၍ ပြန်လာကြသည်။ အီတလီကောင်စစ် လက်ထောက် လည်း တိုက်အိမ်သို့ရောက်မှ ပြန်သွားသည်။ ၎င်းနေ့ ၂ နာရီအချိန် ဘုရင်ခံ မင်းက ပေးသည့်စာကို ရသည်။ စာတွင် ပါသည်မှာ– သံတော်အရာရှိတို့ကို နက်ဖြန် ၁၂ နာရီအချိန် တွေ့ကြုံလိုကြောင်းနှင့် ပါသည်။ ၎င်းနေ့ ၃ နာရီအချိန် ပြင်သစ်ကောင်စစ် အောဒီဆီရီး သံတော်တို့ရှိရာ လာရောက်၊ အလိုရှိသည့် အမှုများကို ဆောင်ရွက်လိုကြောင်းနှင့် ပြောဆိုသည်။ နိုင်ငံတော် သို့ စေလွှတ်သည့် ပြင်သစ်သံတို့နှင့် အတူပါသည် ပြင်သစ်လူမျိုး **အဘိုး**[၂] နှင့် **မော်ရိုး**[၃]တို့ ရှမ်းပြည်သို့ လမ်းပန်း အကြည့်အရှု တက်သွားရာ၊ ငှက်ဖျား ရောဂါနှင့် သေကြောင်းနှင့် ရွှေမြို့တော်ရှိ အင်္ဂလိပ် ကိုယ်စားလှယ် **စတိုဝါ**[၄]က ပေးပို့သည့်စာတွင် ပါ၍ ကြားသိရကြောင်း၊ ၎င်းစကားများကို သံတော် အရာရှိတို့ ရွှေမြို့တော်သို့ ရောက်လျှင် နေရာကျ မှာထားပါမည့် အကြောင်း များနှင့် ပြောဆိုပြီးလျှင်၊ နက်ဖြန်လည်း လာပါဦးမည် မှာထား ပြောဆို ပြန်သွားသည်။ ၎င်းနေ့ မိုးလည်း အနည်းငယ် ရွာသည်။

**၎င်းလပြည့်ကျော် ၁၂ ရက်**[၅] အင်္ဂါနေ့ ၁၂ နာရီအချိန် သံတော်အရာရှိ တို့ ဘုရင်ခံမင်းတိုက်သို့ စီးနင်းသွားရန် မြင်း ၂ စီးက ရထားကို အီတလီ ကောင်စစ်က လက်ထောက်ကို စေလွှတ်၍ ပေးပို့လာသည်။ သံတော်အရာရှိ တို့လည်း ဘုရင်ခံမင်းထံ သွားရန် အင်္ကျီလက်ကျယ် ရွှေစလွယ်၊ အီတလီမင်း, ပြင်သစ်မင်းတို့က ပေးသည့် တံဆိပ် ဘယက်များကို ဆင်ယင်၍ အီတလီ ကောင်စစ် လက်ထောက်နှင့်အတူ ဘုရင်ခံမင်းထံ သွားကြသည်။ ကောင်စစ် လက်ထောက်မှာ အောက်တိုက်ခန်းက စောင့်နေရစ်သည်။ သံတော်အရာရှိ

၁။ အာဒန်စန်း – ဟူ၍ မူ၌ ရှိသည်။ ၂။ Captain Fau ၃။ M. Moreau
၄။ Strover ၅။ ၈ စက်တင်ဘာ ၁၈၇၄

www.burmeseclassic.com



တို့ တိုက်ပေါ်သို့ တက်၍ အထက်သို့ရောက်လျှင် အတွင်းစာရေးကြီး ဆီးကြို၊ ဘုရင်ခံမင်း နေထိုင်သည့် တိုက်ခန်းအနီးသို့ ရောက်လျှင် အတွင်းဝန်ဆိုသူ အာချစ်စင်း ဆီးကြိုပြန်၍ ဘုရင်ခံမင်းထံ ဝင်ကြသည်။ ဘုရင်ခံမင်းလည်း ကောင်းမွန်စွာ ဆီးကြို နှုတ်ဆက်၊ နေရာအသီးအသီး ပေး၍ နေထိုင်ကြပြီးလျှင် –

သံတော်အရာရှိတို့ ဘင်္ဂလားမြို့သို့ လာရောက်မည်ကို စောစောက မသိရသောကြောင့် အခမ်းအနား အကြီးအကျယ် ကြိုယူလက်ခံ မပြုမစုရသည်ကို အလွန် နမြောကြောင်း

နှင့် ဘုရင်ခံမင်းက ပြောဆိုရာ၊ သံတော် အရာရှိတို့က –

ယခုအခါ ဥတု ပူပြင်းသည့်ကာလ ဖြစ်၍ ဘုရင်ခံမင်း ဘင်္ဂလားမြို့တွင် ရှိမည် မထင်သောကြောင့် လှမ်းကမ်း၍ မမှာမထား မပြော မဆိုရ ရှိသည်။ တွေ့ကြုံရသည်သာ အရင်း ဖြစ်သည်။ ဘုရင်ခံမင်း အခြားတစ်ပါးသို့ မသွားဘဲ ဘင်္ဂလားမြို့တွင် ရှိနေခိုက်ဖြစ်၍ တွေ့ရသည်ကို အလွန် ဝမ်းမြောက်ကြောင်း

နှင့် ပြောဆိုသည်။

ဘင်္ဂလားမြို့တွင် နေထိုင်သည့်အတွင်း သံတော်အရာရှိတို့ မည်သည့် အမှုမဆို အလိုရှိရာ ပြောဆိုပါ၊ ကောင်းမွန်စွာ ဆောင်ရွက်ပါမည် အကြောင်း

နှင့် ဘုရင်ခံမင်းက ပြောဆိုပြီးလျှင် အနောက်တိုင်းပြည် ပါရစ်မြို့ ပြင်သစ်နိုင်ငံ လန်ဒန်မြို့မှ စ၍ အရပ်ရပ် မြို့ရွာနိုင်ငံ ဥတုရာသီ အကြောင်းအရာ စကားများကို ဝမ်းမြောက်ဝမ်းသာ ၂ မောင်းခန့် ပြောဆိုနေထိုင်၍ ပြန်လာကြသည်။ သံတော်တို့ တိုက်အိမ်သို့ ရောက်မှ အီတလီ ကောင်စစ်လက်ထောက် ပြန်သွားသည်။ နိုင်ငံခြားရုံးကလည်း စာရေးတစ်ယောက် လာရောက်၍ သံတော်အရာရှိတို့ ဘွဲ့များကို မှတ်သား တောင်းယူလာသည်။ ၎င်းနေ့ ၄ နာရီအချိန် သံတော်အရာရှိတို့ကို ဘုရင်ခံမင်းက စာပေးပို့လာသည်။ စာတွင် ပါသည်မှာ– **နက်ဖြန် ဗုဒ္ဓဟူးနေ့**[၁] ည ၈ နာရီခွဲအချိန် သံတော်အရာရှိတို့ စားပွဲထိုင် လာရောက်ပါမည် အကြောင်းနှင့် ပါသည်။

၎င်းနေ့ ၆ နာရီအချိန် အီတလီ ကောင်စစ်က ဖိတ်ကြားသည့် စားပွဲသို့ သွားရန် အီတလီကောင်စစ် လက်ထောက် ရထားနှင့် ကြိုယူလာ၍၊ ၎င်းလက်ထောက်နှင့်အတူ ရထားစီးနှင်းပြီးလျှင် မြို့ပြင် စစ်ရေးပြကွင်း

---

၁။ ၉ စက်တင်ဘာ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



မြစ်နားတစ်လျှောက်များကို လှည့်ပတ်ကြပြီးမှ ကောင်စစ်အိမ်သို့ ဝင်ကြသည်။ ကောင်စစ် လာမိုရီးလည်း သံတော်တို့ကို ဆီးကြို၍ ဘယ်လဂျီယံ[1] ကောင်စစ်, ငွေတိုက် အရာရှိ, ဆေးဆရာ ဆိုသူတို့နှင့် ကောင်းမွန်စွာ ဆက်လက် ဝမ်းမြောက်ဝမ်းသာ မိတ်ဆွေဖြစ် စကားပြောဆို နေထိုင်ကြသည်။ ၎င်းအစည်းအဝေးတွင် ပြင်သစ်ကောင်စစ်ကြီး အောဒီဆီရီးလည်း ပါသည်။ ၎င်းအိမ်တွင် အစည်းအဝေးပါ ပရိသတ် လူကြီးလူကောင်း ၁၀ ကျော်တို့နှင့်အတူ စားပွဲထိုင်ကြပြီးလျှင် ဝမ်းမြောက်ဝမ်းသာ စကားပြောဆို၊ သုံးနာရီခန့် နေထိုင်ပြီးမှ ပြန်လာကြသည်။ ကောင်စစ် လက်ထောက်လည်း သံတော်တို့ကို လိုက်ပို့၊ တိုက်အိမ်သို့ ရောက်မှ ပြန်သွားသည်။ ၎င်းနေ့ ဆယ့်တစ်နာရီအချိန်က စ၍ တစ်နာရီခန့် မိုးသည်းစွာ ရွာသည်။ နေဝင်သည် တိုင် မိုးဖွဲဖွဲ မပြတ်ရွာသည်။ ည ၃ ချက်တီးက စ၍လည်း လင်းသည်တိုင် မိုးမပြတ် ရွာသည်။

၎င်းလပြည့်ကျော် ၁၃ ရက်[2] ဗုဒ္ဓဟူးနေ့ နံနက် ၁၁ နာရီအချိန် အီတလီကောင်စစ် လက်ထောက် ရထားနှင့် ကြိုယူလာ၍ သံတော်အရာရှိတို့ အီတလီ ကောင်စစ်ကြီး လာမိုရီး အလုပ်တိုက်အိမ်သို့ သွားကြသည်။ လာမိုရီးလည်း တိုက်အိမ်က ဆီးကြို၍ ဝမ်းမြောက်ဝမ်းသာ တစ်နာရီခန့် စကားပြောဆို နေထိုင်ကြသည်။ ပြင်သစ်မြို့က ပို့လိုက်သည့် အထည်အလိပ်၊ အီတလီက ပို့လိုက်သည့် အသုံးအဆောင် ရောက်, မရောက်များကို ဘုံပိုင်မြို့ရှိ အီတလီ ကောင်စစ်ထံ ကြေးနန်းနှင့် မေးသည်။ ၎င်းက ထွက်လာပြီးလျှင် ကောင်စစ်လက်ထောက်နှင့်အတူ ပြင်သစ် ကောင်စစ်ကြီး အောဒီဆီရီး အိမ်သို့ သွားကြသည်။ အောဒီဆီရီးလည်း ဝမ်းမြောက်ဝမ်းသာ ကောင်းမွန်စွာ လက်ခံ၍ ယွန်းကြီးပြည်သွား ပြင်သစ်လူမျိုး အဘိုး မိုးနဲမြို့တွင် သေကြောင်း၊ မော်ရီးလည်း မိုးနဲမြို့က အပြန် လမ်းတွင် သေဆုံးကြောင်းကို စာရသည်ကို ပြောဆိုသည်။ ၎င်းအိမ်တွင် နာရီဝက်ခန့် နေထိုင် ပြန်လာကြသည်။ ၎င်းနေ့ တစ်နာရီအချိန် ဂရေဂေါ်လီ ဆိုသူ အရမဏီလူမျိုး နှုတ်ခွန်းဆက်လာသည်။ အာပဒန်[3] ကိုယ်စားလှယ် ဖြစ်ကြောင်းကို ပြောဆို ပြန်သွားသည်။ ၎င်းနေ့ ၂ နာရီအချိန် ဂရီကွတ်ညီ–တာတေဝတ် ဆိုသူ အရမဏီ လူမျိုးလည်း သာရကျစ်–မာနွတ်နှင့်အတူ လာရောက် နှုတ်ဆက်လာသည်။ အလိုရှိရာ ကိစ္စများကို စေခိုင်းလျှင် ပြီးပြေအောင် ဆောင်ရွက်လိုကြောင်း၊ အထက်

[1] Belgium [2] ၉ ဇက်တင်ဘာ ၁၈၇၄ [3] State of Abbandan



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ဘုရားရှိစဉ် ပညာတော်သင် စေလွှတ်သူတို့ကို စောင့်မ ကြည့်ရှုဖူးကြောင်းကို ပြောဆို ပြန်သွားသည်။

ငှင်းနေ့ ၂ နာရီခွဲအချိန် အထက် သိက္ခမ်းဖူးသူ **ဘာဘူကြီး**[၁], ဘုရင်ခံမင်း အသုံးခံ **လက်ချမိနာရီ**[၂] လာရောက်၍၊ ၃ နာရီခွဲအချိန် အတွင်းဝန် အာချစ်စင်း သံတော်တို့ရှိရာ လာရောက်ပါမည် အကြောင်းနှင့် ပြောဆိုပြီးလျှင်၊ သံတော်အရာရှိတို့ထံ အရိအသေ လာရောက်ပါဦးမည် ပြောဆို ပြန်သွားသည်။ ငှင်းနေ့ ၃ နာရီခွဲအချိန် အတွင်းဝန် အာချစ်စင်း လာရောက်၊ ဝမ်းမြောက်ဝမ်းသာ မိတ်ဆွေဖြစ် စကားပြောဆိုပြီးလျှင် မြန်မာသံတော်အရာရှိတို့ **စနေနေ့**[၃] ကာလကတ္တားမြို့က ထွက်၍ ရန်ကုန်မြို့သို့ လာရောက်လိမ့်မည် အကြောင်းနှင့် ရန်ကုန်မြို့ အရာရှိတို့ထံ ကြေးနန်းနှင့် မှာထားမည့် အကြောင်း၊ ရန်ကုန်မြို့ အရေးပိုင် **အီထင်**[၄] လည်း ရန်ကုန်မြို့တွင် မရှိ၊ သရက်မြို့သို့ သွားကြောင်းများကို ပြောဆို ပြန်သွားသည်။ ငှင်းနေ့ ၆ နာရီအချိန် အီတလီ ကောင်စစ် လက်ထောက် ရထားနှင့် ကြိုယူလာ၍ စစ်ရေးပြကွင်း, **အီဒင်ဂါရတင်**[၅] ခေါ် ဥယျာဉ်, **ဟုကလီ**[၆] မြစ်နား လမ်းများကို ရထားနှင့် လှည့်ပတ် သွားလာကြသည်။ ငှင်းနေ့ လင်းသည်က စ၍ နေ့ ၁၂ နာရီတိုင် မိုးမပြတ် ရွာသည်။

ငှင်းနေ့ည ၈ နာရီခွဲအချိန် သံတော်အရာရှိတို့ အင်္ကျီလက်ကျယ် ရွှေစလွယ် ဆင်ယင်လျက် ဘုရင်ခံမင်း တိုက်အိမ်သို့ စားပွဲထိုင် သွားကြသည်။ အတွင်းဝန်၊ အခွန်ဝန်၊ မိုလ်အရာရှိ ၂၀ ကျော်တို့ ကောင်းမွန်စွာ ဆီးကြိုလက်ခံ၊ ဘုရင်ခံမင်းနှင့်အတူ စားပွဲ စားသောက်ကြသည်။ စားပွဲအစည်းအဝေးပါ မိန်းမ ယောကျ်ား လူ ၂၀ ကျော်ခန့် ရှိသည်။ စားပွဲမှာ ဘုရင်ခံမင်း ပထမ၊ သံတော်အရာရှိတို့ ဒုတိယ နေရာချင်း ယှဉ်လျက် ဝမ်းမြောက်ဝမ်းသာ နေထိုင် စားသောက်ကြသည်။ ငှင်းစားပွဲတွင် –

ဘင်္ဂေါ် လူမျိုးတို့ ဇော်မွတ်ရှားပါး ရှိနေသည်အတွင်း နေထွက်ဘုရင် မြန်မာမင်းမြတ်က ငွေတော် ထုတ်ပေး သနားတော်မူသည်ကို အလွန် ကျေးဇူးတင်ပါသည်။ သည်ကဲ့သို့ ကျေးဇူးတင်သည်ကို ရွှေနားတော်မြတ်ကြား တင်လျှောက်ပါမည် အကြောင်း

နှင့် ဘုရင်ခံမင်းမြတ်က ပြောဆိုသည်။

---

၁။ Babu ၂။ Laxmi Naran ၃။ ၁၂ စက်တင်ဘာ ၁၈၇၄
၄။ Eden ၅။ Eden Garden ၆။ Hoogali



www.burmeseclassic.com

www.burmeseclassic.com



အထက် လက်ဒန်မြို့က ပြန်စဉ် ဘုရင်မင်းမြတ်က ကောင်းမွန်စွာ ပြုစုကြောင်း၊ ပညာတော်သင် လူငယ်များကို စေလွှတ်လျှင် ကောင်းမွန်စွာ မစ ကြည့်ရှုမည် အကြောင်းများနှင့် ဘုရင်ခံမင်းက ပြောဆိုသည်ကို တင်လျှောက် ကြားသိတော်မူသောကြောင့် အလွန် ဝမ်းမြောက်တော်မူကြောင်း

သံတော်အရာရှိတို့က ပြောဆိုသည်။

ပညာတော်သင် ဖြစ်စေ၊ မှူးတော် မတ်တော် ဖြစ်စေ မပြတ် လာရောက် တွေ့မြင်လိုကြောင်း၊ လာရောက်လျှင်လည်း အထူးသဖြင့် အားပေး ကြည့်ရှု ချီးမြှောက်ပါမည် အကြောင်း

နှင့် ဘုရင်ခံမင်းက ပြောဆိုသည်။ ပြီးလျှင် စားပွဲထိုင်သည်အတွင်း မိတ်သဟာယဖြစ် ချစ်ခင်မြတ်နိုးဖွယ် စကားများကို ပြောဆိုကြသည်။ စားပွဲက ထ လျှင် ညည့်ခံခန်းသို့ သွား၍ ဘန်း အတီးအမှုတ် ခင်းကျင်း တီးမှုတ်၊ ကာဖီ, လက်ဖက်ရည်, ရေခဲမုန့်များကို တည်ကျွေး၊ ၎င်းအစည်း အဝေးသို့ နောက် ထပ်မံ လာရောက်သည့် လူကြီးလူကောင်း အရာရှိ ပရိသတ် ၅၀ ကျော် ၆၀ ခန့်များနှင့် ၎င်းညည့်ခံခန်းတွင် တစ်နာရီခန့် စည်းဝေး နေထိုင်ကြသည်။

၎င်းအစည်းအဝေးတွင် **နေပန်သား**[၁] တစ်ယောက် တွေ့သည်။ ၎င်း နေပန်သားမှာ အမျိုးဘာသာ ဝတ်ဆင်မြဲ အဝတ်အစား မဟုတ်။ သိုးဆောင်း လူမျိုးတို့ အဝတ်အစားကို ဝတ်ဆင်သည်။ အသားဖြူသည်။ အလုံးအရပ် ငယ်သည်။ မြန်မာနှင့် သွင်သွင် တူသည်။ ၎င်း နေပန်နိုင်ငံမှာ **နာဂရီ**[၂] ဘာသာ ပြောဆိုကြောင်း၊ ဟိန္ဒူလူမျိုးများနှင့် ကိုးကွယ်သည့်ဘုရား အယူ အကျင့် တူကြောင်းကို ပြောဆိုသည်။ ၎င်းနေပန်သား အင်္ဂလိပ်စကား စိုးစဉ်း ပြောဆိုတတ်သည်။ ၎င်းအစည်းအဝေးတွင် အတွင်းဝန် အာချစ်စင်းက ပြောဆိုသည်မှာ –

သံတော်အရာရှိတို့ **စနေနေ့**[၃] ကာလကတ္တားမြို့က ထွက်၍ ရန်ကုန်မြို့သို့ လာရောက်လိမ့်မည် အကြောင်းနှင့် ရန်ကုန်မြို့ အရာရှိ တို့ထံ ကြေးနန်းနှင့် မှာထားကြောင်း၊ မြန်မာနိုင်ငံတော်က လူကြီး လူကောင်း တစ်ဦးတစ်ယောက် ဘင်္ဂလားမြို့တွင် စေလွှတ်ထားစေ လိုကြောင်း၊ သည်ကဲ့သို့ထားလျှင် ဘုရင်ခံမင်း အလွန် ဝမ်းမြောက်မည် အကြောင်း၊ အထူးသဖြင့် ဘုရင်ခံမင်း စောင်မ ကြည့်ရှုလိမ့်မည်

---

၁။ Nepalese ၂။ Sanskrit ၃။ ၁၂ စက်တင်ဘာ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း၊ သည်ကဲ့သို့ မြန်မာမင်းမြတ်က အရာရှိ ထားလျှင် မိတ် သဟာယ တိုးတက်၍ ၂ တိုင်း ၂ ပြည် ၂ ဦး ၂ ဖက် အကျိုးများစွာရှိရန် ရှိကြောင်း

များကို အတွင်းဝန် အာချစ်စင်းက ပြောဆိုသည်။

ဧင်းအကြောင်းအရာများကို အလိုတော်မြတ်ရှိရင်းပင် ဖြစ် သည်။ မကြာမီ စေလွှတ်တော်မူလိမ့်မည် ထင်ကြောင်း

နှင့် သံတော်အရာရှိတို့က ပြောဆိုသည်။ ဧင်းအစည်းအဝေးတွင် ပျော်ပျော် ပါးပါး သုံးနာရီခန့် နေထိုင်၍ ပြန်လာကြသည်။

**ဧင်းလပြည့်ကျော် ၁၄ ရက်**[၁] ကြာသပတေးနေ့ လင်းသည်က စ၍ မိုး သည်းတုံ ညံ့တုံ မပြတ် ရွာသည်။ သံတော်အရာရှိတို့ ပွဲကြည့်ရန် အလိုရှိလျှင် ဘုရင်ခံမင်း နေရာက နေထိုင် ကြည့်ရှုပါမည် အကြောင်းနှင့် ယမန်နေ့ စားပွဲထိုင်ရာ ဘုရင်ခံမင်း ဖိတ်ကြားလိုက်သည်အတိုင်း၊ ဘုရင်ခံ မင်း တံဆိပ်လက်မှတ်များကို ပွဲကြည့်တိုက်ခန်းသို့ ဝင်နိုင်အောင် ဆောင်ယူ သွားရန် လက်ချမီနာရီ ဆိုသူ အသုံးခံကို ဘုရင်ခံမင်းက စေလွှတ်၍ သံတော် တို့ထံ ပေးပို့လာသည်။ ဧင်းပြင် အခြားတစ်ပါး အသွားအလာ မရှိ။ စာရေး လူငယ်တို့သာ ဈေးသို့ သွား၍ အလိုရှိရာ ဝယ်ယူကြသည်။ ဧင်းနေ့ ရွှေ မြို့တော် အနောက်ပြင် ၉ လုံးတကာသား မောင်ဘိုးမြနှင့် စိန်ကုန်သည် သုံးဦးတို့ အဝယ်တော် မောင်ရွှေစိုးနှင့်အတူ လာရောက် နှုတ်ဆက် တွေ့မြင် ရသည်။

**သက္ကရာဇ် ၁၂၃၆ ခု တော်သလင်းလဆန်း ၁ ရက်**[၂] စနေနေ့ ဘုံပိုင် မြို့ရှိ အီတလီ ကောင်စစ်က ဘင်္ဂလားမြို့ရှိ အီတလီ ကောင်စစ်ထံ ကြေးနန်း ရိုက်ကြားပြန်သည်ကို ရ၍၊ ဧင်းကြေးနန်းကို ကောင်စစ် လက်ထောက် ဆောင်ယူ၊ သံတော်တို့ရှိရာ ပေးပို့လာသည်။ ကြေးနန်းတွင် ပါသည်မှာ – ဘုံပိုင်မြို့ ဆိပ်ကမ်းတွင် ယခုဆိုက်သည့် သင်္ဘောမှာ မြန်မာ သံတော်အရာရှိ တို့နှင့် ဆိုင်သည့် အသုံးအဆောင် ပစ္စည်းဝတ္ထု မပါလာသေးကြောင်းနှင့် ပါသည်။ ဧင်းနေ့ ၂ နာရီအချိန် အသုံးခံ ဟာရီနာရီ လာရောက်၊ အထက် ပေးခဲ့သည့် **အရုပ်များကို**[၃] ဘွဲ့အမည် ရေးသားပေးခဲ့ပါမည့် အကြောင်းများနှင့် ပြောဆိုသောကြောင့် ဘွဲ့အမည်များကို ရေးသားပေးခဲ့သည်။ ဘုရင်ခံမင်းက ပေးအပ်သည့် ပွဲကြည့်တံဆိပ်ကိုလည်း ကျေးဇူးတင်စကား ပြောဆို၍

---

၁။ ၁၀ စက်တင်ဘာ ၁၈၇၄ ၂။ ၁၁ စက်တင်ဘာ ၁၈၇၄

၃။ ရုပ်များကို (ပ–ကြိမ်၊ စာ–၂၂၁)၊ ရုပ်ပုံများကို (ဦးစိုးလှိုင်၊ စာ–၂၆၀)



www.burmeseclassic.com

www.burmeseclassic.com



၎င်းတွင် ပြန်ပေးလိုက်သည်။ ၎င်းနေ့ ၃ နာရီအချိန် တာတေဝတ်ညီ ကာရာဖစ်, သာရာကျစ်-မာနွတ်တို့ လာရောက်ပြန်၍ အကောင်းဆုံး ချိပ်, အလတ်ချိပ်, အညံ့ ချိပ်, ပွဲ့လျက်ရောသည့် ချိပ်, ရွှေမြို့တော်က ချိပ် များကို စနစ်ပုံစံ သိရအောင် ပေးပို့လာသည်။ ဒီစီတံဆိပ်ပါချိပ် ပထမ အကောင်းဆုံးနှုန်း တစ်ပေါင်လျှင် ၉၅ ပြား၊ **အေချစ်အက်ချိတ်**[၁] ပါ ချိပ် ဒုတိယနှုန်း တစ်ပေါင်လျှင် ၈၀ ပြား၊ ဂျေအီတံဆိပ်ပါ ချိပ် တတိယနှုန်း တစ်ပေါင်လျှင် ၆၅ ပြား၊ ပွဲ့လျက်ရော ဘင်္ဂါလီချိပ် အညံ့ဆုံးနှုန်း တစ်ပေါင်လျှင် ၂၀ က ၂၅ ပြားထိတိုင်၊ ဆေးပြီး ချိပ်ရည်ကို ချက်သည် ပထမချိပ် နှုန်း **၂၅ ပြား**[၂]၊ ၎င်းဒုတိယချိပ်နှုန်း ၁၅ ပြား၊ ၎င်းတတိယချိပ်နှုန်း ၅ ပြားက ၆ ပြားတိုင် ရောင်းဝယ်ရကြောင်းနှင့် ပြောသောကြောင့် အသေအချာမှတ်သား၍ သိမ်းယူလိုက်သည်။ ၎င်းနေ့ အခြားတစ်ပါး အသွားအလာမရှိ။ မိုးလည်း ထုံ့ပိုင်း မပြတ်ရွာသည်။

**၎င်းလဆန်း ၂ ရက်**[၃] တနင်္ဂနွေနေ့ ၁၂ နာရီအချိန် ပြင်သစ်ကောင်စစ်အောဒီဆီရိုး သံတော်အရာရှိတို့ရှိရာ လာရောက်၊ အရိုအသေ နှုတ်ခွန်းဆက်လက်၊ ယွန်းကြီးသွား ကပ္ပိတန် ဖိုနှင့် မော်ရီးတို့ သေဆုံးကြောင်းစာရသည်များကို ပြသ၍ ၎င်းတို့ အကြောင်းအရာ၊ ၎င်းတို့ အသုံးအဆောင်များကို မှာထား ပေးပို့စေလိုကြောင်း၊ ကာလကတ္တားမြို့တွင် အလိုရှိသမျှ အကြောင်းအရာများကို မှာထားလျှင်လည်း ပြီးပြေအောင် အခါခပ်သိမ်းဆောင်ရွက်ပါမည် အကြောင်းများနှင့် ပြောဆိုသည်။ သံတော်အရာရှိတို့ကလည်း ကပ္ပိတန် ဖိုး, မော်ရီးတို့ အကြောင်းအရာ၊ အသုံးအဆောင် ပစ္စည်းများကို နေရာကျ မှာထားပေးပို့မည်။ နောင် အလိုရှိသမျှ အကြောင်းများကိုလည်း မှာထားပါမည် အကြောင်းနှင့် ပြောဆိုပြီးနောက် ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်လက် ပြန်သွားသည်။ ၎င်းနေ့ ၃ နာရီအချိန် သံတော်တို့ အသုံးအဆောင် ဝန်သေတ္တာများကို သင်္ဘောရောက် သယ်ပို့ဆောင်ရွက်ရန် လူကြီး လူငယ်နှင့်တကွ အီတလီ ကောင်စစ်က လက်ထောက် ချစ်တီးကိုစေလွှတ်၍ သင်္ဘောရောက် သယ်ပိုးဆောင်ယူ တင်ပို့သည်။ ၎င်းနေ့ ၅ နာရီအချိန် အီတလီ ကောင်စစ် လာမိုရီး သံတော်တို့ရှိရာ လာရောက်၍ ကာလကတ္တားမြို့ အိန္ဒိယနိုင်ငံမှာ ဖြစ်စေ၊ အီတလီနိုင်ငံမှာ ဖြစ်စေ၊ ပြင်သစ်နိုင်ငံမှာ ဖြစ်စေ မည်သည့် အကြောင်းမဆို အလိုရှိသမျှ ဆောင်ရွက်လို

၁။ အေ-အိတ်ချ (ဦးနိုးလှိုင်၊ စာ-၂၆၀) ၂။ ၂၅ို (ပ-ကြိမ်၊ စာ-၂၂၂။ ဦးနိုးလှိုင်၊ စာ-၂၆၀)
၃။ ၁၂ စက်တင်ဘာ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ နောက်ရောက်မည့် သင်္ဘောနှင့် သံတော်တို့ ဆိုင်သည် အသုံးအဆောင် ပါလျှင် ကြေးနန်းနှင့် ပြန်ပြောပါမည့် အကြောင်းများနှင့် ပြောဆိုနှုတ်ခွန်းဆက်လက် ပြန်သွားသည်။ ၎င်းနေ့ ည ၈ နာရီအချိန် သံတော်အရာရှိတို့ ရန်ကုန်မြို့သွား ဒါကာ [1] ခေါ်သည် မီးသင်္ဘောသို့ ကူးပြောင်းကြသည်။ အီတလီ ကောင်စစ် လက်ထောက် ချစ်တီး, ဘုရင်ခံမင်း အသုံးခံ ရိုက်ဂျိရိဂ္ဂနြ္ဒာဒတ်ဆစ်ပဟာဒိုး, ရန်ကုန်မြို့နေ အီကြေကာရီရဲ, အဝယ်တော် မောင်ရွှေစိုး, ရွှေမြို့တော်နေ ၉ လုံးတကာ သူဌေးသား မောင်ဘိုးမြတို့ သင်္ဘောရောက် လိုက်ပို့၊ ၉ နာရီအချိန်မှ ပြန်သွားကြသည်။ ၎င်းသင်္ဘောတွင် အခန်းစီးသည့်သူ နည်းသည်။ ကုန်းပတ်စီး ကူလီလူ ၁၀၀ ကျော်ခန့်ပါသည်။

**၎င်းလဆန်း ၃ ရက်** [2] တနင်္ဂနွေနေ့ ၆ နာရီအချိန် ကာလကတ္တားမြို့ ဆိပ်ကမ်းက ထွက်ခဲ့သည်။ ကာလကတ္တားမြို့အဝင် ဟူကလီမြစ် အနေအထိုင် ဝဲယာ ကမ်းခြေ အခြင်းအရာ၊ မီးပြတိုက်ရောက် ကာလကတ္တားရောက် ခရီးကွာမှ စ၍ အရပ်ရပ် အကြောင်းအရာများကို အထက် လန်ဒန်မြို့သွား နေ့စဉ်မှတ်အတိုင်း နည်းတူ သိလေ။ ၎င်းနေ့ည ၆ နာရီအချိန်မှ မြစ်က လွန်၍ ပင်လယ်သို့ ရောက်သည်။ ၎င်းမြစ်အတွင်း အဝင်အထွက် မီးသင်္ဘော၊ ရွက်သင်္ဘော မပြတ် တွေ့သည်။ လှေငယ် တက်စင်း တံငါလုပ်သူလည်း အလွန် များသည်။ ၎င်းနေ့ည ၆ နာရီ၊ ၇ နာရီက စ၍ ပင်လယ်တွင်းသို့ လာခဲ့ရသည်။ တောင်လေ လေမှန် ခပ်ပြင်းပြင်း လာသည်။ လှိုင်းလည်း ရင်ဆိုင် ဖြစ်၍ သင်္ဘောလည်း အင်တန်အင်မျှ လှုပ်သည်။ ၎င်းနေ့ ၁ နာရီအချိန် မိုးသည်းစွာ ရွာသည်။

**၎င်းလဆန်း ၄ ရက်** [3] တနင်္လာနေ့ လင်းသည်က စ၍ တောင်အရပ်က လေမှန် ပြင်းပြင်းလာသည်။ လှိုင်းဂယက် မကြီးလွန်း။ ၎င်းနေ့ ၃ နာရီအချိန် မိုးသက်လေ ခပ်ပြင်းပြင်း တစ်နာရီခန့် ကျသည်။ သင်္ဘော အင်တန်အင်မျှ လှုပ်သည်။ ၎င်းက စ၍ ၎င်းည လင်းသည်တိုင် မိုးလေ မရှိ၊ ငြိမ်ငြိမ်သက်သက် ရှိသည်။ ယမန်နေ့ ထွက်သည်က စ၍ ယခုနေ့ မွန်းတည့်တိုင် ၂၄၉ တိုင် ရောက်သည်။

**၎င်းလဆန်း ၅ ရက်** [4] အင်္ဂါနေ့ လင်းသည်က စ၍ လှိုင်းလေ ငြိမ်သက်သည်။ အသွားအလာ သင်္ဘောများကို မတွေ့။ ခရီးမှာ အရှေ့တောင်သို့

၁။ S. S. Decca ၂။ ၁၃ စက်တင်ဘာ ၁၈၇၄ ၃။ ၁၄ စက်တင်ဘာ ၁၈၇၄
၄။ ၁၅ စက်တင်ဘာ ၁၈၇၄

www.burmeseclassic.com



လာရသည်။ ၎င်းနေ့ည ၃ နာရီကျော် အချိန်က စ၍ လက်ဝဲဘက်က ပုသိမ်မြို့နယ် မော်တင်စွန်းများကို မြင်ရသည်။ ၎င်းနေ့ည လင်းသည်တိုင် မိုးလေ လှိုင်းဂယက် မရှိ။ ကြည်ကြည်လင်လင် ငြိမ်ငြိမ်သက်သက် ရှိသည်။

**၎င်းလဆန်း ၆ ရက်**[၁] ဗုဒ္ဓဟူးနေ့ နံနက်လည်း မိုးလေ လှိုင်းဂယက် ကင်းသည်။ လက်ဝဲဘက် ကျွန်းစွန်းနှင့် တစ်စ တစ်စ နီးသည်။ ၎င်းနေ့ နံနက် ၇ နာရီအချိန် မော်တင်စွန်း မီးပြတိုင်ကို မြင်ရသည်။ ၎င်းနေ့ည ၇ နာရီက စ၍ **ကစ်ရှနာ**[၂] မီးပြတိုင်ကို မြင်ရသည်။ ၈ နာရီခွဲအချိန် ကစ်ရှနာ မီးပြတိုင်နှင့် တူရူအရပ်သို့ ရောက်၍ ၎င်းတွင် ထားသည် အာလကတ္တိ သင်္ဘော၊ အာလကတ္တိ သမ္ဗန်နှင့် ကူးလာသည်ကို ရပ်၍ တင်ရသည်။ ၎င်းနေ့ည လင်းသည်တိုင် မိုးလေ မရှိ၊ ငြိမ်သက်သည်။

**၎င်းလဆန်း ၇ ရက်**[၃] ကြာသပတေးနေ့နံနက် ၆ နာရီအချိန် ရန်ကုန်ချောင်းသို့ ရောက်သည်။ ရေနှင့် အခန့်သင့်သည် ဖြစ်၍ အရပ်အဆိုင်း မရှိ၊ အစဉ်အတိုင်း ဝင်ခဲ့ရသည်။ ၎င်းနေ့ ၈ နာရီအချိန် ရန်ကုန်မြို့ ဆိပ်ကမ်းသို့ ဆိုက်ရောက်လျှင် ဆိုက်ရောက်ချင်း မြို့ဝန် **အာဒန်စန်း**[၄], ရေဝန်, ခနေဖြူ မြို့ဝန်တို့ သင်္ဘောသို့ လာရောက် ကြိုယူလာသောကြောင့် သံတော်အရာရှိတို့ မြို့ဝန်, ရေဝန်တို့နှင့်အတူ သမ္ဗန်စီး၍ ကုန်းသို့ တက်ကြသည်။ ဝန်သေတ္တာများမှာ အရာရှိ, စာရေးလုလင်တို့နှင့် လွှဲအပ်ခဲ့၍ အဖွင့်အလှစ် အကြည့်အရှု မရှိ, ချဆောင် သယ်ယူရသည်။ ရေနန်းစကြာ သင်္ဘောတော်လည်း အသင့် စောင့်နေလျက်ရှိသည် ဖြစ်၍ သင်္ဘောတော်သို့ ကူးပြောင်းတင်ဆောင်ကြသည်။ သံတော်အရာရှိတို့မှာ အကောက်ဆိပ်က အစိုးရတို့ ကြိုယူလာသည် ရထားမှာ အကြိုလာသူ အရာရှိတို့နှင့် အတူစီးနင်း၍ သံတဲသို့ လာကြသည်။ သံတဲတွင် ရာဇဝတ်အစိုးရ အတွင်းစာရေးကြီး **ဒန်ကင်း**[၅] စောင့်နေနှင့်၍၊ အိပ်ရာ တိုက်ခန်း အစားအစာ ကောင်းမွန်စွာ ပြင်ဆင်၊ နှုတ်ခွန်းဆက်လက် နေရာချထားပြီးမှ အင်္ဂလိပ်အရာရှိတို့ ပြန်သွားကြသည်။ ရန်ကုန်မြို့တွင် သံတော်အရာရှိတို့ နေသမျှ မည်သည့်အမှုမဆို အလိုရှိရာ ပြောဆိုပါမည် အကြောင်းနှင့် ဒန်ကင်းက မှာထား ပြောဆိုသည်။ သံတော်အရာရှိတို့ကို ကျွေးမွေးပြုစုရန် ကုလားဝန်ကို စားစရိတ် ပေးအပ် စောင့်နေပြုစုစေသည်။ ရထား လှေ သမ္ဗန် အလိုရှိသမျှကိုလည်း ရေဝန်, ဝန်ထောက် မောင်အုန်းတို့ကို အသီးအသီး ဆင့်ဆိုသည်။ ၎င်းနေ့ ၁၂ နာရီအချိန်

---

၁။ ၁၆ စက်တင်ဘာ ၁၈၇၄ ၂။ Krishna ၃။ ၁၇ စက်တင်ဘာ ၁၈၇၄
၄။ Anderson ၅။ Duncan



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထောက် မောင်အုန်း လာရောက် နှုတ်ဆက်၊ ဝမ်းမြောက်ဝမ်းသာ အလို ရှိသမျှ ဆောင်ရွက်ပါမည် အကြောင်းနှင့် ပြောဆိုပြန်သွားသည်။ ကျောင်း ဒကာ ဦးဘိုးညှင်း, ကျောင်းအမ အစုံ, တန်ဆောင်းဒကာ ဦးရွှေပြည့်, တန်ဆောင်းအမ, ကျောင်းအမတို့ အစုံ, သူဌေးကတော်တို့လည်း ထမင်း ဟင်းလျာ ကျွေးလျာများနှင့် အရှိအသေ လုပ်ကျွေးပြုစု လာကြသည်။ ဘဏ္ဍာစိုး စာရေးကြီး ဦးကျိုင်း၊ သံချက်ဝန်တို့လည်း နှုတ်ဆက်လာရောက် ကြသည်။ ၎င်းနေ့ သံတော်အရာရှိတို့ ၅ နာရီအချိန် ရထားစီးနှင်း၍ မြို့တွင်း လမ်းသေး လမ်းမ တစ်လျှောက်များကို လှည့်ပတ် ကြည့်ရှုကြသည်။ သံတော်အရာရှိတို့ ၎င်းနေ့ ရန်ကုန်မြို့သို့ ဆိုက်ရောက်ကြောင်း၊ နောက် သင်္ဘောတစ်ပတ်တွင် ဆန်တက်မည် အကြောင်းနှင့် ရွှေဖဝါးတော်အောက် သို့ ကြေးနန်းနှင့် မှာထားသည်။ ၎င်းနေ့ ရွှေဖဝါးတော်အောက်က စာများကို ရသည်။ ကြောင်းရာထူးထွေ မပါ။ ခတ်လေ့စီး အဆောင်တော်မြဲ ဦးရွှေခဲ, လူတော် ကျောင်းဒကာ ကိုခတို့ နက်ဖြန် ရွှေဖဝါးတော်အောက် အဆန် ဖြစ်၍ နေ့ရက်မကြာ လာရောက်တော့မည် အကြောင်းနှင့် မှာထားလိုက် သည်။

**၎င်းလဆန်း ၈ ရက်**[၁] သောကြာနေ့ ကျောင်းတော်ရာသို့ သွား၍ ဥပုသ် ဆောက်တည်ကြသည်။ သူဌေးကတော်, ကျောင်းဒကာ ဦးဘိုးညှင်း, တန်ဆောင်းဒကာ ဦးရွှေပြည့်, ကျောင်းဒကာ ဦးဘိုးကြီး, ကျောင်းဒကာ ဦးမောင်ကလေး, စာရေးကြီး ဦးကြွက်, ကျောင်းဒကာ ဦးသာအေးတို့ လာရောက် ဥပုသ် အတူစောင့်ကြသည်။ သူဌေးကတော်နှင့် ဦးဘိုးညှင်းတို့ သံတော်အရာရှိတို့နှင့် ပါသမျှ ပရိသတ်များကို ကောင်းမွန်စွာ လုပ်ကျွေး ပြုစုသည်။ ၎င်းကျောင်းတော်ရာတွင် ဥပုသ်စောင့်နေ၍ တစ်နာရီအချိန် တောရတိုက် ဦးဉာဏကျောင်းသို့ သွားရောက် စကားပြောဆို နေထိုင် ကြပြီးလျှင်၊ ၂ နာရီအချိန် ဆံတော်အရှင် ဘုရားခြေရင်းတော်သို့ သွားရောက် ပူဇော် ဖူးမြော်ပြီးမှ ပြန်လာကြသည်။ တည်းနေရင်း တိုက်အိမ်သို့ ရောက် သည်နောက် မိုးသည်းထန်စွာ ရွာသည်။ ပါရစ်မြို့က ပို့လိုက်သည် သေတ္တာ လုံးရေ ၁၃ များကိုလည်း ၎င်းနေ့ အဖွင့်အပြ အမေးအမြန်း မရှိစေရ။ အကောက်တိုက် ပေးအပ် ရယူသည်။

**၎င်းလဆန်း ၉ ရက်**[၂] စနေနေ့ ဝန်ထောက် မောင်အုန်း လာရောက်၍ တရားမ ဥပဒေ မြန်မာပြန်ပြီး စာအုပ် ၁၁ များကို မင်းကြီးသို့ ပေးလာသည်။

၁။ ၁၈ ဇက်တင်ဘာ ၁၈၇၄   ၂။ ၁၉ ဇက်တင်ဘာ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ တနင်္လာနေ့ သန်လျင် ကျိုက်ခေါက်ဘုရားသို့ သွားရန် ကိစ္စကိုလည်း ပြေကုန်အောင် ဆောင်ရွက်ပါမည် အကြောင်းနှင့် ပြောဆို ပြန်သွားသည်။ ၎င်းနေ့ ကျိုက်ခေါက်ဘုရားသို့သွားရန် အကြောင်းကို ဒန်ကင်းထံ ကုလားဝန် သွား၍ ပြောရာ၊ အလိုရှိသမျှ ကိစ္စများကို ပြီးပြေအောင် ဆင့်ဆိုပါမည် အကြောင်းနှင့် ဒန်ကင်းက ပြောဆိုလိုက်သည်။ နက်ဖြန် ဆံတော်ရှင်ဘုရားကို ဆွမ်းတော်ကြီးကပ်ရန် သံတော်အရာရှိ, အပေါင်းပါလူ, ရွှေဖဝါးတော် အောက်က အကြိုလာသူ ရေနန်းစကြာ သင်္ဘောပါ အရာရှိ လူကြီးလူငယ် တို့နှင့် အစုံအညီ ကြေးငွေ သဒ္ဒါသမျှ ထုတ်ပေးကြ၍၊ စုစုငွေ ၁၈၀ ကျပ် များကို ကျောင်းဒကာ ဦးဘိုးညှင်းသို့ အပ်၍ ဆွမ်းတော်ကြီး တင်လှူရန် များကို လုပအောင် ပြင်ဆင် လုပ်ဆောင်စေသည်။ ၎င်းနေ့ ထုံ့ပိုင်း ထုံ့ပိုင်း မိုး မပြတ် ရွာသွန်းသည်။

**၎င်းလဆန်း ၁၀ ရက်**[၁] တနင်္ဂနွေနေ့ သံတော်အရာရှိ, အပေါင်းပါလူ, ရွှေဖဝါးတော်အောက်က အကြိုလာရောက်သည့် အရာရှိ အပေါင်းပါလူ, ရန်ကုန်မြို့ ဘုရားဒကာ, ကျောင်းဒကာတို့ အစုံအညီ ဆွမ်းတော်ကြီး ပြင်ဆင်၍ ဒဂုံစေတီတော်ကို တင်လှူ ပူဇော်ကြသည်။ ဘုရားဒကာ, ဘုရားအမ, ကျောင်းဒကာ, ကျောင်းအမ, တန်ဆောင်းဒကာ, တန်ဆောင်းအမ, လူကြီး လူကောင်း ပရိသတ်အများ စည်းဝေးလာကြသည်။ ဆွမ်းတော် ကပ်လှူ ပြီးလျှင် ကျောင်းတော်ရာသို့ ပရိသတ်နှင့်တကွ ဆင်းသွားကြ၍ နံနက်စာ စားကြသည်။ ပြီးလျှင် ကုန်သည်ကြီး မောင်ဘိုးက (.....)[၂] သောကြောင့် ၎င်းဥယျာဉ်သို့ အစည်းအဝေးပါ ပရိသတ်တို့နှင့်အတူ ရထားစီး၍ သွားကြ သည်။ မောင်ဘိုးလည်း အရှိအသေ ကောင်းမွန်စွာ ဆီးကြို၍ ကျောင်းဒကာ၊ ဘုရားဒကာ အပေါင်းပါ ပရိသတ်တို့ ၎င်းဥယျာဉ်တွင် တစ်နေ့လုံး ဝမ်းမြောက်ဝမ်းသာ ပျော်ပျော်ပါးပါး နေထိုင်ကြ၍၊ ၎င်းဥယျာဉ်တွင် ညစာ စားပွဲ စားပြီးမှ ပြန်လာကြသည်။ ၎င်းနေ့ ထုံ့ပိုင်း ထုံ့ပိုင်း မိုးမပြတ် ရွာသွန်း သည်။

**၎င်းလဆန်း ၁၁ ရက်**[၃] တနင်္လာနေ့ ၇ နာရီအချိန် ဝန်ထောက် မောင်အုန်း သံတော်တို့ရှိရာ လာရောက်ကြိုယူ၍ သံတော်အရာရှိ, အပေါင်းပါ လူတို့ ရထားစီးနင်းပြီးလျှင် သန်လျင်မြို့သို့ ကူးရန် မီးသင်္ဘော ပြင်ဆင် ရှိသည့် ရေဝန်တံတားသို့ သွားကြသည်။ ရောက်လျှင် ၎င်းတံတားတွင် ရေဝန် မီးသင်္ဘောငယ် ပြင်ဆင် အသင့်ရှိသည်ကို တွေ့သည်။ ရေနန်းစကြာ

---

၁။ ၂၀ စက်တင်ဘာ ၁၈၇၄ ၂။ (ဖိတ်) [ ဦးစိုးလှိုင်၊ စာ-၂၆၅ ] ၃။ ၂၁ စက်တင်ဘာ ၁၈၇၄

www.burmeseclassic.com



သင်္ဘောတော်ကိုလည်း လိုက်ပါလိုသူ ဘုရားဒကာ ကျောင်းဒကာ ယောကျ်ား မိန်းမ မည်သူမဆို လိုက်ပါနိုင်အောင် ပြင်ဆင် အသင့်ထားသည်။ ၈ နာရီ အချိန် ရေဝန်တံတားက သံတော်အရာရှိတို့ မီးသင်္ဘောငယ်ကို စီး၍ ထွက်သည်။ ရေနန်းစကြာ သင်္ဘောတော်တွင် ကျောင်းဒကာ ဦးဘိုးညွင်း, သားမယားအစုံ၊ ကျောင်းဒကာ ဦးဘိုးကြီး, သားမယားအစုံ၊ တန်ဆောင်း ဒကာ ဦးရွှေပြည့်, သားမယားအစုံ၊ ကျောင်းဒကာ မောင်ကြောင်, သားမယား အစုံများနှင့် ကုန်သည်ကြီး, ကျောင်းဒကာ, ဘုရားဒကာ, မိန်းမ ယောကျ်ား လူပေါင်း ၂၀၀ ကျော်တို့ စီးနင်းပြီးလျှင် ၈ နာရီအချိန် ဆိပ်ကမ်းက ထွက်ခဲ့ကြသည်။ ၉ နာရီအချိန် သန်လျင်မြို့ ဆိပ်ကမ်းသို့ ရောက်ကြသည်။ ကုလားဝန် ရွှေတိုက်စိုးလည်း သံတော်အရာရှိတို့ကို ကျွေးမွေးပြုစုရန် ကိရိယာစုံများနှင့် အလျင်ကူးနှင့်သည်။ အခွန်ဝန် ဦးဝိုက်လည်း သံတော် အရာရှိတို့ကို အလိုရှိရာ ဆောင်ရွက်ပြုစုစေရန် အစိုးရ ဆင့်ချက်နှင့် သန်လျင် မြို့ ဆိပ်ကမ်းက ဆီးကြို အသင့် စောင့်နေနှင့်သည်။

ရောက်လျှင်ရောက်ချင်း ကုန်းသို့ တက်၍ သန်လျင်မြို့တွင်း အခွန်ဝန် ဦးဝိုက် ယောကျ္ာမ အိမ်တွင် ပြင်ဆင် အသင့်ထားကြောင်းနှင့် ပြောဆို၍ ၎င်းအိမ်သို့ သွားကြသည်။ ရေနန်းစကြာ သင်္ဘောတော်လည်း များမကြာမီ ဆိုက်ရောက်လာ၍၊ ကျောင်းဒကာ ဘုရားဒကာ ယောကျ်ား မိန်းမ အပေါင်းပါ ပရိသတ်တို့ အစုံအညီ တက်လာကြ၍ ပျော်ပျော်ပါးပါး စခန်းချရပ် နေထိုင် ကြသည်။ သံတော်အရာရှိ၊ အပေါင်းပါ ပရိသတ်၊ ရွှေဖဝါးတော်အောက်က အကြို လာရောက်သည် သင်္ဘောပါ ပရိသတ်၊ ရန်ကုန်မြို့ ဘုရားဒကာ ကျောင်းဒကာ မိန်းမ ယောကျ်ား အပေါင်းပါ ပရိသတ် ၃ စု ၂၀၀ ကျော် ၃၀၀ ခန့်များကို အခွန်တော် ဦးဝိုက်က အစိုးရ ဆင့်ချက်နှင့် ဖြစ်သည် တစ်ကြောင်း၊ မြန်မာအမျိုးသား အရာရှိများကို လေးမြတ် ကြည်ညိုသည် တစ်ကြောင်း၊ လူကြီးလူကောင်း အဆွေခင်ပွန်းများကို အယဉ်အကျေး မိတ်သဟာယ ပြုလုပ်တတ်သည် တစ်ကြောင်းများကြောင့် အပေါင်းပါ ပရိသတ်များကို တစ်ဦး တစ်ယောက် မစေ့မစပ် မပြည့်မစုံ မရှိစေရ။ ကောင်းမွန်စွာ ကျွေးမွေးပြီးလျှင်၊ ၎င်းနေ့ တစ်နာရီအချိန် ကျိုက်ခေါက် စေတီတော်သို့ သွားကြသည်။

အခွန်ဝန် ဦးဝိုက်က ပရိသတ် စီးနင်းရန် လှည်းများကိုလည်း အပြည့်အစုံ ခင်းကျင်းပြင်ဆင် လုပ်ဆောင်ပြီး ဖြစ်၍၊ လှည်းလမ်း လူလမ်း ကောင်းမွန်စွာ သွားရသည်။ မြို့က ထွက်လျှင် များမကြာမီ အဓိကရ ညောင်ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



စခန်းကို တွေ့သည်။ ၎င်းစခန်းတွင် သိမ်ဟောင်းတစ်ခုကို တွေ့သည်။ ၎င်းသိမ်ကို ရှေးရဟန္တာများ သမုတ်ခဲ့သည် သိမ်ဖြစ်ကြောင်းနှင့် ပြောဆို ကြားသိရသည်။ ၎င်းက သွားလျှင် **ခမည်းတော်ဘုရား**[၁] **ကွန်းထောက်**[၂] စံနန်းတော်ရာကို တွေ့သည်။ ၎င်းက သွားလျှင် ပထမတာတိုင်ကို တွေ့သည်။ ၎င်းက သွားလျှင် ဒုတိယတာတိုင်ကို တွေ့သည်။ ၎င်းက သွားလျှင် တစ်ဖက်ဆည်ကန်ကြီး ၂ ကို တွေ့သည်။ ၎င်းက လွန်မှ စေတီတော်ကုန်း မင်းဝံတောင်ညွန့် ထိပ်ပြင်ပေါ်သို့ ရောက်သည်။ ၎င်းလမ်း ဝဲယာများမှာ ဝါးရားတော၊ ဝါးကောက်တော၊ ဝါးပိုးတော၊ အနန်းတော အများ ရှိသည်။ ၎င်းလမ်းလည်း ခမည်းတော်ဘုရား စေတီတော်သို့ တက်တော်မူသည် လမ်းဟောင်း ဖြစ်ကြောင်းနှင့် ပြောဆို ကြားသိရသည်။ စေတီတော်မှာ သိင်္ဂုတ္တရကုန်းလောက် မမြင့်တတ်။ စေတီတော်ဖိနပ် အဝန်းတောင်ပေါင်း ၅၅၀ တောင်၊ အချင်း ၁၈၃ တောင်၊ အမြင့် တောင် ၁၂၀၊ စေတီရံ ဆူရေ ၁၀၀ များနှင့် ရှိသည်။ အောက်ဖိနပ်တော်က ပလ္လင် ပန်းတင်ထိ ဂဝံကျောက်ကို စီလုပ်၍၊ ပစ္စယာက အထက်ကိုမှ အုတ်စီခင်း လုပ်ဆောင်သည်။ ၎င်းဘုရားကို ပါဒမင်းနှင့် ရသေ့ကောက်တို့ တည်လုပ်ကြောင်း၊ ပါဒမြို့လည်း ၎င်းစေတီတော် တောင် ခရီး ၂ တိုင်ခန့်ကွာတွင် ယခုတိုင် ရှိကြောင်း၊ ပါဒမင်းကြီး သမီးနှင့် မောင်သန်လျင် ဆိုသူတို့ သင့်မြတ်၍ သန်လျင်မြို့ကို တည်လုပ်ကြောင်း၊ ၎င်းသန်လျင်မြို့ကို နောက် ကုလား **စေင်ကာ**[၃] မြေမြို့ရိုး ထပ်မံချဲ့လုပ်ကြောင်းများကို ပြောဆို ကြားသိရသည်။

၎င်းဘုရား အရှေ့မျက်နှာကို ကြည့်လျှင် ကွင်းပြင် လယ်တာ **ပကိုး**[၄] နယ်နှင့် အစပ်ထိ အလွန် ကျယ်ဝန်း များသည်။ တောင်မျက်နှာမှာ ရမ္မာဏီအင်း၊ အနောက်မျက်နှာမှာ ထော်ဝတ်ကွင်း၊ မြောက်မျက်နှာမှာ သန်လျင်မြို့ ခြံရံလျက် ရှိသည်။ ၎င်းကုန်းပေါ်က ကြည့်လျှင် ပင်လယ်ထွက်၊ ရန်ကုန်မြစ် ၇ လံဝ၊ ဒီပေးဒေါပုံဝ၊ ရန်ကုန်မြို့၊ သိင်္ဂုတ္တကုန်း ဆံတော်ရှင် ဘုရားများကို ခင်း၍ ပြသကဲ့သို့ မြင်ရသည်။ ၎င်းစေတီတော်တွင် သုံးနာရီခန့် အပေါင်းပါ ပရိသတ်တို့နှင့် ရွှေသက်န်း, ဖယောင်းတိုင် ကပ်လှူပူဇော်၊ အကြိမ်ကြိမ် အထပ်ထပ် လှည့်ပတ်ဖူးမြော်ပြီးမှ ပြန်လာကြသည်။ သန်လျင်မြို့တွင်းသို့ ရောက်မှ အပေါင်းပါ ပရိသတ်တို့နှင့် အစုံအညီ ညစာများကို အခွန့်ဝန်

---

၁။ မင်းတုန်းမင်းတရားကြီး၏ ခမည်းတော် သာယာဝတီမင်းတရားကြီး

၂။ **ကွမ်းထောက်** – ခရီးတွင် စခန်းချသည်။ (မြန်မာအဘိဓာန်၊ စာ – ၄၁)

၃။ De Britto ၄။ ပဲခူး



www.burmeseclassic.com

www.burmeseclassic.com



ဦးဝိုက်က လုပ်ကျွေးပြုစု စားသောက်ကြ၍၊ ၄ နာရီအချိန် သင်္ဘောသို့ဆင်း၍ ပြန်လာကြသည်။ ၎င်းနေ့ သွားသည်က ပြန်သည်တိုင် မိုးလေ မရှိ။ နေလည်း ပြင်းစွာ မပူလွန်း။ ဥတု အလွန် ကောင်းသည် ဖြစ်၍ အပေါင်း ပရိသတ်တို့ ကြည်လင်ရွှင်လန်း ချမ်းချမ်းသာသာ ရှိကြသည်။ သန်လျင်မြို့ မြေနေ ရေနေ သစ်ပင် ဥယျာဉ် အနေအထားများမှာ စစ်ကိုင်းမြို့နှင့် ခပ်သွင်သွင် တူသည်။ ရေလည်း ဘဟန်းဆန်သောကြောင့် အလွန် ကောင်းသည်။ စကားပန်းလည်း အထူးသဖြင့် မွှေးသည်။ အပွင့်လည်း ကြီးသည်။ အဆင်းလည်း လှသည်။

**၎င်းလဆန်း ၁၂ ရက်** [၁] အင်္ဂါနေ့ ၉ နာရီအချိန် ဝန်ထောက်ဦးအုန်း လာရောက်ပြီးလျှင်၊ နက်ဖြန် မိန်းမငယ်တို့ ပညာသင်သည် ကျောင်းတိုက်၊ အစိုးရနှင့် ဆိုင်သည် ပညာသင်ကျောင်းတိုက်များကို ပြသလိုပါသည်။ နက်ဖြန် ၁၀ နာရီ၊ ၁၁ နာရီအချိန် အတွင်းဝန် ဒန်ကင်း သံတော်တို့ကို ရထားနှင့် တင်ယူလာပါလိမ့်မည် ပြောဆို၍၊ ယမန်နေ့က သန်လျင်မြို့ ကျိုက်ခေါက်စေတီတော်သို့ သွားရောက်သည် ပျော်ပါးကြ၏လား၊ ဒန်ကင်းက မေးကြောင်းများနှင့် ပြောဆိုသည်။ အလွန် ပျော်ပါးကြောင်း၊ မိုးလေ အနှောင့်အယှက် မရှိ ချမ်းသာကြောင်းများကို ပြောဆိုလိုက်သည်။ ၎င်းနေ့ ၃ နာရီအချိန် ဝန်ထောက် မောင်အုန်း၊ စာရေး မောင်ကြီး လာရောက်၍ မွေ့သတ်စာအုပ် ၂ ကို ပေးပို့လာသည်။ ၎င်းနေ့ **မူလာ** [၂] ကိုယ်စားလှယ် **ဟာရှင်မယ်တယ်** [၃] သံတော်တို့ရှိရာ လာရောက်ပြီးလျှင်၊ နက်ဖြန် သံတော် အရာရှိ၊ အပေါင်းပါ ပရိသတ်တို့ကို သံတဲသို့ လာရောက် စားပွဲခင်းကျင်း ကျွေးမွေးရန် အခွင့်တောင်းသောကြောင့် အခွင့်ပေးလိုက်သည်။ ၎င်းနေ့ မြန်မာသတင်းစာဆရာ အဟီက ဝန်ရှင်တော်မင်းကြီးသို့ ထောပတ်ထမင်း ကိရိယာစုံများကို ပို့လာပြီးလျှင်၊ စာရေးတော်ကြီးနှင့် သံတော်အရာရှိတို့ကို ညစာစားပွဲ ဖိတ်ကြားပြုစုသည်။ ၎င်းနေ့ စစ်ကဲ မောင်လွန်း ဆိုသူ လာရောက် ၍ သံတော်တို့ အပြန်တွင် ရွှေဖဝါးတော်အောက် လိုက်လိုကြောင်းနှင့် ပြောဆို ပြန်သွားသည်။ ၎င်းနေ့ ထုံ့ပိုင်း ထုံ့ပိုင်း မိုးမပြတ် ရွာသွန်းသည်။

**၎င်းလဆန်း ၁၃ ရက်** [၄] ဗုဒ္ဓဟူးနေ့ **စူလတီလူမျိုး** [၅] ကုန်သည်ကြီး

---

၁။ ၂၂ စက်တင်ဘာ ၁၈၇၄ ၂။ Mooller and Company ၃။ Hashim Mehta

၄။ ၂၃ စက်တင်ဘာ ၁၈၇၄

၅။ စူရတီ – မြန်မာမင်းစကောရာဇ်ထံ အမိန့်တော်ခံ၍ ရန်ကုန်မြို့တွင် အခြေချပြီး ကုန်သွယ်ရောင်းဝယ် ခဲ့ကြသော အိန္ဒိယနိုင်ငံ အနောက်ပိုင်း စူရတ် (Surat) မြို့သား ကုန်သည်ကြီးများနှင့် ယင်းတို့မှ ဆင်းသက် ပေါက်ဖွားလာခဲ့ကြသူများ (ဦးသိန်းလှိုင်၊ စာ–၃၅)။



www.burmeseclassic.com

www.burmeseclassic.com



ဟာရင်မယ်တယ်က သံတော်အရာရှိ, အပေါင်းပါလူများနှင့် ရန်ကုန်မြို့ရှိ ဘုရားဒကာ ကျောင်းဒကာ စုစုပေါင်း ၆၀ ကျော်တို့ကို သံတော်တို့ကို အမှူးထား၍ သံတဲတွင် နံနက်စာ စားပွဲ ခင်းကျင်းကျွေးမွေးသည်။ စူလတီကုန်သည်ကြီး တစ်ကျိပ်ကျော်တို့လည်း ပါသည်။ ၎င်း ဟာရင်မယ်တယ်က ကျွေးမွေးသည် နံနက်စာများ စားသောက်ကြပြီးလျှင် ၎င်းနေ့ တစ်ဆယ့်တစ်နာရီအချိန် ရာဇဝတ်အရေးပိုင် ဒန်ကင်း သံတော်တို့ရှိရာ ရထားနှင့် ကြိုယူလာ၍ သံတော်အရာရှိတို့ လိုက်သွားပြီးလျှင် မြန်မာ မိန်းမငယ်များကို စာသင်သည် ကျောင်းတိုက်၊ လူငယ်များကို စာသင်သည် ကျောင်းတိုက်၊ သူနာတိုက်၊ မြူစီရန်းတိုက် လှည့်ပတ် ကြည့်ရှုကြသည်။ မိန်းမငယ်များကို ပညာသင်တိုက်မှာ မိန်းမငယ်ပေါင်း ၁၆၀၊ သင်သည်ပညာမှာ ရုပ်နာမ် ခန္ဓာခွဲ, ဒုစရိုက်ခွဲ, မင်္ဂလသုတ်၊ လက်အလုပ် ပညာများမှာ ပန်းပြောက် ပန်းပွင့် ရွှေကြယ် **နဂါးထား**[၁] ထိုး အချုပ်အလုပ်မှုများကို သင်ကြားရသည်။ သင်ပုန်းကြီးက စ၍ မြန်မာစာ အမျိုးမျိုးများကို သင်ကြားရသည်။ လူငယ်တို့ သင်ကြားသည် ကျောင်းမှာ အင်္ဂလိပ်ဘာသာ ကမ္ဘာလုံးပညာ **အရိသမတိတ်**[၂] အစရှိသော တွက်နည်း အမျိုးမျိုးများကို သင်ကြားရသည်။ ပညာသင် လူငယ်ပေါင်း ၂၈၅ ရှိသည်။ သူနာတိုက်မှာ မြန်မာ မွန် ကုလား သိုးဆောင်း မည်သည့်လူမျိုး မဆို၊ မည်သည့်ရောဂါ မဆို အရပ်ရပ် လူနာများကို ပြုစုကုမသည်။ လူနာပေါင်း ယောကျ်ား မိန်းမ ၁၁၈ ရှိသည်။ ၎င်းပြင် ကုဋ္ဌရောဂါ စွဲသူတို့ကို ကုသရာတိုက်၊ ကျောက်ရောဂါ စွဲသူတို့ကို ကုသရာတိုက်၊ လူကောင်ကို ဖျက်ဆီးကြည့်ရှုရာ တိုက်များလည်း အသီးအသီး သန့်ခြား၍ တစ်ဌာနစီ ရှိသည်။

မြူစီရန်းတိုက်မှာ တည်ထောင်စ ဖြစ်၍ ပြောပလောက်အောင် မရှိသေး။ အသင့်အလျော်မျှသာ ရှိသည်။ သို့သော်လည်း မွန်ပိုင်းသုံးရပ်တွင် အဦးအစ ဖြစ်၍ လာရောက်ကြည့်ရှုသူ ရဟန်းရှင်လူ မိန်းမ ယောကျ်ား မွန် မြန်မာ ရှမ်းမှ စ၍ လူအမျိုးမျိုး ထွက်ဝင်မစဲ ကြည့်ရှုကြသည်။ ၎င်း အရပ်ရပ် ကြည့်ရှုရန်များကို ရာဇဝတ် အရေးပိုင် ဒန်ကင်း၊ အကောက်ဝန် ဟောင်း **ဧတွယ်**[၃]၊ ဝန်ထောက် မောင်အုန်းတို့ ကြီးကြပ်လိုက်ပြ ကြည့်ရှုရသည်။ ပြီးလျှင် တည်းနေရင်း သံတဲသို့ ပြန်လာကြသည်။ ဟာရင်မယ်တယ်နှင့် အစည်းအဝေးပါ ပရိသတ်တို့လည်း အကွဲအပြား အပြန်အသွား မရှိ၊

---

၁။ နဂါးထား – အဝတ်အထည်တို့၌ ခြယ်လှယ်ထားသော ရွှေချည် ငွေချည် (ဦးသိန်းလှိုင်၊ စာ–၇၄)

၂။ Arithmetic ၃။ Edward



www.burmeseclassic.com

www.burmeseclassic.com



စည်းဝေး စောင့်နေနှင့်ကြ၍ ၎င်းတို့နှင့် ပျော်ပျော်ပါးပါး စကားပြောဆို တစ်နေ့လုံး စည်းဝေးကြပြီးလျှင် ၎င်းပရိသတ်တို့ကို ၎င်းနေ့ည ၆ နာရီအချိန် ဟာရှင်မယ်တယ်က ညစာစားပွဲ ခင်းကျင်း ကျွေးမွေးပြန်သည်။ နံနက်စာ ညစာ ပရိသတ်တို့ကို ကျွေးမွေးရန်စရိတ်၊ ၎င်းပရိသတ်တို့ စီးရန် ရထား ငှားခစရိတ်၊ အရပ်ရပ် ဟာရှင်မယ်တယ်မှာ ဒင်္ဂါး ၆၀၀ ကုန် ခင်းကျင်း ပြုစုကျွေးမွေးသည်။ ၎င်းနေ့ ၈ နာရီအချိန်မှ အပေါင်းပါ ပရိသတ်တို့ အသီးအသီး ပြန်သွားကြသည်။ ၎င်းနေ့ ထုံ့ပိုင်း ထုံ့ပိုင်း မိုး မပြတ် ရွာသွန်း သည်။

**၎င်းလဆန်း ၁၄ ရက်** [၁] ကြာသပတေးနေ့ တစ်ဆယ့်တစ်နာရီအချိန် ပြည်မြို့ အရေးပိုင် **ကော်လော်နဲက် မက္ကမေဟန်** [၂] သံတော်တို့ရှိရာ လာသည်။ ဘင်္ဂလားမြို့တွင် သံတော်တို့နှင့် အဝင်အထွက်သာ လွဲကြောင်း၊ ယခု ဆိုက် သည် သင်္ဘောတွင် ရန်ကုန်မြို့ ရောက်ကြောင်း၊ မာကြောင်း သာကြောင်းမှ စ၍ မိတ်ဆွေစကား ပြန်လှန်ပြောဆို အတန်ငယ်နေ၍ ပြန်သွားသည်။ နက်ဖြန်ထွက်မည် မီးသင်္ဘောတွင် ပြည်မြို့သို့ အလျင်လိုက်နှင့်၍ သံတော် အရာရှိတို့ကို ပြည်မြို့က ဆီးကြိုပါမည် အကြောင်းနှင့် ပြောသည်။ ဒန်ကင်း အိမ်တွင် တည်းသည်။ ၎င်းနေ့ တစ်နာရီအချိန် **ဘုန်းကြီး ဘီကန်တက်** [၃] လာရောက်၊ ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်သည်။ ၎င်းနေ့ ၅ နာရီအချိန် စာရေးတော်ကြီး မင်းလှဇေယျသူ ပြည်အရေးပိုင်ရှိရာ ဒန်ကင်းအိမ်သို့ သွား၍ နှုတ်ဆက်သည်။ ၎င်းနေ့ ၆ နာရီအချိန် သံတော်အရာရှိ၊ အပေါင်းပါ လူကြီးလူငယ်တို့ သူဌေးကတော်အိမ်သို့ စားပွဲထိုင်သွားကြသည်။ ၎င်းအိမ် တွင် ဘုရားဒကာ ကျောင်းဒကာ၊ ကုန်သည်ကြီး လူကြီးလူငယ် ၁၀ ကျော် တို့နှင့် ဝမ်းမြောက်ဝမ်းသာ စားပွဲ စားသောက်၊ ၈ နာရီအချိန်မှ ပြန်လာ ကြသည်။ မိုးလည်း ထုံ့ပိုင်း ထုံ့ပိုင်း မပြတ် ရွာသွန်းသည်။

**၎င်းလဆန်း ၁၅ ရက်** [၄] သောကြာနေ့ ကျောင်းတော်ရာသို့ သွား၍ ဥပုသ်ဆောက်တည်ကြသည်။ ၎င်းကျောင်းတော်ရာတွင်လည်း ကျောင်း ဒကာ ဦးဘိုးညှင်း၊ တန်ဆောင်းဒကာ ဦးရွှေပြည့်၊ ကျောင်းဒကာ ဦးဘော့ တို့က သံတော်အရာရှိ၊ အပေါင်းပါလူတို့ကို ကောင်းမွန်စွာ ကျွေးမွေးပြုစု ကြသည်။ ၎င်းပြင် ဘုရားဒကာ ကျောင်းဒကာ လူကြီးလူကောင်းတို့လည်း အများ လာရောက် စည်းဝေးကြသည်။ ၎င်းနေ့ ၃ နာရီအချိန် ဆံတော်ရှင်

၁။ ၂၄ စက်တင်ဘာ ၁၈၇၄ ၂။ Colonel Mc Mahon ၃။ Bishop Bigandet
၄။ ၂၅ စက်တင်ဘာ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသို့ သွားရောက် ပူဇော်ပြီးမှ ပြန်လာကြသည်။ ၎င်းဘုရားက အပြန်တွင် အစိုးရနှင့်ဆိုင်သည် ကုမ္ပဏီ၊ ဥယျာဉ်၊ ပုဇွန်တောင်၊ ဗိုလ်တထောင် အရပ်များသို့ လှည့်ပတ်၍ ပြန်လာကြသည်။ သံတော်အရာရှိတို့ သင်္ဘောသို့ ဆင်းလျှင် ကောင်းမွန်စွာ လိုက်ပို့လိုသည် ဖြစ်၍ နက်ဖြန် ၁၂ နာရီအချိန်မှ သင်္ဘောသို့ ဆင်းပါမည် အကြောင်းနှင့် ဒန်ကင်းက ပြောဆိုလာသည်။ တန်ဆောင်းအမ၊ ကျောင်းအမတို့က မင်းကြီးနှင့် စာရေးတော်ကြီးတို့ကို ဂျပန် ကွမ်းအစ် တစ်လုံးစီ ပေးလာသည်။

**၎င်းလပြည့်ကျော် ၁ ရက်**[၁] စနေနေ့ ၇ နာရီအချိန် သံတော်အရာရှိတို့ ရွှေဖဝါးတော်အောက် ပြန်တော့မည် ဖြစ်၍ ဒန်ကင်းအိမ်သို့ သွားရောက် နှုတ်ဆက်ကြသည်။ ၎င်းနေ့ ၉ နာရီအချိန် စာရေးလူငယ်တို့ ဝန်သေတ္တာ အသုံးအဆောင်များကို ယူ၍ သင်္ဘောသို့ ဆင်းကြသည်။ ၎င်းနေ့ ၁၂ နာရီအချိန် ဒန်ကင်းနှင့် ရာဇဝတ် အရေးပိုင်တို့ သံတော်အရာရှိတို့ရှိရာ လာရောက်ပြီးလျှင် သံတော်တို့နှင့်အတူ သင်္ဘောဆိပ်ကမ်းရောက် လိုက်ပို့၊ သံတော်တို့ သင်္ဘောသို့ဆင်းမှ ပြန်သွားကြသည်။ ၂ နာရီအချိန် ရန်ကုန်မြို့ ဆိပ်ကမ်းက သင်္ဘောနှင့် ထွက်ခဲ့ကြသည်။ ကျောင်းဒကာ ဦးဘိုးညွှန်း၊ ကျောင်းဒကာ ဦးဘော့၊ ကျောင်းဒကာ ဦးဘိုးကြီး၊ တန်ဆောင်းဒကာ ဦးရွှေပြည့်၊ ကျောင်းဒကာ ဦးကြာငုံ၊ သူဌေးကတော်၊ တန်ဆောင်းအမ၊ ကျောင်းအမတို့နှင့် မြန်မာ လူကြီးလူကောင်း ၃၀ ကျော်၊ မူလာ ကိုယ်စားလှယ်၊ ဟာရှင်မယ်တယ်နှင့် စူလတီ ကုန်သည်ကြီး လူပေါင်း ၂၀ ကျော်တို့ ကြည့်မြင်တိုင်ရွာရောက် လိုက်ပို့ကြသည်။ ၎င်းနေ့ ကြည့်မြင်တိုင်တွင် စခန်းချရပ်၍ ကျောင်းဒကာ တန်ဆောင်းဒကာ လူကြီးများနှင့် သူဌေးကတော် တန်ဆောင်းအမ ကျောင်းအမတို့ကို သံတော်တို့က ညစာထမင်း ကျွေးလိုက်သည်။ ၎င်းပရိသတ်တို့လည်း အချိန်ကုန်မှ ပြန်သွားကြသည်။

**၎င်းလပြည့်ကျော် ၂ ရက်**[၂] တနင်္ဂနွေနေ့ နံနက် ၆ နာရီအချိန် ကြည့်မြင်တိုင် ဆိပ်ကမ်းက ထွက်ခဲ့ကြသည်။ ရေဝတီမြစ်က ရေတိုးဆဲ ဖြစ်၍ ဒိုက် သရိုက် အလွန် မျောသည်။ ရေတိမ် စည်းသောင်လည်း ကင်းသည်။ ၎င်းနေ့ ၄ နာရီခွဲအချိန် ဓနုဖြူ ဆိပ်ကမ်းသို့ ဆိုက်ရောက်၍ ၎င်းမြို့တွင် စခန်းချရပ် ထင်း တင်ဆောင်ကြသည်။ ဓနုဖြူမြို့ ဆိပ်ကမ်းသို့ ဆိုက်လျှင် ဆိုက်ချင်း တစ်နာရီခန့် မိုးသည်းစွာ ရွာသည်။ ည ၇ နာရီအချိန်က စ၍လည်း မိုးသည်းစွာ တစ်နာရီခန့် ရွာသည်။ ၎င်းနေ့ ခရီး ၂၂ တိုင် ရောက်သည်။

၁။ ၂၆ စက်တင်ဘာ ၁၈၇၄ ၂။ ၂၇ စက်တင်ဘာ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ၾငင်းလပြည့်ကျော် ၃ ရက်[၁] တနင်္လာနေ့ ခနေဖြူဆိပ်ကမ်းက ထွက်လာခဲ့ရာ တစ်နာရီအချိန် ဟာသံတ ဆိပ်ကမ်းသို့ ဆိုက်ရောက်၍၊ ၂ နာရီခန့် ရပ်နေပြီးလျှင် ထွက်မြဲ ထွက်ခဲ့ရာ၊ ၅ နာရီအချိန် မိုးသည်းထန်စွာ ရွာသောကြောင့် သမ္ဘရာဒိုင်းရွာအနီး မြစ်လယ်တွင် ကျောက်စွဲရပ် အိပ်နေကြသည်။ ၎င်းနေ့ ၃ နာရီအချိန် ဟာသံတဆိပ်ကမ်းက အလွန်တွင် ဓာတ်လှေစီး အဆောင်တော်မြဲ မောင်ငြိမ်းနှင့် တွေ့သည်။ မြေထဲဝန်က လျှောက်သည် စာကို ရသည်။ စာတွင် ပါသည်မှာ– မြေထဲမြို့ ညံတောအင်း ဆိပ်ကမ်းတွင် ရှိသည် သံချိန် ၁၀၀၀၀ ကို သင်္ဘောတော်တွင် တင်လိုက်ရမည် လွှတ်တော်က ဆင့်ဆိုသောကြောင့် ၎င်းသံများကို တင်ပါရမည် အကြောင်းနှင့် ပါသည်။ ၎င်းစာကို ပေးပြီးလျှင် အဆောင်တော်မြဲ မောင်ငြိမ်း စုန်သွားသည်။ ၎င်းနေ့ ခရီး ၁၈ တိုင် ရောက်သည်။

၎င်းလပြည့်ကျော် ၄ ရက်[၂] အင်္ဂါနေ့ သမ္ဘရာဒိုင်းရွာအနီး မြစ်လယ်က ထွက်ခဲ့ရာ၊ နံနက် ၆ နာရီအချိန် ရွှေကျင်ရွာအောက် မြစ်လယ်တွင် ရတနာယာဉ်ပျံ မီးသင်္ဘောတော်နှင့် တွေ့သည်။ ၎င်းအစဉ်အတိုင်း ထွက်ခဲ့ပြန်ရာ ၂ နာရီအချိန် မြန်အောင်မြို့သို့ ဆိုက်ရောက်၊ ထင်းအပြည့်အစုံ တင်ဆောင်ကြသည်နှင့် ၎င်းဆိပ်ကမ်းတွင် စခန်းချရပ် အိပ်နေကြသည်။ ၎င်းနေ့ ၄ နာရီ အချိန်က စ၍ မိုးလည်း သည်းထန်စွာ ၂ နာရီခန့် ရွာသည်။

၎င်းလပြည့်ကျော် ၅ ရက်[၃] ဗုဒ္ဓဟူးနေ့ နံနက်စောစော မြန်အောင်မြို့ ဆိပ်ကမ်းက ထွက်ခဲ့ရာ၊ ၎င်းနေ့ ၂ နာရီခွဲအချိန် ပြည်မြို့ ဆိပ်ကမ်းသို့ ရောက်သည်။ သံတော်အရာရှိ၊ အပေါင်းပါလူ၊ ရွှေဖဝါးတော်အောက်က အကြိုလာရောက်သည်လူ၊ သင်္ဘောတော် အရာရှိတို့ အစုံအညီ ဆံတော်ရှင် ဘုရားသို့ သွား၍ ဖူးမြော်ကြသည်။ ၎င်းလူတို့ သဒ္ဓါသမျှ ကြေးငွေ ထုတ်ပေးကြ၍ ရွှေဆိုင်းရေ ၁၁၊ ကျောက်ဖယောင်းတိုင် ထုပ်ရေ ၂၊ ဖယောင်းတိုင်ငယ် ၁၀၀ ကျော်၊ ရေချမ်းအိုး ၅၀၊ ထီးတံခွန် အမွှေးအထုံတိုင်များကို ဝယ်ခြမ်းကြပြီးလျှင် အစုံအညီ ဆံတော်ရှင်ဘုရားကို ပူဇော်ကြသည်။ ရွှေဆိုင်းရေ ၁၁၊ ကျောက်ဖယောင်းတိုင် ထုပ်ရေ ၂ များကို ကောင်းမွန်စွာ ကပ်လှူ ပူဇော်ရအောင် ၎င်းဆံတော်ရှင်ဘုရားအနီး ပါဒကျောင်း ဆရာတော်သို့ အပ်ထားခဲ့သည်။ သီဂ၁သည် ဒက္ခိဏများကိုလည်း အထိုက်အလျောက် ပေးကမ်းခဲ့သည်။ ၎င်းဆံတော်ရှင်ကုန်းကို သုဒဿနတောင် ခေါ်ကြောင်း၊ အရံတောင် ၉ လုံး ရှိကြောင်း၊ ၉ လုံးအမည်မှာ စကားတောင်, ကြက်တင်း

[၁]။ ၂၈ ဇက်တင်ဘာ ၁၈၇၄ [၂]။ ၂၉ ဇက်တင်ဘာ ၁၈၇၄ [၃]။ ၃၀ ဇက်တင်ဘာ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



တောင်, ယုန်ဖြူတောင်, ပထိုးကြီးတောင် (ဖွတ်ခတောင်လည်း ခေါ်သည်), ရွှေမြင်တင်တောင်, ကြပ်တင်တောင်, ဖွပ်လည်တောင်, ဖွပ်သိုက်တောင်, ရသေ့တောင်၊ ဤကား တောင်ရံ ၉ လုံး အမည်တည်း။ ၎င်းကုန်းတောင် အရှေ့ မနီးမဝေးတွင် ရှေး ကြာနီကန် ဆရာတော် သီတင်းသုံးတော်မူသည် ကြာနီကန်တိုက်၊ ဝန်တောင်လယ် ဆရာတော် သီတင်းသုံးနေသည် ဝန်တောင်လယ်တိုက်၊ ပါဒကျောင်းတိုက် ရှိကြောင်းများကိုလည်း ပြောဆိုကြားသိရသည်။ ၎င်းကုန်းတော်ပေါ်က အရှေ့သို့ မျှော်ကြည့်လျှင် သရေခေတ္တရာ ရသေ့မြို့အနီးရှိ စေတီတော်ကြီးများကို မြင်ရသည်။ ၎င်းဆံတော်ရှင် ဘုရားမှာ စေတီရံ ဆူရေ ၉၅ ရှိသည်။ စေတီရံမှာ ဘုရားပေါ်တွင် တည်ထားသည် မဟုတ်။ ရှေးအထက် တည်ရင်း ဖိနပ်တော်အောက် စိန်ထောင်ပတ်လည် ကာရံရင်း နေရာတွင် တစ်စပ်တည်း ပတ်လည် စေတီရံ လုပ်ဆောင်သည်။ နောက်မှ လုပ်ဆောင်သည် လက္ခဏာ ရှိသည်။ အတွင်းက ကြည့်လျှင် အထက် စိန်ထောင်ဟောင်းများကိုပင် တွေ့မြင်ရသေးသည်။ ၎င်းဆံတော်ရှင် ဘုရားကို တစ်နာရီခန့် ဖူးမြော် ပြန်လာကြသည်။ မိုးလည်း စိပ်စိပ် ရွာသည်။ ၎င်းနေ့ ၆ နာရီအချိန် ပြည်မြို့ အရေးပိုင် ကော်လော်နက် မက္ကမေဟန် သင်္ဘောတော်သို့ လာ၍ သံတော်အရာရှိတို့ကို နှုတ်ဆက်သည်။ သံတော်အရာရှိတို့ ပြည်မြို့သို့ ရောက်၍ နက်ဖြန် စောစောထွက်လာလိမ့်မည် အကြောင်းကိုလည်း သရက်မြို့ရှိ အရေးပိုင် **အီဒင်**[၁] ထံ ကြေးနန်းနှင့် ပြောဆိုမည် အကြောင်းကို ပြောဆို ပြန်သွားသည်။

၎င်းလပြည့်ကျော် ၆ ရက်[၂] ကြာသပတေးနေ့ နံနက် ၆ နာရီအချိန် ပြည်မြို့ ဆိပ်ကမ်းက ထွက်ခဲ့ရာ၊ ၎င်းနေ့ ၂ နာရီခွဲအချိန် သရက်မြို့ ဆိပ်ကမ်းသို့ ဆိုက်လျှင်ဆိုက်ချင်း သရက်မြို့ အရေးပိုင် **ဗလန်း**[၃]၊ အီဒင် အတွင်းစာရေးကြီး၊ ကုန်းတပ်ဗိုလ်၊ ထောင်မှူးတို့ ရထားနှင့် သင်္ဘောဆိပ်ရောက် ကြိုယူလာ၍ သံတော်အရာရှိ၊ သင်္ဘောတော်စီး ဗြဲတိုက် သံဆင့်တို့ ရထားစီးနင်း၊ အီဒင်အိမ်သို့ တက်သွားကြသည်။ အီဒင်လည်း ကောင်းမွန်စွာ ဆီးကြို၍ မာကြောင်း သာကြောင်း၊ အနောက်တိုင်းပြည် အကြောင်းအရာ၊ လမ်းခရီး ဥတုရာသီမှ စ၍ အရပ်ရပ် မိတ်ဆွေဖြစ် စကားများကို ပြန်လှန်ပြောဆိုပြီးလျှင် အိန္ဒိယ ဘုရင်ခံမင်းထံသို့ ဝင်ခဲ့သည် အကြောင်းအရာ၊ အိန္ဒိယ ဘုရင်ခံမင်းက ကောင်းမွန်စွာ လက်ခံ တွေ့မြင် စားပွဲဖိတ်ကြား ပျော်ပျော်ပါးပါး ရှိသည် အကြောင်းအရာ၊ ရန်ကုန်မြို့သို့ ရောက်လျှင်လည်း ရန်ကုန်မြို့ အရာရှိတို့က

၁။ *Eden* ၂။ ၁ အောက်တိုဘာ ၁၉၃၆ ၃။ **Blum**



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမွန်စွာ နေရာချထား ကျွေးမွေးပြုစု၊ သန်လျင်မြို့ ကျိုက်ခေါက်ဘုရား သို့ လိုက်ပို့ သွားရောက်သည် အကြောင်းအရာများကို ပြောဆိုပြီးလျှင် ကြိုလာရင်း အရာရှိတို့နှင့်အတူ သင်္ဘောတော်သို့ ပြန်လာကြသည်။ အီဒင်က သံတော်အရာရှိတို့ကို ညစာစားပွဲ ဖိတ်လိုက်သည်။ သရက်မြို့ အရေးပိုင်နှင့် လိုက်ပို့ရင်း အရာရှိတို့လည်း သင်္ဘောတော်ရောက် လိုက်ပို့၊ ဝမ်းမြောက် ဝမ်းသာ တစ်နာရီခန့် စကားပြောဆို နေထိုင်ပြီးမှ ပြန်သွားကြသည်။ အသွား အပြန် မိုးလည်း အတန်ငယ် ရွာသည်။

ငင်းနေ့ည ၇ နာရီအချိန် သံတော် အရာရှိတို့ကို အကြိုအယူ သမ္ဗန်နှင့် စေလွှတ်သောကြောင့် သံတော်အရာရှိတို့ ငင်းသမ္ဗန်ကို စီး၍ လိုက်သွားကြ သည်။ ရောက်လျှင် ကောင်းမွန်စွာ ဆီးကြို၍ အထက် အကြိုလာရင်း အရာရှိ၊ ငင်းပြင် အင်္ဂလိပ်စာသင်ဆရာ တပ်ဗိုလ်ကြီးများနှင့်အတူ ပျော်ပျော်ပါးပါး စည်းဝေးနေထိုင်ကြပြီးလျှင် –

> မွန် ၃ ရပ် နိုင်ငံများမှာ ကျွန်ုပ် အကြီးအအုပ် ပြုလုပ် နေထိုင် ရပါသည်။ မြန်မာနိုင်ငံတော်မှာလည်း ဝန်ရှင်တော် ကင်းဝန်မင်းကြီး လူကြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့ ၂ ဦး စုံမက်ချစ်ခင် တစ်ဦးကို တစ်ဦး ယုံကြည်လေးမြတ် အမြဲ ဆက်ဆံရအောင် သဘောထား၍ ပေါင်းသင်း လိုကြောင်း၊ တောင်တောင် မြောက်မြောက် အခြားလူတို့ ပြောဆို သမျှကို ယုံကြည်ရန် မရှိကြောင်း၊ ကြောင်းရာထူးထွေ ရှိလျှင် ဝန်ရှင် တော်မင်းကြီးက ကျွန်ုပ်ကို တိုက်ရိုက် မေးပါ။ ကျွန်ုပ်ကလည်း ဝန်ရှင် တော်မင်းကြီးကို တိုက်ရိုက် မေးမြန်း ပြောဆိုပါမည် အကြောင်းများ

နှင့် အရေးပိုင် အီဒင်က ပြောဆိုရာ၊ ဝန်ရှင်တော်မင်းကြီးက–

> ကျွန်ုပ်တို့သခင် ဘုန်းတော်ကြီးလှသော ဘုရားလည်း အခြားသူတို့ ပြောဆို တင်လျှောက်သည် စကားကို ယုံကြည်တော်မမူ။ ကျွန်ုပ်ကလည်း ကြောင်းရာထူးထွေရှိလျှင် အရေးပိုင်မင်းကြီးထံ တိုက်ရိုက် မှာထား ပြောဆိုမည် အကြောင်း

နှင့် ပြန်ပြောသည်။ ပြီးလျှင် –

> ဝန်ရှင်တော်မင်းကြီးနှင့် တွေ့ရသည်ကို အလွန် ဝမ်းမြောက် ဝမ်းသာ ရှိပါသည်။ ဝန်ရှင်တော်မင်းကြီးကဲ့သို့ မြန်မာ မှူးတော် မတ်တော်များ မပြတ် လာရောက် တွေ့ကြုံရလျှင် တစ်ဦးသဘောကို တစ်ဦး သိ၍ အတိုင်းထက်အလွန် ၂ ဦး ၂ ဖက် အကျိုးစီးပွား ဖြစ်ထွန်းရန် ရှိကြောင်းများ

နှင့် အရေးပိုင် အီဒင်က ပြောဆိုရာ –



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကဲ့သို့ နောက်ကိုလည်း အခြား မှူးတော် မတ်တော်များကို မပြတ် စေလွှတ်တော်မူလိမ့်မည် အကြောင်း

နှင့် ပြောဆိုသည်။ နောက် –

မြန်မာနိုင်ငံဖြစ် မြင်းများကို သိုးဆောင်းလူမျိုးတို့ အလွန်ချီးမွမ်းသည်။ သို့သော်လည်း အလုံးအရပ် ငယ်သည် ဖြစ်၍ မြန်မာနိုင်ငံ မြင်းနှင့် အာရပ်မြင်း စပ်ရလျှင် အထူးသဖြင့် ကောင်းရန်ရှိသည်။ သို့ဖြစ်၍ အာရပ် မြင်းကောင်းတစ်စီး ဘုန်းတော်ကြီးဘုရားကို ဆက်လိုက်ပါမည်။ ရောက်လျှင် ဝန်ရှင်တော်မင်းကြီး ကောင်းမွန်စွာ ကြည့်ရှုပါမည် အကြောင်း

နှင့် ပြောဆိုပါသည်။ ဝန်ရှင်တော်မင်းကြီးကလည်း ကောင်းမွန်စွာ ကြည့်ရှုမည် အကြောင်းနှင့် ပြန်ပြောသည်။

ပြီးလျှင် အစည်းအဝေးပါ ပရိသတ် ၁၀ ကျော်တို့နှင့် ညစာစားပွဲစားကြ၍ ဝမ်းမြောက်ဝမ်းသာ ပြောဆို နေထိုင်ကြပြီးလျှင်၊ ၎င်းနေ့ည ၉ နာရီ အချိန်မှ ပြန်လာကြသည်။ အာလန်မြို့ အကောက်တိုက်တွင် သဘော်ဆိုက်ရမြဲ ရှိသည်ကို အဆိုက်အရပ် အမေးအမြန်း အကြည့်အရှု မရှိရအောင်၊ သရက်မြို့ အရေးပိုင်က အကောက်တိုက် အရာရှိတို့ကို ဆင့်ဆို၍ သင်္ဘောတော် ကပ္ပိတန်သို့ လက်မှတ်ပေးလာသည်။ ဝန်ရှင်တော်မင်းကြီး၊ စာရေးကြီးမင်းတို့ ရုပ်ပုံများကို အရေးပိုင် အီဒင်နှင့် သရက်မြို့ အရေးပိုင်တို့ကို တစ်ခုစီ ပေးခဲ့သည်။ သရက်မြို့ အရေးပိုင်ကလည်း ရုပ်ပုံ တစ်ခုစီ ပေးလိုက်သည်။ ၎င်းနေ့ ခရီး ၁၅ တိုင် ရောက်သည်။

**၎င်းလပြည့်ကျော် ၇ ရက်** [၁] သောကြာနေ့ ၆ နာရီအချိန် သရက်မြို့ ဆိပ်ကမ်းက ထွက်လာရာ ၁၁ နာရီအချိန် ဆင်ပေါင်ဝဲသို့ ဆိုက်ရောက်၊ မလွန် ၃ မြို့ဝန် အောက်မြစ်စဉ် စစ်ကဲ လေ့တော် ၃ စင်းနှင့် ဆီးကြိုပြီးလျှင် ဆင်ပေါင်ဝဲတွင် မရပ်မဆိုင်း ထွက်လာ၍ ညံတောအင်းရွာသို့ ရောက်လျှင် ၎င်းဆိပ်ကမ်းရှိ သံတော် ၁၃၀၀၀ ကျော် တင်ဆောင်ကြသည်။ ၎င်းဆိပ်ကမ်းတွင် ၄ နာရီခန့် သံတင်ဆောင် ရပ်ဆိုင်း ထွက်လာရာ၊ ၎င်းနေ့ ၇ နာရီအချိန် မင်းလှမြို့ ဆိပ်ကမ်းသို့ ဆိုက်ရောက်သည်။ ၎င်းသို့ရောက်မှ ညစာ စားကြသည်။ ပုဂံဝန်ထောက်တော်မင်း၊ စကုမြို့ဝန်၊ မကွေးမြို့အုပ်တို့လည်း အစုံအညီ လာရောက် စည်းဝေး တွေ့ကြုံရသည်။ ၎င်းနေ့ ခရီး ၁၈ တိုင် ရောက်သည်။

[၁] ၂ အောက်တိုဘာ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ငင်းလပြည့်ကျော် ၈ ရက်[၁] စနေနေ့နံနက် သံတော်အရာရှိ၊ ပုဂံဝန်ထောက်မင်း၊ မလွန် ၃ မြို့ဝန် မြစ်စဉ်စစ်ကဲတို့ နီဗွာန်ဆိပ်ဦး တောရတိုက်သို့ သွား၍ ဥပုသ်ဆောက်တည် တရားနာကြသည်။ ပြီးလျှင် မလွန် ၃ မြို့ဝန် မြစ်စဉ်စစ်ကဲ အိမ်သို့ ပြန်၍ နံနက်စာ စားကြသည်။ ၎င်းနေ့ ၃ နာရီ အချိန် ၎င်းအရာရှိတို့ လေ့တော်များနှင့် တောင်ပေါ် တောရကျောင်းသို့ သွား၍ ဆရာတော် ဦးဝိမလစာရထံ ကန်တော့ ပူဇော် သီလခံယူကြသည်။ ၎င်း တောရကျောင်းတိုက်သို့ သွားစဉ် မိုးသည်းထန်စွာ ရွာသည်။ ၎င်းကျောင်းတိုက်က ပြန်လျှင် ရဟန်းတော် ဦးလွန်း၊ ဇာလီတောင်ဂိုဏ်းထောက် ဦးအာဒိစ္စ၊ မင်းကျောင်း ဆရာများထံ ဝင်၍ ပူဇော် ကန်တော့ကြသည်။ ၎င်းနေ့ည စကုမြို့ဝန်၊ မြင်ကွန်း တောင်ခွင် ပဋ္ဌနဂို ၃ မြို့ဝန်တို့ ဥပုသ် မစောင့်သည် ပရိသတ်တို့နှင့် ပွဲလမ်းသဘင် ပျော်ပျော်ပါးပါး ခံကြသည်။

ငင်းလပြည့်ကျော် ၉ ရက်[၂] တနင်္ဂနွေနေ့ နံနက် အထက်စည်းဝေးပါ အရာရှိစုံများနှင့် ဈေးကို ကြည့်ရှု၍ ပြီးလျှင် မလွန် ၃ မြို့ဝန် မြစ်စဉ်စစ်ကဲ အိမ်မှာ အီတလီ လူမျိုး မျက်လှည့်ဆရာ ပြသသည်ကို ကြည့်ရှုကြသည်။ ပြီးလျှင် နံနက်စာ စား၍၊ ၎င်းနေ့ ၁၀ နာရီအချိန် မင်းလှ ဆိပ်ကမ်းက ထွက်ခဲ့ကြသည်။ ပုဂံဝန်ထောက်နှင့် မြင်ကွန်း ၃ မြို့ဝန်တို့လည်း ၎င်း ဆိပ်ကမ်းက ပြန်သွားကြသည်။ စကုမြို့ဝန်၊ မကွေးမြို့အုပ်တို့မှာ သင်္ဘောနှင့် အတူ လိုက်ကြသည်။ မလွန် ၃ မြို့ဝန် မြစ်စဉ် စစ်ကဲလည်း ရေနံချောင်းမြို့ ရောက် လိုက်ပို့သည်။ မကွေးမြို့သို့ ရောက်လျှင် မကွေးမြို့အုပ်နှင့် မကွေး ဆရာကြီး ဦးစတို့ သင်္ဘောက ဆင်း၍ နေရစ်ကြသည်။ မင်းဘူး ဆိပ်ကမ်းသို့ ရောက်လျှင် စကုမြို့အုပ်နှင့် အပေါင်းပါလူတို့ သင်္ဘောက ဆင်း၍ နေရစ်ကြသည်။ ၎င်းနေ့ ၆ နာရီအချိန် ညောင်လှစွာ ဆိပ်ကမ်းသို့ ဆိုက်ရောက်သည်။ ရေနံချောင်း မြို့အုပ်လည်း ညောင်လှစွာက ဆီးကြို၍ ၎င်းဆိပ်ကမ်းတွင် ထင်းတင်ဆောင် အိပ်နေကြသည်။ မလွန် ၃ မြို့ဝန် မြစ်စဉ်စစ်ကဲလည်း ၎င်းဆိပ်ကမ်းတွင် အတူ အိပ်နေ၍ သင်္ဘော ကျောက်နုတ်မှ ပြန်သွားသည်။ ၎င်းနေ့ ခရီး ၁၅ တိုင် ရောက်သည်။

ငင်းလပြည့်ကျော် ၁၀ ရက်[၃] တနင်္လာနေ့ ညောင်လှ ဆိပ်ကမ်းက ထွက်ခဲ့ရာ စလေမြို့သို့ ရောက်လျှင် စလေမြို့အုပ် မြို့သူကြီးတို့ လှေနှင့် ဆီးကြို၍ သင်္ဘောတော်ကို စက်ရပ်ပြီးလျှင် နှုတ်ခွန်းဆက်လက်၊ မြို့အုပ် မြို့သူကြီးတို့ ပြန်သွား၊ မရပ်မဆိုင်း ထွက်လာကြသည်။ ၎င်းနေ့ည ၇

၁။ ၃ အောက်တိုဘာ ၁၈၇၄ ၂။ ၄ အောက်တိုဘာ ၁၈၇၄ ၃။ ၅ အောက်တိုဘာ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



နာရီအချိန် ပုဂံမြို့ ဆိပ်ကမ်းသို့ ရောက်သည်။ နက်ဖြန် ရွှေစည်းခုံဘုရားကို ပူဇော်ရန် သံတော်အရာရှိ၊ အပေါင်းပါလူ၊ သဘော်တော် အရာရှိ၊ အပေါင်းပါလူ၊ သဘော်စီး ယောကျ်ား မိန်းမတို့ စည်းဝေး၍ ရွှေဆိုင်းရေ ၃၀၊ ဖယောင်းမီးတိုင် ၂၀၀၀၊ ကျောက်မီးတိုင် ၃၀၊ ရေချမ်းအိုး ၂၀၀၊ စွန့်ကြဲရန် ပိုက်ဆံ ၆၄၀ များကို သဒ္ဓါတရား ရှိသည်အလျောက် စိုက်ထုတ်ကြသည်။ ၎င်းပရိသတ်တို့ နံနက်စောစော ဘုရားသို့သွားရန် လှည်းများကိုလည်း အပြည့်အစုံ ပုဂံမြို့ဝန်၊ စစ်ကဲ၊ မြို့စာရေးတို့က ဆင့်ဆို ပြင်ဆင် အသင့်ထားကြသည်။ ၎င်းနေ့ ခရီး ၂၅ တိုင် ရောက်သည်။

**၎င်းလပြည့်ကျော် ၁၁ ရက်**[၁] အင်္ဂါနေ့ နံနက် ၆ နာရီအချိန် အထက်စာပါ ပရိသတ်တို့နှင့် သဘော်တော်က ဆင်း၍ ရွှေစည်းခုံဘုရားသို့ သွားကြသည်။ မိန်းမ ယောကျ်ား လူပေါင်း ၂၀၀ ကျော်တို့ အသီးအသီး လှည်းစီးနင်း၍ မပင်မပန်း မြတ်စွာဘုရား ခြေရင်းတော်သို့ ရောက်သည်။ ဘုရားသို့ ထွက်ခါနီးတွင် မိုးလည်း သည်းစွာ ရွာသည်။ ပြီးလျှင် မိုးစဲငြိမ်၍ ဘုရားသို့ ချမ်းချမ်းသာသာ ရောက်ရသည်။ မြတ်စွာဘုရား ရင်ပြင်တော် ရောက်လျှင် အထက်စာပါ လှူဒါန်း ပူဇော်ရန်များကို လှူဒါန်းပူဇော်ပြီးလျှင် ရေချမ်းအိုး၊ ပန်းစုံစိုက်၊ ဖယောင်းမီးတိုင်များကို တင်လှူ ထွန်းညှိကြပြီးလျှင် ရွှေဆိုင်းနှင့် ကျောက်ဖယောင်းတိုင်များကို ကောင်းမွန်စွာ လှူဒါန်းရမည် ဆင့်ဆို၍ စစ်ကဲ ၂ ယောက်သို့ အပ်ခဲ့သည်။ ပြီးလျှင် စေတီတော်က ဆင်း၍ လှည်းစီးမြဲစီးကြပြီးလျှင် ညောင်ဦးရွာ သဘော်ဆိပ်သို့ လာကြသည်။ ၎င်းသဘော်ဆိပ်တွင် ပုဂံမြို့ဝန် အရာရှိတို့ ဆီးကြိုစောင့်နေ ကောင်းမွန်စွာ ပြုစု နှုတ်ဆက်၍၊ ၎င်းနေ့ ၈ နာရီအချိန် ညောင်ဦးရွာ ဆိပ်ကမ်းက ထွက်ခဲ့ကြသည်။ ၎င်းနေ့ ၅ နာရီအချိန် မြင်းခြံရွာ ဆိပ်ကမ်းသို့ရောက်၊ မြို့ဝန် အရာရှိတို့ ကောင်းမွန်စွာ ဆီးကြိုပြုစု၊ ၎င်းနေ့ည မြင်းခြံရွာ ဆိပ်ကမ်းတွင် ထင်းပြတ်သည်အခါဖြစ်၍ ကျေးရွာရှိ ထင်းများကို ဝန်အရာရှိတို့က ၎င်းနေ့ည တစ်ညလုံး စေ့စပ် နှိုးဆော်ကြသည်။ ၎င်းနေ့ ခရီး ၁၆ တိုင် ရောက်သည်။ မြင်းခြံရွာ ဆိပ်ကမ်းသို့ ဆိုက်ရောက်ကြောင်းကိုလည်း ဆိုက်လျှင် ဆိုက်ချင်း ကြေးနန်းနှင့် လွှတ်တော်သို့ မှာထားရာ၊ ၎င်းနေ့ည လင်းသည်တိုင် ကြေးနန်း မသွားသောကြောင့် မမှာ မထားရ ရှိသည်။

**၎င်းလပြည့်ကျော် ၁၂ ရက်**[၂] ဗုဒ္ဓဟူးနေ့ ကျေးရွာက ထင်းအရောက် မစုံမညီသောကြောင့် ငံ့ဆိုင်း တင်ဆောင်၍ ၎င်းနေ့နံနက် ၇ နာရီမှ မြင်းခြံ

---

၁။ ၆ အောက်တိုဘာ ၁၈၇၄ ၂။ ၇ အောက်တိုဘာ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ဆိပ်ကမ်းက ထွက်ခဲ့ကြသည်။ ၎င်းနေ့ ၁၂ နာရီအချိန် ရွှေပေါက်ပင်ရွာသို့ ရောက်သည်။ တစ်နာရီ ရပ်ဆိုင်း၍ ထင်း တင်ဆောင်ပြီး ထွက်ခဲ့ရာ ၎င်းနေ့ ၆ နာရီအချိန် ကျောက်တစ်လုံးရွာ ဆိပ်ကမ်းသို့ ဆိုက်ရောက်၊ အိပ်နေကြသည်။ ၎င်းဆိပ်ကမ်းတွင် သင်္ဘောတော် ဆိုက်လျှင်ဆိုက်ချင်း ဓာတ်လှေစီး အဆောင်မြဲ ၄ လှေ သင်္ဘောတော်က ရှေ့လွှန် သွားနှင့်သည်။ ကျောက်တစ်လုံးရွာသို့ ဆိုက်ရောက်ကြောင်း၊ နက်ဖြန် မွန်းမတည့်မီ သန်လျက်မော် ဆိပ်ကမ်းသို့ ဆိုက်ရောက်လိမ့်မည့်အကြောင်း၊ ပြင်သစ်မင်း ရာဇသံပါသည်ကို သင်္ဘောတော်တွင် ရပ်ဆိုင်းရဦးမည်, မရပ်မဆိုင်းရမည်များကို ပြန်ဆိုမှာထားပါမည် အကြောင်းနှင့် လွှတ်တော်သို့ ပေးရန်စာ၊ အဝမြို့ ကြေးနန်းရုံက လွှတ်တော်သို့ လျှောက်ထားရန်စာ၊ ဝန်ရှင်တော်မင်းကြီးအိမ် ပေးစာများကို ၎င်း ဓာတ်လှေစီး အဆောင်မြဲတွင် ပေးအပ်လိုက်သည်။ ၎င်းနေ့ ၃ နာရီအချိန် မိုးလည်း သည်းစွာ ရွာသည်။ ၎င်းနေ့ ခရီး တစ်ဆယ့်ခြောက်တိုင် ရောက်သည်။

၎င်းလပြည့်ကျော် ၁၃ ရက်[၁] နေ့ ၆ နာရီအချိန် ကျောက်တစ်လုံးရွာ ဆိပ်ကမ်းက ထွက်ခဲ့ကြသည်။ မိုးလည်း တစိပ်စိပ် ရွာသည်။ ၎င်းနေ့ နံနက် တစ်ချက်တီးကျော် ၅ မောင်း အချိန် မတဲ့ရွာ ရတနာမဉ္ဇူ ဘုရားအနီး စံနန်းတော် မြစ်ဆိပ်သို့ ဆိုက်ရောက်သည်။ ကန္တီ အတွင်းဝန်မင်း၊ စာရေးကြီးဟောင်း ဦးရဲ၊ အသုံးစာရေး ဦးဘိုးအို၊ ဦးထွန်းဦးတို့လည်း သင်္ဘောပေါ်သို့ လာရောက် နှုတ်ဆက်ကြသည်။ ကင်းဝန်မင်းကြီးကတော်၊ စာရေးကြီး ကတော်၊ လက်ဖက်ရည်တော် မောင်အောင်သူ မယား၊ ရွှေတိုက်ကြပ် မယား သားသမီး ကျေးကျွန်မှ စ၍ မှူးကတော် မတ်ကတော် ပရိသတ်တို့လည်း လှည်းရထားများနှင့် အသင့် စောင့်နေကြသည်။ ဝန်ရှင်တော် ကင်းဝန်မင်းကြီး စီးရန် ဆင် စီးရေ ၁၊ စာရေးတော်ကြီးနှင့် လက်ဖက်ရည်တော်တို့ စီးရန် ဆင် စီးရေ ၁ လည်း အသင့်ပြင်ဆင် ရှိနှင့်၍ ၎င်းမြစ်ဆိပ်က ဆင်စီးကြပြီးလျှင် နန်းတော်သို့ဝင်ရာ ၂ ချက်တီးအချိန် လွှတ်တော်တောင် အုတ်တိုက်တွင် ဝန်ရှင်တော် ခန်းပတ်မြို့စားမင်းကြီး, ပုပ္ပားဝန်ထောက်မင်း, ကင်းစဉ် ဝန်ထောက်မင်းတို့ စုညီ စောင့်နေ ဆီးကြို နှုတ်ခွန်းဆက်ကြပြီးလျှင်၊ အတွင်းတော်သို့ ဝင်ချိန် သင့်ကြောင်းနှင့် အတွင်းဝန်မင်းများက အစီရင်ခံလာသောကြောင့် ဝန်ရှင်တော် ကင်းဝန်မင်းကြီး, စာရေးတော်ကြီး, လက်ဖက်ရည်တော်, ရွှေတိုက်ကြပ်တို့ ရှေ့တော်သို့ ဝင်ကြရာ၊ တောင်

---

၁။ ၈ အောက်တိုဘာ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



နန်းတော်တွင် အတွေ့ခံတော်မူ၍ မှူးတော် မတ်တော်တို့ စုံညီ၊ ကင်းဝန်မင်းကြီး ပြင်သစ်မြို့သို့ လိုက်သွား၍ ရာဇသံ ပဏ္ဏာ လက်ဆောင်တော်များကို ပေးသွင်းခဲ့ပြီးလျှင် စာချုပ် ၆ ချက်တွင် နောက် ဖြည့်ရန် စာချုပ်ကို ပြင်သစ်လွှတ်တွင် အပ်ထားခဲ့သည့်အမှု အလွန် နေရာကျ၍ အစဉ် ရာဇမဟာမိတ် ဖြစ်ရန်ရှိသည် ချီးမွမ်းတော်မူပြီးလျှင်၊ အထက် တိုင်းကျိုးပြည်ကျိုး တိုးတက် ဖြစ်ထွန်းမည့် အကြံအစည်များကို ဗျာဒိတ်တော်မြွက် ရှိတော်မူ၍ အတွင်းတော်သို့ ဝင်ခါနီးတွင် ဝန်ရှင်တော် ကင်းဝန်မင်းကြီးက ပြင်သစ်သမ္မတမင်းက ဆက်သလိုက်သည့် ရာဇသံစာ ပါကြောင်းနှင့် ရှိခိုး သံတော်ဦးတင်လျှင်၊ ရာဇသံ မဟာမိတ် ဖြစ်သည့်အတိုင်း ရာဇသံစာကို အစဉ်ထုံးစံရှိရာ ကြိုယူမြဲ ကြိုယူစေ အမိန့်တော်မြွက် ရှိတော်မူပြီးလျှင် ဝင်တော်မူသည်။

**ရင်းလပြည့်ကျော် ၁၄ ရက်**[၁] သောကြာနေ့ ဘုန်းတော်ကြီးလှသော မင်းတရားကြီးဘုရား ဥပုသ်ယူတော်မူ၍ ရှေ့တော်သို့ မဝင် မထွက်ရ။ အိမ်တွင် ဥပုသ်စောင့်သုံး စာပေကြည့်ရှု နေထိုင်ကြရာ၊ အဆွေခင်ပွန်း မှူးတော် မတ်တော်တို့ နှုတ်ခွန်းဆက်လက် လာရောက် မေးမြန်းကြသည်။

**ရင်းလပြည့်ကျော် ၁၅ ရက်**[၂] စနေနေ့ ဘုန်းတော်ကြီးလှသော အရှင်မင်းတရားကြီးဘုရား ဥပုသ်ယူတော်မူ၍ ရှေ့တော်သို့ မဝင် မထွက်ရ။ အိမ်တွင် ဥပုသ်စောင့်သုံး စာပေကြည့်ရှု နေထိုင်ကြသည်။ ပြင်သစ်မင်းက ဆက်သလိုက်သည် ရာဇသံ ကြိုယူရန်ကိုလည်း ဝန်ရှင်တော် ခန်းပတ်မြို့စားမင်းကြီးက သွင်းစာ စီကုံးရေးသားပြီးလျှင် တပ်ဝင်း အခင်းအကျင်းများကို ဆင့်ဆိုမြဲ ဆင့်ဆိုသည်။

**သက္ကရာဇ် ၁၂၃၆ ခု သီတင်းကျွတ်လဆန်း ၁ ရက်**[၃] တနင်္ဂနွေနေ့ အထက် ဆင့်ဆိုမြဲအတိုင်း မှူးတော် မတ်တော်တို့ တပ်ဝင်း အခင်းအကျင်း အစီအစဉ်များနှင့် မတဲရွာ ရတနာမဥ္ဇူဘုရားအနီး စံနန်းတော် မြစ်ဆိပ်ရေနန်းစကြာ သဘော်တော်ရှိရာ ရာဇသံစာကို အစဉ် ထုံးစံအတိုင်း ရွှေနန်းတော်သို့ သွင်းရာ၊ ဇေတဝန်ဆောင်တော်တွင် မှူးတော် မတ်တော်တို့ ဝတ်သန့်ဝတ်ကောင်း အင်္ကျီလက်ကျယ် ရွှေစလွယ် ဆင်ယင်၍ စုံညီ ရှိနေသည်အတွင်း၊ ဘုန်းတော်ကြီးလှသော အရှင် ဘဝရှင်မင်းတရားကြီးဘုရား ထွက်စံတော်မူ၍ ရာဇသံစာကို သံတော်ဆင့် ဦးလှဘူး ဖတ်လျှောက်၍ ချလျှင် – စာရေးတော်ကြီး မောင်ရင်ခြိမ့် ပါသလား မေးတော်မူရာ၊ ဝန်ရှင်တော် ကင်းဝန်မင်းကြီးက ပါကြောင်းနှင့် ရှိခိုး သံတော်ဦးတင်၍ အဆုံးသတ်

---

၁။ ၉ အောက်တိုဘာ ၁၈၇၄ ၂။ ၁၀ အောက်တိုဘာ ၁၈၇၄ ၃။ ၁၁ အောက်တိုဘာ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



တွင် – မောင်ရင်ခြိမ့် ငါ့အမှုတော်ကို ထမ်းရွက်သည့်အရာ များလှပေပြီ။ ဝန်ထောက် ခန့်ပါဘိတော့ အမိန့်တော်မြွက် ရှိတော်မူ၍၊ သံတော်ဆင့် ဦးလှဘူးက ဝန်ထောက် ခန့်မြဲ အမိန့်တော်အတိုင်း အမိန့်တော်မှတ်ပြီးလျှင် ဖတ်လျှောက် သံတော်ဦးတင်ရာ– မဟာဘွဲ့ ပေးပါဘိ အမိန့်တော် ရှိတော်မူသည်။ ပြီးလျှင် ဝင်တော်မူသည်။ ။

သက္ကရာဇ် ၁၂၃၆ ခု သီတင်းကျွတ်လဆန်း ၃ ရက် ^၁ နေ့
ပြင်သစ်နိုင်ငံသွား နေ့စဉ်မှတ်ကို ရေးသန့်၍ ပြီးသည်။

---

၁။ ၁၃ အောက်တိုဘာ ၁၈၇၄

www.burmeseclassic.com

www.burmeseclassic.com

**သက္ကရာဇ် ၁၂၃၅ ခုနှစ်[1] ပြင်သစ်နိုင်ငံသို့ ဝန်ရှင်တော် ကင်းဝန်မင်းကြီး သံတော်ကြီး အဖြစ်နှင့် သွားစဉ် စီကုံး ရေးသားသည့် အရပ်ရပ် ပေးစာများနှင့် ဒုတိယစခန်းစဉ် ဆောင်းပါးလင်္ကာဘုရား။**

**ကြားလိုက်ပါသည်၊[2] မြန်မာသတင်းစာ ဆရာခင် ဘုရား။** အမိန့်တော်မြတ်နှင့် သံဘက်ခန့် စေလွှတ်တော်မူသောကြောင့် ဝန်ရှင်တော် ကင်းဝန်မင်းကြီး, စာရေးတော်ကြီးမင်း, လက်ဖက်ရည်တော်တို့နှင့် ကျွန်တော်တို့ ပြင်သစ်နိုင်ငံသို့ သွားရန် **၁၂၃၅ ခု တပေါင်းလပြည့်ကျော် ၁၂ ရက်**[3] နေ့ ရွှေမြို့တော် သန်လျက်မော် ဆိပ်ကမ်းက ရေနန်းစကြာ သင်္ဘောတော်နှင့် ထွက်လာခဲ့ရာ၊ **ငင်းနှစ် နှောင်းတန်ခူးလဆန်း ၇ ရက်**[4] နေ့ ရန်ကုန်မြို့ ဆိပ်ကမ်းသို့ ဆိုက်ရောက်လျှင် ရန်ကုန်မြို့ အရေးပိုင် အီဒင်က သံတဲနေအိမ်နှင့်တကွ ခင်းကျင်းပြုစု လုပ်ကျွေးရန် ဖိတ်ကြား၊ မြို့ဝန် **အာဒန်စန်း**[5] ကို စေလွှတ်၊ ရထားနှင့် ကြိုယူလာသောကြောင့် အီဒင် တိုက်အိမ်သို့ တက်သွား၊ ကောင်းမွန်စွာ လက်ခံ ပြုစုပြီးလျှင် သံတော်အရာရှိတို့ တည်းနေရန် သံတဲတွင် ပြင်ဆင်ရှိသည် ဖြစ်၍ တည်းနေစေလိုကြောင်း ပြောဆိုသည်ကာလ ပြင်သစ် သံအရာရှိတို့နှင့် အတူဖြစ်၍ ယခု တည်းနေခွင့်ကို မရ။ နောင် ပြန်လည်သည်ကာလ ဝမ်းမြောက်ဝမ်းသာ တက်ရောက် တည်းနေမည် ပြောဆို ပြန်လာကြသည့်နောက်၊ ရောက်နေ့က ထွက်နေ့တိုင် ၆ ရက်အတွင်း ရန်ကုန်မြို့ရှိ ရွှေတိဂုံ ဆံတော်ရှင်ဘုရားကို ပါသည် ပရိသတ်နှင့် တကွ ဆွမ်းတော်ကြီး ကပ်လှူရန် နှီးဆော်ချီးပင့်၍ ရန်ကုန်မြို့ ကျောင်းဒကာ ဦးဘိုးညွှင်းကို ကြီးကြပ်စေလျက် သူဌေး မဟာသီရိဘောဂသာရ, သူဌေးကတော်တို့နှင့် ရန်ကုန်မြို့ ကျောင်းဒကာ, တန်ဆောင်းဒကာ၊ ကျောင်း

---

[1]။ ခရစ်နှစ် ၁၈၇၄
[2]။ ကြားရောက်လိုက်ပါသည်။ – ဟ။
[3]။ ၁၄ မတ် ၁၈၇၄
[4]။ ၂၄ မတ် ၁၈၇၄
[5]။ အာဒါစန်း – ဟ။

www.burmeseclassic.com



အမ, တန်ဆောင်းအမ၊ လူကြီးလူကောင်း အစုံအညီ စည်းဝေး၍ စေတီတော် ရင်ပြင်စကြံ[၁] အတွင်း ခင်းကျင်း လှူဒါန်းပြီးနောက်၊ ဇင်းမယ်စော်ဘွား သား အမတ်လူကြီး, မော်လမြိုင်မြို့ ကတိုးရွာနေ သစ်ခေါင်းကြီးတို့ သံတော် အရာရှိတို့ထံ လာရောက် နှုတ်ဆက် မိတ်ဆွေပြုလုပ် ရှိသည်။ ရန်ကုန်မြို့ရှိ ဘုရားဒကာ ကျောင်းဒကာ တန်ဆောင်းဒကာတို့လည်း ပြုသင့်ပြုထိုက်သမျှ လောကဝတ် ရှိသည်အနက်၊ အမြင့်ဆုံးသော လောကဝတ်တို့ဖြင့် ကောင်းမွန် စွာ ပြုစု ရှိကြသည်။ **ငင်းလဆန်း ၁၂ ရက်*** နေ့ ကိုကိုးနာဒ ခေါ်သည် မီးသင်္ဘောကို စီး၍ သံတော်အရာရှိ, အပေါင်းပါလူ၊ ငင်းပြင် ရန်ကုန်မြို့တွင် နေထိုင်ရစ်သည် ပြင်သစ် သံကြီး ၁၊ သံငယ် ၂ တို့ပြင်[၂] ကျန် ပြင်သစ် ဘုရင်တူ ဆိုသူနှင့်အတူ ရန်ကုန်မြို့ ဆိပ်ကမ်းက ထွက်ခဲ့ကြပါသည်။ သည်ကို ရည်၍ –

တက်တုံတဲ့ သက်တုံ။
ပွားအကွန့်၊ ဖျားညွန့်သက်စုံခတယ်[၃] လေးပါးခတ်ပုံ။
ခုနစ်လံဒီဘေးနှင့်။ ရှေ့မယ်နွှန်းရိပ်မြို့၊ ခြံရုံလို့ ရစ်သိုင်း။
ဟံသာကွန်း၊ တုကျွန်းသာတဲ့မြေ၊ ရှည်မိတ်ဆွေ ကြည်မနော့နှင့်[၄]
သဘောဖြူ ကိုယ်တိုင် သိရှိ့ကို၊ စောမိနေ့တိုင်း။

– ဟူ၍ စပ်ဆိုလေသည်။ ။

ရန်ကုန်မြို့က ထွက်သည်မှ စ၍ **ငင်းလဆန်း ၁၃ ရက်**** နေ့ နေ ၃ ချက်တီးအချိန် မော်လမြိုင်မြို့ ဆိပ်ကမ်းသို့ ဆိုက်ရောက်သည်တိုင် ရတနာ သုံးပါး ဂုဏ်တော်၊ ဘုရားရွှေဘုန်းတော်မြတ်၊ အရပ်ရပ် ပို့သသည့် မေတ္တာ များကြောင့် လှိုင်းလေ မရှိ။ အလွန် ချမ်းသာစွာ ဆိုက်ရောက်ရသည်နှင့် ရောက်လျှင်ရောက်ချင်း မော်လမြိုင်မြို့ဝန်ကြီး ဆိုသူ ပြောင်း သံတော်တို့ရှိရာ သင်္ဘောသို့ရောက်လာ[၅]ပြီးလျှင် နှုတ်ခွန်းဆက်လက် ပြင်သစ်သံနှင့်တကွ သံတော်အရာရှိတို့ကို တိုက်အိမ်သို့ ဖိတ်ကြား ခေါ်ယူ၊ အိပ်ရာနေရာ အစား အစာ ကောင်းမွန်စွာ ကျွေးမွေးပြုစု၊ မော်လမြိုင်မြို့ရှိ သစ်ခေါင်းအကြီး, ဘုရားဒကာ, ကျောင်းဒကာတို့နှင့် ဆက်လက် ကမ်းလှမ်း၍ အကျွမ်းတဝင် ဖြစ်စေပါသည်။ ငင်းမြို့ရှိ အလုပ်ရုံ စက်ရုံ ကြည့်ရှုဖွယ် အရပ်ရပ်များကို လည်း ကိုယ်တိုင် လိုက်ပြ ကြည့်ရှုကြရပါသည်။ ငင်းမြို့ရှိ ဘုရားဒကာ

၁။ ရင်ပြင်စင်္ကြံ – ဟ။ – နာ။ ၂။ တို့ဖြင့် – ဟ။ ၃။ ဖျားညွန့်ခက်စုံခတယ် – ဟ။
၄။ ကြည်မနောနှင့် – ဟ။ ၅။ သင်္ဘောရောက်လာ – က။
* ၂၉ မတ် ၁၈၇၄ ** ၃၀ မတ် ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဒကာ သစ်ခေါင်းလှူကြီးတို့ကလည်း ဘုရား ရွှေဘုန်းတော်မြတ်ကြောင့် နှစ်လရှည်ကြာ ကွေကွင်း[၁] ကွဲပြားသော တစ်ယောက်တည်းသောသား၏ အမိသည် ကွဲပြားသော သားကို တွေ့ကြုံဘိသကဲ့သို့ အမြင့်ဆုံးသော ရှိသေခြင်း၊ အမြင့်ဆုံးသော လုပ်ကျွေးပြုစုခြင်းတို့ဖြင့် ကောင်းမွန်စွာ လုပ်ကျွေးပြုစု၍ ရှိကြပါသည်။ မော်လမြိုင်မြို့ စီရင်စု ကတိုးရွာနေ မောင်မွန်ထော်ကလည်း အရှိအသေ လာရောက်ဖိတ်မန် ခေါ်ယူလာသောကြောင့် ပွန်ဇလိုင်ဝ, မုတ္တမ အထက်၊ သန်လျက်စွန်း ဆင်ဆင် သံလွင်မြစ်ရိုး ကတိုးရွာသို့ လိုက်သွားကြရာလည်း ၎င်း မောင်မွန်ထော်ပိုင် အဖိုး သိန်းနှစ်သောင်းကုန် ဆောက်လုပ်ဆဲ မော်လမြိုင်နယ်တွင်[၂] အကြီးဆုံး ဖြစ်သော အိမ်ထက်တွင် ခင်းကျင်း ပြုစုသည်ကို မိတ်သဟာယဖြစ် လက်ခံ ပြန်လာခဲ့၍၊ မော်လမြိုင်မြို့ အရေးပိုင်ပြောင်း အိမ်တွင် ၂ ည အိပ်နေပြီးမှ **၎င်းလဆန်း ၁၅ ရက်နေ့*** ထွက်ခဲ့ကြပါသည်။ သည်ကို ရည်၍ –

မောတမော့ပက်ပါ[၃]။

သကြွန်ကျွန်း၊ တောင်ဝန်း ဖရုံကူနှင့်[၄]။ သယမ္ဘူကျိုက်ရှင်စောတို့၊ တင့်မော ရောင်စုံကြွေ့၊ ကိန်းမွေ့တည်ရာ။

ပွန်ဇလိုင်ရစ်ဝန်းလို့၊ ကျွန်းယက္ခရုံကာတယ်၊ ယာမာဘုံ့တန္နိုင်း။

တရန်တွေ့၊ ချမ်းမြေ့ကြည်စိမ့်စေ၊ မြိုင်မော်မြေဆွေအစုံတို့၊ ခင်ပုံကို မေ့ကျန်ကောင်းပေဘု၊ နှောင်းဘဝတိုင်း။

– ဟူ၍ စပ်ဆိုလေသည်။ ။

**၎င်းလဆန်း၁၅ ရက်နေ့*** မော်လမြိုင်မြို့က ထွက်ခဲ့ရာ အထက်နည်း လှိုင်းလေ မရှိ။ တနင်္သာရီ ကမ်းခြေနှင့် မနီးမဝေးကို လျှောက်၍ အစဉ် အတိုင်း လာခဲ့သည်နှင့် **၎င်းလပြည့်ကျော် ၄ ရက်**** နေ့ ပလောပီနံ ဆိပ်ကမ်းသို့ ဆိုက်ရောက်လျှင် ပြင်သစ်ဘုန်းကြီး လက်ဂကျောင်းသို့ တက်သွား၊ ၎င်းမြို့ အနောက်ခရီး တစ်တိုင်ခန့်ကွာ တောင်က ကျည်သွန် သက်ဆင်းသည့် ရေတံခွန်မှ စ၍ အရပ်ရပ် ဆိုင်ကနား လမ်းသေးလမ်းမ များကို လှည့်ပတ်ဝင်ထွက်၊ အသုံးအဆောင် အမှတ်အသား ထားရန် ဝယ်သင့်ရာရာ ဝယ်ခြမ်းခဲ့ကြ၍ ၎င်းမြို့တွင် တစ်ည စခန်းချရပ် အိပ်နေ ကြပါသည်။ ၎င်းနေ့ည ချုန်းရိုက်ကြည်းဟီးသံနှင့်တကွ မိုးကြီး သည်းထန်စွာ ရွာသည်။ ၎င်းမြို့နေလူတို့ ပင်လယ်အတွင်း သစ်တိုင် ဝါးတိုင် စိုက်ဆောက် ခြံပြုလုပ်၍ ငါးလုပ်ကြသည်ကို မြင်ရသည်။ သည်ကို ရည်၍ –

---

၁။ ကွေကင်း – က။ ၂။ နယ်အတွင်း – ဟ။ ၃။ မော်တမော့ပက်ပါ – ဟ။ ၄။ အရုံကူနှင့် – နာ။

* ၁ မေ ၁၈၇၄ ** ၅ မေ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ဘောင်လှိုင်း၊ နက်ရှိုင်းပင်လဲ့လယ်။
တက်ရွက်စုံ လှေကလေးနှင့်၊ မအေးနိုင် ပီနံသားရို့၊ သစ်ဝါး အိမ်ခြံဖွဲ့၊ ငါးသဲ့ကြတယ်။
မာန်းမြေမှာ [၁]၊ သန်းခွေညည်းလို့၊ ရောက်ထီးကျန်သုမယ်၊ ခုနယ် ရှိစေစမ်း။
ခူငါးကြင်း၊ ဘူတင်းရင်ပေါင်စာနှင့်၊ ကြိုက်ရာကို လိုက်ရှာရွေး ပေလိမ့်၊ တွေးမိစိတ်ဝမ်း။

– ဟူ၍ စပ်ဆိုလေသည်။ ။

**ငင်းလပြည့်ကျော် ၅ ရက်** * နေ့ ပလောပီနံ ဆိပ်ကမ်းက ထွက်ခဲ့ ပြန်ရာ အထက်နည်း လှိုင်းလေ မရှိ။ ထုံ့ပိုင်း ထုံ့ပိုင်း မိုးသည်းစွာ ရွာလျက်၊ ယိုးဒယားပိုင် နယ်မြေ ကမ်းခြေနှင့် မနီးမဝေး အစဉ်အတိုင်း လျှောက်၍ မလာကကျွန်း [၂] ကမ်းခြေကို လက်ဝဲက ထား၍ ထွက်လာသည်နှင့် ငင်း **လပြည့်ကျော် ၇ ရက်** ** နေ့ မလာက ဆိပ်ကမ်းသို့ ဆိုက်ရောက်၊ ၃ နာရီ ခန့် ကျောက်စွဲရပ်သောကြောင့် ကမ်းသို့ မတက်လှမ်း၍ မှန်ပြောင်းနှင့်သာ ကြည့်ရှု မြော်မြင်ရသည်။ ငင်းမလာကမြို့သားတို့လည်း မလေးလူမျိုး ဖြစ် သည်။ ပလောပီနံက စ၍ ကမ်းခြေတစ်လျှောက်များမှာ နဂဘာရီ ခေါ်သည့် အုန်းမျိုး အလွန်ပေါများ ထူထပ်သည်။ နဂဘာရီ အကြောင်းကို မေးမြန်းရာ အန္တမန်ကျွန်း၊ နီကိုပါကျွန်း၊ မလာကကျွန်းမှ စ၍ ကျွန်းငယ်အများ ရှိသည် အနက် နဂဘာရီဟူ၍ မရှိ။ နီကိုပါကျွန်းသာ ရှိသည်။ ငင်းနီကိုပါကျွန်း မှာလည်း အုန်းအများ ရှိသည်။ နီကိုပါကျွန်းက အုန်းကိုပင် စကားရွေ့သော ကြောင့် နဂဘာရီ ခေါ်ဟန်ရှိသည်။ ငင်းမလာက ကျွန်းသားတို့လည်း စင်ကာပူမြို့သို့ လိုက်ရန် ကိုကိုးနာဒ သင်္ဘောသို့ အများ လာရောက် စီးနင်း လိုက်လာကြသည်။ ငင်းကျွန်းနေ မလေးလူမျိုးတို့ အသွင်အပြင် ဝတ်ပုံ စားပုံမှာ မွန် ယိုးဒယား တရုတ်တို့နှင့် သွင်သွင် တူသည်။ စူလတီ ဦးထုပ် သဏ္ဌာန် ဆောင်းသည်။ သိုးဆောင်းအင်္ကျီ ဝတ်သည်။ ခြေစွပ်ခြေနင်း စီးသည်။ ဘောင်းဘီပေါ်က လုံချည် ထပ်လျက် ဝတ်သည်။ သည်ကို ရည်၍–

မကျယ်လွန်း၊ ထောင့်စွန်းပင်လယ်ဆွယ် [၃]။
မလာကကျွန်းနေကို၊ ပြောင်းရွှေမှန်ပုံဝငယ်နှင့်၊ ရမ်းဆခဲ့တယ်။
နွယ်မလေး၊ ယဉ်ကျေးပေတောင့်ငယ်၊ ခြယ်လှယ်တဲ့ ဝတ်စား။

၁။ မန်းမြေမှာ – နာ။ ၂။ ငင်းမလာကကျွန်း – က။ ၃။ တောင်စွန်းပင်လယ်ဆွယ် – နာ။
* ၆ မြေ ၁၈၇၄ ** ၈ မြေ ၁၈၇၄

www.burmeseclassic.com



သွင်တရုတ်နယ်သို့၊ ဦးထုပ်ပုံ စုလတီနှင့်၊ ဘောင်းဘီကို လုံချည်
ထပ်ပြန်တော့၊ နှောစပ်ချက်များ။

– ဟူ၍ စပ်ဆိုလေသည်။

ဤတွင် အစည်မာလကာ၊ ဂီတာရောင်ပွတ် ဟူ၍ လည်းကောင်း၊ ကျွန်းမာလကာ၊ လွန်းဖန်တရာ ဟူ၍ လည်းကောင်း ရှေးဆရာမြတ်တို့ စပ်ဆိုကြသည့် စာများကို ထောက်၍ အစည်ကျွန်း၊ မလာကကျွန်း ဟူ၍ ကြားသိ မှတ်သားဖူးသည်။ ယခုမှာ မျက်မြင်ကိုယ်တွေ့ ဖြစ်၍ မလာကကျွန်းသို့ ရောက်သည်ကာလ အစည်ကျွန်းကို မေးမြန်းရာ မလာကကျွန်းနှင့် ပင်လယ်လက်ကြား ခြားလျက် ၎င်းကျွန်းနှင့် တစ်ဆက်တည်း အချည်နမင်း စိုးအုပ်သည့် နိုင်ငံငယ်တစ်ခု ရှိသည်။ ၎င်းကျွန်းကို အချည်နကျွန်းဟု ခေါ်သည်။ အစည်ကျွန်းလည်း ခေါ်သည်ဟူ၍ ပြောဆို ကြားသိရသည်။ ။

**၎င်းလပြည့်ကျော် ၇ ရက်*** နေ့ နေ ၃ ချက်တီးကျော်ခန့် အချိန် မလာကမြို့ဆိပ်ကမ်းက ထွက်လာခဲ့ရာ စမတ်တရားကျွန်းကို လက်ယာ၊ မလာကကျွန်းကို လက်ဝဲထား၍ သိုးဆောင်းတို့ဘာသာ စထရေးထ[၁]၊ မြန်မာတို့ဘာသာ ပင်လယ်လက်ကြား ခေါ်သည့် ရေလမ်းခရီးသို့ လာရသည်။ ကမ်းခြေတစ်လျှောက် လက်ဝဲ လက်ယာ တောတောင် သစ်ပင် စိမ်းရှင် စိုနုလျက် ကျွန်းငယ် မြေငူ အများအပြား တွေ့သည်။ **၎င်းလပြည့်ကျော် ၈ ရက်**** နေ့ ၁၀ နာရီအချိန် စင်ကာပူမြို့ ဆိပ်ကမ်းသို့ ရောက်လျှင် ကလာရင်တန် ခေါ်သည့် ဟိုတက် တိုက်အိမ်သို့ တက်သွား တည်းနေကြသည်။ ၎င်းဆိပ်ကမ်းတွင် သင်္ဘော တရုတ်ကတ္တူ လှေအများ[၂] ဆိုက်လျက် ရှိသည်။ ကလာရင်တန် ဟိုတက် တိုက်အိမ်လည်း ၎င်းဆိပ်ကမ်းနှင့် တာ ၁၀ ခန့်ကွာ ရေသို့ မျက်နှာမူလျက် နှစ်လိုကြည်လင်ဖွယ် ရှိသည်။ ကျွေးမွေး ပြုစုပုံလည်း ကောင်းသည်။ ၎င်းမြို့မှာ တရုတ်လူမျိုး အားကြီးသည်။ အိမ်ခြေ လူနေ များသည်။ အုန်း ငှက်ပျော နာနတ် မင်းကွတ် စသော စားဖွယ် သောက်ဖွယ် ပေါသည်။ ၎င်းမြို့သည် မလာကကျွန်း အဆုံးတွင် မြစ်ငယ် တစ်ခု ခြားလျက် တည်သည်။ မလာကကျွန်း အဝင်ပင် ဖြစ်သည်။ အာရှတိုက် တောင်မျက်နှာ လက်ယာဘက် မြေအဆုံးပင် ဖြစ်သည်။ သည်ကို ရည်၍ –

တောင်နစ်တော၊ ရှုမောဘွယ်ဖြစ်အင်။

ရေ့အရေး၊ မြသွေးရောင် ကြည်လင်လို့။ စက်ယာဉ်ညင် ထွက်ဝင် ဆိုက်တယ်၊ ကမ်းခိုက်တင်တင်။

၁။ Strait ၂။ အများတို့ – ဟာ။ * ၈ ဧပြီ ၁၈၇၄ ** ၉ ဧပြီ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



မြေ့အစွန်း၊ ရေဝန်းလို့ ယှက်လုချင်၊ ပင်နင်စူလ[၁] ခရိုင်ကျေး။
မြေစကာ၊ လက်ယာ ရေစွန်းပေပ၊ ထက်ဝန်းပင်လယ်ခြံတယ်၊
ကမ်းယံ့ထောက်ကွေး[၂]။

– ဟူ၍ စပ်ဆိုလေသည်။

ငင်းမြို့တွင် ပါရစ်မြို့သွား စင်း ခေါ်သည့် မီးသင်္ဘော မဆိုက်မရောက်သေးသောကြောင့် ၆ ရက်၊ ၇ ရက်ခန့် ရပ်ဆိုင်းရဦးမည်။ ဝန်ရှင်တော်မင်းကြီး၊ စာရေးတော်ကြီးမင်းမှ စ၍ အပေါင်းပါ ပရိသတ်တို့ ကြည်လင်ရွှင်လန်း ချမ်းချမ်းသာသာ ကျန်းမာပကတိ ရှိကြသည်။ ။ ဤကား **၁၂၃၅ ခု တပေါင်းလပြည့်ကျော် ၁၂ ရက်*** နေ့ သန်လျက်မော် ဆိပ်ကမ်းက ထွက်သည်မှ စ၍ ငင်းနှစ် **နှောင်းတန်ခူးလပြည့်ကျော် ၈ ရက်**** နေ့တိုင် ၂၇ ရက်အတွင်း ဖြစ်ဆစ်ကြောင်းလျာ သိသာလောက်ရုံမျှ ဖြစ်သော အကျဉ်းသခ်ေပ သန္ဒေသကထာ စကားအမြွက်တည်း။ ယင်းစာပါ စကားရပ်များကို ရွှေဖဝါးတော်အောက်သို့ မပြန်မရောက်မီအတွင်း သတင်းစာဆရာ ကြည့်ရှုမှတ်သားရန်နှင့်၊ သည်ကဲ့သို့ ကြည့်ရှုမှတ်သားကလည်း သံတော်အရာရှိများနှင့်အတူ လိုက်ပါ သိမြင်ရသကဲ့သို့ ဖြစ်စေရန် သဘောထား၍ ရေးသားပေးအပ်လိုက်ပါသည်။ နောက်ကိုလည်း အဆက်မပြတ် ရေးသား ပေးပို့မည် ကြံစည်လျက်ပင် ရှိပါကြောင်းကို ကြားရောက်ပါသည် ။ ။ *သက္ကရာဇ် ၁၂၃၅ ခု တန်ခူးလပြည့်ကျော် ၁၂ ရက်***** နေ့၊ စင်ကာပူမြို့ ကလာရင်တန်ဟိုတက်တိုက်တွင် ရေး*[$]။

**ကြားရောက်လိုက်ပါသည်၊ မြန်မာသတင်းစာ ဆရာခင် ဘုရား။ ၁၂၃၅ ခု နှောင်းတန်ခူးလပြည့်ကျော် ၈ ရက်**** နေ့ စင်ကာပူမြို့သို့ ဆိုက်ရောက်၊ ပြင်သစ်နိုင်ငံသွား စင်းခေါ်သည့် မီးသင်္ဘောကို ဆိုင်းငံ့ရပ်နေသည်အတွင်း ဘုရား ရွှေဘုန်းတော်မြတ်ကြောင့် စင်ကာပူမြို့၊ မလာကမြို့၊ ပလောပိနံမြို့များနှင့်တကွ ပင်နင်စူလာခေါ် ခရိုင်နယ်မြေ ကျေးရွာများကို အိန္ဒိယဘုရင်ခံနှင့်နည်းတူ သီးခြားအုပ်ချုပ် စီရင်ရသူ စင်ကာပူမြို့ ဝန်ကြီးက မြန်မာ သံတော်အရာရှိတို့ကို ကောင်းမွန်စွာ ဖိတ်ကြား၊ အမြောက် ၁၅ ချက် ပစ်ဖောက်နှုတ်ဆက်၊ အရာရှိစုံနှင့်တကွ စားပွဲခင်းကျင်း၊ မဟာမိတ်

$ ဤသက္ကရာဇ်ကို အောက်ပါစာ၏ သက္ကရာဇ် အဖြစ်နှင့် ဟ ၌ ပုံနှိပ်လျက် ရှိသည်။

၁။ Peninsular ၂။ ကမ်းယံ့ထောင့်ကွေး – နာ။

* ၁၄ မတ် ၁၈၇၄ ** ၄ ဧပြီ ၁၈၇၄ *** ၁၃ ဧပြီ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



လက္ခဏာနှင့်အညီ ပြုစုသည် တစ်ရပ်။ ၎င်းမြို့ရှိပြင်သစ်မင်း ကိုယ်စားလှယ်၊ အီတာလျံမင်း ကိုယ်စားလှယ်တို့ကလည်း ကိုယ်တိုင် လာရောက် စားပွဲဖိတ်ကြား၊ အလိုရှိရာ မှုခွင့်များကို ကူညီ ဆောင်ရွက်ကြသည် တစ်ရပ်။ စင်ကာပူမြို့နှင့်စပ်လျက် နိုင်ငံ သီးခြားအုပ်စိုးရသည် ဂျာဟိုနိုင်ငံ ဂျာဟိုမင်းနှင့် တွေ့ကြုံဆက်လက် [၁] သိကျွမ်း မိတ်သဟာယဖြစ်သည် တစ်ရပ်များကြောင့် ဂုဏ်ကျက်သရေ ထွန်းလင်းတောက်ပ ကြေညာပျံ့နှံ့ ကျော်စောရှိကြပါသည်။ ၎င်းစင်ကာပူမြို့ မြို့တွင်း မြို့ပြင် လမ်းသေးလမ်းမ ဆိုင်ကနား ဥယျာဉ် ရေကန် သင်္ဘောဆိပ်ကမ်းမှ စ၍ အရပ်ရပ် ကြည့်ရှုခင်း ကြည့်ရှုဖွယ်များကို လှည့်ပတ် ကြည့်ရှုရာ ၎င်းမြို့သည် ဂျာဟိုနိုင်ငံနှင့် စပ်လျက် တည်သည်။ မလေးလူမျိုး၊ တရုတ်လူမျိုး များသည်။ ကုန်ဝယ်အကူးအသန်း အားကြီးသည်။ ကြည်းဘက် ရေဘက် ကူးပုံသန်းပုံ ကောင်းသည်။ တရုတ် ဂျပန် စသော ရှေ့တိုက်၊ ပြင်သစ်, အင်္ဂလိပ် စသော ဥရောပတိုက်၊ အရပ်ရပ် နိုင်ငံတကာများက ကုန်အထည်အလိပ် အသုံးအဆောင်များကို ရွက်သင်္ဘော၊ စက်သင်္ဘော၊ ကတ္တူလှေများနှင့် သယ်ယူရောင်းချရာ အချက်အဆုံ ဆိပ်ကြီး ကမ်းကြီး ဖြစ်သည်။ မိုး ဆောင်း နွေဟူ၍ ဥတုကွဲပြား မရှိ။ တပေါင်းမာသ ဘဂ္ဂုဏာရာသီနှင့်အတူ ချမ်းပူညီမျှရှိသည်။ သီးမျိုးပွင့်မျိုး အခါမလင့် ရာသီတိုင်း သီးပွင့်သည် ဖြစ်၍ အံ့အာသရဲ မချီးဝံ့နိုင်အောင် သာယာနှပျိုသည်။ သည်ကို ရည်၍ –

ဂျာဟိုတိုင်း၊ မှီခိုင်းပုံ မကွာလွန်းပါဘု၊ ကျွန်းစင်ကာပူရီ။
မြတဘြေး၊ မလေးလဲ့လဲ့ညီ၊ စိမ့်ကိုယ်ကိုယ် အမှုသစ်ကယ်ရို့၊
ဆံကျစ်ကယ် ရှည်သွယ်နှင့်၊ ပြန်သွတ်လှယ် ကုန်ဝယ်လှေ
ဝယ်ပ၊ ပျော်မွေ့ကာ ကြည်မနောငယ် [၂] စောကြကိုယ်စီ။
ကြည်းရေးပြိုင်ကြည်ဖွယ်ဆုံးမို့၊ အလုံးစုံနိုင်နိုင်ငံက စက်ယာဉ်ပျံ
ဆက်ဆံစဲသိဘု၊ အံ့အဲဖွယ့်ဆယ့်နှစ်လီ၊ ရာသီတိုင်းငြိမ်း [၃]။
သန်နွေဆောင်း၊ မပြောင်းချမ်းနှင့်ပူ၊ တပေါင်းမှုစုံပုံမို့၊ သီးပွင့်စုံ
ခါမလင့်ပေပ၊ လွယ်လင့်လိုရာကြွယ်တဲ့၊ သည်နယ်ကို
ကြည်ဖွယ်ဆုံးအောင်ဖြင့်၊ သုံးဘုံပိုင် ရှင်တော်စောမှသာ၊
ဟောနိုင်ထိုက်စွမ်း။

– ဟူ၍ ဖွဲ့ဆို စီကုံးလေသည်။ ။

၎င်းစင်ကာပူမြို့သည် အစည်မြို့၊ မလာကမြို့၊ ဂီတာကျေးများနှင့်

၁။ တွေ့ကြုံနွတ်ဆက်လက် – ဟ။ ၂။ ကြည်မှုနောငယ် – ဟ။ ၃။ ရာသီတိုင်းသည့်ငြိမ်း – က။

www.burmeseclassic.com



တစ်စပ်တည်း တည်သည်။ မဈွေဗိထိ အောက်တည့်တည့် ကျသောကြောင့် နေပြည်တော်နှင့် ခရီး အလွန် ကွာဝေးသည်။ ယင်းသည့် အရပ်များကို ဘုရားရှေ့ဘုန်းတော်မြတ်ကြောင့် မရောက်စတောင်း ရောက်ရသည်။ လေပြန်ဆီးနှင်း ရှိမှောင် ပိတ်ဖုံးသည့်အခါ အလွန် ကြည်ကွဲဆွတ်လွတ်ဖွယ် ရှိသည်။ သည်ကို ရည်၍ –

စည်မာလာ ဂီတာကျေးငယ်၊ ဝေးနိုင်မျှသီခေါင်။

မကြုံရလေဖွယ်ငယ်၊ ကြည်းရေနယ်သာတင့်ဆုံးဝယ်ပ၊ ညွတ်ရုံးသည်ကိုယ်ထဲမို့ ဆည်လဲမပြေနှင့်၊ မန်းမြေမှာ မှုံရွှေနှစ်ကယ်ရို့၊ ဖြစ်ဆစ်ကယ် မြင်လာစမ်းပါလဲ့၊ ယမ်းဆိုမိယောင်။

သွင်းလေပြန်ကျန် ငွေနှင်းကလဲ၊ ခပင်းရစ်ခွင်ယှက်လို့၊ တိုင်းထက်ကယ်ပျို့လှအောင်၊ ရီမှောင်ဘိအထူး။

နိဗ္ဗာန်မည်၊ ဝရွှေပြည် ဓေယာခြံတဲ့၊ မန်းဗျာခံစံချက်က၊ အသက်ကယ်ကြင်ဆွေမယ်ကြောင့်ငယ်၊ အေးတယ်ရှိဘူး။

– ဟူ၍ ဖွဲ့ဆို စီကုံးလေသည်။ ။

ငင်းမြို့တွင် ဂျာဟိုမင်းနှင့် တွေ့၍ မေးရာ ချိပ်၊ ဧရတ်ကောင်း အလွန်ပေါကြောင်း၊ မလေး ပသျှူးလူမျိုး အလွန် ပေါကြောင်း၊ အီနောင်ဇာတ်လည်း ငင်းနိုင်ငံက အရင်းမူလ ဖြစ်ကြောင်း၊ ပဇာင်တောင် စသော စာပါစကားရပ်များလည်း ငင်းနိုင်ငံတွင် ရှိကြောင်း၊ ငင်းအီနောင်စာကိုယ်[၁] လည်း ပသျှူးဘာသာနှင့် ယခုတိုင် ထင်ရှားရှိကြောင်းများကို ပြောဆို ကြားသိရသည်။ သည်ကို ရည်၍ –

အီနောင်ခံ ဣန္ဒာဝုငယ်၊ မျိုးပသျှူးဂျာဟို။

ပွတ်စပါ၊ စရကားတစ်ပြည်စံနှင့်၊ ပဇာင် ဘယာဘိငယ်လို့၊ အရှိကြည်ဖွယ်သား၊ များလှထိုထို။

သည်စာမူ၊ သည်ပြည်ထွက်ကယ်မို့၊ စာလက်ကိုင် ခုတိုင်ရှိသည်ဟု၊ ညွှန်းတုံဘိနှုတ်ချို၊ ဂျာဟိုမင်း မိန့်ခွန်း။

မမျှော်ရက်ပါဘု၊ စာထွက်ကို လွှန်ခဲ့ပြီ၊ သည်ဆီကို သည်ချိန်ပဘုန်းတော်ရှိန် ဖန်ဆောင်ပို့ပေလို့၊ သည်သို့ ကိုယ်တိုင်ကြုံတော့ခါ[၂] မစုံသည်တမည်မှုငယ်က၊ မေရဆယ်မဏ္ဍိုင်သို့ သဲဆိုင်ထက်ဘုန်း။

– ဟူ၍ ဖွဲ့စီကုံးလေသည်။ ။

---

၁။ စာကို – ဟ။ ၂။ ကြုံသောခါ – ဟ။



www.burmeseclassic.com

www.burmeseclassic.com



၁၂၃၆ ခု ကဆုန်လဆန်း ၁ ရက် * နေ့ ပြင်သစ်နိုင်ငံသွား စင်းခေါ်သည့် ဗိုးသင်္ဘော[၁] စင်ကာပူမြို့သို့ ဆိုက်ရောက်လာ၍ သံတော်အရာရှိတို့မှာ ပထမခန်း၊ စာရေးလူငယ်တို့မှာ ဒုတိယခန်း၊ အသီးအသီး နေရာကျပြောဆို ဌားရမ်းပြီးလျှင် ၎င်းလဆန်း ၂ ရက် ** နေ့ စင်ကာပူမြို့ တည်းနေရင်း ကလာရင်တန် ဟိုတက်တိုက်အိမ်မှ သင်္ဘောသို့ ပြောင်းရွှေ့ ထွက်လာကြရာ ၎င်းသင်္ဘော အလွန် ကြီးသည်။ စီးသူ များသည်။ တစ်နာရီ[၂] ခုနစ်တိုင်ရောက်သည်။ အိပ်ရာ နေရာ၊ အစားအစာ အပြုအစု ကောင်းသည်။ ခရီးမှာမလာကကျွန်းကို လက်ယာ၊ စမတ်တရားကျွန်းကို လက်ဝဲ ထား၍ အနောက်မြောက်သို့ ရှေးရှု အထက်လာခဲ့ရင်း ခရီးအတိုင်း ပြန်ထွက်ရသည်။ လက်ဝဲဘက်က စမတ်တရားကျွန်း၊ ဂျာပါးကျွန်း၊ ဘော်နီယိုကျွန်း စဉ်လျက် စပ်ကာစပ်ကာ ရှိသည်။ ၎င်းကျွန်းများကို ယခုအခါ ဟော်လန်လူမျိုးတို့ အုပ်စိုးသည်။ ၎င်းကျွန်းများမှာ ကွာနိုင်, ကာဖီ, လက်ဖက်ခြောက် အလွန် ပေါသည်။ ယခုလည်း တိုးတက် ဖြစ်ထွန်းဆဲ။ ၎င်းကျွန်းနှင့် စပ်လျက် အချည်နမင်းစိုးအုပ်သော တိုင်းကြပ်တစ်ခု ရှိသည်။ ၎င်းမင်း စာချုပ် မတည်၊ ဥပဒေမကျရှိ၍ ဟော်လန် လူမျိုးများက တိုက်ခိုက်သိမ်းယူ အုပ်စိုးစဲငြိမ်း ပြီးပြေစဖြစ်သည်။ ၎င်းအချည်နတိုင်း ခေါ်သည့် ကျွန်းတစ်ဖက် မလာကကျွန်းအတွင်း ဂျန်းစေလံ ခေါ်သည်အရပ် ရှိသည်။ သီဟိုဠ်ကျွန်းနှင့် အရှေ့အနောက် ဆီတည့် ဖြစ်သည်။ ၎င်းဂျန်းစေလံ အရပ်နှင့် တည့်မှ သင်္ဘောဦးအနောက်သို့ စူးစူးလှည့်၍ သီဟိုဠ်ကျွန်းသို့ ကူးရသည်။ သည်ကို ရည်၍–

စမတ်တရား၊ ဂျာပါး ဘော်နီယိုငယ်၊ မျိုးဟော်လန့်ပိုင်နယ်။

အချည်မင်း၊ ရန်တင်းဖီဆန်လို့၊ ဟော်လန်ပိုင် ခရိုင်ဖြစ်ပြန်ရ၊ လှည့်
ရစ်ကယ် ပင်လယ်ဝန်း၊ ကျွန်းက သွယ်သွယ်။

ဂျန်းစေလံ အဆီတည့်ရင်ဖြင့်၊ ဦးလည်လှည့် သီဟိုဠ်နယ်၊ မှန်းရွယ်
လို့ ဖြတ်ကူး။

သည်တော့တုန်း၊ နတ်နွှန်းစံစတေရို့၊ ပါးမှာစေ ခေါ်သံသားငယ်
လို့၊ သည်နားမှာ ထင်သာ ထင်တော့တယ်၊ မြေပြင်မှာ[၃]
ဖြေသင်တတ်နိုင်နှင့်၊ မိန်းပြတ်လို့မူး။

– ဟူ၍ ဖွဲ့ဆို စီကုံးလေသည်။ ။

၎င်း ဂျန်းစေလံ အရပ်နှင့် ဆီတည့် အချည်နကျွန်း အလွန် အရပ်က

---

၁။ မီးသင်္ဘောသည် – ဟ။ ၂။ တစ်နာရီလျှင် – ဟ။ ၃။ ရေပြင်မှာ – ဟ။

* ၁၆ ဧပြီ ၁၈၇၄ ** ၁၇ ဧပြီ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



သီဟိုဠ်ရောက် ကူးသွားရသည်။ ပင်လယ်မှာ အေးအောက် ဘင်္ဂေါ ခေါ်သည် ပင်လယ်ကွေ့ကြီး ဖြစ်သည်။ အလွန် ကျယ်ဝန်း နက်ရှိုင်းသည်။ ပင်လယ်က နေထွက်၍ ပင်လယ်သို့ နေဝင်သည်။ တိမိပိင်္ဂလ အာနန္ဒာ စသော ငါးကြီးတို့ နေရာဟု ထင်မှတ်မိသည်။ အနည်းငယ် လေလာလျှင် လှိုင်းဂယက် အားကြီးသည်။ သည်ကို ရည်၍ –

ဘယ်ဆီမှန်းငယ်လို့၊ မြမန်းရွှေဘုံမြို့ကိုဖြင့်၊ တွေးနိုင်ဖို့တတ်ဖွယ်။

မျှော်လေတိုင်း၊ ယက်ရှိုင်းဆိုင် တောင်တရိုင်ယံနှင့်[၁]၊ တိမိမိန် အာနန်တို့၊ ပျော်ရာမှန် ပင်လယ်ချက်ဝယ်ပ၊ ဖန်စက်ရှင် ထွက်ဝင်မှုငယ်၊ မှန်းရှုမလွယ်။

ရှစ်ခွင်ကို ဖန်ဝေခွဲနိုင်နှင့်၊ စက်လဲပျော်တယ်ရှိပြီဘ၊ မန်းသီရိ နန်းမြေ့နယ်[၂]၊ မှန်းရွယ်လို့မှန်ဘူး။

လေတသွဲ့ ထွေတဲ့ကာ[၃]၊ ဝဲနှင့်ယာ ချာချာချီတဲ့၊ ဂမ္ဘီလှိုင်းငယ်မှာ၊ တိုင်းတက် ဝေမူး။

– ဟူ၍ ဖွဲ့ဆို စီကုံးလေသည်။ ။

စမတ်တရားကျွန်း အရှေ့တောင်ပိုင်းနှင့် စပ်ကာ ဂျာပါးကျွန်းနှင့် မနီးမဝေး ဗာလီကျွန်းတစ်ခု ရှိသည်။ ၎င်း ဗာလီကျွန်းတွင် ဇော်ဘုရားငါးဦးတို့ နယ်ကိုယ်စီ ပိုင်းခြားလျက် အသီးအသီး အုပ်စိုးကြသည်။ ၎င်းကျွန်းကို အခြား သိုးဆောင်းလူမျိုးတို့ မသိမ်းမယူနိုင်အောင် ဟော်လန် လူမျိုးတို့က အလံစိုက်ထားလျက် ရှိသည်။ ၎င်း ဗာလီကျွန်းတွင် အရှင်ဂေါတမ မြတ်စွာ ဘုရား သာသနာတော် တည်ထွန်းလျက်၊ သီဟိုဠ်ကျွန်းရှိ ရဟန်းများကဲ့သို့ ရဟန်းသံဃာအများ ယခုရှိကြောင်း ကြားသိရသောကြောင့် အလွန် နှစ်သက် ကြည်ညိုမိသည်။ သည်ကို ရည်၍ –

မကြားလေစဖူး၊ မည်ထူးသာဘိသည်။

ဗာလီကျွန်းထက်ယံမှာ၊ ယမကံ ထွေထွေစီးတဲ့၊ ရေမီးစုံရှင်တော် ရိုက်ကယ်က၊ ထက်တိုက်တွင် စက်နေဝန်းနယ်သို့၊ ထွန်းဘိ စည်ရှည်။

ပျံ့ထုံကြူ သည်သတင်း၊ လေညင်းလှုံ့ခြွေလွှတ်လာလို့၊ ဆွတ် လွတ်ကယ်တန့်မတည်၊ သက်ကြည်မိညွတ်နူး[၄]။

---

၁။ ရှိနယ်နှင့် – ဟ။ ၂။ နန်းမြေ့နယ် – ဟ။ ၃။ ထွေတဲ့က – ဟ။
၄။ သက်ကြည်ရှိညွတ်နိုး – က။



www.burmeseclassic.com

www.burmeseclassic.com



ပန်ပန္နက်ရင်ဖြင့်၊ ဖိုလ်မင်ကယ်[၁] လွယ်ကူပိုင်ခွင့်၊ ရောက်တန်နိုင်
သို့သော် သူ့ကြောင့်၊ ကျွတ်ဆုကို နှုတ်ချိုမြွက်ကယ်၊
ညွှန်းရက် ခက်ဘူး။

– ဟူ၍ ဖွဲ့ဆို စီကုံးလေသည်။ ။

သည်ကဲ့သို့ အစဉ်အတိုင်း မဆိုင်းမရပ် ထွက်ခဲ့ရာ ၅ ည ၆ ရက်နှင့် ဘုရားရွှေဘုန်းတော်မြတ်ကြောင့် ၎င်းလဆန်း ၇ ရက်* နေ့ သီဟိုဠ်ကျွန်းသို့ အပေါင်းပါ ပရိသတ်နှင့်တကွ ချမ်းချမ်းသာသာ ဆိုက်ရောက် ရှိပါသည်။ ။ ဤကား **၁၂၃၅ ခု နှောင်းတန်ခူးလပြည့်ကျော် ၈ ရက်**** နေ့က **၁၂၃၆ ခု ကဆုန်လဆန်း ၇ ရက်*** နေ့တိုင် ၁၄ ရက်အတွင်း ဖြစ်ဆစ်ကြောင်းရာ ရှိသည်များကို သတင်းစာဆရာ မှတ်သားနှင့်ရန် အကျဉ်းသခေပမျှ ရေးသား အပ်သော ဒုတိယ သန္ဓေသကထာ စကားရပ်တည်း။ ယင်းက ဆက်၍ အစဉ်မပြတ် နောက်ကိုလည်း ရေးသားပေးပို့မည် ကြံစည်လျက်ပင် ရှိနေပါသည်။ ။ *သက္ကရာဇ် ၁၂၃၆ ခု ကဆုန်လဆန်း ၇ ရက်* နေ့ သီဟိုဠ်ကျွန်း စင်းခေါ်သည် မီးသင်္ဘောပေါ်တွင် ရေးသည့်စာ။*

**ကြားရောက်လိုက်ပါသည့်၊ မြန်မာသတင်းစာ ဆရာခင် ဘုရား။** **၁၂၃၆ ခု ကဆုန်လဆန်း ၂ ရက်***** စနေနေ့ စင်ကာပူမြို့က စင်း ခေါ်သည့် မီးသင်္ဘောကို စီး၍ ထွက်လာခဲ့ကြရာ သိုးဆောင်းဘာသာ ဘေးအောက် ဘင်္ဂေါ၊ မြန်မာဘာသာ ဘင်္ဂလားပင်လယ်ကွေ့ ခေါ်သည် ပင်လယ်သို့ အထွက် လက်ယာဘက်က ဂျန်းစေလံ ခေါ်သည့် အရပ်သို့ ရောက်လျှင် သီဟိုဠ်ကျွန်းရှိရာ စူးစူးလှည့်လျက် ၎င်းဘေးအောက်ဘင်္ဂေါ ပင်လယ်ကွေ့ကို ကူးကြရပါသည်။ ၎င်းပင်လယ်အတွင်း ဘုရား ရွှေဘုန်းတော်မြတ်ကြောင့် လှိုင်းလေ မရှိ၊ ချမ်းချမ်းသာသာ ၆ ည ၇ ရက်နှင့် သီဟိုဠ်ကျွန်း ဂါလုမြို့၊ ယခု ဂေါ ခေါ်သည် ဆိပ်ကမ်းသို့ ဆိုက်ရောက်၊ တစ်ည ရပ်ဆိုင်းနားနေ လှည့်ပတ် ကြည့်ရှုကြပါသည်။ သည်ကို ရည်၍ –

စင်ကာမြို့က၊ ရှေ့သို့ကို ရည်ခဲ့သော်။
စေလံဂျန်းနှင့် မှန်းလိုက်ရင် တူရှုဝယ်ပ၊ ပြန့်ပြင်ကျယ် ပင်လယ်
ကွေ့းငယ်၊ ဘေးအောက် ဘင်္ဂေါ။

၁။ ဖိုလ်မင်ကို – ဟ။

* ၂၂ ဧပြီ ၁၈၇၄ ** ၉ ဧပြီ ၁၈၇၄ *** ၁၇ ဧပြီ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ရက်မချန် စက်ပျံစင်းနှင့်၊ လျှင်ပြင်းချီကဲ[၁] ထွက်တော်ခါ၊ လှိုင်းလေ
ယက်မျှ မပေါ်၊ ဘုန်းတော်ကြောင့် ကြည်အေး။
ဂေါဂါလုသာနပျော်ဖွဲ့စေ၊ သည်မြေမှာ တန်ယယ်လင့်လို့၊ မျှော်သင့်
ရာရာ[၂] မျှော်တော့ခါ၊ ပြည်တော်[၃] ရည်ရော်မိသည်နှင့်၊
သဲခင်ထိဆွေး။

– ဟူ၍ ဖွဲ့ဆို စီကုံးလေသည်။ ။

ၒင်းမြို့ရှိ ပရမာနန္ဒဝိဟာရကျောင်းနေ သိရိသုမနမထေရ်မြတ်ထံ အပေါင်းပါ ပရိသတ်တို့နှင့် ဆည်းကပ်ပြီးလျှင် သရဏဂုံ ပဥ္စသီမျှားကို ခံယူ ဆောက်တည်ကြပါသည်။ ယင်းကမှ ၒင်း ဂါလုမြို့ မြို့တွင်း မြို့ပြင်[၄] လမ်းသေးလမ်းမ ဈေးကနား သစ်ကြံပိုးဥယျာဉ် မှုဒိယအိမ်များသို့ လှည့်ပတ် ဝင်ထွက် ကြည့်ရှုသည်ကာလ၊ နောင် သာသနာတော် တည်အံ့သည်ကို မြင်တော်မူ၍ မြတ်စွာဘုရား ဒေသစာရီ ၃ ကြိမ် ကြွကြောင်း၊ ရှေးအခါ ၒင်းကျွန်းမှာ အရိယာ သူတော်ကောင်း အလွန် ပေါများ၊ ဈာန်ဖြင့် ကြွသွား ဝင်ထွက်မစဲ ဖြစ်၍ နေရောင်ကို ဟန့်ဘိ၏သို့ ဈာန်ပျံပုဂ္ဂိုလ်တို့ အရိပ် ကွယ်ကာကြောင်း၊ ဗျာဒိတ်တော်နှင့်အညီ ဝိဇယမင်း ရှေးဦး တည်ထောင် ပြုစုကြောင်းများကို ကြားဖူးသည်နှင့် တပြေးညီလှုပေသည်ဟု မှတ်ထင် ယုံကြည်မိပါသည်။ သည်ကို ရည်၍ –

သုံးလုမျှုး၊ ရောင်မြူးခြောက်စုံ့ရှင်။
ရာတော်ရိုက်၊ တည်ထိုက်သည် နောင်လာဟု၊ ဒေသစာ သုံးကြိမ်
မြောက်အောင်၊ ချီးမြှောက်တော်မူသည့် ကျွန်းပေမို့၊ ထက်ဝန်း
ကြည်စဖွဲ့၊ စိမ်းလဲ့ရွှင်ရွှင်။
များသုံ့မွန် ဈာန်မြူးလို့၊ တိမ်ဦးမှာ သွတ်လှယ်မြန်းသည်နှင့်၊ ဖန်နန်း
နေခြည်ဟန့်ပေရ၊ ကျွန်းကျယ်ပြန့်ရပ်ခွင်၊ ကြည်လင်ဖို့
မြောက်မြား။
လက်မွန်းတည်း၊ ဝိဇည်းဗျာမိန့်ခံ၊ တည်ထောင်စံခွင့် ရေလျှံဝန်းတယ်၊
ရံကျွန်းများဖျား။

– ဟူ၍ ဖွဲ့ဆို စီကုံးလေသည်။ ။

ၒင်းသီဟိုဠ်ကျွန်း ဂါလုမြို့မှာ တစ်ည ရပ်ဆိုင်း နားနေ၍ ၒင်းလဆန်း ၉ ရက်* နေ့ ထွက်လာပြန်ရာ၊ အနောက်စူးစူးက မြောက်သို့ စဉ်းငယ်

၁။ လျှင်ပြင်းချီခဲ့ – ဟ။ ၂။ မြော်သန့်ရာ ဟ။ ၃။ ပြည်တော်ကို – ဟ။
၄။ ၒင်းဂါလုမြို့ မြို့ပြင် – က။ * ၂၄ မေ ၁၈၇၄

www.burmeseclassic.com



ယွန်းလျက် ခရီး ၄၉ ယူဇနာခန့်ကွာ[၁] အရပ်သို့ရောက်လျှင် လင်္ကာ ခေါ်သည် ကျွန်းလက်ယာ, မာလာ ခေါ်သည် ကျွန်းလက်ဝဲ ယှဉ်လျက် မှိုင်းမှိုင်း ညို့ညို့များကို မြင်၍ မေးရာ၊ ၎င်း လင်္ကာကျွန်းမှာ သီဟိုဠ်လူမျိုး, ပသီလူမျိုးတို့ နေထိုင်ကြောင်း၊ အုန်း အလွန်ပေါကြောင်း၊ ၎င်းကျွန်းသားတို့လည်း အုန်းသီး အုန်းဆံကြိုး တံငါအလုပ်များဖြင့်သာ အသက်မွေးကြောင်း[၂] ပြောဆိုကြားသိရသည်။ ယင်းအကြောင်းကို ထောက်လျှင် သီဟိုဠ် တစ်ကျွန်း, လင်္ကာဒီပ တစ်ကျွန်းနှင့် တူလှစွာ၏။ သို့သော်လည်း ကျမ်းဂန်များမှာ ခွဲ၍ မဆို။ သီဟိုဠ်ကျွန်းရှိ ရဟန်းတော်တို့လည်း သီဟိုဠ်ကျွန်းကိုသာ လင်္ကာဒီပဟု ယခုတိုင် စာရေးသား ခေါ်ဆိုကြသည်။ သိုးဆောင်းဘာသာ အိန္ဒိယန်းအိုယှန်း၊ မြန်မာဘာသာ အိန္ဒိယပင်လယ်ကြီးခေါ် ပင်လယ်အတွင်း သွားစဉ်ခရီးဝေးလှ၍ ၎င်းကျွန်းကို မြင်ရုံသာ မြင်ခဲ့ရသည်။ မဝင်ခဲ့ရ။ သည်ကို ရည်၍ –

ဆယ်ရောင်ပြိုင်ဂီရိန်မှူး၊ ရှည်ကြူးစံတဲ့မြေ၊
သည်က ထွက်ခဲ့ရင်၊ လှိုင်းယက်ကယ် ရေပြင်မှာဖြင့်၊ ငွေသင်ဖျာ
သာပြန့်ခင်းနှယ်သို့၊ မြင်တွင်းကြည်စဖွဲ့၊ စိမ်းလဲ့ယှဉ်တွေ။
ရှစ်ခွင်ကို မမျှော်ရက်ပါဘု၊ ဘော်မက်သူ့သဲရွှေမှာ၊ ကွဲကြေဘွဲ့စခန်း။
လင်္ကာကျွန်း၊ မြောက်ယွန်းထောင့်ခတ်ဆွယ်၊ တစ်နယ်တစ်ပယ်
ခွင်မို့၊ ဆိုက်မဝင် မြင်ရုံမျှငယ်၊ ဝေးက မျက်မှန်း။

– ဟူ၍ ဖွဲ့ဆို စီကုံးလေသည်။ ။

၎င်းက အစဉ်အတိုင်း အနောက်မြောက်ယွန်း ထွက်လာခဲ့ရာ ယင်းသည့် အိုယှန်း ပင်လယ်ကြီးအတွင်း[၃] ဖြစ်၍ ခြောက်ရက် ခုနစ်ရက်ပတ်လုံး ကမ်းကို မမြင်။ ကောင်းကင်သို့ ကြည့်ရှုရာ နေလ နက္ခတ်တို့လည်း ရေထဲက ထွက်၍ ရေထဲသို့သာ ဝင်ပြန်သည်နှင့်[၄] ၎င်း နေလနက္ခတ်တို့သည် မြင်းမိုရ်ကို မလှည့်။ သည်တွင်သာ ထွက်တုံ ဝင်တုံ ရှိဘိ၏ဟု ထင်မှား ထင်ယောင် ရှိရသည်။ သည်ကို ရည်၍ –

ကျယ်စခန်း၊ အိုယှန်းပင်လယ်နယ်။
ရပ်ခပင်းဝယ်ပ၊ မျှော်တင်းသော် ကမ်းယံငွေ့ငယ်မှ၊ မတွေ့မမြင်
လာဘိ၊ ဘယ်နံ့ခါမှာ ဘယ်ကမ်းကို၊ လှမ်းပါရမယ်။

၁။ ကွာသော – ဟ။ ၂။ ကြောင်းကို – ဟ။ ၃။ ပင်လယ်တွင်း – ဟ။
၄။ ရေထဲသို့ ပြန်ဝင်သည်နှင့် – ဟ။



www.burmeseclassic.com

www.burmeseclassic.com



ဖန်မောရင် ငွေယုန်နန်းကလဲ၊ လှည့်မြန်း[၁] နေရုံကွန်းဆီသို့၊ ယွန်းဘိ
ဘု သည်တွင်ဝယ်၊ သွတ်လှယ်ခုဖန်များ။
ထင်ယောင် ခက်ပါဘိ၊ ဝင်ထွက်ကယ် တုံတုံစေနှင့်၊ ထွက်လေလေ
ရက်ရေကျွန်းတော့၊ ဘယ်ဝန်းညာပြန်လေက၊ လွမ်းစေ
စိမ့်သား။

– ဟူ၍ ဖွဲ့ဆို စီကုံးလေသည်။ ။

သည်ကဲ့သို့ ထွက်ခဲ့၍ ၆ ရက်အလွန် ၇ ရက်နေ့ နေ ၂ ချက်တီးခန့်တွင် လက်ဝဲဘက် ကပ္ပလီ လူမျိုးတို့ နေထိုင်သည့် အာဖရိကကျွန်း ဂါဒေဖွီး ခေါ်သည့် အစွန်းကို မြင်ရသည်။ ၎င်းအစွန်းကို လှည့်၍ လာရာ ၎င်းနေ့ နေဝင်သည်တိုင် အာဖရိကကျွန်းကို လက်ဝဲထား၍ ကမ်းခြေနှင့် တာ ငါးရာခန့်ကွာ တောင်တန်း တောင်စဉ် ကမ်းပြင် သောင်ဆွယ်များကို ကြည့်ရှုမျှော်တင်းကာ လာရသည်။ ၆ ရက်၊ ၇ ရက် ကမ်းခြေ မမြင်[၂] ရသည်နှင့် ၎င်းအာဖရိကကျွန်း ဂါဒေဖွီးအရပ် ကမ်းခြေတစ်လျှောက်များကို မြင်လျှင် အလွန် ဝမ်းမြောက် ရွှင်လန်းကြသည် ဖြစ်၍ ရေစပ် ကမ်းခြေ သဲမြေ သောင်ပြန့်များသို့ ဆင်းသွား ပျော်ပါးလိုယောင် ညွတ်သောစိတ် ထင်လာဘိသည်။ သည်ကို ရည်၍ –

ဘယ်တော့တုန်း၊ ခင်ကုန်းမြေငူစကို၊ မြင်ရနိုင်တဲ့မယ်[၃]။
ရေယက်ပန်း၊ အိုယှုန်းပြင်ကျယ်မို့၊ ရောက်နိုင်တယ်ရှိဘိဘူး၊ ကူးခပ်
မလွယ်။
သဲငွေစင် မြေပြင်ကမ်းသို့၊ ရောက်စမ်းချင်လှ မောသည်နှင့်၊ စောရှာ
မိခိုက်စဉ်ဝယ်၊ တောင်ဆွယ်နှင့် ချပ်ကြား။
ဂါဒေဖွီး၊ မည်သီးသာဘွဲ့ခံ၊ ကမ်းယံ အာဖရိကို၊ မျှော်မိရာတွင်မှ၊
သည်ဘဝင် ကြည်လင်ဖြစ်ရာတော့၊ ပွင့်သစ်ကယ် ထုံမှုံ
ကြွေ့ငယ်၊ ပန်းရေတွေ့လား။

– ဟူ၍ ဖွဲ့ဆို စီကုံးလေသည်။ ။

ယင်းကစ၍ ကပ္ပလီမင်းပိုင် အာဖရိကကျွန်းကို လက်ဝဲ၊ တူရကီမင်းပိုင် အာရေဘီယနိုင်ငံ ကမ်းခြေကို လက်ယာ ထား၍ ဝင်သွားရသည်နှင့် **၎င်းလပြည့်ကျော် ၁ ရက်** * နေ့ ဒေင်မြို့ ဆိပ်ကမ်းသို့ ဆိုက်ရောက် ရပ်နေသည့်အတွင်း လှည့်ပတ်ကြည့်ရှုရာ၊ မြေမှာ သဲကျောက် အလွန်များသည်။

---

၁။ ဖလ်ပေါ်ရင် ငွေယုန်နန်းကလဲ၊ လှည့်မြန်းကာ – ဟု။ ၂။ ကမ်းမမြင် – ဟု။
၃။ မြင်ရနိုင်မဲ့မယ် – ဟု။ * ၁ မေ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



ဧင်းအနီး တောင်များလည်း ကျောက်အတိ တေဇောအား ကြီး၍၊ မြက်နွယ် ချုံပိတ်ပေါင်း တစ်ခက်တစ်ရွက်မျှ မပေါက် မရောက်နိုင်။ ၃ နှစ် တစ်ကြိမ် အလွန် မိုးရွာခဲ့သည်။ သို့ဖြစ်၍ ပြင်းပြစွာ ပူပန်လှ၏။ ဧင်းမြို့ဇာတိ ဖြစ်ပွား[၁] ရင်းသူတို့မှာ ကပ္ပလီသွင်သွင် ဖြုတ်ခြင် အတိ မျက်စိနေပုံ ကြည့်ရှုမလှ ရှိသည်။ သည်ကို ရည်၍ –

ခရာမှာ တျာတေတျော၊ မနှောလေသည့်ယောင်။

တောင်အဝန့်မှာလ၊ နွယ်ညွန့်မြိုင် ဂနိုင်ကင်းလို့၊ မြင်တွင်း ကျောက် ချွေလိပ်နယ်သို့၊ အရိပ်ကယ်ခိုရာ ရှားပါဘိ၊ ငွားမြင့်သီခေါင်။

မြို့ဒေင် မြေတကြောမှာ[၂] တေဇော ပိုင်အုပ်စိုးလို့၊ မိုးတစ်စက် မရွာမရှောင်၊ တောက်လောင်မယ့်အလား။

သည်ဇာတိစစ်သူတို့၊ ညစ်ပြစ်ကယ် သီကရီနှင့်၊ ကပ္ပလီ သွင်သွင်ပ၊ ဖြုတ်ခြင်ကို ထုတ်နှင်ခတ်ရတယ်၊ ခမ်းမျက်စပ်များ။

– ဟူ၍ ဖွဲ့ဆို စီကုံးလေသည်။

သီဟိုဠ်ကျွန်းက ထွက်သည်မှ စ၍ ဒေင်မြို့ ဆိပ်ကမ်းရောက် ခုနစ်ည ရှစ်ရက်အတွင်း ရတနာသုံးပါးဂုဏ်၊ မိဘဆရာသမားဂုဏ်၊ ဘုရားရွှေဘုန်း တော်မြတ်၊ အရပ်ရပ်ပို့သည် မေတ္တာများကြောင့် ဝန်ရှင်တော် ကင်းဝန် မင်းကြီး၊ စာရေးတော်ကြီးမင်း၊ လက်ဖက်ရည်တော်တို့နှင့် အပေါင်းပါ ပရိသတ်တို့ ကြည်လင်ရွှင်လန်း ချမ်းချမ်းသာသာ ရှိကြသည်။ ။ ဤကား ရှစ်ရက်အတွင်း ဖြစ်ဆစ် ကြောင်းရာများကို သတင်းစာဆရာ မှတ်သား နှင့်ရန် အကျဉ်းအမြွက်မျှ ပြဆိုအပ်သော သခေ်ပ တတိယ သန္ဓေသကထာ စကားရပ်တည်း။ နောက်ကိုလည်း အစဉ်မပြတ် ရေးသားပေးပို့မည် ကြံစည် အားထုတ်လျက် ရှိပါသည်။ *။ သက္ကရာဇ် ၁၂၃၆ ခု ကဆုန်လပြည့်ကျော် ၁ ရက်[†]နေ့၊ ဒေင်မြို့ ဆိပ်ကမ်း စင်း ခေါ်သည့် မီးသင်္ဘောပေါ်တွင် ရေးသည် စာ ။*[*]

ကြားရောက်လိုက်ပါသည်၊ မြန်မာသတင်းစာ ဆရာခင် ဘုရား။ ၁၂၃၆ ခု ကဆုန်လပြည့်ကျော် ၂ ရက်[††]နေ့ ဒေင်မြို့ ဆိပ်ကမ်းက ထွက်လာ ခဲ့ရာ လက်ယာဘက် အာဖရိကကျွန်း၊ လက်ဝဲဘက် အာရေဘိယနိုင်ငံ ကမ်းခြေ

---

၁။ ဖြစ်ထွား – ဟ။ ၂။ မှာလ – ဟ။

* ဤသက္ကရာဇ်ကို အောက်ပါစာ၌ သက္ကရာဇ်အဖြစ်နှင့် ဟ ၌ ပုံနှိပ်လျက် ရှိသည်။

† ၁ မေ ၁၈၇၄ †† ၂ မေ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



၂ ဖက် အလွန်နီးသည် ဖြစ်၍ သိုးဆောင်းဘာသာ စတရေးထ၊ မြန်မာဘာသာ အလွန်ကျဉ်းသောအရပ်ဟု ခေါ်သော ပင်လယ်ကမ်းခြေ အစွန်းတွင် မီးပြတိုင်ကို တွေ့မြင်ရသည်။ ၎င်းအရပ်သည် အိန္ဒိယ အိုယှန်း ပင်လယ်က သိုးဆောင်းဘာသာ ရက်ထစီး၊ မြန်မာဘာသာ ပင်လယ်နီ ခေါ်သည့် ပင်လယ်သို့ ဝင်ရာ အစ ပင်လယ်နီဝ ဖြစ်သည်။ ယင်းကစ၍ ပင်လယ်နီသို့ အစဉ်အတိုင်း အနောက်မြောက်ယွန်း လာရသည်။ သည်ကို ရည်၍ –

ကျောက်မြေပြင် ဒေခင်စွန်းက၊ ယွန်းပြန်ခဲ့ ရှေ့ဆီ။

ရက်ထစီး၊ ဝင်နီးပင်လယ်က၊ ကမ်း ၂ သွယ် ကွာမဝေးသည်နှင့်၊ စထရေးခေါ် ဆွယ်အဝမှာ၊ မီးပြခဲ့ပြီ။

ဝဲကမ်းခြေ အာရေဘီ၊ တူရကီ့တိုင်းပူရီ၊ သာမိုပြူတကဲ။

အာဖရိ၊ သာဘီရံလက်ယာ၊ ကမ်းနှစ်မြွာ ရှည်သွယ်ညီတဲ့၊ ပင်လယ်နီ ရေသိမ်ပျို့ငယ်၊ ဆုံးနိုင်ဖို့ပဲ။

– ဟု ဖွဲ့ဆို စီကုံးလေသည်။ ။

၎င်းပင်လယ်နီကမ်း ဝဲယာ မြေတောင်များလည်း ဒေခင်မြို့နှင့် ထပ်တူ တောတောင်စိမ့်မြိုင် ဂနိုင်ပိတ်ပေါင်း မရှိ။ သဲမြေ ကျောက်တောင် ပူလောင်သော ဥတု ရှိသည်။ လက်ဝဲဘက် အာရေဘိယ နိုင်ငံအတွင်း အာရတ်လူမျိုးတို့ ကိုးကွယ်ရင်း ဘုရားက မိုးစက် ဆိုသူကို တရားဟောရာ စိန်နာရီ ခေါ်သည့် တောင်လည်း ရှိသည်။ ၎င်း တောင်[၁] လည်း ကျောက်သားအတိ ဖြစ်၍ စိမ်းလဲ့ညွန့်ရှင် သစ်ပင်မြက်နွယ် မရှိ၊ အလွန် ပူပြင်းသည်။ သည်ကို ရည်၍ –

ယာနှင့် ဝဲ၊ သဲအတိ လွင်တီးခေါင်။

စိမ်းလဲ့ရှင်၊ နွယ်သစ်ပင် ပြင်ပြင်ကင်းလို့၊ မြင်တွင်းလောင်စလိုငယ်၊ မီးကျီ့အယောင်။

လျှိုရိုးဆွယ် ချောင်မြောင်ချပ်ကလဲ၊ တံလှပ်ပွင့် ထိန်လို့ပြောင်။ တောက်လောင် ဘွဲ့ခမန်း။

ရှေးအထက်ကယ်က၊ မိုးစက်ကယ် သူ့ဘုရားနှင့်၊ ကျက်စားရာ မှန်ညီတဲ့၊ စိန်နာရီ တောင်ခြေက၊ ဘယ်လေပြေ ခြွေစေ အေးနိုင်ဘ၊ ငွေးချက်ကဆန်း။

– ဟု ဖွဲ့ဆို စီကုံးလေသည်။

သည်ကဲ့သို့ အစဉ်အတိုင်း ပင်လယ်နီအတွင်း လိုက်လာခဲ့၍

---

၁။ ၎င်းတောင်က – ဟ။

www.burmeseclassic.com



၎င်းလပြည့်ကျော် ၆ ရက် * နေ့ စွစ်မြို့ ဆိပ်ကမ်းသို့ ဆိုက်ရောက်၊ တစ်ည ရပ်ဆိုင်းပြီးလျှင် အိင်္ဂလိပ်နိုင်ငံ အပါအဝင် ရက်ထစီး ခေါ်သည် ပင်လယ်နီကမ်းနှင့် ခရီး ခုနစ်ယူဇနာကျော်ကွာ သဲကန္တာရအတိ ခြားလျက် သိုးဆောင်းဘာသာ မစ်ဒိတာရေနီယန်း–အိုယှန်း–စီး၊ မြန်မာဘာသာ ကမ္ဘာ့အလယ်ချက် ဖြစ်သော ပင်လယ်ခေါ်သော ပင်လယ်ကြီးကမ်း၊ ၎င်းကမ်း ၂ ရပ်ကို သင်္ဘောအများ အလိုရှိရာ ထွက်သွားနိုင်အောင် အကျယ် ငါတို့ မြစ်ငယ်ပမာဏ၊ ဖောက်တောင် ၁၀ တောင်၊ ၂၀ တောင်၊ ၂၅ ခန့်၊ အထက် ဆိုခဲ့သည် သဲမြေအတိကို စက်ကိရိယာ အမျိုးမျိုးတို့ဖြင့် မဖြစ်မနေရ တူးဖောက်ပြီးလျှင် သဲကမ်း မအိ မရွံ့မနွံ မပျက်ရအောင် ကျောက်သားအတိ သေချာခိုင်ခံ့စွာ စီခင်းလျက် သိုးဆောင်းတိုင် ငါးတိုင်လျှင် တစ်စခန်း၊ သင်္ဘောချင်းဆိုင်မိက ရှောင်လွှဲရန်နေရာ၊ အစောင့်လူ ကြေးနန်း ဓာတ်အိုး အပြည့်အစုံများနှင့် ကျေးရွာပြုစု စီစဉ်ထားပြီးလျှင် ၎င်းမြောင်းကို စွစ်မြို့ တူးမြောင်းခေါ်ဝေါ် သမုတ်သည်။ ၎င်းမြောင်းအတွင်း လှေကြီး လှေငယ် အလျောက်အကူးအသန်း အသွားအလာ မရှိရ။ သင်္ဘောများသာ ဝင်ထွက် သွားလာရသည်။ ၎င်းသင်္ဘောများလည်း အလိုရှိတိုင်း မသွား မလာရ။ တစ်နာရီလျှင် ၅ တိုင်၊ ၆ တိုင်သာ သွားရသည်။ ၎င်းမြောင်းအတွင်း သင်္ဘောချင်း ဆုံမိကြလျှင် စခန်းစောင့်လူတို့က အလျင် ရောက်လာသည် သင်္ဘောကို တားမြစ်၊ ၎င်းစခန်းက စောင့်နေ ဖယ်ရှားနှင့်ရသည်။ နောက်လာ သင်္ဘော ရှောင်သွားလွတ်ကင်းမှ ငံ့နေရင်း သင်္ဘော ထွက်သွားရသည်။ ၎င်းမြောင်းကို အစဉ်အတိုင်း ဝင်လိုက်ခဲ့ရာ ၂ စခန်းခန့် သွားမိလျှင် သင်္ဘောတစ်စင်း အလာနှင့်ဆိုင်မိရန် ရှိသောကြောင့် စခန်းစောင့်လူတို့က တားသည်နှင့် ၂ နာရီခန့် ဖယ်ရှား ရပ်ဆိုင်း စောင့်နေရသည်။ ၎င်းအတွင်း သင်္ဘောတစ်စင်း ဆိုက်ရောက် ရှောင်သွားမှ ထွက်လာရသည်။ ၎င်းနေ့ စွစ်မြို့နှင့် ခရီး မြန်မာ ၂၈ တိုင်ကွာ အစ္စမာလီယမြို့တွင် ဆိုက်ရပ် အိပ်နေရသည်။ အစ္စမာလီယမြို့ဆိုသည်မှာ ၎င်း စွစ်မြောင်းကို တူးစဉ် လက်ဦး ချရပ်သည့် စခန်းလည်းဖြစ်သည်။ ၎င်းမြောင်း ပြီးပြေ၍ မြောင်းဖွင့်ပွဲသဘင် [၁] ပြုလုပ်သည်ကာလလည်း ၎င်းအရပ်မှာပင် နိုင်ငံတကာမင်းတို့ စည်းဝေးရာလည်း ဖြစ်သည်။ သို့ဖြစ်၍ ရှေးကာလက ကျေးရွာ မရှိ။ ၎င်းမြောင်း ဖြစ်ထွန်းမှ ပြုစုတည်ထောင်ပြီးလျှင် အစ္စမာလီယ ဟူသော အိဂျတ် ဘုရင်ခံမင်း အမည်ကိုယူ၍ အစ္စမာလီယမြို့ဟု ၎င်းမြို့ကို ခေါ်ဝေါ်သမုတ်လေသတည်း။ ၎င်းမြောင်း

* ၆ မေ ၁၈၇၄ ၁။ ပွဲလမ်းသဘင် – ဟ။



www.burmeseclassic.com

www.burmeseclassic.com



အနေအထိုင်ကို ကြည့်ရှုဆင်ခြင်လျှင် တူးယက် ဖောက်လုပ်၍ ဖြစ်ထွန်းနိုင်ရန် မရှိ။ သဲမြေအတိ ဖြစ်သည် တစ်ကြောင်း၊ ခရီး ခုနစ်ယူဇနာကျော် ကွာဝေးသည် တစ်ကြောင်း ဖြစ်လျက် မဖြစ်မနေရ တူးယက် ဖောက်လုပ်၍ နိုင်ငံတကာ သင်္ဘောအများ ဝင်ထွက် သွားလာရသည်များကို အံ့သြဖွယ် ရှိလှသည်။ ၎င်းအစ္စမာလိယမြို့တွင် တစ်ည ရပ်ဆိုင်း ထွက်လာပြန်ရာ အထက်ရေးကာလက မရှိ၊ ယခု စွစ်မြောင်း ဖြစ်ထွန်းမှ တည်ထောင်ပြုစုသည် မစ်ဒီတာရေနိုယန်းအိုယှန်းစီး ခေါ်သည် ပင်လယ်ကြီးသို့အထွက် စွစ်မြောင်းဝ သဲမြေပေါ်တွင် ရှိသည့် ပေါဆေးမြို့သို့ **၎င်းလပြည့်ကျော် ၈ ရက်** * နေ့ ဆိုက်ရောက်၊ ၎င်းမြို့တွင် ၅ နာရီခန့် ရပ်ဆိုင်းသည်အတွင်း လှည့်ပတ် ကြည့်ရှုရာ ကမ္ဘာမြေသား သက်သက် မရှိ။ ပင်လယ်မြေတိမ် သောင်ပြန့် သဲမြေအတိပေါ်[1] တွင် ကျောက်အုတ် သင့်ရာ စီခင်း၍ တိုက်အိမ်အကြီးအကျယ်၊ ဈေးဆိုင်ကနား အပြည့်အစုံ၊ သင်္ဘောဆိပ် သင်္ဘောကျင်း[2] မီးပြတိုင် ကျောက်မီးသွေးရုံမှ စ၍ အဆောက်အဦ အကြီးအကျယ် တည်ထောင်ပြုစု တိုးဆဲပွားဆဲ အံ့ဖွယ်သရဲ ရှိသည်များကို တွေ့မြင်ရသည်။ သည်ကို ရည်၍ –

မဖြစ်တောင်း ဖြစ်ပုံ။

ရက်ထစီး မစ်ဒီးတာရေနှင့်၊ ကမ်းနှစ်ထွေ အခြေဆက်လို့၊ ဝင်ထွက်ခါ နိုင်ငံပွားစေဟု၊ ရှည်လျား မျှော်ခေါ်တတ်ပါဘိ၊ မိုးနတ် ကျွန်ယုံ။

ဤမှာရေ ဤမှာကမ်း၊ ဤလမ်း ဤမှာ မြို့ငယ်လို့၊ ဤသို့စီမံခွင့် မှာဖြင့်၊ အသင့်နေရာကျပါဘိ၊ ဝိသေသအံ့ဖွယ်စုံ၊ ဝိသကြုံ နှယ်သို့။

ပင်လယ်ပွား၊ အများနိုင်ငံနှင့်[3]၊ ဆက်ဆံရာ သည်အချက်ကို၊ သည် သက်ကယ် သည်ခါတွင်မှ၊ တွေ့ကြုံမြင် ဝင်ခဲ့စမ်းရတယ်၊ လမ်းခိုက်ကြုံလို့။

– ဟု ဖွဲ့ဆို စီကုံးလေသည်။ ဤကား စတုတ္ထ သန္ဓေသကထာ တည်း။ ။

ဤတွင်၍ ရွှေမြို့တော် သန်လျက်မော်ဆိပ်ကမ်းက စွစ်မြို့ တူးမြောင်း ထွက် ပေါဆေးမြို့တိုင်၊ ၄ ကြိမ် ၄ ရပ်သော သန္ဓေသကထာ စကားရပ်တို့ဖြင့် ပြဆိုအပ်သော အာရှတိုက် တိုင်းပြည်နိုင်ငံ မြို့ရွာရောက်ရပ် လမ်းစခန်းများကို သတင်းစာဆရာ မှတ်သားနှင့်ရန် အကျဉ်းအမြွက်မျှ အာရှ အမူအရာ၊

---

၁။ အတိအပေါ် – ဟ။ ၂။ သင်္ဘောကျ – ဟ။ ၃။ အများနိုင်နိုင်ငံနှင့် – ဟ။ * ၈ မေ ၁၈၇၂



www.burmeseclassic.com

www.burmeseclassic.com



အာရှသံ ပါပါနှင့် စီကုံးရေးသား ပေးမှာအပ်သော အာရှစကားရပ် ပြီး၏။ ။ ယင်းက နောက်ကိုမူကား ဥရောပတိုက်သို့ ရောက်ပြီဖြစ်၍ ဥရောပ အမူအရာ၊ ဥရောပသံပါပါ၊ ကြောင်းရာ ဖြစ်ဆစ်များကို ရေးသားပေးပို့မည် ကြံစည် ရှိပါသည်။ ၎င်းစခန်းသို့ ရောက်သည်တိုင် ရတနာသုံးပါးဂုဏ်၊ မိဘဂုဏ်[၁]၊ ဘုရားရွှေဘုန်းတော်မြတ်၊ အရပ်ရပ် ပို့သသော မေတ္တာများ ကြောင့် ဝန်ရှင်တော်မင်းကြီး၊ စာရေးတော်ကြီးမင်း၊ လက်ဖက်ရည်တော်၊ ရွှေတိုက်ကြပ်၊ စာရေးလူငယ်များပါ ရွှင်လန်း ချမ်းသာ ကျန်းမာသော ကိုယ်စိတ် ရှိကြပါသည်။ ။ ***သက္ကရာဇ် ၁၂၃၆ ခု နယုန်လဆန်း ၄ ရက်နေ့ † ပါရစ်မြို့ ဒလူဟိုတက်တိုက်တွင် ရေးသည့်စာ။ ****

**ကြားရောက်လိုက်ပါသည်၊ မြန်မာသတင်းစာ ဆရာ ခင်ဘုရား။** အာရှတိုက်နယ်ကုန် အီဂျစ်နိုင်ငံ စွစ်မြောင်းအထွက် ပေါဆေးခေါ်သည့် မြို့က **၁၂၃၆ ခု ကဆုန်လပြည့်ကျော် ၈ ရက်** ††နေ့ ထွက်လာခဲ့ရာ၊ ဥရောပ တိုက် အဝင် ကမ္ဘာအလယ်ချက် ဖြစ်သော မစ်ဒီတာရေနီယန်း–အိုယှန်း–စီး ခေါ်သည့် ပင်လယ်ကြီးသို့ ရောက်ပါသည်။ ၎င်းပင်လယ်အတွင်း ၅ ည[၂] ၆ ရက်ပတ်လုံး ရံခါ တူရှူအရပ်က၊ ရံခါ အထောင့်အရပ်က ပြင်းပြ သည်းထန် ကြမ်းတမ်းလှသော လေပြင်းမုန်တိုင်းတို့သည် လှည့်ကာ ပတ်ကာ၊ ဝဲယာ ရှေ့နောက်၊ ချောက်ချောက်ချားချား၊ လှုပ်ရှားတိုက်ဝှေ့သည် နှင့် ပင်လယ်အလုံး ရိုက်ရိုက်တုန်လျက် တောင်ရှိဘနန်း မောက်လျှမ်းဝှန် တက် လှိုင်းရေဂယက်တို့သည် တိုင်းထက်အလွန် ထ သတည်း။ ထိုအခါ အလွန် ကြီးကျယ် ခိုင်ခံ့လှသော စင်း ခေါ်သည့် မီးသင်္ဘောကြီးသည် သက်တုံ တက်တုံ ခုန့်၍ ရှေ့နောက် ဦးစောင်[၃] ကျွမ်းပြန် လှုပ်သည်။ လူးတုံ လဲတုံ၊ မကြုံတောင်းစွာ၊ သွက်သွက်ခါလျက်၊ ဝဲယာနံထောင်း[၄] စောင်း၍ စောင်း၍ လှုပ်သည်။ ရစ်တုံ ပတ်တုံ၊ အဟုန်မပြတ်၊ ချားရဟတ် သို့၊ ပတ်ပတ်လည်၍ လှုပ်သည်။ ဓမ္မစက်ပွဲ၊ ပြီးဆဲဆဲ၌၊ ကျော်သဲကြည်းဟီး၊ မေဒနီသည်၊ အောင်ပြီသံညို၊ ကမ္ဘိ၊ သံကမ္ဘိ၊ သံပကမ္ဘိ၊ သံပဝေဓိ၊ ဤအခါ ကဲ့သို့၊ ပမာကို သိလေတော့။ ဤရှိ မြောက်မြား၊ ကြောက်ပါးလိမခန်း၊ ပင်လယ်ရေကြမ်းတုံးတွင်၊ ယောင်ယမ်းထူးထွေ၊ မူးဝေကျွမ်းပြန်၊ ဖြစ်ကြဟန်

---

၁။ မိဂုဏ်၊ ဘဂုဏ် – ဟ။ ၂။ ညနှင့် – ဟ။ ၃။ ဦးဓောက် – ဟ။ ၄။ လက်ယာနံတောင်း – ဟ။

* ဤသက္ကရာဇ်ကို အောက်ပါစာ၏ သက္ကရာဇ်အဖြစ်နှင့် – ဟ၌ ပုံနှိပ်လျက် ရှိသည်။

† ၁၉ မေ ၁၈၇၄ †† ၈ မေ ၁၈၇၄



www.burmeseclassic.com

www.burmeseclassic.com



များကို၊ ယမန်ရေးတွင်၊ သန်လျင်မြို့ မယ်နွန်းနှင့်၊ ကျွမ်းသဘော်သား၊ ကုလားတို့အတွေ့၊ မူးမေ့မိန်းမော၊ စိတ်ဓာချွတ်ယွင်း၊ သတိကင်းကြောင်းနှင့်၊ မင်းရွှေတောင်နန္ဒသူ၊ စံမူသည့်ရစ်တန်၊ ရှင်မွေ့နန်းရကန်၊ ဤအချက်ကို၊ အနက်ကုန်ပြန်ပြီးလျှင်၊ နှိုင်းစံ၍သိလေ။ ။ ယင်းသို့ လေပြင်းမုန်တိုင်း၊ လှိုင်းနှင့် သဘော်၊ ပင်လယ်ပြင်ဝယ်၊ သုံးလွန်းတင် နှောဆဲတွင်၊ သဘောတူခြင်းရာ၊ ဥပမာဖြင့်၊ ဆရာ မောင်ကျောက်ခဲဆို၊ ပိမ်းဘုံဘွေစာ၊ ရွှေယည်ဘောင် စာများက၊ ထွက်လာသည့် အဓိပ္ပာယ်နှင့်၊ တူနိုးဖွယ် ရှိတန်သင့်သတည်း။ ။ သည်ကဲ့သို့ အစဉ်အတိုင်း၊ လှိုင်းထဲလေထဲ၊ ယက်ဝဲအတွင်း၊ ယာဉ်ညင်စင်းနှင့်၊ အပြင်းကူးခပ်ခဲ့သဖြင့်၊ အီတာလျံနိုင်ငံ နပေါလီမြို့သို့ **ငင်းလပြည့်ကျော် ၁၃ ရက်** [1] နေ့ ဆိုက်ရောက်၊ ၎င်းမြို့ရှိ အထက် တည်းနေခဲ့ဖူးသည့် ဂရံဘရစ်တန် ခေါ်သည့် ဟိုတက် တိုက်အိမ်မှာ တည်းနေကြသည်အတွင်း၊ အထက် သိကျွမ်းခဲ့ဖူးသူ အီတာလျံ ရေကြောင်းချုပ် ဗိုလ်ကြီးချာရတီ, နိုင်ငံတော်သို့ သံကြီး ပြုလုပ် လာရောက်ဖူးသူ ရေကြောင်း ကပ္ပိတန်အာရဘိုက်ရိုက်ကျားတို့ လာရောက် နှုတ်ဆက်၊ ဆောင်ရွက်ကူညီရန် အီတာလျံမင်းရင်ပြင် ရှေ့တော်ဝင် အခမ်းအနား၊ နိုင်ငံဖြတ် ခရီးသွား၊ မီးရထားစခန်း၊ လမ်းပန်း အချက်အဆစ်မှ စ၍ အရပ်ရပ် ပြုဖွယ်ကိစ္စများကို သံတော်အရာရှိမင်းတို့ ငြိုငြင်ပင်ပန်း မရှိရအောင် ရွက်ဆောင်သယ်ပိုးပါမည်၊ ခံဝန် ပြောဆို ကူညီဆောင်ရွက်ကြသည်နှင့် နပေါလီမြို့က ဘူလွန်းညာမြို့ အီတာလျံဟိုတက်ရောက်၊ ၎င်းက တျူရင်းမြို့ရောက်၊ ၎င်းက အီတာလျံနိုင်ငံ အဆုံး ပြင်သစ်နိုင်ငံ အဝင်၊ ၂ နိုင်ငံ နယ်ခြား မောင်စနည်း ခေါ်သည့် မီးရထားရုံရောက် [2] အစဉ်အတိုင်း မီးရထားစီး၍ ထွက်လာခဲ့ရာ၊ ဝဲယာလမ်းတစ်လျှောက်များတွင် မြို့ရွာအိမ်ခြေ လူနေ ဆက်ခါဆက်ခါ တစ်စခန်းတစ်စခန်းရောက်၊ လျှင်ခုတ်မြန်သန်၊ ပျံဘိဘနန်း၊ တစ်နာရီလျှင် ခရီး မြန်မာတိုင် ၂၅၊ ၃၀ ကျ ပေါက်ရောက်သည်နှင့် မှော်ရုံတောအရပ်တွင် သမင်ပလီ၊ ဂမ္ဘီကိုလိုက်ရာ၊ မင်းညီနောင်ကွာခိုက်မို့၊ သီတာကို သိန်းခိုရှင်၊ ရထားနှင့်တင်ဆောင်၍ [3]၊ စိုင်းနှင်သည့် အခန်းကဲ့သို့ စွဲလမ်း ထင်မှတ်မိပါသည်။ ။ ယင်းသည်စခန်း ဝဲယာလမ်းများမှာ တောင်တန်း အထပ်ထပ်၊ မြောင်ချပ်အရစ်ရစ်၊ ချောင်းမြစ် အတင်တင်၊ ကွင်းပြင် အသွယ်သွယ်၊ ပင်ငယ်အသီးသီး၊ ပင်ကြီး အခန်းခန်း၊ ပန်းမျိုး မန်မျိုး၊ သီးမျိုး အကျွန်အလွန်၊ ရေတံခွန် အသွယ်သွယ်၊ တင့်တယ်သည့် လုပ်ငန်း၊ လေပြည်ဖျန်း နေခြည်

---

၁။ ၁၃ မေ ၁၈၇၄ ၂။ မီးရထားရောက် – က။ ၃။ ရထားနှင့် ဆောင်တင်၍ – ဟ။



www.burmeseclassic.com

www.burmeseclassic.com



တန်း၊ ညချမ်းဆည်းဆာ၊ တိမ်အလွှာများမှာ၊ မိလ္လာသီဂီ၊ ဆေးပန်းချီကဲ့သို့၊ မြဝတီမင်းကြီးဆို၊ စုံနယ်သာစွ၊ မှုံကြွယ်ညှာမြ၊ စာအရနှင့်ဖြင့်၊ သည်ကပဲ ပိုသည်ဟု၊ ပြောဆို ထင်မှတ်မိပါသည်။ ။ ယင်းလမ်းတွင်ပင်၊ မမြင် စကောင်း၊ ပေါင်း၍ထပ်ချပ်၊ နွားဆောင်းထပ်ကဲ့သို့၊ စပ်လျက် စပ်လျက်၊ အဆက်ဆက် အသွယ်သွယ်၊ တောင်ကြီးငယ်များကို၊ ဖယ်တန်ဖယ်၊ ကပ် တန် ကပ်၊ ကူးတန်ကူး၊ တူးတန်တူး၊ ဖြိုတန်ဖြို၊ လျှိုတန်လျှို၊ ဝင်တန်ဝင်၊ ဥမင်ဇာတ်၊ ဥမင်ခန်းဟာနှင့်၊ တစ်ငြမ်းတည်း မှတ်ပါတော့။ ၂ ရပ်နိုင်ငံဆုံ၊ တူတုံကမ္ဘည်း၊ မော်စနည်းစခန်း၊ ယင်းက ထ၍၊ တစ်ညလုံး လှမ်းခဲ့မှ၊ နန်းပါရစ်မည်၊ ပြင်သစ်ပြည်သို့၊ ယင်းသည်နှစ် နယုန်၊ မေထုန်ရာသီ၊ ထိထိ၅ွန်းစက်၊ **ဆန်း ၄ ရက်** [၁] တွင်၊ နှောင့်ယှက်ငြိငြင်မရှိ၊ ပကတိ ချမ်းသာ လျက်၊ အပေါင်းပါ ပရိသတ်နှင့်တကွ ဆိုက်ရောက်ကြပါသည်။ ။ ဤကား **၁၂၃၆ ခု ကဆုန်လပြည့်ကျော် ၉ ရက်** [၂] နေ့က **၁၂၃၆ ခု နယုန် လဆန်း ၄ ရက်** [၁] နေ့တိုင် တစ်ဆယ့်တစ်ရက်အတွင်း ဖြစ်ဆစ်ကြောင်းရာ များကို သတင်းစာဆရာ မှတ်သားနှင့်ရန် အကျဉ်းအမြွက်မျှ ပြဆိုအပ်သော ပဌမ သန္ဒေသကထာ စကားရပ်တည်း။ နောက်ကိုလည်း အစဉ်မပြတ် ရေးသားပေးပို့မည် ကြံစည်လျက်ပင် ရှိပါသည်။ ။ * ***သက္ကရာဇ် ၁၂၃၆ ခု နယုန်လဆန်း ၇ ရက်*** [၃] *နေ့ ပါရစ်မြို့ ဒလူ ဟိုတက်တိုက်တွင် ရေးသည့်စာ။*

## ပြင်သစ်စခန်းစဉ် ဆောင်းပါးလင်္ကာ *

ကြွက် ခြသေ့် ကျား၊ ဂဠုန်အားဖြင့်၊ လေးပါးစုံစီ၊ တစ်ပြိုင်ညီသည်၊ မိဂသီနှင်၊ သက္ကရာဇ်နှောင်း၊ ခါရက်ကောင်း၊ တပေါင်းမာသ၊ မိန်အခါ။ ။ မြန်မန်းသာခေါင်၊ ရန်တိုင်းအောင်သည်၊ မြန်ဘောင်သင်းကျစ်၊ ရွှေပြည် သစ်က၊ ပါရစ်ကယ်သာစွ၊ မည်ထူးရပေတဲ့၊ ပထမန်ပါတ်၊ မော်ကွန်းမှတ်၊ ပြည်မြတ်သို့အထွက်၊ စခန်း ဆက်ကို၊ ညွှန်းမြွက်ပိမ့်စေ့စေ့နာလော့။ ။ ထိုနှစ်ကောဇာ၊ မိန်ရာသီစက်၊ ကျော်ထွက်ဆယ့်နှစ်၊ နာဂရာဇ်၊ ရန်လှစ်ပယ် သည့် ရက်မှန်ဘိ။ ။ ယင်းသည့်ခါသော်၊ သန်လျက်မော်က၊ အဖော် ပြင်သစ်၊ သံမိတ်စစ်တို့နှင့်၊ ချစ်ချစ်ခင်ခင်၊ ညှိတိုင်ပင်ပြီးလျှင်၊ ယာဉ်ညင် တင့်ဆန်း၊ အံ့မခန်းတဲ့၊ ရေနန်းစကြာ၊ ဗိမာန်နှင့် ခွာခဲ့သည်။ အခါမဟာ

---

၁။ ၁၉ မေ ၁၈၇၄ ၂။ ၉ မေ ၁၈၇၄ ၃။ ၂၂ မေ ၁၈၇၄

* ...... * ဤသက္ကရာဇ် ...... ရေးသည့်စာ။ ဒုတိယစခန်းစဉ် ဆောင်းပါးလင်္ကာ – ဟု။ ဟာ၊ ၌ ၎င်းသက္ကရာဇ်ကို ဆောင်းပါးလင်္ကာ၏ သက္ကရာဇ်အဖြစ်နှင့် ပုံနှိပ်လျက် ရှိသည်။

www.burmeseclassic.com



အောင်သိန္တီတည့်။ ။ မြမန်းသီရိ၊ ဘူမိအောင်ချာ၊ ပြည်မြတ်က ခွာသည်မှ[၁]၊ ဟံသာမြို့ရောက်၊ စခန်းထောက်များကို၊ သိလောက်ပြီဖြစ်၍ မဆိုပြီ။ ။ အဆိုက်အထွက်၊ ဆယ့်တစ်ရက်မြောက်၊ ယင်းက နောက်ကို၊ ဘုန်းခြောက်ပါး သခင်၊ ဆံမွေရှင်ကို၊ ဦးတင်ညွတ်ခ၊ ပူဇော်ကြပြီး၊ သဟာယစစ်၊ မိတ်ချစ် ဆွေခင်၊ များပုံယင်တို့နှင့်၊ ကြည်လင်နှစ်သက်၊ နှုတ်ခွန်းများဆက်ကြ၍၊ ငါးရက်လုံးပင်၊ ဟံသာခွင် ဝယ်၊ ပျော်ရွှင်ကြ စုံအညီတည့်။ ။ မိဿရာသီ၊ တိတိဆန်းတက်၊ ဆယ့်နှစ်ရက်တွင်၊ မြန်းထွက် ရှေ့သို့သွားရန်မှု။ ။ ကိုကိုးနာဒ၊ သာစွမည်တွင်၊ စက်ယာဉ်ညင်နှင့်၊ ရေပင်လယ်ချက်၊ စခန်းသို့ ထွက်ခဲ့၍၊ တစ်ရက်နှင့် တစ်ည၊ ကာလမကြာ၊ ရှူလေရာပင်၊ နတ်ရွာတပြိုင်၊ မော်လမြိုင်သို့၊ ရောက်တိုင်ဝင်ဆိုက်၊ တွေ့ကြုံကြိုက်ရသည်၊ မျှော်လိုက်တိုင်း လွန်ပျိုနု၏။ ။ ကျိုက်ရှင်သုံးလု၊ သဗ္ဗညုများနှင့်၊ ကြည့်ရှုဖွယ်ရန်၊ ကျွန်း သကြန်ကလဲ၊ အလွန်ထူးဆန်း၊ အံ့မခန်း၊ နတ်နန်းနှင့်မှ ဂုဏ်ရည်တူ။ ။ ပွန်ဇလိုင်ဝ၊ ကျွန်းယက္ခများလည်း၊ တင့်လှပေဟန်၊ ဆဒ္ဒန်ဘရုံ၊ အစုံဝဲယာ၊ ဂူပေါင်းကာလျက်၊ အံ့အာသရဲ၊ ကဲကဲလွန်လွန်၊ နတ်လာ၍ ဖန်သည့်နှယ်၊ သာဟန်မှာ ခေါင်အမူတည့်။ ။ ကြည်ကြည်ဖြူဖြူ၊ ပြည်သူနှင့်ကွ၊ ပြည် မိဘများက၊ ဘုရားဘုန်းတော်၊ နှုန်းမမျှော်ဟာမို့၊ ကော်ရော်ညွတ်ခ အထွေထွေ။ ။ ပင့်ခေါ်ဖိတ်မန်၊ ကြည့်ရှုရန်များကို၊ လမ်းညွှန်လိုက်ပြ၊ ကာလရှည်ကြာ၊ ကွေကွင်းကွာသည်၊ ဆွေညာအရင်း၊ ပုံမယွင်းအောင်၊ အတွင်းအပ၊ မခြားကြဘဲ၊ ပီယသဟာ၊ လွန်ကြင်နာ၍ပဲ၊ မေတ္တာမိုးသို့ ရွာ၏။ ။ ယင်းသည် ရပ်မြေ၊ မြိုင်မော်ဘွေဝယ်၊ နေနှစ်ခါထွက်၊ ထိုက ဆက်၍၊ ကြည်သက်သာချမ်း၊ ထွက်မည်လမ်း၊ စူးစမ်းမျှော်ရှု မခက်ခဲ။ ။ အထက်စီးရင်း၊ လျင်ပြင်းမြန်သန်၊ ဗိမာန်ယာဉ်သာ၊ ကိုကိုးနာနှင့်၊ မဟာ သာဂရ၊ မြတရထည်၊ ယဉ်ကြည်သန့်သက်၊ ပင်လယ်လမ်း ထွက်ခဲ့သည်၊ ရေယက်သံ တသဲသဲတည့်။ ။ ရှုအင်မရဲ၊ လွန်တင့်ကဲချက်မှာ၊ အံ့အဲ ဖွယ်ဖွယ်၊ ပင်လယ်နှင့် ကမ်းယံ၊ ယင်းကမ်းယံတွင်၊ ဂျန်းစေလံမည်၊ ရပ်သာစည်ကလည်း၊ ထူးလည်နုပျို၊ နုလွန်သာမော[၂]။ ။ ထွက်ခဲ့သည့် နောက်၊ လေးရက်မြောက်တွင်၊ ဆိုက်ရောက်ဘိတွန်၊ ရှေ့သို့လွန်ခဲ့၍၊ လျင်မြန်စဉ်ဆက်၊ နောက်တစ်ရက်တွင်၊ အုတ်ကျက်ကယ်ဆယ်သံ၊ ဆိပ်မည် မျှ၊ ပီနံမြို့ခြေ၊ ဆိုက်တုံလေသည်၊ အနေလွန်ပြန့်ပြောရှင့်။ ။ ကမ်းယံ တစ်ကြော၊ တောနှင့် တောင်ခြေ၊ ရေဘာက်ကြည်းဘက်၊ တက်သက်တပြေး၊

---

၁။ ခွာခဲ့သည်မှ – ဟ။ ၂။ ထူးလည်ပျိုနု လွန်သာမော – ဟ။



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီဆေး၊ ရေးဘိ၏သို့ လွန်တင့်တော်။ ။ ဝဲက ဂီတာ၊ ယာက ပီနံ၊ မြလျှံတွေသွန်၊ ရေတံခွန်ကလဲ၊ အဝှန်တီးတီး၊ သုန်သုန်စီးလျက်၊ ဝေးနီးဆက်ဆံ၊ နိုင်နိုင်ငံများက၊ ယာဉ်ပျံတင့်မော၊ သင်္ဘောထွက်ဝင်၊ အတင်တင်ပင်၊ လိုအင်ကုံ၊ ပြည့်စုံလှသည်နှင့်၊ နှံ့မျှပတ်လွှဲ့ကျော်၏။ ။ အသင့်အလျော်၊ ရှုမျှော်ထွက်ဝင်၊ ဖော်စုံလင်များနှင့်၊ ယင်းတွင်တစ်ညှ၊ စခန်းချပြီး၊ မြအနှုန်းဆင်၊ ကြည်ကြည်လင်။ ရေပြင်ဝဲယက်သဲသဲည်။ ။ ပင်လယ်စခန်း၊ မြန်းထွက်သည့်နောက်၊ သုံးရက်မြောက်တွင်၊ ဆိုက်ရောက်ကယ်သာစွ၊ မလာကဝယ်၊ ခဏရပ်လျက်၊ ယင်းက ထွက်ပြန်၍၊ တစ်ရက်မိုးသောက်၊ ခါသို့ရောက်လျှင်၊ ဝမ်းမြောက်စရာ၊ သာကသာသည်၊ စင်ကာပူကျွန်း၊ သာစခန်း၊ ပတ်ဝန်းရေရစ်ခြံလျက် ။ ။ ယာဉ်ညင်စက်ပျံ၊ ဆက်ဆံထွက်ဝင်၊ အတင်တင်၊ ပုံယင်ပေါ်ရယ် လွန်မြောက်မြား။ ။ ယင်းမြို့တွင်ပင်၊ ကလာရင်ဟု၊ မည်တွင်သည့်ဟိုတက်၊ တိုက်အိမ်ထက်ဝယ်၊ ရှစ်ရက်တိုင်တိုင်၊ မြို့ဦးကိုင်များနှင့်၊ ခံ့ခိုင်မိတ်စစ်၊ ဖြစ်ကြီး ဖြစ်ကြ၍၊ ချစ်ချစ်ခင်ခင်၊ အကျိုးထူးမြင်သောကြောင့်၊ ဤတွင် ရက်ရှည်နား၏။' ။ အများအပြား၊ မှတ်သားဖွယ်ဖွယ်၊ အသွယ်သွယ်များလည်း၊ ဤဝယ်စုံစေ့၊ ရှိသေး၍၊ သာမြွေညွှန်းပိမ့်စဉ်မပျက်။ ။ ပင်လယ်ရံကာ၊ သုံးမျက်နှာနှင့်၊ ကြက်လျှာမြေစွန်း၊ ထွန်း၍နှစ်ဖက်၊ ရေအချက်များလည်း၊ ယှက်လုချင်ချင်၊ မြေအပြင်ကို၊ ပင်နင်စူလာ၊ သညာသမိုက်၊ ဤတစ်ဝိုက်တွင်၊ ရာရိုက်စဉ်လျား၊ လွန်ထင်ရှားသည်၊ စော်ဘွားကိုယ်စီ၊ အညီစိုးအုပ်လျက်တည့်။ ။ ထိုနှစ်စည်ဆက်၊ ပတ်ယှက်စပ်ကာ၊ ကျွန်းတည်ရာများလည်း၊ များစွာ ရှိကြသေးသည်ပင်။ ။ စမတ်တရား၊ ဂျာပါး တစ်မျိုး၊ ဗော်နီရိုးများမှာ၊ အဘိုးခွန်နက်၊ အလွန် ထွက်သည်၊ လက်ဖက် ကော်ဖီ၊ ခွဲဆီပည်းလှိုင်၊ အစိုင်စိုင်ပင်၊ နိုင်ငံတကာ၊ ဆက်ဆံလာရသည်၊ လိုရာ လွန်စုံလင်၏။ ။ ထိုပြင်ခေါ်ညီ၊ ကျွန်းဗာလီတွင်၊ နဒီဝယာ [၁]၊ စောမြတ်စွာ၏၊ သာသနာရောင်စက်၊ ပြောင်ပြောင်လက်၊ ထွန်းသက်နေသို့ပွားလူးသစ်။ ။ မီးရှူးတန်ဆောင်၊ ညှိထွန်းထောင်ပြီးလျှင်၊ လောင်လတ်လုလု၊ မြတ်ပေါင်းစုလျက်၊ ယခုတိုင်ထက်၊ တည်ထွန်းချက်များလည်း၊ နှစ်သက်ဖွယ်စင်စင့်စစ်တည့်။ ။ လွန်လေရှေးဖြစ်၊ ကဝိစစ်တို့၊ ဖြစ်စစ်ကယ်စည်ရှည်၊ မြွက်ဖူးသည်များမှာ၊ အစည်မာလာ၊ ဂီတာရောင်ပွတ်၊ ဟူတံ့လတ်၊ တိုင်းရပ်သာစွ ထိုသည်ပြည်။ ။ စမတ်တရား၊ ကျွန်းဖျားနှင့် အဆက်၊ စဉ်မပျက်ဘူး တဲ့၊ ကနက်ကယ်

---

၁။ နဒီဝရာ – ဟ၊



www.burmeseclassic.com

www.burmeseclassic.com



နန်းတည်၊ စိုးအုပ်သည်ကို၊ အချည်နိုင်ငံ၊ ယင်းနိုင်ငံကိုပင်၊ အသံမတူ၊ အစည်ဟူ၍၊ ဗိုလ်လူ ခေါ်ကြသည်တည့်။ ။ နဂပါရီ၊ ခေါ်သည့်အုန်းမှာ၊ အကြောင်းကို ရှာသည်တွင်၊ နိကိုပါ ဆိုသည် ကျွန်းမြေမြတ်။ ။ ထိုကျွန်း အပြင်၊ ထက်ဝန်းကျင်များမှာ၊ အုန်းပင်အတိ၊ အများပဲ ရှိသတဲ့၊ ယင်းနိကိုပါ၊ ကျွန်းသညာကို၊ နဂပါရီ၊ ခေါ်သည့်လက္ခဏာ၊ တစ်ဘာသာက၊ တစ်ဘာသာ ပြောင်း၊ ဖြစ်တန်ကောင်းသည်ဟု၊ အကြောင်းထင်တုံလတ်ရှင့်။ ။ ရှေး လွန် ထုပ္ပတ်၊ အိနောင်ဇာတ်ဟု၊ လောကဇာတ်ပေါ်၊ ကျော်သည်ထိုထို၊ သည်စာကိုများလည်း၊ ဂျာဟိုနိုင်ငံဖြစ်အရင်းမှန်။ ။ စင်ကာမြေစွန်း၊ ကျွန်းနှင့်စပ်ကာ၊ များမကွာတည့်၊ ဂျာဟိုဘုရင်၊ ကိုယ်ထင်ကြွဲရ၊ မိတ္တဂ်စစ်၊ ဖြစ်၍ကြည်လင်၊ ကျွမ်းတဝင်လျှင်၊ ကုန်စင်ကြောင်းချာ၊ အဖြာဖြာကို၊ ထွေရာရှိတိုင်းပြန်၏။ ။ တိုင်းထက်အလွန်၊ အုံ့ဩရန်များမှာ၊ ဘန်ရ ဝိန်နန်း၊ ကွန့်မြန်းသွတ်လှယ်၊ လမ်းသုံးသွယ်တွင်၊ လယ်မချွေချက်၊ စက်နှင့် ဆီတည့်၊ တရည့်မှန်စွာ၊ လွန်သီညာသည်၊ စင်ကာပူရီမြေအရပ်။ ။ သန့်ဆောင်းနွေကူး၊ ထွေမထူးဘဲ၊ ကိုက်ဖူးထုံမှုန်၊ သီးပွင့်စုံများလဲ၊ ကင်းငုံ မာရင့်၊ ရာသီတိုင်းတင့်သောကြောင့်၊ လွယ်လင့်တကူ၊ လိုတိုင်းယူရသည်၊ ချမ်းပူပြစ်မျိုးလပ်၏။ ။ ရှေ့ပညတ်၊ အရပ်ထက်ဝန်း၊ လက်ယာစွန်း တွင်၊ နရန်းကမွတ်၊ အဆုံးသတ်သည်ဟု၊ အမှတ်ရှေးက ကမ္ဘာကျမ်း။ ။ စင်ကာပူမှ၊ တောင်သို့ကျလျှင်၊ ရှေ့ဟု မရှိ၊ သို့ဖြစ်ဘိ၍၊ လောကီမှတ်ဖွယ်၊ ရှေ့နယ်၊ ဤဝယ်တောင်စွန်း၊ ထိုကျွန်းတွင် ကုလား၊ ယိုးဒယား တရုတ်၊ သိုးဦးထုပ်ဆင်၊ ထိုပြင် ဂျာဟို၊ လူညီမျိုးထူး၊ ပသျှူး မလေး၊ အထွေးထွေး၊ စုဝေးလွန် ရောပြွမ်း၏။ ။ သွားလမ်းလာလမ်း၊ စုံစမ်း၍သာ၊ မြို့စင်ကာ တွင်၊ အကြာရှစ်ရက်၊ နှစ်သစ်တက်၍၊ သုံးရက်မြောက်စ၊ ခုဆဆယ်တိ၊ ရာဒွိထောင်ဇော်၊ ဖုသျှနှစ်၊ သက္ကရာဇ်ဦး အခါဝယ်။ ။ ဗြိသခါညီ၊ ရာသီဆန်းတက်၊ နှစ်ရက် သောကြာ၊ ဤအခါတွင်၊ မဟာသာဂရ၊ စခန်း စပြန်၍၊ လကလည်း ဆန်းသစ်၊ နှစ်ကလည်း ဆန်းခါ၊ စက်ယာဉ်သာကလဲ၊ သညာအကျော်၊ စင်းခေါ်သည့် သင်္ဘော၊ လျင်ဆောတိုက်ရိုက်၊ အကြိုက် အကြုံ၊ အခိုက်တွင်ဆုံချက်ကို၊ စေ့စုံအောင် ပြောမလွယ်ဘူး။ ။ပင်လယ် စခန်း၊ မပန်းမမော၊ ဖြန်းတောလျှင်ထွေ၊ ထွက်ခဲ့လေ၍၊ နေခုနစ်ခါ၊ ထွန်းလျှံ ဝါလျှင်၊ လက်ာကျွန်း၌၊ စခန်းကြိုက်၊ ရပ်ဆိုက်နားနေလွန်ရှုဆိတ်။ ။ အရိယာစစ်၊ မဖြစ်ဘူးထွေ၊ မြေဟူ၍မျှ၊ ရှာမရဘဲ၊ ရှေးကစျာန်ရှင်၊ မိုးသဘင် ဝယ်၊ ထွက်ဝင်မြူးကွန့်၊ နေခြည်ကို ဟန့်ဖူးသည်၊ ကျွန်းပြန့်ဦးထိပ်၊ ဂါလံ

www.burmeseclassic.com



ဆိပ်တွင်၊ စက်အိပ်ကယ်ရှင်မြူး၊ လွန်အကြူး၊ ကြည်နူးလှသည် စိတ်နှင့်။ ။ ရွှေဗျာဒိတ်နှင်း၊ ဝိဇ္ဇည်းမင်းလျှင်၊ တည်ရင်းမဆွ၊ လက်ဦးစပေတဲ့၊ ကျွန်းများထွက်စွန်၊ သည်ကိုလွန်ခဲ့၍၊ သံဝုန်ကြိုး၊ တံပိုးလှိုင်းယက် အလိပ်လိပ်။ ။ ဘောအောက်ဘဂေါ်၊ အပြောနက်ကျယ်၊ သည်ပင်လယ်ဝယ်၊ အလွယ်တကူ၊ ဆာပူမရှိ၊ ငြိမ်ဆိမ်ဘိသည်နှင့်၊ အိန္ဒိယန်း၊ အိုးယုန်းပြင်ကျယ်၊ ပင်လယ်အတွင်း၊ ရောက်ပြန်လျှင်းလည်း၊ အဆင်းလုပ်လီ၊ ကေ့သီနှင်းနံ့၊ သင်းပျံ့ကြိုင်ပျ၊ မြခါးကြိုးရှင်၊ ဖန်စီရင်ရောထင့်၊ ငွေသင်ဖျာခင်း[၁]၊ မြင်တွင်း[၂] ကြည်လင်၊ သန့်စန်ရန်မျိုးနိပ်၏။ ။ ဝဲယာကမ်းထိပ်၊ ဆိပ်အတင်တင်၊ အဝင်အထွက်၊ ဝဲဘက်အာဖရိ၊ ထိုပြိုသာထွေ၊ ယာကမ်းခြေ၊ အားရေဘိယနယ်သမုတ်။ ။ စီကာစဉ်ကာ၊ ဝင်၍လာခဲ့လျှင်၊ ဂါဒေဖွီးစွန်း၊ ကျွန်းကိုလှည့်တုံ၊ မြှော်လိုက်တုံများနှင့်၊ အာရုံကြည်သက်၊ နေ့ကိုတွက်သော်၊ ၈ ရက်နှင့်ပင်၊ ဒေင်မြို့ခြေ၊ ကပ်တုံလေ၍၊ ပန်းဖြေကြရာ၊ ကြည့်ရှုလာကြသည်၊ ဗိုလ်ပါသဲသဲရတ်၏။ ။ မဟာသမုဒ်၊ သောက်ထုတ်မလွယ်၊ ယင်းကိုဆွယ်လျက်၊ ပင်လယ်နီဝ၊ အဝင်စတွင်၊ ရိကဘိယ၊ ကမ်းလှ ၂ ဖက်၊ ယှက်လုတျားတျား၊ များမဝေးလှ၊ စထရေးထဝယ်၊ မီးပြသွန်းသွန်း၊ စိုက်ထူထွန်း ထီးဝန်းကဲ့သို့၊ ပတ်လည်ချုပ်။ ။ ယင်းကရှေ့ဆီ၊ ပင်လယ်နီအချက်၊ ငါးရက်ခရီး၊ ပြီးလျှင် စွစ်မြို့၊ ထိုမြို့က စွစ်မြောင်း၊ ရက်ပေါင်း ဒွယ၊ ပေါ်ဆေးသို့ကျလျှင်ပဲ၊ ခဏဆိုက်ဘိ၊ လမ်းစဉ်ရှိတိုင်း၊ မစ်ဒစ် တာရေနီယန်း၊ အိုယုန်းမည်သီး၊ ပင်လယ်ကြီးတွင်၊ ခရီးစဉ်ဆက်၊ ငါးရက်အတွင်း၊ လေပြင်းမုန်တိုင်း၊ ရှစ်မျက်နှာဝိုင်းသောကြောင့်၊ ယက်လှိုင်းဖြို အလွန်လှုပ်၏[၃]။ သတိမြဲချုပ်၊ တအုပ်ဖော်ရွေ၊ များတစ်ထွေတို့နှင့်၊ မြေအီတာလျံ၊ နိုင်ငံသိမ်ပျို့၊ နေပလိုက၊ မြို့ဘုလွန်ညာ၊ ယင်းက ခွာပြန်၍၊ ရှေ့မှာ ရှုခင်း၊ မြို့အတွင်း၊ ချင်းနှင်းလျှင်ခုတ် မြန်သုန်သုန်။ ။ ရထားမီးစက်၊ စီးခဲ့၍ ထွက်ပြီးလျှင်၊ ပတ်ယုက်ကယ် ဘယ်ညာ၊ ဝဲယာ တောင်ချည်း၊ မောင်စနည်းဟု၊ ကမ္ဘည်းထင်ပေါ်၊ ကမ္ဘာလုံးကျော်ပေသည့်၊ အမော်ကျောက်လိုဏ်၊ ကြီးခိုင်သည့်ဆောက်ဦး၊ ဗိုလ်လူချီးမွမ်း၊ မီးရထားလမ်းက၊ သာချမ်းငြိမ့်ခြေ၊ ပြင်သစ်မြေဝယ်၊ မင်းနေပါရစ်၊ မြို့နံပါတ်တစ်ကယ်သို့၊ ရောက်လစ်ပြီးလနယုန်၌။ ။ ရွှေဘုန်းတော်ဂုဏ်၊ နေရဏ်ရှိုင်းဘက်၊ ထွန်းလင်းချက်ကယ်ကြောင့်၊ ကြည်ဘက်လွန်ပြင်း၊ ပြင်သစ်မင်းနှင့်၊ မင်းမှူးမင်းမတ်၊ ပရိသတ်ဗိုလ်လူ၊ ပြည်သူအလုံး၊ ဝန်းပတ်ကုံး၊ ညွတ်ရုံးရှင်ပျကြူသို့ရုံ။ ။

၁။ ငွေသင်ဖျာခင်း၊ ရေခပင်း – ဟာ။ ၂။ မြစ်တွင်း (ဦးစိုးလှိုင်၊ စာ–၃၀၅) ၃။ လှုပ်၏ – ဟာ။

www.burmeseclassic.com



ထွက်ခဲ့သည့်နောက်၊ ပါရစ်ရောက်အောင်၊ ခြောက်ဆယ့်ခုနစ်ရက်၊ ချင့်တွက်ကာလ၊ ပါရစ်သို့ကျလျှင်လည်း၊ ရှေးကတည်းဖူး၊ ဂုဏ်အလွန်ထူးပေသည့်၊ ဒလူးဟိုတက်၊ တိုက်ထက်တည်းလုစ်၊ ပွဲကြီးဖြစ်အောင်၊ ပါရစ်မြို့နေ၊ အုပ်ထွေများစွာ၊ ကြည့်ရှုလာကြသည်၊ ဗိုလ်ပါလူမျိုးစုံတည့်။ ။ ခပ်သိမ်းဉသုံ၊ ပြောဟုံမြောက်မြား၊ နိုင်ငံခြားက၊ စကားသတင်း၊ ကြောင်းခြင်းဆက်ဆံ၊ ဆော်စီမံသည်၊ နိုင်ငံခြားဝန်ကြီး၊ မျိုးချီးနှစ်ထောင်း၊ လက်ခံရှောင်း၊ မွန်ကောင်းလေးမြတ် နှစ်အင်ခြိုက်။ ။ မြတ်နိုးတနာ[၁]၊ ရှုပြီးခါလျှင်၊ ရောင်ဝါထွန်းပ၊ ဓေဒ္ဒခါညီ၊ တီထီကျော်လစ်၊ ရက်ဆယ့်တစ်ဝယ်၊ ပါရစ်ကယ်မင်းနေ၊ လေီဇေဟု၊ ဗွေတိုက်နန်းတွင်၊ ခွဲကြီးယင်လျက်၊ သံဝင်သည့်အခန်း၊ ထူးအဆန်းများကို၊ ရွှင်လန်းပြည်သူ၊ အံ့ရာမူကြသည့်၊ ဝုန်ဆူပဲ့တင်ရိုက်၏။ ။ ဥရောပတိုက်၊ ဆူလှိုက်ကျော်သံ၊ မြန်နိုင်ငံက၊ သံတော်ဆိုက်လစ်၊ ပြင်သစ်သနင်း၊ မင်းကရှုဆိတ်၊ မိတ်လက္ခဏာ၊ လွန်စွာ ကြည်ယုံ၊ လက်ခံပုံများကို၊ လုံးစုံကြားသိရပ်ထိုထို။ ။ ခမ်းနားကြီးကျယ်၊ ဖွယ်ဖွယ်ရာရာ၊ ဗိုလ်ပါခပင်း၊ ပွဲကြီးခင်းလျက်၊ မင်းချင်းဆက်ဆံ၊ လက်ခံထုံးမှီ၊ တပြေးညီအောင်၊ အစီအမံ၊ မင်းပွဲခံသည်တွင်၊ ရာဇသံမြတ်၊ တုလွတ်အကျော်၊ လက်ဆောင်တော်များကို၊ ကော်ရော်ကြည်ဖြူ၊ မင်းကိုယ်တိုင်ယူပြီးလျှင်၊ ဇမ္ဗူထိုထိတ်[၂]၊ ညံမဆိတ်အောင်၊ မဟာမိတ်ဥဒါန်းဆိုသည် ။ ။ နဂိုမြကျွန်း၊ မြန်ဦးစွန်းဟု၊ မန်းမင်္ဂလာလိပ်၊ ရန်နှိပ်ဇေယုံ၊ ပြည်ရွှေဘုံနှင့်၊ ဘုံပါရစ်နန်း၊ နှစ်ခန်းနှစ်ဝ၊ နှစ်ဌာနများကို၊ ရာဇမဟာ၊ မိတ်ကြီးလျာမိအောင်၊ မေတ္တာပိုမို၊ ရွှေဘုန်းတော်ကြိုဘိသည်၊ အဟိုဝွန့်ရှည်တွန်းပို့လေ[၃] ။ ။ တစ်ဆင့်တစ်ဆင့်၊ ကြာတိုင်းမြင့်၍၊ လွယ်လင့်တကူ၊ ဗိုလ်လူအများ၊ ဖောက်ကားကုန်ဝယ်၊ သွယ်လှယ်လှယ်ပင်၊ ရောင်းဝယ်ကူးသန်း၊ စခန်းကြည့်ရေ၊ မီးမသေအောင်၊ ပြီးထွေထိုထို၊ ဝင်ရောက်ကယ် ခိုတော့မည်၊ နဂိုမြန်ပြည် မန်းသို့လေး။ ။ ***သက္ကရာဇ် ၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၁ ရက်*** [†] ***နေ့ ပါရစ်မြို့ ဒလူးဟိုတက်တိုက်တွင် ရေးသည့်စာ။*** [*]

၁၂၃၇ ခု သီတင်းကျွတ်လဆန်း ၁ ရက် [††]နေ့ ပြီး၏[၄]။ ။

---

၁။ မြတ်နိုးရတနာ – ဟ။ ၂။ ဇမ္ဗူတိုးထိပ် – ဟ။ ၃။ ထွန်းဘို့လေ (ဦးမိုးလှိုင်၊ စာ–၃၀၆)
၄။ ဟ – ၌ မပါ။

* ဤသက္ကရာဇ်ကို ကင်းဝန်မင်းကြီး မဟာဓောဓိသွား စာမှာ တပ်လျက် – ဟ–၌ ပုံနှိပ်လျက် ရှိသည်။

† ၁၄ ဇွန် ၁၈၇၄ †† ၃၀ စက်တင်ဘာ ၁၈၇၅

www.burmeseclassic.com

## ဝေါဟာရများ

ကဇာရတ Caserta
ကလာရင်တန် Clarington
ကလေမ်ဝီလျမ်း၊ ဒေါက်တာ Clement Williams, Dr.
ကာစနိုး Casino
ကာဇေ Cazata
ကာလိုစတီဖင်နိုးဖက်စတား Carlo Stefano Festa
ကေမစ်ဆရီ Chemistry
ကေရီ၊ အန္တိယရုံးအရာရှိ Kaye
ကေရိုမြို့ Cairo
ကော်ဒါမီး Corps d'armee
ကော်ဘင်ညဲ၊ ပန်းချီဆရာ Courvin
ကော်လဲအင်တယ်ရနာ ရှိနားလေ International College
ကော်လက် Collè ge
ကံကရူ Kangaroo
ကိုကိုးနာဒ S. S. Cocoanada
ကောင်စစ် Consul
ကစ်ရှနာ၊ မီးပြ Krishna
ကတ္တကွန် Catacombs
ကန္ဒီယာ၊ ကျွန်း Candia (or) Crete
ကန်ပနီလေ The Leaning Tower of Pisa
ကမ္မဒါတိုလာဒက်လာ ကော်ရိုနာဓိတာလိယ Commander of the Royal Italian Order
ကြင်နဝါ Genoa



www.burmeseclassic.com

www.burmeseclassic.com



ခရန္တေ့ာပစ္စယေ Leigion of Honour
ချာတာဘဏ် Chartered Bank
ချာရှုတီ၊ ဗိုလ်ချုပ်ကြီး Charles Routti, Admiral
ချိုရကိုလို Choruscolo

ဂရံ (ဂရမ်) Gram
ဂရံလာရန်း Grand Lyons
ဂရိတ် Greek (or) Greece
ဂရိန်းနစ်ချစ် Greenwich
ဂါဒေဖွီး Guardafui
ဂါလု Galle
ဂိုလဝ S. S. Galway
ဂက်ဖလ Gulf
ဂင်္ဂါမြစ် Ganges River
ဂတ်စတာလီရေး Gustave Leroy
ဂတ်ရဒါ Garda
ဂတ်လလီရိုး ဂတ်လလီ Galileo Galilei
ဂျာပါ Java
ဂျာဟိုမင်း Raja of Johore
ဂျူပါလပူရ Jabalpur
ဂျင်နီပါး Geneva

ဃရံကော်ရဒေါ်နေဒက် လာကော်ရီ နာမိ တာလိယ Grand Cordon of the Italian Royal Order
ဃရံဗြိတိန် Great Britain

ငဗင်ကာ De Britto

စတယောင်ဗိုလီ Stromboli
စတေနော်ဂရာဖီးကို Stanographycal
စတိုဝါ Strover



www.burmeseclassic.com

www.burmeseclassic.com



စကြေးထ / (စထရေးထ) Strait
စပင်းစ် Sphinx
စပစ်စယား Spezia
စပိန်းညီမြင်း Spaniard
စမတ်တရား Sumatra
စရက်ကတ်စက် Circus
စလံပို Serampore
စီး Seal
စံကလု / (စံခလု) St. Cloud
စံစီရ St. Cyr
စံတီးမက် Centimetre
စံတိန်း Centime
စိုး Saône
စင်နင်မန်း ဂါရတင်း Cinnamon Garden
စင်မလာ S. S. Simla
စင်း S. S. Sind
စစ္စလီ Sicily
စိမ်း Seine
စွစ် Suez
စွစ်စလံ Switzerland

ဇာဂါဆိတ် Zagazig
ဇီရာ Zebras
ဇူလောချစ်ဂက် – ဂါရတင်း Zoological Garden
ဇင်းမယ် Chiengmai

တပါကို Tobacco
တိချိုနိုးမြစ် Ticino River
တုလောင် Toulon
တူရင်း / (တျူရင်း) Turin
တူလူ Toulon



www.burmeseclassic.com

www.burmeseclassic.com



တင်းပလို Temple
တောင်ဟော Town Hall
တွန်နီနော့ဘေး၊ မေဂျာ Sulaiman Bey, Major

ထရီရာနိုးကြီး, ထရီရာနိုးငယ် Grand Trianon, Petit Trianon

ဒရေး၊ ဒူ Dray, Duke
ဒလူး ဟိုတက် Hotel du Louvre
ဒလွန်ဘတ်တာ ဟိုတက် Trumbetta Hotel
ဒါကာ၊ မီးသင်္ဘော S. S. Decca
ဒီဘေရှန် Division
ဒီ လက်ဆစ်၊ မီးပြ De Lasseps
ဒူရတ်စို Durazzo
ဒေ ဖရေး De Fray
ဒေရစ်စတွာ ဟိုတက်တိုက် Hotel du Reservoir
ဒေါ်ရဂေါ်နီ D'Orgoni, General
ဒိုနော့ပူရ Dinapore
ဒိုဖရိလီ၊ ဒျူ Dupleix, Duke
ဒင်မတ် Denmark
ဒေါင်ပေါက်လူး Don Paolo
ဒေါင်လတ်ကောင်း၊ ခင်ကြီး Don Lecompt, Bishop
ဒန်ကင် Duncan
ဒွန်ကာလို Don Carlos

နပေါလီ Napoli
နပိုလျမ်းမင်း Napoleon
နာဂရီ Sanskrit
နာရီပြွန် Feeding Machine
နီကိုပါ Nicobar
နီပိုလီယာနစ်စ Napoleonist
နေပန်သား Napalese



www.burmeseclassic.com

www.burmeseclassic.com



နိုး၊ ကပ္ပိတန် Noel, Captain
နိုက်မြစ် Nile
နစ်မြို့ Nice
နမ္မဒါ Narbada
နျူဟိုတက် New Hotel
နျူကာစစ်မြို့ Newcastle

ပထမကလပ် First Class
ပလောပိနံ Penang
ပလုပ်၊ ကုမ္ပဏီ Bullock Brothers
ပါနိုးရမ္မာ Panorama
ပါရဒင်နက်လက်စက် Ferdinand de Lesseps
ပါရမား Palmer, Mr.
ပါလေစိုဒျူကာလေ Ducal Palace
ပါလင်ဂျီ Parlingee
ပါကမောင်စို Parc Monceau
ပိကောက်၊ သူငှေး Peacock
ပီစားမြို့ Pisa
ပိရင်မစ် Pyramid
ပေတင် Patent
ပိုစတေးမြို့ Port Said
ပေါက်ပလင် Poplin
ပင်နင်စူလ Peninsular
ပင်လယ်ခံဝန်သူ Marrine Insurance
ပေါင်တွတ်ထယ်ရာ Pomme de terrer
ပစ်စကြဲရာမြို့ Peschiera
ပစ်စတိုးရိယားမြို့ Pistoria
ပတ်ပလစ်ချီ – ဂါရတင်း Public Gardens
ပျော်တော်ကိုး Protocole
ပြာနိုး Piano
ပြင်သစ်မှူးမတ်တို့ French Parliament



www.burmeseclassic.com

www.burmeseclassic.com



ပြောင်း၊ ကပ္ပိတန် Brown, Captain
ပြောင်း၊ သရက်အရေးပိုင် David Brown
ပြတ်ရှား Prussia
ပြန်ဒီစီ Brindisi
ပွန်ပီမြို့ Pompeii

ဖလော်ရင် Florence
ဖီလော်လော်ချစ်ကို Philological
ဖောရေး၊ အရာရှိ Forray (or) Faure'
ဖောက်၊ ယိုးဒယားကောင်စစ် Hpauk

ဗဏာရပ်မြို့ Banaras
ဗရိတ်ဂေ Brigade
ဗလန်း၊ သရက်အရေးပိုင် Blum
ဗာစိုက် Versailles
ဗာရော်မတ် Baromètre
ဗာလီ၊ ကျွန်း Bali
ဗာလီမြို့ Bally
ဗူလွန် Boulogne
ဗစ်ရှုံမောင် La Butte Chaumont
ဗန်းတီးမစ် Ventimiglia
ဗိုလ်တန်နိုဂတ်ဂါရတင်း Botanical Gardens
ဗိုလ်နီပါတစ်စ Bonapartist
ဗျာသယ်၊ ကျွန်း The Borthers (Island)
ဗြန့်ကဲရီ Brand Carie, Captain

ဘရစီနိုင်ငံ Brazil
ဘရက်တပေါ Bradford
ဘလွန်း Ballon
ဘာဘူကြီး Babu
ဘားစတီးမော်ညွှန်းမင်းတိုင်ကြီး Bastille Monument



www.burmeseclassic.com

www.burmeseclassic.com



ဘီကန်တက်၊ ဘုန်းကြီး Bigandet, Bishop
ဘူလွန်းညာ Bologna
ဘောလ အစည်းအဝေး Ball Dance
ဘော်နီး၊ ကျွန်း Borneo
ဘိုးမာမတ်ဒါလီ Mohamed Ali
ဘိုးရကြ Foggia
ဘက်တာလီရံ Battalion
ဘက်လဘောင်စိုချက်စတီလီရို၊ ကော်လော်နက် Bellapont Sojett Steeliro
ဘင်္ဂလား Bengal
ဘင်နစ်ဆယ၊ တိုက်သင်္ဘော Venicia
ဘင်နစ်မြို့ Venice
ဘောင်တင်ပလို Fontainebleau
ဘစ်ရှိမန်ကာ Fish Market
ဘန်စိမ်း Vincennes
ဘန်ပူ Banbu
ဘန်း Band
ဘုံဘိုင် Bombay
ဘယ်လဂျီယံ Belgium

မကာ Mecca
မလာက Malacca
မလာက၊ လူမျိုး Malay
မာကိုပိုလို Marco Polo
မာကွန် Macon
မာဆေး Marseilles
မာရကတ်ကြီး Marecalchi, Count
မာလာဒိုင် Maldive
မုဒီယ Mudaliyar
မူကျေ (မူကြေး)၊ ပြင်သစ်သံငယ် Moustier
မူစွန်၊ ကပ္ပိတန် Mouson, Captain



www.burmeseclassic.com

www.burmeseclassic.com



မူလာ ကုမ္ပဏီ Mooller and Company
မေရား Mayor
မော်ရိုး Moreau, M.
မော်ရန် Moran
မံမီ Mummy
မိုလာ Molar
မိုလာမိ / (မိုကာမိ) Mokameh
မိုးလာ၊ စာရေးကြီး Molar
မက် Mè tre
မက္ကမေဟန်၊ ကော်လော်နက်/(မေဂျာ) [ပြည်အရေးပိုင်] Mc Mahon, Colonel / (Major)
မက္ကမေဟန်၊ ဗိုလ်ချုပ်ကြီး Mc Mahon, Marshall
မက်ချစ်ဘော့ရေး Mitchell Courie
မက်ဒီန Messina
မောင့်စနည်းတောင် Mt. Cenis
မောင်တိတ်ကာရလို Monte Carlo
မောင်တွန် Mentone
မောင်နာကိုး Monaco
မစ်ဒိတာရေနိယန်း-အိုသျှန်း Mediterranean Ocean
မစ်လန်း Milan
မတ်လဝ၊ သင်္ဘော S. S. Malabar
မန်ချစ်စတား Manchester
မယ်ဝယ်ဂျရီမာရတီ ကုမ္ပဏီ Messageries Maritimes Company
မြူစီရန်း Museum

ယက်ဂျမန် Regiment
ယွန်းကြီး Tongkin (or) Laos and Annam

ရာနိကန် Raniganj
ရိစက်ဗရှန်း Reception
ရိပါပလစ် Republic



www.burmeseclassic.com

www.burmeseclassic.com



ရီဘော်ရီ Revoli
ရောမ Rome
ရော့်ရှ / (ရှတ်ရှဝါး)၊ ကောင်ဒီ Rochechouart, Count de
ရိုး Rhône
ရက်ဂျိုး Reggio
ရက်ထစီး Red Sea
ရိုင်ဘတ် Rifle
ရှံပရေး Chambere
ရှတ်ရှား Russia
ရှာနာနဂို Chandernagor
ရှားစွား Chasseurs

လာရန်း Lyons
လီဂျီတီမစ်စ Legitimist
လက်ချမီနာရီ Laxmi Naran
လက်ဒိုင် Lakdive
လွီမင်း King Louis

ဝီလာစင်း ဟိုတက် Wilson Hotel
ဝီလျံမ်း၊ စစ် William Armstrong, Sir

သာမော်မက် Thermomètre

ဟာရှင်မယ်တယ် Hashim Mehta
ဟုကလီ Hoogali
ဟေဒရာဘတ် Hyderabad
ဟော်ရှံဂါဘက် Hoshangabad
ဟော်လန် Holland
ဟောက်ရား Howrah
ဟင်နရီမင်း စတုတ္ထ Henry IV
ဟိုင်း၊ ကပ္ပိတန် Hine, Captain



www.burmeseclassic.com

www.burmeseclassic.com



အချည်န Achin
အနန်း Annam
အဖိုး/ (အဘိုး)၊ ပြင်သစ်သံ Fau, Captain
အဘိညောင် Avignon
အရမဏီလူမျိုး Armeniar
အရိသမတိတ် Arithmetic
အရှေ့မျက်နှာ တိုင်းပြည်နိုင်ငံ လူတို့ ဘာသာစကားအများကို
သင်ကြားသည့် ကျောင်းတိုက် School of Oriental Studies
အလဟာဘက် Allahabad
အလံကာ၊ ရှေ့နေ Allan Carr
အလစ္ဆန္ဒရိယ Alexandria
အာဂမော၊ အတွင်းဝန် Argamoor
အာဂတီထရီရောင် Arc de Triomphe
အာဇေရိယ El Giza
အာတစ် Adige
အာဒန်စန်း Anderson (or) Adamson
အာပဒန် Abbandan
အာဖရိက Africa
အာဘက်၊ ဆေးဆရာ Erbert
အာရစနဲ Arsenal
အာရတွန်၊ ပြင်သစ်ကောင်စစ် Aratoon
အာရဒွန် Ondal
အာရနိုး၊ မြစ် Arno
အာရနိုး၊ စက်ဆရာကြီး Arnold
အာရဘိုက် (ဖိုက်) ရိုက်ကျား Alberto Racchia
အာရိုရိုနီးတိတ် – ကလပ် Aeronautic Club
အာရေဘိယ Arabia
အာလေမိနံ Alluminium
အာဝါ၊ မိးသဘော် Eva
အီတာလျံ ကောင်စစ် Italian Consul
အီဒင်၊ မဟာဝန်ရှင်တော်မင်းကြီး Ashley Eden



www.burmeseclassic.com

www.burmeseclassic.com



အီဒင် ဂါရတင် Eden Garden
အီမီကို၊ ပြင်သစ်သံငယ် D' Imecourt
အီရန် Iran
ဥရောပ ဟိုတက် Hotel Europe
ဧတွယ် Edwards
ဧဒင် Aden
ဧရှတိုက် Asia
ဧလီဇေ နန်းတော် Elysees Palace
အော်ရဂင်း Organ
အော်ရဘေး Orpheus
အော်လစ် Olive
အိုပါရာ Opera
အိုရလီရံနစ်စ Orleanist
အက္ကစချင်းတိုက် Exchange Building
အက္ကစစ်ဘစ်ရှမ်း Exhibition
အက်တန် Etna
အက်ဒမန်ဂျုန်း Edmund Jones
အောက်ဆရီယ Austria
အင်ဒရူးခလာ၊ စာ Andrew Clark, Sir
အင်ပီရီယာလစ်စ Imperialist
အောင်တမန် On demand
အစ်စမာလီယာ Ismalia
အုတ် Oak
အန်ကိုးနား Ancona
အန္တရိနော Andreino
အန်တရူး၊ စင် Andrew, St.
အန္တမန်၊ ကျွန်း Andaman

www.burmeseclassic.com

www.burmeseclassic.com

## နောက်ဆက်တွဲ – က [ ၁ ]

**၁၈၇၃ ခုနှစ် ဇန်နဝါရီလ ၂၄ ရက် နေ့တွင် ချုပ်ဆိုသော ပြင်သစ် မြန်မာ စီးပွားရေးစာချုပ်*။**

ပြည်ထောင်စု ပြင်သစ်နိုင်ငံ သမ္မတကြီးနှင့် မြန်မာနိုင်ငံ ဘုရင်မင်းမြတ်တို့သည် ပြင်သစ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ ချစ်ကြည်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးများ တည်တံ့ ခိုင်မြဲစေရန် သဘောတူစာချုပ် ချုပ်ဆိုရန် ရည်ရွယ်ချက်ဖြင့် အထူးအာဏာ အပ်နှင်းခြင်း ခံရသော သံအမတ်ကြီးများကို စေလွှတ်သည်။ ပြည်ထောင်စု ပြင်သစ်နိုင်ငံမှ မွန်စီယာချားလ် (စ) ဒီရေမူဆတ် (M. Charles de Re'musat) နိုင်ငံခြားရေး ဝန်ကြီးကို လည်းကောင်း၊ မြန်မာနိုင်ငံ ဘုရင်မင်းမြတ်သည် မင်းကြီး မဟာစည်သူ ကင်းဝန်မင်းကြီးကို လည်းကောင်း အထူးအာဏာများ အပြည့်အစုံ ပေးပြီး အောက်ပါ သဘောတူညီချက်များကို ချုပ်ဆိုရန် သဘောတူညီခဲ့သည်။

**အပိုဒ် ၁။** ။ မြန်မာနိုင်ငံရှိ ပြင်သစ် လူမျိုးများနှင့် ပြင်သစ်နိုင်ငံရှိ မြန်မာလူမျိုးများသည် လွတ်လပ်စွာ နေထိုင်သွားလာ ရောင်းဝယ် ဖောက်ကားနိုင်ခွင့် ရှိသည်။ မြေယာများ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ သယံဇာတပစ္စည်းများ တူးဖော်ခြင်း၊ ၎င်းမြေယာများပေါ်တွင် အဆောက်အဦ ဆောက်လုပ်ခြင်းများကို သက်ဆိုင်ရာ နိုင်ငံအတွင်းရှိ ဥပဒေများနှင့်အညီ ဆောက်လုပ်ပိုင်ခွင့် ရှိခြင်း၊ နိုင်ငံအတွင်းရှိ ဥပဒေများအရ သင့်တော်ကောင်းမွန်သည့် ဆုံးဖြတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မိသားစုများကို ကာကွယ်စောင့်ရှောက်ပြီး၊ အမှုအခင်း ဖြစ်က ဆိုင်ရာ နိုင်ငံ၏ အသင့်တော်ဆုံး ဥပဒေဖြင့် အဆုံးအဖြတ်ပေးရန်။

---

* ခင်မြကြူ၊ ဒေါက်တာ။ ကုန်းဘောင်ခေတ် ပြင်သစ် မြန်မာ ဆက်ဆံရေးသမိုင်း။ (ပ) ကြိမ်၊ ရန်ကုန်၊ စာပေဗိမာန်။ ဒီဇင်ဘာ ၁၉၇၆။ စာ (၂၀၇–၂၀၉)။ [ နောင်တွင် "ခင်မြကြူ" ဟု ပြမည်။ ]



www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ် သာသနာပြုများအား မြန်မာနိုင်ငံတွင်းရှိ အခြား သာသနာပြုများ ကဲ့သို့ တန်းတူသည့်အရေး ပေးရန်။

မြန်မာနိုင်ငံအတွင်းရှိ သိပ္ပံ၊ ပထဝီနှင့် သဘာဝဗေဒ ပညာရပ်များကို စူးစမ်းရှာဖွေနေသော ပညာရှင်များကို မြန်မာ အစိုးရက စူးစမ်းရှာဖွေမှုများ အောင်မြင်ရေးအတွက် အကူအညီပေးရန်၊ ပြင်သစ်နိုင်ငံရှိ မြန်မာ သိပ္ပံ ပညာရှင်များကိုလည်း ပြင်သစ်အစိုးရက အပြန်အလှန် အကူအညီပေးရန်တို့ ဖြစ်သည်။

**အပိုဒ် ၂။** ။ ပြင်သစ်နိုင်ငံမှ ထွက်ကုန်၊ သွင်းကုန်များနှင့် မြန်မာနိုင်ငံမှ ထွက်ကုန် သွင်းကုန်များအပေါ် အခွန်ကောက်ခံရာ၌ မိမိနိုင်ငံ တိုင်းရင်းသား ကုန်သည်များ သို့မဟုတ် နိုင်ငံတွင်းနေ နိုင်ငံခြားသားများ၏ ထွက်ကုန်၊ သွင်းကုန်များအပေါ် အခွန်ကောက်ခံခြင်းထက် မများရန်။

ပြင်သစ်နှင့် မြန်မာနိုင်ငံတို့၏ ထွက်ကုန်များအပေါ် သတ်မှတ်သည့် အခွန်နှုန်းထားသည် အခြား အခွင့်ထူးခံ နိုင်ငံခြားသားတို့အပေါ် သတ်မှတ်သည့် အတိုင်း ခံစားခွင့်ရှိရန်။

ပြင်သစ်နိုင်ငံနှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံတို့၏ ကူးသန်း ရောင်းဝယ်ရေး တိုးတက် ကောင်းမွန်လာရေးအတွက် မြန်မာနိုင်ငံ အစိုးရ၏ သွင်းကုန်များ အပေါ် ကောက်ခံသော အခွန်သည် ငါးရာခိုင်နှုန်းထက် ပိုမကောက်ရန် သတ်မှတ်သည်။ ထိုသို့ ပေးဆောင်ပြီးသော ကုန်များကို လက်ဝယ်ထားရှိပြီး မြန်မာပြည်အတွင်း ပြန်လည်ရောင်းချရာ၌ ထပ်မံ အခွန်ဆောင်ခြင်း မပြုရ။

**အပိုဒ် ၃။** ။ နှစ်နိုင်ငံ အစိုးရတို့သည် အပြန်အလှန် သံတမန်ရုံးများ ဖွင့်လှစ်ရန် အသိအမှတ်ပြု သဘောတူညီကြသည်။ မိမိတို့ တိုင်းရင်းသား များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် သံမှူးရုံးများ ဖွင့်လှစ်ခြင်း၊ ရုံးများတွင် မိမိတို့နိုင်ငံ၏ အလံကို လွှင့်ထူခွင့်ပြုရန်နှင့် အပြည်ပြည်ဆိုင်ရာ သံတမန်တို့၏ အခွင့်အရေးများအတိုင်း ခံစားခွင့်ပြုရန်။

**အပိုဒ် ၄။** ။ မြန်မာနိုင်ငံ အစိုးရသည် အမှုအခင်းများ လွယ်ကူစွာ ဆုံးဖြတ်နိုင်ရန်အတွက် ပြင်သစ်နှင့် မြန်မာတို့ အရေးအခင်း ဖြစ်ရာတွင် ကြားဝင် ဖျန်ဖြေခြင်း မပြုဘဲ ပြင်သစ်နိုင်ငံ သံမှူးသို့ အမြဲတမ်း ရည်ညွှန်း တင်ပြပြီး ပြင်သစ်အစိုးရ ကိုယ်စားလှယ်နှင့် မြန်မာထိပ်တန်း အရာရှိကြီး များ ပါဝင်သော ခုံရုံးမှ ဆုံးဖြတ်ပေးရန်။



www.burmeseclassic.com

www.burmeseclassic.com



**အပိုဒ် ၅။** ။ ပြင်သစ်ပြည်ရှိ မြန်မာ တိုင်းရင်းသား သို့မဟုတ် မြန်မာနိုင်ငံရှိ ပြင်သစ်တိုင်းရင်းသား တစ်ဦးဦး သေဆုံးခဲ့သော် ၎င်းပိုင် ပစ္စည်းများကို သက်ဆိုင်ရာနိုင်ငံမှ သံမှူးသည် သက်ဆိုင်သူ အမွေဆိုင်သို့ ပေးရန်ရှိသည်ကို အခွန်အကောက်များ ပေးဆောင်ပြီးမှသာ ထိန်းသိမ်းနိုင်ခွင့်ရှိသည်။

**အပိုဒ် ၆။** ။ လက်ရှိ သဘောတူညီချက်သည် တစ်နှစ်ပြီး တစ်နှစ်ဆက်လက် တည်တံ့သည်။ အကယ်၍ ဤသဘောညီချက်ကို ဖျက်သိမ်းလိုပါက သက်ဆိုင်ရာ နိုင်ငံမှ တစ်နှစ် ကြိုတင်၍ သတိပေးပြီး ဖျက်သိမ်းရမည်။

**အပိုဒ် ၇။** ။ သဘောတူညီချက် စာချုပ်ကို ပြင်ဆင်နိုင်သည်။ ယင်းပြင်ဆင်ချက်ကို တစ်နှစ် နောက်ကျပြီးသော် လည်းကောင်း၊ ထို့ထက်စော၍သော် လည်းကောင်း ပြင်ဆင်နိုင်သည်။ ပြင်ဆင်ပြီးသည့် အချိန်မှ စ၍အာဏာအကျိုးသက်ရောက်သည်။

**အပိုဒ် ၈။** ။ သက်ဆိုင်ရာ အထူးအာဏာရ သံအရာရှိများသည် ဥပဒေရေ့မှောက်၌ အသိသက်သေပြု၍ သက်ဆိုင်ရာ နိုင်ငံ၏ တံဆိပ်များ ရိုက်နှိပ်ပြီး လက်မှတ်ရေးထိုးကြသည်။

၁၈၇၃ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့။ ဗုဒ္ဓသာသနာ သက္ကရာဇ် ၂၄၁၆ ခုနှင့် မြန်မာသက္ကရာဇ် ၁၂၃၄ ခုနှစ် ပြာသိုလဆုတ် ၂ ရက်နေ့တွင် ပါရီမြို့တော်၌ စာချုပ်နှစ်ခု အပေါ်တွင် လက်မှတ် ရေးထိုးကြသည်။

လက်မှတ်။ ရေမူဆတ် (Ramusat)
မင်းကြီးမဟာစည်သူ
ကင်းဝန်မင်းကြီး

[ အပိုဒ် (၂) လက်ရှိအမိန့်ကို နိုင်ငံခြားရေးဝန်ကြီးက ကြီးကြပ် ဆောင်ရွက်သည်။

ပါရီမြို့၊ ၁၈၈၅ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့၊
နိုင်ငံတော်သမ္မတ ဂျူးလ်ဂရေဗီ (Jules Grevay) ၏ အမိန့်ဖြင့်

ဖရေစီနေ (C. de Frecindet)
နိုင်ငံခြားရေးဝန်ကြီး။ ]

www.burmeseclassic.com

www.burmeseclassic.com



## ၁၈၇၃ ခုနှစ် ပြင်သစ်မြန်မာ ကိုယ်စားလှယ်တို့၏ သဘောတူညီချက်

မြန်မာနိုင်ငံတွင်နေထိုင်သည့်ပြင်သစ်လူမျိုးပေါ်မှုခင်းရာဇဝတ်မှုဖြစ်ခဲ့လျှင်ကြားနာသည့်
အမှုကိုမြန်မာနိုင်ငံ၏တွင်းမှုကျင့်လျှင်ပြင်သစ်ကောင်စလကိုယ်စားလှယ်သိအောင်ညွှန်ကြား
နှုတ်ပြစေ၍ပြင်သစ်ကောင်စလကိုယ်စားလှယ်ကအပြစ်ဒဏ်ပေးရန်စီရင်ချက်ရှိသည်များကို
ပြင်သစ်တရားဥပဒေရှိသည်အတိုင်း။စစ်ဆေးမေးမြန်း၍။အပြစ်ဒဏ်စီရင်စေမည့်အကြောင်းကို
သမ္မတပြည်ထိုသည့်မဟာမိတ်ဖွဲ့ချုပ်တင်သည့်သွင်းပါမည့်အကြောင်းနှင့်။အသီးတွင်လက်မှတ်
ထိုးလျက်ရှိသည်။ပြင်သစ်သမတမင်းနိုင်ငံခြားဝန်ကြီးကပြောဆိုသည်ကိုဘုန်းတော်အဖွဲ့
ကြီးဖြတ်တော်မူလှသော။နေထွက်ဘုရင်မြန်မာမင်းမြတ်ဟင်ရူးမိုင်ဆိုတော်ကြီးက။
ငင်းထည့်သွင်းရန်တချက်။ဒုတိယကြိတ်ပြစ်များကိုပုတ်မြန်သောချုပ်ကြားများလည်ရင်ရှိသော်လည်
မြန်မာအစိုးရမင်းများနှင့်ညှိနှိုင်းတိုင်ပင်မပြုမလုပ်မီငင်းအချက်ကိုဖြတ်သိမ်း၍ရှောင်ကြဉ်း
၍ထိုတို့ညှိနှိုင်းတိုင်ပင်၍။သဘောတူညီပြနိုင်ရန်ရှိကြောင်းနှင့်။ဘုန်းတော်အဖွဲ့ကြီးဖြတ်တော်
မူလှသော။နေထွက်ဘုရင်မြန်မာမင်းမြတ်က။ပ။ရေးလွှဲအပ်ချသိကြားကိုယ်စားလှယ်တော်
အရေးပိုင်အတွင်းဝန်ဘာသာနှာပဝိဝိဝန်ရှင်လောက်ကင်းဝန်မင်းကြီး။မင်းကြီးမဟာစည်သူ
ပြင်သစ်သမတမင်းက။ပ။ရေးလွှဲအပ်ချအရေးပိုင်နိုင်ငံခြားဝန်ကြီးကောင်းဂျာဒီရမြဲဖူးတို့
သဘောတူညီပါသည်။ယင်းလက်မှတ်ထိုးကြသည်
မြန်မာသာသနာလောက်နှစ်ပေါင်းလေး[illegible]
သို့သိလေးလ။[illegible]
၁၈၇၃ခု။ဂျန်နဝါရီလ[illegible]ရက်ရှာ။ပြင်သစ်မင်းနေပါရီမြို့တွင်လက်မှတ်ထိုးသည်

[signature]

မင်းကြီးမဟာစည်သူ
ကင်းဝန်မင်းကြီး

[ မှူရင်းသတ်ပုံ အတိုင်း ]

www.burmeseclassic.com



Le Ministre des Affaires Étrangères
de la République française



အွန်နရီ ဒီဆာဆီး၏ ချိပ်တံဆိပ်

L'Ambassadeur de Sa Majesté
le Roi de Birmanie.

မင်းကြီးမဟာစည်သူ
ကင်းဝန်မင်းကြီး



ကင်းဝန်မင်းကြီး မင်းကြီးမဟာစည်သူ ဦးကောင်း၏ ချိပ်တံဆိပ်

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆက်တွဲ – က [ ၂ ]

**၁၈၇၃ ခု ဇန်နဝါရီလ ၂၄ ရက်၌ ပြင်သစ် မြန်မာ နှစ်ပြည်ထောင်တို့ သဘောတူခဲ့ပြီး ၁၈၇၃ ခု ဇူလိုင်လ ၁၈ ရက်နေ့တွင် ပြင်သစ်အမျိုးသား လွှတ်တော်က အတည်ပြုလိုက်သည့် စာချုပ်လက်ခံ * ။**

ပြင်သစ်နိုင်ငံ သမ္မတကြီးနှင့် ဘုန်းတော်အလွန် ကြီးမြတ်တော်မူသော မြန်မာ ဘုရင်မင်းမြတ်တို့သည် ပြင်သစ် မြန်မာ နှစ်ပြည်ထောင်တို့ အကြားတွင် ချစ်ကြည်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးတို့အား တည်ဆောက်ရန် ဆန္ဒများစွာ ရှိကြသည်နှင့်အညီ ဤအရေးတို့ကို အစွမ်းကုန် ဖြည့်ဆီးနိုင်ရန် အထူးစီမံ ဆောင်ရွက်နိုင်ရေးတို့အတွက် အောက်ဖော်ပြပါ အာဏာကုန် လွှဲအပ်ပေးခြင်း ခံရသည့် ကိုယ်စားလှယ်ကြီးများအား ခန့်ထားလိုက်သည်။

ပြင်သစ်သမ္မတကြီး၏ ကိုယ်စားလှယ်တော် –

မွန်စီယာချာယ်ရေမုဆတ်၊ နိုင်ငံခြားရေးဝန်ကြီး။

ဘုန်းတော်အလွန် ကြီးတော်မူသော မြန်မာဘုရင်မင်းမြတ်၏ ကိုယ်စားလှယ်တော် –

မင်းကြီး မဟာစည်သူ ကင်းဝန်မင်းကြီး၊ မြန်မာဘုရင်မင်းမြတ်၏ သံအမတ်ကြီး။

အထက်ပါ နှစ်ပြည်ထောင် ကိုယ်စားလှယ်တော်ကြီးများသည် ၎င်းတို့၏ အခွင့်အာဏာများအရ ဆွေးနွေးပြောဆိုကြပြီးလျှင် အောက်ဖော်ပြပါ အပိုဒ်များအား သဘောတူ လက်ခံလိုက်ကြသည်။

**အပိုဒ် ၁ ။** ။ မြန်မာနိုင်ငံရှိ ပြင်သစ်အမျိုးသားတို့သည် လည်းကောင်း၊

* ခင်မြကြူ။ စာ (၁၉၃ – ၁၉၆)။



www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ်နိုင်ငံရောက် မြန်မာအမျိုးသားတို့သည် လည်းကောင်း လွတ်လပ်စွာ နေထိုင်ခွင့်၊ လှည့်လည်သွားလာခွင့်နှင့် ရောင်းဝယ်ဖောက်ကားခွင့်၊ နယ်မြေ ကုန်ပစ္စည်းတို့အား အကျိုးအမြတ် ရရှိအောင် ဝယ်ယူခွင့်၊ အဆောက်အဦ များ တည်ဆောက်ခွင့်တို့ကိုပါမကျန် သက်ဆိုင်ရာဒေသ ဥပဒေထုံးစံများနှင့် အညီ ရရှိပိုင်ခွင့် ရှိကြရမည်။ အထူးအခွင့်အရေးပေးခြင်း ခံရသော နိုင်ငံသား များ ဖြစ်ကြသည့်အတိုင်း ၎င်းတို့အတွက် တည်ရှိပြီး၊ တည်ရှိလတ္တံ့သော အကျိုး၊ အခွင့်ထူးများအရ အသက်အိုးအိမ် စည်းစိမ် အားလုံးတို့အတွက် လည်း အပြည့်အဝ ကာကွယ်မှု၊ လုံခြုံမှု ရှိစေရမည်။

မြန်မာနိုင်ငံတော်ရောက် ပြင်သစ်သာသနာပြု အဖွဲ့များအားလည်း အခြား တိုင်းတစ်ပါး နိုင်ငံများမှ သာသနာပြု ပုဂ္ဂိုလ်များအား ချီးမြှောက် အခွင့်အရေး ပေးသည့်အတိုင်း ထပ်တူထပ်မျှ ပေးအပ်ရမည်။

သိပ္ပံ၊ ပထဝီ စသည့် ဘာသာရပ်အလိုက် လေ့လာမှုများ ပြုလုပ်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိလာကြမည့် ပြင်သစ် အမျိုးသားတို့အား မြန်မာ အာဏာပိုင်များက ကောင်းစွာ လက်ခံ ကြိုဆိုကြပြီး၊ ၎င်းတို့၏ လုပ်ငန်းများ အောင်မြင်ရေးအတွက် လိုအပ်သည့် အကူအညီများကိုလည်း ပေးအပ်ကြရ မည်။ ပြင်သစ်နိုင်ငံတော်တွင် ယင်းသို့ ရောက်ရှိလာမည့် မြန်မာ အမျိုးသား တို့ကိုလည်း အလားတူစွာ လိုအပ်သော အထောက်အကူများကို ပေးအပ် ရမည်။

**အပိုဒ် ၂။** ။ ပြင်သစ်လူမျိုးတို့က မြန်မာနိုင်ငံတွင်းသို့ တင်ပို့သော ကုန်ပစ္စည်းများ အတွက်ကိုသော် လည်းကောင်း၊ ထုတ်ယူသော ကုန်ပစ္စည်း များ အတွက်ကိုသော် လည်းကောင်း၊ အလားတူစွာ မြန်မာအမျိုးသားတို့က ပြင်သစ်နိုင်ငံသို့ အသွင်းအထုတ် ပြုလုပ်ကြသော ကုန်ပစ္စည်းများတို့၏ အတွက် အခွန်တော်များ ကောက်ခံရာတွင် သက်ဆိုင်ရာ နိုင်ငံမှ သွင်းကုန် ထုတ်ကုန်များ အတွက်ကိုသော် လည်းကောင်း၊ အထူးအခွင့်အရေး ပေးအပ် ခြင်း ခံရသော နိုင်ငံတော်မှ သွင်းကုန်ထုတ်ကုန်များ အတွက်ကိုသော် လည်းကောင်း ဖြောင့်မတ်စွာ ကောက်ယူရမည်။ ပြင်သစ်နိုင်ငံသို့ ပေးပို့သည့် မြန်မာနိုင်ငံ ထွက်ကုန်များနှင့် မြန်မာနိုင်ငံသို့ ပြင်သစ်နိုင်ငံမှ ပေးပို့သော ထွက်ကုန်များ အတွက်တို့ကိုလည်း အထူးအခွင့်အရေး ပေးကြသည့် နိုင်ငံ များ အချင်းချင်း ကျင့်သုံးကြသည့်အတိုင်း ပြုလုပ်ပေးကြရမည်။

မြန်မာနိုင်ငံတော် အစိုးရက ပြင်သစ်မြန်မာ နှစ်ပြည်ထောင် ကူးသန်း ရောင်းဝယ်ရေး ဖလှယ်မှု ဖွံ့ဖြိုးတိုးတက်စေလိုသည့် အားလျော်စွာ ရောင်း



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ကြသည့် ကုန်ပစ္စည်းများ တန်ဖိုး၏ ၅ % (ငါးရာခိုင်နှုန်း) ထက် မများသော အခွန်ငွေ ပမာဏကိုသာ ကောက်ခံယူမည်။ ယင်းသို့ ကောက်ယူပြီးသည့်နောက်တွင် မြန်မာနိုင်ငံ၏ အခြားဒေသများသို့ အခါအားလျော်စွာ ဖြတ်သန်းသယ်ဆောင်ရမှု ရှိပါကလည်း မည်သည့် ကောက်ခံခြင်း အခွန်ဘဏ္ဍာငွေမျိုးကိုမှ ထပ်မံ ကောက်ခံခြင်း မရှိစေရ။

**အပိုဒ် ၃။** ။ နှစ်ပြည်ထောင် အစိုးရတို့က နှစ်ဦးသဘောတူ အခြားစာချုပ်ကိစ္စရပ်တိုင်းအား ဆောင်ရွက်ပြီးစီးသည့်အခါ တိုက်ရိုက် သံတမန်လဲလှယ် ဆက်ဆံထားရှိရန်နှင့် နှစ်ပြည်ထောင် အမျိုးသားတို့၏ အကျိုးစီးပွား များပြားရာ ဒေသတို့တွင် သံမှူး (သို့မဟုတ်) ကောင်စစ်ဝန် ကိုယ်စားလှယ်များ ခန့်ထားပေးကြရမည်။ ၎င်းကိုယ်စားလှယ် အားလုံးတို့သည် မိမိနိုင်ငံ၏ ကိုယ်စား အိမ်တော်များ ဆောက်လုပ် နေထိုင်ခွင့်လည်း ရရှိကြရမည့်ပြင် ၎င်းတို့၏ တာဝန်ဝတ္တရားများ ထမ်းဆောင်နေကြစဉ်တွင် အခွင့်ထူး ပေးအပ်ခြင်း ခံရသော နိုင်ငံများမှ သံကိုယ်စားလှယ်များက ရရှိကြသော စောင့်ရှောက်မှု၊ လုံခြုံမှုတို့ကိုလည်း ရရှိအောင် စီစဉ် ဆောင်ရွက်ပေးရမည်။

**အပိုဒ် ၄။** ။ မြန်မာနိုင်ငံတော် အစိုးရက မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ပြင်သစ် အဖွဲ့အစည်းများ အပေါ်တွင် တန်ခိုးအာဏာ သက်ရောက်မှုရှိရေးအတွက် ဆန္ဒရှိသည်အတိုင်း ပြင်သစ်လူမျိုးတို့ အချင်းချင်း အငြင်းပွားမှုတို့အား ပြင်သစ်ကောင်စစ်ရုံးကသာ ဖြေရှင်းစေရမည် မှတစ်ပါး ပြင်သစ်လူမျိုးနှင့် မြန်မာအမျိုးသားတို့အကြား ဖြစ်ပွားသော အမှုအခင်း ပြဿနာများကိုမူ ပြင်သစ်ကောင်စစ်ဝန်နှင့် မြန်မာ အရာရှိကြီး တစ်ဦးဦး ပါဝင်သော ဖက်စပ်ခုံအဖွဲ့ကသာ စစ်ဆေးဆုံးဖြတ် စီရင်ရမည်။

**အပိုဒ် ၅။** ။ မြန်မာနိုင်ငံအတွင်းတွင် ပြင်သစ်လူမျိုးတစ်ဦး သေဆုံးပါကလည်းကောင်း၊ သို့မဟုတ် မြန်မာအမျိုးသား တစ်ဦးဦး ပြင်သစ်နိုင်ငံတွင် သေဆုံးခဲ့ပါလျှင် သူ သေဆုံးရာဒေသရှိ အမွေဆက်ခံရမည့်သူများသို့ လွှဲအပ်ပေးရမည်။ ထိုသို့ မရှိပါက ဆိုင်ရာနိုင်ငံ ကောင်စစ်ဝန်က တာဝန်ယူကာ တရားနည်းလမ်းအတိုင်း ဖြောင့်မတ်စွာ ဖြေရှင်း ဆောင်ရွက်ပေးရမည်။

**အပိုဒ် ၆။** ။ ယခု ချုပ်ဆိုသော စာချုပ်အား နှစ်ပြည်ထောင် အစိုးရတို့က တစ်ဦးကိုတစ်ဦး ကြိုတင် အကြောင်းကြား၍ စာချုပ်ပါ အာဏာ သက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေသည့် အချက်များ ပယ်ဖျက်ပြင်ဆင်ခြင်း မပြုသရွေ့ နှစ်အဆက်ဆက် လက်ရှိအတိုင်းသာ တည်ရှိနေသည်ဟု မှတ်ယူရမည်။

ပြင်ဆင်မှုများ ပြုလုပ်လိုသေးလျှင် လည်းကောင်း၊ နှစ်ဦးနှစ်ဖက်ဖြည့်စွက်မှုများအား လဲလှယ် ပြုလုပ်လိုလျှင်သော် လည်းကောင်း ဖြစ်နိုင်သော အခြေအနေများ ရှိပါက တစ်နှစ် (သို့မဟုတ်) တစ်နှစ် ကြိုတင်၍ ပြုလုပ်ကြရမည်။ ပြင်ဆင် သဘောတူပြီးပါက စာချုပ်ပါ နည်းလမ်း လုပ်ထုံးလုပ်နည်း အားလုံးမှာလည်း ချက်ချင်း အာဏာသက်ရောက်စေရမည်။

သက်ဆိုင်ရာ နိုင်ငံများမှ အာဏာကုန် လွှဲအပ်ပေးခြင်းခံရသော ကိုယ်စားလှယ်တော်ကြီးများက လိုအပ်သည့် တံဆိပ်တော်ခေါင်းများ ကပ်၍ သဘောတူ လက်မှတ်ရေးထိုးလိုက်သည်။

၁၈၇၃ ခု၊ ဇန်နဝါရီလ ၂၄ ရက် (၁၂၃၄ ခု၊ ပြာသိုလပြည့်ကျော် ၁၁ ရက်။) ပါရီမြို့တော်

(ပုံ) ရေမုဆေ‌တ်<br>
(ပုံ) မင်းကြီးမဟာစည်သူ<br>
ကင်းဝန်မင်းကြီး

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆက်တွဲ – [ ခ ]

## သတင်းစာ ကောက်နုတ်ချက်များ * ။

## ပရန်သစ်သံများ အကြောင်း

### (ရတနာပုံ ရွှေမြို့တော်မှ ရန်ကုန်သို့ ထွက်ခွာကြမည်)

ပရန်သစ်တိုင်း ပါရစ်မြို့တော်မှ ရတနာပုံ ရွှေမြို့တော်သို့ စေလွှတ်တော်မူသော သံတော်ကြီး တမန်တော်ကြီးများတို့သည် ရွှေဘဝါးတော်အောက်မှ အရေးစကား ပြောဆိုပြီး၍ တပေါင်းလပြည့်ကျော် ၅ ရက်နေ့ ဝန်ရှင်တော် ကင်းဝန်မင်းကြီးနှင့်တကွ ရန်ကုန်မြို့သို့ တပေါင်းလကွယ်နေ့ အရောက် ထွက်လာကြလိမ့်မည်။

ထိုသံတော်ကြီးများတို့သည် စင်ကာပို အရပ်များကို လှည့်လည်ကြလေဦးမည်ဟု ကြေးနန်းကြိုး ရိုက်လိုက်ကြောင်းနှင့် ကောင်းကောင်းကြီး ကြားသိရလေသည်။

[ ၁၂၃၅ ခု တပေါင်းလပြည့်ကျော် ၅ ရက် (၇ မတ် ၁၈၇၄)

စနေနေ့ မြန်မာသံတော်ဆင့် သတင်းစာမှ။ ]

*

---

* ၁၈၇၄ ခုနှစ် အောက်မြန်မာနိုင်ငံထုတ် 'မြန်မာသံတော်ဆင့် သတင်းစာ' ပါ ကင်းဝန်မင်းကြီး၏ ပြင်သစ် ခရီးစဉ်နှင့် စပ်လျဉ်းသည့် ဖော်ပြချက်များကို စုစည်းထားပါသည်။ သမိုင်းတန်ဖိုးနှင့် ထိုခေတ် ရေးထုံး၊ ဘာသာပြန် အသုံးအနှုန်းဖလှယ်မှု၊ သတင်းစာ အရေးအသားတို့ကို မူရင်းအတိုင်း သိမြင်နိုင်ရန် "မူရင်း သတ်ပုံများအတိုင်း" တင်ပြထားပါသည်။ ကောက်နုတ်ချက်များကို *လှထုဦးလှ၊ သတင်းစာများသည် သမိုင်းကို ပြောနေကြသည်။* မဇ္ဈ လေး၊ ကြီးပွားရေး ပုံနှိပ်တိုက်၊ ဩဂုတ် ၁၉၆၃ မှ ရယူပါသည်။ (တည်းဖြတ်သူ)



www.burmeseclassic.com

www.burmeseclassic.com



## မန္တလေးမြို့သတင်း

## ပြင်သစ် သံကြီးများ

## (တရုတ်ပြည်နှင့် ရှမ်းပြည်သို့ သွားကြရာ၊ မိုးနဲမြို့အရောက် နောက်ပါ တပည့် ၂ ယောက် ရောဂါဖြင့် သေဆုံးသွားခြင်း)

အထက် ရတနာပုံနေပြည်တော်သို့ ဆန်တက်ကြသော ပြင်သစ် သံကြီး ၆ ယောက် အနက် ၂ ယောက်သော ပြင်သစ် သံတို့သည် မန္တလေး ရွှေမြို့တော်မှ တရုတ်ပြည်၊ ရှမ်းပြည်များသို့ လှည့်လည်ထွက်သွားကြရာ၊ ကပ္ပိတန် ဖောဆိုသူနှင့် ရှမ်းစော်ဘွား ၁၊ တပည့်သူငယ် ၂ ယောက်တို့ ရောဂါ ကပ်ရောက် မိုးနဲမြို့မှာ သေဆုံးကြရာလေသည်ဟု မိတ်ဆွေတစ်ဦး စာတွင် ပါလာကြောင်း သိရလေသည်။

[ ၁၂၃၆ ခု ဝါခေါင်လဆန်း ၃ ရက် (၁၅ ဩဂုတ် ၁၈၇၄) ဓနေနေ့ မြန်မာသံတော်ဆင့် သတင်းစာမှ။ ]

*

## မြန်မာသံတော်ကြီးများ အကြောင်း

## (ဝန်ရှင်တော် ကင်းဝန်မင်းကြီး ပရန်သစ်၊ ဣတာလီရံတို့မှ ထွက်ခွာလာရာ၊ ဤဂျစ်သို့ ဆိုက်ရောက်ခြင်း)

မြန်မာနေထွက် ဘုရင်မင်းမြတ်က စေလွှတ်တော်မူအပ်သော သံတော်ကြီး ဝန်ရှင်တော် ကင်းဝန်မင်းကြီးဘုရားသည် ပရန်သစ်မြို့မှာ အရေးစကား ပြောဆိုပြီးစီး၍ ပြန်လာရာ၊ ဒုတိယဝါဆိုလဆန်း ၅ ရက်နေ့ ဣတာလီရံမြို့သို့ ဆိုက်ရောက်၍ ၎င်းမင်းမြတ်နှင့် တွေ့ကြိမ် စကားအရေးအရာ ပြောဆိုပြီးမှ တဘန် ထွက်လာရာ၊ ဒုတိယဝါဆိုလပြည့် ကျော် ၁၂ ရက်နေ့ ဤဂျစ်မြို့ ဆိပ်ကမ်းသို့ ဆိုက်ရောက်ကြောင်းကို ကြားသိရလေသည်။

ဤရံမြို့သွား သံတော်ကြီးများလည်း ဒုတိယဝါဆိုလဆန်း ၁၄ ရက်နေ့တွင် စွည်ရပ်မြို့က မင်းနေပြည်တော် ဘေဟရန်မြို့သို့ အကြိုအဆိုနှင့်တကွ ကောင်းမွန်စွာ ဆောင်ယူသွားကြလေသည်ဟု ကြားသိရလေသည်။

[ ၁၂၃၆ ခု ဝါခေါင်လပြည့်ကျော် ၉ ရက် (၅ စက်တင်ဘာ ၁၈၇၄) ဓနေနေ့ မြန်မာသံတော်ဆင့် သတင်းစာမှ။ ]

*



www.burmeseclassic.com

www.burmeseclassic.com



## သံတော်ကြီးများ အကြောင်း

**(သံတော်ကြီး အရာနှင့် အနောက်ဖက်တိုင်းများသို့ လှည့်လည် သွားလာနေသော ကင်းဝန်မင်းကြီး ပြန်လာရာ မကြာမီ ဆိုက်ရောက်တော့မည်)**

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော မြန်မာရွှေနန်းရှင် နေထွက်ဘုရင် မင်းတရားကြီးဘုရားက စေလွှတ်တော်မူလိုက်သော ဝန်ရှင်တော် ကင်းဝန်မင်းကြီး ဘုရားသည် သံတော်ကြီးအရာနှင့် အနောက်ဘက် ပရန်သစ်တိုင်း၊ ဣတာလိရံ တိုင်းကြီးများသို့ သွား၍ အရေးကိစ္စ စကားပြောဆို ပြီးစီး အောင်မြင်သောကြောင့် ကျွန်ုပ်တို့ ဟံသာဝတီ ရန်ကုန်မြို့သို့ ပြန်လာရာ၊ ယခု လဆန်း ၁၀ ရက်နေ့ ဆိုက်ရောက်တော့မည် ဖြစ်၍ ထိုသံတော်ကြီး ဝန်ရှင်တော် ကင်းဝန်မင်းကြီးဘုရားကို ရတနာပုံ နေပြည်တော်သို့ ကြိုဆို ဆောင်ကြဉ်း ယူသွားရန် ရေနန်းစကြာ သင်္ဘောတော်သည် ဤဟံသာဝတီ ရန်ကုန်မြို့သို့ ဆိုက်ရောက်လာလေပြီ။

[ ၁၂၃၆ ခု တော်သလင်းလဆန်း ၂ ရက် (၁၂ စက်တင်ဘာ ၁၈၇၄)
စနေနေ့ မြန်မာသံတော်ဆင့် သတင်းစာမှ။ ]

*

## ကင်းဝန်မင်းကြီး အကြောင်း

**(သံတော် ကင်းဝန်မင်းကြီး ပရန်သစ်ပြည်၊ ဣတာလိရံပြည်တို့မှ ပြန်လာ၍ ရန်ကုန်မြို့သို့ ရောက်လာပြီဖြစ်ရာ၊ ၂ ပတ်အတွင်း အထက် ရွှေမြို့တော်သို့ သင်္ဘောဖြင့် ထွက်ခွာလာမည်)**

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော မြန်မာ နေထွက်ဘုရင် မင်းတရားကြီးက စေလွှတ်တော်မူအပ်သော ကင်းဝန်မင်းကြီးဘုရားသည် ပရန်သစ်တိုင်း၊ ဣတာလိရံ တိုင်းကြီးများသို့ သံတော်ကြီး ခန့်အပ်စေခိုင်းတော်မူလိုက်ရာ၊ ၎င်းတိုင်းကြီး ပြည်ကြီးများတွင် အရေးတော်နှင့် စပ်သော စကားများကို ပြောဆို ပြီးစီးခဲ့သောကြောင့် ၎င်းတိုင်းကြီး ပြည်ကြီးများက ထွက်လာခဲ့၍ ၁၂၃၆ ခု တော်သလင်းလဆန်း ၇ ရက်နေ့တွင် ဤ ဟံသာဝတီ ရန်ကုန်မြို့သို့ ဆိုက်ရောက်လာလေသည်။

ထိုအခါ မြို့ဝန်မင်း ကပ္ပိတန် ဤဝင်စံသခင်ဘုရား၊ မြို့ဝန်ကလေး ကပ္ပိတန် အာဒံစံသခင်၊ ရေဝန်မင်း အာနပ်သခင်တို့နှင့်တကွ ဘုန်းတော်ကြီးလှသော နေထွက်



www.burmeseclassic.com

www.burmeseclassic.com



ဘုရင် မင်းတရားကြီးဘုရားက သူကောင်းပြုတော်မူသော ကုလားဝန် မြင်းတင်စား မဟာမင်းလှ မင်းတင်ရာဇာ၊ ဖန်ချက်ဝန်မင်း ဘဏ္ဍာစိုး စာရေးတော်ကြီး ကိုယ်စားလှယ်တော် သဘောတော်စီး သံတော်ဆင့်များတို့သည် လျှောက်ပတ်ဖွယ်ရာ ကောင်းမွန်စွာ ခရီးဦး ကြိုဆိုကြလေသည်။

ငင်းနောက် တော်သလင်းလပြည့်ကျော် ၅ ရက်တိုင် ရောက်လျှင် ကြိုဆို ဆောင်ကြဉ်းရန် ဆိုက်ရောက်လာရင်း ရေနန်းစကြာ သဘောတော်နှင့် ရန်ကုန်မြို့မှ အထက်ရွှေမြို့တော်သို့ ဆန်တက်မည်ဟု ကြားသိရလေသည်။

[ ၁၂၃၆ ခု တော်သလင်းလဆန်း ၉ ရက် (၁၉ စက်တင်ဘာ ၁၈၇၄)
ဧနေနေ့ မြန်မာသံတော်ဆင့် သတင်းစာမှ။ ]

*

## ပရန်သစ်တိုင်းကြီးက ရာဇသံကို ရွှေတော်သို့ သွင်းသည့် အကြောင်း

### (ပရန်သစ်ပြည်၊ ဣတာလီရုံပြည်တို့မှ ပြန်ရောက်လာသည့် ကင်းဝန်မင်းကြီးသည် ပရန်သစ်ပြည် ဘုရင်က ဆက်သလိုက်သော ရာဇသံကို ရွှေနန်းကော်သို့ သွင်းခြင်း)

ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသော မြန်မာ နေထွက်ဘုရင် မင်းတရားကြီးဘုရားက အနောက်ဘက် ပရန်သစ်တိုင်း၊ ဣတာလီရုံတိုင်းကြီးများသို့ စေလွှတ်တော်မူအပ်သော ဝန့်ရှင်တော် ကင်းဝန်မင်းကြီး မင်းသတိုးမင်းကြီး မဟာမင်းလှစည်သူ၊ စာရေးတော်ကြီး မဟာဓေယျသူတို့နှင့် အတူပါလာသော ပရန်သစ်တိုင်း ပါရစ်မြို့တော်ကြီးသခင် ဘုရင်မင်းတရားကြီးဘုရားက ဆက်သလိုက်သော ရာဇသံတော်ကို ၁၂၃၆ ခု သီတင်းကျွတ်လဆန်း ၁ ရက်နေ့တွင် ရွှေထီးဘွင့်ဆောင်းလျက် ဆင်ပေါ်မှာ တင်ပြီးလျှင် နောက် ဆင်ငါးစီးနှင့်တကွ အတွင်းဝန်၊ ဝန်ထောက်တော်မင်းတို့ ကြိုဆိုကြပ်မ၍ ရွှေနန်းတော်သို့ ဆောင်ယူသွင်းလာရလေသည်။

[ ၁၂၃၆ ခု သီတင်းကျွတ်လပြည့်ကျော် ၆ ရက် (၃၁ အောက်တိုဘာ ၁၈၇၄)
ဧနေနေ့ မြန်မာသံတော်ဆင့် သတင်းစာမှ။ ]

*

www.burmeseclassic.com

www.burmeseclassic.com






သတိုးသုဓမ္မ မဟာသက်တော်ရှည် ဘွဲ့ခံ ဝန်ရှင်တော် ကင်းဝန်မင်းကြီး
[ နာနာနယသဒ်ေပကျမ်း‥မှ ]

www.burmeseclassic.com

www.burmeseclassic.com






ဗုဒ္ဓဂယာ အခြေပြမြေပုံ

www.burmeseclassic.com

နောက်ဆက်တွဲ - [ ၇ ]

## ကာလကတ္တား[၁] သွား
## နေ့စဉ်မှတ် စာတမ်း *

**သက္ကရာဇ် ၁၂၃၇ ခု ပြာသိုလပြည့်ကျော် ၄ ရက်**[၂] သောကြာနေ့ နံနက် မိုးသောက်လျှင် ဂယာမြို့[၃]က ထွက်လာခဲ့ရာ တာ ၅၀၀ ခန့်သို့ ရောက်လျှင် ဂယာမြို့ တောင်စူးစူး အနောက်သို့ စဉ်းငယ်ယွန်းသည် အရပ်တွင် မဟာ ဗောဓိအနီး ရှေးသီရိဓမ္မာသောကမင်း တည်ထားခဲ့သည့် စေတီကြီးကို ခရီး ၃ တိုင်ကွာက မားမား မြင်ရသည်။ နံနက် ၁၀ နာရီ အချိန်ရှိလျှင် မဟာ ဗောဓိပင်သို့ ရောက်သည်။

အတင် အလှူတော် သေတ္တာများမှာ တင်ခဲ့ရင်း ကုလားအုတ် လှည်း ရထားကြီး ဂယာမြို့က လွန်လျှင် အသွားအလာ ခဲခက်မည် ဖြစ်၍ နွားက လှည်းသို့ ကူးပြောင်း တင်ဆောင်ခဲ့ရသည်။

ဂယာမြို့က မဟာဗောဓိသို့ ကူးသည်လမ်း ၃ လမ်း ရှိသည်။ အရှေ့စွန် နေရဥ္စရာ မြစ်ကမ်းတစ်လျှောက်မှာ သဲပြင်ချပ်လျက် ရှိသောကြောင့် လှည်း, ရထား အသွားအလာ ခဲခက်သည်။ အနောက်စွန် အင်္ဂလိပ် ပြင်ဆင်ထား သည့် လမ်းမှာ လမ်းဝဲယာ သစ်ပင်ကြီးအများ စီစဉ်ပေါက်ရောက် သာယာ ကောင်းမွန်လှသည်။ လမ်းကွေ့သောကြောင့် ခရီး တစ်တိုင်ခန့် လွန်၍ သွားရသည်။

---

၁။ Calcutta　　၂။ ၁၄ ဇန်နဝါရီ ၁၈၇၆　　၃။ Gaya

* ကင်းဝန်မင်းကြီး။ **နာနာနယသင်္ခေပ ကဗျာဗန္ဓကျမ်း**။ မန္တလေး၊ စလေဒင်လမ်း၊ ချာနီယာ စာပုံနှိပ်တိုက်။ ၁၉၁၂။ စာ (၁၆၄-၁၉၁) မှ ထုတ်နုတ်ရယူသည်။ **ကင်းဝန်မင်းကြီး ကဗျာစု**။ ရန်ကုန်၊ ဟံသာဝတီ။ ၁၉၆၈။ စာ (၁၃၉-၁၇၃) နှင့် ညှိနှိုင်း တည်းဖြတ်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အလယ်လမ်းမှာ ပြင်ဆင်ထားသည့်လမ်း မဟုတ်သော်လည်း သဲမြေကျောက်မြေ ကင်းလွတ်၍ မြင်းရထား သွားလာနိုင်သည်။ သံတော်အရာရှိတို့ ၎င်းလမ်းက ကူးလာခဲ့ကြသည်။

မဟာဗောဓိသို့ သံတော်အရာရှိတို့ ဆိုက်ရောက်ရာ ဗောဓိပင်ကို ဘေးဘိုးစဉ်ဆက်က စ၍ အမြဲ စောင့်ရှောက်နေထိုင်သူ မဟန္တဂီ မည်သော ဇော်ဂျီက သံတော်အရာရှိတို့နှင့် ပါသမျှ လူတို့ကို တိုက်အိမ် နေရာချထား ကောင်းမွန်စွာ လက်ခံပြုစုသည်။ ၎င်းဇော်ဂျီသည် တပည့်လက်သား ဇော်ဂျီပေါင်း (၁၀၀၀) ကျော်တို့၏ အကြီးအမှူး ဖြစ်သည်။

မဟာဗောဓိပင်တော် ထက်ဝန်းကျင် တာ ၁၀၀၀ ခန့် အတွင်း ရှိသည့် ဝတ်တော်မြေများကို အင်္ဂလိပ် အစိုးရတို့က ၎င်းဇော်ဂျီကို အပိုင်စားကဲ့သို့ ပေးအပ်သည်။ ၎င်းမြေအတွင်း နေထိုင်သူတို့မှာ မဟန္တဂီဇော်ဂျီဆင့်ဆိုရာ နာခံကြရသည်။ ၎င်းဇော်ဂျီ အသက် ၃၅ နှစ်ခန့်သာ ရှိသေးသည်။ အထက် ဘကြီးတော်ဘုရား လက်ထက် မဟာဗောဓိပင်တော်သို့ အတင်အလှူတော်များနှင့် စေလွှတ်ရာ ၎င်းဇော်ဂျီအဘ ဇော်ဂျီကြီး ရှိစဉ် ဖြစ်၍ ယခုကဲ့သို့ပင် ကောင်းမွန်စွာ လက်ခံသည်ကို ငယ်ရွယ်စဉ် ဖြစ်သော်လည်း အသေအချာ မှတ်သားမိကြောင်းနှင့် ၎င်းဇော်ဂျီက ပြောဆိုသည်။

မဟန္တဂီ ဇော်ဂျီမှာ အရှေ့အနောက် ၃၃ တာ၊ တောင်မြောက် ၁၂၄ တာ၊ အရပ် ၉ တောင်ရှိ အုတ်တံတိုင်း အရံအတွင်း ၃ ပိုင်း ကန့်ကွက်၍ တောင်စွန်အပိုင်းမှာ ဧည့်သည်တို့ တည်းခိုနေထိုင်ရန် ရေတွင်း ရေကန်နှင့်တကွ အုတ်တိုက်ကြီး ၁၊ ၎င်းအုတ်တိုက် မြောက်ဘက် ၃ တာခန့်ကွာတွင် ဘကြီးတော်ဘုရားလက်ထက် အတင် အလှူတော်များနှင့် စေလွှတ်ရာ လုပ်ဆောင်တည်ထားသည့် စတုရန်း ၆ တောင်၊ အရပ် ၁၅ တောင်ခန့် ဘုံ ၅ ဆင့် သံထီးစိုက် ကျောက်စာရုံ အုတ်ပြာသာဒ် ၁၊ ၎င်းအရှေ့ ၅ တောင်ကွာ၊ အရပ် ၇ တောင် အုတ်တိုင်ပေါ်တွင် အဝ ၃ တောင်၊ အရပ် ၅ တောင်ခန့် သံထီး (၁) တင်ထားသည်။

အရံအုတ်တံတိုင်း အလယ်ပိုင်းတွင် မဟန္တဂီဇော်ဂျီ နေထိုင်သည့် တိုက်ကြီးနှင့် ပတ်လည် အရံအုတ်တိုက် ၄ လုံး ရှိသည်။ မြောက်စွန်အပိုင်းတွင် ရေတွင်း ရေကန်နှင့်တကွ ဥယျာဉ် စိုက်ပျိုးပြုစု ဖြစ်ထွန်းလျက် ရှိသည်။

မဟာဗောဓိပင်တော်မှာ မဟန္တဂီဇော်ဂျီ နေထိုင်သည့် အုတ်တိုက် အရံတံတိုင်းက အနောက်တည့်တည့် တာ ၇၀ ကွာ အပရာဇိတ ပလ္လင်တော်



www.burmeseclassic.com

www.burmeseclassic.com



ရာတွင် သီရိဓမ္မာသောကမင်း တည်ထားခဲ့သည့် အုတ်စေတီကြီး ပြိုပျက်လျက် ရှိသည်။

၎င်းစေတီတော် ဖိနပ်အုတ်ခုံ ပလ္လင်မှာ ဗောဓိပင်တော်ပါ ပိုက်၍ တည်လုပ်သောကြောင့် စတုရန်း ၅၇ တောင်၊ အမြင့် ၁၂ တောင် ရှိသည်။ ၎င်းအထက် ဗောဓိပင်တော်ရှေ့တွင် စေတီတော် အရပ်အတောင် (၁၀၀) ခန့် မြင့်သည်။

ဗောဓိပင်တော်မှာလည်း ပင်စည်ခက်မ အခွဆုံသို့ ရောက်အောင် အုတ်ခုံကြီးပေါ်တွင် အရပ် ၆ တောင်ခန့် အုတ်ပလ္လင်ငယ် ဆင့်လျက် ရှိသည်။ ဗောဓိပင်တော်မှာ နှစ်ကာလ ရှည်မြင့်လှသောကြောင့် ပင်စည် ခက်မဆုံက အရှည် ၂၀ တောင်ခန့် အနောက်တောင်သို့ ညွတ်လျက်ရှိသည့် အကိုင်းတစ်ခုသာ အထင်အရှား ကျန်ရှိသည်။ လန်းလန်းရှင်၍ စိမ်းစိမ်းစို သော အခက်အရွက်နှင့်လည်း ပြည့်စုံသည်။

ပင်ခြေက ပင်စည် ခက်မဆုံရောက် အတောင် (၅၀)၊ ခက်မဆုံက အညွန့်ဖျားရောက် (၅၀) တောင်၊ ၂ စု အတောင် (၁၀၀) မြင့်ကြောင်း၊ ကျမ်းဂန် အထွက်အရှိနှင့် ယခုမျက်မြင် ချင့်ချိန်လျှင် နှစ်ပေါင်း (၂၄၀၀) ကျော် ကာလရှည်မြင့်သည် တစ်ကြောင်း၊ အုတ်ခုံပလ္လင် အဆင့်ဆင့် တည် လုပ်ထားသည် တစ်ကြောင်းများကို ထောက်၍ ကျမ်းဂန် အထွက်အရှိ အတိုင်းပင် မှန်ကန် ညီညွတ်သည်ဟု ယူရန် ရှိသည်။

ဗောဓိပင်တော်မှ အရှေ့မြောက် ၅ တာခန့်ကွာ၊ အပြန့် ၅ တာခန့် ကျယ်၍ ၆ တောင်ခန့် မြင့်သည့် ကုန်းပေါ်တွင် ဖိနပ် ၁၀ တောင်၊ အရပ် အတောင် ၂၀ ခန့် စေတီတစ်ဆူ တည်ထားလျက် ရှိသည်။ ၎င်းကုန်းသည် အနိမိသကုန်းပင် ဖြစ်သည်။

ကုန်းနှင့် ဗောဓိပင်အကြား ရတနာစင်္ကြံတော်ရာတွင် ဟိန္ဒူလူမျိုးတို့ နတ်ဂူ တည်ထားလျက် ရှိသည်။

ဗောဓိပင်တော်မှ ၄၃ တာကွာ အရှေ့တောင် အရပ်တွင် ရေအိုင် တစ်ခု၊ အဝန်းတာ ၁၀၀ ကျော် ရှိသည်။ ရေလည်း နွေ မိုး မပြတ်ပင် တည်သည်။ မုစ္ဆလိန္ဒာအိုင်ဟု မုချ ယူသင့်သည်။

ဗောဓိပင်တော်မှ အရှေ့ တာ ၁၀၀ ခန့် ကွာတွင် နေရဥ္စရာမြစ် အနောက်တောင် အရပ်က စီးလာ၍ အရှေ့မြောက်အရပ် ဂင်္ဂါ[၁] မြစ်သို့

၁။ Ganges



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းဆုံသည်။ ၎င်းမြစ်အကျယ် တာ ၁၅၀ ခန့် ရှိသည်။ မြစ်အရှေ့ဘက် တာ ၃၀၀ ခန့်ကွာတွင် ညောင်ပင်ကြီး ရှိသည်။ ၎င်းညောင်ပင်မှာ ယခုတိုင် နတ်ပူဇော်မြဲ ရှိသည်။

၎င်းညောင်ပင်အနောက် တာ ၂၀၀ ခန့်၊ မြစ်အရှေ့ဘက်ကမ်းတွင် ဘက္ကရိုဂေါင်ဟု ခေါ်ဝေါ်သောရွာ ရှိသည်။ မြန်မာပြန်လျှင် ဆိတ်ကျောင်းရွာ အဓိပ္ပာယ် ရသည်။

၎င်းရွာ အရှေ့မြောက် မနီးမဝေးတွင် အုတ်တိုက်ကြီး ပြိုပျက်သည့် နေရာ၊ အုတ်ကျိုးအုတ်ပဲ့နှင့်တကွ ကုန်းကြီး အထင်အရှား တွေ့ရှိသည်။ ရှေးအထက် ရှည်မြင့်စွာသော ကာလက ရွာရှေ့ ညောင်ပုင်တွင် ညောင်စောင့် နတ်ကို ဆွမ်းပန်း မပြတ် တင်လှူပူဇော်လေ့ ရှိသည်။ သူဌေးကြီး အဆက် ဆက်တို့ တိုက်အိမ်နေရာ ဖြစ်ကြောင်းနှင့် အများ ပြောဆိုကြသည်ကို ထောက်လျှင် သုဇာတာ တိုက်အိမ်ရာပင် ဖြစ်သည်ဟု မုချ ယူသင့်သည်။

သတ္တဋ္ဌာန အဝင် ရတနာဃရ၊ ရာဇာယတနများမှာ ကာလအရှည် အထင်အရှား တည်ထွန်းလောက်သည် အရာဋ္ဌာန မဟုတ် ဖြစ်၍ မှတ်သား ရန် တစ်စုံတစ်ခု မတွေ့သေးသော်လည်း ကျမ်းဂန် အထွက်အရှိအတိုင်း အလံတာကွာ ထောက်၍ တည်ရာအရပ်ကို ယူသင့်သည်။

ဗောဓိပင်တော် ပတ်လည် ၄ မျက်နှာတွင် သီရိဓမ္မာသောကမင်း လုပ်ဆောင် တည်ထားခဲ့သည့် တံတိုင်းရာ စတုရန်းတာ ၆၀ ခန့် မြေမြင့် လျက် တွေ့ရှိသည်။

ဗောဓိပင်တော်သို့ ဆိုက်ရောက်သည့်နေ့ ညနေချမ်းအချိန် ဆောင်ယူ လာသည့် အတင်တော် အလှူတော်များကို သေတ္တာမှ ထုတ်ဖွင့်၊ ဗောဓိပင် ရှေ့တွင် စီစဉ် ခင်းကျင်းထားပြီးလျှင် ဝန်ရှင်တော်မင်းကြီး၊ ဝန်ထောက်တော် မှ စ၍ ပါသမျှ လူကြီးလူငယ်တို့ ပဉ္စသီ ခံယူ၊ ကြည်ညိုဖူးမြော် ပူဇော် လှူဒါန်းကြသည်။ ပြီးလျှင် မဟန္တဂိ ဇော်ဂျီကို စေ့စုံအောင် ပြသ၍ သေချာ စွာ သေတ္တာထည့်သွင်း၊ သော့ခတ်ပိတ်ပြီးလျှင် စာရင်းနှင့်တကွ အပ်နှံ သိမ်းထားစေသည်။

မဟန္တဂိ ဇော်ဂျီကို သနားတော်မူလိုက်သည့် ရွှေကွပ် ကျောက်စီ တောင်ဝှေးကိုလည်း ၎င်းသို့ ပေးအပ်သည်။ မဟန္တဂိ ဇော်ဂျီကလည်း ဘုန်း တော် ကြီးကြောင်း၊ သက်တော်ရှည်ကြောင်း ဆုတောင်း ဆုယူပြုလျက် ဝမ်းမြောက်ဝမ်းသာ ခံယူသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်းလပြည့်ကျော် ၅ ရက်[၁] စနေနေ့ နံနက် ၁၀ နာရီ အချိန် မဟာဗောဓိ ပင်တော်သို့ သွားရောက် ဖူးမြော်ကြပြီးနောက် ဗောဓိပင် ညွှတ်ကိုင်းရှိသည်ကို အုတ်တိုင်လုပ်ဆောင် ထောက်ခံရလျှင် ထာဝရ အမွန်ရှည်စွာ ခိုင်ခံ့ကောင်းမွန် သဖြင့် ကုသိုလ်အထူး ဖြစ်ပွားရန် ရှိသည့်အတိုင်း သံတော်အရာရှိတို့နှင့် ပါသမျှ လူကြီးလူငယ်တို့က သဒ္ဓါတရား ရှိသည်အလျောက် ထည့်လှူ စုဆောင်း ရရှိသည် ငွေဒင်္ဂါး ၂၅ဝိ ကို မဟန္တဂီ ဇော်ဂျီသို့ ပေးအပ်ရာ နေ့ရက်မကြာ ပြီးအောင် အုတ်တိုင်ကြီးစွာ လုပ်ဆောင် ထောက်ခံပါမည် ပြောဆိုခံယူသည်။

မဟန္တဂီ ဇော်ဂျီနှင့် တပည့် ဇော်ဂျီတို့ကိုလည်း "မဟာဗောဓိပင်တော် ကို အမြဲစောင့်ရှောက် နေထိုင်သူများ ဖြစ်သည်။ နောက်ကိုလည်း အမွန် ရှည်စွာ တည်ထွန်းအောင် စောင့်ရှောက် ထိန်းသိမ်းစေရန် အကြောင်း ဖြစ်သည်" ရည်ရွယ် မြော်ထောက်ပြီးလျှင် မဟန္တဂီ ဇော်ဂျီကို ငွေဒင်္ဂါး ၅ဝိ၊ တပည့်လက်သား ဇော်ဂျီများကို ငွေဒင်္ဂါး ၅ဝိ၊ ၂ စု ငွေဒင်္ဂါး ၁၀ဝိ ဆုပေးခဲ့သည်။

မဟန္တဂီ ဇော်ဂျီကလည်း သံတော်အရာရှိတို့ ကိုးကွယ်ပူဇော်ရန် ဗောဓိသား၊ ဗောဓိမြေများကို ပေးလိုက်သည်။

သည်ကဲ့သို့ သံတော်အရာရှိတို့ မဟာဗောဓိပင်တော်သို့ ရောက်၍ အတင် အလှူတော်များကို တင်လှူပူဇော်ကြောင်း၊ မဟန္တဂီ ဇော်ဂျီသို့ ရွှေကွပ် ကျောက်စီတောင်ဝှေးနှင့် ဆုငွေ ဒင်္ဂါး ၁၀ဝိ ပေးကြောင်း၊ ဗောဓိပင် တော် ညွှတ်ကိုင်းသည်ကို အုတ်တိုင်လုပ်ဆောင် ထောက်ခံရန် ငွေဒင်္ဂါး ၂၅ဝိ ပေးခဲ့ကြောင်းများကို နောင်အစဉ်အဆက် အမှတ်အသား ထင်ရှား ရစ်အောင် စာရေးသား ပေးအပ်ခဲ့သည်။ ။ စာလက်ခံကား –

"သက္ကရာဇ် ၁၂၃၇ ခု ပြာသိုလပြည့်ကျော် ၄ ရက်[၂] ၆–ကြာနေ့[၃] နံနက် ၁၁ နာရီအချိန် ဝန်ရှင်တော် သေနတ် ဝန် ကင်းဝန် လယ်ကိုင်းမြို့စားမင်း သတိုးမင်းကြီး မဟာ မင်းလှစည်သူကျော်၊ ဝန်ထောက်တော် မြောင်လှမြို့စားမင်း မင်းကြီးသီရိမဟာဇေယျသူ၊ သံတော်ဆင့် မင်္ဂလာသောင် တင်းပုံ လေ့အုပ် မဟာမင်းတင်မင်းကျော်၊ စာရေးကြီး မင်းလှကျော်ထင်စည်သူ၊ မင်းလှသီရိကျော်ခေါင်၊ နေမျိုး သိဒ္ဓိကျော်ထင်၊ ဖြတိုက် သံဆင့် နေမျိုးသိဒ္ဓိကျော်စွာ၊ စကား

၁။ ၁၅ ဇန်နဝါရီ ၁၈၇၆ ၂။ ၁၄ ဇန်နဝါရီ ၁၈၇၆ ၃။ သောကြာနေ့



www.burmeseclassic.com

www.burmeseclassic.com



ပြန် မောင်ပေါက်ထွန်း၊ စာရေးတော်၊ ပညာတော်သင်တို့နှင့် ရန်ကုန်မြို့ ကျောင်းတကာ ဦးဘိုးညွှင်း၊ ဦးဘိုးကြီးတို့ပါ စုစု လူပေါင်း ၂၂ တို့ **ဗုဒ္ဓဂယာ**[၁] မဟာဗောဓိပင်တော်သို့ ဆိုက်ရောက်၍ ဆောင်ယူပါလာသည့် သပြာ ၄၇၄၂၄ ပြား တန် အတင် အလှူတော်များကို စီစဉ်ခင်းကျင်း၊ မဟာဗောဓိ ညောင်တော်ကို တင်လှူ ပူဇော်ပြီးလျှင် သေချာစွာ သေတ္တာ ထည့်သွင်း၍ မဟန္တဂီ ဇော်ဂျီသို့ စာရင်းနှင့်တကွ ပေးအပ် သိမ်းထားစေသည်။

မဟာဗောဓိပင်တော် အနောက်တောင်ထောင့်သို့ ကိုင်းညွှတ်ရှိသည်ကိုလည်း အမွှန်ရှည်စွာ ခိုင်ခံ့ ကောင်းမွန် သဖြင့် ကုသိုလ်အထူး ဖြစ်ပွားအောင် အုတ်တိုင် လုပ်ဆောင် ထောက်ခံရန် ငွေဒင်္ဂါး ၂၅ဝ ကို မဟန္တဂီ ဇော်ဂျီသို့ အပ်၍ လုပ်ဆောင် ထောက်ခံစေသည်။ မဟန္တဂီ ဇော်ဂျီနှင့် တပည့် ဇော်ဂျီတို့ကိုလည်း မဟာဗောဓိပင်တော်ကို ကောင်းမွန် ရှိသေစွာ ကြည့်ရှုစောင့်ထိန်းသူများ ဖြစ်၍ မဟန္တဂီ ဇော်ဂျီကို ငွေဒင်္ဂါး ၅ဝ၊ အရံ တပည့်ဇော်ဂျီတို့ကို ၅ဝ၊ ၂ စု ၁ဝဝ ပေးခဲ့သည်။ **သက္ကရာဇ် ၁၂၃၇ ခု ပြာသိုလပြည့်ကျော် ၄ ရက်**[၂] ၆-ကြာနေ့ ဘုန်းတော် အလွန် ကြီးမြတ်တော်မူ လှသော မြန်မာ နေထွက်ဘုရင် မင်းတရားကြီးဘုရားက မဟန္တဂီ ဇော်ဂျီကို မဟာဗောဓိပင်တော်ကို အမြဲ စောင့်ရှောက် ထိန်းသိမ်း နေထိုင်သူဖြစ်၍ ရွှေကွပ် ကျောက်စီတောင်ဝှေး ၁ သနားတော်မူသည်။"

၎င်းစာ ၂ စောင်တွင် ဝန်ရှင်တော် သေနတ်ဝန် ကင်းဝန် လယ်ကိုင်း မြို့စား မင်းကြီး၊ ဝန်ထောက်တော် မြောင်လှမြို့စား၊ မင်းနှစ်ပါး လက်မှတ် ထိုးပြီးလျှင် စက္ကူစာတွင် တစ်ချက်၊ စာအိတ်တွင် တစ်ချက်၊ ဥဒေါင်းရုပ် ချိပ်တံဆိပ် ခတ်မှတ် ပေးအပ်ခဲ့သည်။

**၎င်းလပြည့်ကျော် ၆ ရက်**[၃] တနင်္ဂနွေနေ့ နံနက် ၁ဝ နာရီအချိန် မဟန္တဂီ ဇော်ဂျီကို တိုင်ပြော နှုတ်ဆက်ခဲ့ပြီးလျှင် ဝန်ရှင်တော် သေနတ်ဝန် ကင်းဝန် မင်းကြီးနှင့် သံတော်ဆင့် မင်္ဂလာသောင်တင်းပုံလှေအုပ်၊ စာရေးတော်ကြီး

၁။ Budh Gaya ၂။ ၁၄ ဇန်နဝါရီ ၁၈၇၆ ၃။ ၁၆ ဇန်နဝါရီ ၁၈၇၆



www.burmeseclassic.com

www.burmeseclassic.com



ဦးမြ၊ စာရေးတော် မောင်ဘိုးလူ၊ မောင်ဘိုးလှ၊ မောင်ဆင်၊ ပညာတော်သင် မောင်ထွန်းလင်း၊ အုန်းဘုးတို့မှာ နေရဉ္စရာမြစ်ကမ်း တစ်လျှောက်ကို ကြည့်ရှုလို၍ မဟာန္တဂီ ဇော်ဂျီက ဂယာမြို့ရောက် လိုက်ပို့စေသူ လက်ထောက်ဇော်ဂျီ ဝါသုဒေဝနှင့် အရှေ့စွန် နေရဉ္စရာ မြစ်ကမ်းလမ်းသို့ ရထားမစီး ခြေကျင် ထွက်ခဲ့ကြသည်။

ဝန်ထောက်တော် မြောင်လှမြို့စားမင်း၊ စာရေးတော်ကြီး ဦးကြီး၊ ဦးဘိုးလှ၊ ဗြဲတိုက်သံဆင့် မောင်ပေါက်ကျိုင်းတို့နှင့် ကျန်လူတို့မှာ စီးခဲ့ရင်း ရထား ၆ စီးနှင့် လမ်းချောမောကောင်းမွန်ရာ အနောက်စွန်လမ်းက ပြန်လာကြသည်။

အရှေ့လမ်း ထွက်လာသူ ဝန်ရှင်တော်မင်းကြီးနှင့် ပါလူတို့မှာ မွန်းလွဲ ၁ နာရီခန့်ရှိမှ ဂယာမြို့သို့ ရောက်သည်။

ရထားနှင့် အနောက်လမ်း လာသူတို့မှာ နေ့ ၁၂ နာရီ အချိန်က ဂယာမြို့သို့ ရောက်နှင့်သည်။

မဟာန္တဂီ ဇော်ဂျီက ဂယာမြို့သို့ လိုက်ပို့စေသည် ဝါသုဒေဝ ဆိုသူ ဇော်ဂျီသည် လူကဲလူရိပ်ကို အလွန် သိတတ်သည်။ ပျော်ရွှင်လိုသော စိတ် သဘောဆန္ဒ အလွန် အားကြီးသည်။ မိမိကိုယ်ကို ဇော်ဂျီ ဖြစ်သည်ဟု အလေးမပြု၊ သဘောမထား။ ဝန်ရှင်တော်မင်းကြီးနှင့် အရာရှိတို့ ဝမ်းမြောက် နှစ်သက် ကြည်လင်ရွှင်လန်းအောင် ပြုလုပ်တတ်သည်။

ငင်းဇော်ဂျီကို ဗောဓိပင်စောင့် လူပြန်တော်တို့နှင့် သင့်တင့်ညီညွတ်စွာ နီးနှောပေါင်းသင်း ကူညီဆောင်ရွက်ရန် ရှိသည်များကို ကြိုးစားအားထုတ် ကူညီဆောင်ရွက်ရမည် မှာထားပြောဆို။ ငွေ ၁ သုံး ဒင်္ဂါး၊ ပဲသုံးဒင်္ဂါး အသင့်အလျော် ဆုပေးလိုက်သည်။ နေမွန်းလွဲ ၄ နာရီအချိန်မှ ဂယာမြို့က ပြန်သွားသည်။ ငင်းနေ့ည ဂယာမြို့ ဘဂလိုတိုက်မှာ အိပ်နေကြသည်။

**ငင်းလပြည့်ကျော် ၇ ရက်**[၁] တနင်္လာနေ့၊ နံနက် ၅ နာရီအချိန် ဂယာမြို့မှ ထွက်လာခဲ့ရာ ၈ နာရီခွဲအချိန် **ဗေလား**[၂] ရွာ **ဘဂလို**[၃] စခန်းသို့ ဆိုက်ရောက် ပါသည်။

ဗေလားရွာသို့ မရောက်မီ ဗေလားရွာတောင် တစ်တိုင်ခန့်ကွာ နီးရီး ရွာသို့ ဆိုက်ရောက်စဉ် အရှေ့မြောက်အရပ် ခရီး ၃ တိုင်ခန့်ကွာတွင် ဂိဇ္ဈကုဋ် တောင်ကို ကြည့်ရှုရာ အခြားအရပ်များက ကြည့်ရှုသည်ထက် ငင်းအရပ်က

၁။ ၁၇ ဇန်နဝါရီ ၁၈၇၆ ၂။ Bela ၃။ Bungalow

www.burmeseclassic.com



လင်းတင့်တယ်သဏ္ဌာန် ပီပြင်ထင်ရှားစွာ မြင်ရသည်ကို ထောက်၍ ငါတို့ဘုရားလက်ထက်တော် အထင်အရှားရှိသည့် ဂိဇ္ဈကုဋ်တောင်သည် ၎င်းတောင်အမှန်ဖြစ်ကြောင်းကို ယုံယုံကြည်ကြည် မှတ်ယူသင့်သည်။

၎င်းဗေလားရွာစခန်း ဘံဂလိုတိုက်တွင် ထမင်းချက်ပြုတ် စားသောက်ကြပြီးလျှင် နေ့ ၁၁ နာရီအချိန် ထွက်လာခဲ့ကြပြန်ရာ မွန်းလွဲ ၃ နာရီခွဲအချိန် **ဂျဟနာဘက်** [၁] ရွာစခန်း ဘံဂလို အုတ်တိုက်သို့ ဆိုက်ရောက်၍ ညစာထမင်းချက်ပြုတ်စားသောက် အိပ်နေကြသည်။

**၎င်းလပြည့်ကျော် ၈ ရက်** [၂] အင်္ဂါနေ့ နံနက် ၄ နာရီအချိန် ဂျဟနာဘက်ရွာဘံဂလို အုတ်တိုက်က ထွက်လာခဲ့ရာ နံနက် ၈ နာရီခွဲအချိန် နိမ္မာနာဒရွာစခန်းသို့ ဆိုက်ရောက်။ နံနက်စာ ထမင်းချက်ပြုတ် စားသောက် ထွက်လာခဲ့ရာ မွန်းလွဲ ၃ နာရီအချိန် ဘံဂီပူရွာ မီးရထားရုံသို့ ဆိုက်ရောက်သည်။ ၎င်းနေ့ ၅ နာရီခွဲအချိန် ဝန်ရှင်တော်မင်းကြီး၊ ဘင်္ဂလား စာရေးတော်ကြီး၊ ရန်ကုန် ကျောင်းတကာ ဦးဘိုးညွှန်း၊ ဦးဘိုးကြီး၊ စကားပြန် မောင်ပေါက်ထွန်း၊ စာရေးတော် မောင်ထွန်း၊ မောင်ဘိုးလှတို့နှင့် လူငယ်များပါ မီးရထားစီးနင်း၍ **ဘင်္ဂလားမြို့** [၃] သို့ ပြန်လာကြသည်။

ဝန်ထောက်တော်မင်းနှင့် အပေါင်းပါ **ဣတာလျံ** [၄] သွား သံတော်အရာရှိတို့မှာ ယခုနေ့ **ဘုံပိုင်** [၅] မြို့သို့ အဖြောင့်သွား မီးရထား မရသည်နှင့် နက်ဖြန် ၁၂ နာရီ အချိန်တိုင် ဘုံပိုင်မြို့သို့ အဖြောင့်သွား မီးရထားကို ၎င်းမီးရထားရုံတွင် စတည်းချရပ် ဆိုင်းငံ့နေရစ်ကြသည်။

မီးရထား အပြန်စခန်း လမ်းအကြောင်းအရာများမှာ အထက် လာစဉ် အမှတ်အသား ရေးပြီးအတိုင်း ဖြစ်၍ ထပ်မံ မရေးပြီ။

အသွား မီးရထားမှာ ဘင်္ဂလားက **ဘံကီပူမြို့** [၆] ရောက် တစ်နေ့နှင့် တစ်ည သွားရသည်။ အပြန် မီးရထားမှာ ဘံကီပူမြို့က ဘင်္ဂလားမြို့ရောက် တစ်ညသာ သွားရသည်။

၎င်းည ၅ နာရီခွဲအချိန် ဘင်္ဂလားမြို့ အနောက်ဘက် ဟောက်ရားခေါ် မီးရထားရုံသို့ ဆိုက်ရောက်သည်။ ၎င်းတွင် ဘံကီပူမြို့က ကြေးနန်းနှင့် မှာထားပြီးဖြစ်၍ ဣတာလျံကောင်စစ် လာမိုရီးက မြင်း ၂ စီးက ရထား ၂၊ စကြာယာဉ်ပျံ **ကပ္ပိတန်ဗြောင်း** [၇] က ရထား ၁၊ ဘင်္ဂလား စာရေးတော်ကြီး

---

၁။ Jahanabad ၂။ ၁၈ ဇန်နဝါရီ ၁၈၇၆ ၃။ Calcutta ၄။ Italian
၅။ Bombay ၆။ Bankipore ၇။ Captain Brown



www.burmeseclassic.com

www.burmeseclassic.com



အိမ်က ရထား ၁၊ အသီးအသီး အသင့် စောင့်နေကြသည်။ မင်းကြီးနှင့် အပေါင်းပါ လူတို့ ငှင်းရထားများကို စီးနင်းပြီးလျှင် ဘင်္ဂလား စာရေးတော်ကြီး တိုက်သို့ လာကြသည်။ စကြာယာဉ်ပျံ သင်္ဘောတော်မှာ နေထိုင်ရန် မပြင်ဆင်ရသေး ဖြစ်၍ စာရေးတော်ကြီး တိုက်တွင် ရပ်ဆိုင်း နေထိုင်ကြသည်။

မောင်ပေါက်ကျိုင်းမှာ မဟာဗောဓိသားများကို တင်ဆောင်သည့် လှည်း မရောက်သေးသည်နှင့် ဘံကီပူမြို့ မီးရထားရုံတွင် ဝန်ထောက်တော်မင်းများနှင့် အတူ မဟာဗောဓိသားကို ဆိုင်းငံ့ စောင့်နေရစ်ရသည်။

**ငှင်းလပြည့်ကျော် ၉ ရက်**[၁] ဗုဒ္ဓဟူးနေ့ ဝန်ရှင်တော် ကင်းဝန်မင်းကြီး စာရေးတော်ကြီး တိုက်သို့ ရောက်လျှင် ရောက်ချင်း ဘုရင်ခံမင်းနှင့် တွေ့ကြုံ နှုတ်ဆက်ရန် နေ့ရက်၊ အချိန်များကို သိရအောင် နိုင်ငံခြားရုံး အရာရှိ ဟန်ဘီးထံ မောင်ပေါက်ထွန်းကို စေလွှတ်တိုင်ပြောဆိုရာ သေချာအောင် မေးမြန်း၍ စာပေးပါမည် ဟန်ဘီးက မှာထားလိုက်ကြောင်းနှင့် မောင်ပေါက်ထွန်း ပြန်ပြောသည်။

ငှင်းနေ့ နံနက် ၅ နာရီခွဲကို ချမ်းသာစွာ ဆိုက်ရောက်ကြောင်း၊ ကပ္ပိတန်ပြောင်းထံ အပ်ထားသော ငွေများကို ဘုံပိုင်မြို့သို့ ပို့ကြောင်း စာရေးတော်ကြီး အစီရင်ခံစာ၊ အငြိးပြေ မင်းကြီး ရေးသည့် စာများကို ဝန်ထောက်တော်မင်းထံ ပို့ရန် ရေးသားလိပ်မှတ်၊ အသေအချာနှင့် စာတိုက်သို့ ပို့သည်။

**ငှင်းလပြည့်ကျော် ၁၀ ရက်**[၂] ကြာသပတေးနေ့ နံနက် ၆ နာရီအချိန် ဘံကီပူမြို့မှာ ဗောဓိသားကို စောင့်နေရစ်သသူ မောင်ပေါက်ကျိုင်း ဆိုက်ရောက်လာ၍ မေးရာ မဟာဗောဓိသားမှာ နက်ဖြန် ၃ နာရီမှ ရောက်မည် အကြောင်း၊ ဝန်ထောက်မင်းများလည်း ၉ ရက်[၁]နေ့ ၁၂ နာရီခွဲအချိန် ဘံကီပူမြို့က ဘုံဘိုင်မြို့သို့ ထွက်သွားကြောင်းနှင့် ပြောသည်။ ဝန်ထောက်တော်မင်းများလည်း ဘုံဘိုင်မြို့တွင် ၇ ရက် ရပ်ဆိုင်းမည် အကြောင်းနှင့် အစီရင်ခံစာ ရသည်။

ငှင်းနေ့ မြန်မာသံတော်မင်းကြီး နိုင်ငံတော်မှ ထွက်မည်နေ့ရက်ကို

---

၁။ ၁၉ ဇန်နဝါရီ ၁၈၇၆ ၂။ ၂၀ ဇန်နဝါရီ ၁၈၇၆



www.burmeseclassic.com

www.burmeseclassic.com



အမှန်သိလိုကြောင်းနှင့် ဟန်ဘီးက စာပေးသောကြောင့် ၎င်းလပြည့်ကျော် ၁၃ ရက်[1] နေ့ သင်္ဘောသို့ ဆင်း၍ ၁၄ ရက်[2] နေ့ နံနက်စောစော ထွက်သွားမည် စာပြန်ပေးသည်။

ကပ္ပိတန်ပြောင်း လာရောက်။ ၎င်းလပြည့်ကျော် ၁၄ ရက်[2] နေ့ ထွက်နိုင်ကြောင်းနှင့် ပြောသည်။ လာမိုရီး တိုက်အိမ်သို့ လာရောက်နှုတ်ဆက်ပြီးလျှင် စနေနေ့ ၁၀ နာရီအချိန် စားပွဲထိုင် လာရောက်ပါမည့် အကြောင်းနှင့် ဖိတ်ကြား ပြန်သွားသည်။

၎င်းနေ့ မူလာကိုယ်စားလှယ် ဟာရှင်မယ်တယ် ညီ ဟာရှင်မယ်ဘယ် လာရောက်။ ဥယျာဉ်တွင် ဆာပါပုံရိုက်သည့် ရုံများကို ကြည့်ရှုပြီးလျှင် စားပွဲထိုင် လာရောက်ပါမည့် အကြောင်းနှင့် ဖိတ်သောကြောင့် တနင်္ဂနွေနေ့ လာမည် ပြန်ပြော မှာထားလိုက်သည်။

၎င်းလပြည့်ကျော် ၁၁ ရက်[3] သောကြာနေ့ သံတော်ဆင့် ၄ ဦးတို့ စာ၊ အမှာရေး မောင်ဘား စာများကို ရသည်။ ဝန်ထောက်တော်မင်းနှင့် အပေါင်းပါ သံအရာရှိတို့ စာများကိုလည်း တံဆိပ်လက်မှတ် မပျက်စေရ။ စာအိတ်အသစ် ထည့်သွင်းပြီးလျှင် ဘုံဘိုင်မြို့ရောက် ပို့သည်။ ၎င်းနေ့ ဝန်ထောက်တော်မင်းနှင့် သံအရာရှိတို့ ဘုံဘိုင်မြို့သို့ ချမ်းသာစွာ ဆိုက်ရောက်ကြောင်း ကြေးနန်းစာ ရသည်။ ၎င်းနေ့ မဟာဗောဓိသား မရောက်၍ ကြေးနန်းနှင့် ထပ်မံ မှာထားရာ နက်ဖြန်ရောက်ပါလိမ့်မည်ဟု ဟောက်ရားမီးရထားလူကြီးက ပြောသည်။

၎င်းလပြည့်ကျော် ၁၂ ရက်[4] စနေနေ့ နံနက် ၁၀ နာရီအချိန် ဤတာလျံကောင်စစ် လာမိုရီး အိမ်သို့ စားပွဲထိုင် သွားကြသည်။ ၎င်းအိမ်တွင် ဓာတ်ကျောက် အမျိုးမျိုးများကို ခွဲခြမ်းသိမြင်တတ်သူ ပေါလဒိရော ဆိုသူကို တွေ့သည်။ နိုင်ငံတော်က ထွက်သည့် ဓာတ်ကျောက်မျိုးများကို တစ်မျိုးလျှင် အချိန် ၂ ပိဿာခန့် ပေးပို့လျှင် မည်သည့်ကျောက် ရွှေ၊ ငွေ၊ ခဲ၊ ကြေး၊ သံ မည်မျှထွက်သည် အသေအချာ ခွဲခြမ်း ပြန်ပြောနိုင်ကြောင်း၊ ၎င်းဓာတ်ကျောက်များကို ဤတာလျံကောင်စစ်အိမ်သို့ ပို့လျှင် ပြီးကြောင်းနှင့် ပြောသည်။

[1]။ ၂၃ ဇန်နဝါရီ ၁၈၇၆ [2]။ ၂၄ ဇန်နဝါရီ ၁၈၇၆ [3]။ ၂၁ ဇန်နဝါရီ ၁၈၇၆
[4]။ ၂၂ ဇန်နဝါရီ ၁၈၇၆



www.burmeseclassic.com

www.burmeseclassic.com



လာမိုရီးက ဒါကာမြို့လုပ် ရေတာကောင်း ၁ နှင့် ၎င်းရေခွက် ၁ များကို မင်းကြီးသို့ လက်ဆောင်ပေးလိုက်သည်။ ၎င်းတွင် ၂ နာရီ နေထိုင်၍ ပြန်လာကြသည်။ တိုက်အိမ်သို့ ရောက်လျှင် ဝန်ရှင်တော်မင်းကြီးနှင့် ဘုရင်ခံမင်း ယခုနေ့ ၃ နာရီအချိန် တွေ့လိုပါကြောင်း စာရောက်နှင့်သည်။ ၎င်းနေ့ ၂ နာရီခွဲအချိန် အထက် အကြိုလာမြဲ အရာရှိ မေဇာစမစ် ဆိုသူ လာရောက်ကြိုလာသည်။

ဝန်ရှင်တော်မင်းကြီးလည်း အင်္ကျီလက်ကျယ်၊ ရွှေစလွယ် ဆင်ယင်၍ စကားပြန် မောင်ပေါက်ထွန်းနှင့် ရထားစီးနင်းပြီးလျှင် ဘုရင်ခံမင်း တိုက်သို့ သွားကြသည်။ ရောက်လျှင် ဘုရင်ခံမင်း ပကတိနေမြဲ တိုက်ခန်းတွင် အတွင်းဝန် အာချစ်စင်နှင့် အတူ ဆီးကြိုလက်ခံသည်။

ဝန်ရှင်တော်မင်းကြီး မဟာဗောဓိသို့ သွားရာ အလိုအတိုင်း ပြည့်စုံပါ၏လားဟု မေးသည်။ မင်းကြီးက ပြည့်စုံကြောင်း ပြန်ပြောသည်။ နက်ဖြန် ၄ နာရီ သင်္ဘောသို့ဆင်း၍ သန်ဘက် နံနက်စောစော ပြန်ပါတော့မည် မင်းကြီးက ပြောသည်။ ကောင်းပါပြီ၊ လမ်းခရီး ချမ်းသာစွာ ရောက်ပါစေ ဘုရင်ခံမင်းက ဆိုသည်။

ဂရိဘနား၊ ဘေဘားတို့ အပြန် ကြိုယူရန် လူ လက်နက် စကားနေရာကျကြောင်းနှင့် ရွှေမြို့တော်ရှိ အရေးပိုင်က ကြေးနန်းစာ ရသည် ဘုရင်ခံက ပြောသည်။ ၎င်းအကြိုအယူ မည်သည့် လ ရက် စေလွှတ်မည် မင်းကြီးက မေးသည်။ ဂရိဘနား၊ ဘေဘားတို့ ယခု ရန်မြို့သို့ မရောက်ပါသေး။ လမ်းခရီးတွင်သာ ရှိပါသေးသည်။ ၎င်းတို့ ရန်မြို့သို့ ရောက်မှ နေ့ရက် သေချာပါမည် ဘုရင်ခံမင်းက ပြောသည်။ ပြီးလျှင် လက်ဆွဲနှုတ်ဆက် ပြန်လာကြသည်။

၎င်းနေ့ အထုပ်သေတ္တာများကို သင်္ဘောသို့ ပို့ကြသည်။ ထင်းရှူးသေတ္တာများမှာ အကောက်တိုက်တွင် လက်မှတ်ခံယူမြဲ ဖြစ်၍ မောင်ပေါက်ကျိုင်း အကောက်တိုက်သို့ သွားရောက် လက်မှတ်ယူရသည်။

**၎င်းလပြည့်ကျော် ၁၃ ရက်**[၁] တနင်္ဂနွေနေ့ ၁၁ နာရီအချိန် ဥယျာဉ်စားပွဲဟာရင်မယ်တယ်က ဖိတ်ကြားရာသို့ ဝန်ရှင်တော်မင်းကြီး၊ ဘင်္ဂလား စာရေးတော်ကြီး၊ ရန်ကုန် ကျောင်းတကာ ဦးဘိုးညှင်း၊ ဦးဘိုးကြီးတို့နှင့် စာရေးလူငယ် အကုန် သွားကြသည်။ မင်းကြီး စီးရန် မြင်း ၂ စီးက ရထား ၁၊

၁။ ၂၃ ဇန်နဝါရီ ၁၈၇၆



www.burmeseclassic.com

www.burmeseclassic.com



ကျန် အပေါင်းပါလူတို့ စီးရန် မြင်းကရထား ၅ များနှင့် ဟာရှင်မယ်တယ်က ကြိုယူလာသည်။ ၎င်းရထားများကို စီး၍ မြို့အရှေ့မြောက် ခရီး ၂ တိုင်ခန့်ကွာ ဥယျာဉ်သို့ သွားကြရာ ၎င်းဥယျာဉ်အတွင်း တိုက်အိမ်မှာ ဖန်ပဒေသာ၊ ဖန်မီးအိုး ပန်းမျိုးစုံ၊ အခိုင်စိုက် ပန်းအိုး၊ စက်ရုပ်ပါ သံစုံအမျိုးမျိုး၊ ဘန်း[၁] အတီးပါသည့် သံစုံကြီး၊ ဖန်ပေါင်းအုပ်ပန်းပင်မှ စ၍ အခင်းအကျင်း ဖွယ်ရာ တင့်တယ်အောင် ခင်းကျင်း၍ ဟာရှင်မယ်တယ်နှင့် ကုန်သည်ကြီး ပရိသတ် အများ ဆီးကြိုလက်ခံကြသည်။

၎င်းဥယျာဉ်အတွင်း ဘင်္ဂလား ပုသိမ်ဆာပါ ခေါ်သည့် ပဝါများကို ဟာရှင်မယ်တယ်က ကုမ္ပဏီပြုလုပ် ပုံရိုက်ပြီးလျှင် ရန်ကုန်မြို့သို့ ပို့သည်။ ၎င်းရုံတွင် အရပ်ရပ် ကြည့်ရှုရန်များကို ကြည့်ရှုကြသည်။ အလုပ်သည် ကံကျွေးလူ ၁၅၀၊ တစ်နေ့ လုပ်ရ ပဝါအုပ်ရေ ၈၀၀၊ ၁၀၀၀။ တစ်လှ ကံကျွေးစရိတ် ၁၈၀၀၊ ၂၀၀၀ ကုန်ကြောင်း။ ပိုးထည်မှာ ဒါကာမြို့[၂]က ဝယ်ရကြောင်း၊ ဆေးမျိုးစုံမှာ ၎င်းတိုက်တွင် ဖော်လုပ်နိုင်ကြောင်းများနှင့် ပြောဆို ကြားသိရသည်။

၎င်းဥယျာဉ်အတွင်း တိုက်အိမ်အနီး အလျား တာ ၂၀၊ အနံ ၁၅ တာခန့် ရေကန်အတွင်း တံငါပိုက်သည်များကို ခေါ်၍ ပိုက်ချစေရာ အချိန် ၁ ခန့်၊ ၂ ခန့် ငါးအများ ရသည်ကို ကြည့်ရှုကြပြီးလျှင် တစ်ကောင်မျှ မသေစေရ၊ လွှတ်ကြသည်။ သည်ကဲ့သို့ ပိုက်နှင့် ခြောက်လျှင် နေ့ချင်း ညချင်း ငါးကြီးလွယ်သည်ဟု ပြောဆို ကြားသိရသည်။ ၎င်းနေ့ ၄ နာရီအချိန် အပေါင်းပါ ပရိသတ်တို့ကို စားပွဲကျွေးမွေးသည်မှာ သိုးသောင်းစားပုံ ဟင်းလျာ အမျိုးမျိုး၊ ပသီစားပုံ ထောပတ်ထမင်း ရောင်စုံအမျိုးမျိုး၊ ၎င်း ဟင်းလျာ အမျိုးမျိုး၊ မုန့်အမျိုးမျိုး၊ သစ်သီးအမျိုးမျိုးများနှင့် မကုန်မခန်း နိုင်အောင် ကျွေးမွေးသည်။

ဟာရှင်မယ်တယ်က ဆာပါအုပ် ၃၀ မင်းကြီးသို့ ပေးလိုက်သည်။ ၎င်းအစည်းအဝေးတွင် အထက် သိကျွမ်းပြီး မိတ်ဆွေဟောင်း ချိုပူနဇတ် ညီအစ်ကိုနှင့် တွေ့သည်။ နိုင်ငံတော်သို့ လာရောက်လိုကြောင်း ပြောသည်။ ၎င်းက ၅ နာရီမှ ပြန်လာကြသည်။ စာရေးတော်ကြီး အိမ်သို့ ရောက်လျှင် အမောအပန်းဖြေ၍ ၆ နာရီအချိန် စကြာယာဉ်ပျံ သင်္ဘောတော်သို့ ဆင်းခဲ့ကြသည်။

---

၁။ Band ၂။ Dhaka



www.burmeseclassic.com

www.burmeseclassic.com



**ငင်းလပြည့်ကျော် ၁၄ ရက်** [၁] တနင်္လာနေ့ နံနက် ၅ နာရီအချိန် ဘာဘူဂတ် ခေါ်သည့် သင်္ဘောဆိပ်က ထွက်ခဲ့၍ ခံမြို့ အနီးသို့ သင်္ဘောတော်ရောက်လျှင် နှုတ်ဆက်အမြောက် ၁၅ ချက် ခံမြို့ပေါ်က ပစ်ဖောက် နှုတ်ဆက်သည်။ ငင်းနေ့ ၅ နာရီအချိန် "စော်ကာဝ" မီးပြတိုင်သို့ ရောက်သည်။ ၉ နာရီ အချိန် အာရကတ္တိ ဆင်း၍ နေရစ်သည်။

ဘင်္ဂလားမြို့က အာရကတ္တိ ဆင်းရာ ဂတ်စပါးမီးပြရောက် မြန်မာ တိုင် ၆ဝ ရှိသည်။ ငင်းနေ့ည စနေထောင့်က လေပြင်းပြင်း လာသည်။ လှိုင်းကုန်းပတ်ပေါ်ကို လွှမ်းသည်။ မူးမော်ကြသူ များသည်။ ၈ နာရီအချိန် ရန်ကုန် ခေါ် ပင်လယ်သွားသင်္ဘော ရန်ကုန်မြို့၊ စစ်တွေမြို့သို့ အသွားနှင့် တွေ့သည်။ ငင်းသင်္ဘော တစ်နာရီကို မြန်မာ ၈ တိုင် သွားသည်။ စကြာ ယာဉ်ပျံမှာ တစ်နာရီ ၆ တိုင်သာ သွားသည်။

**ငင်းလပြည့်ကျော် ၁၅ ရက်** [၂] အင်္ဂါနေ့လည်း လေပြင်းစွာ တိုက်သေး သည်။ ခရီးမှာ ယမန်နေ့ည ၉ နာရီက ယခုနေ့ ၁၂ နာရီတိုင် မြန်မာတိုင် ၆၇ တိုင်ခွဲ ရောက်သည်။ သင်္ဘောမှာ အရှေ့တောင်သို့ ဦးလှည့်လျက် သွားသည်။ ငင်းနေ့ည တစ်ညလုံးလည်း လေလာအတိုင်း လာသည်။

**သက္ကရာဇ် ၁၂၃၇ ခု တပို့တွဲလဆန်း ၁ ရက်** [၃] **၄-ဟူး** [၄] နေ့ နံနက်က စ၍ လေသက်သက်သာသာ ညင်းညင်းလာသည်။ ဘလုပ်ကုမ္ပဏီပိုင် ရန်ကုန်သွား မီးသင်္ဘော လက်ယာဘက် ခရီး ၃ တိုင်ခန့်တွင် မြင်သည်။ လက်ဝဲဘက်ရှေ့ ၂ တိုင်ခန့်တွင် ရန်ကုန်သို့ တူရူသွား ၃ ပင်တိုင် ရွက် သင်္ဘောတစ်ခု မြင်သည်။ သင်္ဘောဦးမှာ အရှေ့တောင်သို့ ရှေးရှုလျက် သွားသည်။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီး မြန်မာတိုင် ၂၅ဝ ရောက်သည်။

ငင်းပင်လယ်ရေပြင်တွင် စင်ရော်သဏ္ဌာန် ငှက်များကို မြင်သည်။ ကမ်းနှင့် အလွန်ဝေးလှသောကြောင့် ငင်းငှက်တို့ နားပုံ၊ ရပ်ပုံ၊ အိပ်နေပုံ များကို **လန်ဒန်သွား နေ့စဉ်မှတ်** တွင် မကြံစည်နိုင်ကြောင်းနှင့် ရေးသား ပါရှိလေသည်။ ငင်းငှက်များသည် ဝမ်းဘဲကဲ့သို့ ရေပေါ်တွင် နားလျက်၊ ရေပေါ်တွင် အိပ်နိုင်သည်ကို ယခုမှ ကေန် သိရသည်။ ငင်းနေ့ ၇ နာရီခွဲ အချိန် ပုသိမ်မြို့နယ် ဟိုင်းကြီးကျွန်း မော်ဒင်စွန်း မီးပြတိုင်ကို မြင်ရသည်။

၁။ ၂၄ ဇန်နဝါရီ ၁၈၇၆ ၂။ ၂၅ ဇန်နဝါရီ ၁၈၇၆ ၃။ ၂၆ ဇန်နဝါရီ ၁၈၇၆
၄။ ဗုဒ္ဓဟူး

www.burmeseclassic.com



၉ နာရီအချိန် မီးပြတိုင်သို့ ရောက်သည်။ မီးပြတိုင်အနီး ခရီးတစ်တိုင်ခန့် ကွာတွင် သင်္ဘောတော် သွားသည်။ ၎င်းနေ့ ၆ နာရီအချိန် ဘလုပ်ကုမ္ပဏီ သင်္ဘောက ရှေ့လွန်သွားသည်။ ၈ နာရီအချိန် ရှိလျှင် ၎င်းသင်္ဘောကို လွန်၍ သွားပြန်သည်။ ၎င်းသင်္ဘော မမြင်ရအောင် နောက်က နေရစ်သည်။

**၎င်းလဆန်း ၂ ရက်**[၁] ကြာသပတေးနေ့ ၈ နာရီအချိန် ဖျာပုံဝ မီးပြတိုင်ကို မြင်သည်။ တံငါလှေ အများကိုလည်း မြင်သည်။ လေလည်း အလာငြိမ်း၍ အလွန် ငြိမ်သက်သည်။ ဥတုမှုကား ပူပြင်းလှ၏။ ယမန်နေ့ မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီး မြန်မာတိုင် (.......) ရောက်သည်။ သင်္ဘောဦးမှာ အရှေ့မြောက်ထောင့်က မြောက်သို့ အားကြီးကြီး ယွန်းလျက် သွားသည်။ ၎င်းနေ့ ၁ နာရီအချိန် အာရကတ္တီစောင့် မီးပြသင်္ဘောသို့ ရောက်၍ ရေကြောင်းပြ အာရကတ္တီ သင်္ဘောတော်ပေါ်သို့ တက်လာသည်။ တိုးဝတွင်လည်း လုပ်ဆဲ မီးပြတိုင်တစ်ခုကို မြင်ခဲ့သည်။

၎င်းနေ့ ၂ နာရီခွဲအချိန် ဆင်စွန်း ကြေးနန်းရုံသို့ ရောက်၍ သင်္ဘောအမည်၊ သင်္ဘောတွင် စီးလူ စာရင်းများကို စက္ကူတွင် ရေးပြီးလျှင် ပုလင်းသို့ ထည့်သွင်းပိတ်ဆို့၍ ရေသို့ ချခဲ့ရသည်။ ၎င်းပုလင်းကို ကြေးနန်းရုံက ဆယ်ယူဖွင့်လှစ် ကြည့်ရှုပြီးလျှင် မည်သည့်အချိန်၊ မည်သည့်သင်္ဘော ဝင်လာကြောင်းကို ရန်ကုန်မြို့သို့ ကြေးနန်းရိုက်ရသည်။

၎င်းနေ့ ၄ နာရီအချိန် ရန်ကုန်မြို့ ဆိပ်ကမ်းသို့ ဆိုက်ရောက်သည်။ ဓာတ်လှေစီး ဦးရွှေခဲ အသင့်ရှိနှင့်၍ အိမ်ရှေ့မင်းက တုံ့ပြန်သည့် ရာဇသံလက်ဆောင်တော် ပါကြောင်း၊ ဘုရင်ခံမင်းက တုံ့လက်ဆောင် ပေးကြောင်း၊ မဟာဗောဓိသို့ သွားကြောင်း၊ ဘဲကီပူမြို့တွင် ဤတာလျံသွား သံတော်တို့နှင့် ခွဲကြောင်း၊ ဘုရင်ခံနှင့် တွေ့ရာ နှုတ်ခွန်းဆက်လက် စကားပြန်လှန် ပြောဆိုကြောင်းများနှင့် ပြောဆိုစကား မှတ်သားချက်များကို ဦးရွှေခဲတွင် ပေးလိုက်သည်။

ဦးရွှေခဲလည်း ၎င်းနေ့ပင် ထွက်သွားသည်။ ၎င်းနေ့ သင်္ဘောတော် ဆိုက်လျှင်ဆိုက်ချင်း ရွှေမြို့တော်သို့ ကြေးနန်းရိုက်သည်။ ဝန့်ရှင်တော်မင်းကြီး ဆိုက်ကြောင်းကိုလည်း ရန်ကုန်မြို့ မဟာမင်းကြီးထံ ကုလားဝန်ကို စေလွှတ် တိုင်ပြောစေရာ နက်ဖြန် ၇ နာရီအချိန် အရာရှိ စေလွှတ်ကြိုယူပါမည် ပြန်ပြောလိုက်သည်။

---

[၁] ၂၇ ဇန်နဝါရီ ၁၈၇၆



www.burmeseclassic.com

www.burmeseclassic.com



**ငင်းလဆန်း ၃ ရက်**[၁] ဖ–ကြာနေ့[၂] နံနက် ၇ နာရီအချိန် ရန်ကုန်မြို့ဝန် မက္ကိုက်ဝါ သင်္ဘောတော်ရောက် ကြိုလာ၍ ငင်းနှင့်အတူ ဝန့်ရှင်တော်မင်းကြီး သင်္ဘောက ဆင်းပြီးလျှင် ရထားအတူစီး၍ သံတဲသို့ လာကြသည်။ ဘင်္ဂလာစိုး စာရေးကြီး၊ ကျောင်းတကာ ဦးဘိုးညှင်း၊ ဦးဘိုးကြီးတို့လည်း အတူ ပါလာကြသည်။

သံတဲသို့ ရောက်လျှင် အထက် ခင်းကျင်းမြဲ စစ်သည် အခင်းအကျင်းများနှင့် အတွင်းဝန် မေဇာစတရီး၊ ရာဇဝတ်ဝန်ကြီး ကာရနယ်လောင်း၊ ဝန်ထောက်မောင်အုန်းတို့ စောင့်နေဆီးကြို နှုတ်ခွန်းဆက်လက် မိတ်ဆွေ စကား ပြောဆိုကြပြီးမှ အသီးအသီး ပြန်သွားကြသည်။ ငင်းနေ့ ဝန့်ရှင်တော် မင်းကြီး ရန်ကုန်မြို့သို့ ဆိုက်ရောက်ကြောင်း၊ အကြိုသင်္ဘောတော် မင်းလုက စုန်သည် မစုန်သည်၊ စုန်လျှင် မည်သည့်နေ့ရက် စုန်သည် ပြန်ပြောမည် အကြောင်းနှင့် မလွန် ၃ မြို့ဝန် အောက်မြစ်စဉ် စစ်ကဲတော်ကြီးမင်းထံ ကြေးနန်းနှင့် မေးသည်။

**ငင်းလဆန်း ၄ ရက်**[၃] စနေနေ့ ကျောင်းတကာ ဦးဘိုးညှင်းသို့ ငွေ ၁ဝဝ အပ်ပြီးလျှင် ၅ ရက်နေ့နံနက် တိဂုံ ဆံတော်ရှင်ဘုရားမှာ ဆွမ်းတော်ကပ်လှူ ရန် ဆွမ်းတော် ပြင်ဆင် ချက်ပြုတ်စေသည်။ ငင်းဘုရားကို ဆွမ်းတော်ကပ်ပြီး လျှင် ဥယျာဉ်သို့ စားပွဲထိုင် လာရောက်ပါမည့် အကြောင်းနှင့် ကလယ် မောင်ဘိုးက စားပွဲဖိတ်သည်။ ဦးဘိုးညှင်း ကျောင်းအမ၊ သူဌေးကတော်၊ တန်ဆောင်းအမ၊ တိုက်ကျောင်းအမ၊ ဇရပ်အမ၊ ကလယ်မောင်ဘိုး အမိ များကို ဒါကာဖျင် ၁ဝ တောင်စီ လက်ဆောင်ပေးခဲ့သည်။ မော်လမြိုင် ကျောင်းအမ မယ်ဆုံကြီးကို ပေးရန် ဒါကာဖျင် ၁ဝ တောင်ကိုလည်း တန်ဆောင်းအမသို့ အပ်၍ ပေးပို့စေသည်။

**ငင်းလဆန်း ၅ ရက်**[၄] တနင်္ဂနွေနေ့ နံနက် ၇ နာရီအချိန် ကျောင်းတကာ ဦးဘိုးညှင်း၊ ဦးဘိုးကြီးတို့ သံတဲသို့ လာရောက်၊ ရထားနှင့် ကြိုယူလာ၍ ရွှေတိဂုံဘုရားသို့ ဆွမ်းတော်ကပ်လှူရန် သွားကြသည်။ ရောက်လျှင် အပေါင်းပါ၊ ကျောင်းတကာ ဘုရားတကာတို့နှင့် စုံညီ၊ မြတ်စွာဘုရားကို ဆွမ်းတော်ကပ်လှူ ပူဇော်ကြသည်။ ပြီးလျှင် အရှေ့မုခ်က ဆင်း၍ ကျောင်း တော်ရာကို ဖြတ်ပြီးလျှင် မောင်ဘိုး ဥယျာဉ်သို့သွား၍ လှည့်ပတ်ကြည့်ရှု

၁။ ၂၈ ဇန်နဝါရီ ၁၈၇၆ ၂။ သောကြာ ၃။ ၂၉ ဇန်နဝါရီ ၁၈၇၆ ၄။ ၃ဝ ဇန်နဝါရီ ၁၈၇၆



www.burmeseclassic.com

www.burmeseclassic.com



ပျော်ပျော်ပါးပါး နေထိုင်ပြီးမှ နံနက်စာ စားပွဲထိုင်ကြသည်။ နာနာပိုင် ဥယျာဉ်သို့လည်း သွားရောက် ကြည့်ရှုကြသည်။ နာနာပိုင်လည်း ဝမ်းမြောက် ဝမ်းသာ ဆီးကြိုနှုတ်ဆက် လက်ခံသည်။

ရင်းဥယျာဉ်များမှာ စိုက်ပျိုးလုပ်ဆောင်စ၊ တီထွင်ပြင်ဆင်စ ဖြစ်၍ နောက်ကို ကောင်းပေလိမ့်မည် မျှော်လင့်ရန် ရှိသည်။ ၎င်းက ပြန်၍ မောင်ဘိုး ဥယျာဉ်မှာပင် ညစာ စားပြီးမှ ပြန်လာကြသည်။ နက်ဖြန် ၉ နာရီအချိန် ဝန်ရှင်တော်မင်းကြီးနှင့် တွေ့လိုပါကြောင်း မဟာမင်းကြီး အတွင်းဝန်က စာပေးပို့လာသည်။ အမိန့်တော်ရ မောင်ထွန်းအောင်က အလိုရှိသမျှ သွားလာစီးနင်းရန် ၂ စီးက မြင်းရထားကြီးကို သံတဲမှာ ပုံသေထားသည်။

၎င်းနေ့ **အက်ဒမ်ဂျွန်း**[1] ယောက်ဖ ဆိုသူ သံတဲသို့ လာရောက်၊ ရွှေဖဝါးတော်အောက် သွားလိုကြောင်းများကို ပြောဆိုပြီးလျှင် ၎င်းမယား အက်ဒမန်ဂျွန်း နှမ ရုပ်ပုံကိုပေး၍ သွားသည်။ ၎င်းနေ့ မလွန် ၃ မြို့ဝန် အောက်မြစ်စဉ် စစ်ကဲက ရိုက်သည့် ကြေးနန်းစာကို ရသည်။ စာတွင် **ပြာသိုလပြည့်ကျော် ၁၃ ရက်**[2] နေ့ ဝန်ရှင်တော်မင်းကြီးကို အကြိုသင်္ဘော စုန်သွားကြောင်း ပါသည်။

**၎င်းလဆန်း ၆ ရက်**[3] တနင်္လာနေ့ ရန်ကုန်မြို့ မဟာမင်းကြီးကို နှုတ်ဆက်ရန် နံနက် ၉ နာရီအချိန် ဝန်ရှင်တော်မင်းကြီးမှာ အင်္ကျီလက်ကျယ်၊ ရွှေစလွယ် ဆင်လျက်၊ ကုလားဝန်၊ ရွှေတိုက်စိုး၊ ဘဏ္ဍာစိုး စာရေးကြီး၊ မောင်ပေါက်ကျိုင်းတို့နှင့် ရထားစီးနင်း သွားကြသည်။ ရောက်လျှင် မဟာမင်းကြီးနှင့် ကောင်းမွန်စွာ မိတ်ဆွေစကား ပြောဆိုနှုတ်ဆက် ပြန်လာကြသည်။

၎င်းနေ့ လူကပ်ကုမ္ပဏီ ဆိုသူနှင့် ကုလား အပေါ်နှစ် အစ်ကိုတို့ လာ၍ ဟန် ၁၂၀၀ နိုင် အသစ်လုပ်ပြီး ပင်လယ်သွား သင်္ဘောကို အဖိုး ၂၅၀၀၀၀ဝိ နှင့် ရောင်းလိုကြောင်း၊ မြစ်သွားသင်္ဘော၊ တွဲသမ္ဗန်ကြီး ၄ များကို အဖိုး ၃၀၀၀၀ဝိ နှင့် ရောင်းလိုကြောင်း၊ ဘုန်းတော်ကို ခိုလှုံ၍ အကျိုးအသန်း အကြီးအကျယ်ဖြစ်အောင် ထမ်းလိုကြောင်းများကို ပြောဆို ပြန်သွားကြသည်။

၎င်းနေ့ ဓာတ်လှေစီး လျှောက်လေး သံတဲသို့ ဆိုက်ရောက်လာသည်။ အမှာရေး မောင်ဘား အစီရင်ခံစာများကို ရသည်။ အကြောင်းအရာ ထူးထွေ

၁။ Edmund Jones, Mindon-min's agent in Rangoon ၂။ ၂၃ ဇန်နဝါရီ ၁၈၇၆
၃။ ၂၁ ဇန်နဝါရီ ၁၈၇၆



www.burmeseclassic.com

www.burmeseclassic.com



မရှိ၊ သင်္ဘောတော် ဟသ်ာတအောက်တွင် တင်ငြိကြောင်းနှင့် ပြောဆို ကြားသိရသည်။

ငင်းနေ့ ၄ နာရီအချိန် ဘင်္ဂလာစိုး စာရေးကြီးပါ ရထားစီးနင်း၍ ပုဇွန်တောင်အရပ်သို့ လှည့်ပတ် ကြည့်ရှုကြသည်။ ငင်းပုဇွန်တောင်အရပ်မှာ လူနေ အလွန် များသည်။ ရန်ကုန်မြို့နှင့် တစ်စပ်တည်းကဲ့သို့ ပြည့်မှုရှိသည်။ ငင်းက စက်ရုံတော်ကို လှည့်၍ ဝင်ကြသည်။ စက်ရုံတော်မြေ တောင်မြောက် ပေ ၇၅၀၊ အရှေ့အနောက် ပေ ၈၀၀ ရှိသည်။ မီးရထားလမ်းနှင့် စပ်ကာ ဖြစ်၍ နေရာ အလွန် အဖိုးထိုက်လှသည်။ လွှစက်ရုံ စက်ကိရိယာများလည်း အပျက်အစီး မရှိ၊ အလွန် ကြီးကျယ် ကောင်းမွန်သည်။ အဖိုးလည်း အများ တန်သည်။ ငင်းစက်ရုံတွင် အလုပ်မပြတ် လုပ်ဆောင်ရလျှင် အကျိုးတော် အများ ဖြစ်ရန် ရှိသည်။

ငင်းစက်ရုံအတွင်း ရေနန်းစကြာ သင်္ဘောတော် ပြင်ဆင်ရန် သင်္ဘော ကျင်းကို သူဌေး ဦးစံ ကြီးကြပ် လုပ်ဆောင်လျက် တွေ့သည်။ **ငင်းလပြည့် ကျော် ၅ ရက်**[၁] နေ့ ရေတွင် သင်္ဘောတော်ကို သွင်းနိုင်လိမ့်မည် ပြောသည်။ ငင်းက မြစ်နားလမ်းကို လျှောက်၍ ပြန်လာခဲ့ကြသည်။

**ငင်းလဆန်း ၇ ရက်**[၂] အင်္ဂါနေ့ ဒဗေးရာ စာကို ရသည်။ အကြောင်းအထူး မပါ၊ အကြိုလာသည့် သင်္ဘောလည်း ဆကာကြီးရွာ အနီးတွင် တင်ငြိ၍ နေကြောင်း ကြားသင်္ဘောနှင့် လာသူ မူလာဟာရှင် လူ ပြောဆို ကြားသိ ရသည်။ ဘင်္ဂလားမြို့ရှိ စာရေးတော်ကြီးနှင့် အပေါင်းပါလူတို့ လစာ ၃ လတွက် ငွေ ၆၂၄၀ ကို မူလာဟာရှင်က ဘင်္ဂလားရှိ ကိုယ်စားလှယ်သို့ ကြေးနန်းနှင့်မှာ၍ အပြေအကုန် ပေးစေသည်။

**ငင်းလဆန်း ၈ ရက်**[၃] ဗုဒ္ဓဟူးနေ့ ဝန့်ရှင်တော်မင်းကြီး ဥပုသ်ယူသည်။ ငင်းနေ့ ၉ နာရီအချိန် တုလွတ်ယာဉ်ပျံ သင်္ဘောတော် ရန်ကုန်မြို့သို့ ဆိုက် ရောက်လာသည်။ **ငင်းလဆန်း ၁၀ ရက်**[၄] နေ့ ထွက်သွားနိုင်အောင် ပြင်ဆင် အသင့်ရှိစေရမည် သင်္ဘောတော်စီးကို ဆင့်သည်။ **၁၀ ရက်**[၄] နေ့ ထွက်သွား မည့် အကြောင်းကိုလည်း အင်္ဂလိပ်အရာရှိများထံ ကုလား ရွှေတိုက်စိုးကို စေလွှတ် တိုင်ပြောစေသည်။

---

၁။ ၁၄ ဖေဖော်ဝါရီ ၁၈၇၆ ၂။ ၁ ဖေဖော်ဝါရီ ၁၈၇၆ ၃။ ၂ ဖေဖော်ဝါရီ ၁၈၇၆
၄။ ၄ ဖေဖော်ဝါရီ ၁၈၇၆



www.burmeseclassic.com

www.burmeseclassic.com



**ဧပြီလဆန်း ၉ ရက်**[၁] ကြာသပတေးနေ့ တုလွတ်ယာဉ်ကျော် သင်္ဘောတော် ထုပ်၍ ရောက်လာပြန်သည်။ ဘဂဝန္တပ်ဘာဘူ ဆိုသူလည်း အရိအသေ နှုတ်ခွန်းဆက် လာသည်။ ဧင်းဘာဘူ နောက်ထွက်မည့် ကြားသင်္ဘောနှင့် ရွှေဖဝါးတော်အောက် လိုက်မည် ပြောဆိုသည်။ ဧင်းဘာဘူကား ရန်ကုန်မြို့၊ သရက်မြို့များတွင် ရှိသည့် အင်္ဂလိပ်စစ်သည်များကို အစားအသောက် ပြည့်စုံအောင် သွင်းပေးသည့် သူတည်း။

ဂေါ်ရင်ဘက်လည်း နှုတ်ဆက်လာသည်။ ဧင်းမှာ ရွှေဖဝါးတော်အောက်က ကြားသင်္ဘောနှင့် ပြန်လာရာ ဇွန်ရွာ အနီးမှာ အိပ်နေခိုက် သေတ္တာကို လူခိုး၍ အနောက်ဘက်ကမ်းရှိ ရွာမှာ သမ္ဗန်ကို ပစ်ထားခဲ့၍ ထွက်သွားကြောင်း၊ ဧင်းသေတ္တာအတွင်း ငွေ ၂ သောင်းတန် စက္ကူ၊ ကျောက်နီ၊ ပုလဲ အများ ပါသွားကြောင်းကို ပြောဆို ကြားသိရသည်။ ဧင်းသူခိုးကား ရွှေမြို့တော်က သင်္ဘောစီး၍ လိုက်လာသူ ၂ ယောက် ဖြစ်ကြောင်းကို သင်္ဘောစီး လူစာရင်းကို ကြည့်၍ သိရသည်။ သို့သော်လည်း မည်သည့်အရပ်နေ ဖြစ်ကြောင်းကို မသိနိုင်ကြောင်းနှင့် ပြောဆို ကြားသိရသည်။ မောင်ဘိုး အမိနှင့် တူမတို့ နားထွင်းမင်္ဂလာ ကန်တော့လာ၍ ငွေ ၁၅ ကူခဲ့သည်။

**ဧပြီလဆန်း ၁၀ ရက်**[၂] သောကြာနေ့ နံနက် ၈ နာရီခွဲအချိန် မဟာမင်းကြီး အိမ်သို့ သွားရောက် နှုတ်ခွန်းဆက်ပြီးလျှင် ၉ နာရီအချိန် သင်္ဘောတော်သို့ ဆင်းခဲ့သည်။ အထက် လိုက်ပို့မြဲ အရာရှိ၊ ခင်းကျင်းမြဲ စစ်သည်များကို ဆင့်ဆို အသင့်ရှိသည်မှာ အလွန် ကျေးဇူးတင်ပါသည်။ မဟာမင်းကြီးကို နှုတ်ဆက် ပြီးပြေရှိသောကြောင့် အခင်းအကျင်း အပို့အသကို ကျေးဇူးပြု၍ သိမ်းရုပ်ပါတော့ စာပေး မှာထားခဲ့သည်။

ဧင်းနေ့ ၁၂ နာရီအချိန် သင်္ဘောတော်ကို ကျောက်နုတ်၍ ထွက်လာခဲ့သည်။ ရန်ကုန်မြို့ ကျောင်းတကာ၊ ကျောင်းအမ၊ သူဌေး၊ သူဌေးကတော်တို့လည်း သင်္ဘောတော် ကျောက်နုတ်မှ ပြန်သွားကြသည်။ ဧင်းနေ့ည ၉ နာရီအချိန် ဝါးခယ်မရွာတွင် ချရပ် အိပ်နေကြသည်။ ခရီး မြန်မာတိုင် ၂၀ ရောက်သည်။

**ဧပြီလဆန်း ၁၁ ရက်**[၃] စနေနေ့ နံနက် ၆ နာရီက စ၍ ၉ နာရီတိုင် နှင်း

၁။ ၃ ဖေဖော်ဝါရီ ၁၈၇၆ ၂။ ၄ ဖေဖော်ဝါရီ ၁၈၇၆ ၃။ ၅ ဖေဖော်ဝါရီ ၁၈၇၆



www.burmeseclassic.com

www.burmeseclassic.com



အလွန်အားကြီး၍ သင်္ဘောဦးက ပဲ့၊ ပဲ့က ဦးကိုမျှ မမြင်နိုင်ရှိသည်နှင့် သင်္ဘော မသွားနိုင်ဘဲ နှင်းကွဲအောင် ရပ်ဆိုင်း စောင့်နေပြီးမှ ၉ နာရီရှိလျှင် နှင်းဝေစဲငြိမ်း၊ နေလျှံပေါ်ထွန်း၊ ရေကြောင်းများကို မြင်နိုင်သောကြောင့် သင်္ဘောကျောက်နုတ် ထွက်ခဲ့ရသည်။ ၎င်း ၆ နာရီအချိန် ညောင်တုံးသို့ ဆိုက်ရောက်။ လူ၊ ကုန်၊ ထင်းများကို တစ်နာရီခွဲခန့် ရပ်ဆိုင်း တင်ဆောင်ပြီးမှ ၎င်းက ထွက်လာပြန်ရာ ၎င်းည ၁၂ နာရီမှ ဓနုဖြူဆိပ်ကမ်းသို့ ဆိုက်ရောက်သည်။ ၎င်းနေ့ခရီး မြန်မာ ၂၅ တိုင် ရောက်သည်။ ၎င်းနေ့ည ဓနုဖြူမြို့ ဆိပ်ကမ်းတွင် စခန်းချရပ် အိပ်နေကြသည်။

**၎င်းလဆန်း ၁၂ ရက်**[၁] တနင်္ဂနွေနေ့ ဝန်ရှင်တော်မင်းကြီးက သင်္ဘောတော်တွင် ပါလာသည့် ရဟန်းတော် ၅၊ သာမဏေ ၂ များကို ဆွမ်းလုပ်ကျွေးပြုစုသည်။ ဥပုသ်လည်း ဆောက်တည်သည်။ ၎င်းနေ့ ၇ နာရီအချိန် ၎င်းဆိပ်ကမ်းက ထွက်ခဲ့ကြသည်။ ၃ နာရီအချိန် ဟင်္သာတမြို့သို့ ရောက်၍ ၎င်းဆိပ်ကမ်းတွင် တစ်နာရီခန့် ရပ်နား ထွက်လာကြသည်။ ရုန့် ခေါ် ကြားသင်္ဘောလည်း ၎င်းတွင် တစ်နာရီခန့် ဆိုက်ရပ် စုန်သွားသည်။ ၎င်းနေ့ည ၇ နာရီအချိန် ၎င်းဟင်္သာတနယ် ထင်းဆိပ်တွင် ချရပ်။ ထင်း တင်ဆောင် အိပ်နေကြသည်။ ၎င်းအရပ် ဆိပ်ကြီးကမ်းကြီး မဟုတ်။ သုံး လေး အိမ်သာ ရှိသည်။ သို့သော်လည်း ထင်းဆိပ် ဖြစ်၍ ဆိုက်ရပ် အိပ်နေကြသည်။ ၎င်းနေ့ ခရီး မြန်မာတိုင် ၂၀ ရောက်သည်။

**၎င်းလဆန်း ၁၃ ရက်**[၂] တနင်္လာနေ့ နံနက် ၇ နာရီအချိန် ၎င်းထင်းဆိပ်က ထွက်လာခဲ့ရာ ၃ နာရီအချိန် မြန်အောင်မြို့ဆိပ်သို့ ဆိုက်ရောက်။ ၂ နာရီခန့် ရပ်နား။ ကုန်၊ လူ တင်ဆောင်သည်။ ထင်းလည်း တင်သည်။ ၎င်းက ၅ နာရီအချိန် ထွက်လာရာ ၎င်းနေ့ ည ၉ နာရီအချိန် တရုတ်မြော်မြို့ ဆိပ်ကမ်းသို့ ဆိုက်ရောက် အိပ်နေကြသည်။ ၎င်းနေ့ ခရီး မြန်မာတိုင် ၂၀ ရောက်သည်။ မြန်အောင်မြို့သို့ ၃ နာရီအချိန် ဝန်ရှင်တော်မင်းကြီး ရောက်ကြောင်း၊ ထုံးဘိုမှာ အိပ်မည့်အကြောင်းနှင့် မလွန် ၃ မြို့ဝန်သို့ ကြေးနန်း ရိုက်ကြားသည်။ ၎င်းတရုတ်မြော် ဆိပ်ကမ်းမှာ နှင်း မိုးရွာ၏သို့ ကျသည်။ သို့သော်လည်း နံနက်ကို လင်းသည်။

---

[၁] ၆ ဖေဖော်ဝါရီ ၁၈၇၆ [၂] ၇ ဖေဖော်ဝါရီ ၁၈၇၆



www.burmeseclassic.com

www.burmeseclassic.com



**ငင်းလဆန်း ၁၄ ရက်**[၁] အင်္ဂါနေ့ နံနက် ၇ နာရီအချိန် တရုတ်မြော်ဆိပ်ကမ်းက ထွက်ခဲ့ရာ ၄ နာရီအချိန် ပြည်မြို့သို့ ဆိုက်ရောက်။ ပြည်အရေးပိုင် **မက္ကမေဟန်**[၂] ထံ အဆောင်တော်မြဲ စေလွှတ်၍ တွေ့မြင်လိုကြောင်း ပြောဆိုစေရာ သမီးငယ် သေဆုံး၊ စိတ်နှလုံး မသာမယာလှသည့် အခါဖြစ်၍ သည်းခံပါမည့် အကြောင်းနှင့် တောင်းပန်လာသောကြောင့် ပြည်ဆံတော်ရှင်ဘုရားသို့ အဖူးအမြော် တက်သွား။ ရွှေဆိုင်းရေ ၁၀၊ မီးတိုင် ၅၆၀၊ ရေချမ်းအိုး ၅၆ များကို လှူဒါန်းခဲ့သည်။ ငင်းဆိပ်ကမ်းတွင် ကုန်၊ လှူ၊ ထင်း တင်ဆောင်။ ၁ နာရီခန့် ဆိုင်းရပ်၊ ၅ နာရီအချိန် ထွက်လာခဲ့ပြန်သည်။ ည ၇ နာရီအချိန် ကာမမြို့ အရှေ့ဘက်ကမ်းတွင် စခန်းချရပ် အိပ်နေကြသည်။ ငင်းနေ့ ခရီး မြန်မာတိုင် ၂၀ ရောက်သည်။

**ငင်းလဆန်း ၁၅ ရက်**[၃] ဗုဒ္ဓဟူးနေ့ နံနက် ၇ နာရီအချိန် ငင်းကာမဆိပ်ကမ်းက ထွက်ခဲ့ရာ ၁၂ နာရီအချိန် သရက်မြို့သို့ ဆိုက်ရောက်။ ၁ နာရီအချိန် အကောက်ရုံးမှာ လက်မှတ်ခံရာ ၁ နာရီခွဲ ကြာသည်။ ငင်းနေ့ ၂ နာရီခွဲအချိန်မှ အာလံက ဆန်တက်ရသည်။ ဒဂုံမော် ကြေးနန်းဆရာ မောင်ကြီးညိုလည်း အာလံရောက် ကြိုလာသည်။ ဝန်ရှင်တော်မင်းကြီးလည်း ဥပုသ်ဆောက်တည်သည်။ ငင်းတွင် တာလီဘူး ခေါ် ကြာသဘော် ရွှေဖဝါးတော်အောက်က စုန်ဆင်းလာသည်ကို တွေ့သည်။ ၄ နာရီအချိန် ဒဂုံမော်သို့ ရောက်၍ ကြေးနန်းဆရာ မောင်ကြီးညို ဆင်းနေရစ်သည်။ ငင်းနေ့ ၄ နာရီအချိန် ဒဂုံမော်သို့ ဝန်ရှင်တော်မင်းကြီး ဆိုက်ရောက်၊ ဆန်တက်သွားကြောင်း မလွန် ၃ မြို့ဝန်မင်းထံ လွှတ်တော်များသို့ ကြေးနန်းရိုက်ကြားစေသည်။ ငင်းနေ့ ၅ နာရီခွဲအချိန် ညောင်ရွာသူကြီး ကြိုလာသည်ကို တွေ့၍ ငင်းညောင်ရွာတွင် ဆင်းနေရစ်သည်။ ငင်းနေ့ ဓောင်ချမ်းတောင်ရွာသို့ ၈ နာရီအချိန် ရောက်၍ ငင်းတွင် ထင်းတင်ဆောင် အိပ်နေကြသည်။ ငင်းနေ့ ခရီး မြန်မာတိုင် ၂၀ ရောက်သည်။

**ငင်းလပြည့်ကျော် ၁ ရက်**[၄] ကြာသပတေးနေ့ နံနက် ၆ နာရီအချိန် ဓောင်ချမ်းတောင်ရွာ ဆိပ်ကမ်းက ထွက်လာခဲ့ရာ ၁၁ နာရီအချိန် မင်းလှရွာ ဆိပ်ကမ်းသို့ ဆိုက်သည်။ ငင်းတွင် ပုဂံဝန်ထောက်မင်း၊ အရှင်နန်းမတော်ဘုရား

၁။ ၈ ဖေဖော်ဝါရီ ၁၈၇၆ ၂။ Major A. R. Mc Mahon ၃။ ၉ ဖေဖော်ဝါရီ ၁၈၇၆
၄။ ၁၀ ဖေဖော်ဝါရီ ၁၈၇၆



www.burmeseclassic.com

www.burmeseclassic.com



စာရေးကြီး ဦးအံ့၊ စလင်းဝန် မြစ်စဉ်စစ်ကဲ၊ စကုဝန်၊ မြင်ကွန်းဝန်တို့ ဆီးကြိုစောင့်နေ ရှိနှင့်ကြသည်နှင့် နှုတ်ခွန်းဆက်လက်၊ မြို့ရေးရွာမှု အကြောင်းအရာများကို မေးမြန်းပြောဆို၊ တစ်ညရပ်ဆိုင်း အိပ်နေရသည်။ တောင်ပေါ် ဆရာတော်ဘုရားကြီးနှင့် ဦးလွမ်းတို့ထံ ဝင်ထွက် ဖူးမြော် ကန်တော့ကြသည်။ ၎င်းနေ့ ခရီး မြန်မာတိုင် ၈ သာ ရောက်သည်။ မင်းလှ သို့ ဆိုက်ရောက်ကြောင်းကိုလည်း လွှတ်တော်သို့ ကြေးနန်းနှင့် ပြောသည်။ ဓာတ်လှေစီး မောင်ကျော် ရွှေဖဝါးတော်အောက်က လာရောက်၊ စာပေး၊ ကြောင်းရာထူးထွေ မပါ၊ ပုပ္ပားဝန်ထောက် သေလွန် သဂြိုဟ်၍ ပြီးကြောင်း ကို ပြောဆို ကြားသိရသည်။

**၎င်းလပြည့်ကျော် ၂ ရက်** [၁] သောကြာနေ့ နံနက် ၆ နာရီအချိန် မင်းလှရွာ ဆိပ်ကမ်းက ထွက်ခဲ့သည်။ စကုဝန်နှင့် အသုံးစာရေး မောင်ပုတ်တို့လည်း သင်္ဘောတွင် အတူ လိုက်လာ၍ ၎င်းနေ့ ၈ နာရီအချိန် မင်းဘူးဆိပ်ကမ်း တွင်မှ ဆင်း၍ နေရစ်ကြသည်။ ၎င်းနေ့ည ၇ နာရီအချိန် ဆင်ဖြူကျွန်း ဆိပ်ကမ်းတွင် စခန်းချရပ် အိပ်နေကြသည်။ ဆင်ဖြူကျွန်းရွာမှာ အိမ် ၁၀၀၀ ကျော်၊ ကျောင်း ၄၀ ကျော် မီးသင့်လောင်ကြောင်း ပြောဆို ကြားသိရသည်။ ၎င်းနေ့ ခရီး မြန်မာတိုင် ၂၂ ရောက်သည်။ ၎င်းနေ့ ၃ နာရီ အချိန်က ရေနံချောင်းသို့ ရောက်၍ ရေနံချောင်း ၃ မြို့အုပ်၊ စာရေးတော်ကြီး ဦးမှုံ့ သင်္ဘောသို့ လာသောကြောင့် စက်ကို အတန်ငယ် ရပ်ဆိုင်း၊ နှုတ်ခွန်း ဆက်လက်၊ မန်ကျည်းနှစ်တောင်ဝှေး ရင်းဖျား **ငွေကွပ် ၂၊ မိုက်နှစ် လောက် လေး ၁** [၂]၊ မန်ကျည်းနှစ် ဆောင်တုတ်ငယ် ၂ များကို ပေး၍ ပြန်သွားသည်။

**၎င်းလပြည့်ကျော် ၃ ရက်** [၃] စနေနေ့ နံနက် ၇ နာရီအချိန် ဆင်ဖြူကျွန်း ဆိပ်က ထွက်ခဲ့သည်။ ၁၁ နာရီအချိန် စလေမြို့သို့ ဆိုက်ရောက်၊ ၁ နာရီ ရပ်ဆိုင်း ထင်းတင်ဆောင်ကြသည်။ စလေမြို့အုပ် သင်္ဘောသို့ လာရောက်၊ နှုတ်ခွန်းဆက်လက်၊ မြို့ရွာ ငြိမ်ဝပ်သာယာ ရှိကြောင်းကို ပြောသည်။ စလေမြို့ ရဟန်းတော် ဦးသုန္ဒရ သင်္ဘောသို့ လာရောက်၊ ကန်ဒါငြိကာသစ် စာကို ပေးလာသည်။ အကြောင်းကို မေးရာ ဗားကရာတိုက်မှာ စာသင်၍ နေစဉ် ဝန်ရှင်တော်မင်းကြီး စာကို ထုတ်ကြည့် မသွင်းရ၍ ယခု သွင်း

---

၁။ ၁၁ ဖေဖော်ဝါရီ ၁၈၇၆ ၂။ ငွေကွပ်မိုက် ၂၊ လောက်လေး ၁၊ (ဟံသာဝတီ)။
၃။ ၁၂ ဖေဖော်ဝါရီ ၁၈၇၆



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ပြောဆိုသောကြောင့် ၎င်းစာကို ရဟန်းတော် ဦးသုန္ဒရသို့ လှူခဲ့သည်။ ၎င်းနေ့ ၁၂ နာရီအချိန် စလေမြို့က ထွက်လာရာ ၅ နာရီအချိန် ညောင်ဦးရွာ ဆိပ်ကမ်းသို့ ဆိုက်ရောက်၊ သင်္ဘောတွင် ပါသည့် ရဟန်းတော်များနှင့် သင်္ဘောစီး ယောကျ်ား၊ မိန်းမ၊ လူ ၁၀၀ ကျော်တို့ကို နှိုးဆော်၍ ရွှေစည်းခုံဘုရားသို့ အဖူးအမြော် သွားကြသည်။ ရွှေဆိုင်း၊ ဖယောင်းတိုင်၊ ရေချမ်းအိုး၊ အရပ်ရပ် ပူဇော်ရန်များကို ငွေ ၃၀ ကျော်ဖိုး ဝယ်ခြမ်း လှူဒါန်းခဲ့ကြသည်။

ပုဂံဝန်ဟောင်း မောင်ညို အရာကျ၍ ဒိုင်းဝန်ကို ပုဂံဝန် ခန့်ထား၊ ယခုလအတွင်း စုန်ဆင်းလာမည့် အကြောင်းနှင့် ကြေးနန်းဆင့်စာ ရောက်ကြောင်း၊ ပုဂံမြို့မှာ စစ်ကဲဟောင်း မောင်စံလှပေါ်နှင့် မြို့စာရေး မောင်တေတို့သာ ရှိကြောင်း၊ စစ်ကဲ မောင်ကြီးညိုမှာ ရေနံမှု ထောက်လှမ်းချက် ရှင်းလင်းရန် ရွှေဖဝါးတော်အောက် တက်သွားကြောင်းများကို ပြောဆိုကြားသိရသည်။ စစ်ကဲ မြို့စာရေးများလည်း လာရောက် နှုတ်ဆက်ကြသည်။ ၎င်းနေ့ည ညောင်ဦးရွာ ဆိပ်ကမ်းမှာ အိပ်နေကြသည်။ ၎င်းနေ့ ခရီး မြန်မာတိုင် ၂၀ ရောက်သည်။ ရေကြောင်း အလွန်ကောက်သောကြောင့် ၂၄ တိုင်လောက် ရောက်လိမ့်မည် ဆိုစရာ ရှိ၏။ ညောင်ဦးသို့ ဆိုက်ကြောင်း ကြေးနန်းနှင့် လွှတ်တော်သို့ မှာထားရမည် ကြေးနန်းဆရာများသို့ စာအပ်သည်။

**၎င်းလပြည့်ကျော် ၄ ရက်**[၁] တနင်္ဂနွေနေ့ နံနက် ၇ နာရီအချိန် ညောင်ဦးရွာ ဆိပ်ကမ်းက ထွက်လာခဲ့ရာ ၁၀ နာရီအချိန် ကွန်းရွာ ဆိပ်ကမ်းသို့ ဆိုက်ရောက်၊ ၁ နာရီခန့် ရပ်နား၊ ကုန်များကို ချထားခဲ့သည်။ ၁၁ နာရီအချိန် ၎င်းကွန်းရွာဆိပ်ကမ်းက ထွက်ခဲ့ကြသည်။ ချင်းတွင်း ခေါ် ကြားသင်္ဘောလည်း တွဲသမ္ဗန် ၂ နှင့် ကွန်းရွာ ဆိပ်ကမ်းတွင် ဆိုက်ရပ်။ ထင်း၊ ကုန်တင်ဆောင်၍ နေသည်ကို တွေ့မြင်ရသည်။ ၎င်းနေ့ ၄ နာရီအချိန် မြင်းခြံရွာ ဆိပ်ကမ်းသို့ ရောက်သည်။ ကင်းဝန်မင်းကြီး မြင်းခြံသို့ ဆိုက်လျှင်ဆိုက်ချင်း ကြေးနန်းနှင့် လျှောက်ရမည် လွှတ်တော်က ကြေးနန်းနှင့် ဆင့်ဆိုထားကြောင်း ကြေးနန်းဆရာများက ပြောသည်။ မြင်းခြံသို့ ဆိုက်ရောက်ကြောင်းကိုလည်း ကြေးနန်းနှင့် လွှတ်တော်သို့ လျှောက်သည်။ တလုပ်မြို့ဝန်မှာ ခေါ်တော်မူ၍ ရွှေဖဝါးတော်အောက် တက်သွားရကြောင်း၊ သေနတ်စာရေး

---

၁။ ၁၃ ဖေဖော်ဝါရီ ၁၈၇၆



www.burmeseclassic.com

www.burmeseclassic.com



ဦးတို့မှာ အိမ်ထောင်စု လူအတင်အပို့ ရွှေဖဝါးတော်အောက် တက်သွား ရကြောင်း၊ မဟာဒါန်ဝန်လည်း မြင်းခြံရွာတွင် အသည်းအထန် နာဖျား၍ နေကြောင်းများကို ပြောဆို ကြားသိရသည်။ ၎င်းနေ့ ခရီး မြန်မာတိုင် ၂၀ ရောက်သည်။

**၎င်းလပြည့်ကျော် ၅ ရက်** [၁] တနင်္လာနေ့ နံနက် ၆ နာရီအချိန် မြင်းခြံရွာ ဆိပ်ကမ်းက ထွက်ခဲ့ကြသည်။ မြင်းခြံရွာတွင် ဆိုက်ရပ်စဉ် ရဟန်းတော်၊ လူယောကျ်ား, မိန်းမ အများ သင်္ဘောစီး၍ ရွှေမြို့တော်သို့ လိုက်လာကြ သည်။ ၎င်းနေ့ ၅ နာရီအချိန် ကျောက်တစ်လုံးဆိပ်ကမ်းသို့ ဆိုက်ရောက်၊ ၎င်းတွင် ထင်းတင်ဆောင် အိပ်နေကြသည်။ အဝဝန်လည်း ၎င်းကျောက် တစ်လုံးရွာတွင် ဂွမ်းတော်စေ့စပ် ရှိနှင့်သည်နှင့် သင်္ဘောသို့ နှုတ်ဆက် လာရောက်သည်။ ၎င်းရွာ ၄ မျက်နှာဘုရားကိုလည်း တက်၍ ဖူးမြော်ခဲ့ကြ သည်။ ၎င်းနေ့ ခရီး မြန်မာတိုင် ၂၀ ရောက်သည်။

**၎င်းလပြည့်ကျော် ၆ ရက်** [၂] အင်္ဂါနေ့ နံနက် ၆ နာရီအချိန် ကျောက်တစ်လုံး ရွာ ဆိပ်ကမ်းက ထွက်လာခဲ့ရာ ၎င်းနေ့ ၁၁ နာရီအချိန် သန်လျက်မော် ဆိပ်ကမ်းသို့ ဆိုက်ရောက်၊ အကြိုလာရောက်သည့် ပရိသတ်များနှင့် နှုတ်ခွန်း ဆက်လက် စကားပြောဆို၊ ၂ နာရီခန့် သင်္ဘောဆိပ်တွင် ရပ်နေပြီးလျှင် ရွှေတော်သို့ ဝင်မီအောင် တက်သွား။ ၃ နာရီအချိန် လွှတ်တော်သို့ ဆိုက် ရောက်။ ဝန်ရှင်တော် ရေနံချောင်းမြို့စား မင်းကြီး လယ်တောသို့ သွားခိုက် ဖြစ်၍ ဝန်ရှင်တော် ခန်းပတ်မြို့စား မင်းကြီးနှင့်အတူ ရွှေဆောင်တော်သို့ ဝင်ကြသည်။ ဘဝရှင်မင်းတရားကြီးဘုရား ထွက်စံတော်မူ၍ အရပ်ရပ် အကြောင်းအရာများကို အမိန့်တော်မြွတ် ခံရာ ကြည်လင် ဝမ်းမြောက်တော် မူသည်။

**၎င်းလပြည့်ကျော် ၇ ရက်** [၃] ဗုဒ္ဓဟူးနေ့ အိမ်ရှေ့မင်းက တံ့ပြန်ဆက်သည့် လက်ဆောင်တော်၊ ဘုရင်ခံမင်းက တံ့ပြန်ဆက်သည့် လက်ဆောင်တော်၊ မဟာ္တဂီ ဇော်ဂျီက ဆက်သည့် မဟာဗောဓိသား တုံးရေ ၁၀၊ အပရာဇိတမြေ အိတ်ရေ ၂ များကို ရွှေတော်သို့သွင်း၍ ဆက်သည်။ မဟာဗောဓိသား ရသည်ကို အလွန် ဝမ်းမြောက်တော်မူသည်။ အိမ်ရှေ့မင်းက ပေးပို့သည့်

---

၁။ ၁၄ ဖေဖော်ဝါရီ ၁၈၇၆ ၂။ ၁၅ ဖေဖော်ဝါရီ ၁၈၇၆ ၃။ ၁၆ ဖေဖော်ဝါရီ ၁၈၇၆



www.burmeseclassic.com

www.burmeseclassic.com



ရာဇသံကို အထက် အင်္ဂလိပ်မင်း၊ ပြင်သစ်မင်း၊ ဤတာလျံမင်းတို့က ပို့ရောက်သည့် ရာဇသံများကဲ့သို့ ကြိုယူစေ အမိန့်တော်မြတ် မှတ်သည်။

ရင်းလပြည့်ကျော် ၈ ရက် [၁] ကြာသပတေးနေ့မှာ ရာဇသံ ကြိုယူရန် အခမ်းအနားများကို ပြီးပြေအောင် ဆင့်ဆိုစေ၍ ရှေ့ဟော်သို့ မဝင်၊ ဥပုသ်ဆောက်တည် နေကြသည်။

ရင်းလပြည့်ကျော် ၉ ရက် [၂] သောကြာနေ့မှာ ရာဇသံကို အခမ်းအနားအစီအစဉ်နှင့် ခင်းကျင်း၍ ပဋ္ဌနုဂိုရ်မြို့စား ဝန်ထောက်တော်မင်း၊ စာရေးတော်ကြီး ဦးမောင်ကလေး၊ နားခံတော် ဦးဘိုးတို့ သင်္ဘောတော်ရောက်သွား၍ ကြိုယူ၊ ရာဇသံကို နားခံတော် ဦးဘိုး ပိုက်ပွေ့ဆောင်ယူ၊ လွှတ်တော်သို့ ရောက်လျှင်ရောက်ချင်း အမြောက်သံ ၃ ချက် ရုံး ၂ ဖက်ကြားက ပစ်ဖောက်သည်။ ရာဇသံကို ဒဗွေးရာ မြန်မာပြန်ဆိုစေ၍ ရှေ့တော်သို့ သွင်းသည်။ ဇေတဝန်ဆောင့်တော်တွင် ခင်းကျင်းမြဲ ခင်းကျင်း၍ ထွက်တော်မူသည်။ ရာဇပလ္လင်တော်တွင် စံတော်မူမိလျှင် ရာဇသံကို သံတော်ဆင့် တံတိုင်းရှည်ရွာစားမင်း ဖတ်၍ အမိန့်တော်မြတ် ခံသည်။ ပြီးလျှင် ဝင်တော်မူသည်။ ရင်းရာဇသံ ဘာသာရေးစာ၊ မြန်မာပြန်ချက်များကို ဖြဲတိုက်တော်သို့ အပ်ခဲ့ရသည်။ ။

ဤတွင်ရွှေ့ ကာလကတ္တားမြို့သွား နေ့စဉ်မှတ် ပြီး၏။

---

၁။ ၁၇ ဖေဖော်ဝါရီ ၁၈၇၆ ၂။ ၁၈ ဖေဖော်ဝါရီ ၁၈၇၆

www.burmeseclassic.com

www.burmeseclassic.com

# အက္ခရာဝလိ အညွှန်း

## က


ကဓာရတမြို့ ၆၄။
ကတိုးရွာ ၂၆၊ ၂၈–၃၀၊ ၈၄၊ ၂၆၆၊ ၂၆၇။
ကရိရှန်၊ ကော်လော်နက် ၁၂၉။
ကရောဘီး၊ ကော်လော်နက် ၁၂၉။
ကရွဲ့ရွှတ်ဆာ၊ သူနာရုံ ၁၄၀။
ကလာရင်တန် ဟိုတက် ၃၇၊ ၂၆၉၊ ၂၇၃။
ကလေမံဝိလျှမ်း ၂၈။
ကလေရာကျွန်း ၃၁။
ကလေးမြို့ ၈၄။
ကလေးမြို့ဝန် ၈၄။
ကလစ်ရှိရွာ ၉၀။
ကာစတက်လော၊ ကုန်သည် ၁၇၀။
ကာစနီး၊ လောင်းကစားပွဲ ၁၆၅၊ ၁၆၆။
ကာစိုရိယာမြို့ ၆၄။
ကာဓရေမြို့ ၂၁၉။
ကာဘာလျဲလီ အာရိစတီနော့–ဒေဂရောစီ၊ ကျောင်းအုပ် ၂၀၉။
ကာရာဖစ်၊ အ ရမဏီလူမျိုး ၂၄၅။
ကာရပ်၊ ပိုးရက်လုပ်ပညာရှင် ၁၃၉။
ကာလကတ္တားမြို့ ၂၃၇၊ ၂၃၈၊ ၂၄၂၊ ၂၄၃၊ ၂၄၅၊ ၂၄၆။
ကာလဒေး၊ တောင် ၃၃။
ကာလိုစတီဖင်နိုဖက်စတား၊ အီတာလျံကောင်စစ် ၃၇၊ ၃၈၊ ၄၁၊ ၄၆။
ကေရီ၊ အိန္ဒိယရုံးအရာရှိ ၁၂၄။




www.burmeseclassic.com

www.burmeseclassic.com



ကေရီမြို့ ၂၁၉-၂၂၁၊ ၂၂၃၊ ၂၂၇။
ကော်နက်ရှံ ၁၂၇။
ကော်ဘင်ညဲ၊ ပန်းချီဆရာ ၈၃၊ ၈၄။
ကော်လဲအင်တယ်ရနာရှိနားလေ၊ ပညာသင်ကျောင်း ၂၀၉။
ကော်လက်၊ ပြင်သစ်ကျောင်း ၃၃၊ ၃၄။
ကံပြာရီး၊ စက်ရုံလူကြီး ၁၈၅။
ကိုကိုးနာဒ၊ မီးသင်္ဘော ၂၈-၃၁၊ ၃၇၊ ၂၆၆၊ ၂၆၈။
ကိုခ၊ ကျောင်းဒကာ ၂၄၈။
ကိုစိုက္ကျွန်း ၅၈။
ကိုလူချီ၊ ဂျင်နဝါမင်းခန့်မြို့ဝန် ၁၆၇၊ ၁၆၈၊ ၁၇၀၊ ၁၇၁၊ ၁၇၆-၁၇၉။
ကိုလောင်ခေါင်းမြို့ ၄၇။
ကိုလွန်း၊ ဂျင်နရက် ၁၂၇။
ကိုးတိုင်း ကိုးဌာန ၂၃၄။
ကင်းစဉ်ဝန်ထောက်မင်း ၂၆၂။
**ကင်းဝန်မင်းကြီး** စတင်ထွက်ခွာ ၁၃-၂၁။ ရန်ကုန် ၂၃-၂၈။ မော်လမြိုင် ၂၈-၃၁။ စင်ကာပူ ၃၆-၄၅။ သီဟိုဠ် ၄၈-၅၀။ အီဂျစ် ၅၅-၅၈။ အီတလီ ၆၁-၆၇။ ပါရီ ၆၈-၇၈။ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနှင့် ၇၈-၈၁။ မီးအိမ်ပျံပွဲ ၈၄-၈၆။ နိုင်ငံခြားဝန်ကြီးပေးစာ ၉၀။ ပြင်သစ်သမ္မတနှင့် ၉၂-၁၀၀။ သမ္မတ၏ ညစာစားပွဲ ၁၀၀-၁၀၃။ သမ္မတနှင့် မြင်းပွဲကြည့်ခြင်း ၁၀၅-၁၀၇။ ပြင်သစ်မြန်မာ စာချုပ်ကိစ္စ ၁၁၅။ သမ္မတ၏ စစ်ရေးပြပွဲ ၁၂၅-၁၃၀။ နိုင်ငံခြားရေးဝန်ကြီးနှင့် သမ္မတထံ နှုတ်ဆက် ၁၃၀-၁၃၃။ ဂျင်နဝါမြို့ ၁၇၈-၁၈၁။ အီတာလျံ အိမ်ရှေ့မင်းနှင့် ၁၈၈-၁၈၉။ ဘင်နင်မြို့ ၁၉၂-၁၉၅။ အီတာလျံမင်းနှင့် ၂၁၀-၂၁၂။ အီဂျစ်ဘုရင်ခံနှင့် ၂၁၉-၂၂၁။ ကာလကတ္တားတွင် အိန္ဒိယဘုရင်ခံနှင့် ၂၃၈-၂၄၃။ ရန်ကုန် ၂၄၇-၂၅၅။ အိဒင်နှင့် (သရက်မြို့တွင်) ၂၅၇-၂၅၉။ မန္တလေး ၂၆၂-၂၆၄။
ကောင်းကာရာရိဒက် ၁၁၃။
ကောင်းဖီဇန်ကူး ၁၁၄။
ကိုင်ရိုမြို့ ၂၀၇။
ကစ်ရှနာ၊ မီးပြ ၂၄၇။
ကတ္တကွန်၊ ကျောက်တွင်းဟောင်း ၁၁၂၊ ၁၁၃။



www.burmeseclassic.com

www.burmeseclassic.com



ကန္တြီယကျွန်း ၅၈။
ကန္တီအတွင်းဝန်မင်း ၂၆၂။
ကန်ပံနီလေ ၂၀၂၊ ၂၀၃၊ ၂၀၅။
ကန်ပိုစတိုး၊ သချိုင်း ၂၀၂။
ကမ္ပဒါတိုလဒက်လာကော်ရိနာဓိတာလိယ ၂၁၂။
ကမ္ပဒိုစလဖျာတီ၊ ဖန်ချက်တိုက် ၁၉၄။
ကမ္ဘရထား ၅၈။
ကယ်လို၊ အလုပ်ဝန်ကြီး ၇၀။
ကျောက်ကာဝီလ ၂၆၊ ၂၇။
ကျောက်တစ်လုံးရွာ ၂၆၂။
ကျောက်နွဲ့လွတ် ၂၆။
ကျောက်ဗဟုံး၊ မဟာကနန်ညီ ၂၆၊ ၂၇။
ကျောက်လကျပွတ်စောနွဲ့ခတ္တိယဝံသ၊ ဖင်းမယ်စော်ဘွား၏သား ၂၆၊ ၂၈၊ ၃၀။
ကျိုက်ခေါက်ဘုရား ၂၄၉–၂၅၂၊ ၂၅၇။
ကျိုက်သံလံဘုရား ၂၉။
ကျောင်းတော်ရာ ၂၅၊ ၂၄၈၊ ၂၅၄။
ကျိုင်းတုံကျမိုင်း ၂၇။
ကြာနီကန်ဆရာတော် ၂၅၇။
ကြင်နဝါမြို့ ၆၂။
ကြည့်မြင်တိုင် ၂၅၅။

## ခ

ခရစ်စထောက်ဖ၊ ရွှေသားထွေးခံလုပ်ဆရာ ၇၈။
ခရန္တော့ပစ္စယေ၊ ဘယက် ၁၆၊ ၇၀။
ခန်းပတ်မြို့စားမင်းကြီး၊ ဝန့်ရှင်တော် ၁၄၊ ၂၆၂။
ချာတာဘဏ်၊ ရန်ကုန် ၇၂။
ချာတာဘဏ်၊ လန်ဒန် ၁၃၄။
ချာရတီ၊ ရေကြောင်းဗိုလ်ချုပ်ကြီး ၆၃၊ ၁၉၂၊ ၁၉၆၊ ၁၉၇၊ ၂၀၅၊ ၂၈၄။
ချိုလတန်၊ ကော်လော်နက် ၁၂၇။
ချမ်းစစ်ကျွန်း ၃၁။
ခွန်တီး ခွန်ရှား ၈၄၊ ၁၃၂။



www.burmeseclassic.com

www.burmeseclassic.com



ဂ

ဂယေတာနောဒေဖေရာရီ၊ ပိုးကုန်သည် ၁၆၇။
ဂရိအား၊ အလုပ်ဝန်ကြီး ၁၂၁။
ဂရိကွတ်၊ အရမဏီလူမျိုး ၂၄၁။
ဂရိုးပါး၊ ရောင်းဝယ်မှုဝန်ကြီး ၇၀။
ဂရေဂေါ်လီ၊ အရမဏီလူမျိုး ၂၄၁။
ဂရုံတုလွန်ဟိုတက် ၁၅၉။
ဂရုံဒရေး၊ ကမ္ဘာ့ဒိုမိုလ်ချုပ် ၁၀၀။
ဂရုံနိုယေ၊ ဂျင်နရက် ၁၂၆။
ဂရုံဘရစ်တန်ဟိုတက် ၂၈၄။
ဂရုံလာရန်းဟိုတက် ၁၃၇၊ ၁၃၈။
ဂရောင်ဒိုနာ၊ အီတလီကောင်စစ် ၂၃၃။
ဂရစ်စတောက်၊ ငွေရည်စိမ်တိုက် ၁၁၂။
ဂရစ်ဘူး၊ ကော်လော်နက် ၁၂၆။
ဂရိတ် ၅၈။
ဂရိတ်ကျွန်းစု ၂၁၅၊ ၂၁၆။
ဂရန်ဒင်၊ ကော်လော်နက်ထောက် ၁၂၉။
ဂရိန်းနစ်ချစ် ၇၃။
ဂလတ်ပေ၊ ဂျင်နရက် ၁၂၉။
ဂါဒေဖွီးစွန်း ၅၂။
ဂါနီရေး၊ ကမ္ဘာ့ဒန် ၁၂၇။
ဂါဘိုး၊ မီးအိမ်ပျံဆရာ ၇၆–၇၈။
ဂါလုမြို့ ၄၈–၅၀၊ ၂၇၅၊ ၂၇၆။
ဂီတာနယ် ၃၂။
ဂေတေး၊ ဓာတ်ရုံ ၈၆။
ဂိုလဝ၊ သဘော် ၂၂၈။
ဂေါ်ရာစစ်သည် ၂၁။
ဂေါ်ရင်ဘတ် ၂၇၊ ၂၈။
ဂက်ဗိရန်တိုက်နန်း ၂၂၀။
ဂက်ဇီရဥယျာဉ် ၂၂၂။
ဂက်တီ၊ အီတာလျံဝန်ကြီးချုပ် ၂၁၂၊ ၂၁၃။



www.burmeseclassic.com

www.burmeseclassic.com



ဂက်ဖလ ၅၂။
ဂင်္ဂါမြစ် ၂၃၅-၂၃၇။
ဂတ်စတာလီရော၊ စိမ်းခရိုင်အုပ် ၈၈၊ ၉၀၊ ၉၁၊ ၁၁၂၊ ၁၁၃၊ ၁၁၆၊ ၁၃၀၊ ၁၃၁၊
၁၃၇။
ဂတ်ရဒါအင်း ၁၉၁။
ဂတ်လေရီ၊ မှန်တိုက် ၁၉၀။
ဂျပန်ပြည် ၃၄၊ ၄၃၊ ၁၈၃။
ဂျမနာ၊ ကြားသင်္ဘော ၂၁။
ဂျာပါးကျွန်း ၄၇၊ ၂၇၃၊ ၂၇၄။
ဂျာဟိုနိုင်ငံ ၄၅၊ ၂၇၁။
ဂျာဟိုမင်း ၄၁၊ ၂၇၁၊ ၂၇၂။
ဂျူရန်၊ ဆိတ်ရေစက်ရုံပိုင်ရှင် ၁၅၃။
ဂျူပါလပူရမြို့ ၂၃၅။
ဂျူဘာတ်ကျွန်း ၅၅။
ဂျိဇက်နာဘိရ၊ ရေကြောင်းမိုလ် ၂၀၅၊ ၂၀၆။
ဂျက်၊ သရက်မြို့စစ်မိုလ် ၂၂။
ဂျက်ကဲလိရေမိုကာပိဘောလီ၊ ကောင်ဒီ ၆၆။
ဂျက်နရက်စန်းနေ၊ မိုလ်ကြီး ၁၈၈။
ဂျင်နဝါမြို့ ၁၄၇၊ ၁၅၈၊ ၁၆၀၊ ၁၆၇၊ ၁၆၉-၁၇၂၊ ၁၇၆-၁၇၈၊ ၁၈၁၊ ၁၈၂၊
၂၀၂၊ ၂၀၈၊ ၂၁၃။
ဂျင်နီပါးမြို့ ၆၈၊ ၁၁၈။
ဂျမ်းစေးလံကျွန်း ၃၁။
ဂွင်နီ၊ ကော်လော်နက် ၁၂၈။
ဂျွန်း ၂၇။

## ဃ

ဃရုံကော်ရဒေါ်နေဒဏ်လာကော်ရီနာဓိတာလိယ ၂၁၂။
ဃရုံဗြိတန်ဟိုတက် ၆၁၊ ၆၆။

## င

ငစီ၊ ပညာတော်သင် ၁၆၇။
ငစင်ကာ၊ ကုလား ၂၅၁။



www.burmeseclassic.com

www.burmeseclassic.com



ငဆံပုဲ၊ သန္တိတပ် တိုက်ခိုက်သူ ၈၂၊ ၈၄။
ငထွန်း၊ စာရေးတော် ၈၃။
ငဘိုးခြို၊ ပညာတော်သင် ၁၆၇။
ငဘိုးသာ ၁၄။
ငမောင်၊ ကသောင်းမြောင်တိုက်စိုး ၁၅။
ငရွှေအောင်၊ သစ္စာရေး ၁၄။
ငရွှေအုံ၊ စာရေးတော် ၁၅။
ငလေး၊ အဆောင်မြဲ ၂၆၂။
ငသာထား၊ ပညာတော်သင် ၇၂၊ ၁၆၇။
ငအုပ်၊ အဆောင်တော်မြဲ ၂၈။

စ

စကုမြို့ဝန် ၂၅၉၊ ၂၆၀။
စကွတ်–လေကန်ပြုနာပေါ်ရထာရော်မာန၊ စာသင်ကျောင်း ၁၈၅။
စတယောင်ဖိုလိ၊ မီးတောင် ၆၀။
စတာဘိတ်၊ အင်္ဂလိပ်လူမျိုး ၅၈။
စတေဘား၊ ကုန်သည်ကြီး ၁၃၈။
စတိုဝါ၊ နေပြည်တော်ရှိ အင်္ဂလိပ် ကိုယ်စားလှယ် ၂၃၉။
စတြေးထ ၅၃။
စပင်းစစ် ၂၂၅။
စပစ်စယားမြို့ ၁၉၇၊ ၂၀၅။
စပိန်းညီမြင်း ၁၈၇။
စပိန်းနိုင်ငံ ၁၃၃။
စမတ်တရားကျွန်း ၃၆၊ ၃၉၊ ၄၇၊ ၂၆၉။
စရကာတ်စက်၊ မြင်းပွဲပြဓာတ်ရုံ ၁၂၁–၁၂၄။
စလေမင်းခွေး ၈၈။
စလေမြို့ ၂၆၀။
စလေမြို့သူကြီး ၂၆၀။
စလေမြို့အုပ် ၂၆၀။
စလံပိုမြို့ ၂၃၇။
စာအင်ဒရူးခလာ ၄၁၊ ၄၂။

www.burmeseclassic.com



စုလစ်ဘက်၊ ဂျင်နရက် ၁၂၇။
စေတီကိုကုန်း၊ ရဲမက်ဝန်ကြီး ၇၀။
စံကလုနန်းဥယျာဉ် ၈၇။
စံခရာဇ်စတောက်ဖောလေရှာ ၁၉၀။
စံခလုရွာ ၇၁။
စံဂျူးလျာနီး၊ ရေချိုးတိုက် ၂၀၃၊ ၂၀၄။
စံစီရကျောင်းတိုက် ၁၁၆–၁၁၈။
စံနိကိုလာ၊ ခံမြို့ ၁၄၇။
စံရွတ်စိုရတော ၂၀၇။
စံရှား၊ ခံမြို့ ၁၄၇။
စံရှား၊ ခရစ်ယာန်ဂိုဏ်းအုပ် ၁၈၇။
စိုးမြစ် ၁၄၂၊ ၁၄၄။
စကြဲဘီရို၊ ဂျင်နရက်၊ အီတာလျံကောင်စစ် ၁၅၈၊ ၁၆၀။
စက်ဆရာ၊ ပညာရှင် ၁၇၊ ၈၃၊ ၈၄၊ ၈၆။
စက်ဘိ၊ ကော်လော်နက် ၁၂၉။
စင်ကာပူ ၂၂၊ ၂၇၊ ၂၈၊ ၃၄၊ ၃၆–၃၉၊ ၄၂၊ ၄၅–၄၈၊ ၉၅၊ ၂၆၈–၂၇၁၊ ၂၇၃၊ ၂၇၅။
စင်ကာပူမြို့ဝန် ၄၀။
စင်တေရီနေ၊ ခံမြို့ ၁၄၃၊ ၁၄၄။
စင်နင်မန်းဂါရတင်း ၄၉။
စင်မလာ၊ သင်္ဘော ၂၁၃၊ ၂၂၇။
စင်အင်တရူး၊ ကျွန်း ၃၁။
စင်း၊ မီးသင်္ဘော ၄၅၊ ၄၆၊ ၂၇၀၊ ၂၇၃၊ ၂၇၅၊ ၂၇၉၊ ၂၈၃။
စစ်ကိုင်းမြို့ ၁၆၊ ၁၇၊ ၃၂၊ ၃၃၊ ၂၅၂။
စဗွလီကျွန်း ၅၉။
စစ်ဝိလျှမ်း ၁၃၈။
စဥ္စကူမင်းခေါင်းလောင်း ၂၅။
စဥ္စကူအုံ ၂၀။
စမ္မနဲ၊ ခရစ်ယာန်ကျောင်း ၁၉၉၊ ၂၀၀။
စိမ်းမြစ် ၈၈၊ ၈၉၊ ၉၁။
စွမ်၊ ကော်လော်နက် ၁၂၈။



www.burmeseclassic.com

www.burmeseclassic.com




စွစ်ဇလဲနိုင်ငံ ၁၉၁။
စွစ်တူးမြောင်း ၅၅၊ ၅၆၊ ၁၄၂။
စွမ်မြို့ ၅၅-၅၇၊ ၂၈၁။
စွစ်မြို့ဝန် ၂၂၃၊ ၂၂၇၊ ၂၂၈။
စွစ်ဟိုတက် ၁၁၈။

## ဆ

ဆရာရစ် ၃၀။
ဆုတောင်းပြည့်ဘုရား၊ ပုဂံ ၁၈။
ဆင်ပေါင်ဝဲ ၂၅၉။
ဆွစ်မြို့ (စွစ်မြို့) ၂၂၃၊ ၂၂၇-၂၃၁။
ဆွန်စီအဲ့ ရိုးဟာဝတ်စ်၊ သံနှပ်ဖိုဆရာ ၇၆၊ ၇၇။

## ဇ

ဇနီလက်ယာ၊ အင်္ဂလိပ် စပိန်း သံကြီး ၁၉၆။
ဇနက္ကပျို့ ၁၈၁။
ဇမီ၊ ဂျင်နရက် ၁၂၈။
ဇာဂါဆိတ်မြို့ ၂၂၇။
ဇူလောချစ်ဂက်-ဂါရတင်း ၁၃၂။
ဇေတဝန်ဆောင် ၂၆၃။
ဇေဒေ၊ ကမ္ဘဒို ၁၆၀၊ ၁၆၁။
ဇင်းမယ်စော်ဘွား ၂၅၊ ၂၆၊ ၃၀၊ ၂၆၆။
ဇင်းမယ်မြို့ ၂၆၊ ၂၇။
ဇန္တာဝတ် ၁၃၀။
ဇွစ်ဇလဲနိုင်ငံ ၁၁၈။

## ည

ညံတောအင်း ၂၅၆၊ ၂၅၉။
ညောင်တုံး ၂၃။
ညောင်လှရွာ ၂၆၀။
ညောင်ဦး ၁၇-၂၀။




www.burmeseclassic.com

www.burmeseclassic.com



ညောင်ဦးရွာ ၂၆၁။
ညောင်ဦးသူကြီး ၁၈။

## တ

တတိယတြဒါလဘာက်ရနေ၊ ဓာတ်ရုံ ၁၈၄၊ ၁၈၆။
တတိယသင်္ဂါယနာ ၂၃၄။
တနင်္သာရီ ၃၆၊ ၂၆၇။
တပယ်မင်းသား ၁၅၈။
တရားစီး၊ မာဆေးမြို့ဝန် ၁၄၆–၁၄၉၊ ၁၅၁–၁၅၅၊ ၁၅၈။
တရုတ်နိုင်ငံ ၁၈၃။
တရုတ်ပြည် ၃၄၊ ၄၀၊ ၄၃။
တရုတ်လူမျိုး ၄၀၊ ၄၅။
တရုတ်သံအဖွဲ့ ၈၆။
တရှန်ဘက်တာဟိုတက် ၂၀၈။
တာတေဝတ်၊ အရမဏီလူမျိုး ၂၄၁၊ ၂၄၅။
တိချိန်းမြစ် ၁၈၄။
တီရေး၊ ရွှေမြို့တော်၏ ပိုးအဝယ်တော် ၁၇၀။
တုရင်းမြို့ ၁၈၂၊ ၁၉၀။
တုလောင်မြို့ ၁၄၇။
တုလွန်မြို့ ၁၅၈၊ ၁၅၉၊ ၁၆၃။
တူရကီနိုင်ငံ ၂၁၆။
တူရကီမင်း ၂၁၈။
တူရင်းမြို့ (တျူရင်းမြို့) ၆၇၊ ၇၂။
တူလူမြို့ ၁၁၆။
တဲလက်စမြို့ ၆၄။
တော်မာနီးပီစနီး၊ ဗိသုကာဆရာ ၂၀၃။
တံနက်မင်း ၈၈။
တိုရေကော်ရနေရိုး၊ ကမ္ဘဒံ၊ မြို့ဝန် ၂၀၁၊ ၂၀၈။
တိုရေးကိုဒါစ၊ ကမ္ဘဒါ ၂၀၉။
တိုရက်ဆစ်ကျွန်း ၃၁။
တိုးဝ ၂၃။



www.burmeseclassic.com

www.burmeseclassic.com




တိုက်ရမ်း၊ တရားမဝန်ကြီး ၇၀၊ ၁၁၄၊ ၁၁၅။
တင်းပလို၊ ဘုရားကျောင်း ၂၂၅။
တောင်တွင်းကြီး ၂၁။
တောင်ရုံကိုးလုံး ၂၅၆၊ ၂၅၇။
တပ်စင်နရီရှတ်တက် ၁၃၉၊ ၁၄၄။
တျူရင်းမြို့ ၂၀၆၊ ၂၀၈၊ ၂၀၉၊ ၂၁၃။
တီလာရီနန်းတော် ၇၀၊ ၇၈။
တွန်နီနောဘေး၊ အတွင်းအမတ်ကြီး ၂၁၉–၂၂၄၊ ၂၂၆–၂၂၈။

ထ

ထရီရာနိုးကြီး, ထရီရာနိုးငယ် ၁၀၀၊ ၁၀၁။
ထားဝယ်မြို့ ၅၃။
ထော်ဝတ်ကွင်း ၂၅၁။
ထောက်တူလက်၊ ကော်လော်နက် ၁၂၇။

ဒ

ဒရုအင်ဒေလူ၊ ပြင်သစ်ဝန်ကြီးချုပ်ဟောင်း ၆၉။
ဒူရွန်ဘက်တာ ဟိုတက် ၁၆၇၊ ၁၇၁၊ ၁၈၁။
ဒလာဘို၊ ကမ္မဒန် ၁၂၇။
ဒလာဘစ် ဟိုတက် ၁၆၆၊ ၁၈၂။
ဒလူဟိုတက် ၉၃၊ ၁၀၃၊ ၁၁၈၊ ၂၈၃၊ ၂၈၅။
ဒလူလေပ်ယေဟိုတက် ၁၄၁၊ ၁၄၆။
ဒလူးနန်းတော် ၁၃၁။
ဒလူးဟိုတက် ၆၈၊ ၇၂၊ ၁၂၁၊ ၁၃၃၊ ၁၃၇။
ဒလွန်ဘတ်တာဟိုတက် ၁၉၀။
ဒါကာ၊ မီးသင်္ဘော ၂၄၆။
ဒါဝတ် ၂၇။
ဒီမေရီ၊ ဂျင်နရက် ၁၂၇။
ဒီလက်ဆစ်၊ မီးပြတိုင် ၅၅။
ဒီလိုင် (လှိုင်း) ညီ၊ ဂျင်နရက် ၁၂၇။
ဒုကရီး၊ လာရန်းမြို့ဝန် ၁၃၇–၁၄၁၊ ၁၄၄–၁၄၆။




www.burmeseclassic.com

www.burmeseclassic.com



ဒူဂျတားမြို့ ၆၄။
ဒူဖရေယေး၊ ရေပန်းဆရာ ၁၀၀-၁၀၂။
ဒူရတ်စို၊ ရေကြောင်းအရာရှိ ၁၆၇၊ ၁၆၈၊ ၁၇၁၊ ၁၇၂။
ဒေဖရေး ၇၅၊ ၇၉။
ဒေဖေရာရီ ၁၆၈။
ဒေရစ်စတွာဟိုတက် ၁၀၀၊ ၁၀၃၊ ၁၁၆၊ ၁၁၈။
ဒေရစ်စဗွာဟိုတက် ၁၃၂၊ ၁၃၃။
ဒေါပုံ ၂၅၁။
ဒေါ်ဖော်လတူး၊ အတွင်းဝန်ကြီး ၇၀။
ဒေါ်ရဂေါ်နီ၊ ပြင်သစ်မိုလ်ဟောင်း ၁၂၁။
ဒိုစုမောင်း၊ ပညာသင်ဝန်ကြီး ၇၀။
ဒိုနောပူရမြို့ ၂၃၆။
ဒိုပေါမိုး၊ ခရစ်ယာန်ကျောင်း ၁၈၇၊ ၁၈၈။
ဒိုမောင်တိုင်ညတ်၊ ပင်လယ်ဝန်ကြီး ၇၀။
ဒက္ခိဏာသာခါဘုရား ၁၈။
ဒက်လကာရက်တိုး၊ မိုလ်ကြီး ၁၉၂၊ ၁၉၃၊ ၁၉၆။
ဒေါင်ပေါက်လူး ၁၆၇။
ဒေါင်လတ်ကောင်း၊ ပြင်သစ်ခင်ကြီး ၁၇၊ ၁၈၊ ၂၂၊ ၃၇။
ဒိုင်းဝန်ကွင်း ၂၉။
ဒတ်လဘက်လဂျမာမိ၊ ကျောင်းတိုက် ၂၂၂။
ဒန်ကင်း၊ အတွင်းစာရေးကြီး ၂၃၊ ၂၄။
ဒန်ကင်း၊ အတွင်းဝန် ၂၄၇၊ ၂၄၉၊ ၂၅၂-၂၅၅။
ဒန်ညီလီဟိုတက် ၁၉၂။
ဒန်ညဲလီဟိုတက် ၂၀၀။
ဒဗ္ဗလိကာစိန္တန်းကျောင်း ၁၁၉၊ ၁၂၀။
ဒျူထရေး၊ နိုင်ငံခြားရုံးစာရေးကြီး ၇၆၊ ၇၉။
ဒျူဒါဖရေး ၁၀၇၊ ၁၁၀၊ ၁၁၁။
ဒျူဒိုကားစ၊ ပြင်သစ်နိုင်ငံခြားဝန်ကြီး ၇၀၊ ၇၂၊ ၇၄၊ ၇၅၊ ၇၇-၈၁၊ ၉၀၊
၉၁၊ ၉၄၊ ၉၉၊ ၁၀၃၊ ၁၁၄၊ ၁၁၅၊ ၁၁၉၊ ၁၂၁၊ ၁၂၄၊ ၁၃၀-၁၃၂၊ ၁၃၄။
ဒျူဒိုဖရိုလီ၊ ပြင်သစ်ဝန်ကြီးချုပ်ဟောင်း ၇၅၊ ၇၉။
ဒွါကီ၊ ကော်လော်နက် ၁၂၆။



www.burmeseclassic.com

www.burmeseclassic.com



ဒွိဘီး၊ လက်ပတန် ၁၆၀၊ ၁၆၂။
ဒွန်ကာလို၊ စပိန်မင်းရိုး ၁၃၃။

ဓ

ဓနုဖြူ ၂၃။
ဓနုဖြူမြို့ ၂၅၅၊ ၂၅၆။
ဓမ္မာလင်္ကာရသီရိသုမနတိဿမထေရ် ၄၉။

န

နဂါဘာရီ ၂၆၈။
နဂါဘာရီအုန်း ၃၃။
နပေါလီမြို့ ၃၈၊ ၆၁–၆၄၊ ၆၆၊ ၁၀၃၊ ၂၁၆၊ ၂၈၄။
နပိုလျှမ်းမင်း၊ တတိယ ၈၇၊ ၈၈၊ ၁၁၀၊ ၁၂၁၊ ၁၃၉၊ ၁၄၀၊ ၁၅၅၊ ၁၈၄။
နာရနချီ ၁၈၂၊ ၁၈၆–၁၉၁။
နာရာဘိမြို့ ၁၉၁။
နိကိုပါကျွန်း ၃၃၊ ၂၆၈။
နိပိုလီယာနစ်စ ၆၈။
နေမျိုးမင်းထင်သူရိန်၊ လက်ဖက်ရည်တော် ၁၃၊ ၉၂–၉၅၊ ၂၁၀၊ ၂၁၁၊ ၂၂၄၊ ၂၃၃၊ ၂၃၈။
နေမျိုးသီဟသူ၊ အမှာရေး ၈၆။
နေမျိုးသိဒ္ဓိကျော်ထင်၊ လက်ဖက်ရည်တော် ၉၂–၉၅၊ ၁၃၂။
နေရှိဘား၊ မီးအိမ်ပျံဆရာ ၇၂။
နေရောင်မှန်သည့်ရောဂါ ၅၀။
နော်ရထာစည်သူ၊ အမိန့်တော်ရ ၁၄။
နံနှိုးပီးစားဖိုး၊ ဗိသုကာဆရာ ၂၀၃။
နိုတဲရား၊ ရှုဂျက် ၇၅။
နိုး၊ ကပ္ပိတန် ၁၃၈။
နိုးရှိ၊ ဂျင်နရက် ၁၂၈။
နက်ရာဘိရွာ ၁၇၈။
နိုက်မြစ် ၂၁၈၊ ၂၂၀၊ ၂၂၆၊ ၂၂၇။
နောင်တော်ကြီးဘုရား ၂၅၊ ၂၆။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားရုံး၊ မြင်သစ် ၇၉။
နိုင်ငံခြားဝန်ကြီး၊ မြင်သစ် ၁၇။
နိုင်ငံခြားဝန်ကြီး၊ အီတာလျံ ၄၆၊ ၆၂၊ ၆၃၊ ၁၅၈၊ ၁၉၀၊ ၂၀၅၊ ၂၀၆။
နစ်မြို့ ၁၆၄။
နန်ဂန်မြို့ ၂၃၄၊ ၂၃၅။
နန္ဒဝိဟာရကျောင်းတိုက် ၄၉။
နမ္မဒါမြစ် ၂၃၅။
နိဗ္ဗာန်ဆိပ်ဦးတောရတိုက် ၂၆၀။
နျူဟိုတက် ၂၀၇။
နျူကာစစ်မြို့ ၁၃၈။

## ပ

ပကိုး ၂၅၁။
ပဇာင်တောင် ၂၇၂။
ပဋ္ဌနဂိုရ်မြို့ ၂၃၆။
ပဒါဒီရေ၊ ဂျင်နရက် ၁၂၆။
ပရဒိုနေ ၈၈။
ပရမာနန္ဒဝိဟာရကျောင်း ၄၉၊ ၂၇၆။
ပရစ်၊ ကော်လော်နက် ၁၂၇။
ပလောနာစီကျွန်း ၄၇။
ပလောပိနံကျွန်း ၃၂၊ ၃၃၊ ၃၅၊ ၂၆၇၊ ၂၆၈၊ ၂၇၀။
ပလောပိနံမြို့ ၃၃၊ ၃၄၊ ၃၉။
ပလောရောင်ထိုကျွန်း ၄၇။
ပလောဝိုက်ကျွန်း ၄၇။
ပလုပ်ကုမ္ပဏီ ၂၃။
ပသီလူမျိုး ၃၉၊ ၅၀၊ ၂၃၃။
ပသျှူးမင်း၊ ဂျာဟိုရာဇာ ၄၅။
ပသျှူးလူမျိုး ၃၃၊ ၃၅၊ ၃၆၊ ၃၈–၄၀၊ ၄၇၊ ၂၇၂။
ပါဒကျောင်းဆရာတော် ၂၅၆။
ပါဒကျောင်းတိုက် ၂၅၇။
ပါဒမင်း ၂၅၁။



www.burmeseclassic.com

www.burmeseclassic.com



ပဒါမြို့ ၂၅၁။
ပါနီးရမ္မာတိုက် ၈၄။
ပါရဒင်နက်လက်စက် ၁၄၂၊ ၁၄၃။
ပါရဒျူးအရပ် ၁၄၃။
ပါရမား ၁၃၈။
ပါရသီလူမျိုး ၂၃၃။
ပါရစ်မြို့ ၆၂၊ ၆၈–၇၁၊ ၇၇၊ ၇၈၊ ၈၀၊ ၈၆–၉၀၊ ၁၀၃၊ ၁၀၄၊ ၁၀၈၊ ၁၁၀၊ ၁၁၄၊ ၁၁၈၊ ၁၃၀၊ ၁၃၄၊ ၁၃၆၊ ၁၄၂၊ ၁၇၃၊ ၁၇၇၊ ၁၈၄၊ ၁၉၀၊ ၂၄၀၊ ၂၄၈၊ ၂၇၀၊ ၂၈၃၊ ၂၈၅။
ပါရစ်ဟိုတက် ၁၆၆။
ပါလာဘိချိနိဥယျာဉ် ၁၇၂၊ ၁၇၃။
ပါလေစတြားချီနာစတီကာ၊ ပညာသင်ကျောင်း ၁၈၅။
ပါလေစိုချူကာလေ၊ တိုက်နန်း ၁၉၃၊ ၁၉၄။
ပါလေးရော်ရက်၊ နန်းတော် ၁၇၂၊ ၁၈၉၊ ၂၁၀။
ပါလင်္ဂျီဟိုတက် ၂၃၃၊ ၂၃၄။
ပါးကမောင်စိုဥယျာဉ် ၇၀။
ပီကောက်၊ သူဌေး၊ လန်ဒန် ၇၀။
ပီစားမြို့ (ပီးစမြို့) ၁၉၇၊ ၂၀၀–၂၀၂၊ ၂၀၄–၂၀၆၊ ၂၀၈။
ပီစော၊ တုရင်းမြို့ဝန် ၂၁၃။
ပီရင်မစ် ၂၂၄၊ ၂၂၅။
ပီလောပီနံမြို့ ၄၅–၄၇။
ပီးစဒုဝေါမိုးကျောင်း ၂၀၁။
ပုခန်းငယ် ၂၀။
ပုဂံမြို့ ၁၈၊ ၂၀၊ ၈၈၊ ၂၆၁။
ပုဂံမြို့ဝန် ၂၆၁။
ပုဂံဝန်ထောက်တော်မင်း ၂၁၊ ၂၅၉၊ ၂၆၀။
ပုဇွန်တောင် ၂၆၊ ၂၅၅။
ပုလာလဒ္ဒကျွန်း ၃၂။
ပုသိမ်မြို့ ၂၄၇။
ပူပြာ၊ ခရစ်ယာန်ကျောင်း ၁၄၄။
ပူလာဂျားကျွန်း ၃၁။

www.burmeseclassic.com




ပူလာလိမ်မြို့ ၄၇။
ပေတင်တံဆိပ် ၇၆။
ပေါဆေးမြို့ ၂၁၆၊ ၂၈၂၊ ၂၈၃။
ပေါလကာရီ၊ စက်ဆရာ ၁၃၅၊ ၁၃၆။
ပေါလကာရီ၊ လက်ထောက်လူကြီး၊ ရေစက်ရုံ ၁၁၅၊ ၁၁၆။
ပေါလိတရာမ၊ ဓာတ်ရုံ ၁၇၀။
ပေါ်တက်စတ၊ ဘာရွန်း (မြို့ဝန်) ၁၆၈–၁၇၂၊ ၁၇၆–၁၇၉၊ ၁၈၁။
ပေါ်ရုံကြေး၊ သံစက်ရုံပိုင်ရှင် ၁၅၇။
ပိုးစတေးမြို့ ၅၇၊ ၅၈။
ပိုးမြစ် ၁၈၄။
ပင်နင်စူလာမြေ ၃၆။
ပင်လယ်ခံဝန်သူ ၁၃၆။
ပင်လယ်နီ ၅၃၊ ၅၅၊ ၅၆၊ ၂၂၈။
ပစ်စကြဲရာမြို့ ၁၉၁။
ပစ်စတိုးရီယားမြို့ ၂၀၀။
ပတ်ပလစ်ချီ–ဂါရတင်း ၁၉၀။
ပန်စယွန်း–အန်ဂလိဆစ် ဟိုတက် ၁၇၈။
ပန်တဉ်းဝန်ထောက်၊ (အရာကျ) ၈၃၊ ၈၄။
ပုပ္ပားဝန်ထောက်မင်း ၂၆၂။
ပျူစောထီးမင်း ၈၈။
ပြီယတ်စာဒါရမေ၊ စစ်တလင်း ၁၈၃။
ပြောကုန်းရွာ ၂၀။
ပြင်သစ်နိုင်ငံ ၁၃–၁၈၊ ၂၄၊ ၃၆၊ ၃၇၊ ၆၁၊ ၆၂၊ ၆၅၊ ၇၆၊ ၇၉၊ ၈၀၊ ၈၃၊ ၈၈၊
၉၁၊ ၉၆–၉၉၊ ၁၀၃၊ ၁၀၄၊ ၁၆၁–၁၆၆၊ ၁၈၃၊ ၁၈၄၊ ၁၉၁၊ ၂၄၀၊
၂၄၁၊ ၂၄၅၊ ၂၆၃၊ ၂၆၅၊ ၂၇၀၊ ၂၇၃။
ပြင်သစ်မင်း ၁၃၊ ၁၆၊ ၁၇၊ ၂၃၉။
ပြင်သစ်မင်းရာဇဝင် ၂၆၂။
ပြင်သစ်မြန်မာ မဟာမိတ်စာချုပ် ၈၀၊ ၁၁၅၊ ၁၁၈။
ပြောင်း၊ စကြာယာဉ်ပျံသင်္ဘောကပ္ပိတန် ၁၀၀။
ပြောင်း၊ မော်လမြိုင်အရေးပိုင် ၂၈–၃၀၊ ၂၆၆၊ ၂၆၇။
ပြောင်း၊ သရက်အရေးပိုင် ၂၁၊ ၂၂။




www.burmeseclassic.com

www.burmeseclassic.com



ပြည်ဆံတော်ရှင် ၂၅၆။
ပြည်မြို့ ၂၂၊ ၂၅၄၊ ၂၅၆၊ ၂၅၇။
ပြတ်ရှားစစ်သည် ၈၇၊ ၈၈၊ ၉၀။
ပြတ်ရှားနိုင်ငံ ၇၆၊ ၁၇၃။
ပြန်ဒီစီမြို့ ၂၀၇။
ပြန်ဒီစီမြို့ဝန် ၂၀၈။
ပွာတာဝန်၊ ဂျင်နရက် ၁၂၈။
ပွဲစားကြီးနတ် ၁၈။
ပွန်ဇလိုင်ဝ ၂၆၇။
ပွန်ပီမြို့ ၆၅။

**ဖ**

ဖရာထားဂရမိုးမြို့ ၆၄။
ဖလော်ရင်မြို့ ၆၅–၆၇။
ဖာစကားရားမြို့ ၆၄။
ဖာပိုရိတာကျွန်း ၁၉၅။
ဖာဘရိကာ၊ စက္ကူစက် ၁၈၉၊ ၁၉၀။
ဖာဘရိကာဒီဘူတန်နေဒီပြော်၊ ကြယ်သီးစက်ရုံ ၁၈၅။
ဖာဘရိကာဒီဖာရိုးတိုးဒီပြော်ပီရေတာ၊ စက်ရုံ ၁၈၅။
ဖာရတီ၊ ဓာတ်ပုံဆရာ ၆၃။
ဖာရီရိုရီစာရီ၊ ပီးစမြို့ဝန် ၂၀၁၊ ၂၀၈။
ဖာလေရေပလောင်တိုဒိုကာစတီရီး၊ ကော်လော်နက် ၁၆၄၊ ၁၆၆။
ဖောဂျီယားမြို့ ၆၄။
ဖော်ရေး၊ အရာရှိ ၆၉။
ဖိုဖီနိုးမြို့ ၆၄။
ဖိုရှံတိရေလာစိမ်း၊ စက်ရုံ ၁၆၂၊ ၁၆၃။
ဖောက်၊ ယိုးဒယားကောင်စစ် ၂၇။
ဖန်ချက်ဝန်ထောက်၊ (အရာကျ) ၈၃၊ ၈၄။

**ဗ**

ဗဏာရပ်မြို့ ၂၃၆။
ဗနီဗန်တိုးမြို့ ၆၄။



www.burmeseclassic.com

www.burmeseclassic.com



ဗလန်း၊ သရက်အရေးပိုင် ၂၅၇–၂၅၉။
ဗလွန်းမီးအိမ်ပျံ ၇၂။
ဗာစိုက်မြို့ ၇၁၊ ၁၀၀၊ ၁၀၃၊ ၁၁၆၊ ၁၁၈၊ ၁၂၁၊ ၁၃၀၊ ၁၃၂၊ ၁၃၃၊ ၁၄၅။
ဗာရာဏသီမြို့ ၂၃၆။
ဗာလီကျွန်း ၄၇၊ ၂၇၄။
ဗာလီမြို့ ၂၃၇။
ဗိဇာညို့မြစ် ၁၇၆။
ဗူလွန်းညာမြို့ ၆၁–၆၈။
ဗူလွန်းညာမြို့ဝန် ၆၆။
ဗိုတန်နိဂတ်ဂါရတင်း ၃၈၊ ၄၁။
ဗိုလ်တထောင် ၂၅၅။
ဗိုလ်နပတ်၊ ပထမ ၈၇၊ ၁၂၁၊ ၁၄၀။
ဗိုလ်နပတ်သချိုင်း ၇၈။
ဗိုလ်နီပါတစ်စ ၆၈။
ဗန်းတီးမစ်မြို့ ၁၆၇။
ဗန်းမော်အတွင်းဝန်မင်း ၁၄။
ဗျာသယ်၊ ကျွန်းညီနောင် ၃၂။
ဗြသမဂ္ဂိနတ်သမီး ၁၈။
ဗြာဘယ်ဂါ၊ ဂျင်နဝါလက်ထောက်မြို့ဝန် ၁၆၈–၁၇၂၊ ၁၇၆–၁၇၉၊ ၁၈၁။
ဗြိညိုလေး၊ တိုက်နန်း ၁၆၈။
ဗြေတိန်း၊ ဆေးလိပ်လုပ်ငန်းရှင် ၁၄၉၊ ၁၅၀။
ဗြိစီး ၁၄၄။
ဗြန်ဒီစီမြို့ ၂၁၃–၂၁၆။
ဗြန့်ကဲရီ၊ ရေကြောင်းအရာရှိ ၁၅၈၊ ၁၆၇–၁၇၀၊ ၁၇၆၊ ၁၈၀–၁၈၂၊ ၁၈၇၊ ၁၈၉–၁၉၂၊ ၁၉၆၊ ၁၉၈၊ ၁၉၉၊ ၂၀၁၊ ၂၀၅၊ ၂၀၆၊ ၂၀၈၊ ၂၁၀၊ ၂၁၃၊ ၂၁၄။
ဗွန်နီး၊ ကမ္ဘဒန် ၁၂၆။

## ဘ

ဘယောင်တန်း ၁၁၁၊ ၁၁၃။
ဘရစ်နိုင်ငံ ၁၆၂။



www.burmeseclassic.com

www.burmeseclassic.com



ဘရီ၊ ကော်လော်နက် ၁၂၉။
ဘရူစတင် ၁၂၇။
ဘရက်တပေါ ၁၃၉။
ဘရောင်တန်း ၁၃၄၊ ၁၃၅၊ ၁၃၇။
ဘလင်၊ ကော်လော်နက် ၁၂၈။
ဘလောင်တန်း ၁၉၀၊ ၁၉၁၊ ၂၀၇၊ ၂၁၉။
ဘာဂဒီမီးဘတ်လေဘာရတီး၊ မြို့စီရန် ၁၉၄။
ဘာတီးစတေရီရိုးကျောင်း ၂၀၂။
ဘာနီး၊ ကော်လော်နက် ၁၂၈။
ဘာဘာနန်း၊ ဆပ်ပြာစက်ပိုင် ၁၅၅။
ဘာဘူကြီး ၂၄၂။
ဘား၊ ဂျင်နရက် ၁၂၈။
ဘားစတီးမော်ညှုမြင်းတိုင်ကြီး ၆၉။
ဘီကန်တက်၊ ဘုန်းကြီး ၂၅၄။
ဘီဇိုနီ၊ အတွင်းဝန် ၁၉၆။
ဘီဘစ်ညီ၊ ကော်လော်နက် ၁၂၆။
ဘူဘာကီး၊ ဗိုလ်ချုပ်ကြီး ၁၄၀၊ ၁၄၃–၁၄၅။
ဘူဘေး၊ သမ္မတမင်း၏လက်ထောက် ၁၀၃၊ ၁၀၅။
ဘူလာ၊ ကုန်သည်ကြီး ၉၁၊ ၉၂။
ဘူလွန်းညာမြို့ ၂၀၀၊ ၂၁၃။
ဘူလွန်းဥယျာဉ် ၇၁၊ ၇၆၊ ၈၁၊ ၈၂၊ ၈၄၊ ၁၃၅၊ ၁၄၁။
ဘော်နမန်၊ ဂျင်နရက် ၁၂၉။
ဘော်နီးကျွန်း ၄၇။
ဘော်ချိုကျွန်း ၂၇၃။
ဘော်လေဂစ်လဘရီး၊ ရေကြောင်းဗိုလ်ချုပ်ကြီး (တုလွန်မြို့) ၁၅၉၊ ၁၆၀၊ ၁၆၂။
ဘိုဘစ်၊ မီးအိမ်ပျံဆရာ ၇၂၊ ၇၄။
ဘိုရှမ်း၊ ကော်လော်နက် ၁၂၇။
ဘိုးမာမတ်ဒါလီ၊ အီဂျစ်ဘုရင်ခံ ၂၁၇၊ ၂၁၈၊ ၂၂၃။
ဘိုးရကြမြို့ ၂၁၃။
ဘက်တာရီ၊ ဂျင်နရက် ၁၂၇။
ဘက်လဂရုံ၊ အင်ကြင်နရား ဆရာကြီး ၁၁၀။



www.burmeseclassic.com

www.burmeseclassic.com



ဘက်လဘောင်စိုချက်စတီလီရီ၊ ကော်လော်နက် ၆၅-၆၇။
ဘင်္ဂလား ၂၄၊ ၃၁၊ ၁၅၁၊ ၂၄၀၊ ၂၄၃၊ ၂၄၄၊ ၂၅၄။
ဘင်္ဂါလီလူမျိုး ၂၃၃။
ဘင်တာ၊ ကြယ်သီးစက်ရုံလူကြီး ၁၈၅။
ဘင်နစ်မြို့ ၁၈၃၊ ၁၈၆၊ ၁၉၁၊ ၁၉၂၊ ၁၉၄-၁၉၇၊ ၁၉၉၊ ၂၀၆၊ ၂၀၈။
ဘောင်တင်ပလိုမြို့ ၁၁၉၊ ၁၂၀။
ဘောင်တင်ဗလိုမြို့ ၁၆၄။
ဘစ်ရှိမန်ကာ ၄၀။
ဘစ်ရှိုဒူကလောက်၊ ကော်လော်နက် ၁၂၇။
ဘစ်လဘား၊ ကော်လော်နက် ၁၂၇။
ဘစ်လာတစ်ဒေနေဂရီ၊ မြူစီရန် ၁၆၉။
ဘန်ကောက် ၂၆။
ဘန်စိမ်းဥယျာဉ် ၇၁။
ဘန်တရုတ်၊ ဘဏ်တိုက်လူကြီး ၁၀၄။
ဘန်ပူ၊ ရွှတ်ရှားကောင်စစ် ၄၂-၄၄။
ဘန်ဘရုတ်၊ ဘဏ်တိုက်လူကြီး ၈၄။
ဘန်းဘရုပ်၊ စစ်သူကြီး ၂၂၃။
ဘုံဘိုင်မြို့ (ဘုံပိုင်မြို့) ၅၁၊ ၂၀၆၊ ၂၂၃၊ ၂၂၈၊ ၂၃၂-၂၃၅၊ ၂၃၇၊ ၂၄၁၊ ၂၄၄။
ဘယ်ရာယီ၊ မြို့ဝန်လက်ထောက် ၂၀၀။
ဘယ်လဂျီယ ၂၄၁။
ဘယ်လဂျီယံနိုင်ငံ ၇၆။

မ

မကာမြို့ ၅၄၊ ၅၅။
မကွေးမြို့ ၂၁၊ ၂၆၀။
မကွေးမြို့အုပ် ၂၅၉၊ ၂၆၀။
မဂ္ဂဋ္ဌ ၁၈၄။
မဆုံ၊ ကျောင်းအမ ၂၉။
မတဲရွာ ၂၆၂၊ ၂၆၃။
မလာကကျွန်း ၂၆၈၊ ၂၆၉၊ ၂၇၃။
မလာကနယ် ၃၂၊ ၃၆။



www.burmeseclassic.com

www.burmeseclassic.com




မလာကမင်း ၃၅။

မလာကမြို့ ၂၇၀၊ ၂၇၁။

မလာကမြို့ဝန် ၄၄၊ ၄၅။

မလာကလူမျိုး ၃၉။

မလေးလူမျိုး ၃၅၊ ၄၀၊ ၄၄။

မလွန်သုံးမြို့ဝန်၊ အောက်မြစ်စဉ်စစ်ကဲ ၂၁၊ ၂၂၊ ၂၅၉၊ ၂၆၀။

မဟာကနန် ၂၆၊ ၂၇။

မဟာစေတီ၊ သီဟိုဠ် ၄၉။

မဟာမိတ်စာချုပ်၊ ပြင်သစ်–မြန်မာ ၁၃။

မဟာရဋ္ဌမြို့ ၂၃၄။

မဟာသီရိဘောဂသာရ၊ ရန်ကုန်သူဌေး ၁၆၊ ၁၇၊ ၂၁–၂၄၊ ၂၇၊ ၂၈၊ ၄၅၊ ၄၈၊ ၈၃၊ ၁၃၇၊ ၂၂၈၊ ၂၆၅။

မာကိုပိုလို ၂၀၀။

မာကွန်မြို့ ၆၈။

မာကွစ်–ဂရိုပါလို၊ လူကုံထံ ၁၇၇–၁၇၉။

မာစီး၊ သကြားချက်စက်ရုံ ၁၅၀–၁၅၁။

မာဆေးမြို့ ၁၇၊ ၆၅၊ ၆၈၊ ၇၀၊ ၇၂၊ ၁၁၆၊ ၁၄၁၊ ၁၄၅–၁၄၇၊ ၁၅၇။

မာတလင်၊ ကော်လော်နက်ထောက် ၁၂၇။

မာတေနီ–ဟိန္ဒူရီ၊ သေနတ်စက်ရုံ ၁၀၄။

မာနီ၊ ဂျင်နရက် ၁၂၈။

မာဘီ၊ သစ်တောဝန် ၁၆။

မာမတ်ဒါလီ ၂၁၇။

မာရကီစကွတ်ကတ်ဘာရွတ်စီ၊ မေဓာ ၂၀၆၊ ၂၀၇။

မာရကတ်ကြီး၊ ပြင်သစ်သံ ၁၄၊ ၁၅၊ ၁၈–၂၁၊ ၂၅၊ ၂၇–၃၀၊ ၃၂၊ ၃၃၊ ၃၆–၄၆၊ ၆၁၊ ၆၄–၆၈၊ ၇၀–၇၂၊ ၇၅၊ ၇၆၊ ၇၉၊ ၈၄၊ ၈၆၊ ၉၀–၉၄၊ ၉၆၊ ၉၉၊ ၁၀၃၊ ၁၁၀၊ ၁၁၆၊ ၁၁၈၊ ၁၁၉၊ ၁၂၁၊ ၁၂၅၊ ၁၃၁၊ ၁၃၄–၁၃၈၊ ၁၄၀–၁၄၇၊ ၁၅၁၊ ၁၅၄၊ ၁၅၉၊ ၁၆၀၊ ၁၆၂–၁၆၄၊ ၁၆၆၊ ၂၆၅၊ ၂၆၆။

မာရကြီး၊ နစ်မြို့ဝန် ၁၆၄၊ ၁၆၅။

မာရကြမ်း၊ ပသီလူမျိုး ၂၃၈။

မာရနီရေး၊ ဖယောင်းကုန်သည် ၁၅၃၊ ၁၅၄။




www.burmeseclassic.com

www.burmeseclassic.com



မာရန်ကိုး၊ တိုက်သင်္ဘော ၁၆၀။
မာလကကျွန်း ၃၃၊ ၃၆၊ ၃၇၊ ၃၉၊ ၄၀။
မာလာကမြို့ ၃၃၊ ၃၅၊ ၄၆။
မာလာဒီပကျွန်း ၅၀။
မားဇာတ်ထီး၊ အီတာလျံကုန်သည် ၂၂၇။
မားမြစ် ၈၈။
မိလစ်ရှဆစ်၊ ကုန်သည် ၁၆၉။
မုဒိယ ၂၇၆။
မုဒိယ၊ ပထမ ၄၉။
မူကျေ၊ ပြင်သစ်သံယော် ၂၈။
မူကြေး၊ ပြင်သစ်သံ ၁၀၀၊ ၁၁၁၊ ၁၃၄။
မူစနိရာဒိမိုရှ၊ ကော်လော်နက် ၁၂၇။
မူစွန်၊ ကပ္ပိတန်၊ အမြောက်မိုလ် ၈၉။
မော်တင်စွန်း ၂၄၇။
မော်ရိုး၊ ပြင်သစ်သံ ၂၃၉၊ ၂၄၁၊ ၂၄၅။
မော်ရန်း ၇၆၊ ၇၉။
မော်လမြိုင် ၂၆–၃၁၊ ၃၄၊ ၄၀၊ ၄၅။
မော်လမြိုင်ထောင်ကြီး ၂၉။
မော်လမြိုင်မြို့ ၈၄၊ ၂၆၆၊ ၂၆၇။
မံမီ ၂၂၆။
မိုကာမိမြို့ ၂၃၇။
မိုဒင်စပြော်က်၊ ဗိသုကာဆရာ ၂၀၃။
မိုလာ၊ နိုင်ငံခြားရုံး စာရေးကြီး ၆၉၊ ၇၄–၇၆၊ ၇၉၊ ၈၇၊ ၉၂–၉၄၊ ၁၀၃၊ ၁၀၅၊ ၁၁၅၊ ၁၂၁၊ ၁၂၄၊ ၁၂၅၊ ၁၃၀၊ ၁၃၁၊ ၁၃၅။
မိုလာမိမြို့ ၂၃၆။
မိုးနဲမြို့ ၂၄၁။
မိုးမိတ် ၁၆။
မိုးမိတ်စော်ဘွား ၂၇။
မက္ကမေဟန် ၁၁၈။
မက္ကမေဟန်၊ ကော်လော်နက်၊ ပြည်အရေးပိုင် ၂၅၄၊ ၂၅၇။



www.burmeseclassic.com

www.burmeseclassic.com



မက္ကမေဟာန်၊ ဗိုလ်ချုပ်ကြီး၊ ပြင်သစ်သမ္မတ ၇၁၊ ၇၂၊ ၇၉၊ ၈၀၊ ၈၇၊ ၈၉၊ ၉၀၊ ၉၂–၁၀၀၊ ၁၀၂–၁၀၇၊ ၁၁၄၊ ၁၁၅၊ ၁၁၈၊ ၁၁၉၊ ၁၂၄–၁၃၅၊ ၁၄၅၊ ၁၈၄၊ ၂၆၃။
မက်ချက်ကူးရေ ၇၅၊ ၇၇၊ ၈၆၊ ၈၇၊ ၉၃၊ ၉၄၊ ၁၀၀၊ ၁၀၃၊ ၁၀၇၊ ၁၀၈၊ ၁၁၁၊ ၁၁၈၊ ၁၁၉၊ ၁၃၁၊ ၁၃၂၊ ၁၃၇။
မက်ချစ်ဘော့ရေး ၈၃။
မက်ဒီနမြို့ ၅၉။
မင်နီကတ်တီ၊ လက်ထောက်ရုံးအရာရှိ ၂၀၁၊ ၂၀၄–၂၀၇။
မင်းကျောင်းဆရာတော် ၂၆၀။
မင်းတုန်းမင်း ၁၄–၁၇၊ ၂၆၃၊ ၂၆၄။
မင်းဘူး ၂၆၀။
မင်းလှ ၁၆၊ ၂၀၊ ၂၁၊ ၂၆၀။
မင်းလှမြို့ ၂၅၉။
မင်းလှစည်သူ၊ စာရေးတော်ကြီး ၁၃၊ ၁၄၊ ၁၆–၁၈၊ ၂၄။
မင်းလှဇေယျသူ၊ စာရေးတော်ကြီး ၁၄၊ ၂၈၊ ၇၆၊ ၇၈၊ ၉၂–၉၅၊ ၁၁၁၊ ၁၃၄၊ ၁၈၀၊ ၂၁၀၊ ၂၂၄၊ ၂၃၃၊ ၂၃၂၊ ၂၅၄၊ ၂၅၉၊ ၂၆၂–၂၆၅၊ ၂၇၀၊ ၂၇၉၊ ၂၈၃။
မင်းလှမှုင်းထင်ကျော်သူ၊ ရွှေတိုက်ကြပ် ၉၃၊ ၁၀၀၊ ၁၀၈၊ ၂၁၀၊ ၂၁၂၊ ၂၂၄၊ ၂၆၂၊ ၂၈၃။
မောင်ကံကြီး ၂၉၊ ၃၀။
မောင်ကတ်ကလပိုမြို့ ၆၄။
မောင်ကျော်၊ အဆောင်တော်မြဲ ၂၀။
မောင်ကြာငုံ၊ ကျောင်းဒကာ ၂၅၀၊ ၂၅၅။
မောင်ကြီး၊ စာရေး ၂၅၂။
မောင်ကွန်း၊ မြောက်ဒဝယ်အမှုထမ်း ၂၃၈။
မောင်ငြိမ်း၊ အဆောင်တော်မြဲ ၂၅၆။
မောင်စနည်းတောင် ၆၇၊ ၁၄၄။
မောင်စနည်းမြို့ ၆၇။
မောင်စံဦး ၂၉၊ ၃၀။
မောင်စိုး၊ အဝယ်တော် ၂၃၈။
မောင်ဇာနီ၊ ကုလားဝန် ၂၅၊ ၂၆၊ ၈၄၊ ၂၄၉၊ ၂၅၀။



www.burmeseclassic.com

www.burmeseclassic.com



မောင်တညတ်၊ မာကွစ်၊ ရေကြောင်းဝန်ကြီး ၁၀၅။
မောင်တရုတ်ဖြူ၊ ပညာတော်သင် ၆၂၊ ၁၆၇။
မောင်တိုတွန်၊ ဂျင်နရက် ၁၂၆။
မောင်တိတ်ကာရလို ၁၆၅၊ ၁၆၆။
မောင်တွန်မြို့ ၁၆၆။
မောင်နာကိုးနိုင်ငံ ၁၆၄–၁၆၆။
မောင်နာကိုးမင်း ၁၆၄၊ ၁၆၆။
မောင်နိုး၊ ကပ္ပိတန် ၂၃။
မောင်ပေါက်ကျိုင်း၊ မြဲတိုက်သံဆင့် ၂၃၈။
မောင်ဖြိုး ၂၃၈။
မောင်ဘိုး၊ ကုန်သည်ကြီး ၂၄၉။
မောင်ဘိုးမြ ၂၄၄၊ ၂၄၆။
မောင်ဘိုးရေး၊ စာရေးကြီး ၈၂။
မောင်ဘိုးသာ၊ ဖိနပ်တော် ၈၃။
မောင်ဘက်လလီရင်း၊ ခံမြို့ ၇၁။
မောင်ဘက်လီရုံ၊ ခံမြို့ ၉၁။
မောင်မိုးဈွေ ၂၅။
မောင်မြ ၂၄၊ ၃၈၊ ၄၂၊ ၄၅၊ ၇၈၊ ၈၃၊ ၉၁၊ ၉၂၊ ၁၁၁၊ ၁၃၄၊ ၂၀၇။
မောင်မြူ၊ ပညာတော်သင် ၈၈။
မောင်မွန်ထော် ၂၅–၃၀၊ ၈၄၊ ၂၆၇။
မောင်ရန်ရှင်း ၄၀။
မောင်ရန်လင်း ၄၀။
မောင်ရှင်ကလေး၊ သတင်းစာဆရာ ၂၈၊ ၈၃။
မောင်ရွှေရိုး၊ အဝယ်တော် ၂၄၄၊ ၂၄၆။
မောင်ရွှေလုပ်၊ ဇရပ်ဒကာ ၂၅။
မောင်လွန်း၊ စစ်ကဲ ၂၅၂။
မောင်သာထား၊ ပညာတော်သင် ၆၂။
မောင်သိုက်၊ အဝေးရောက် ၈၂၊ ၈၃။
မောင်သစ်၊ အသုံးစာရေး ၁၄။
မောင်သန်လျင် ၂၅၁။



www.burmeseclassic.com

www.burmeseclassic.com



မောင်အောင်သူ၊ လက်ဖက်ရည်တော် ၂၄၊ ၃၈၊ ၄၂၊ ၄၅၊ ၇၆၊ ၇၈၊ ၈၃၊
၈၉–၉၁၊ ၁၁၁၊ ၁၃၄၊ ၁၃၅၊ ၁၈၀၊ ၂၀၅၊ ၂၀၆၊ ၂၆၂၊ ၂၆၅၊ ၂၇၉၊
၂၈၃။
မောင်အုန်း၊ ဝန်ထောက် ၂၄၇–၂၄၉၊ ၂၅၂၊ ၂၅၃။
မစ်ဒီတာရေနီယန်း၊ ပင်လယ် ၁၇၆။
မစ်ဒီတာရေနီယန်း–အိုသျှန်း ၁၆၁၊ ၁၆၃။
မစ်လန်းမြို့ ၁၈၁–၁၈၄၊ ၁၈၆၊ ၁၈၈၊ ၁၈၉၊ ၁၉၁။
မတ်လဝ၊ သင်္ဘော ၁၈၆။
မန်ချစ်စတားမြို့ ၁၃၀၊ ၁၃၉၊ ၁၇၃။
မန်စဲရာဒိုမိုရှ၊ ကော်လော်နက် ၁၂၇။
မန်း၊ ငွေခွန်ဝန်ကြီး ၇၀။
မန္တလေးတောင် ၁၇၄။
မဏ္ဍလာရွာ ၂၃၅။
မဏ္ဍလေစီမြို့ ၂၃၅။
မုတ္တမ ၂၆၇။
မုဒ္ဒါဘိသိက် ၁၄။
မုံရွာ ၄၀။
မယ်တော်မာရီ ၁၇၄။
မျက်လှည့်ဆရာ၊ အီတလီလူမျိုး ၂၆၀။
မြီစာဝါစတိုရခန်ဇာ၊ အိရန်ကောင်စစ် ၈၆။
မြီဇာဘွာစတိုရခန်၊ အိရန်ကောင်စစ် ၂၃၅။
မြီတန်၊ ကော်လော်နက် ၁၂၇။
မြီးဇာမိုဒင်၊ အိရန်လူမျိုး ၈၆။
မြေထဲမြို့ ၂၅၆။
မြေထဲဝန် ၂၅၆။
မြင်သာရွာသူကြီး ၈၄။
မြင်းခြံ ၁၇၊ ၂၆၁၊ ၂၆၂။
မြင်းမိုရ်ကုန်း ၂၈။
မြစ်ငယ်မြစ် ၁၅၈။
မြန်မာနိုင်ငံတော် ၇၆၊ ၈၃၊ ၈၄၊ ၈၈၊ ၈၉၊ ၉၁။
မြန်အောင်မြို့ ၂၂၊ ၂၅၆။
မွ၊ စက်ရုံလူကြီး ၁၆၂၊ ၁၆၃။



www.burmeseclassic.com

www.burmeseclassic.com



ယ

ယေရှုခရစ် ၁၇၄၊ ၁၈၆၊ ၁၈၇။
ယောမြို့စား အတွင်းဝန်မင်း ၁၄။
ယိုးဒယားနယ် ၃၂၊ ၃၃၊ ၃၆၊ ၂၆၈။
ယိုးဒယားမင်း ၂၆၊ ၄၃။
ယွန်းကြီးနိုင်ငံ ၈၂၊ ၈၃၊ ၈၉။
ယွန်းကြီးပြည် ၁၁၈၊ ၂၄၁၊ ၂၄၅။
ယွန်းကြီးဘာသာ စာသင်ဆရာ ၈၃။
ယွန်းကြီးသွား ပြင်သစ်သံအဖွဲ့ ၈၆၊ ၁၃၁၊
ယွန်းလူမျိုး ၈၃။

ရ

ရတနာပုံမြို့တော် ၅၃၊ ၅၄။
ရတနာမဥ္ဇူဘုရား ၂၆၂၊ ၂၆၃။
ရတနာယာဉ်ပျံ ၂၅၆။
ရသေ့ကောက် ၂၅၁။
ရဟူဒီလူမျိုး ၁၈၇။
ရာနိကန်မြို့ ၂၃၇။
ရိပါပလစ် ၆၈။
ရီဘော်ရီလမ်း ၆၉။
ရှုဘိနီ၊ မြို့ဝန်လက်ထောက် ၂၀၀။
ရေကင်းမင်းကြီး ၂၂။
ရေတံခွန်တောင် ၈၂။
ရေနံချောင်းမြို့ ၁၉–၂၁၊ ၂၆၀။
ရေနံချောင်းမြို့စားမင်းကြီး၊ ဝန်ရှင်တော် ၂၀၊ ၁၃၂၊ ၂၀၆။
ရေနံချောင်းမြို့အုပ် ၂၆၀။
ရေနန်းစကြာ၊ သင်္ဘော ၂၈၊ ၂၄၇၊ ၂၄၉၊ ၂၅၀၊ ၂၆၃၊ ၂၆၅။
ရေနန်းယာဉ်သာ ၁၆၂။
ရောဘတ်ရာ၊ ကော်လော်နက် ၁၂၆။
ရောမမြို့ ၆၁၊ ၆၂၊ ၁၀၆၊ ၁၈၂၊ ၂၀၅၊ ၂၀၆၊
ရောမလူမျိုး ၅၉၊ ၁၈၆၊ ၁၈၇။



www.burmeseclassic.com

www.burmeseclassic.com




ရော်ဂျေး၊ ကော်လော်နက် ၁၂၈။
ရော်ပါးလှိုင်း၊ ကော်လော်နက် ၁၂၇။
ရော်ရှက်၊ မီးခြစ်စက်ရုံပိုင်ရှင် ၁၅၆၊ ၁၅၇။
ရော်ရှ၊ ကောင်ဒီ၊ ပြင်သစ်သံကြီး ၁၃၊ ၁၅–၂၄၊ ၂၇၊ ၇၅၊ ၇၉၊ ၉၆၊ ၁၀၇၊ ၁၁၀၊ ၁၁၈၊ ၁၃၄။
ရိုစီရေနိုလင်နာ၊ ကော်လော်နက် ၁၂၇။
ရိုးမြစ် ၁၄၁၊ ၁၄၄။
ရက်ကန်းဆရာ ၁၅၊ ၁၇။
ရက်ဂျိုးမြို့ ၅၉။
ရက်ထစ်း ၅၃။
ရက်ပက်တို၊ ကုန်သည် ၂၁၃။
ရိုက်ဂျိရိုဂျန္တာဒတ်ဆစ်ပဟာဒိုး၊ ဘုရင်ခံမင်း အသုံးခံ ၂၄၆။
ရိုက်လီ၊ ကော်လော်နက် ၁၂၉။
ရန်ကုန်၊ ကြားသဘော ၁၉။
ရန်ကုန်မြို့ ၂၀–၂၆၊ ၂၈၊ ၃၄၊ ၈၃၊ ၁၃၄၊ ၁၃၇၊ ၂၄၂၊ ၂၄၃၊ ၂၄၆၊ ၂၄၇၊ ၂၄၉၊ ၂၅၀၊ ၂၅၄၊ ၂၅၅၊ ၂၅၇၊ ၂၆၅၊ ၂၆၆။
ရန်ကုန်မြစ် ၂၅၁။
ရမ္မဏီအင်း ၂၅၁။
ရှတ်ရှဝါး၊ ပြင်သစ်သံကြီး ၂၈။
ရှတ်ရှားနိုင်ငံ ၇၆။
ရှတ်ရှားမင်း ၄၂၊ ၄၃။
ရှတ်ရှဲ၊ ကော်လော်နက် ၁၂၈။
ရှနေကာ၊ မိုလ်ချုပ် ၁၁၉–၁၂၁။
ရှာနာနဂိုမြို့ ၂၃၇။
ရှာနိဒ၊ ပြင်သစ်ခြေသည်မိုလ် ၈၇။
ရှာပါလီရေပါရီး ၁၇၉။
ရှာပွတ်တရေး ၇၂။
ရှာရိယောင်၊ ကော်လော်နက် ၁၂၉။
ရှာရန်စီ၊ သမိုင်းဆရာ ၈၈၊ ၈၉။
ရှုလိန၊ စိန်သွေးတိုက် ၁၁၁၊ ၁၁၂။
ရှုံပရေးမြို့ ၆၈။




www.burmeseclassic.com

www.burmeseclassic.com



ရှင်မွေ့နန်းရကန် ၂၈၄။
ရှပ်ဘို၊ တိုက်နန်း ၁၂၀။
ရှမ်းဂိုဏ်း၊ သီဟိုဠ်ကျွန်း ၄၉။
ရွှေကျင်ရွာ ၂၅၆။
ရွှေစကားနတ် ၁၈။
ရွှေစည်းခုံဘုရား ၁၈–၂၀၊ ၂၆၁။
ရွှေတိဂုံ၊ ဆံတော်ရှင် ၂၅၊ ၂၆၊ ၂၄၈၊ ၂၄၉၊ ၂၅၁၊ ၂၅၅၊ ၂၆၅၊ ၂၆၆။
ရွှေတိုက်အတွင်းဝန်မင်း ၁၄။
ရွှေတောင်နန္ဒသူ ၂၈၄။
ရွှေပေါက်ပင်ရွာ ၂၆၂။
ရွှေမြို့စည်နတ် ၁၈။
ရွှေသက်စိုးနတ် ၁၈။

လ

လမန်း၊ ဂျင်နရက် ၁၂၈။
လရ၊ ကော်လော်နက် ၁၂၉။
လာကရက်၊ ဂျင်နရက် ၁၂၈။
လာကိုထန်း၊ စက်ဆရာ ၁၄၂။
လာတွန်မြို့ ၁၆၆။
လာဒါ၊ ကော်လော်နက် ၁၂၈။
လာပရန်း၊ ကမ္ဘဒန် ၁၂၈။
လာဘူးစ၊ မစ်လန်းမြို့ဝန်လက်ထောက် ၁၈၂၊ ၁၈၆၊ ၁၈၇၊ ၁၈၉–၁၉၁။
လာဘစ်လတိုက်နန်း ၁၈၈။
လာမိုရီး၊ အီတလီကောင်စစ် ၂၃၇–၂၃၉၊ ၂၄၁၊ ၂၄၄၊ ၂၄၅။
လာမြီရဲဒီမောင်တညတ်၊ ရေကြောင်းချုပ်ဝန်ကြီး ၉၉။
လာရ၊ ကော်လော်နက် ၁၂၈။
လာရန်းမြို့ ၁၃၇၊ ၁၃၈၊ ၁၄၀၊ ၁၄၁၊ ၁၄၄–၁၄၆။
လာရန်းမြို့ဝန် ၁၅၉။
လာလမန်၊ ဂျင်နရက် ၁၂၈။
လာလူ၊ ကော်လော်နက် ၁၂၈။
လာလံ၊ ကော်လော်နက် ၁၂၈။



www.burmeseclassic.com

www.burmeseclassic.com




လာဟို၊ ကြားသဘော ၂၂။

လီ၊ စုဒ္ဒသမ ၈၇။

လီဂျီတီမစ်စ ၆၈။

လူဘာန်းဆ၊ တုလွန်မြို့ဝန်လက်ထောက် ၁၅၉၊ ၁၆၃။

လေကူး၊ ကော်လော်နက် ၁၂၉။

လေဂနဝဟိုတက် ၁၁၉။

လောဂျာ၊ ကော်လော်နက် ၁၂၈။

လော်ရက်ဟိုတက် ၄၉။

လော်ရန်၊ ဂျင်နရက် ၁၂၆။

လော်လီန၊ ဓာတ်ပုံဆရာ ၁၁၁။

လံတီ၊ ကော်လော်နက် ၁၂၉။

လံဒျူ၊ ကော်လော်နက် ၁၂၆။

လံဗား၊ ကော်လော်နက် ၉၃။

လံလူရီရန့်၊ ကော်လော်နက် ၁၂၇။

လိုမြတ်ရဆီရေး၊ တုလွန်မြို့ဝန် ၁၅၉၊ ၁၆၀၊ ၁၆၂ – ၁၆၅။

လက်ချမိနာရီ၊ ဘုရင်ခံမင်း အသုံးခံ ၂၄၂၊ ၂၄၄။

လက်ဂ၊ ဆရာ ၃၃။

လက်ဂ၊ ပြင်သစ်ကျောင်း ၂၆၇။

လက်ဘရမ်း / (ရန်း) ၁၂၇။

လိုက်စား၊ မီးအိမ်ပျံဆရာ ၇၂။

လက်ဘဒီပကျွန်း ၅၀၊ ၂၇၇။

လောင်ဗောက်မြို့ ၄၇။

လောင်ဘရီကျွန်း ၃၁။

လောင်ရှန်း၊ မြူစီရန်း ၁၅၄။

လောင်းရှည်မြို့စားမင်းကြီး၊ ဝန်ရှင်တော် ၁၁၄။

လတ်တလား၊ ဂျင်နရက် ၁၂၈။

လန်ဒန်မြို့ ၁၅၊ ၂၇၊ ၅၅၊ ၁၃၄၊ ၁၃၅၊ ၂၂၀၊ ၂၂၅၊ ၂၄၀၊ ၂၄၆။

လယ်တို၊ အလုပ်ဝန်ကြီး ၁၀၅၊ ၁၀၇၊ ၁၀၈။

လျူဇမ္ဗူဥယျာဉ် ၇၈။

လွီ၊ စတုတ္ထ ၉၁။

လွီ၊ စုဒ္ဒသမ ၁၄၂။




www.burmeseclassic.com

www.burmeseclassic.com



လွတ်၊ ကော်လော်နက် ၁၂၈။
လှိုင်း၊ ကော်လော်နက် ၁၂၇။

ဝ

ဝါတနော၊ ကော်လော်နက် ၁၂၈။
ဝိဇယမင်း ၂၇၆။
ဝိတိုရိယဟိုတက် ၂၀၀၊ ၂၀၁၊ ၂၀၈။
ဝိတိုရိယာ၊ ကြာ ၄၃။
ဝိလာစင်းဟိုတက် ၂၃၇။
ဝိလင်းဝါလစ် ၁၃၀။
ဝေဿန္တရာပျို ၁၈၁။
ဝစ်ရှရီ၊ ကော်လော်နက် ၁၂၇။
ဝစ်လဒမက်၊ ကော်လော်နက် ၁၂၇။
ဝန်ကြီးချုပ်၊ ပြင်သစ် ၁၆။
ဝန်တောင်လယ် ဆရာတော် ၂၅၇။

သ

သမိန်ဘရမ်း၊ သက်တော်ရှည် ၁၅၈။
သရေခေတ္တရာ ၂၅၇။
သရက်မြို့ ၂၁၊ ၂၂၊ ၂၄၂၊ ၂၅၇၊ ၂၅၉။
သာရကျစ်-မာန္တတ်၊ အရမဏိလူမျိုး ၂၃၈၊ ၂၄၁၊ ၂၄၅။
သိကြားမင်း ၁၈။
သီရိဓမ္မာသောကမင်း ၂၃၄။
သီရိသုမနမထေရ်မြတ် ၂၇၆။
သီဟဠဒီပ ၅၀။
သီဟိုဠ်ကျွန်း ၃၄၊ ၄၇-၅၀၊ ၅၃၊ ၂၇၃-၂၇၇၊ ၂၇၉။
သီဟိုဠ်လူမျိုး ၅၀။
သုဒဿနတောင် ၂၅၆။
သူရဲဈေး ၈၂။
သံဖိုကြီး၊ စက်ကိရိယာ ၂၈။
သံလွင်မြစ် ၂၆၇။



www.burmeseclassic.com

www.burmeseclassic.com




သိုးဆောင်းလူမျိုး ၄၀၊ ၂၃၃၊ ၂၃၄။
သန်လျက်စွန်း ၂၆၇။
သန်လျက်မော် ၁၄၊ ၁၆၊ ၃၂၊ ၂၆၂၊ ၂၆၅၊ ၂၇၀။
သန်လျင်မြို့ ၂၄၉–၂၅၂၊ ၂၅၇၊ ၂၈၄။
သိန္ဓုတပ် ၂၈၊ ၈၂၊ ၈၄။
သိန္ဓုမြို့ ၈၄။
သမ္ဘရာဒိုင်းရွာ ၂၅၆။
သိင်္ဂုတ္တရကုန်း ၂၅၁။
သုံးမြို့ဝန်၊ မြင်ကွန်း တောင်ခွင် ပဋ္ဌနဂိုရ် ၂၆၀။

ဟ

ဟာရနန်တက်၊ မြန်မာကုမ္ပဏီ ၂၃၊ ၂၅။
ဟာရနန်ဒေး၊ စပိန်း ကိုယ်စားလှယ် ၁၀၇။
ဟာရီနာရီ၊ အသုံးခံ ၂၄၄။
ဟာဘိရန်၊ ကော်လော်နက်ထောက် ၁၂၈။
ဟာရှင်မယ်တယ်၊ မူလာ ကိုယ်စားလှယ် ၂၅၂–၂၅၅။
ဟုကာလိမြစ် ၂၄၂၊ ၂၄၆။
ဟုပါး၊ ကော်လော်နက် ၁၂၇။
ဟောဒရာဘတ်မြို့ ၂၃၅။
ဟောဒုရန်၊ ကော်လော်နက် ၁၂၆။
ဟော်ကို၊ ဂျင်နရက် ၁၂၇။
ဟော်ရှုံဂါဘက်ရွာ ၂၃၅။
ဟော်လန်လူမျိုး ၃၆၊ ၃၉၊ ၄၇၊ ၂၇၃၊ ၂၇၄။
ဟက်တော၊ ကမ္ပဒန် ၁၂၈။
ဟောက်ရား ၂၃၇။
ဟင်ဒရီ၊ ကပ္ပိတန် ၁၃၄။
ဟင်နရီမင်း၊ စတုတ္ထ ၁၄၀။
ဟာသ်ာတ ၂၅၆။
ဟိုင်း၊ ကပ္ပိတန် ၁၈၆။
ဟန်နက်၊ ကော်လော်နက် ၁၂၉။
ဟန်ရီရှန်၊ ဂျင်နရက် ၁၂၆။




www.burmeseclassic.com

www.burmeseclassic.com



ဟန်လိရှိဘာတီရေ၊ ကော်လော်နက် ၁၂၈။
ဟိန္ဒူလူမျိုး ၂၃၃၊ ၂၄၃။

အ

အချည်နကျွန်း ၂၆၉၊ ၂၇၃။
အချည်နနိုင်ငံ ၃၉။
အချည်နမင်း ၃၈၊ ၃၉၊ ၂၇၃။
အချည်နမြို့ ၄၇။
အစမာလိယ၊ အီဂျစ်ဘုရင်ခံ ၅၇။
အစည်ကျွန်း ၂၆၉။
အစည်မြို့ ၃၉။
အနုရာဓမြို့ ၄၉။
အနောက်နန်းတော် ထိပ်ခေါင်တင်ဘုရား ၁၆၊ ၁၁၄။
အနန်းမြို့ ၈၃။
အဖိုး၊ ပြင်သစ်သံ ၁၁၈။
အဘိုး၊ ပြင်သစ်သံ ၂၃၉၊ ၂၄၁၊ ၂၄၅။
အမရပူရဂိုဏ်း၊ သီဟိုဠ်ကျွန်း ၄၉။
အရှင်နန်းမတော်ဘုရား ၁၆၊ ၁၁၄။
အလဟာဘတ်မြို့ ၂၃၅၊ ၂၃၆။
အလံကာ၊ အင်္ဂလိပ်ရှေ့နေ ၂၃၃။
အလမ္ဗရာ၊ ကြားသင်္ဘော ၂၀။
အလုံမြို့ ၄၀။
အလယ်နန်းတော်စုဘုရား ၁၅၊ ၁၆၊ ၁၁၄။
အဝမြို့ ၁၆၊ ၁၄၂၊ ၂၆၂။
အဟီ၊ မြန်မာသတင်းစာဆရာ ၂၅၂။
အာချစ်စင်း၊ ဘုရင်ခံမင်း အတွင်းဝန် ၂၃၉၊ ၂၄၀၊ ၂၄၂–၂၄၄။
အာဂတီထရီရောင်အောင်မှတ် ၇၀၊ ၇၈၊ ၁၇၃၊ ၁၈၄။
အာဂမော၊ အတွင်းဝန် ၃၇၊ ၄၆၊ ၂၀၅၊ ၂၁၀၊ ၂၁၂၊ ၂၁၃။
အာဂရာ၊ ကြားသင်္ဘော ၂၃။
အာဓေရိယတိုက်နန်း ၂၁၉၊ ၂၂၀၊ ၂၂၄။
အာဒန်စန်း၊ ဘုရင်ခံမင်း အတွင်းဝန် ၂၃၈။



www.burmeseclassic.com

www.burmeseclassic.com




အာဒနံစန်း၊ ရန်ကုန်မြို့ဝန် ၂၄၇၊ ၂၆၅။
အာပဒန် ၂၄၁။
အာဖရိက (ကျွန်း) ၅၂၊ ၅၃၊ ၁၁၂။
အာဗာရစားမြို့ ၆၄။
အာဘိညောင်မြို့ ၁၄၆။
အာဘိနီးမြစ် ၂၀၀။
အာဘာက်၊ ဆေးဆရာ ၈၃–၈၆။
အာဘာတ်ဇီရာ၊ စစ်ကျောင်း ၂၂၃၊ ၂၂၄။
အာရကိုဒိုလာပါကျေ အောင်မှုခံ ၁၈၄။
အာရစနဲ့အရပ် ၁၄၃။
အာရစနက်ဗာရီတီမိုး၊ စက်ရုံ ၁၉၂၊ ၁၉၃။
အာရတွန်၊ ပြင်သစ်ကောင်စစ် ၃၉–၄၂၊ ၄၄၊ ၄၆။
အာရဒွန်မြို့ ၂၃၇။
အာရနိုး၊ စက်ဆရာကြီး ၁၄၂၊ ၁၄၃။
အာရနိုး၊ မြစ် ၂၀၃။
အာရနက်ဂစ၊ လက်ပနင် ၁၃၄။
အာရဘိုက်ရိုက်ကျား၊ ကပ္ပိတန် ၃၇၊ ၄၆၊ ၆၂၊ ၆၃၊ ၆၆၊ ၇၀၊ ၁၄၇၊ ၁၅၈၊ ၁၆၇၊ ၂၀၁၊ ၂၀၅၊ ၂၀၆၊ ၂၀၈၊ ၂၁၀၊ ၂၈၄။
အာရမန်၊ ဆီစက်ရုံပိုင်ရှင် ၁၅၁၊ ၁၅၂။
အာရီယားနိုးမြို့ ၆၄။
အာရော်ဘီယ (ကျွန်း) ၅၂၊ ၅၃၊ ၂၂၉–၂၃၀။
အာလေမိနံဓာတ် ၈၅။
အာလစ္စန္ဒရီယမြို့ ၅၉၊ ၁၈၁၊ ၁၈၂၊ ၂၀၅၊ ၂၀၈၊ ၂၁၃၊ ၂၁၄၊ ၂၁၆–၂၂၀။
အာလစ္စန္ဒရီယမြို့ဝန် ၂၁၇၊ ၂၁၉၊ ၂၂၁။
အာလန်မြို့ ၂၅၉။
အာဝါကြီး၊ သင်္ဘော ၂၇။
အီဂျတ်ဘုရင်ခံ ၁၃၄။
အီကြေကာရီရဲ၊ ရန်ကုန်သား ၂၄၆။
အီဂျစ်နိုင်ငံ ၂၀၆၊ ၂၀၇၊ ၂၁၈၊ ၂၂၁၊ ၂၂၇၊ ၂၈၁၊ ၂၈၃။
အီဂျစ်နိုင်ငံသား ၂၃၄။
အီဂျစ်ဘုရင်ခံ ၂၀၄၊ ၂၂၀–၂၂၂၊ ၂၂၈။




www.burmeseclassic.com

www.burmeseclassic.com




အီဂျစ်မင်း ၂၁၈။
အီတလီမင်း ၂၃၈၊ ၂၃၉။
အီတာလီယဟိုတက် ၆၄။
အီတာလျံနိုင်ငံ ၁၄၊ ၁၅၊ ၃၅၊ ၃၆၊ ၅၉၊ ၆၁၊ ၆၂၊ ၆၅၊ ၇၂၊ ၁၀၃၊ ၁၄၄၊
၁၄၇၊ ၁၅၈၊ ၁၆၀၊ ၁၆၄၊ ၁၆၅၊ ၁၆၇၊ ၁၇၁၊ ၁၇၃၊ ၁၈၀–၁၈၃၊ ၁၈၈၊
၁၈၉၊ ၁၉၁၊ ၂၀၅၊ ၂၀၇၊ ၂၁၂၊ ၂၁၃၊ ၂၁၅၊ ၂၂၇၊ ၂၄၁၊ ၂၄၅၊ ၂၈၄။
အီတာလျံမင်း ၃၇၊ ၁၃၄၊ ၁၄၇၊ ၁၆၀၊ ၁၇၂၊ ၁၇၇၊ ၁၈၉၊ ၁၉၀၊ ၁၉၈၊
၂၀၅–၂၀၈၊ ၂၁၀–၂၁၂၊ ၂၈၄။
အီတာလျံအိမ်ရှေ့မင်း ၁၈၈၊ ၁၈၉။
အိဒင် ၂၃–၂၅၊ ၂၇၊ ၈၄၊ ၂၄၂၊ ၂၅၇–၂၅၉၊ ၂၆၅။
အိဒင်၊ ကြားသဘော ၂၂။
အိဒင်ဂါရတင် ၂၄၂။
အိနောင်ဇာတ် ၄၅၊ ၂၇၂။
အိမိကိုး၊ ပြင်သစ်သံငယ် ၂၈။
အိရန် ၂၃၅။
အိရန်သွား မြန်မာသံတော်များ ၈၃၊ ၈၆၊ ၂၃၅။
ဥမင်္ဂဇာတ် ၂၈၅။
ဥရောပတိုက် ၃၈၊ ၂၁၈၊ ၂၃၈။
ဥရောပတိုက်သား ၂၃၄။
ဥရောပဟိုတက် ၂၁၇။
အူလီစီဒီနီ၊ ပီးစမြို့ဝန် လက်ထောက် ၂၀၀။
ဦးကံ၊ စာရေးကြီး ၂၁။
ဦးကျိုင်း၊ ဘဏ္ဍာစိုးစာရေးကြီး ၂၄၈။
ဦးကြည် ၃၀။
ဦးကြွက်၊ စာရေးကြီး ၂၄၈။
ဦးစ၊ မကွေး, ဆရာကြီး ၂၆၀။
ဦးညာဏကျော်း၊ တောရတိုက် ၂၄၈။
ဦးတူ၊ ကျောင်းဒကာ ၂၉၊ ၃၀။
ဦးထိပ်တံခါး ၈၄။
ဦးထွန်းဦး ၂၆၂။
ဦးနုတ်၊ ကျောင်းဒကာ ၂၉။




www.burmeseclassic.com

www.burmeseclassic.com



ဦးပြော့ ၃၀။
ဦးဘိုးကြီး၊ ကျောင်းဒကာ ၂၄၈၊ ၂၅၀၊ ၂၅၅။
ဦးဘိုးညွှင်း၊ ကျောင်းဒကာ ၂၅၊ ၅၆၊ ၂၄၈–၂၅၀၊ ၂၅၄၊ ၂၅၅၊ ၂၆၅။
ဦးဘိုးအို၊ အသုံးစာရေး ၂၆၂။
ဦးဘော့၊ ကျောင်းဒကာ ၂၅၄၊ ၂၅၅။
ဦးမောင်ကလေး ၂၅။
ဦးမောင်ကလေး၊ ကျောင်းဒကာ ၂၄၈။
ဦးရဲ၊ စာရေးကြီးဟောင်း ၂၆၂။
ဦးရွှေကြည် ၂၉။
ဦးရွှေခဲ၊ ဓာတ်လှေစီး အဆောင်တော်မြဲ ၂၄၈။
ဦးရွှေပြည့်၊ တန်ဆောင်းဒကာ ၂၃၊ ၂၅၊ ၂၄၈၊ ၂၅၀၊ ၂၅၄၊ ၂၅၅။
ဦးလွန်း၊ ရဟန်းတော် ၂၆၀။
ဦးလှဘူး၊ သံတော်ဆင့် ၂၆၃၊ ၂၆၄။
ဦးဝိမလစာရ၊ တောင်ပေါ်တောရကျောင်း ၂၆၀။
ဦးဝိုက်၊ အခွန်ဝန် ၂၅၀–၂၅၂။
ဦးသာအေး၊ ကျောင်းဒကာ ၂၄၈။
ဦးအာဒိစ္စ၊ ဓာလီတောင်ဂိုဏ်းထောက် ၂၆၀။
ဧကောလဲဒေဖီ၊ အမျိုးသမီးကျောင်း ၂၂၆၊ ၂၂၇။
ဧတွယ်၊ အကောက်ဝန်ဟောင်း ၂၅၃။
ဧဒင်မြို့ ၅၂–၅၆၊ ၂၃၀၊ ၂၃၁၊ ၂၇၈–၂၈၀။
ဧမီ၊ ဂျင်နရက် ၁၂၈။
ဧရာဝတီ၊ မီးသင်္ဘော ၅၅။
ဧရာဝတီမြစ် ၁၄၂။
ဧရှတိုက် ၃၇။
ဧလီဇေနန်းတော် ၉၀၊ ၉၃။
အောဂေဒုမရက်၊ ကော်လော်နက်ထောက် ၁၂၉။
အောဒီဆီရီး၊ ပြင်သစ်ကောင်စစ် ၂၃၉၊ ၂၄၁၊ ၂၄၅။
အော်ဆပီတာလေမဂ္ဂိရေး၊ သူနာတိုက် ၁၈၅။
အံကိုးနာမြို့ ၆၄။
အံ့ဖွယ်ကိုးပါး၊ ရွှေစည်းခုံ ၁၉။
အိုပါရာ၊ ဓာတ်ရုံ ၁၈၆။



www.burmeseclassic.com

www.burmeseclassic.com




အိုဘာရီ၊ ကော်လော်နက်  ၁၂၇။

အိုရလီရုံနစ်စ  ၆၈၊ ၆၉။

အိုလီဝေ၊ ကော်လော်နက်ထောက်  ၁၂၉။

အာက္ကစချင်းတိုက်၊ လာရန်းမြို့  ၁၄၁။

အက္ကဇစ်ဘစ်ရှမ်း၊ မစ်လန်း  ၁၈၂၊ ၁၈၃။

အကွဏိကစာတ်  ၅၈။

အက်တန၊ မီးတောင်  ၅၉။

အက်ဒမန်ဂျွန်း  ၁၂၄။

အောက်ဆရီယနိုင်ငံ  ၁၈၄၊ ၁၉၁။

အောက်ဆရီယမင်း  ၁၈၃၊ ၁၈၄။

အောက်ဆရီယသံ  ၁၀၂။

အောက်တိရွှန်း၊ တိုက်သင်္ဘော  ၂၀၅။

အင်္ဂလန်နိုင်ငံ  ၇၆၊ ၁၃၀၊ ၁၃၂၊ ၁၇၃၊ ၂၀၇၊ ၂၂၀။

အင်ပီရိယာလစ်စ  ၆၈။

အစ္စမာလီယာမြို့  ၅၆–၅၈၊ ၂၈၁၊ ၂၈၂။

အန်ကိုးနားမြို့  ၂၁၃။

အန္တွ မန်ကျွန်း  ၃၃၊ ၂၆၈။

အန္တ ရိနော  ၈၄။

အန်ရီးယောင်း၊ ဗိုလ်ချုပ်  ၁၁၆–၁၁၈။

အိန္ဒိယနိုင်ငံ  ၁၃၀၊ ၁၃၄၊ ၂၃၅၊ ၂၄၅။

အိန္ဒိယဘုရင်ခံမင်း  ၂၃၈–၂၄၀၊ ၂၄၂–၂၄၄၊ ၂၅၇၊ ၂၇၀။


BURMESE CLASSIC

www.burmeseclassic.com